

(ဆရာခက်ဇော်)

# The Rebels Of Anyar 1920s

# The Rebels Of Anyar 1920s (1)

ခက်ဇော်

# အခန်း ( ၁ )

၁၉၂၄ ခုနှစ်။ ဒီဇင်ဘာလ ၂၄ ရက်။ ညနေ ၃ နာရီအချိန်။

သာစည်မြို့၊ အရှေ့ပိုင်း၊ ရွှေမင်းဝံတောင်ရိုးအစပ်တစ်နေရာ။

လေထဲတွင် ရှေ့ဆင့်နောက်ဆင့် မြောက်တက်သွားသော "အေစကော့" ကုမ္ပဏီ တံဆိပ် ဘီလပ်ရည်ပုလင်းလွတ်နှစ်လုံး။

"ဒိုင်း" "ဒိုင်း"

ခြောက်လုံးပြူးသေနတ်သံက နှစ်ချက်။

"ခွမ်း"

ပုလင်းကွဲသံတစ်ချက်။

မြေပြင်ပေါ်သို့ ပြန်ကျလာသောအခါ တစ်လုံးကား ကြေမွ၊ တစ်လုံးကား အကောင်းပကတိ။

"Bloody Fool"

ခရိုင်ရဲဝန် ဒေါက်တာ ဖော်တီဂါအိုးနေးလ် က တစ်ချက် ဆဲရေးလိုက်သည်။

ထို့နောက် သူ့လက်ထဲမှ သေနတ်ကို နံဘေးမှ အသက်(၁၉)နှစ်အရွယ် လူငယ်အား ကမ်းပေးလိုက်၏။

"မောင်မောင်..မင်းကို ဘုရားသခင်ကောင်းချီးပေးပါစေကွာ"

မောင်မောင်ဆိုသည့် လူငယ်က ပြုံးရယ်လျက် ခြောက်လုံးပြူးကို ယူလိုက်၏။

ကော်စမတ်တစ်ရွဲနေအောင်လိမ်းထားပြီး နောက်သို့လှန်ဖီးထားသည့် ဘိုကေ။ အသား ခပ်လတ်လတ်၊ နှုတ်ခမ်းထူထူ ၊ သွားဖွေးဖွေးတို့ ပေါ်အောင် ပြုံးတတ်သော ထိုလူငယ်။

လူငယ်က သူ့လက်ထဲရောက်လာသည့် ခြောက်လုံးပြူး၏ ကျည်အနေအထားကို စစ်ဆေးသည်။

နောက်ထပ် ဘီလပ်ရည်ပုလင်းလွတ်နှစ်လုံးကို ကိုင်ကာ အသင့်ဖြစ်နေသော ဗလ ထွားထွား အိန္ဒိယသား ရုံးလုလင်ကြီးကို ခေါင်းဆတ်ပြလိုက်သည်။

ပုလင်းနှစ်လုံးက လေထဲတွင် လွင့်ခနဲ။

"ဒိုင်း" "ဒိုင်း"

"ခွမ်း" "ခွမ်း"

လက်ခုပ်တီးသံများ ထွက်ပေါ်လာသည်။

သူတို့ပြိုင်ပွဲကို ထိုင်ကြည့်နေကြသော ဖေးဘရစ်ရှပ်သားရေ ကုမ္ပဏီမှ အရာရှိ မစ္စတာ တရေ့စ် ၊ သာစည် အိုင်စီအက်စ် အရေးပိုင် မစ္စတာမာတင် နှင့် နောက်လိုက်ဝန်ထမ်းများထံမှ ထွက်ပေါ်လာခြင်းပင်။

ဒေါက်တာ ဖော်တီဂါက ရှက်ရယ်ရယ်လိုက်သည်။

ထို့နောက် မောင်မောင်ထံသို့ သွားက ပုခုံးကို ဖက်လိုက်၏။

"မင်းကတော့ ဘုရားပေးတဲ့ လက်ပိုင်ရှင်ပဲ..မောင်မောင်..ဂုဏ်ယူပါတယ်ကွာ"

မောင်မောင် က မစ္စတာဖော်တီဂါကို လက်တစ်ဖက်ဖြင့် ဆလုရိုက်ဟန်ပြုကာ အင်္ဂလိပ်ဘာသာစကားဖြင့်ပင် ပြန်ပြောလိုက်သည်။

"ကမ္ဘာစစ်ပြန်ကြီးတစ်ယောက်ကို အနိုင်ယူလိုက်ရတာ..အားနာပါတယ်ဗျာ..ကျွန် တော့်ကို ခွင့်လွှတ်ပါ..ဒေါက်တာ"

ဒေါက်တာဖော်တီဂါနှင့် မောင်မောင်တို့ အနားသို့ မစ္စတာတရေ့စ်နှင့် မစ္စတာ မာတင်တို့ ရောက်လာကြသည်။

"ငါ့သား"

မစ္စတာတရေ့စ်က မောင်မောင်ကို ဂုဏ်ယူစွာဖက်လိုက်၏။

"ဟော့..တရေ့စ်...မင်း သား က အတော်လေးကို လက်ဖြောင့်နေပါလား..ဟိုက်စကူးပြီးရင်တော့ ပုလိပ်အရာရှိကျောင်းပို့ကွာ"

ဆံပင်ဖြူဖြူ၊ ခါးကိုင်းကိုင်း အရေးပိုင်းမစ္စတာမာတင်က ရယ်မောရင်း ဆိုလိုက်သည်။

"တရေ့စ်ရေ...ကျုပ်က အရှုံးသမားဆိုတော့ ဒီက သူရဲကောင်းကို ညစာကျွေးမယ်လို့ ကတိပေးထားသဗျာ..အဲ့ဒါ..ခင်ဗျားတို့ လိုက်ကြဦးမလား"

ဒေါက်တာဖော်တီဂါ စကားကို မစ္စတာတရေ့စ်က ခေါင်းခါလိုက်သည်။

"ဆောရီးပါ..ဒေါက်တာလေး..မနက်ဖြန် ခရစ္စမတ်နေ့ဆိုတော့ ကျုပ် ကုမ္ပဏီလုပ်သားတွေ ပါတီပွဲအတွက် ပြင်ဆင်နေတာကို သွားကြည့်ရဦးမယ်..ကျုပ်သားကို ခင်ဗျားဆီပဲ စိတ်ချစွာ အပ်ခဲ့ရမှာပေါ့"

"မာတင်..ခင်ဗျားရော"

"ကျုပ်က အသက်ကြီးပါပြီဗျာ..ညဆို ဝိုင်လေးတစ်ခွက်လောက်သောက်ပြီး အသားလေးတစ်ဖတ်နှစ်ဖတ်စား၊ စာအုပ်လေးဘာလေးဖတ်ပြီး တန်းအိပ်တော့တော..ကိုယ့်လူတို့ပဲ သွားကြပါ"

"ကဲ..ဒါဆိုလည်း မောင်မောင်နဲ့ ကျုပ်ပဲပေါ့"

ဒေါက်တာဖော်တီဂါ က သူ့ခြောက်လုံးပြူးသေနတ်ကို သေချာစွာ ကျည်ရှင်းပြီး ရှေ့မှ ထွက်သွား၏။

"မောင်မောင်..ခဏ"

မစ္စတာတရေ့စ်က မောင်မောင် ကို ခေါ်လိုက်သည်။

ထို့နောက် အနီးသို့ ကပ်ကာ လေသံတိုးတိုးဖြင့်

"အရမ်းမိုးမချုပ်စေနဲ့..အများကြီးမသောက်နဲ့..ပြီးတော့..ဒီဆရာဝန် က ပြဿနာကောင်နော်..မင်းကိုယ်မင်း ဂရုစိုက်ပါ..ငါ့သား"

"စိတ်ချပါ..ဒယ်ဒီ..ကျွန်တော် ဂရုစိုက်လိုက်ပါ့မယ်"

မောင်မောင်က ခပ်လှမ်းလှမ်းရောက်သွားပြီဖြစ်သည့် ဒေါက်တာဖော်တီဂါထံသို့ ပြေးလိုက်သွားသည်။

သူ့အနားသို့ရောက်လာသော မောင်မောင်ကို ဒေါက်တာဖော်တီဂါက တချက် မျက်လုံးစွေကြည့်လိုက်၏။

“ဘယ်လိုလဲ..အဘိုးကြီးက ထုံးစံအတိုင်းမှာလိုက်ပြန်ပြီလား”

“ဒါပေါ့ဗျာ..ခင်ဗျားနဲ့ကျူပ် ပေါင်းမိမှာ သူကြောက်နေပြီ..ဟားဟား”

“အေး..ငါလည်း မင်းကို ခေါ်ထုတ်လို့ရအောင်..တမင် သေနတ်တချက်ကို လွှဲပစ်လိုက်တာဟ”

“ဟုတ်လို့လားဗျာ..မထိရင် မထိဘူးပေါ့”

“အေး..ဘားရောက်မှ အဲ့ကိစ္စ ထပ်ငြင်းကြတာပေါ့..ခွေးကောင်လေး”

မြင်းနှစ်ကောင်ဆွဲသော ဒေါက်တာဖော်တီဂါ၏ ဒေါက်ကပ်ပေါ်သို့ သူတို့နှစ်ယောက် တက်လိုက်ကြသည်။

“ဒါနဲ့..ဒေါက်တာ ဖော်တီဂါ..ကျွန်တော် သူငယ်ချင်းတစ်ယောက်ကို ခေါ်လို့ရမလား”

“ရတာပေါ့ကွ..နှစ်ယောက်တည်းဆို ပျင်းပျင်းရှိနေတာနဲ့..ခေါ်ခေါ်”

“ဗမာလူမျိုးနော်”

“အေးပါ”

“အညာသားပဲနော်”

“ဟ..မင်းလည်း အညာသားပဲမဟုတ်လား”

“တခြားမဟုတ်ပါဘူး..ခင်ဗျားတို့ အင်္ဂလိပ်တွေက..အညာသားဆို ကြောက်ကြလွန်းလို့..ဟားဟား”

“ဟေ့ကောင်..ငါ အင်္ဂလိပ်မဟုတ်ဘူးကွ..အိုင်းရစ်..အိုင်ယာလန်ပြည်သားကွ”

“ဟုတ်ပါပြီ...ဒါဆိုခေါ်လိုက်မယ်”

မောင်မောင်က ဘာဂီတံခါးကို ဖွင့်၊ လက်နှစ်ဖက်ကိုအုပ်ကာ နှုတ်ခမ်းနားတွင် ကပ်လျက် ချိုးကူသံ ပေးလိုက်၏။

ကွင်းပြင်အစပ်မှ လူငယ်တစ်ယောက်ပြေးထွက်လာသည်။

ထို့နောက် အရှိန်ဖြင့်ထွက်ခါစ ဘာဂီပေါ်သို့ လွှားခနဲ ခိုတက်ကာ ပြတင်းပေါက်မှာ တဆင့် ခုန်ဝင်လိုက်သည်။

သို့သော် ပြတင်းတံခါးတွင် သူ့ခြေတံကြီးက တစ်နေသဖြင့် မောင်မောင်က အထဲသို့ ဆွဲသွင်းယူရ၏။

အရပ်မြင့်မြင့်၊ ခြေတံလက်တံရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ သျှောင်ငုတ်စိကို ထုံးထားသည့် အင်္ကျီဗလာကျင်း၊ ပုဆိုးခါးတောင်းကျိုက်လူငယ်ကို ဒေါက်တာ ဖော်တီဂါက က မျက်လုံးပြူးပြီး ကြည့်နေ့သည်။

ဘာဂီမှာ ကျဉ်းသဖြင့် သူတို့အောက်တွင် ဂလန်ဂလားလူငယ်က သူ့ဒူးခေါင်းရှည်နှစ်လုံးကို ထောင်ကာ ထိုင်လိုက်၏။

“ဒေါက်တာ..သူ့နာမည်က မောင်နီတဲ့...Red..Mr.Red ပေါ့...ကျွန်တော်တို့ တစ်ရွာတည်းသားသူငယ်ချင်းပဲ”

ဒေါက်တာဖော်တီဂါက သဘောတကျဖြင့် မောင်နီအား လက်ကမ်းပေးလိုက်သည်။

မောင်နီက သူ့လက်တံရှည်ကြီးကို ထုတ်ကာ ပြန်ကမ်းပေးလိုက်ရင်း ပါးစပ်မှ ပြောလိုက်၏။

“ဘာလယ်ဒီဖူး..မာစတာ..ဘာလယ်ဒီဖူး”

ဒေါက်တာဖော်တီဂါမှ မအီမလည်မျက်နှာဖြင့် မောင်မောင်အား လှမ်းကြည့်လိုက်သည်။

မောင်မောင်က ရယ်လိုက်၏။

“ဒီလို...ဒေါက်တာရဲ့...ကျုပ်တို့ရွာမှာ အင်္ဂလိပ်ဆိုလို့..ရွာကို လာတဲ့ သစ်ကုမ္ပဏီက အရာရှိတစ်ယောက်ကို ကောင်းကောင်းကြုံဖူးကြတာ..ဟိုလူက သူ့ အစေခံ

အိန္ဒိယသားကို စိတ်တိုင်းမကျတိုင်း ဘလယ်ဒီဖူး..ဘလယ်ဒီဖူး ဆိုပြီး အကျယ်ကြီးဆဲတယ်လေ...ဟိုလူကလည်း သူ့ဘယ်လောက်ဆဲဆဲ ရယ်ကျဲကျဲနဲ့ပဲ..အဲ့ဒါနဲ့...တစ်ရွာလုံးက အင်္ဂလိပ်စကား ဘလယ်ဒီဖူး ဆိုတာ ကောင်းတာပြောတယ်ပဲ...အလွတ်မှတ်ထားမိကြတာ..ဒါကြောင့်ပါ..ဟဲဟဲ"

ဒေါက်တာဖော်တီဂါက သဘောကျစွာဖြင့် တဟားဟား အော်ရယ်လိုက်သည်။

ထို့နောက် မောင်နီ၏ လက်ကို ဆွဲကိုင်ရင်း..အားရပါးရအော်လိုက်၏။

"ဘလယ်ဒီဖူး..ဘလယ်ဒီဖူး"

..........................................................................

အင်္ဂလိပ်တို့ မန္တလေးနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်ပြီး ၂၉ နှစ်အကြာ။

၁၉၁၄ ခုနှစ်တွင်  ပထမကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည်။

ဗြိတိသျှအင်ပါယာသည်လည်း ပြင်သစ်၊ရုရှားတို့ဘက်မှ ကမ္ဘာစစ်တွင် ပါဝင်ခဲ့ပြီး ဂျာမနီ၊ တူရကီ၊ ဩစတြီးယားနိုင်ငံတို့အား တိုက်ခိုက်ခဲ့ကြ၏။

ထိုစစ်ပွဲအတွင်း မြန်မာနိုင်ငံအပါအဝင် ဗြိတိသျှကိုလိုနီနိုင်ငံမှ စစ်သားအများအပြားပါ ဝင်ရောက်တိုက်ခိုက်ခဲ့ကြရသည်။

ပထမကမ္ဘာစစ်စတင်ဖြစ်ပွားပြီး နှစ်နှစ်အကြာတွင် ဗြိတိသျှအင်ပါယာအတွင်းမှ ကိုလိုနီနိုင်ငံများမှ စီးပွားရေး စတင်ကျဆင်းလာကြ၏။

၁၉၁၈ နိုဝင်ဘာ ၁ဂ ရက်နေ့တွင် စစ်ပွဲ၏ အဓိကဇာတ်ကောင် ဂျာမန်ကိုင်ဇာဘုရင် ထီးနန်းစွန့်သွားခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နေ့ မိုးသောက်ယံအချိန်တွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့လေသည်။

ပထမကမ္ဘာစစ်တွင် ဗြိတိသျှအင်ပါယာသည် စစ်နိုင်သည့်ဘက်မှ ဖြစ်သော်လည်း ပေးဆပ်မှုများစွာရှိခဲ့၏။

ယင်းမှာ လက်အောက်ခံကိုလိုနီနိုင်ငံမှ စစ်သည်အများအပြားကို ပထမကမ္ဘာစစ်တွင် အသုံးပြုခဲ့ရပြီး စစ်ပွဲအတွေ့အကြုံပေးလိုက်ခြင်းပင်။

ပထမကမ္ဘာစစ်အတွင်း ဆေးတပ် ကပ္ပတိန်အဆင့်ဖြင့် ပါဝင်ခဲ့ရသော ဗြိတိန် လက်အောက်ခံ အိုင်ယာလန်မှ ဆရာဝန် ဒေါက်တာဖော်တီဂါအိုးနေးလ် သည် စစ်ပွဲပြီးသည့်နောက် အရပ်ဘက်ဝန်ထမ်းအဖြစ် ဗြိတိသျှကိုလိုနီ မြန်မာပြည်သို့ ခရိုင်ရဲဝန်နှင့် ဆရာဝန်ကြီးအဖြစ် တာဝန်ကျလာခဲ့သည်။

ဒေါက်တာဖော်တီဂါမှာ အိုင်းရစ်လူမျိုးဖြစ်သည့်အပြင် အသက်(၃၀)အရွယ်ခန့် သာရှိသေးသဖြင့် အခြားလူလတ်ပိုင်း အင်္ဂလိပ်လူမျိုးများနှင့် အစေးမကပ်လှ။

အထူးသဖြင့် သူ၏ လက်အောက်မှ အင်္ဂလိပ်လူမျိုးရာဇဝတ်အုပ်များအတွက် အထက်အရာရှိ မှာ အိုင်းရစ်လူမျိုးဖြစ်နေသည့်အတွက် မခံချိမခံသာဖြစ်နေကြ သည်။

ထို့ကြောင့် ဒေါက်တာဖော်တီဂါမှာ အသက်ကြီးပိုင်းဖြစ်သော ဖေးဘရစ်ရှပ် သားရေကုမ္ပဏီအရာရှိ မစ္စတာတရေ့စ်၊ အရေးပိုင်ကြီး မစ္စတာမာတင်တို့နှင့်သာ အတွဲများ၏။

မစ္စတာတရေ့စ်သည် အင်္ဂလန်တွင် အိမ်ထောင်နှင့်သားသမီးများရှိသော်လည်း သာစည်တွင် တစ်ဦးတည်းလာရောက်နေထိုင်သူဖြစ်သည်။

ဖေးဘရစ်ရှပ်သားရေကုမ္ပဏီကို ဒိန်းမတ်လူမျိုး မစ္စတာ အက်ဖ်စီ ဖေးဖရစ်ရှပ် က ၁၈၈၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၏။

၁၉၁၀ ပြည့်နှစ်တွင် သာစည်မြို့၌ ဖေးဖရစ်ရှပ်ကုမ္ပဏီခွဲကို ဖွင့်လှစ်ခဲ့ပြီး ကျွဲ သားရေ၊ နွားသားရေများ ရောင်းဝယ်ရေးကို စတင်ခဲ့သည်။

စကော့တလန်သား မစ္စတာတရေ့စ်မှာ ဖေးဖရစ်ရှပ်ကုမ္ပဏီခွဲ၏ ဒေသဆိုင်ရာ မန်နေဂျာအဖြစ် ရောက်ရှိလာခဲ့ပြီးနောက် ပျော်ဘွယ်မြို့မှ သားရေအဝယ်တော် ကိုယ်စားလှယ်ဖြစ်သူ ကိုလုံး နှင့် ခင်မင်ရင်းနှီးခဲ့၏။

ကိုလုံးနှင့် ဇနီးဖြစ်သူ မသင်တို့မှာ သားသမီးမထွန်းကားသဖြင့် သာစည်နယ်၊ ဂုံ ညင်းနွယ်ဘွဲ့ခြားရွာမှ မသင်၏ မောင်ဖြစ်သူကို မွေးစားခဲ့ကြသည်။

ထိုလူငယ်မှာ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်၊အင်္ဂလိပ်ကျောင်းတွင် ငါးတန်း အောင်သည်အထိ တတ်မြောက်ခဲ့၏။

ကိုလုံးမှာ အလုပ်ကိစ္စဖြင့် မစ္စတာတရေ့စ်ရှိရာ သာစည်သို့ သွားသည့်အခါ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကျွမ်းကျင်သော မွေးစားသားတဖြစ်လဲ လူငယ်ကို ခေါ်ယူသွားရသည်။

မစ္စတာတရေ့စ်မှာ အင်္ဂလိပ်စာ၊စကားကို ကျွမ်းကျင်စွာပြောတတ်သည့် ထိုလူငယ်လေးကို ခင်မင်ခဲ့၏။

နောက်ဆုံးတွင် သူ၏ အင်္ဂလန်မှ သားဖြစ်သူနှင့်ရွယ်တူဖြစ်သဖြင့် အလွမ်းပြေ မွေးစားခွင့်ပြုရန် ကိုလုံးထံ ခွင့်တောင်းခဲ့သည်။

“မောင်မောင်” ဟု အမည်ပြောင်းပေးပြီးနောက် သာစည်မြို့၊ အေဘီအမ် ကျောင်းအုပ်ဆရာကြီး ဦးဘိုးလူထံ မစ္စတာတရေ့စ်ကိုယ်တိုင်အပ်နှံကာ ပညာသင်စေခဲ့၏။

ညပိုင်းတွင် မစ္စတာတရေ့စ်က အင်္ဂလိပ်စာအပြင် အခြား အသိပညာများကို သီးသန့်သင်ကြားပေးသည်။

ထို့ပြင် မစ္စတာတရေစ့် တောလိုက်ရာတွင် ခေါ်ယူသွားရာမှာ သေနတ်ပစ်ခြင်းကိုပါ သင်ယူစေခဲ့၏။

မောင်မောင်ကား မစ္စတာတရေ့စ်၏ သားအဖြစ်နှင့် မျက်နှာဖြူအရာရှိ အသိုင်းအဝိုင်းတွင် နာမည်ကျော်သည်။

သေနတ်ပစ်လက်ဖြောင့်သလို...မဟုတ်သည့်ကိစ္စမှန်သမျှအရာတွင် မောင်မောင်သည် ကျော်ကြား၏။

သာစည်သို့ရောက်လာသော အိုင်းရစ်သား ဒေါက်တာဖော်တီဂါမှာလည်း မောင်မောင်နှင့် များမကြာမီ အဖွဲ့ကျသွားချေပြီ။

.............................................................................

သာစည်၊ ဂါတ်ဘား။

သာစည်ဂါတ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသဖြင့် ဂါတ်ဘားဟု အလွယ်ခေါ်လိုက်ကြခြင်း။

အညာမြို့ခံများမှာမူ ထိုဘားဆိုင်ကို သူတို့နှင့် မသက်ဆိုင်သလို ဝေးဝေးကရှောင်ကြ၏။

အင်္ဂလိပ်အရာရှိငယ်အချို့၊ အင်္ဂလိပ်ကပြား၊ အိန္ဒိယ နှင့် ဗမာ ပုလိပ်အရာရှိများ၊ သစ်ကုမ္ပဏီ၊ စပါးကုမ္ပဏီများမှ ဥရောပသားများ၊ ရုံဖန်ရံခါ ရှမ်းပြည်မှဆင်းလာတတ်သော အင်္ဂလိပ်စစ်ဗိုလ်အချို့သာ ကျက်စားရာ။

ဘားဆိုင်ဖွင့်ထားသူမှာ သစ်ကုမ္ပဏီမှ အင်္ဂလိုအင်ဒီယန်းကပြား မစ္စတာဒီလာနေး။

ခရိုင်ရဲဝန်ဒေါက်တာဖော်တီဂါ ဝင်လာသဖြင့် ဆိုင်ရှင် ဒီလာနေးမှာ ပျာယာခတ်သွား၏။

ဘီလက်ခုံမှ ထိုးလက်စ ပုလိပ်သားများပင် ရပ်တန့်သွားသည်။

အခြားမဟုတ်။

ဒေါက်တာဖော်တီဂါ နောက်မှ ပါလာသော ဗမာလူငယ်နှစ်ယောက်ကြောင့်။

မောင်မောင်ကတော့ မစ္စတာတရေ့စ် မွေးစားသားမို့ အားလုံးသိကြသည်။

အင်္ကျီဗလာကျင်း၊ ပုဆိုးခါးတောင်းကျိုက်၊ ခြေတံရှည်ရှည်ဖြင့် မောင်နီကို သူတို့ကြောင်ကြည့်နေကြခြင်း။

"ဟော့...ဒီလာနေး...ဒီနံရံက ကုတ်က မင်းဟာလား"

ဒေါက်တာဖော်တီဂါက မေးလိုက်သည်။

"ဟုတ်ကဲ့ပါ..သခင်"

"ဘယ်လောက်ပေးရလဲ"

"လေးကျပ်ခွဲပါ သခင်"

"လေးကျပ်ထားကွာ...ငါ့ကိုအခုရောင်းလိုက်..လကုန်မှယူ"

"ဟုတ်ကဲ့ပါ...သခင်..ဟုတ်ကဲ့"

ဒေါက်တာဖော်တီဂါက ကုတ်အင်္ကျီကို လှမ်းယူကာ မောင်နီထံ ပစ်ပေးလိုက်သည်။

“ဝတ်”

မောင်နီက နားမလည်။ မောင်မောင်ကို လှမ်းကြည့်သည်။

“မင်းကို ဝတ်လိုက်လို့ပြောတာ”

မောင်နီက သွားကို ဖြဲကာ ကုပ်အင်္ကျီကို ပျာပျာသလဲ ကောက်စွပ်လိုက်၏။

ကုတ်အင်္ကျီနှင့် ခါးတောင်ကျိုက်။

လိုက်ဖက်နေလေပြီ။

“ပုဆိုးကို ဖြည်လိုက်ဟ..စောက်တောသားရ”

မောင်မောင်က ဟောက်သည်။

ငနီက ရယ်ကျဲကျဲနှင့် ပုဆိုးကို ဖြည်ချလိုက်၏။

ကြေမွနေသော အကွက်ကြဲပုဆိုးနှင့် မီးပူထိုးဖယောင်းတိုက်ထားသော ကုတ်အင်္ကျီနီညိုရောင်။

လိုက်ဖက်နေသော ပသာဒ ဖြစ်မှုကို ဘားတစ်ခုလုံး ကြောင်ကြည့်နေပြန်သည်။

“ဘရန်ဒီတစ်လုံးချ….ဝက်အူချောင်းကြော်ချ…ဆိုဒါနှစ်လုံး..မန္တလေးရထား ရောက်လား”

“ရောက်ပါတယ်..သခင်”

“အေး..ဒါဆိုရေခဲပါမှာပဲ..ရေခဲချ…ဟေ့..မိုင်ဖရန့်တို့ ချကြမယ်”

ဘားထဲမှ ဥရောပသားအချို့က နှာခေါင်းရှုံ့လျက် ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြသည်။

မန္တလေးမှ ရထားဖြင့် အထူးမှာယူထားရသော ရေခဲတုံးလေးများ၊ ဘုရားသခင် ဖန်ဆင်းသော သစ်သီးတို့အား ပေါင်းစပ်ထားသည့် မွှေးပျံ့သော ဘရန်ဒီ။

"ချီးယား"

သူတို့ သောက်ကြလေပြီ။

.........................................

သူတို့ မူးကြလေပြီ။

"မောင်မောင်..ဟိုမှာ ကျူတံကိုင်ထားတဲ့ အင်္ဂလိပ်ကောင်ကို မင်းသိလား"

ဒေါက်တာဖော်တီဂါ ဇာတ်လမ်းစချေပြီ။

"သိတယ်လေ.ဌာနအုပ် စမစ် ပဲ"

"အေး..ဒီကောင့်ယောက္ခမ က ရွှေဘိုကော်မရှင်နာမင်းကြီး မစ္စတာဘိုရေး တဲ့...ဒီကောင် စောက်ချိုးမပြေဘူး"

"ဗျာ"

"ငါက သူ့အထက်အရာရှိကွ..အဲ့ဒါ..ငါ့ကို နောက်ကွယ်မှာ.. အိုင်းရစ်ကျွန်ကောင်က ဆရာလုပ်တာခံနေရတယ်ဆိုပြီး အမြဲပြောတယ်..ပြီးတော့..ငါ့အလုပ်တွေကိုလည်း သူ့ယောက္ခမအားကိုးနဲ့ အမြဲတမ်း ကန့်လန့်တိုက်နေတာ..ဒီကောင်လုပ်တာနဲ့ ဗမာရာဇဝတ်အုပ်တွေကပါ ငါ့ကို မလေးစားကြတော့ဘူး"

"အဲ့ဒီတော့ ခင်ဗျားက ဘာလုပ်ချင်တာလဲ"

"ဒီည ဒီကောင့်ကို ငါတွယ်မယ်..မောင်မောင်"

"ဟ"

"ဟုတ်တယ်..ဒီ ယောက္ခမအားကိုး အင်္ဂလိပ်ကောင်ကို လုပ်ငန်းခွင်ထဲမှာတော့ မလုပ်ဘူး..ဒီညပဲ..အိုင်းရစ်သွေးပြရမယ်"

"ဟော့..ဒေါက်တာ..ခင်ဗျားက သူ့အရာရှိလေ"

"ဘာဖြစ်တုန်း"

"ခင်ဗျားလုပ်လိုက်ရင် ခင်ဗျားက ရာထူးရာခံနဲ့..ထိခိုက်လိမ့်မယ်.. ..အိုင်းရစ်သွေးလည်း ပြမနေနဲ့..ဒီလောက်လူပါး၀နေတာ..ကျုပ်တို့ အညာသားသွေးပြမယ်"

“ဟေ”

“သွား..ခင်ဗျားပြန်တော့..ကျုပ်နဲ့ မောင်နီချမယ်”

“ဟာ..မလုပ်နဲ့...မင်း မလုပ်နဲ့ မောင်မောင်..မင်းအဖေနဲ့ငါ စကားများရမယ်”

ဘေးနားမှ မောင်နီကတော့ သူတို့ပြောသမျှ ဘာမှ နားမလည်။

ဘရန်ဒီကိုကျိုက်သည်။ ဝက်အူချောင်းကို ကိုက်သည်။

“ဒီဘက်ကို ကြည့်နေပါလား..ရုပ်က သရော်တော်တော်နဲ့..ကျုပ်သွားလုပ်မယ်..ဒေါက်တာ”

“ဟော့..တော်ပြီ..မောင်မောင်.မင်းလည်း ပြန်မယ်..ငါလည်း ပြန်မယ်..မလုပ်နဲ့တော့..ထဟော့”

ဒေါက်တာဖော်တီဂါ က မောင်မောင့် ပခုံးကို ဖိကာ ထလိုက်၏။

“လာ..ကောင်လေးတို့..ငါရော မင်းတို့ပါ မူးနေပြီ..ပြန်ကြစို့..ဟော့...မနက်မှ ကျသလောက် ငါရှင်းမယ်..ဒီလာနေး”

အော်သံကြောင့် ဘိလိယက်ထိုးလက်စ သာစည်ဌာနအုပ် စမစ်နှင့် ရာဇဝတ်အုပ်ကိုညီမောင်တို့ က သူတို့ကို တစ်ချက်ကြည့်လိုက်သည်။

ဘိလိယက်ခုံရှေ့မှ ထွက်စဉ် မောင်မောင်က စမစ်ကို တစ်ချက်ပြန်ကြည့်လိုက်၏။

စမစ်က “ထွီ”ခနဲ တံတွေးထွေးဟန်လုပ်ပြသည်။

မောင်မောင်က မသိဟန်ဆောင်လိုက်၏။

အပြင်ဘက် ဘာဂီပေါ်တွင် ဘာဂီမောင်းသူက အနောက်တွင် အိပ်နေရာမှ လူးလဲထလာသည်။

မစ္စတာဖော်တီဂါကို သူတို့ ဘာဂီပေါ် တင်ပေးလိုက်၏။

“ဂျောင်း”

ဘာဂီက ငြိမ့်ခနဲထွက်သွားသည်။

“ဒီမယ်..မောင်မောင်ရ”

မစ္စတာဖော်တီဂါက စကားပြောလိုက်သော်လည်း မောင်မောင် ပါမလာ။ မောင်နီလည်း ပါမလာ။

..........................................................................

ဘိလိယက်ခုံပေါ်သို့ လွှားခနဲ တက်လာသည့် တစ်စုံတစ်ယောက်ကြောင့် ဌာနအုပ်စမစ်မှာ အလန့်တကြားမော့ကြည့်လိုက်သည်။

“မင်းမေလိုးလား..ဟေ့ကောင်”

မောင်မောင် က စမစ်၏ မျက်နှာကို အရှိန်ဖြင့် ဖြတ်ကန်ချလိုက်၏။

ရုတ်တရက်မို့ စမစ်မှာ ဘေးသို့ ယိုင်ကျသွား၏။

မောင်မောင်၏ ဘေးတိုက်အနေအထားတွင် ရှိနေသော ရာဇဝတ်အုပ် ကိုညီမောင်က သတိဝင်လာသည်။

မောင်မောင်ကို ကျူတံဖြင့် လွှဲရိုက်သည်။

“ဖြောင်း”

မောင်မောင်၏ တင်ပါးတည့်တည့်သို့။

အနောက်မှ မောင်နီက ပုဆိုးကို ခါးတောင်မြှောင်နေအောင် ကျိုက်လိုက်သည်။

နောက်တချက် လွှဲရိုက်ရန် ပြင်နေသော ကိုညီမောင် ကို လက်ဗွေထိုးနေကျ သူ့လက်ဖျံကြီးဖြင့် ယမ်းထည့်လိုက်၏။

ကိုညီမောင်မှာ ဖင်ထိုင်လျက် ကျသွားသည်။

စမစ် ပြန်ထလာ၏။

နောက်ထပ် ပုလိပ်အရာရှိတချို့က ကျူတံများဖြင့်။

တဖြောင်းဖြောင်း။

မောင်မောင်က စမစ်ထံသို့သာ ဦ ီးတည်ဝင်လုံးသည်။ မောင်နီက သူ့လက်တံ ခြေတံရှည်ကြီးဖြင့် သူတက်မြောက်ထားသော ဗန်ဒိုအကွက်များသုံးကာ ရသလောက်ရမ်းသည်။

ပထန်လူမျိုး စစ်ဗာရီကြီးသုံးဦးက ရန်ပွဲကို ဖြန်ဖြေ၏။

ထောင်ထောင်မောင်းမောင်းသန်သန်မာမာ စမစ်နှင့် မောင်မောင်မှာ မြေပြင်တွင် နပန်းသတ်နေဆဲ။

ကိုညီမောင် ထုတ်ပေးသော လက်ထိပ်ဖြင့် စစ်ဗာရီများက မောင်မောင်ကို ချုပ်ပြီး ခတ်သည်။

မောင်နီကတော့ ပုလိပ်သားသုံးယောက်နှင့် လုံးထွေးဆဲ။

စစ်ဗာရီကြီးများက လက်ထိပ်နောက်ပြန်ခတ်ပြီးသော မောင်မောင်ကို ကုတ် မှ ဆွဲဖယ်သည်။ ပါမလာ။

“အား..မဆွဲနဲ့..မဆွဲနဲ့..ခွေးသားတွေ..ဒီကောင့်ကို သွားမဆွဲနဲ့”

အောက်မှ စမစ်က ကုန်းအော်သည်။

မောင်မောင်က စမစ်၏ ပါးတခြမ်းကို ကိုက်ထားသဖြင့် ဆွဲလေနာလေဖြစ်နေခြင်း။

စစ်ဗာရီကြီးများက မောင်မောင်ကို အတင်းထုနှက်ကာ ဆွဲခွာရသည်။

မောင့်မောင့်ကို လက်ထိပ်နောက်ပြန်ခတ် ကာ ဆွဲထူလိုက်ကြ၏။

ရာဇဝတ်အုပ်ညီမောင်က ကျူတံဖြင့် မောင်မောင့်ကို ပြေးရိုက်ရန်ပြင်သည်။

“ဒေါင်”

မောင်မောင့်အနားပင် မရောက်လိုက်။

ဘိလိယက်အနီရောင်အသီးက ညီမောင်၏ မျက်လုံးတစ်ဖက်ကို မှန်ကာ အားခနဲလဲသွား၏။

ဒဏ်ရာဗရပွနှင့် လံဘားကြီး မောင်နီ။ ကုပ်အင်္ကျီဝတ်ထားသော်လည်း ခါးတွင် ပုဆိုးက မရှိတော့။

သူ့လက်ဖဝါးကြီးထဲတွင် ဘိလိယက်သီး နှစ်လုံးကို အသင့်ကိုင်ထားသေးသည်။

"လာစမ်း...မအေဘေးတွေ..လာစမ်း"

"ဒုတ်"

ပုလိပ်တစ်ဦးက နောက်စေ့ကို ကျူတံဖြင့် ရိုက်လိုက်မှ မောင်နီ ခွေလဲကျသွားတော့၏။

..........................................................................

သာစည်ဂါတ်။

ဌာနအုပ်ရော၊ ရာဇဝတ်အုပ်ပါ ပန်ချာပီဆရာဝန်ကြီးအိမ်ရောက်သွားကြလေပြီ။

အသစ်ပြောင်းလာခါစ ကရင်လူမျိုး ဆာဂျင်ကြီး စောဘလက်စ် မှာ ခေါင်းကို သာနာနာကုတ်လျက်။

"မင်းအဖေ နာမည်"

"ဖေးဖရစ်ရှပ်ကုမ္ပဏီ မန်နေဂျာ မစ္စတာတရေ့စ်"

"ဟမ်"

"မင်းအမေက ဗမာလား"

"ဟုတ်တယ်..အမေရော..အဖေပါ ဗမာ"

ကရင်ကြီး ခေါင်းကို ထပ်ကုတ်သည်။

"မစ္စတာတရေ့စ် ဆို"

"မွေးစားအဖေပါ"

"မင်းနာမည်ပြော"

"မောင်မောင်"

"မင်းသူငယ်ချင်း ဟိုကောင်က ပြောတော့ မင်းနာမည်က တစ်မျိုးပါ"

"ဟုတ်တယ်..မောင်မောင် ဆိုတာ မွေးစားအဖေက ပေးထားတဲ့နာမည်..အဖေအမေအရင်းက ပေးထားတဲ့နာမည်ရှိတယ်"

"အေး..အဲ့ဒီနာမည်ပြော"

"စံဖဲ"

# အခန်း ( ၂ )

ရွှစိတက်နေသော ကြမ်းပိုးများ။

အချုပ်ခန်းကြမ်းပြင်ကို ကြည့်ရင်း စံဖဲက နှာခေါင်းရှုံ့လိုက်သည်။

သာစည်ဂါတ်အချုပ်ခန်းသည် ကျယ်ဝန်းလှသည်မဟုတ်။

သို့သော်....အထဲတွင် လူတစ်ယောက်သာရှိနေသဖြင့် စံဖဲနှင့်မောင်နီအတွက်တော့ ချောင်ချိလှပြီ။

စံဖဲ သတိထားမိသည်က အချုပ်ထဲတွင် ရှိနေသော တစ်ဦးတည်းသော ပုဂ္ဂိုလ်။

ထိုသူကား သူတို့ကို ကျောပေးကာ အုတ်သားနံရံကိုကာ ငေးမောနေ၏။

အရက်အမူးက သိပ်ပြေသေးသည့်မဟုတ်။

စံဖဲက အချုပ်ခန်းအကာအရံအဖြစ်သည့် သစ်သားတိုင်လုံးများကို မှီကာ ထိုင်ချလိုက်သည်။

မောင်နီက တော့ ဂါတ်ဘားမှ ပါလာသော ကုတ်အင်္ကျီကို ချွတ်ပြီး ကြမ်းပြင်ကို ဖုန်ခါ၏။ ထို့နောက် ထိုကုတ်အင်္ကျီကို ခေါင်းအုံးကာ လှဲလျောင်းလိုက်သည်။

“ကိုစံဖဲ”

“ဟေ”

“ခင်ညား..ခုန အင်္ဂလိပ်ကြီးကို ဘာလို့ သွားချတာတုန်း”

“ဟေ”

စံဖဲ ဟေခနဲ ဖြစ်သွားသည်။

“မင်းကရော..ငါချတာနဲ့ ဘာလို့ ဝင်ချတာလဲ”

“ဟ..ခင်ညား..ချမှတော့..ကျုပ် မချလို့ရမလားဗျ..ခင်ညားက ကိုယ့်လူပဲကိုး”

စံဖဲက သဘောတကျရယ်လိုက်သည်။

ထိုအချိန်တွင် နံရံကို ကျောပေးထားသော သူက ဆတ်ခနဲလှည့်လာကာ စံဖဲကို တချက်ကြည့်လိုက်၏။

စံဖဲ သတိထားမိသွားသည်။ ထိုသူထံသို့ စံဖဲ ဆတ်ခနဲကောက်ထလိုက်၏။

“ဟော့..ကိုစံဖဲ...ဒီထဲမှာလည်း ချဉ်ီးမလို့လားဗျ”

စံဖဲက သူတို့အလျင် အချုပ်ခန်းထဲ တစ်ဦးတည်းရှိနေသော စီနီယာ၏ ပခုံးကို ပုတ်လိုက်သည်။

“ဟော့လူ..ခင်ဗျား...ခင်ဗျား.ကောလိပ်ကျောင်းသားကိုကြီးချစ်ကောင်း မဟုတ်လား”

ထိုသူက စံဖဲဘက်သို့ လှည့်လာသည်။

အသက်သုံးဆယ်ကျော်ခန့်၊ အသားညိုညို၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ပြုံးယောင်ယောင်နှုတ်ခမ်းဖြင့် ယောကျ်ားပီသသော မျက်နှာပိုင်ရှင်။

“မင်း...သူတော့်ညီ မဟုတ်လား”

“ဟုတ်တယ်လေ...ကိုကြီးချစ်ကောင်းရဲ့..ကျွန်တော် ကိုသူတော့်ညီ..စံဖဲလေ..စံဖဲ”

“အေး..စံဖဲ..စံဖဲ..မင်းက သရေဗိုလ်က မွေးစားလိုက်တယ်ဆိုတဲ့ တစ်ယောက်ပဲ..ငါမှတ်မိပြီ...မင်းတို့က ဘာမှုလဲ”

“ဒီဂါတ်တဲက လက်ထောက်ခရိုင်ရဲဝန်နဲ့ ရာဇဝတ်အုပ်ကို ရိုက်မှုလေ”

ချစ်ကောင်း မျက်လုံးပြူးသွားသည်။

စံဖဲက ဘာမှမဖြစ်သလိုနှင့် ပြုံး၍

“အေးဗျာ..ခင်ဗျားကရော... ရန်ကုန်က ယုဒသန်ကောလိပ်မှာတက်နေတာဆို..ဘယ်ကနေ ဘယ်လို ဒီသာစည်ဂါတ်ထဲ ရောက်နေတာလဲ..ဘာမှုနဲ့လဲ”

“မီးရှို့မှု”

ချစ်ကောင်း က အချုပ်ခန်းကိုကာရံထားသော သစ်သားတိုင်ထူထူကြီးများကို အကြောင်းမဲ့ငေးကြည့်နေလိုက်၏။

“ခင်ဗျားက ဘယ်ကို မီးသွားရှို့တာတုန်း..ယုဒသာန်ကောလိပ်ကိုလား”

“ဘယ်ကသာကွာ....ညောင်ဟိုမှာကနေတဲ့ စိန်ဘိုကေဇာတ်ရုံကို ရှို့လို့”

“ဟာ..စိန်ဘိုကေဇာတ်ဆိုတာ..တမြန်နှစ်က ရွှေရင်မျှော်ဘုရားပွဲမှာတောင် လာက သွားတဲ့ ဇာတ်ပဲ”

မောင်နီက အချုပ်ကြမ်းပြင်တွင် ကျောဆန့်နေရာမှ လှမ်းပြောသည်။ ဇာတ်ဆိုသဖြင့် စိတ်ဝင်စားသွားပြီး သူတို့အနီးတွင် လာထိုင်လိုက်၏။

“ရန်ကုန်မှာကျောင်းတက်နေတဲ့ ယုဒသန်ကောလိပ်ကျောင်းသားက ညောင်ဟိုမှာ ကနေတဲ့ ဇာတ်ပွဲကို မီးလာရှို့တယ်..ဘယ်လိုလဲဗျာ

“စံဖဲရေ...ငါ ကောလိပ်က ထွက်လာတာ တစ်နှစ်ကျော်ပြီကွ...ငါ ဇာတ်ထဲလိုက်နေတာ”

“ဟာ..ဘယ်လိုဖြစ်တာတုန်းဗျာ..ဂုန်ညင်းနွယ်တစ်ရွာလုံး က ကောလိပ်ကျောင်းသားခင်ဗျားတစ်ယောက်ရှိတယ်ဆိုပြီး ဂုဏ်ယူနေကြတာ”

“ဒီလိုကွ....ငါ ယုဒသာန်ကောလိပ်မှာ ငါတက်နေတုန်း ရန်ကုန် ကြည့်မြင့်တိုင်ထဲ ဇာတ်ပွဲတွေကို လျှောက်ကြည့်ရင်း..သူနဲ့ ဆုံခဲ့ကြတယ်”

“ဘယ်သူတုန်း”

“မြလေ မြ..ငါ့ရဲ့ မြ..သူ့နာမည်က မမြမေတဲ့...ငါက မြလို့ သူ့ကိုခေါ်တယ်..သူက ဇာတ်မင်းသားစိန်ဘိုကေရဲ့နှမပေါ့...သိပ်လှတဲ့ ဇာတ်မင်းသမီးလေးကွာ”

အချစ်ဇာတ်လမ်းလေးပါလာပြီဖြစ်သဖြင့် လူငယ်နှစ်ယောက်မှာ မျက်လုံးအပြူးသားဖြင့် ချစ်ကောင်းကို ငေးမောနေကြသည်။

“ရန်ကုန်ထဲ.သူတို့ ဇာတ်အဖွဲ့သွားတဲ့နောက်ကို ငါတကောက်ကောက်လိုက်ကြည့်တာပဲ...ဒီလိုနဲ့ သူနဲ့ ငါ..ဟိုဒင်းဖြစ်သွားကြရောကွာ”

“ဘာ...ဟိုဒင်းဖြစ်တာလဲဗျ..ကိုကြီးချစ်ကောင်း”

စံဖဲ က စပ်ဖြဲဖြဲဖြင့် မေးလိုက်သည်။

"ရည်းစားဖြစ်တာကွာ..ရည်းစား...နောက်ပြီး ငါက ပြဇာတ်တွေ၊ သီချင်းတွေ ဘာတွေရေးတာဆို ဝါသနာက ပါတာကလား....သူကတဆင့် ငါ့ပြဇာတ်လေးတွေ၊ သီချင်းလေးတွေကို သူ့အစ်ကို ဇာတ်ဆရာစိန်ဘိုကေ ကို ပြကြည့်တယ်.. ဇာတ်ဆရာကလည်း ကြိုက်တယ်...သူကတဆင့် ငါဇာတ်ပိုးဝင်တော့တာပဲ"

မိုးကလည်းချုပ်ပြီမို့ ခြင်များက အချုပ်ခန်းတွင်း အုံနဲ့ကျင်းနှင့် ဝင်လာကြသည်။

ဂါတ်တဲအတွင်း တစ်လုံးတည်းသောရှိသော ခပ်ဖျော့ဖျော့လျှပ်စစ်မီးသီး သာလင်းလျက်။

အချုပ်ကင်းကျသော ဂေါ်ရာပုလိပ်သည်ပင် ရိုင်ဖယ်သေနတ်ကို ဖက်လျက်..နံရံကို မှီကာ ငိုက်မြည်းနေပေပြီ။

"ဇာတ်နောက်ကို လျှောက်လိုက်နေတာနဲ့ပဲ...ငါ ကျောင်းပျက်ရက်တွေများလာတယ်..ငါ စာကိုစိတ်မဝင်စားတော့ဘူး...ငါ မြကိုပဲ စိတ်ဝင်စားတယ်.နောက်ဆုံးမရတော့ဘူးကွာ..ရောဂါက သည်းလာပြီ... မြကို ငါ့မျက်ကွယ်တခြားတနယ်မှာ ဇာတ်ကနေတာကို ငါစိတ်မချဘူး..သူ့ဘေးနား ငါအမြဲရှိချင်တယ်..ဒါပေမဲ့.. ငါက အိမ်ကပို့ပေးတဲ့ငွေနဲ့ ငါဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ အစိုးရစတိုင်ပင် လျှောက်ပြီးကျောင်းတက်နေရတဲ့ကောင်ကွာ..သူ့ကို ချက်ချင်းတော့ ဘယ်ယူနိုင်ဦးမလဲ....သူကလည်း မောင်နှမနှစ်ယောက် အရင်းပြုပြီး ဒီဇာတ်ပွဲနဲ့ အသက်မွေးဝမ်းကြောင်းနေရတာ .ဒီတော့ ...ငါလည်းဝါသနာပါ၊ သူလည်းရှိတဲ့ ဇာတ်သဘင်ထဲမှာပဲ အခြေချတော့မယ်လို့..ဒီလိုနဲ့...ငါလည်း အိမ်ကိုတောင် အသိပေးမနေတော့ပဲ မမြမေတို့ဇာတ်ထဲကို လိုက်ချသွားတယ်...ကိုယ့်ရည်းစား..ကိုယ့်မင်းသမီးလေး ကနေတဲ့ ဇာတ်လေကွာ...သိပ်ပျော်စရာကောင်းခဲ့တာ"

ကိုချစ်ကောင်း၏ ဇာတ်ရှိန်ကလည်း မြင့်လာနေ၏။ စံဖဲတို့မှာ ကိုယ့်အဖြစ်ကို ကိုယ်မေ့ရင်း..ကိုချစ်ကောင်း၏ ဇာတ်လမ်းထဲ မျောနေကြသည်။

"ခင်ဗျားက ဇာတ်ဆရာဖြစ်ခဲ့တာလား"

"ဆိုပါတော့...ဇာတ်ဆရာမဟုတ်ပေမယ့်.ဇာတ်ဆရာနီးနီးပါပဲကွာ..ဇာတ်အတွက်.ပြဇာတ်တွေ၊ သီချင်းတွေ အကုန် ငါရေးပေးရတာပေါ့...စိန်ဘိုကေဇာတ်ဆိုတာလည်း အရမ်းနာမည်ကြီးမဟုတ်..ဇာတ်ဆရာစိန်ဘိုကေ က မင်းသားကြီး

စိန်ကတုံးရဲ့ တပည့်ဆိုတဲ့ နာမည်နဲ့ ရပ်တည်နေရတာ...ငါမရောက်ခင်က သီချင်းတွေ၊ ပြဇာတ်တွေရေးပေးမယ့်လူရယ်လို့ သီးခြားရှိတာမဟုတ်ဘူး..ဇာတ်ဆရာစိန်ဘိုကေက တခြားမှာ အပ်ရတာ...ခုတော့ စိန်ဘိုကေ က ငါ့အားကိုးတာပေါ့ကွာ..သူ့နမ နဲ့လည်း သဘောတူတယ်ဆိုတဲ့ အရိပ်အယောင်တွေပြပါတယ်"

"ဒါဆို ရွှေရင်မျှော်ဘုရားပွဲတုန်းက စိန်ဘိုကေဇာတ်မှာ အစ်ကိုကြီးပါတာပေါ့"

မောင်နီက ဝင်မေးလိုက်ခြင်းပင်။

"အေး..ပါတယ်..ဒါပေမဲ့..ငါ့ရွာကလူတွေမြင်မှာစိုးလို့ ငါ ဇာတ်ရုံနောက်ထဲကနေကိုလုံးဝမထွက်ပဲနေခဲ့တာ"

"ဆက်ပါဦးဗျ..ဒါနဲ့များ ဘယ်လိုများ မီးရှို့လိုက်ရတာလဲ"

"ဝမ်းတွင်းမှာ ငါတို့ ပွဲကနေတုန်း..ဇာတ်ဆရာစိန်ဘိုကေက ကတ်ဝိုင်းမှာ ငွေနှစ်သောင်းနီးပါးရှုံးပြီး အကြွေးတင်သွားတယ်..အဲ့ဒါ သူပိုင်သမျှအကုန်ပဲ...ဒီတော့..ညကြေးတွေ၊ ဆိုင်းကြေးတွေ မရှင်းနိုင်ပဲ ဇာတ်ပစ္စည်းတွေကိုပါ ကြွေးရှင်လက်ထိုးအပ်ရမယ့်ကိန်းဆိုက်တာ မောင်ရေ"

ဂါတ်ရှေ့ ကင်းတဲမှ ဆယ့်နှစ်နာရီသံချောင်းခေါက်သံကြားရသည်။ နောက်ထပ်ဗမာလူမျိုးပုလိပ်သားတစ်ယောက်ရောက်လာပြီး အချုပ်ခန်းစောင့် ဂေါ်ရာပုလိပ်နှင့် ကင်းအလဲအလှယ်လုပ်ကြ၏။

သူတို့ စကားဝိုင်းကို ခေတ္တမျှ ရပ်လိုက်ကြသည်။

ကင်းချိန်းလာသည့် ပုလိပ်သားကလည်း ပုဆိုးတစ်ထည်ကို ထုတ်ဖြန့်ခင်းကာ အညာစောင်ထူကြီးကို ခြုံလျက် သေနတ်ကို ပိုက်လျက် ကွေးပြန်လေပြီ။ အညာဆောင်းမဟုတ်လား။

"ဆက်ပါဦး..ကိုကြီးချစ်ကောင်း"

"စိန်ဘိုကေ က ငါ့ရဲ့မြ ကို သူ့အကြွေးတွေအတွက် သူဌေးတစ်ယောက်လက်ကိုထိုးအပ်ခဲ့တယ်"

"ဟာ"

စံဖဲရော၊ မောင်နီပါ ဟာခနဲ ဖြစ်သွားကြ၏။

"ဟုတ်တယ်..ဝမ်းတွင်းက သူဌေးသံဒိုင်တဲ့..စိန်ဘိုကေ က အကြွေးတွေကို ဆပ်ဖို့ သံဒိုင်ဆီကနေ အတိုးနဲ့ ချေးယူရတာပေါ့...သံဒိုင် ဆိုတာ ဝမ်းတွင်းမှာတော့ မသိသူမရှိတဲ့ သူဌေးပဲ...အုပ်ချုပ်ရေးပိုင်းက ဘိုတွေအထိ သူက ပေါက်ရောက်တယ်.ချစ်တီးတွေကိုတောင် သူက လက်ခွဲအဖြစ်ပိုက်ဆံတွေထုတ်ပေးပြီး အတိုးချေးစားတာ...သူက စိန်ဘိုကေကို တစ်လလေးဆယ်တိုးနဲ့ ငွေနှစ်သောင်းချေးတယ်..ငါတို့ဇာတ်ဆိုတာကလည်း ရွာကလေးတွေက ငှားမှ ကရတာမျိုးလေကွာ..တစ်လ တစ်လသူ့အတိုးနဲ့တင် ဇာတ်ကခပ်ယဲ့ယဲ့၊ နောက်တော့ သံဒိုင်က တို့ဇာတ်ကရာနေရာတိုင်းကို အတိုးလာတောင်းသလိုလိုနဲ့ ရောက်ရောက်လာရင်း...ငါ့ရဲ့ မြကို ပိုးတော့တာပဲ...ဒီလိုနဲ့..ညောင်ဟိုမှာ ဇာတ်ကနေတုန်း...စိန်ဘိုကေက ငါ့ကို ခေါ်ပြောကြတယ်..မြကို သူဌေးသံဒိုင်နဲ့ပေးစားပြီး ဝမ်းတွင်းကို ထည့်လိုက်တော့မယ်...စိန်ဘိုကေကတော့ မင်းသမီးအသစ်တစ်လက်ထပ်တင်မယ်..ငါ့ကိုလည်း ဇာတ်ဆရာရာထူးခန့်ပြီး...ညကြေးတိုးပေးမယ်တဲ့လေ"

ကိုချစ်ကောင်းက စကားကို ဆက်မပြော။ မေးကြောများထောင်သည်အထိ အံကိုကြိတ်ကာ ရပ်တန့်နေသည်။

"ခင်ဗျားရဲ့ မင်းသမီးကလည်း လက်ခံတာပဲလား"

ကိုချစ်ကောင်းက သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။

"ကောလိပ်ကျောင်းသားကွာ...အရေးပိုင်ဝန်ထောက်အထိဖြစ်နိုင်မယ့်ဘဝမျိုးကွာ..အဲ့ဒီဘဝကနေ ငါ သူ့တစ်မျက်နှာနဲ့ ခုန်ချခဲ့တာ..ငါ့ကို မွေးလင့်ကြတဲ့ ငါ့မိဘ၊ငါ့အသိုင်းအဝိုင်း၊ငါ့ရွာကလူတွေကိုပါ ငါစွန့်ပြီး..သူ့ဆီလိုက်ခဲ့တာပါကွာ...အဲ့ဒါကို သူတို့မို့ လုပ်ရက်တယ်...ငါ သူတို့ကို ကျောခိုင်းပြီး ဇာတ်ထဲက ထွက်လာခဲ့တယ်..လမ်းတစ်ဝက်ရောက်တော့ ငါ့စိတ်ထဲအတော်လေး ခံပြင်းလာတယ်..ဒါနဲ့ သူတို့ဇာတ်ကနေတဲ့ ညောင်ဟိုရွာကို ပြန်သွားတယ်..နေ့လယ်ပိုင်းဆိုတော့ ဇာတ်ရုံထဲမှာ အားလုံး အိပ်နေကြတာ.. ငါလည်း ဇာတ်ရုံရှေ့ မီးတိုင်တွေထွန်းတဲ့နေရာမှာ သုံးတဲ့ ကညင်ဆီ တစ်ပုံးကိုယူပြီး...ဇာတ်ရုံအရှေ့ပိုင်းကို မီးရှို့ပစ်လိုက်တာပဲ"

“အကုန်လောင်သွားရောလား”

“ဓာတ်ရုံအရှေ့ပိုင်းပဲ လောင်သွားပါတယ်..ရွာကလူတွေ ဝိုင်းငြိမ်းတာနဲ့ မီးက သေသွားတယ်..ငါလည်း..အဖမ်းခံရတာပဲ”

ချစ်ကောင်း၏ မျက်နှာတွင် နာကြည်းခံပြင်းခြင်းနှင့်အတူ လွမ်းဆွတ်တသမှု အရိပ်အယောင်များ ဖြတ်ပြေးလာ၏။

“ငါ ရင်နာတာကကွာ..မြ ဟာ မယားငယ်ဖြစ်သွားတာဗျ..အဲ့ဒီသူဌေးရဲ့ ဘယ်နှယောက်မြောက်မှန်းမသိတဲ့ မယားငယ်ဖြစ်သွားတာ”

သူတို့အားလုံး တိတ်ဆိတ်သွားကြသည်။

ဆောင်း၏ အအေးဓာတ်ကလည်း တဖြည်းဖြည်းကြမ်းလာ၏။

သူတို့သုံးယောက်လည်း အတော်လေးပင် ချမ်းနေကြပေပြီ။

ကိုချစ်ကောင်းက အရင်ရက်များမှ ကြံဖန်ထားဟန်တူသော စောင်တစ်ထည်ကို ထုတ်လျက် ခြုံလိုက်၏။

မောင်နီကလည်း ကုတ်အင်္ကျီပေါ်မှ သူ့ပုဆိုးကိုပါ ထပ်ခြုံကာ ကွေးကွေးလေးထိုင်နေသဖြင့် သက်သာသည်။

စံဖဲမှာ ရုပ်အင်္ကျီနှင့် ဘောင်းဘီဖြစ်သောကြောင့် ပိုအေးနေရ၏။

သို့သော် သူတို့အားလုံး ကိုယ့်အတွေးနှင့်ကိုယ်။

..........................................................................................................

“မောင်မောင်..မောင်မောင်..ထ..ထ”

အပြင်ဘက်မှ အသံကြောင့် စံဖဲ လူးလဲထလိုက်သည်။

ဒေါက်တာဖော်တီဂါနှင့် ပုလိပ်အိတ်စပက်တော်တစ်ဦး။

ကင်းစောင့်ပုလိပ်က အချုပ်ခန်းတံခါးကိုဖွင့်နေ၏။

“ထွက်တော့”

"မောင်နီ..ရောလား"

စံဖဲ၏ အမေးကို ဒေါက်တာဖော်တီဂါက ခေါင်းညိတ်ပြသည်။

မောင်နီက အိပ်မှုန်စုံမွှားနှင့်ထလာပြီး ပုဆိုးဖြင့် မျက်ချေးများ သုတ်လိုက်၏။

အချုပ်ခန်းတံခါးကို ခေါင်းငုံ့ပြီး ထွက်လိုက်ကြသည်။

"မင်းဒယ်ဒီ မင်းကို စောင့်နေတယ်..သွားကြစို့"

"ကျွန်တော်တို့ အမှုမဖြစ်ဘူးလား"

"မဖြစ်ဘူး...ငါ လမ်းရောက်မှ ရှင်းပြမယ်"

စံဖဲရော မောင်နီပါ ပျော်သွားကြ၏။

"စံဖဲ"

ကိုချစ်ကောင်းအသံကြောင့် သူတို့ လှည့်ကြည့်လိုက်ကြသည်။

"ဩော်..ကိုကြီးချစ်ကောင်း..ကျွန်တော်တို့ သွားလိုက်ဦးမယ်ဗျာ"

"အေးပါကွာ...ငါ့ကို ကတိတစ်ခုပေးကွာ..ငါ့ကို ဒီမှာတွေ့ခဲ့တယ်ဆိုတာ...ရွာက ငါ့မိဘတွေကို ပြန်မပြောပါနဲ့..ပြီးတော့ ရွာက လူတွေကိုရော"

"စိတ်ချပါ..ကိုကြီးချစ်ကောင်း..အခု ကျွန်တော်တို့ မိဘတွေလည်း ဂုံညှင်းနွယ်မှာ မနေတော့ပါဘူး...မဲတော ကို ပြောင်းနေကြတယ်.. အဲ့ဒီကလူတွေနဲ့လည်း အရမ်းအဆက်အသွယ်မရှိတော့ပါဘူး"

"အေးပါကွာ"

ဒေါက်တာဖော်တီဂါနှင့်အတူ စံဖဲတို့နှစ်ဦး သာစည်ဂါတ်တဲ အပြင်သို့ ထွက်လာကြသည်။

ဂါတ်တဲအဝင်တွင် ရာဇဝတ်အုပ်ကိုညီမောင်နှင့် တိုး၏။ ကိုညီမောင်က မျက်လုံးကြီးတစ်ဖက် ပိတ်လျက်။ မျက်နှာတွင်လည်း ဖူးယောင်နေသည်။

အထက်အရာရှိဖြစ်သော ဒေါက်တာဖော်တီဂါပါနေသဖြင့် ကိုညီမောင်က သူတို့ကို သတိဆွဲကာ ဆလံပေးသွားရ၏။

မောင်နီက သဘောတကျရယ်သည်။

ဒေါက်တာဖော်တီဂါ၏ မြင်းလှည်းပေါ်သူတို့ တက်လိုက်ကြ၏။

"ဘယ့်နှယ့်လဲ..ဒေါက်တာ ရှင်းပြပါဦး"

"ညက မင်းတို့ တော်တော်ဆော့လိုက်ကြတာပဲကွ"

"ဟ..ကျွန်တော်တို့ မျက်ခွက်က ဒဏ်ရာတွေကိုလည်းကြည့်ဦးလေ...ဟိုကောင် မောင်နီဆို နံရိုးတွေ အောင့်လို့ ညက ကောင်းကောင်းမအိပ်နိုင်ဘူး"

"အေးပါ...ဟိုနှစ်ကောင်ကတော့ ငါ့ဆီလာမကုရဲပဲ ပန်ချာပီဆရာဝန်ဆီ သွားကုကြတယ်..ဘာမှ စိတ်မပူနဲ့..မင်းတို့ ကို အမှုမဖွင့်ဖို့ သူတို့က ကတိပေးထားတယ်"

"ဘယ်လိုများ ညှိလိုက်တာလဲ..ဒေါက်တာ"

"အခုဖြစ်တာက နှစ်ဖက်ရန်ဖြစ်တာလေကွာ...ပြီးတော့ မင်းတို့က လူငယ် အရပ်သားတွေ၊ သူတို့က ပုလိပ်တွေ၊ သူတို့ဘက်က အမှုဖွင့်ရင်..ငါကလည်း မင်း အဖေ မစ္စတာတရေ့က အမှုပြန်ဖွင့်လိမ့်မယ်လို့ သူတို့ကို ခြိမ်းခြောက်လိုက် တယ်..ပြီးတော့...မနေ့က အဲ့ဒီအချိန်က ညီမောင် ရဲ့ တာဝန်ချိန်ကွ..တာဝန်ချိန် ကြီး ဘားရောက်နေတာရယ်..ရန်ဖြစ်တာရယ်နဲ့ဆို သူမချောင်ဘူး...ဒါကြောင့် ညီ မောင်ရော၊ သူ့ဆရာ စမစ် ပါ...ငါပြောတာလက်ခံလိုက်ရတာပဲ..ဟား..ဟား"

"ကောင်းပါဗျာ..ဟား..ဟား..ဟား"

"ဒါပေမယ့်...တစ်ခုတော့ရှိတယ်...မင်းတို့ကိုရော၊ ငါ့ကိုပါဒီကောင်တွေ ဒုက္ခပေးဖို့ ချောင်းနေမှာကွ၊ အထူးသဖြင့် မင်းတို့ကို အမှုတစ်ခုမဟုတ် တစ်ခုဆင်လာလိမ့် မယ်.. အဲ့ဒီတော့ မစ္စတာတရေ့နဲ့ ငါတိုင်ပင်ထားတာ ရှိတယ်... စံဖဲ..မင်းက ခဏ လောက်ဖြစ်ဖြစ် ရွာကို ပြန်နေလိုက်....ငါလည်း ဒီကောင်တွေပြဿနာကို ကြည့်ထိန်းထားမယ်..မေ့လောက်သင့်မှ ပြန်လာပေါ့ကွာ"

မကြာမီ ဘာဂီက ဖေဘာရေးရှပ်စ်ကုမ္ပဏီခြံဝင်းအတွင်းသို့ ရောက်ရှိသွား တော့သည်။

အလုပ်သမားများက ခရစ္စမတ်ညစာစားပွဲအတွက် ကြက်ဆင်အသေများကိုအမွေးနှုတ်၊ရေဆေးဖျောလျက် ရှိကြ၏။

ခရစ္စမတ်သစ်ပင်အဖြစ် ရှမ်းပြည်မှမှာယူထားသောထင်းရှူးပင်ငယ်လေးအနီးတွင် ကလေးတသိုက်နှင့်အတူ အလုပ်ရှုပ်နေသောမစ္စတာတရေ့စ်ဆီ သူတို့လျှောက်လာကြ၏။

"မယ်ရီခရစ်စ္စမတ်ပါ..ဒယ်ဒီ"

မစ္စတာတရေ့က စံဖဲကိုဖက်ထားလိုက်သည်။

"သား…လူဆိုးကောင်လေး…ခရစ္စမတ်နေ့မှာ မင်းမျက်နှာဒဏ်ရာဒဏ်ချက်တွေနဲ့ကွ"

"ခရစ်တော်မွေးနေ့ကိုဂုဏ်ပြုလက်ဆောင်ပေါ့..ဒယ်ဒီ"

"ဒေါက်တာဖော်တီဂါက ငါတို့အစီအစဉ်အကြောင်း..မင်းကိုလမ်းမှာ ပြောပြပြီးပြီထင်တယ်"

"ဟုတ်ကဲ့"

"ဒီနေ့ည…ခရစ္စမတ်ပါတီမှာငါသားမရှိတော့ဒယ်ဒီတော့လွမ်းနေတော့မှာပဲ..မင်းမိဘတွေလည်းမင်းကိုလွမ်းနေလိမ့်မယ်ထင်တယ်..ဒီတော့…အိမ်ပေါ်တက်အဝတ်အစားသိမ်းဆည်းပြီး..အခုပဲထွက်ဖို့လုပ်တော့..ဒေါက်တာဖော်တီဂါက မင်းကိုရွာအထိလိုက်ပို့လိမ့်မယ်…မော်တော်ကားလည်း စီစဉ်ထားပြီးသား"

"မော်တော်ကားနဲ့..ဟုတ်လား"

စံဖဲ ကအူရှင်သွား၏။ ထို့နောက်မောင်နီဘက်သို့လှည့်ကာ ဗမာစကားဖြင့်ပြောလိုက်သည်။

"ဟေ့ကောင်…ငါတို့ကို ရွာအထိ မော်တော်ကားနဲ့ လိုက်ပို့မှာတဲ့ကွ"

"ဟာ..မော်တော်ကား ဆိုတာ ခတ်ရှင်ပိတ်ကားထဲက လက်နဲ့လှည့်မောင်းတဲ့ဟာကြီးမို့လား"

မောင်နီကပါးစပ်အဟောင်းသားဖြင့် ပြောလိုက်၏။

"ဩော်..သား...မင်းရဲ့သူငယ်ချင်းနဲ့လည်း ဒယ်ဒီကိုမိတ်ဆက်ပေးပါဦး..ပြီးတော့ မနေ့ကသူက ဒီအမှုထဲ ဘယ်ကဘယ်လိုပါလာတာလဲ ရှင်းပြပါဦး"

"ဒယ်ဒီ ဒါက မောင်နီ၊ မဲတောရွာကပဲ၊ ကျွန်တော့်သူငယ်ချင်းပါ။ သူက ဟိုတနေ့က ရွှေရင်မျှော်လာဖူးရင်း ကျွန်တော့်ဆီဝင်လာတာ။ သူက ကျွန်တော်သေနတ်ပစ်တာ ကို အရမ်းကြည့်ချင်တာလို့ ပြောတယ်လေ...ဒါနဲ့ နောက်နေ့ ဒေါက်တာနဲ့ သေနတ်ပစ်ပြိုင်ကြမယ်ဆိုတော့..သူက ရွာမပြန်သေးပဲ..ဇရပ်မှာ အိပ်ပြီး စောင့်ခဲ့တာ... သားတို့သေနတ်ပစ်နေတုန်း သူ..ခပ်လှမ်းလှမ်းကလာကြည့်နေတာလေ..ဒယ်ဒီ...ပွဲပြီးတော့ ဒေါက်တာကိုခွင့်တောင်းပြီး သူ့ကိုသားက ခေါ်လာတာ..ဟဲဟဲ"

ထို့နောက် မောင်နီဘက်သို့ လှည့်ကာပြောလိုက်၏။

"ဟေ့..ငနီ..ဒါ ငါ့ ဒယ်ဒီပဲကွ"

မစ္စတာတရေ့က မောင်နီကို လက်ကမ်းပေး၏။

မောင်နီက သွားကို ဖြီးပြီး လက်ပေးရင်း.. "ဘလယ်ဒီဖူး..ဒယ်ဒီ..ဘလယ်ဒီဖူး.ဒယ်ဒီ.."

ဘေးနားမှ ဒေါက်တာဖော်တီဂါက တဟားဟားအော်ရယ်လိုက်တော့သည်။

..........................................................................................

မော်တော်ကား။

အရောင်က မဲမဲပြောင်ပြောင် ။ အသံက နွားသိုးကြီးတစ်ကောင်လို တဂီးဂီး။

နွားလှည်းဘီးထက် အတော်သေးသော ဘီးများက လိမ့်ကာ လိမ့်ကာနှင့် လှည်းလမ်းပေါ် မနည်းမောင်းတက်လာနေ၏။

မဲတောရွာထဲ အဆိုပါ အထူးအဆန်းယာဉ်ကြီး ဝင်လာသည်နှင့် ကလေးတအုပ်မှာ ကြောက်၍ ပြေးပုန်းကြသည်။

ကာလသားတချို့က ဖုန်တထောင်းထောင်းထနေသော ထိုကားနောက်မှ ပြေးလိုက်ကြ၏။

သာစည်တွင်ပင် ရုံဖန်ရုံခါမှ မြင်ရတတ်သည့် မော်တော်ကားသည် ယခု သူတို့ ရွာကလေးသို့ ရောက်လာချေပြီ။

မော်တော်ကားသည် ဦးဖိုးသန်း တို့၏ ခြံဝင်းလေးရှေ့တွင် ရပ်လိုက်သည်။

အနီးအနားအိမ်များမှ အသက်ကြီးသူအချို့မှာ မော်တော်ကားကို တအံ့တဩငေး ကြည့်နေရာမှ ရုတ်တရက် သတိဝင်လာကြပြီး မော်တော်ကားရှေ့ မြေပြင်တွင် ကျုံ့ကျုံ့လေး ထိုင်ကာ လက်အုပ်ချီလိုက်ကြ၏။

အင်္ဂလိပ်မျက်နှာဖြူ အရေးပိုင်အရာပိုင် မင်းပိုင်းစိုးပိုင်းများသာ စီးနိုင်သည့် ယာဉ် မဟုတ်လော။

မော်တော်ကား ပတ်ချာလည်မှ ကာလသား၊ ကာလသမီးအုပ်စုကလည်း ထိုင်ရမလို ထရမလို။

ဘကြီးဖိုးသိန်းနှင့် ဒေါ်စံမယ်တို့မှာလည်း သူတို့အိမ်ရှေ့လာရပ်သောကားကို ကြောင်တိကြောင်တောင်ဖြင့် ကြည့်ကာ ရောယောင်ပြီး လက်အုပ်ကလေးချီ ထား၏။

စံဖဲ၏ အစ်ကိုဖြစ်သူ ကိုသူတော် ကတော့ အိမ်ခေါင်းရင်းတွင် ထန်းလျက်အရက် ချက်နေရင်းမှ အရက်ဖိုအား ပုပ်များဖြင့်အုပ်ကာ ခြေရာလက်ရာဖျောက်ဖျက် နေသည်။

သူ အရက်ခိုးချက်နေသည်ကို ပုလိပ်လာဖမ်းပြီအထင်နှင့်။

..........................................................................................................

ဖုန်မှုန့်တို့ အတော်လေးပင် ငြိမ်သက်သွားချေပြီ။

ကားတံခါးပွင့်လာချေပြီ။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။ အကောင်းစားကုပ်အင်္ကျီနီညိုရောင်နှင့်။ ခေါင်းပေါ်မှာ သျှောင်ငုတ်စိ။ တွန့်ကြေနေသော ချည်ကြမ်းပုဆိုး။ ခြေတံ လက်တံရှည်ရှည်နှင့်။

မြေပြင်တွင် သူတို့အား ကုန်းကန်တော့နေကြသော အဘိုးကြီးအဘွားကြီးများ၊ ပတ်ချာလည်ဝိုင်းနေသော ကာလသား၊ ကာလသမီးများကို မြင်သဖြင့် သွားကြီး တချက်ဖြဲကာ ရယ်ပြလိုက်သည်။

"ဟ..ဘယ်သူများလဲလို့...ရှင်လှတူသား...ငနီကြီးဟ..ခွေးမသား..ဘယ်က ထိပေါက်လာလဲမသိပေါင်"

ကာလသားများထဲမှ အသံထွက်လာ၏။ ဆဲသံများလည်း တသောသောညံ့ သွား၏။

စံဖဲက သူ့အဝတ်အစားအိတ်ကို လွယ်ကာ ဆင်းလာမှ အားလုံးသဘောပေါက်သွား တော့သည်။

"သြော်..စံဖဲ ပြန်လာတာပဲ"

"ဟာ..ဘိုကျောင်းသားပြန်လာပြီလား"

"ဘိုကေနဲ့ လိုက်သား..ငါ့လူရ..ဘောင်းဘီကြီးဝတ်ထားတော့ ဘိုကြီး ကျလို့ပဲ ဟေ့"

ရွာသားများက စံဖဲနားသို့ တိုးကပ်ကာ အလုအယက်နှုတ်ဆက်ကြ၏။

သျှောင်ပေစူးနှင့် မိန်းကလေးငယ်တစ်ဦးက စံဖဲ ၏ ပေါင်ကို ကုတ်သည်။

"ဟား..မစောရှင်လေး"

စံဖဲက ကလေးမကို ကောက်ချီကာ မွှေးကြူလိုက်၏။ ကလေးမ ပါးစပ်ကမူ အု..အု..အအ သာ ပြောနိုင်သည်။

စံဖဲ၏ အောက်မှ နှမအငယ်ဆုံး မစောရှင်ကား မွေးရာပါ ဆွံ့အနေသူပင်။

မော်တော်ကားရွာထဲဝင်လာသည်ဆိုသည်နှင့် မဲတောသူကြီး ဦးရာပိုင်သည်လည်း ပိုးပုဝါကို ခေါင်းပေါင်းလျက်၊ မိတ္ထီလာနယ်ပိုင်ဆုချထားသော ငွေခါးကြီးကို လွယ် ကာ ရောက်ချလာလေသည်။

"သြော်..စံဖဲရာ..မော်တာကားကြီးနဲ့ လာတာဆိုတော့..ငါ့နှယ့်...မင်းပိုင်းစိုးပိုင်းက အစိုးရကိစ္စနဲ့ လာတယ်မှတ်နေတာကွယ့်"

ဦးရာပိုင် စကားမဆုံးခင်ပင် ကားရှေ့ခန်းမှ ဒေါက်တာဖော်တီဂါ ဆင်းလာ၏။

ဦးရာပိုင်မှာ လှုပ်လှုပ်ရှားရှားဖြစ်ပြီး လက်အုပ်ချီလိုက်သည်။

"စံဖဲ....မင်း တို့ အိမ်က ဒီအိမ်လား"

"ဟုတ်ပါတယ်..ဒေါက်တာ..."

"ငါက ဒီလို ပျဉ်ထောင်အိမ်ကြီးတွေကို သိပ်သဘောကျတာပါကွ"

"သဘောကျရင်လည်း အိမ်ထဲဝင်ဗျာ..ဟိုမှာ ကျွန်တော့်မိဘတွေ..မိတ်ဆက်ပေးမယ်"

"မဝင်တော့ပါဘူးကွာ..ညနေ ခရစ္စမတ်ပါတီအမှီ..သာစည်ကို ပြန်ရမှာဟ"

ဒေါက်တာဖော်တီဂါနှင့် စံဖဲတို့ အင်္ဂလိပ်လို အချီအချပြောနေသည်ကို ရွာသားများက တအံ့တသြနားထောင်နေကြသည်။

တချက်တချက် စံဖဲက အင်္ဂလိပ်ဘာသာဖြင့်ပြောလိုက်လျှင် လက်ခုပ်ထတီးသူကတီးသည်။

သူကြီးဦးရာပိုင်က တစ်ချက်မျက်စောင်းထိုးလိုက်မှသာ ငြိမ်ကျသွား၏။

"စံဖဲ..ဒီဘို ကဘယ်သူလဲ..ငါ့ ဒီက သူကြီးပါလို့ ပြောပေးပါဦး"

"ဒါ ခရိုင်ရဲဝန်ထောက် ဖော်တီဂါ ပဲ..သူကြီး"

စံဖဲစကားအဆုံး ဦးရာပိုင်က ယောင်ယမ်းကာ လက်အုပ်ချီလိုက်သည်။

"သူ..သူက ဘာကိစ္စနဲ့ လာတာလဲ"

"ဘာမှ မဟုတ်ပါဘူး...ကျွန်တော့်ကို ရွာလိုက်ပို့တာ...ဒေါက်တာ..ဒါ ကျုပ်တို့ရွာက သူကြီး..ဦးရာပိုင်ပါ"

ဒေါက်တာဖော်တီဂါ က သူကြီးဦးရာပိုင်ကို ပြုံးပြပြီး လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေး၏။

ဦးရာပိုင်က လက်ဆွဲနှုတ်ဆက်ပြီးနောက် လက်အုပ်ပြန်ချီထားသည်။

ဒေါက်တာဖော်တီဂါက စံဖဲဘက်သို့ လှည့်လိုက်၏။

"ဒီတယောက်ကတော့ ဘလယ်ဒီဖူးလို့ မပြောတာ တော်သေးတယ်ဟေ့"

မစ္စတာဖော်တီဂါက ဦးထုပ်ကို တချက် ငှဲ့ယမ်းပြပြီး ကားထဲသို့ ဝင်ကာ မောင်းထွက်သွားတော့သည်။

.........................................................................................................................
...

ကိုသူတော် က ကိုယ်တိုင်ချက်သော ချက်အရက် တစ်ကျိုက်။ ကြွက်ကြော်တစ်ကိုက်ကိုကိုက်သည်။

ဖယောင်းတိုင်ကို ထွန်းကာ ထင်းရှူးသေတ္တာပုံးပေါ်တွင် စာရေးနေသော ညီဖြစ်သူ စံဖဲကို တစ်ချက်ကြည့်လိုက်၏။

"ငါ့ညီ..မင်းကိုတော့...သူကြီးရာပိုင်က ဖြုံသွားလောက်ပြီကွ"

စံဖဲ က ဘာမှ ပြန်မပြော။

"ဘာပဲဖြစ်ဖြစ်..မင်းက ဒီလိုမျိုး ဝန်ထောက်ဘို ကို ပိုင်တယ်ဆိုတော့...ငါတို့မိသားစုတို့ကိုလည်း ဒီသူကြီး မစော်ကားရဲတော့ဘူးပေါ့"

စံဖဲက ဖောင်တိန်ကို ချလိုက်သည်။

"သူကြီးဦးရာပိုင်က ဘာဖြစ်လို့လဲဗျ"

"ဦးရာပိုင်က ဘာမှမဖြစ်ပါဘူး...ဖြစ်တာက သူ့သား ငပု ကွ"

"ငပု"

"အေးလေကွာ.သူကြီးရဲ့သားက...စစ်ပြန် ငပုတဲ့ ..မက်ဆိုပိုတေးမီးယားဆိုလား ဘာလားကနေ စစ်တိုက်ပြန်လာတာတဲ့..သူ့ကို အင်္ဂလိပ်က စာတိုက်ဗိုလ်ရာထူး ပေးတာတောင်ဝင်မလုပ်ပဲ ပျဉ်းမနားဘက်မှာ နေနေတာ....ရွာကို ဒီကောင်ပြန်ရောက်တာ နှစ်နှစ်လားရှိသေးကွ..ဘိုစကားလည်းနည်းနည်းတတ်တော့...ခုနောက်ပိုင်း. တို့ ရရဝယ်လုပ်ငန်းတွေမှာင်လာတယ်..သားရေအဝယ်တင်မဟုတ်ပါဘူးကွာ.အခုနောက်ပိုင်း ဒီနယ်တစ်ဝိုက်ကလုပ်ငန်းမှန်သမျှ..ရှိရှိသမျှ အကုန်

လက်ဝါးကြီးအုပ်ဝင်လုပ်နေတာ...တပည့်တပန်းကလည်းတောင့်တယ်ကွ..နောက်သူ့နှမ မြနု ကလည်း သာစည်ဘက်က ဘုံဘေဘားမားသစ်သမားတွေနဲ့ အလုပ်လုပ်သေးတာ”

“မြနု...ဟုတ်လား”

“အေးလေကွာ....ဟိုလွန်ခဲ့တဲ့လေးငါးနှစ်က မင်း ခဏရွာပြန်လာတော့.. မင်းနဲ့ဆော့ဖော်ဆော့ဖက်လေ”

“ပါးမှာ စံပယ်တင်မှဲ့နဲ့တစ်ယောက်လား”

“အေးလကွာ..ခုတော့ လှတယ်..မောင်ရေ..လှသာလှတာ လူကလည်း ကြမ်းလိုက်တာလွန်ရော..မိန်းကလေးတန်မယ့်.ဘုံဘေဘားမား သစ်သမားတွေနဲ့ တွဲပြီးအလုပ်လုပ်နေတယ်ဆိုတော့ စဉ်းစားသာကြည့်”

“ဩော်..”

“မအော်နဲ့..ငါ့ညီ...ဒီရွာမှာ ကြာမှာဆိုတော့..ဒင်းတို့ကိုတော့ ကြည့်ကျက်ရှောင်ပေ့ာ...ထစ်ခနဲဆို ဒင်းတို့ မောင်နှမပဲ... မနှစ်က ရင်းမရိုးရွာဘုန်းကြီးပျံမှာ မြနု ကိုလောင်ကြတဲ့ ရွာလူမိုက်တစ်သိုက်ကို မောင်နှမနှစ်ယောက်နဲ့ သူတို့တပည့်တွေဝိုင်းရိုက်လိုက်ကြတာ..သာစည်ဆေးရုံရောက်တဲ့သူ ရောက်ဆိုပဲ”

စံဖဲက ပြုံးလိုက်သည်။ ရေးလက်စ ဒိုင်ယာရီစာအုပ်ကို ပိတ်လိုက်၏။

ထို့နောက် ပုဆိုးကို သေချာပြင်ဝတ်လိုက်သည်။

နံရံတွင် ချိတ်ထားသော မှန်ဝိုင်းလေးထဲ ဘိုကေကို ဘီးဖြင့် သေချာဖီးလိုက်၏။

“ဟေ့ကောင်.ချက်ချင်းကြီး..ဘယ်သွားမလို့လဲ”

“သူကြီးအိမ်ဘက်လေ..ဟဲဟဲ”

# အခန်း ( ၃ )

မြတ်လေးပန်းတို့၏ ရနံ့က ဝင်လက်စ နေရောင်အောက်တွင် လှိုက်ခနဲ။

စံဖဲက သူကြီးဦးရာပိုင်၏ ခြံရှေ့တွင် ရပ်လျက် ချည်တုံချတုံ။

သူကြီးအိမ်ဝင်းအတွင်း ရေတွင်းတွင် ထဘီရင်လျားဖြင့် ရေချိုးနေသော မိန်းမပျို တစ်ဦးကြောင့် ဝင်ရကောင်းနိုး၊ မကောင်းနိုး  သူတွေးနေခြင်းပင်။

အသက်(၁၈)နှစ်သာသာပင် ရှိဦးမည့် မိန်းကလေး။အုပ်လုံးသိမ်းပြီးစဆံပင်အုံ ထူထူကြီးအောက်မှ ဝင်းဖန့်ဖန့်မျက်နှာလေးတစ်ခု။ ညာဘက် ပါးပြင်ပေါ်မှာ စံပယ်တင်မှဲ့ကလေး။

ကျနေထိုးထားသည့် လက်မောင်းအိုးသွယ်လျလျလေးများ။ရေတွင်းစက်သီးကြိုး ကို ဆွဲတင်လိုက်တိုင်း..ရင်လျားထားသည့်ထဘီကလေးမှာ တင်းသွားလိုက်..ပြေ လျော့သွားလိုက်။

ဘေးတိုက်ကြည့်လျှင်ပင် ပေါ်လွင်သိသာနေသည့် အောက်နှုတ်ခမ်းဖူးဖူးတွဲ တွဲလေးများကို စံဖဲ ငေးနေမိသည်။

“ကိုဘိုကေ အုပ်ပေါင်းပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကို လျှောက်တယ်..ကို ဘိုကေ အုပ်ပေါင်းပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကိုလျှောက်တယ်”

အနောက်ဘက်မှ ဘွားခနဲထွက်ပေါ်လာသော မိန်းကလေးတစ်စု၏ အသံကြောင့် ရေချိုးနေသော မိန်းမပျို မှာ ခြံဝသို့ လှမ်းကြည့်လိုက်သည်။

စည်းရိုးဝ မြတ်လေးပန်းရုံနံဘေးမှ သူ့အား ကြည့်နေသော ဘိုကေနှင့်လူ။ အကြည့်တို့က ခပ်စူးစူး။

စံဖဲ လည်း အယောင်ယောင်အမှားမှားဖြင့် သူ့နောက်ဘက်အသံလာရာသို့ လှည့် ကြည့်လိုက်သည်။

ရေအိုးကိုယ်စီဖြင့် သူ့တည့်တည့်လျှောက်လာနေသော ရွာကာလသမီးတသိုက်။

စံဖဲ ချောင်းနေသည်ကို လူမိသွားသည်မို့ စံဖဲလည်း သူကြီးခြံဝကိုကျော်လျက် ရှေ့သို့ ခပ်သွက်သွက် လျှောက်လိုက်တော့သည်။

"ဟိုက်စကူကျောင်း..ကျောင်းသားရယ်...ကောလိပ်ကျောင်း..ကျောင်းသားရယ်..နေရှင်နယ်ကျောင်းသားရယ်..ဝါးဟား..ဟား..ခစ်ခစ်"

စံဖဲက မပြေးရုံတမယ်။ ရွာသူတို့ကလည်း ခေတ်စားနေသည့် ချန်ပီယံမကြည်အောင်၏ ကိုလေအိုး သီချင်းကို သံပြိုင် ဆိုကာဖြင့် တဝါးဝါးတဟားဟား။

ရှက်စိတ်ကြောင့် စံဖဲ ရင်တွေ တဒိန်းဒိန်းခုန်သည်။ လူကလည်း ခြေဦးတည့်ရာ ခပ်သွက်သွက်သာလျှောက်လာလိုက်၏။

အတော်လေးကြာကြာလျှောက်ပြီးနောက် လယ်ကန်သင်းရိုးများကို တွေ့မှ ရွာပြင်သို့ပင် သူရောက်နေကြောင်း သိလိုက်ရတော့သည်။

ရှေ့မှ လယ်ကွင်းပြင်ကား အမှောင်အတိ။ ဆေးအနက်လောင်းထားသည့် ကင်းဗတ်စ်စတစ်ခုနှယ်။

စံဖဲ ပျော်နေသည်လား။ စိတ်လှုပ်ရှားနေသည်လား သူ့ကိုယ်သူမသိတော့။

လယ်ကန်သင်းတစ်ခုပေါ် ထိုင်ချလိုက်မိသည်။

အောက်နှုတ်ခမ်းတွဲတွဲလေးများ။ ဝင်းဖန့်ဖန့်သူ့မျက်နှာ ။ ပြီးတော့..လက်မောင်းကလေးများ၏ လှုပ်ရှားဟန်။ ပြီးတော့...။ ပြီးတော့။

သူ့ကို အံ့ဩတကြီးကြည့်လိုက်သည့် မျက်လုံးဝိုင်းစက်စက်လေးများ။

"ဟာ..ဟာကွာ...ဟာ..ဟား...ဟား"

ဘာရယ်မသိ။ စံဖဲ ရင်ထဲ လှိုက်ခနဲ အူမြူးသွားသဖြင့် ထရယ်လိုက်တော့သည်။

"ဟိတ်..ကန်သင်းပေါ်က.ဘယ်သူလဲကွ.လောက်လေးနဲ့လှမ်းပစ်လိုက်မယ်..ပြောစမ်း"

ခပ်လှမ်းလှမ်းလယ်စောင့်တဲပေါ်မှ လှမ်းအော်သည့်အသံ။

စံဖဲ အူမြူးတာလေး ခဏရပ်သွားသည်။

"ဟေ့..မေးနေတယ်လေကွာ..လူလား...လူဆို...ထူးနော်..မဟုတ်ရင်..လောက်လေးနဲ့ ဆော်မှ...ငါ့အဆိုးမဆိုနဲ့"

"ကျုပ်ပါ..စံဖဲပါ"

"ဟာ..နင်မေလိုး..ထဲ.."

တဲထဲမှ ဆဲသံ ထွက်ပေါ်ပြီးနောက် လောက်လေးပစ်သံထွက်ပေါ်လာသည်။ စံဖဲ၏ဘေးနားမှ လောက်စာလုံးများက ဝှီးခနဲဖြတ်သွား၏။ တစ်လုံးက စံဖဲ၏ နားထင်ကို လာမှန်သည်။ နောက်ထပ်တစ်လုံးက နဖူးတည့်တည့်။

စံဖဲ မြေပြင်တွင် ဝပ်လိုက်ရ၏။

"ဟေ့လူ...ကျုပ်စံဖဲပါဆို...မပစ်ပါနဲ့ဗျ...ကျုပ် ဦးဘိုးသိန်း၊ ရှင်စံမယ်တို့သားပါ"

စံဖဲက သူ့ခေါင်းပေါ်မှ အဆက်မပြတ်ဖြတ်သွားနေသည့် လောက်စာလုံးများကြားမှ အော်ပြောသည်။

လောက်စာလုံးများ ရပ်သွားပြီ။

"ခုနပြောတာ..ဘယ်သူ့သား"

"ဦးဘိုးသိန်း၊ ရှင်စံမယ်လို့"

"ဘယ်ဘိုးသိန်းလဲ...သူ့ခယ်မ မလှသန်းနဲ့ တိတ်တိတ်ပုန်းဖြစ်နေတဲ့ နွားသိုး ဘိုးသိန်းလား... ဘုရားအကျယ်ကြီးအော်ရှိခိုးပြီး ထန်းရည်ဆိုင်တန်းပြေးတဲ့ ဂုဏ်ညှင်းနွယ်သား ခွက်ပုန်းဘိုးသိန်းလား"

"ဟ"

သူပင် သေချာမသိသည့် သူ့ဖခင်၏ ဂုဏ်ပုဒ်များကြောင့် စံဖဲ ဟ ခနဲပင် ဖြစ်သွားသည်။

"ဂုံညင်းနွယ်သား ဦးဘိုးသိန်းပါ"

"ဩော်.ဒါဆို.ခွက်ပုန်းဘိုးသိန်းသားပဲ.....လာ..ဒီတဲကို လာခဲ့..လက်မြှောက်လာနော်...မဟုတ်ရင် ပစ်မှာ"

လယ်စောင့်တဲဆီမှ မီးတစ်ပွင့်က ဟုတ်ခနဲ လင်းလာ၏။

စံဖဲက လယ်တဲဆီ တဖြည်းဖြည်းကပ်သွားသည်။အရိပ်တစ်ခုက သူ့ကို လေးခွနှင့် ချိန်ထား၏။

အဘိုးအိုတစ်ဦး။ အပေါ်ပိုင်းဗလာနှင့် ပုဆိုးကိုတိုတိုဝတ်ထားသည်။

တဲပေါ်တွင်လည်း ရေနွေးကြမ်းထည့်သည့် မြေခရားနှင့် ပဲလှော်တစ်ပန်းကန်။

"ဟူး...မှန်သွားသေးလား"

အဘိုးအိုက သူ့ကို မေးလိုက်သည်။

"မှန်တာပေါ့ဗျ...စောက်ခွက်တွေချည်းမှန်တာ"

စံဖဲက လောက်စာလုံးထိထားသည့် သူ့နဖူးကို ပွတ်ရင်းပြောလိုက်သည်။

"မင်းမေလိုး..မင်းကရော ညကြီးသန်းခေါင်...ဒီကန်သင်းဘောင်ပေါ် ဘာလို့ လာအော်ရယ်နေတာတုန်း"

"ကျုပ်ကိစ္စ ရှိလို့ ကျုပ်ရယ်တာပေါ့ဗျာ...ဒါဖြင့် ကျုပ်ကို ဘာကြောင့်ပစ်ရလဲ"

"ဟ..ငါ့လီး..ဒီအချိန်ကြီး..ကွင်းထဲ လာအော်ရယ်နေတော့ သရဲထင်တာပေါ့..ငါမေးတယ်လေ..လူလားလို့.."

"အေးလေ..ကျုပ်ဖြေတယ်လေဗျာ..စံဖဲပါဆို"

"ငါ့နားထဲ စံမှဲ့ ကြားတာဟ..စံမှဲ့ ဆိုတာ သင်္ချိုင်းကုန်းစောင့်မဖဲဝါရဲ့ အစ်ကို တစ်ပွဲစားသရဲကြီးဆိုတာ..မင်းမကြားဖူးဘူးလား..ညသန်းခေါင်ကြီး ငါ့ကွင်းထဲ လာအော်ရယ်နေတာ..စံမှဲ့ဆိုမှတော့..ငါလည်း ပစ်ပြီပေါ့ဟ"

စံဖဲ က စိတ်ပျက်လက်ပျက် တဲပေါ်ထိုင်ချလိုက်သည်။ အဘိုးအိုကလည်း ထိုင်သည်။ အဘိုးအို၏ လျော့ရဲနေပြီဖြစ်သည့် ရင်ဘတ်ပေါ်တွင်လည်း စာနီများ၊ အင်းကွက်များ က အပြည့်။

"နေစမ်းပါဦး..မင်းက ဘိုးသိန်းသားနော်...ငါဖြင့် မင်းကို ရွာထဲ တစ်ခါမှ မတွေ့ဖူးပေါင်..ဘိုးသိန်းသားက ဟို အရက်ခိုးချက်ပြီး သောက်တဲ့ကောင်..သူတော် ပဲ ငါသိ

ပါတယ်..ကျန်တာ သမီးတွေချည်းမဟုတ်လား”

“ကိုသူတော်အောက်က မစောခင်၊ မစောတင်ပြီးရင် ကျုပ်ပဲဗျ..ကျုပ်အောက် မစောရှင်ကလေးပဲ ရှိတော့တာ”

“နို့..မင်းမှ ငါမမြင်ဘူးပဲဟ”

“ခင်ဗျားလည်း ကျုပ်မမြင်ဖူးပါဘူး..ကျုပ်က သာစည်မှာ ကျောင်းတက်နေတာ”

စံဖဲက ခပ်ဆတ်ဆတ်ပြောရင်း မြေခရားကို ကောက်ကိုင်ကာ ခွက်ထဲ ငှဲ့လိုက်သည်။

ရေနွေးမဟုတ်။ ကြည်လင်နေသည့် အရည်များ။ အနံ့ပြင်းပြင်းကလည်း ထောင်းခနဲ။

“အဲ့ဒါ..အရက်တွေ”

“ကျွန်တော် သောက်လို့ရလား”

အဘိုးအိုက မေးဆတ်ပြသည်။

စံဖဲ တမော့မော့လိုက်၏။ လည်ချောင်းထဲတွင်ပူခနဲ။ မျက်လုံးတို့ မှိတ်လိုက်မိသည်။

အောက်နှုတ်ခမ်းတွဲတွဲလေး။ ဝင်းဖန့်ဖန့်မျက်နှာလေး။ လက်မောင်းသွယ်လျလျ။ အား။

စံဖဲ မျက်လုံးပင် ပြန်မဖွင့်ချင်တော့။

“အဲ့လောက်လည်း မပြင်းပါဘူးဟ..ခွေးလေးရ...ရော့”

အဘိုးအိုက ပဲလှော်ပန်းကန်းကို ထိုးပေးသည်။

“ဘအိုးစည်...ဘအိုးစည်”

အော်သံနှင့်အတူ လယ်ကန်သင်းရိုးဖက်ဆီမှ ရေနံဆီမီးအိမ်တစ်ခု က တဲထံသို့ လာနေ၏။

“ဒါတော့ သရဲမဟုတ်ဘူးနော်..ဘရီး..လက်သွားသရမ်းမနေနဲ့ဦး”

"အေလိုးလေး..ငါသိတယ်"

ဘအိုးစည် က ပုဆိုးကို ပြင်ဝတ်ပြီး တဲအောက်သို့ ဆင်းသွားလိုက်သည်။

"ဟေ့..ဘယ်သူလဲဟေ့"

"ကျုပ် ငနီပါ"

"ကြက်ခိုးမှုနဲ့ ဂါတ်ရောက်ဖူးတဲ့ ထော့ကျိုး စံလှသား ငနီလား... မျောက်ဝံလိုလို လက်တံရှည်ရှည်နဲ့ ငပေါ ရွှေဘော်သား ငနီလား"

ဘအိုးစည်၏ ဖခင်များအပေါ် နောက်ထပ်ဂုဏ်ပြုပုံကြောင့် စံဖဲ နောက်တကြိမ်း ခွီးခနဲဖြစ်သွားရသည်။

မောင်နီက ပြန်မဖြေ။ သူ့သူငယ်ချင်း ငနီ၏ အသံဖြစ်ကြောင်း စံဖဲကတော့ သိလိုက်၏။

တဲအနီးအရောက်တွင် "အော်..ငပေါရွှေဘော်သား..ကျောက်ရှူးငနီပဲ" ဟုဆိုကာ ဘအိုးစည်က တဲထဲ ပြန်ဝင်လာထိုင်လိုက်သည်။

"ငါလိုးမအဘိုးကြီး..အဲ့ဒါကြောင့်..ခင်ညားကြီးတဲကို တစ်ရွာလုံးက မလာချင်တာ"

မောင်နီက မကျေမနပ်ရေရွတ်လိုက်ရင်း..တဲပေါ်တက်လာသည်။

"ဟေ့..ကိုစံဖဲ..ခင်ညားပျောက်သွားလို့..ခင်ညားအဘရော..ခင်ညားအစ်မ ရော..ခင် ညားအစ်ကိုတွေ..နှမတွေ ရွာထဲ လိုက်ရှာနေကြတာသိရဲ့လားဗျ"

စံဖဲက ဘအိုးစည်၏ အရက်တစ်ခွက်ကို ထပ်ငှဲ့သောက်ရင်း ပြုံးနေလိုက်၏။

"ဟေ့လူ..ပြုံးမနေနဲ့...ညနေက ခင်ညား..သူကြီးအိမ်ရှေ့ကလမ်းအတိုင်း ဒီလယ် တွေဘက်ကို ထွက်ပြေးသွားတယ်လို့ အပျိုခေါင်း မကြင်နွဲ့ တို့က ပြောလို့ ကျုပ် ဒီ ဘက်ကို လိုက်လာတာ..ခု..ခင်ညားက ဒီမှာ ဘာလုပ်နေတာလဲ"

ဘအိုးစည်က ပုဆိုးကို ပေါင်ပေါ်အထိ လှန်တင်ရင်း...စံဖဲ ထံမှ ခွက်ကို ဆွဲယူကာ တစ်ခွက်ငှဲ့လိုက်သည်။

"ဟေ့..ငနီ..ဒီကောင်က မင်းသူငယ်ချင်းလား"

“ဟုတ်တယ်ဗျ”

“အေး..ဒီစောက်ရူးက ဟိုး လယ်ကန်သင်းမှောင်ကြီးထဲ တစ်ယောက်တည်း လာ အော်ရယ်နေလို့..ငါ လောက်လေးနဲ့ ဆော်ပစ်ထည့်တာ”

“ဟ..ခင်ညားကြီးက နည်းနည်းပါးပါးမေးမှပေါ့ဗျာ..မတော် မျက်လုံးတွေမှန်ကုန်မှ ဖြင့်..ဒါ..ဘိုကျောင်းသားဗျ.. သူ့မွေးစားအဖေက သားရေဗိုလ်ကြီးဗျ..စံဖဲ.ဘိုတွေနဲ့ သေနတ်ယှဉ်ပစ်နေတာကို ကျုပ်ကိုယ်တိုင်ကြည့်ခဲ့တာ.....သူ့ကို ဒီနေ့ ဒီရွာကို လာပို့သွားတာလည်း ပုလိပ်ဝန်ထောက်ဘိုပဲ..မော်တာကားကြီးနဲ့လာပို့တာ ဗျ..ဘာမှတ်..ကျုပ်တို့လူ တစ်ခုခုဖြစ်လို့ကတော့..ခင်ညားကြီးကို ပုလိပ်က လာ ဖမ်းချုပ်မှာ ”

ထိုအခါမှ ဘအိုးစည်မှာ မျက်နှာလေးငယ်သွား၏။

“သူက မှောင်ကြီးမည်းကြီးထဲ လာရယ်နေတော့..ငါလည်း သရဲမှတ်လို့ပါ..မောင် ရာ..ဒီလိုမှန်းသိ ဘယ်လုပ်ပါ့မလဲဟ”

အသံကလေးလည်းတိမ်သွား၏။ စံဖဲကို ဇက်ကလေးပုကာကြည့်သည်။

ဘအိုးစည်က ထသွားပြီး..တဲထုတ်တန်းပေါ်မှ တစ်စုံတစ်ခုကို ယူလိုက်သည်။

“မပြန်ကြနဲ့ဦးလေ...ငါသိမ်းထားတဲ့ အမဲခြောက်လေးဖုတ်ပေးမယ်...မောင်နီ.. တူ ကြီး..မင်းလည်းသောက်ပါလား..ငါ့မှာ အရက်သုံးလုံးရှိသေးတယ်..မောင်စံဖဲ..ငါ့ တူ.ဘရီးအိုးစည် တဲရောက်တုန်း ချသွားကြ”

ဘအိုးစည်က အမဲခြောက်သုံးချောင်းကို ကိုင်ကာ တဲပေါ်မှလွှားခနဲဆင်း၏။ စက္ကန့်ပိုင်းအတွင်း မီးဖိုပြီး အမဲခြောက်ဖုတ်တော့၏။

“ဟော့..ကိုစံဖဲ...ပြောစမ်းပါဦးဗျ...ဘယ့်နှယ့်..ခင်ဗျား..လယ်ကွင်းထဲ လာအော်ရယ် နေတယ်ဆို..ဘာဖြစ်လို့လဲ”

စံဖဲက သွားကြီးကို ဖြဲလိုက်သည်။

“မောင်နီ”

“ပြောလေဗျ”

"သူကြီးရာပိုင် သမီးက ဘယ်သူ"

"မြနု လေ"

"ငါ ညနေက သူကြီးအိမ်မှာ သူ့ကိုတွေ့ခဲ့တယ်"

"အင်း"

"ငါ..သူ့ကို ကြိုက်တယ်ကွာ...မြင်မြင်ချင်းကို ကြိုက်သွားတာ..အခုရရင် အခုယူချင်လောက်အောင်ကို ကြိုက်တာကွာ"

"ဟေ့လူ"

မောင်နီက တဲအောက်တွင် အမဲခြောက်ဖုတ်နေသော ဘအိုးစည်ကို မျက်စပစ်ပြလိုက်ပြီး အသံခပ်တိုးတိုးဖြင့်။

"ဒီမှာ မပြောနဲ့ဗျ..ကိုစံဖဲ"

စံဖဲက မရတော့။ တောအရက်လေးကလည်း နှစ်ခွက်ခန့်ဝင်နေပြီမို့။

"ဘာဖြစ်လဲကွာ..ချစ်လို့ ချစ်တယ်ပြောတာပဲ..မြနုကို ငါတကယ်ချစ်သွားတာ..မောင်နီရာ...ဒါကြောင့်...ငါ ကြည်နူးလွန်ပြီး ဒီလယ်ကွက်ထဲမှာ ငါ့ကိုယ်ငါသဘောတွေကျပြီး...လာရယ်နေတာ..ဟိုအချုပ်ထဲမှာ တွေ့ခဲ့တဲ့ ကိုချစ်ကောင်းမင်းသိတယ်မဟုတ်လား..သူပြောတာဘာ..ငါ့ရဲ့မြ..ဟုတ်လား..ဟေ့ဟေ့..ငါလည်းငါ့ရဲ့ မြကို ရှာတွေ့သွားပြီကွ...ဟားဟား"

မောင်နီက ခေါင်းကို တွင်တွင်ကုတ်သည်။

"ကဲ..ပြန်လိုက်ခဲ့တော့ဗျာ..ရွာထဲ ခင်ညားအမျိုးတွေက ပတ်ရှာနေကြတာ...စိတ်ပူရော့မယ်"

"ခဏလေးပါ..မောင်နီရာ..မင်းလည်းတစ်ခွက်သောက်..ရော့..ငါ့ကို မြနုအကြောင်းလေးတွေ ပြောပြစမ်းပါ..ရော့..ချ"

"ကိုစံဖဲ..မရစ်ပါနဲ့ဗျာ..ပြန်ကြရအောင်"

"ဟေ့ကောင်..ငနီ..တစ်ခွက်ချဆို ချစမ်းကွာ"

မောင်နီမလွန်ဆန်နိုင်။ ငယ်ကြောက်မဟုတ်လား။

ခရီးတစ်ခုအဆုံးသည် ခြေတစ်လှမ်းမှ စသကဲ့သို့၊ အရက်တစ်လုံး၏အဆုံးသည်လည်း အရက်တစ်ခွက်မှပင် စသည်မဟုတ်လော။

ဒီတော့...တစ်ခွက်ဝင်သွားသောမောင်နီ နှင့် သုံးလေးခွက်ဝင်သွားသော စံဖဲတို့သည် တဲထောင့်တွင် ထောင်ထားသော ဘအိုးစည်၏ တောအရက်နှစ်ပုလင်းကို မျက်စောင်းထိုးချေသည်ကား မဆန်းရာ။

အမဲခြောက် မီးသင်းနံ့ကလေးကလည်း သင်းပျံ့ပျံ့ရှိလှသကိုး။

..........................................................................................................................

"ကိုစံဖဲ..ကိုစံဖဲ..ကိုစံဖဲ..ထဗျ..ထ..မိုးလင်းနေပြီ"

စံဖဲက မျက်လုံးတို့ကို ဖွင့်ကြည့်လိုက်သည်။

အညာစောင်ထူထူတစ်ထည်က သူ့ကိုယ်ပေါ်မှာ။ နှာခေါင်းထဲတွင် အမဲခြောက်မီးသင်းနံ့။

သူ ထ ထိုင်လိုက်သည်။ တဲရှေ့ မီးဖိုလေးဘေးတွင် မောင်နီက ပုဆိုးခြုံကာ မီးလှုံနေ၏။

"အား..ရေငတ်လိုက်တာကွာ..ခေါင်းကလည်း ကိုက်"

စံဖဲ က ထလိုက်စဉ် တောအရက်ပုလင်းလွတ်နှစ်လုံး ကို တိုက်မိပြီး..အသံများမြည်ကုန်သည်။

"ညက များသွားတာပဲ...ဟိုအဘိုးကြီးရော...မောင်နီ"

"သွားပြီဗျ..ကျုပ်နိုးကတည်းက ဒင်းကြီး မရှိတော့ဘူး..သွားပြီ..ကိုစံဖဲရေ..သွားပြီ"

စံဖဲက မီးပုံဘေးတွင် ဝင်ထိုင်လိုက်သည်။ လယ်ကွင်းထဲတွင် မြူတို့က မကွဲသေး။

နေထွက်စဖြစ်သော်လည်း အအေးဓာတ်က စိမ့်နေဆဲ။

"ဘာကိုသွားတာလဲဟ..သူ့ဟာသူ သွားတာ ဘာဖြစ်တုန်း"

"ဘာဖြစ်ရမလဲ..ခင်ညား..ညက ဘာတွေပြောခဲ့သလဲ"

“ဟ.ငါဘာပြောလို့လဲ”

“သူကြီးရာပိုင်သမီး မြနု အကြောင်းတွေ ခင်ဗျား ဘာပြောခဲ့သလဲ”

“အေးလေ..ငါချစ်လို့ ချစ်တယ်ပြောတာ..ဘာဖြစ်တုန်းဟ”

“ဟ..ကျုပ်မမူးခင်က သတိပေးပါတယ်..ဒီ အိုးစည်ရှေ့ မပြောပါနဲ့လို့”

“ဘာအိုးစည်လဲဟ…မင်းကလဲ”

“အဲ့ဒီအဘိုးကြီးနာမည်..အိုးစည်တဲ့…အိုးစည်လိုပဲ နာနာထုပြီးမှ ထွက်တဲ့အသံလို လူဗျ…ဒီအရပ်ထဲ လူတကာ မကောင်းကွက်ကို ဂုဏ်သတင်းတပ်ပြီး လိုက်ပြောတတ်လွန်းလို့..အိုးစည်လို့တွင်နေတာ”

“မင်းပြောတာ..ငါနားမလည်ဘူး”

“ခင်ညား မကြားဖူးလား..ညကလည်း ကျုပ်အဖေ ကို ငပေါ်ရွှေဘော်ဘာညာ ရှေ့မှာ ဂုဏ်တပ်ပြီးပြောနေတာလေ… အခုလည်း ဒီအချိန်လောက်ဆို အဲ့ဒီလူကြီးက ရွာထဲလှည့်ပြီး ခင်ညား အကြောင်းပြောနေလောက်ပြီ”

“ငါ့အကြောင်းဟုတ်လား…သူက ဘာပြောမှာတုန်း”

“ဟ.ဘာပြောရမလဲ.. သူကြီးသမီး မြနုကိုကြိုက်လို့ လယ်ကန်သင်းရိုးမှာ လာအော်နေတဲ့ မယားတရူး စံဖဲ ဆိုပြီး ရွာထဲ လိုက်ပြောတော့မှာပေါ့ဗျ”

“ဟာ..အဲ့ဒီလိုချည်းလား”

“မနက်နေမထွက်ခင်က ထသွားတာလားမသိဘူး..ခုလောက်ဆို ရွာထဲ ဒီသတင်းက သေချာပေါက်ပြန့်နေပြီ..သူကြီးရာပိုင်တို့တောင် သိလောက်ပြီထင်တယ်..ဒုက္ခပါပဲဗျာ”

“ဘာဒုက္ခလဲဟ…မောင်နီရ…သူပြောပေးလို့ မြနု သိသွားရင်..ငါတောင် ပြောရသက်သာသေး”

“ဟုတ်တယ်..ခင်ညား အရူးထပြီး လယ်ကွက်ထဲ လာအော်ရယ်နေတာ သိရင်..ဟိုက ပြန်ကြိုက်မလား..တစ်ရွာလုံးက လည်း ဒီကိစ္စသိထားတော့..”

ထိုအခါမှ စံဖဲ မျက်နှာတစ်ခုလုံး ထူပူသွားသည်။

“ဟ..အေး..သူ ငါ့ကို စောက်ရှူးလို့ ထင်သွားမှာပေါ့”

“အေးလဗျာ..အဲ့ဒါ ပြောနေတာ..အဲ့ဒါပြောနေတာ...မနေ့ညနေကလည်း ခင်ဗျား သူကြီးအိမ်ရှေ့ အူကြောင်ကြောင်လုပ်လို့ မကြင်နွဲ့တို့က လောင်လွှတ်သေးတာ မဟုတ်လား..အဲ့ဒါကို ဘအိုးစည်ဆီမှ ဆိုက်ဆိုက်မြိုက်မြိုက်ထပ်ရောက်သွားရ တယ်လို့”

သည်တစ်ကြိမ်တော့...စံဖဲ ခေါင်းကုတ်ရသည့်အလှည့်။

.....................................................................................................................

တစ်ပတ်လုံးလုံး စံဖဲ အိမ်ထဲကမထွက်တော့။

သို့သော် စံဖဲ သူကြီးသမီး မြနုကို ကြိုက်နေသည့် သတင်းကား မဲတောတစ်ရွာလုံး သို့ ပတ်နေချေပြီ။

စံဖဲက သာစည်မှယူလာသော အင်္ဂလိပ်ဘုတ်အုတ်များကို ဖတ်လိုက်၊ သူ၏ ဒိုင်ယာရီထဲ ကဗျာမပီ၊ စာမပီများ ရေးလိုက်ဖြင့် အိမ်တွင်းအောင်းနေသည်။

မိဘများနှင့် စကားပြောလိုက်။ နှမငယ်ဖြစ်သူ မစောရှင်ဖြင့် ဆော့လိုက်လုပ်ရင်း သူ့စိတ်ကိုဖြေဖျောက်နေ၏။

“စံဖဲ..မင်းကတော့ကွာ..ငါပြောနေပါလျက်...တကယ့်မီးခဲမှ တက်ကိုင်တာကိုးကွ”

ကိုသူတော်ကတော့ ထို့နှယ့် ခပ်ရွဲ့ရွဲ့ပြောသည်။

မောင်နီလည်း စံဖဲထံသို့ ပေါ်မလာ။ ပေါ်လာသူက ကိုသူတော်၏ ရည်းစား မလှပို။

ထင်းရှူးသေတ္တာပုံးခွံပေါ်တွင် ဒိုင်ယာရီစာအုပ်ကိုတင်ပြီး ဖောင်တိန်ဖြင့် စံဖဲက စာရေးနေသည်။

မလှပိုက ကိုသူတော်နှင့် စကားပြောပြီးသည်နှင့် စံဖဲရှိရာသို့ ရောက်လာ၏။

“မောင်စံဖဲ”

စံဖဲက လှည့်ကြည့်လိုက်သည်။ မလှပို  က ရယ်ပြ၏။ စံဖဲကလည်း ပြန်ရယ်ပြသည်။

"မနေ့က သူကြီးအိမ်မှာ လှည်းသွားငှားရင်း..မမြနု နဲ့ တွေ့ခဲ့တယ်"

မလှပို စကားကြောင့် စံဖဲ အူကြောင်ကြောင်ဖြစ်သွား၏။

"လာမယ့် တပေါင်းလမှာ မမြနု အကို ကိုပု ဒုလ္လဘရဟန်းခံအလှူပွဲရှိတယ်..အဲ့ဒါ..ညှော့ခံဇာတ်ဖြစ်ဖြစ်၊ အငြိမ့်ဖြစ်ဖြစ်ထည့်မှာတဲ့"

"သြော်..ဟုတ်ကဲ့"

"အဲ့ဒါ...မမြနုက မေးနေတယ်...သာစည်မှာ ဘယ်ဇာတ်ကောင်းလဲတဲ့"

"ဗျာ"

"သြော်..မမြနု က မောင်စံဖဲကို မေးခိုင်းလိုက်တာ...မောင်စံဖဲက သာစည်မှာ ဘိုကျောင်းတက်နေတာဆိုတော့..အငြိမ့်တွေသဘင်တွေ နှံ့နှံ့စပ်စပ်ရှိမှာပဲလေ တဲ့....အဲ့ဒါ"

စံဖဲရင်ထဲ ဒိန်းဒလိန်း တပ်ချီလေပြီ။

"ကျုပ် ကို သူက သိလို့လားဗျ"

"အင်း...မောင်စံဖဲ မော်တော်ကားကြီးနဲ့လာတဲ့နေ့က လာကြည့်တဲ့လူအုပ်ထဲ သူလည်း ရှိနေတယ်လေ"

စံဖဲမှာ ခြေလက်များ အေးစက်လာသည်အထိ။

"အဲ့ဒါ...ဘယ်ဇာတ်များကောင်းလဲလို့ မမြနု က..မောင်စံဖဲကို.."

"ဟို..ကျုပ် ရုတ်တရက်ဆိုတော့ ခေါင်းထဲ က မထွက်လို့ပါ..ဟို..ပြီးတော့..အခုလည်း ကျုပ်က ဒိုင်ယာရီရေးနေတာဆိုတော့လေ...မအားလို့.ဟို..နောက်မှ သေချာစဉ်းစားပြောပေးပါ့မယ်..မလှပိုနော်"

စံဖဲက အူလည်လည်ဖြင့် ထင်းရှူးသေတ္တာဘေးပြန်ထိုင်ကာ ဖောင်တိန်ကို ကောက်ကိုင်လိုက်၏။

မလှပိုလည်း ဘာဆက်ပြောရမှန်းမသိသဖြင့် ပြန်ထွက်သွားတော့သည်။

..........................................................................................................

တပေါင်းလေ။

ပွဲငတ်နေသော မဲတောသားတို့တွက် သုံးရက်သာလိုတော့သည့် သူကြီး ဦးရာပိုင်၏ ရဟန်းခံရှင်ပြုအလှူပွဲကြီးက မျှော်လင့်ချက်တစ်ခုအလား။

စံဖဲတို့ ခြံဝင်းအတွင်းသို့ မောင်နီ ဝင်လာသည်။

“မောင်နီ..မင်းဘယ်ပျောက်နေတာတုန်းဟ..ကြာကြာလှပြီကော”

“ကျုပ်ဦးလေးမြလှိုင် နဲ့ ကပ်ဝိုင်းကို ကူဖို့ မြစ်သားဘက် လိုက်သွားတာဗျ”

“နည်းနည်းပါးပါး ငါ့တောင် မပြောသွားဘူးကွာ”

မောင်နီ၏ ဦးလေးတော်သူ ကိုမြလှိုင်မှာ ကက်ဝိုင်းဟုခေါ်သော နယ်လှည့်လောင်းကစားဒိုင်လုပ်ကိုင်သူဖြစ်သည်။

“မပြောသွားဆို..ခင်ညားကြောင့်လဲ..ပါတယ်ဗျ..ကျုပ်လိုက်သွားတာ”

“ဟေ..ဘာဆိုင်လို့လဲ”

“ဆိုင်ပါသကောဗျာ...ခင်ဗျား ဘအိုးစည်တဲမှာလေသရမ်းပြီးကတည်းက ရွာထဲ ဟိုသတင်းက ပျံ့တာကိုဗျ...ခင်ညားနဲ့ ကျုပ်ကလည်း တွဲနေရင်းရှိတော့..ဟိုကောင်ကြီးက ခင်ညားကို မမေးရဲပဲ..ကျုပ်ကို ချည်း ပုလိပ်စစ်သလို ခေါ်ခေါ်စစ်နေတော့တာ”

“ဘယ်ကောင်ကြီးတုန်းဟ”

“ခင်ညား ဟာမ ရဲ့ အကို ငပုပေါ့ဗျာ...သူ့တပည့်တွေနဲ့ ကျုပ်လာလာခေါ်ခိုင်းပြီးကို မေးတာ”

“ဘာတွေမေးတာတုန်း”

“ခင်ညားအကြောင်းတွေပေါ့ဗျာ..စုံလို့ပဲ..ခင်ညားက သာစည်မှာ ဘယ်လိုနေတာလဲ..ဘာလဲပေါ့..ကျုပ်လည်း ပိုပိုသာသာလေးပြောပေးလိုက်တယ်...အရေးပိုင်နဲ့

တောင် သေနတ်ယှဉ်ပစ်တာလို့..ဟေဟေး”

“မင်းက ဒီကောင့်ကို ကြောက်သလား”

“ကြောက်တာတော့ မကြောက်ပေါင်ဗျာ...ဒါပေမဲ့...ဒင်းက တန်ခိုးထက်နေတာ လေဗျာ..ခင်ညားလည်း သတိထားဦး”

“အောင်မယ်..ဘာသတိထားရမှာတုန်း”

“ကျုပ် သတင်းကြားပါတယ်..ခင်ညား အိမ်ထဲက အိမ်ပြင်မထွက်ရဲဘူးဆို"

“ဟိတ်ကောင်..ငါ ဒီကောင့်ကို ကြောက်လို့မဟုတ်ဘူးကွ..ဘအိုးစည်လက်ရာ မျက်နှာက အညိုအမဲ မပျောက်သေးလို့ရယ်..ရွာကလူတွေကို ရှက်လို့..မထွက် တာ”

“မယုံပေါင် ကိုစံဖဲရာ”

“မယုံရင်..အခု သူကြီးအိမ်ကို မင်းနဲ့ ငါ သွားကြမလား..မလှပို က တဆင့် မြနု ကိုယ်တိုင် ဒီနေ့ပဲ ငါ့ကို ဖိတ်ထားတာ”

“စိန်လိုက်လေဗျာ..ဟိုမှာလည်း အလှူပွဲအလုပ်အကိုင်ဆိုတော့...အပျိုတွေစုံနေ တာ..ခင်ဗျားသွားရဲရင်..ကျုပ်လိုက်ရဲတာပေါ့..ကိုစံဖဲရ”

“အေး..ဒါဆို ပြီးရော”

...............................................................

သူကြီးခြံဝင်းက လူအများဖြင့် ရှုပ်ထွေးဆူညံနေသည်။

ခုနှစ်ရက်ခုနှစ်လီ ကျွေးမွေးမည်ဖြစ်သော အလှူပွဲအတွက် ပြင်ဆင်စရာများကို ပြင်ဆင်နေကြ၏။

စံဖဲက သူ့အစ်ကို ကိုသူတော်အား သာစည်တွင် တက်ဝယ်ခိုင်းထားသည့် ရဟန်း ဆောင်း ထီး၊ ဖိနပ်တစ်စုံ၊ ပိုးပဝါတစ်ပိုင်းတို့ကို ကိုင်လျက် ခြံဝင်းအပြင်တွင် တစ် ချက် မတ်တတ်ရပ်လိုက်သည်။

“ဟော့လူ..ဝင်လေဗျာ..ခင်ညားကလည်း..အဝရောက်မှ”

"မောင်နီ..ဒီနားရောက်မှ ငါကြောက်လာပြီကွ"

"ဘာလဲ စစ်ပြန်ငပုကိုလား"

"ဟေ့ကောင်..ယောကျ်ားချင်း ဘယ်ကောင်မှမကြောက်ဘူးကွ..ဟို..မြနုကို.."

"ကဲ..ဝင်မှာသာ ဝင်စမ်းပါဗျာ"

မောင်နီက စံဖဲကို ခြံဝင်းအတွင်းသို့ တွန်းလွှတ်သည်။

သူကြီးခြံဝင်းထဲရှိ မန်းကျည်းပင်ရိပ်တွင် ကြက်သွန်သင်နေကြသော အပျိုခေါင်းမကြင်နွဲ့က စံဖဲကို မြင်သည်နှင့် အပျိုတသိုက်ကို မျက်စပစ်ပြလိုက်၏။

ထို့နောက် မကြင်နွဲ့က မကြည်အောင်၏ ကိုလေအိုး သီချင်းအချီပုဒ်ကို ဆိုလိုက်သည်။

"ဇာခြင်ထောင် မီးလောင်ပေါက်တယ်..အများ...လာချင်ပေါင်..ညည်းမောင်ကြောက်တယ်...သူကဆိုတယ်"

အပျိုလေးများက သံပြိုင်လိုက်အော်လိုက်ကြ၏။

"ဘယ်သူကဆိုလဲ"

မကြင်နွဲ့က "ပဂိုးဒါး..စစ်စတား..နဲဗားနဲဗား။

အပျိုတသိုက်က "တူတူရေဝါး"

တဟားဟားအော်ရယ်သံများကြောင့် စံဖဲရော မောင်နီပါ ခြေလှမ်းများ အယောင်ယောင်အမှားမှား။

"ဟိတ်ကောင်မတွေ..တိတ်စမ်း"

ခပ်ထန်ထန် အသံတစ်သံကြောင့် မကြင်နွဲ့ခေါင်းဆောင်သော အပျိုတသိုက် အသံတိခနဲ ပိတ်သွား၏။

ခြံဝင်းအတွင်း ဆူညံနေသူများပါ တိတ်ဆိတ်သွားသည်။

စံဖဲက အသံရှင်လာရာ အိမ်လှေကားကို လှမ်းကြည့်လိုက်၏။

မဟာဆန်ဆန်ထုံးထားသော ဆံထုံး၊ ပဒုမ္မာပိတ်အင်္ကျီအနက်ရောင်၊ ထဘီအဝါရောင်ဖြင့် အမျိုးသမီးတစ်ဦး ဆင်းလာသည်။

ချွန်မြမြနှာခေါင်းနှင့် ပါးလှပ်လှပ်နှုတ်ခမ်းလေးများက ဆိုးဆေးကြောင့် ခပ်ရဲရဲ။

သူမက စံဖဲကို ပြုံးပြလိုက်သည့်အခါ ဘယ်ဘက် ပါးပြင်ပေါ်မှ စံပယ်တင်မှဲ့ကလေးက လှုပ်ခတ်သွားသည်။

မောင်နီပင် ထိုအလှတွင် ငေးမောနေ၏။

"မောင်ကြီးစံဖဲ ထင်ပါရဲ့..အိမ်ပေါ်ကို ကြွပါရှင်...ဖေဖေတို့ ကိုကိုတို့လည်း ရှိပါတယ်"

စံဖဲမှာ ထိုမိန်းကလေးကို ကြောင်ပြီး ကြည့်နေသည်။

"ကိုစံဖဲ..သွားလေ" မောင်နီက ခါးတို့၏။

"အော်..အေး"

မိန်းကလေးက စံဖဲကို ရွှန်းရွှန်းစားစားကြည့်ပြီး လှစ်ခနဲ အိမ်ပေါ် ပြန်ပြေးတက်သွားသည်။

"အဲ့ဒါ..ဘယ်သူတုန်း..မောင်နီ"

"ခင်ဗျားရူးနေလား..အဲ့ဒါ မြနုလေ"

"ဟမ်"

"အဲ့ဒါ သူကြီးဦးရာပိုင်သမီးမြနုလေဗျာ..ခင်ဗျား ဘာဖြစ်နေတာလဲ..ခင်ဗျားပဲကြိုက်လှချည်ရဲ့ဆို..အခု အူကြောင်ကြောင်လုပ်နေ..လာပါဗျာ..အိမ်ပေါ်တက်စို့"

"မဟုတ်ဘူး..မောင်နီ.မဟုတ်ဘူးဟ"

"ဘာကို..မဟုတ်တာလဲ"

"ငါ..ငါပြောတာ..သူမဟုတ်ဘူး..သူ့ကို ငါမသိဘူး..ငါပြောတဲ့ မြနုက သူမဟုတ်ဘူးဟ...မှားကုန်ပြီထင်ပါတယ်ကွာ"

မောင်နီက ခေါင်းကိုကုတ်ရင်း...

“ဟာ...ဟော့လူ..ခင်ညားကတော့..ပြဿနာရှာပြန်ပြီဗျာ..”

# အခန်း ( ၄ )

"မောင်စံဖဲ...ကြွပါ..ကြွပါ..ဒီကို..ဟော့.ညှော့သည်အတွက်.သင်ဖြူးချောလေး ခင်းထားလို့ ပြောထားတယ်လေ.ဘယ်မလဲ..မိနုရဲ့"

သူကြီးဦးရာပိုင်က စံဖဲကို ဆီးကြိုပြုံးပြရင်း ပါးစပ်မှလည်း တတွတ်တွတ်အော်သည်။

မောင်နီက စံဖဲနောက်မှ ခပ်ရို့ရို့။

သူကြီးဦးရာပိုင်ဘေးတွင် ထိုင်နေကြသူများအနက် အသားလတ်လတ်၊ အရပ်ရှည်ရှည်ဖြင့် အသက် (၃၀)ကျော်ခန့်ရှိမည့်သူကို စံဖဲ သတိထားမိ၏။

ထိုသူက စံဖဲကို မပြုံးမရယ်ပဲ အကဲခတ်နေပုံရ၏။သူကြီးသား ကိုပု ဆိုသူဖြစ်မည်ဟု စံဖဲ စိတ်ထဲမှတ်ထားလိုက်သည်။

"မသိန်းရင်ကလေးရေ...ညှော့သည်အတွက် အခါးရည်နဲ့ လက်ဖက်လေးနောက်တပန်းကန်လောက်.. မြန်မြန်ကွယ်"

မိနု ဟုခေါ်သော မြနု က သင်ဖြူးဖျာကို အပြေးအလွှားခင်းရင်း အိမ်ခန်းထဲသို့ လှမ်းအော်ပြန်သည်။

စံဖဲ က အင်္ဂလိပ်ကျောင်းသားများဝတ်သောစတိုင်ဘောင်းဘီကို ဆွဲတင်ကာ တင်ပလ္လင်ခွေထိုင်လိုက်၏။မောင်နီကလည်း စံဖဲဘေးတွင် ထိုင်လိုက်သည်။

"မောင်စံဖဲ ရောက်လာတာနဲ့ အတော်ပဲကွယ်..ဒီမှာ တို့လူကြီးများကလည်း နိုင်ငံရေးလေးဘာလေး ပြောနေကြတာ...ဘိုကျောင်းတက်နေတဲ့ မောင် လာတော့ တို့သိချင်တာတွေလည်း မေးရတာပေါ့..ဩော်.. ဒါ ကျုပ်သား မောင်ပု တဲ့....မောင်စံဖဲတို့ ပြောင်းလာခါစက သူက စစ်ထဲလိုက်နေတာဆိုတော့ တွေ့ဖူးမယ်မထင်ဘူး... ဟိုးကမ္ဘာတဖက်ခြမ်းမှာ ဗြိတိသျှတပ်တွေနဲ့အတူ စစ်တိုက်ခဲ့တာပေါ့..မက်ပိုဆိုးမယား ဆိုလား..အဲ့ဒီအရပ်တွေကိုနှံ့ခဲ့တာပေါ့ကွယ်"

"မက်ဆိုပိုတေးမီးယား ပါ အဘရဲ့"

ကိုပု ဆိုသူက ဝင်ပြောသည်။ စံဖဲက အင်္ဂလိပ်ဘာသာဖြင့်ပြောရင်း ကိုပုကို လက်ကမ်းပေးလိုက်၏။

"တွေ့ရတာဝမ်းသာပါတယ်.ကျွန်တော်စံဖဲပါ"

ကိုပုက လည်း အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန်နှုတ်ဆက်သည်။

"သူကြီးကတော့....အင်္ဂလိပ်စစ်ပြန်သားတစ်ယောက်ရှိထားလို့ အားကိုးနေရတာ တင်မကဘူး..အခု ဘိုကျောင်းသား ပါ အိမ်ပေါ် ထပ်ရောက်လာပြီဆိုတော့.. ဆွေမျိုးအင်အားတောင့်ပြီး.မင်းပိုင်းစိုးပိုင်း ပေါက်ရောက်ပြီပဲ..ရွာအတွက်လည်း ဂုဏ်တက်တာပေါ့"

သူကြီးဘေးတွင်ထိုင်နေသော လူကြီးတစ်ဦးက ဝင်ပြောလိုက်သည်။ အဓိပ္ပါယ်ပါသောစကားကြောင့် ပုဏ္ဏားကွယ်တွင် ထိုင်နေသော မြနုက စံဖဲကို မျက်လုံးရွဲကြီးဖြင့်ကြည့်ရင်း ခေါင်းငုံ့ထားလိုက်၏။

သူကြီးမှာ ရယ်ကျဲကျဲလုပ်နေသော်လည်း သူကြီးသား မောင်ပု မှာ ခပ်တည်တည်ပင် စံဖဲအား ကြည့်နေသည်။

စံဖဲက တစုံတခုပြောဟန်ပြင်လိုက်သော်လည်း သူ့ရှေ့တွင် လင်ပန်းတစ်ခုကို ကိုင်လျက် ထိုင်ချလိုက်သော တစုံတစ်ယောက်ကြောင့် ပါးစပ်အဟောင်းသားဖြစ်သွား၏။

စံဖဲက ရုတ်တရုတ် သူ့ဘေးတွင်ရှိသော မောင်နီကို လက်ကုတ်လိုက်သည်။

"သုံးဆောင်ပါရှင့်"

စံဖဲ မျက်လုံးထဲ လျှပ်စီးများ တဖြတ်ဖြတ်လက်ကုန်သည်။

ပင်နီချည်ကြမ်းအင်္ကျီလေးဖြင့် ပဒုမ္မာထမီ တပတ်နွမ်း။ ဆံရစ်ဝိုင်းပေါ်မှ မြတ်လေးပန်းတို့၏ ရနံ့။

အိမ်အပေါ်ထပ်တစ်ခုလုံး မျက်လှာလေးတချက်အပင့်တွင် ပျောက်သွားသည်ဟု စံဖဲထင်သည်။

"အသိန်းရေ..ကိုကိုပု အတွက်လည်း ထုံးစံအတိုင်း ကာဖီမှုန့်လေးဖျော်ပေးခဲ့ဦး"

ကိုကိုပုဆိုသည့် အသံကြီးကြောင့် စံဖဲ ပစ္စုပ္ပန်အခြေအနေထဲ ရုတ်တရက် ပြန်လည်ရောက်ရှိသွား၏။

“ကဲ..မောင်စံဖဲရဲ့...တို့များ ခုန ပြောနေတာ..အခု အင်္ဂလိပ်မင်းများက ပေးမယ်ဆိုတဲ့ ဒိုင်အာခီအုပ်ချုပ်ရေး အကြောင်းပေါ့...ဝံသာနုများထဲလည်း ဒိုင်အာခီကို မကြိုက်တဲ့သူ၊ ကြိုက်တဲ့သူကွဲနေတယ်လို့တော့ သဲ့သဲ့ ကြားတာပဲ....မောင်စံဖဲရော..ဒိုင်အာခီဆိုတာ ဘာလဲ သေချာသိသလား”

စံဖဲ သွားဖြဲပြလိုက်သည်။

“ဟို..ကျွန်တော်က ခုမှ ခုနှစ်တန်းတက်နေတာပါ...နိုင်ငံရေးတွေဘာတွေလည်း သိပ်မသိပါဘူးခင်ဗျာ”

“ဟေ..တို့များကို မဖြန်းစမ်းပါနဲ့ မောင်ရယ်..ဟိုမှာ မင့်မတော်ရသေးတဲ့ မရီး လှပိုက ကျုပ်ကို ပြောပြပါတယ်..ဟိုတနေ့က သူ မင်းတို့အိမ်ကိုသွားတော့..မင်းက ဒိုင်အာခီအုပ်ချုပ်ရေးအကြောင်း စာရေးနေလို့ မအားဘူးပြောတယ်ဆို..ပညာတတ်လူငယ်များ လူကြားထဲဆို စပါးနှံများလို တယ်နှိမ့်ချချင်ကြသကိုး ”

“ခင်ဗျာ.”

စံဖဲ အူလည်လည်ဖြစ်သွားသည်။ ဒိုင်ယာရီရေးနေသည်ကို ဒိုင်အာခီရေးနေသည်ဟု ဖွသော မလှပိုစနက်။

မထူးတော့ပြီ။ သူ့အားအထင်ကြီးနေကြသည်မို့ အူလည်လည်လုပ်နေလို့လည်းမဖြစ်။

မစ္စတာတရေ့ ဖတ်လေ့ရှိသော သတင်းစာအဟောင်းများကို သူအိမ်သာတက်ရင်း အီးကုန်းရန် ယူသွားရာမှ အပျင်းပြေထိုင်ဖတ်လေ့ရှိသည်ပဲ။ ထိုထဲမှ ဒိုင်အာခီအကြောင်းကို သူသိသလောက်ရှင်းပြလိုက်၏။

သို့သော် စံဖဲစိတ်ကတော့ နောက်တကြိမ် မသိန်းရင် ဆိုသူလေး ထွက်အလာကိုသာ။

ဟော့..ထွက်လာပြီ။ ကော်ဖီခွက်လေးကိုင်လျက်။

မောင်ပုက ကော်ဖီခွက်ကို လှမ်းယူနေရာမှ စံဖဲထံ ဖြတ်ခနဲ ကြည့်လိုက်သည်။ အကြည့်ချင်းဆုံသွားကြ၏။

စံဖဲက တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။ ထိုတဖက်တွင်လည်း သူ့ကို ကြည့်နေသော မြနု၏ မျက်ဝန်းများ။

စံဖဲ ရောယောင်ကာ မြနုအား ပြုံးပြလိုက်မိ၏။ မြနုက ခေါင်းငုံ့သွားသည်။

ခက်တော့ခက်ချေပြီ။

......................................................................................................

"ခင်ညားတော့ မြွေပွေးကိုက်ပြီထင်တယ်..ကိုစံဖဲ"

သူကြီးအိမ်မှ ထွက်ထွက်လာခြင်း မောင်နီက ပြောလိုက်သည့်စကား။

စံဖဲ က မောင်နီ့ထံတွင် အာရုံမရှိ။ မသိန်းရင် မျက်နှာကိုသာ ပြန်ပြန်တွေးရင်း စိတ်လှုပ်ရှားနေသည်။

"ဟေ့..ကိုစံဖဲ..ကျုပ်ပြောတာကြားကဲ့လား"

"ဩော်.အေး..မောင်နီ..ဘာပြောတာလဲ"

"ခင်ညားတော့ မြွေပွေးကိုက်ပြီလို့ပြောတာ"

"ဟင်..ဘာလို့လဲဟ"

"ခင်ညား..ဟိုနေ့က တွေ့ခဲ့တာ..မသိန်းရင်မဟုတ်လား"

"အေး...ဟို အခါးရည်လာချတဲ့တစ်ယောက်လေ...သူ..သူ"

"အဲ့ဒါ.မြွေပွေး"

"ဟမ်"

"ဟုတ်တယ်...အဲ့ဒါ သူကြီးသား ငပု ရဲ့ ဟိုဒင်းဗျ"

စံဖဲ နားထဲ မိုးကြိုးအစင်းပေါင်းတစ်ထောင်ပစ်ချလိုက်သကဲ့သို့။

"ဘာ..ငပုရဲ့ ဘာလဲ"

“အင်း..ပြောရရင်တော့..မသိန်းရင်က သနားစရာပါဗျာ...သူ့အဖေကြီးက တရားမဝင်နွားပေါ်မှုနဲ့ ပုလိပ်ဖမ်းတာခံရဖူးတယ်..အဲ့ဒီမှာ အမှုကနေ လွတ်ဖို့ ရှေ့နေငှားဘာငှားဖို့ ငွေက မရှိတာကလား...ဒီတော့ သူကြီးဆီကပဲ ပိုက်ဆံထုတ်ပေးတယ်..ရိုးရိုးတော့ဘယ်ဟုတ်မလဲ..အတိုးဘာညာနဲ့ပေါ့...အဲ့ဒီ အတိုးတွေက အခုထိ မကြေ မကြေနိုင်တာနဲ့ မသိန်းရင်ကလေးက သူကြီးအိမ်မှာ အခိုင်းစေသဘောလာလုပ်ပေးနေတာပဲ...အင်း..အဲ့ဒီ အထိ ပြဿနာမဖြစ်သေးဘူး..ဟိုကောင် ငပုပြန်ရောက်လာမှ...”

မောင်နီက စကားကို မပြောသေးပဲ ရပ်ထား၏။

“ငပုပြန်ရောက်လာတော့ ဘာဖြစ်လဲ”

“ငပုက မသိန်းရင်လေးကို ခြေတော်တင်ထားတယ်လို့ သတင်းတွေထွက်နေတာပဲ...အတိအလင်းယူတာမျိုးလည်း မဟုတ်ဘူး”

စံဖဲ လမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်သွားသည်။

“မသိန်းရင်ကရော...ဒီကောင်ကြီးကို မေတ္တာရှိသလား”

“ခမြာ နွမ်းကလည်းနွမ်းပါး...သူကြီးမိသားစုက သူ့အဖေ ကို ကူပေးကယ်ပေးထားတဲ့ကျေးဇူးလည်းရှိ၊ အကြွေးတွေလည်းရှိတော့...မေတ္တာမရှိတောင်..ဘယ်လွန်ဆန်ရဲပါ့မလဲလေ..သနားစရာပါဗျာ”

စံဖဲက သူကြီးအိမ်ဘက်သို့ ချာကနဲ ပြန်လှည့်သွား၏။

မောင်နီက လက်ကိုဖမ်းဆွဲထားလိုက်သည်။

“ဒါကဘယ်လဲဗျ”

“ငါ မသိန်းရင် နဲ့ တွေ့ပြီး တိုက်ရိုက်မေးမယ်...ငပု ဆိုတဲ့ကောင်က သူ့ကို မတရားသိမ်းပိုက်ထားတာလားလို့..လူလူချင်း ဒီလိုလုပ်လို့ရရိုးလားကွ...ငါလိုးကျလို့”

“ဟော့.ဟော့လူ..ခင်ညား အရူးမထစမ်းပါနဲ့...ခင်ဗျားလူမှားထားတဲ့ ကိစ္စကလည်းရှိသေးတယ်..တော်ကြာ တမိသားစုလုံး အဲ့ဒါသိသွားလို့ ရှက်ရမ်းထရမ်းနေ

ရင်..မတော်တရော်တွေဖြစ်ကုန်မယ်..ပြီးတော့..သူတို့အလှူလည်းရှိသေးတယ်..စိတ်လျှော့ပါဗျာ"

"တောက်"

ချစ်ခြင်းမေတ္တာနှင့် အဆုံးအရှုံးတို့ ပွတ်တိုက်မှုဖြစ်ရာမှ ထွက်ပေါ်လာသည့် တောက်ခေါက်သံ။

.......................................................................................................

"ထီလာရွှေကြည်" အငြိမ့်ပွဲ။

လူရွှင်တော် ပန်ချာနှင့် ပန်ကာ ၏ ပြက်လုံးများကို ပွဲကြည့်ပရိသတ်က တဝါးဝါးတဟားဟား။

သူကြီးကိုယ်တိုင်ဖိတ်ကြားထားသော အထူးဧည့်သည်တော်အဖြစ် စံဖဲ က ရှေ့ဆုံးခုံတန်းတွင်ထိုင်ရသည်။

သူနှင့်မလှမ်းမကမ်းတွင် မမြနု။

မမြနုက စံဖဲကို လက်ဖက်အုပ်ကမ်းပေး၏။ စံဖဲက တစ်ဇွန်းယူစားပြီး ကျေးဇူးတင်ကြောင်းပြောသည်။

အနောက်တွင်ကြည့်နေသော ရွာသူရွာသားများက သူတို့ကို ကြည့်ကာ တီးတိုးတီးတိုး။

မင်းသမီး ထီလာရွှေကြည် ထွက်လာပြီ။

အပြောအဆို အညုအရွလေးတွေကြား ကာလသားများက လက်ခေါက်မှုတ်ကြ၊ အော်ဟစ်ကြ။

မမြနုက ဆန္ဒင်းမကင်းပန်းကန်လေးကို နောက်တကြိမ် စံဖဲရှိရာ ကမ်းလိုက်သည်။

သို့သော်...ထိုင်နေရာတွင် စံဖဲမရှိတော့။

.......................................................................................................................

တမြွေမြွေလောင်နေသော ထင်းမီး။

မှိုင်းဝနေသော ဒန်အိုးကြီးထဲမှ ပဲကုလားဟင်းကို တက်ဟုခေါ်သော ယောက်မ ရှည်ကြီးအားကိုင်လျက် ခွေးတလုံးလုံးဖြင့် မွှေနေသော မသိန်းရင်။

အိုးသူကြီးနှင့် ကူညီသူအပျိုမတသိုက်က အငြိမ့်ပွဲထဲ ခေတ္တသွားမော့နေသဖြင့် သူ တစ်ယောက်တည်း။

"အငြိမ့်သွားမကြည့်ဘူးလား...မသိန်းရင်"

အနောက်မှထွက်ပေါ်လာသော အသံကြောင့် မသိန်းရင် တုန်ခနဲဖြစ်သွား၏။

မသိန်းရင် လှည့်ကြည့်လိုက်သည်။

ဟိုလူ။ သူရေငင်နေစဉ် အကြည့်စူးစူးတွေများဖြင့် လာကြည့်သွားသည့် သာစည်က ဘိုကျောင်းသား။

မမြနုကို ကြိုက်နေသည်ဆိုသည့်သူ။ မမြနုကလည်း သူ့ကို သဘောကျသည်ဟု ပြောသံ ကြားဖူးနေသည်။

အခုတော့ ထိုသူက သူ့အနားရောက်လာ၏

မသိန်းရင် ဘာပြောရမည်မသိ။ ခေါင်းသာညိတ်ပြပြီး အိုးကို ဆတ်မွှေနေလိုက်၏။

"ဟင်းနံ့လေးကတော့ မွှေးလိုက်တာဗျာ"

ထိုသူက မီးဖိုဘေးတွင် ငုတ်တုတ်ထိုင်ချလိုက်ပြီး မသိန်းရင်ကို မော့ကာ ကြည့် နေသည်။

"ဘာ..ဘာကိစ္စရှိလို့လဲ..ဗိုက်ဆာလို့လား"

"မဟုတ်ပါဘူး..မသိန်းရင်ကို ကြည့်ချင်လို့..လာတာ"

"ရှင်"

"ကျုပ် စံဖဲပါဗျ"

"ဟုတ်..သိပါတယ်"

စံဖဲက မတ်တပ်ရပ်လိုက်သည်။ ထို့နောက် သူ့လည်ပင်းမှ မာဖလာကို ချွတ် လိုက်၏။

"သိပ်မောနေပုံပဲ..ချွေးတွေလည်းထွက်လို့..ရော့ပါ...ချွေးသုတ်ဖို့"

"နေ..နေပါစေရှင့်"

စံဖဲက မသိန်းရင်၏ ပုခုံးပေါ်သို့ သူ့မာဖလာကို တင်ပေးကာ..အမှောင်ထဲ ပျောက်ကွယ်သွား၏။

ခပ်လှမ်းလှမ်းဘုန်းကြီးကျောင်းပေါ်တွင်တော့..မောင်ပု သည် သင်္ကန်းကြီးခြုံလျက် ဘုရားစာကို ခပ်ကျယ်ကျယ်အော်ဆိုနေလေတော့သည်။

..................................................................................................................

..

"မသိန်းရင်..ဒီမာဖလာက ကိုကို့ ဟာလား..တခါမှ တောင် မတွေ့ဖူးဘူး..အဆင်ဆန်းလေး"

မမြနု ၏ အမေးကို မသိန်းရင် ဘာဖြေရမည်မသိ။

"ဟို..ဟို..ကိုစံဖဲ..မာဖလာပါ"

"ဟင်..ကိုစံဖဲ မာဖလာက ဘယ့်နှယ့်..ညည်းမီးအိုးတိုက်တဲ့အထဲ ရောက်နေတာတုန်း"

"ပွဲညက မီးဖိုနားမှာ သူလာကူရင်း...ကျခဲ့တာမို့...ညီမ ကောက်ပြီး လျှော်ပေးထားတာပါ"

"ဟယ်..ဒုက္ခပါပဲ...သူတော့ မာဖလာပျောက်လို့ ရှာနေရောမယ်..ပေးပေး..ငါသွားပေးမယ်"

မမြနုက မာဖလာကို ယူကာ ထထွက်သွားတော့၏။

..................................................................................................................

.........

အထုပ်အပိုးများကို နေရာချပြီးနောက် စံဖဲက လှည်းပေါ်သို့ တက်ထိုင်လိုက်သည်။

စံဖဲ၏မိသားစုများကအိမ်ထဲသို့ပြန်ဝင်သွားကြ၏။

ရှာလမ်းဘက်ဆီမှ သူ့ထံသို့ ခပ်သွက်သွက်လှမ်းလာနေသော မြနုကို မြင်သဖြင့် လှည်းပေါ်မှ ပြန်ခုန်ဆင်းလိုက်၏။

"မောင်ကြီးစံဖဲ....ဘယ်သွားမလို့တုန်း"

"ဩော်..သာစည်ပြန်မလို့ပါ..မြနု...မကြာခင် ခုနစ်တန်းစာမေးပွဲကြီးက ဖြေရတော့မှာ.ကျောင်းပျက်ရက်လည်းများသွားပြီမို့ပါ"

"ဟယ်..မောင်ကြီးရယ်..မြကို တောင် အသိမပေးပဲ..ပြန်တော့မယ်ပေါ့လေ..ရော့..ဒီမှာ..ရှင့်မာဖလာ"

မြနု ထိုးပေးသော မာဖလာကြောင့် စံဖဲ မျက်လုံးပြူးသွားသည်။

"ဒါ..ဘယ်ကနေဘယ်လို"

"အို...ဘယ်ကမှာလဲ...မသိန်းရင်ပေါ့..ကောက်ရထားတာထင်တယ်..မြလည်းသူ့ဆီမှာဒီမာဖလာမြင်တာနဲ့ မောင်ကြီးစံဖဲမာဖလာမှန်းသိလို့..မေးကြည့်ပြီးပြန်ယူလာပေးတာ"

"ဟုတ်..ဟုတ်..ကျေးဇူးတင်ပါတယ်ခင်ဗျာ..ကျုပ်သွားလိုက်ပါဦးမယ်"

"မောင်ကြီး"

မြနုလေသံကခပ်ဆွေးဆွေး။

"ဘယ်တော့ပြန်လာမှာလဲ"

"အင်း..အခါတွင်းတော့ ပြန်လာဖြစ်မယ်ထင်ပါတယ်..မြနု"

"မြတော့ မျှော်နေမယ်နော်"

"ဟုတ်..ဟုတ်ကဲ့..သွားပြီနော်"

စံဖဲက နွားလှည်းပေါ်ခုန်တက်လိုက်သည်။

လှည်းမောင်းမည့်မောင်နီက နွားများကို ကြိမ်တချက်တိုးလိုက်၏။

နွားတရှည်းကခေါင်းကိုမော့လျက်..ကျော့ခနဲရုန်းတော့သည်။

“မြွေပွေးတော့ ကိုက်ခါနီးပြီဟေ့”

မောင်နီအသံက စံဖဲနားထဲ ကန့်လန့်။

..................................................................................................................

သာစည်တွင် စိတ်မကောင်းစရာသတင်းတစ်ခုက စံဖဲကို ဆီးကြိုထားသည်။

အခြားမဟုတ်။

ဒေါက်တာဖော်တီဂါ အား ရွှေဘိုသို့ပြောင်းရွှေ့လိုက်သည့်သတင်းပင်။ ဒေါက်တာ ဖော်တီဂါတင်မဟုတ် သူနှင့်ပြဿနာဖြစ်သောလက်ထောက်ခရိုင်ရဲဝန် စမစ် လည်း ကောလင်းသို့ပြောင်းရွှေ့သွားရသည်။

မကြာမီ ခုနှစ်တန်းစာမေးပွဲကြီးပြီးဆုံးပြီး ကျောင်းလည်း ပိတ်သွားခဲ့ပြီ။

တွဲဖော်တွဲဖက်ဒေါက်တာဖော်တီဂါမရှိသဖြင့် စံဖဲလည်း အိမ်ထဲက အိမ်ပြင်မထွက် ဖြစ်ခဲ့။

မစ္စတာတရေ့ကတော့ သားဖြစ်သူ ခြေငြိမ်နေသဖြင့် သဘောကျနေသည်။

စံဖဲ၏ယောက်ဖလည်းဖြစ် မွေးစားဖခင်လည်းဖြစ်သူ ကိုလုံး နှင့် အစ်မဖြစ်သူ မ သင်တို့မှာ သင်္ကြန်ကာလ မဲတောရွာသို့ သွားကာ အလှူလုပ်မည်ဖြစ်ကြောင်း လည်း ကြေးနန်းစာရရှိထား၏။

စံဖဲကား ဖင်တကြွကြွ။ မသိန်းရင်ကိစ္စကိုလည်း အတော်လေး စဉ်းစားရကြပ် နေသည်။

မမြနု နှင့် သူ့အားတရွာလုံးက အထင်လွဲနေကြ၏။ မသိန်းရင်ကိုယ်တိုင်လည်း မည်သို့ ထင်လေမည်မသိ။

မသိန်းရင်အား သူရှင်းပြချင်သည်။ ပြောပြချင်သည်။

နောက်ဆုံး စံဖဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

..............................................................................

“ကိုစံဖဲ ပြန်လာပြီ...ဘိုင်စကယ်ကြီးစီး..သေနတ်ကြီးလွယ်လို့တဲ့”

အပျိုခေါင်းမကြင်နွဲ့ ၏ အသံက ခါတ်ပြားစက်မှ သီချင်းသံကိုပင် ဖုန်းလွှမ်းသွားသည်။

အိမ်ပေါ်တွင် ထိုင်နေသော မမြနု မှာ ဆတ်ခနဲ ခေါင်းကလေးထောင်သွား၏။ ပဲဆီများကို ပုလင်းထဲ ချင်တွယ်ထည့်နေသည့် မသိန်းရင်ကတော့ မြနု အခြေအနေကို အသာလေး အကဲခတ်နေသည်။

တကယ်တော့ သူမရင်ထဲတွင်လည်း ဒိတ်ခနဲ။

ထိုအချိန်တွင် အိမ်ပေါ်သို့ ခြေသံတဒုန်းဒုန်းဖြင့် မောင်ပု တက်လာ၏။

"တူမီးသေနတ်လောက်လွယ်လာတာများ..အဟုတ်မှတ်ပြီး...လျှောက်အော်နေကြတယ်"

မောင်ပု ပုံစံက စံဖဲ သတင်းကြီးနေသည်ကို မလိုလားသည့်နှယ်။

"အို...ကိုကိုပု ကလည်း... သူ့ဟာသူ အမဲလိုက်ဖို့ ယူလာတာနေမှာပေါ့..သူ့မွေးစားအဖေက ဘိုပဲဟာ"

မနုက စံဖဲ ထိမခံ။

"အေးပါ..ဟုတ်ပါတယ်...ငါကလည်း ပြောပြတာပါ...စစ်ထဲမှာတုန်းက ငါတို့ကိုင်ရတဲ့ ရိုင်ဖယ်မျိုးသာဆို...ဒီရွာကလူတွေ ထိုင်များ ကန်တော့ကြမလားမသိ"

မှန်၏။ ယခုတကြိမ်လည်း စံဖဲက ရွာကို စတန့်ထွင်ကာ ပြန်လာသည်။

သူ့မွေးစားဖခင် မစ္စတာတရေ့ဝယ်ပေးထားသော ဘိုင်စကယ်ကို စီးလာ၏။ အမဲလိုက်ရန်ဟုဆိုကာ ဝင်ချက်စတာရိုင်ဖယ်ကိုငှားသေးသော်လည်း မစ္စတာတရေ့က မပေး။

စံဖဲက အတင်းပူဆာသောကြောင့် သူ့အိမ်တွင် အလှချိတ်ရန် ဝယ်ထားသည့် ရှမ်းတူမီးသေနတ်ကို ပေးလိုက်ခြင်းပင်။

ရှမ်းတူမီးသေနတ်ဆိုသော်ငြား ဝန်းသိုဘက်မှ ငွေခွန်မှူးတစ်ဦးကိုင်ခဲ့ဖူးသော သေနတ်ဖြစ်သဖြင့် သေနတ်ပြောင်းနှင့် လက်ကိုင်တို့တွင် အပြောက်အမွှန်း၊ ကနုတ်များဖြင့် လှပသည့် သေနတ်တလက်ဖြစ်သည်။

ထိုသေနတ်ကို စပစ်သည့်နေ့တွင်ပင် ပြောင်းကွဲသွားသဖြင့် ငွေခွန်မှူးက နိမိတ်မကောင်းဟုဆိုကာ မုဆိုးတစ်ဦးအား ပေးလိုက်ခြင်းဖြစ်သည်။

မုဆိုးက ပြုပြင်ပြီးနောက် မစ္စတာတရေ့အား လာရောင်းထားခြင်းပင်။

မည်သို့ပင်ဆိုစေ။ မဲတောရွာတွင်တော့..ဘိုင်စကယ်စီးပြီး သေနတ်ကြီးလွယ်ထားသည့် ဘိုကျောင်းသားစံဖဲ ကို အားလုံးက အထင်ကြီးနေကြ၏။

မမြနု က ဖြတ်ခနဲထကာ..မှန်တင်ခုံရှေ့ထိုင်လိုက်သည်။

“ဟဲ့…မိနု….နင် ကိုယ့်သိက္ခာလည်း ကိုယ်ထိန်းဦး”

မောင်ပုက ငေါက်သည်။

“ဘာလဲ…မိနုက ဘာလုပ်နေလို့လဲ”

“နင် ဟိုကောင့်အသံကြားတာနဲ့ အလှပြင်ပြီး သွားမလို့မဟုတ်လား”

“ဘာဆိုင်လို့လဲ…ဒီမယ်..ကိုကိုပုသာ ကိုယ့်သိက္ခာကိုယ်ထိန်း..နှမတစ်ယောက်အနေနဲ့ ပြောမကောင်းလို့သာ…ဖုံးမရ ဖိမရတွေဖြစ်ကုန်ရင်.ဟွန်း”

မြနု က ခပ်လှမ်းလှမ်းမှ မသိန်းရင်ထံသို့ မေးငေါ့ပြကာ ပြောလိုက်သဖြင့် မောင်ပု ဇက်ကလေး ပြန်ပုသွားသည်။

မြနု၏ စကားအသွားအလာကို သဘောပေါက်လိုက်သော မသိန်းရင်မှာ ရှက်ရွံ့စိတ်၊ သိမ်ငယ်စိတ်တို့ဖြင့် မျက်လုံးကို စုံမှိတ်ကာ ခံစားချက်တို့ကို မြိုချလိုက်ရ၏။

“ဟဲ့…နင်လည်း နင့်ကိစ္စနင်လုပ်..ငါလည်း ငါ့ကိစ္စငါလုပ်မယ်..တောက်”

မောင်ပု တောက် တချက်ခေါက်ကာ အိမ်အောက်သို့ ဆင်းသွားသည်။

ထိုနေ့က သူကြီးနှင့် သူကြီးကတော်မှာ အရေးပိုင်အစည်းအဝေးအတွက် ပျော်ဘွယ်သို့ ခရီးသွားနေကြ၏။

အိမ်တွင် မောင်ပု၊ မြနု နှင့် မသိန်းရင်သာ ကျန်ရစ်သည်။

မောင်ပု မရှိတော့ပြီမို့. ..မြနုက စိတ်ချလက်ချ အလှပြင်နေသည်။

“မသိန်းရင်…ရှေ့က မြတ်လေးရုံ စံပယ်ရုံတွေမှာ ပန်းပွင့်နေပြီလားသွားကြည့်စမ်း…ပွင့်ပြီဆို ရသလောက်ခူးပြီး ငါ့ကို ကုံးပေးစမ်းပါဟယ်”

မသိန်းရင်က ဆီကန်တော့ကို သေချာစွာစစ်ပြီး ထလိုက်သည်။

“ဟဲ့..မြန်မြန်သွားလေ”

မသိန်းရင် လှေကားပေါ်မှ ခပ်သွက်သွက်လေး ဆင်းကာ ခြံရှေ့ဆီ မြတ်လေးရုံဆီသို့ လှမ်းလာလိုက်သည်။

“အမေ့”

ရုတ်တရက် သူ့လက်ကို ဖမ်းဆွဲခံလိုက်ရသဖြင့် လန့်အော်လိုက်၏။

“ရှူးတိုးတိုး..မသိန်းရင်”

ကိုစံဖဲ။

ကျောတွင်လည်း သေနတ်ကြီးလွယ်လျက်။

“ဟို..မမြနုက..အပေါ်မှာ”

“ကျုပ် မသိန်းရင်ကို တွေ့ဖို့ ပဲ လာခဲ့တာ”

“ရှင်”

“မသိန်းရင်….ကို ကျုပ် တည့်တည့်ပဲ မေးမယ်…ခင်ဗျား…ဟိုကောင်ကြီးကို မေတ္တာရှိလား”

“ဘယ်ကောင်ကြီးလဲ”

“ဘယ်ကောင်ရှိရမလဲ…ငပုလေ”

မသိန်းရင်က ဘာမှ ပြန်မဖြေ။

“ကျွန်မ လက်ကို လွှတ်ပါ”

“မလွှတ်ဘူးဗျာ…ကျုပ်က မသိန်းရင်ကို ဟော့..ဟိုက ရေတွင်းနားမှာ စတွေ့တဲ့နေ့ကတည်းက မေတ္တာရှိတာပါဗျာ…ကျုပ်ကို မသိန်းရင် မေတ္တာရှိရဲ့လားဟင်”

မသိန်းရင် က ခေါင်းကိုသာ ငုံ့ထား၏။

“ကျွန်မလက်ကို လွှတ်ပေးပါ”

“ဘာလဲ မသိန်းရင်…ရွာထဲမှာ ပြောနေတဲ့ ခင်ဗျားနဲ့ ငပု ဇာတ်လမ်းက မှန်နေပြီ လား”

မသိန်းရင် က စံဖဲကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။ မသိန်းရင်၏ မျက်လုံးထဲ တွင် နာကြင်ခြင်း၊ဝမ်းနည်းခြင်းများနှင့်အတူ ဒေါသရိပ်များ။

“ဟုတ်တယ်…ရှင်သိထားတာ အကုန်မှန်တယ်..ဒါပေမယ့်.. အဲ့ဒါ..ကျွန်မဆန္ဒမပါ ဘူး..ကျွန်မသဘောမပါဘူး..သူ့ကိုလည်း ကျွန်မ မေတ္တာတစက်မှမရှိဘူး…ဒါပေ မယ့်…ကျွန်မက သူတို့အိမ်က ကျွန်ပါ”

“ဟာ…ဗျာ”

စံဖဲက မသိန်းရင်၏ လက်ကို စောင့်ဆွဲကာ သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

မသိန်းရင်က စံဖဲ၏ ရင်ဘတ်သို့ မျက်နှာအပ်ကာ ငိုသည်။

မျက်ရည်အချို့က စံဖဲရင်ဘတ်ကို စွတ်စိုစေ၏။

“လာ..ကျုပ်နဲ့ လိုက်ခဲ့တော့..မသိန်းရင်…ခင်ဗျားကို..ကျုပ်ရဲ့ သခင်မအဖြစ်နဲ့ ထားမယ်”

စံဖဲက မသိန်းရင်လက်ကို ဆွဲခေါ်သည်။

မသိန်းရင် မှာ စိတ်တစ်ခုလုံးထူပူနေ၏။

ညဘက်ညဘက်..သူအိပ်သည့်အခန်းထဲသို့ လှမ်းလာသည့် ခြေသံကြီးကို သူ ကြောက်လှပြီ ။ သူ့ခြင်ထောင်ကို လှန်လိုက်သည့် ငပု၏ မျက်နှာကြီးကိုလည်း သူ ကြောက်လှပြီ။

စံဖဲ ထံမှ ပထမဆုံးရလိုက်သည့် သူ့ဘဝ၏ လုံခြုံမှုကို သူခံစားရသည်။

“ရှေ့မှာ လမ်းနည်းနည်းကြမ်းမယ်…ခါးကို သေချာဖက်ထားနော်..မသိမ်းရင်”

စံဖဲ အသံကြောင့် သူသတိဝင်သွား၏။

သူက စံဖဲ၏ ဘိုင်စကယ်နောက်တွင်ထိုင်လျက်။ စံဖဲ၏ ခါးကို ဖက်ထားမိ၏။

"ကိုစံဖဲ..ကျွန်မ ကိုကိုပု ကို ကြောက်တယ်..ပြီးတော့ သူကြီးကိုရော"

"မကြောက်နဲ့..ဖက်ထား...မသိန်းရင်..ကျုပ်မှာ သေနတ်ပါတယ်...လိုက်ရဲတဲ့ ကောင်လိုက်.ပစ်သတ်မယ်"

.....................................................................................................................

"မသိန်းရင်..ဟဲ့..မသိန်းရင်"

အိမ်ပေါ်မှ စိတ်မရှည်စွာဖြင့် ဆင်းချလာသည့် မမြနု။

မြတ်လေးရုံ၊ စံပယ်ရုံများတွင်လည်း မည်သူ့ကိုမျှ မတွေ့ရ။

"မသိန်းရင်....ဩော်..ဒီဟာမ ဘယ်ပျောက်သွားပါလိမ့်"

ထိုအချိန်တွင် ရွာထဲဘက်ဆီမှ ရေးကြီးသုတ်ပြာနှင့် ပြေးလာသည့် မလှပို ကို တွေ့ လိုက်ရသည်။

"မလှပို..အဲ့ဒီဘက်မှာ မသိန်းရင်များ တွေ့မိသေးလား..ပန်းဆင်းခူးခိုင်းလိုက် တာ..ဘယ်ပျောက်သွားမှန်းမသိလို့"

မလှပိုက မြနုကို တွေ့သည့်အခါ တစ္ဆေသရဲကို တွေ့သည့်အလား မျက်လုံးပြူးကြီး နှင့် ရပ်ကြည့်နေ၏။

"မေးနေတယ်လေ..မလှပို..တော်ပုံက ဘာဖြစ်နေတာတုန်း"

"စံဖဲ..စံဖဲ"

"အင်း..ကျုပ်သိပါတယ်တော့..ကိုစံဖဲရောက်နေတာ..အခုပဲ သူ့ဆီသွားမလို့...မ သိန်းရင်ကို ပန်းကုံးခိုင်းထားတာ"

"မဟုတ်ဘူး..မဟုတ်ဘူး"

"ဘာမဟုတ်တာတုန်း..မလှပိုရယ်"

"စံဖဲ..မသိန်းရင်ကို  ဘိုင်စကယ်နဲ့..ခိုးပြေးသွားလို့"

“ဘာ”

# အခန်း ( ၅ )

ရုံးခန်းထဲသို့ ရုတ်တရက်ဝင်လာသော စံဖဲကို မစ္စတာတရေ့စ်က တအံ့တဩကြည့်လိုက်သည်။

"ဟော့.ကောင်ကလေး...မင်း..ရှာက ပြန်လာတာ မြန်လှချည်လား"

"ဟုတ်တယ်..ဒယ်ဒီ.... ကျွန်တော့်ကို ဒီကုမ္ပဏီမှာ အလုပ်တစ်ခု လောက် ပေးပါ"

"ဟေ...ဘာဖြစ်လာတာလဲ..ငါ့သား...မင်းက ကျောင်းတက်နေတာလေ"

"ကျွန်တော် ကျောင်းဆက်တက်လို့မရတော့ဘူး..ဒယ်ဒီ"

"ဘာဖြစ်လို့လဲ..လိုအပ်တဲ့ကျောင်းစရိတ်တွေ ငါထောက်ပံ့ပေးမှာပဲကိုး"

"မဟုတ်ဘူး...ကျွန်တော် မိန်းမယူလာပြီ"

"ဘုရားသခင်....ဘာယူလာတာ"

"မိန်းမ..မိန်းမယူလာတာ"

"ဘယ်မလဲ..မင်းမိန်းမ"

စံဖဲ က ရုံးခန်းအပြင်သို့ ပြန်လှည့်ထွက်သွား၏။ ခဏအကြာ စံဖဲနောက်တွင် မသိန်းရင်က ကုပ်ကုပ်ကလေးပါလာသည်။

"ငါ့သား...မင်းဘာတွေလုပ်လာတာလဲ..ဒီကောင်မလေးက ဘယ်သူလဲ"

"ဒါ မဲတောရွာက ကျွန်တော့်ချစ်သူပါ...မသိန်းရင်တဲ့"

မစ္စတာတရေ့စ်က မသိန်းရင်ကို သေချာအကဲခတ်လိုက်၏။

မစ္စတာတရေ့စ်က ခေါင်းကို ခပ်လေးလေးခါယမ်းပြီး စံဖဲ လက်ကို စွဲလိုက်သည်။

"မင်းမှာ ရည်းစားရှိတာ ဒယ်ဒီလည်း မသိရပါလား..မင်းတို့ ကြိုက်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီမနက်မှ ကြိုက်တာပါ"

“ဟော”

မစ္စတာတရေ့စ်မှာ မျက်လုံးပြူးကြီးနှင့်။

“မိန်းကလေးရဲ့ မိဘတွေရော သိရဲ့လား”

“မသိပါဘူး…သူသဘောတူလို့ ဘိုင်စကယ်နဲ့ ဒီအထိ ခေါ်လာတာ..ဒယ်ဒီ”

“မင်း ဆုံးဖြတ်ပြီးပြီလား..ငါ့သား”

“ဆုံးဖြတ်ပြီးပါပြီ”

“ဟဲလို..မိန်းကလေး”

မစ္စတာတရေ့စ်က သူတတ်ထားသည့် မြန်မာဘာသာဖြင့် ပြောလိုက်ခြင်းပင်။

“ဘုရား”

အင်္ဂလိပ်လူမျိုးမှန်လျှင် မင်းပိုင်းစိုးပိုင်းများဟု မသိန်းရင်က သိထားသဖြင့် ဘုရားထူးလိုက်ခြင်းပင်။

“မင်း မောင်မောင်ကို ချစ်ကြိုက်သလား”

“ရှင်”

စံဖဲက မသိန်းရင်ကို ပြုံးပြလိုက်၏။

“မောင်မောင် ဆိုတာ ဒီမှာ ကျုပ်ကို ခေါ်ကြတဲ့နာမည်ပါ…ဒယ်ဒီမေးတာကိုဖြေလိုက်ပါ”

ထိုအခါမှ မသိန်းရင်က သဘောပေါက်သွားသည်။

ခေါင်းကို ငုံ့ထားရင်း ခပ်တိုးတိုးဖြေလိုက်၏။

“ကိုစံဖဲ သဘောပါပဲ”

မစ္စတာတရေ့စ်က မျက်မှောင်ကြုံ့လိုက်သည်။

“ငါနားမလည်ဘူး..မောင်မောင်.. သူဘာကို ဆိုလိုတာလဲ”

“ကျွန်တော့်အလိုကျပဲလို ပြောတာ ဒယ်ဒီ”

“ကဲ..ဟုတ်ပြီကွာ...ဘယ်တတ်နိုင်တော့မလဲ...မင်းဘဝကို မင်းရွေးချယ်လိုက်ပြီပဲ..ငါ့သား..ကိုယ့်လမ်းကို ကိုယ်လျှောက်ဖို့သာပြင်ပေတော့.ဒယ်ဒီကတော့ တတ်နိုင်သလောက် မင်းကို ကူညီပေးပါ့မယ်”

.........................................................................................................................

မဲတောရွာ။

သူကြီးဦးရာပိုင်၏အိမ်တစ်ခုလုံး တိတ်ဆိတ်နေသည်။

မိတ္ထီလာအထိ တက်ကာ ဘိုင်စကယ်သွားဝယ်သော မောင်ပုသည် ဘိုင်စကယ်ကို ခြံထဲတွင် ဒေါက်ထောက်ရပ်လိုက်၏။

ဦးရာပိုင်က ရေနွေးကြမ်းသောက်နေရာမှ သူ့သားကို လှမ်းကြည့်သည်။

“ဘယ်လောက်ပေးခဲ့ရလဲ..သား”

“တစ်ရာ့ငါးဆယ်တိတိပဲ..အဘ..အမေရိကန်လုပ်မို့ ဈေးကကြီးသွားတာ..ကောင်းလည်းကောင်းတယ်”

မောင်ပုက စက်ဘီး ဘဲလ်ကိုတတောင်တောင်တီးပြလိုက်သည်။

“ဈေးကတော့မနည်းဘူးပဲ”

“ဒီဘိုင်စကယ်နဲ့...ကျုပ် အသည်းကွဲခဲ့တာကိုလည်းထည့်ပြောဦးလေ..အဘရာ...အဘပြောထားတဲ့ သေနတ်လိုင်စင်ကိစ္စလည်း မိတ္ထီလာအရေးပိုင်ရုံးထိဝင်စုံစမ်းခဲ့တယ်...ဘုရင်ခံထိစာတင်ရမှာလို့တော့ သိရတာပဲ.သာစည်က ပုလိပ်ဝန်ထောက်ရဲ့ ထောက်ခံစာလည်း လိုသေးတယ်..အဲ့ဒါတော့ ကိုညီမောင် က သူလုပ်ပေးမယ်ပြောတယ်..ထုံးစံအတိုင်း သူ့ကိုတော့ နည်းနည်းပါးပါးပေးရမှာပေါ့”

“အေးပါ.ငါကတော့ ဒီကိစ္စတွေ သိပ်နားမလည်ဘူး..ကဲ...မင်းနှမကိုသွားခေါ်ချေဦး..အခန်းထဲကနေ မထွက်တာ တစ်ပတ်လောက်ရှိပြီ..ထမင်းလည်း အဲ့ဒီထဲပဲ ပို့ရတယ်”

မောင်ပုက အိမ်ပေါ်သို့ တက်သွားသည်။ စံဖဲနှင့် မသိန်းရင်ကိစ္စ ဖြစ်ပြီး ကတည်းက သူတို့မောင်နှမ နှစ်ယောက်မှာ အရှက်ကြီး ရှက်ခဲ့ကြရ၏။

မောင်ပုမှာ မသိန်းရင်ကို တောင်းယူရန် ဆုံးဖြတ်ပြီးချိန်လည်းဖြစ်သဖြင့်ပိုဒေါသ ထွက်ရသည်။ နှမဖြစ်သူအတွက်လည်း ရင်နင့်အောင်ခံစားခဲ့ရ၏။ ရှက်စိတ်များ ကြောင့် မောင်ပုလည်း စက်ဘီးဝယ်ရန်ဟု အကြောင်းပြကာ မိခင်ဖြစ်သူထံမှ ရွှေဒင်္ဂါး အပြားနှစ်ဆယ်ယူကာ ရွာမှ ထွက်သွားခဲ့၏။

မြနုကား အခန်းထဲကို မထွက်တော့။ တစ်ချိန်လုံး ငိုရှိုက်နေသည်။

မောင်ပုက အိမ်ပေါ်သို့ တက်သွား၏။

မိခင်ဖြစ်သူ ဒေါ်သာပို က မြနု၏ အခန်းရှေ့တွင် ထမင်းပန်းကန်နှင့် ရပ်နေ၏။

“အမေ..သားသွားပို့လိုက်မယ်”

မောင်ပုက မိခင်လက်ထဲမှ ထမင်းပန်းကန်ကို ယူလိုက်သည်။

“မြနု..ငါ့နှမ..မြနု....တံခါးဖွင့်ပါ.ငါ့နှမရဲ့”

အထဲမှ မည်သို့မျှ မတုံ့ပြန်လာ။

“ငါ့နှမအတွက် မိတ္ထီလာ ကျူူလီယာဆိုင်က ခေါင်းစည်းကြိုးကလေးတွေ ဝယ်လာ ခဲ့သေးတယ်...တံခါးဖွင့်နော်..ထမင်းစားချိန်ရောက်ပြီလေ”

ဘာမှ မထူးခြား။

မောင်ပုကမိခင်ဖြစ်သူကို အောက်သို့ သွားရန်လက်ပြလိုက်သည်။ ဒေါ်သာပို က အောက်ဆင်းသွား၏။

မောင်ပုကတံခါးနား ကပ်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

“မသိန်းရင်သတင်း...ကိုကိုပု ကြားခဲ့တယ်..ငါ့နှမ”

တံခါးလှစ်ခနဲ ဟ လာသည်။

“ကိုစံဖဲ ကို သူက ဖျားယောင်းသွားတာမဟုတ်လား...ကိုကိုပု”

မြနုမှာ ငိုထားရလွန်းသဖြင့် မျက်လုံးများ ဖောင်းအစ်နေသည်။

မောင်ပုက သက်ပြင်းချလိုက်၏။

"သူတို့ သာစည်က မြို့ပိုင်ရုံးမှာ စာချုပ်စာတမ်းနဲ့ကို ယူလိုက်ကြပြီ"

မြနုမှာ အနောက်သို့ ချာခနဲ လှည့်သွားပြီး အိမ်တိုင်ကို ခေါင်းနဲ့ စောင့်လိုက်သည်။

"ဒုန်း"ခနဲ။

သွေးများက နဖူးမှ ဖျာခနဲ ကျလာ၏။

"ငါ့နှမ..ငါ့နှမလေးရယ်"

မောင်ပု က အထဲသို့ ပြေးဝင်လိုက်သည်။ မြနုက မောင်ပု ဘက်သို့ လှည့်လာ၏။ မျက်နှာတွင်လည်း သွေးများ က ရွှဲလျက်။

"ကိုကိုပု မသိန်းရင်ကို တကယ်ချစ်သလား"

ထင်မှတ်မထားသော မေးခွန်းကြောင့် မောင်ပု မှာ အငိုက်မိသွား၏။

"ဖြေလေ..ကိုကိုပု"

"အင်း...ချစ်တာပေါ့ဟာ"

"ဒါဆို..မသိန်းရင်ကို ရရင် ကိုကိုပု ယူမှာလား"

"သူက စံဖဲမယားဖြစ်သွားပြီလေဟာ"

"အဲ့ဒါတွေ လုပ်မနေနဲ့...သူ့ကိုရရင် ကိုကိုပု ယူမှာလားပဲပြော"

"အင်း..ငါ..မသိန်းရင်ကလေးကို တကယ်ချစ်တာပါ"

"ဒါဆိုလည်း ဒီနေ့ကစပြီး မိနု စီစဉ်မယ်..ကိုကိုပု"

"ဘာတွေပြောနေတာလဲ..နှမရယ်"

"သိန်းရင်ဟာ ကိုကိုပု အတွက်ဖြစ်သလို...ကိုစံဖဲဟာလည်း မြနု လူပဲဖြစ်ရမယ်"

ထိုအချိန်တွင် ဦးရာပိုင်နှင့် ဒေါ်သာပိုတို့က အိမ်ပေါ်သို့ စိုးရိမ်တကြီးပြေးတက်လာကြ၏။

မျက်နှာတစ်ပြင်လုံးသွေးများရွှဲနေသည့်ကြားမှ ထမင်းပန်းကန်ကို ယူကာစားနေသော မြနုကို အံ့သြတကြီး တွေ့လိုက်ကြရတော့သည်။

.........................................................................................................................

စံဖဲ၏ ယောက်ဖ ကိုလုံး၊ အစ်မ မစော တို့လင်မယားက မသိန်းရင်၏မိဘများကို သာစည်သို့ခေါ်ဆောင်လာကြသည်။

ထို့နောက် မြို့ပိုင်ရုံးတွင် အကြင်လင်မယားဖြစ်ကြောင်း လက်မှတ်ထိုးလိုက်ကြ၏။

မသိန်းရင်၏ မိဘများမှ သူကြီးဦးရာပိုင်အား ပေးစရာရှိသည့်အကြွေးများကိုလည်း မစ္စတာတရေ့စ် နှင့် ကိုလုံးတို့က တင်တောင်းကြေးအဖြစ် လက်ဖွဲ့လိုက်ကြသည်။

မိဘများပြန်သွားသည့်နောက် စံဖဲတို့ စုံတွဲသည် ဒေါက်တာဖော်တီဂါရှိရာ ရွှေဘိုသို့ ပျားရည်ဆမ်းခရီးထွက်ခွာသွားကြ၏။

ဒေါက်တာဖော်တီဂါ က ရွှေဘိုမြို့စွန်ရှိ ဘိုတဲတွင် စားစရာအစုံအလင်၊ ဘိုင်စကယ်တစ်စီးနှင့် အခိုင်းအစေအပြည့်အစုံပါ သူတို့အားဖြည့်ဆည်းပေးထားသည်။

စံဖဲနှင့် မသိန်းရင်တို့၏ မိုးမမြင်လေမမြင်နေ့ရက်များ။

ပျော်ရ၏။ ရွှင်ရ၏။ ကြည်ရ၏။ နူးရ၏။ ရယ်ရ၏။ မောလည်းမောရ၏။

တစ်လခန့်ကြာသောအခါ သူတို့ သာစည်သို့ ပြန်ကြရပြီ။ ခြေကုန်လက်ပန်းလည်း ကျပြီကိုး။

........................................................................................................................

"ဒယ်ဒီကဘယ်လောက်ကြာမှာလဲ"

"မပြောတတ်ဘူး...မောင်မောင်.အင်္ဂလန်က ဒယ်ဒီရဲ့ မိသားစုတွေနဲ့လည်း မတွေ့ရတာကြာပြီဆိုတော့..ခြောက်လတစ်နှစ်တော့ အနည်းဆုံးကြာမှာပဲ"

မစ္စတာတရေ့စ်၏ သားရေကုမ္ပဏီမန်နေဂျာနေအိမ် ညှေ့ခန်းတွင် ဖြစ်သည်။

မစ္စတာတရေ့စ်သည် ဖေးဘရစ်ရှပ်သားရေကုမ္ပဏီ ဘုံဘေရုံးခွဲတွင် စာရင်းစစ်ခံရန် သွားရင်း..အင်္ဂလန်မှ မိသားစုရှိရာသို့ ရက်ရှည်ခွင့်ယူပြီး ပြန်မည့်အကြောင်းကို စံဖဲ နှင့် ကိုလုံးအား ခေါ်အသိပေးခြင်းဖြစ်၏။

“ဒယ်ဒီနေရာမှာ မစ္စတာကာလစ်စလေဆိုတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက် က တာဝန်ယူလိမ့်မယ်... သူက ရန်ကုန်ရုံးခွဲကပဲ...ဒီတော့ မောင်မောင်တို့ လင်မယား က ဒီအိမ်မှာ နေလို့မဖြစ်ဘူး...မင်းတို့အတွက် သာစည်မြို့ထဲမှာ အိမ်တစ်လုံးငှားဖို့ ဒယ်ဒီစဉ်းစားထားတယ်..မောင်မောင်လည်း ဒယ်ဒီပြန်မလာခင် အထိ ဟော့ဒီက ကိုလုံးနဲ့အတူ သားရေအဝယ်တော်အလုပ်ကို သင်ယူပါ..ဒယ်ဒီပြန်လာရင်..ကုမ္ပဏီမှာ ရာထူးတစ်ခု မင်းအတွက်ခန့်ဖို့ ပြောပေးမယ်..ဟုတ်ပြီလား”

မစ္စတာတရေ့စ်က ငွေစက္ကူတစ်ထပ်ကို စံဖဲရှေ့သို့ တိုးပေးလိုက်သည်။

“ငါကမင်းကို ကောလိပ်ကျောင်းအထိ မှန်းထားပေမယ့်လည်း..မင်းက မင်းလမ်း မင်းရွေးချယ်သွားခဲ့ပြီပဲ..ငါ့သား.. မိသားစုကို သစ္စာရှိပါ..လင်ယောကျ်ားကောင်း ဖြစ်ပါစေကွာ”

“ဟုတ်ကဲ့ပါ..ဒယ်ဒီ”

စံဖဲ က ခုံအောက်သို့ ဆင်းကာ မစ္စတာတရေ့စ်အားကန်တော့လိုက်၏။

မသိန်းရင် က မစ္စတာတရေ့စ်၏ အဝတ်အစားထုပ်များကို စီစဉ်ကာ ထည့်ပေးနေသည်။

“ဩော်..မောင်မောင်..မင်း တလောကရွာယူသွားတဲ့ တူမီးလည်း အပေါ်ထပ်က ငါ့ ရုံးခန်းနံရံမှာ သေချာသွားပြန်ချိတ်ပေးပါဦး..မင်းကဇွတ်ယူသွားလို့သာ..အဲ့ဒီတူမီး က အန္တရာယ်အရမ်းကြီးတယ်...ပစ်တဲ့သူတိုင်းဒုက္ခရောက်ကြတာပဲကွ..နောက်ကို ယူမသုံးပါနဲ့ကွာ..ကြားလား”

စံဖဲ က တံခါးကြားတွင် ထောင်ထားခဲ့သော တူမီးသေနတ်ကို ယူရန် အိမ်ပေါ် တက်ရန် ပြင်လိုက်သည်။

“ဒါနဲ့ ဒီသေနတ်က လိုင်စင်နဲ့ပဲလား...ဒယ်ဒီ”

“အေး..တူမီးဆိုပေမယ့် အရေးပိုင်ရုံးမှာတော့ လိုင်စင်လုပ်ထားရတာ ပေါ့...သေနတ်ဒင်မှာလိုင်စင်နံပါတ်ပါတယ်လေ”

စံဖဲ က သေနတ်ဒင်ကို ကြည့်ကာ ပွတ်သပ်ရင်း ရေရွတ်လိုက်သည်။

“လိုင်စင်နံပါတ် KTA 1027...လှလိုက်တာ”

..................................................................................

၁၉၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်။

သာစည်မြို့ ဖေးဘရစ်ရှပ်သာသနာပြုကျောင်းဝင်းအတွင်း မန်နေဂျာအသစ်ဖြစ်သူ မစ္စတာဖိလစ်ကာလစ်စလေ၏ မွေးနေ့ပါတီပွဲကျင်းပနေသည်။

ထိုပွဲသို့ သာစည်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ရွှေဘိုတစ်ဝိုက်မှ မျက်နှာဖြူအရာရှိများ၊ အစိုးရဝန်ထမ်းများနှင့် သာသနာပြုဆရာတော်များ တက်ရောက်ကြ၏။

စံဖဲ၏ယောက်ဖကိုလုံးမှာ လက်ထောက်မန်နေဂျာရာထူးတိုးသွားပြီဖြစ်သဖြင့် စံဖဲ မှာ ကိုလုံးနေရာတွင် အဝယ်တော် အဖြစ် လုပ်ကိုင်နေသည်။

ထို့ကြောင့် ပျော်ဘွယ်၊ ဝမ်းတွင်းတဝိုက်သို့ သာသနာအဝယ်ကိစ္စဖြင့် သွားလာနေ ရသဖြင့် ပွဲသို့ မတက်ရောက်နိုင်။

သို့သော်ငြား ထိုပွဲသို့ ထူးထူးခြားခြား သာသနာအဝယ်တော်အသစ်တစ်ယောက် တက်ရောက်လေသည်။

ထိုအဝယ်တော်မှာ အရည်အသွေးကောင်းပြီး ဈေးနိမ့်နိမ့်ဖြင့် သာသနာများကို သွင်း နိုင်သဖြင့် မစ္စတာကာလစ်စလေက သဘောကျနှစ်သက်နေသူဖြစ်၏။

မွေးနေ့ရှင် မစ္စတာကာလစ်စလေက သူ၏ သာသနာအဝယ်တော်သစ် မဲတောရွာ သား မောင်ပု နှင့် ရာဇဝတ်အုပ် ကိုညီမောင်တို့ ဆီသို့ရောက်လာပြီး ဘရန်ဒီခွက် ချင်း တိုက်လိုက်သည်။

“မစ္စတာပုနဲ့ အိုင်ပီညီမောင် နဲ့က အရင်ကတည်းက သိကြတာလား”

“သိကြပါတယ်..မစ္စတာ..ကျွန်တော် ဆပ်ပါးမိုင်းနားတပ်ကထွက်ပြီး ပုလိပ်ဘက် တာဝန်ထမ်းမလားစဉ်းစားမိတဲ့ အချိန်က မိတ္ထီလာဂါတ်မှာ ကိုညီမောင်က အက်စ်

အိုင်ပီရာထူးပေါ့..အစိုးရပိုင်းဆီ စာတင်ပို့ သူ့နဲ့ပဲ လုပ်ရကိုင်ရတာ.နောက်ပိုင်း တော့ ကျွန်တော့်အဖေက မိသားစုလုပ်ငန်းတွေပဲလုပ်ပါဆိုတာနဲ့...ပုလိပ်မလုပ် ဖြစ်တာပဲ”

“ကောင်းပါလေ့ဗျာ...နို့မဟုတ် ကျုပ်တို့ရဲ့ အဝယ်တော်ကောင်းတစ်ယောက်ဆုံးရှုံး ရမှာပဲ...အရင်ကတော့ ကိုလုံး က အားအကိုးရဆုံးပါ..သူကရာထူးတိုးသွားတော့ သူ့နေရာယူလိုက်တဲ့ ဟို မောင်မောင် ဆိုတဲ့ ကောင်လေးကလည်း သူ့လောက် တော့ မလုပ်နိုင်သေးဘူးဗျ..ဒါပေမယ့်လည်းဗျာ အရင် မန်နေဂျာရဲ့မွေးစားသား၊ ကိုလုံးရဲ့ တူလည်းဖြစ်နေတော့ ထောက်ထားနေရတာပေါ့”

မောင်ပု မျက်နှာ တည်ခနဲ ဖြစ်သွားသည်။

“ကိုလုံးရဲ့တူဆိုတော့..စံဖဲ ဆိုတာလား”

“သိပ်ဟုတ်တာပေါ့ဗျာ....ခင်ဗျားတို့ မဲတောသားပဲထင်တယ်... အရင်က မန်နေဂျာ မစ္စတာတရေ့စ်အရှိန် နဲ့ သာစည်မှာ လူပါးဝခဲ့တဲ့ကောင်ပေါ့”

ရာဇဝတ်အုပ်ကိုညီမောင်က ဝင်ပြောလိုက်ခြင်းပင်။

စကားပြောနေရင်းမှ မောင်ပု က ညှော့်ခန်းနံရံတစ်နေရာထံ အကြည့်ရောက် သွား၏။

ပန်းကနုတ်များဖြင့် လှပနေသော တူမီးသေနတ်။

“အဲ့ဒီသေနတ် ကျုပ် မြင်ဖူးတယ်..ကိုညီမောင်”

“ခင်ဗျား..ဒီအိမ်ကို အရင်ကရောက်ဖူးလို့လား”

“မဟုတ်ဘူး...ရွာကို စံဖဲ လွယ်လာတာ”

“ဟာ...ဒီသေနတ်က လိုင်စင်အမည်ပေါက်ထားတာက မစ္စတာတရေ့စ်နာမည်နဲ့ ဗျ..သူတစ်ယောက်ပဲကိုင်ခွင့်ရှိတာ.. အခုဆိုရင်တော့...သူ့နေရာဆက်ခံတဲ့ ဒီက မစ္စတာကာလစ်စလေပဲ ကိုင်ခွင့်ရှိတာပေါ့..ဘယ့်နှယ့်..ဒါ ဥပဒေချိုးဖောက်တာပဲ”

မောင်ပု ခေတ္တမျှ ငြိမ်သွားသည်။

ထို့နောက် မစ္စတာကာလစ်စလေးက သူအမဲလိုက်ချင်သည့် ကိစ္စများကို ပြောနေသဖြင့်စကားလမ်းကြောင်းများလွဲသွားတော့၏။

..........................................................................................................................
...................

မြနု က ဘုံဘေဘားမားကုမ္ပဏီသို့သွင်းမည့် သစ်လုံးလှည်းများကို စစ်ဆေးနေရာမှ ကိုပု ဘက်သို့ လှည့်လိုက်သည်။

"ဒီလိုဆိုရင် ကိုစံဖဲ ကိုင်ခဲ့တဲ့ သေနတ်က ပြဿနာရှိနိုင်တာပေါ့"

"ကိုညီမောင်ကတော့ ဒီလိုပြောတာပဲ..ငါ့နှမ"

"အဲ့ဒီ သားရေဗိုလ်တို့က ဘယ်နေ့လောက် အမဲပစ်ထွက်ကြမတဲ့လဲ..အဲ့ဒီသေနတ်ရော ယူသွားမှာလား"

"ဒီတစ်ပတ်စနေနေ့ သွားကြမှာ...သူတို့မှာ ဝင်ချက်စတာရိုင်ဖယ်တွေ ရှိနေမှပဲ..ဒီတူမီးကို ယူသွားစရာလား..ဟ"

"ကိုကိုပု လိုက်သွားမှာမဟုတ်လား"

"ဟုတ်တယ်..ငါပါလိုက်သွားမှာ"

"ဟေ့..မြသန်း ဒီကိုလာစမ်း"

မြသန်းဆိုသူက မြနု အနားသို့ ရောက်လာသည်။

"စနေနေ့ကျရင်..ကိုကိုပုနဲ့ သားရေဗိုလ်အိမ်ကို နင်လိုက်သွား"

"ဟာ..သူတို့ကငါ့ကိုပဲခေါ်မှာ..လူပိုပေးလိုက်မှာမဟုတ်ဘူးဟ"

"သူ့ကိုလည်းမလိုက်ခိုင်းပါဘူး...ကိုကိုပုကို လိုက်ပို့တဲ့ တပည့်ဆိုပြီး အဲ့ဒီအိမ်ထဲအထိ သူ့ကို ခေါ်သွားပေးရုံပဲ..ပြီးရင်..အဲ့ဒီသေနတ်နေရာကို မသိမသာပြပေးခဲ့..နောက်တော့ ပြန်လွှတ်လိုက်ပေါ့"

"နင် ဘာလုပ်ဦးမှာလဲ..မိနုရာ..ငါဖြင့်ဘာမှ နားမလည်ပဲဟ"

“ကိုကိုပု..ရယ်..ငါ့အစ်ကို က  စစ်မြေပြင်မှာ အမိန့်ပေးမှ စစ်တိုက်တတ်တာ..မြနု က လူ့ဘဝတိုက်ပွဲမှာ တိုက်ပြမယ်..ကြည့်နေပါ”

“အေးပါဟာ..အေးပါဟာ...ငါ့နှမကတော့ဟော့”

.................................................................................................................................

“လိုင်စင်နံပါတ်က 1027 နော်”

ဂါတ်စာရေး ဂေါ်ရခါးလူမျိုးတပ်ကြပ်ကြီးက အမှုဖွင့်ဖိုင်တွဲတွင် ရေးထည့်လိုက်သည်။

အမှုက သာစည်မြို့၊ ဖေးဘရစ်ရုပ်သားရေကုမ္ပဏီရုံးခွဲ တွင် အလှချိတ်ထားသော တူမီးသေနတ်ပျောက်ဆုံးမှု။

ရာဇဝတ်အုပ်ကိုညီမောင် က ဂါတ်စာရေးထံမှ အမှုတွဲကို ခေတ္တမျှဖတ်ပြီးနောက် ဂါတ်တဲအပြင်ဘက်သို့ထွက်လိုက်သည်။

“ရာဇဝတ်အုပ်မင်း”

နွားလှည်းပေါ်မှ ဆင်းလာသော မောင်ပု။ လှည်းပေါ်တွင် မြနုလည်း ပါလာ၏။

ကိုညီမောင်၏ မျက်လုံးများက မြနုထံတွင်မခွာတော့။

မြနုက ကိုညီမောင်ကို ခပ်ဝင့်ဝင့်လေး ပြုံးပြသည်။

“ကိုပု..ဘယ်ကလှည့်လာတာလဲ”

“ခင်ဗျား ဆီကိုပဲ လာတာ..သေနတ်လိုင်စင်ကိစ္စလေး ဘာထူးလဲ မေးချင်လို့ပါ...ဒီက ကျုပ်နှမကလည်း သာစည်ဈေးဝယ်လိုက်ချင်တာနဲ့ ခေါ်လာခဲ့တာ”

“အင်း..ကျုပ်လည်း အမှုကိစ္စတစ်ခုပေါ်လာလို့..ရှုပ်နေတာနဲ့ထမင်းမစားရသေးဘူး..ဂါတ်ဘားဘေးက ထမင်းဆိုင် ကောင်းတယ်....လာ..အတူစားရင်း ပြောကြတာပေါ့”

ကိုညီမောင်က ကိုပုနှင့် မြနု တို့အား ဂါတ်ဘားဘေး၊ ညောင်ပင်ရိပ်ရှိ ထမင်းဆိုင်သို့ ခေါ်သွားသည်။

“အခု ဒိုင်အာခီအုပ်ချုပ်ရေးပြောင်းလိုက်ပြီးနောက်ပိုင်း လက်နက်ကိစ္စကို ဟုမ်းအဖဲရားက ကြပ်ထားတယ်ဗျ…သေနတ်ကိုင်ဖို့ဆိုတာလုံလောက်တဲ့ လုံခြုံရေးအကြောင်းပြချက်ရှိရမယ်ပေါ့ဗျာ.. ခက်နေတာက…ခင်ဗျားတို့မှာ အဲ့ဒီအကြောင်းပြချက်ကလုံလုံလောက်လောက်မရှိတာပဲ”

“အေးဗျာ…ငွေကတော့ ဘယ်လောက်ကုန်ကုန်ပါ..ကိုညီမောင်ရယ်..ကျုပ်ကဘိုင်စကယ်နဲ့ သေနတ် မဖြစ်ဖြစ်အောင် ရစေမယ်လို့ ဆုံးဖြတ်ချက်ချထားတာ”

မြနုက စကားတစ်ခွန်းမှ ဝင်မပြော။ ဝက်သားဟင်းတစ်တုံးကို ကိုညီမောင်၏ပန်းကန်ထဲသို့ ထည့်ပေးလိုက်သဖြင့် ကိုညီမောင် မှာ ကိုပုမမြင်အောင် ပြုံးလိုက်သည်။

“ငွေက အရေးမကြီးပါဘူး…ကိုပုရယ်..ကျုပ်က ကိုယ့်လူဆန္ဒကို လုပ်ပေးချင်တာပေါ့..သေနတ်ကိစ္စက အခုတောင် ပြဿနာတက်နေတာ…ဟိုတစ်ခါ သားရေဗိုလ်အိမ်မှာ ခင်ဗျားပြောတဲ့ တူမီးသေနတ်လေဗျာ..အဲ့ဒါ အခိုးခံလိုက်ရလို့..ပြဿနာတက်နေပြီရော”

“ဟုတ်လား..ဘယ်လိုဖြစ်တာလဲဗျာ”

“ကျုပ်တို့ခင်ဗျားတို့ အမဲပစ်ထွက်နေချိန်..ညဘက် တစ်ယောက်ယောက်ဝင်ခိုးသွားတာပဲဗျ..ဘယ်ကောင်ကများ..ဒီသေနတ်အစုတ်ကိုဝင်ခိုးသွားလဲမသိပါဘူး”

“အဲ့ဒီ သားရေဗိုလ်အိမ်မှာ တခြားပစ္စည်းတွေရော ခိုးခံရသေးလား”

မြနု လေသံက နူးနူးညံ့ညံ့လေး။

ကိုညီမောင် က အချိုသာဆုံးဖြစ်အောင် ပြုံးပြလိုက်သည်။

“အင်း…သေနတ်ပါပဲ..ဒီကနမ”

“မြနုပါ”

“ဟုတ်ကဲ့..မြ..နု”

“သေနတ်တွေဘာတွေလည်းရှိတဲ့ မျက်နှာဖြူအိမ်ကို ဘယ်သူက ဝင်ခိုးရဲမှာလဲ..ပြီးတော့.အိမ်ကိုဝင်ဖူးထွက်ဖူး ကျွမ်းကျင်နေတဲ့သူတွေသာ ဒီသေနတ်ရှိတာသိတာလေ..သေနတ်ကိုပဲ သီးသန့်ခိုးတယ်ဆိုတော့ သေနတ်လည်း ပစ်တတ်တဲ့သူပဲနေမယ်”

မြနု ၏ စကားအဆုံးတွင် ကိုညီမောင် ခေတ္တမျှ တွေးသွားသည်။

“စံဖဲ”

မောင်ပု ၏ နှုတ်မှ နာမည်တစ်ခုရွတ်လိုက်၏။

ကိုညီမောင်က လက်ဖျောက်တီးလိုက်သည်။

“ဟုတ်တယ်..စံဖဲ..ဒီကောင်”

ကိုညီမောင်က သူ့ခါးကြားတွင် ချိတ်ထားသော လက်ထိပ်ကို စမ်းလိုက်သည်။

...............................................................................................................
.........................

“ချောက်”

စံဖဲက သူ့လက်ကောက်ဝတ်နှစ်ဖက်မှ လက်ထိပ်ကို ကြည့်လိုက်၏။

မသိန်းရင် မှာ ဆံပင်ဖရိုဖရဲကို ဘီးစပတ်ပတ်ကာ.စံဖဲ၏ ခါးကို အလန့်တကြားဖက်ထားလိုက်သည်။

“ပုလိပ်မင်းကြီးရယ်..ဒီက ကိုစံဖဲ က လူကောင်းသူကောင်းပါ...မဖမ်းကြပါနဲ့”

စံဖဲကမူ မည်သည့်စကားမျှ မပြော။

ကိုညီမောင် က စံဖဲကို ပြုံးပြီးကြည့်လိုက်သည်။

“စံဖဲ...လိုင်စင်နံပါတ်က 1027တူမီးသေနတ်ပျောက်ဆုံးမှုမှာ မသင်္ကာတရားခံအဖြစ် မင်းကို ဖမ်းမိန့် ပါလာတယ်”

စံဖဲက ကိုညီမောင်ကို မထီတရီကြည့်ကာပြုံးလိုက်၏။

“တစ်နေ့နေ့တော့ ခင်ဗျားတို့ ဒီလိုလုပ်လိမ့်မယ်လို့..ကျုပ်တွေးပြီးသားပါ.ဒါပေမယ့်.ကျုပ် မဟုတ်တာဘာမှမလုပ်ထားဘူး..လိပ်ပြာလုံတယ်”

“ဒါကတော့...ဂါတ်ရောက်မှ ပြောပေါ့ကွာ..ဟုတ်လား”

စံဖဲက လက်ထိပ်တန်းလန်းအနေအထားဖြင့် မသိန်းရင်၏ ပါးကလေးကို ပွတ်ဆွဲလိုက်သည်။

“ရှာပြန်နေ...ကိုစံဖဲ..ပြန်လာမယ်”

# အခန်း ( ၆ )

မိတ္ထီလာထောင်ကြီး။

ထောင်ဝင်စာတွေ့ဆုံသည့်နေရာသည် ဆူညံပွက်လောရိုက်နေ၏။

အကျဉ်းသားပေါင်းလေးဆယ်ခန့် နှင့် ထောင်ဝင်စာလာတွေ့သူများကြားတွင် သံဇကာတစ်ခုသာခြားနေသော်လည်း စကားပြောသံများက တဝေါဝေါ။

သေနတ်ခိုးမှုမှာ ပေါ်လွင်ထင်ရှားခြင်းမရှိသော်လည်း စံဖဲမှာ မသင်္ကာမှုဖြင့် ထောင်ဒဏ် (၆)လ ချမှတ်ခံခဲ့ရသည်။

သုံးလမြောက်သည့်နေ့။ စံဖဲ၏ ပထမဆုံးထောင်ဝင်စာ။

စံဖဲက သံဇကာပေါက်ကြားမှ အပြင်သို့ ချောင်းကြည့်လိုက်သည်။ မသိန်းရင်ကို ရှာခြင်း။

"ငါ့ညီ"

ခေါင်းပေါင်းထူထူကြီးနှင့် ကိုသူတော်၏ မျက်နှာသာပေါ်လာ၏။

"ကိုသူတော်...မသိန်းရင်ရောဗျ..အနောက်ကျန်ရစ်နေတာလား"

ကိုသူတော်က ပြန်မဖြေ။

"ရော်...မသိန်းရင်တယောက် ပါမလာဘူးလား"

"မင်း အထဲမှာ နေရထိုင်ရအဆင်ပြေရဲလား..ငါ့ညီ..အဘနဲ့ အမေက မင်းအတွက် ကောက်ညှင်းထုပ်နဲ့ အမဲခြောက်ဖုတ်လုပ်ပေးလိုက်တယ်..မစောတင်တို့ကလည်း မင်းအထဲမှာ လိုတာသုံးဖို့ ငွေထည့်ပေးလိုက်သေးတယ်"

"ကိုသူတော်...မသိန်းရင်ရောဗျ..သူလာလို့ လိုက်မလာတာတုန်း"

ကိုသူတော်က သက်ပြင်းချလိုက်ပြီး လက်ထဲမှ စာလိပ်တလိပ်ကို ထောင်ပြသည်။

"အဲ့ဒါ ဘာစာလဲဗျ..မသိန်းရင် ပေးလိုက်တဲ့စာလား"

“အေး…စာတော့စာပဲ..ဒါပေမယ့်..စာချုပ်”

“ဘာစာချုပ်တုန်း”

“ကွာရှင်းစာချုပ်ကွာ”

“ဘာ..ဘယ်သူ့ကွာရှင်းစာချုပ်တုန်း”

“မသိန်းရင်က မင်းကို ပေးခိုင်းလိုက်တာ”

ရုတ်တရက်မို့ စံဖဲမှာ တွေခနဲ ဖြစ်သွားသည်။ ကိုသူတော်လက်ထဲမှ စာချုပ်လိပ်ကလေးကို အကြာကြီး စိုက်ကြည့်နေမိ၏။

“ဘာလို့….သူ…သူ”

စံဖဲ၏ စကားက ရှေ့ဆက်မလာ။

“မင်း အဖမ်းခံလိုက်ရပြီးကတည်းက မသိန်းရင် ရွာကို ပြန်ရောက်လာတယ်..ငါတို့လည်း တတ်နိုင်သမျှ စောင့်ရှောက်ပါတယ်ကွာ..ဒါပေမယ့်..သူကြီးဦးရာပိုင်နဲ့ သူ့သား မောင်ပု က တစခန်းထလာတယ်..စံဖဲဟာ ဓါးပြမှုနဲ့ထောင်ကျပါတယ်ဆိုပြီး လျှောက်သတင်းဖြန့်တယ်…ပြီးတော့…မသိန်းရင်ရော၊ သူ့မိဘတွေကိုပါ…မကြာခဏ ခေါ်ခေါ်စစ်ဆေးတယ်ကွာ..သာစည်က ပုလိပ်ညီမောင် တို့လည်း မကြာခဏပါလာတယ်…ညီမောင်က မြနုကို နောက်ပိုးနေတာကိုးကွ..ဒီတော့ သူကြီးသားအဖကို မျက်နှာလုပ်ရတယ်ထင်ပါရဲ့ကွာ….မင်းနဲ့ ပတ်သက်နေသမျှ ဒီလိုမျိုး မကြာခဏခေါ်စစ်ဆေးတာ ခံရမယ်ဆိုတာမျိုးလည်း ကလေးမနဲ့ သူ့မိဘများကို ပြောတယ်ထင်ပါတယ်..ဟူး”

ကိုသူတော်က ခေါင်းပေါင်းကို ချွတ်ကာ ယပ်ခပ်ရင်း သက်ပြင်းချသည်။

“ဒါနဲ့ပဲ..သူက ကျွန်တော့်ကို ဒီစာချုပ်ပေးလိုက်တယ်ပေါ့”

“ဟုတ်တယ်…သူတို့က ပြောသေးတယ်..မင်း ထောင်ကလွတ်လာရင်လည်း မင်းကို အက်တူးခြေချုပ်စာရင်းတို့ပြီး နယ်နှင်ဒဏ်ပေးဖို့လုပ်မယ်တဲ့…မသိန်းရင်လည်း လူဆိုးမယားတသက်လုံးဖြစ်နေမယ်ပေါ့ကွာ… ဒီလိုပြောကြဆိုကြ

တယ်..နောက်ပြီး မောင်ပု နဲ့ မြနု ရဲ့ တပည့်တပန်းတွေကလည်း အင်အားတောင့်တော့...ခမြာ တို့မှာ ခြိမ်းခြောက်ခံကြရတယ်တူပါရဲ့"

စံဖဲက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး မျက်လုံးကို စုံမှိတ်ထားသည်။

အသက်ကို ဖြည်းဖြည်းနှင့် မှန်မှန်ရှူ၏။

"ဟုတ်ပြီလေ...ခဏ..ကိုသူတော်"

စံဖဲက ထသွားပြီး ထောင်ဝင်စာခန်းထောင့်တွင် ရပ်နေသော ထောင်ဝါဒါကို တစုံတစ်ခု ပြောလိုက်၏။

ခဏအကြာ ကိုသူတော်ဘေးတွင် လူတစ်ယောက်လာရပ်သည်။

"သူတော်"

ထိုသူကို မြင်သည့်အခါ ကိုသူတော် မျက်လုံးပြူးသွား၏။

"ဟာ..ချစ်ကောင်း..ဟော့ရောင်..မင်း..ချစ်ကောင်းမဟုတ်လား"

"အေး...သူတော်"

"မင်းက ကောလိပ်ကျောင်းတက်နေတာဆို..ဘယ်ကဘယ်လို"

"ငါလည်း ဒီထောင်မှာ ကျနေတာပဲ..နောက်မှ ငါ့ကိစ္စရှင်းပြမယ်ကွာ...စံဖဲလက်မှတ်ထိုးရမယ့်..စာချုပ်ပေး"

"ငါ့ဖြေပါဦးဟ...မင်းဘယ်လိုထောင်ကျရတာလဲ..ပြီးတော့ မင်းကျတော့ အပြင်ထွက်လို့ရတယ်"

"ငါက ကောလိပ်ကျောင်းသားဆိုတော့ ထောင်ပိုင်ကြီးရုံးမှာ စာရေးလုပ်နေရတာ..ဒီနေရာအထိတော့ လာခွင့်ရှိပါတယ်ကွ..ကဲ..မြန်မြန်ပေးကွာ...စံဖဲက လက်မှတ်ထိုးလိုက်မယ်တဲ့"

ကိုသူတော်က သူ့လက်ထဲမှ ကွာရှင်းစာချုပ်ကို ပေးလိုက်သည်။

"ပြန်ထွက်လာမှ ဆုံကြမယ်..ယောက်ဖ"

ချစ်ကောင်းက ပြန်လှည့်ရန်ပြင်၏။ ကိုသူတော်က ချစ်ကောင်းလက်မောင်းကို လှမ်းပုတ်ကာ တစုံတခု ကို ခပ်တိုးတိုးကပ်ပြောလိုက်သည်။

.......................................................................

ထောင်ပိုင်ရုံးအပြင်ဘက် စိုက်ခင်းဘေးမြေကွက်လပ်။

ဘောစကိုင်းပင်အောက်တွင် ကောက်ညှင်းထုပ်သုံးထုပ် ။ အမဲခြောက်ဖုတ်တချောင်း။

အပြင်ဘက်မှ နေအပူကြောင့် ခြောက်အက်သောကွင်းပြင်သည့် တံလျှပ်တို့ တညီးညီး။

စံဖဲ က ငေါင်ငေါင်ကြီးထိုင်နေသည်။

"စံဖဲ..ကောင်ညှင်းထုတ်စားလေးကွာ..ပဲပေါင်းလေးပါ ပါတော့..အိနေမှာပဲ"

ချစ်ကောင်းက ကောက်ညှင်းထုတ်တစ်ထုတ်ကို ဖြည်ရင်း ပြောလိုက်၏။

"စားချင်စိတ်လည်းမရှိပါဘူးဗျာ....ကျွန်တော့်ကြောင့်..မသိန်းရင်တို့ အတော်ကလေး ဒုက္ခရောက်ရရှာတယ်တဲ့..ဟူး"

"သိပ်လည်း စိတ်ပူမနေပါနဲ့ကွာ...သူအဆင်ပြေမှာပါ"

"သူ အဆင်ပြေမှာပါ....ဟုတ်လားဗျ....ကျွန်တော်မရှိပဲ သူအဆင်ပြေပါ့မလား"

"အင်း..အဆင်မပြေလို့ နောက်လင်ယူတာပေါ့ကွာ"

"ဟော့..လူ..ဘာစကားလဲဗျ"

စံဖဲက ဝုန်းခနဲထကာ ချစ်ကောင်း၏ အင်္ကျီစကို ဆွဲလိုက်သည်။

ချစ်ကောင်းက ကောက်ညှင်းထုတ်ကို အဝါးမပျက်ပဲ ပြုံးလိုက်၏။

"လွှတ်စမ်းပါ..စံဖဲရ....မင်း ဟာမက နောက်လင်ယူမှာမို့ မင်းဆီ ကွာရှင်းစာချုပ်ပို့ပေးတာ"

"ခင်ဗျား....လီးစကားမပြောနဲ့"

စံဖဲက လက်သီး ရွယ်လိုက်သည်။

"စောက်ကဲ မပိုစမ်းပါနဲ့ကွာ..ငါတကယ်ပြောနေတာ...မင်းဟာမက မင်းဆီက ကွာ စာရတာနဲ့ သူကြီးသားနဲ့ ယူတော့မှာတဲ့..ငါ့ကို မင်းအကို သူတော်ပြောပြသွား တယ်..မင်းကိုဖြည်းဖြည်းမှ ပြောပြဖို့ပေါ့"

စံဖဲမှာ ကိုသူတော်အား ဆွဲထားသော လက်ကို လွှတ်သည်။ ရွယ်ထားသော လက်သီးကို ဖြန့်သည်။

ထို့နောက် မြေပြင်ပေါ်သို့ ဖင်ထိုင်လျက်ကျသွား၏။

"ဟာ.......မဖြစ်နိုင်ဘူး...ကျုပ်ထောင်ကျနေချိန်မို့ သူ့မိဘအတွက် ကျုပ်ကို ခဏ တာ ကွာစာပို့တာနေမှာပါ...ကျုပ် ထောင်ကလွတ်ရင်..မသိန်းရင် က လာကြိုနေ မှာပါ...ကျုပ်တို့ ပြန်ပေါင်းမှာလေဗျာ"

"ငါဘာကြောင့် စိန်ဘိုကေဇာတ်ကို မီးရှို့လဲ မင်းနားလည်ပြီလား...စံဖဲ"

"ကျုပ် မသိန်းရင်ကို ယုံတယ်...ကိုသူတော်က တမင်တကာလိမ်ပြောသွားတာ ပါ..ဒါမှမဟုတ်..ကိုသူတော် မပြောပဲ..ခင်ဗျားက ကျုပ်ကို လိမ်တာ..ဟုတ်တယ် မဟုတ်လား...ကိုသူတော်"

"နေ့လည်တန်းပိတ်ချိန်ရောက်တော့မယ်..စံဖဲ...ကောက်ညှင်းထုတ်ကိုမြန်မြန် စား လိုက်တော့ကွာ"

ချစ်ကောင်းက စံဖဲ၏ ပုခုံးကို ပုတ်ကာ ထထွက်သွားတော့၏။

..........................................................................................

မဲတောရွာ။

မြခြေကျင်းမငွေမြိုင်၏ ရုပ်ပုံပါသော မျက်နှာချေဘူးကလေး ကို မြနုက ဖွင့်လိုက် သည်။

"ညည်း.လှသွားတော့မှာပါ"

မသိန်းရင်က မျက်လုံးများကို မှိတ်ထားသည်။

မြနုက တို့ဖတ်ပုဝါဖြင့် မျက်နှာချေကို တို့ကာ မသိန်းရင်၏ ပါးမို့မို့ထံ ခပ်ကြမ်းကြမ်းဖို့ပေး၏။

မသိန်းရင်၏ မျက်ဝန်းမှ မျက်ရည်စတို့က နှာတံဘေးနားတလျှောက်မှ နှုတ်ခမ်းပေါ်သို့ စီးကျလာသည်။

"မသိန်းရင်..မျက်ရည်တွေသုတ်ပစ်လိုက်စမ်းပါအေ....လိမ္မာပါတယ်"

မသိန်းရင်ထံမှ ရှိုက်သံတချက်ထွက်လာ၏။

"နင့်ကို သုတ်ပစ်လိုက်လို့ ပြောနေတယ်လေ"

မြနု က မသိန်းရင်၏ လည်ပင်းကို ညာဘက်လက်ဖြင့်ညှစ်ကာ ပြောလိုက်သည်။

"အစ်"

မသိန်းရင် တုန်တက်သွား၏။

"သစ္စာဖောက်မ...ငါ့အကိုကို သစ္စာဖောက်တယ်..ငါ့ကိုလည်း သစ္စာဖောက်တယ်"

မြနု ၏ လက်က မသိန်းရင်၏ လည်ပင်းကို မလွှတ်သေး။ နောက်ထပ် လက်တစ်ဖက်ကပါ လည်ပင်းကို ညှစ်ကိုင်လိုက်၏။

မသိန်းရင်က အလန့်တကြားဖြင့် မြနုကို တွန်းဖယ်ရုန်းကန်သည်။

"ငါ့နှမရေ"

မောင်ပုက ခန်းစည်းစကို လှန်လိုက်စဉ် ထိုမြင်ကွင်းကို မြင်သွား၏။

"မိနု..ဒါဘာလုပ်တာလဲ"

မြနု ၏ လက်ကို မောင်ပုက ဆွဲဖယ်ကာ တွန်းထုတ်လိုက်သည်။

"မသိန်းရင်ကလေး...."

အသက်ရှူရပ်မတက်ဖြစ်နေသော မသိန်းရင်ကို မောင်ပုက ထွေးပွေ့ထားလိုက်၏။

"နင်သွားစမ်း..မိနု...မသိန်းရင်နားကို မကပ်နဲ့..နင်ဘာမှ လုပ်ပေးစရာမလိုဘူး"

မြနု က ပြုံးလိုက်သည်။

“ဒီကောင်မကြောင့်…အကုန် ဒုက္ခတွေရောက်ကြရတာ…ကိုစံဖဲ..ထောင်ကျတာလည်း..နင့်ကြောင့်ပဲ..ဂြိုလ်မ”

“နင့်ပါးစပ်ကို ပိတ်စမ်း…မိနု..သွား..အပြင်မှာ လူကြီးတွေနဲ့ဆိုတာ နင်နားမလည်ဘူးလား..သွား..နင်ထွက်သွား”

မြနု အပြင်သို့ထွက်သွား၏။ မောင်ပုက မသိန်းရင် ၏ ခန္ဓာကိုယ်ကို ထွေးပွေ့ထားတာ..မျက်ရည်များကို သုတ်ပေးလိုက်သည်။

“မကြောက်နဲ့တော့နော်..မသိန်းရင်ကလေး..မျက်ရည်တွေလည်းသုတ်လိုက်တော့..ခဏနေ ဧည့်သည်တွေကို ထွက်ဧည့်ခံရတော့မှာ..မျက်ရည်စီးကြောင်းကြီးနဲ့ ဘယ်ကောင်းပါ့မလဲကွယ်”

ကိုပုက သူ၏ လက်ကြမ်းကြီးဖြင့် မသိန်းရင်၏မျက်ရည်များကို သုတ်ပေးလိုက်သည်။

………………………………………………………………………

စဉ့်အိုးထဲမှ ဝက်သားတုံးကြီးများ ကို ဒန်ပန်းကန်ထဲသို့ ခပ်မောက်မောက်ထည့်လိုက်၏။

ထို့နောက် မင်္ဂလာဧည့်ခံမဏ္ဍပ်ဘေး ထမင်းစားရုံရှိရာသို့ လူးလားခေါက်တုတ်ပြေးပို့နေကြသည်။

ထမင်းရုံပေါက်ဝတွင် ရွာသူရွာသားများမှာလည်း တိုးဝှေ့နေကြ၏။

ရင်ဖုံးတိုက်ပုံသခွားရောင်၊ ဘန်ကောက်ပုဆိုးဖြင့် သတို့သား မောင်ပု မှာ မသိန်းရင်၏ လက်ကို တွဲလျက် ဧည့်ခံမဏ္ဍပ်ထဲ ပြုံးပျော်ရွှင်လျက်။

မိတ္ထီလာမှ ငှားထားသည့် ဘိလပ်စိန် ဧည့်ခံဆိုင်းကလည်း မကြာခင် စတင်တော့မည်။

ဧည့်ခံမဏ္ဍပ်နှင့် မလှမ်းမကမ်း မန်းကျည်းပင်အိုကြီးအကွယ်တွင် လူငယ်သုံးယောက်နှင့် ခွေးနှစ်ကောင်။

ခွေးများကို ကြိုးချည်ထားပြီး လူငယ်နှစ်ယောက် က ထိန်းထားကြ၏။

ကျန်လူငယ်တစ်ယောက်က မီးခြစ်ဆံဗူးကို အသင့်ထုတ်သည်။

ညှော့ခံဆိုင်းမှ ပတ်မကြီးသံ..ဂျိ ခနဲ ။

ခွေးများမှာ အသံကြောင့် အလန့်တကြားဖြစ်နေကြ၏။

လူငယ်က မီးခြစ်ဆံတစ်ခုကို မီးညှိလိုက်ပြီး ခွေးများ၏ အမြီးတွင် သေချာချည်နှောင်ထားသော တရုတ်ဖျောက်အိုးအတွဲလိုက်များကို မီးညှိလိုက်တော့သည်။

ကြိုးများကိုလည်း လွှတ်ပေးလိုက်ကြပြီ။

"ဖောင်း..ဖောင်း..ဖောင်း..ဖောင်း..ဖောင်း"

ခွေးများမှာ အလန့်တကြားဖြင့် ညှော့ခံမဏ္ဍပ်ရှိရာသို့ တကောင်ကပြေးသည်။ တကောင်က ထမင်းစားရုံရှိရာသို့။

ဆိုင်းဆရာဘိလပ်စိန်မှာ ဆိုင်းကို ဆက်မတီးပဲ ဆိုင်းဝိုင်းအောက် ခေါင်းတိုးဝင်သည်။

"ပစ်ပြီဟ..ပစ်ပြီ"

"ဖောင်း..ဖောင်း..ဖောင်း"

ကမ္ဘာစစ်ပြန်သတို့သားလည်း အလန့်တကြားဖြင့် မြေပြင်တွင် ဝပ်သည်။ သတို့သမီး မသိန်းရင် က ပတ်မချောင်ထဲ ဝင်ပြေး၏။

ထမင်းစားရုံမှ လူများလည်း အလန့်တကြားထွက်ပြေးကြ၏။ ထမင်းစားရုံကို စီမံနေသော မြနု လည်း အလန့်တကြား။

မန်းကျည်းပင်နောက်မှ လူငယ်သုံးယောက်မှာ မြင်ကွင်းကို တခွိခွိရယ်ကြတော့သည်။

"ဟော့...ထွန်းလူ.နဲ့ ပေသီး.ဒီလောက်ဆိုရပြီ..သွားကြစို့"

မောင်နီ က လူငယ်နှစ်ယောက်ကို လက်တို့ကာ တချီတည်း လစ်ပြေးတော့၏။

ကက်ဝိုင်းများတွင် အကူဒိုင်လိုက်လုပ်နေသော မောင်နီသည် သူ့သူငယ်ချင်းစံဖဲ အတွက် တရုတ်အသုဘများတွင် သုံးသော ဗျောက်အိုးကို ရအောင်ရှာဝယ်ကာ နိုင်သည့်ဘက်မှ ကလဲ့စားချေကြခြင်းပင်။

ကုန်းတောင်းရွာသား ထွန်းလူ နှင့် ပေသီး တို့မှာ မောင်နီဦးလေး၏ ကက်ဝိုင်းတွင် အကူလုပ်ပေးနေသည့် မိုက်တိမိုက်ကန်းလူငယ်ကလေးများဖြစ်ကြသည်။

ဗျောက်အိုးများလည်းကုန်၊ ခွေးများလည်း မောကာမှ သူကြီးသား မောင်ပု နှင့် မ သိန်းရင်၏ မင်္ဂလာပွဲမှာ ကသောင်းကနင်းဖြင့် ရှေ့ပြန်ဆက်နိုင်ကြတော့၏။

.........................................................................

မိတ္ထီလာပုလိပ်အင်စပက်တော်ရုံး။

ပုလိပ်အရာရှိ ပေးသည့် စာရွက်တွင် စံဖဲက လက်မှတ်ထိုးပေးလိုက်သည်။

စံဖဲ၏ ဓာတ်ပုံ၊ ပြစ်မှုမှတ်တမ်း ထောင်ဝင်အမှတ်၊ ထောင်ထွက်လက်မှတ် တို့ ကို ပုလိပ်အရာရှိက သေချာစွာစစ်ဆေးပြီး ခေါင်းညိတ်ပြလိုက်၏။

စံဖဲ ပုလိပ်ရုံးထဲမှ ထွက်လာချိန် အပြင်လောက လေကို တဝကြီး ရှူလိုက်သည်။

လွန်ခဲ့သော ခြောက်လက သာမန်သားရေအဝယ်တော်တစ်ယောက်သည် သူ ကိုယ်တိုင် ဘာမှ ကျူးလွန်ခဲ့ခြင်းမရှိပဲ ဒီစတြိတ်၏ အက်တူး လူဆိုးစာရင်းဝင် တစ်ယောက် ဖြစ်ခဲ့ရလေပြီ။

“စံဖဲ”

လှည်းပေါ်မှ အသံရှင်ကို စံဖဲ လှမ်းကြည့်လိုက်သည်။

ချစ်ကောင်းက သူ့ဦးထုတ်ကို ချွတ်ပြလိုက်၏။

“ကိုကြီးချစ်ကောင်း”

ချစ်ကောင်းသည် စံဖဲထက် နှစ်လစောကာ ထောင်မှ လွတ်လာသူဖြစ်သည်။

“လာ..လှည်းပေါ်တက်..ဟော့ကောင်”

စံဖဲက ဝမ်းသာအားရဖြင့် လှည်းပေါ်တက်လိုက်၏။

"ကျုပ်လွတ်မှာ ခင်ဗျားက ဘယ်လိုသိတာလဲ"

"ဟ..ငါက ထောင်ပိုင်ရုံးစာရေးလုပ်ခဲ့တာလေကွာ...မင်းလွတ်ရက်ကို ငါသေချာကြည့်ပြီး မှတ်ခဲ့တာပဲ.ကဲ..မင်း မဲတောကို ပြန်မှာလား..သာစည်ကိုပြန်မလား"

စံဖဲက ခေါင်းခါလိုက်သည်။

"ကျုပ် ဘယ်သွားရမှန်းတောင် မသိပါဘူးဗျာ"

"ဟ..ဘာဖြစ်လို့လဲ"

"ပုလိပ်ရုံးက ကျုပ်ကို အက်တူးစာရင်းသွင်းထားတယ်..သာစည်အပိုင်ထဲကို ပြန်ခွင့်မရှိဘူးတဲ့ဗျာ..ခြေချုပ်လုပ်ထားတယ်"

"ဟ..မင်းအမှုကလည်း ဘာမှ မဟုတ်တာကို...ဘာကြောင့် ဒီလိုလုပ်တာပါလိမ့်..အတော်ထူးဆန်းတာပဲ..အင်း...မင်းရဲ့ မယားလုဖက်တွေ လက်ချက်ပဲနေမယ်ဟေ့"

ချစ်ကောင်းက လှည်းကို မောင်းနေရင်း ခေတ္တမျှ ငြိမ်သက်သွားသည်။ စံဖဲကလည်း မိတ္ထီလာမြို့၏ မြင်ကွင်းများကို ငေးမောနေ၏။

"ကဲ..မင်းဘာလုပ်မယ်စိတ်ကူးလဲ..စံဖဲ"

"ကျုပ်..မသိန်းရင်ကို တွေ့ချင်တယ်"

"ဟိုက သူ့အိမ်ထောင်နဲ့ သူလေကွာ"

"တခါလောက်ဖြစ်ဖြစ်ပါဗျာ...သူ့မျက်နှာလေးကို တခါလောက်မြင်ရရုံပါ"

"ဟူး..မလွယ်ဘူး..ငါ့ညီရာ..အခုအချိန် မင်း မဲတောပြန်သွားရင် ခြေချုပ်ဖောက်ဖျက်မှုနဲ့ ဟိုသူကြီးသားအဖက မင်းကို အထဲ ပြန်ထည့်မှာပေါ့...ခဏနေပါဦးကွာ..ငါ...မဲတောကို သွားပြီး မင်းထောင်ကလွတ်ကြောင်း မင်းအကိုတွေကိုပြောပေးပါ့မယ်..အချိန်တခုစောင့်လိုက်ပေါ့...ငါကအခု သဲတောဘက်က ဆူးပန်းရွာမှာ နေနေတယ် ၊ သဲတောက ချစ်တီးတိုက်ရဲ့ စာရေးဝင်လုပ်နေတာပေါ့ကွာ..မင်း ငါနဲ့ လိုက်နေလို့ရပါတယ်"

စံဖဲက သက်ပြင်းချသည်။

"ကိုချစ်ကောင်း"

"ဟေ"

"ခင်ဗျားရော...ခင်ဗျားရဲ့ မြ ကို လွမ်းနေသေးလား"

ကိုချစ်ကောင်းက နွားလှည်းမောင်းသည့် ကြိမ်လုံးကို နွားကျောကုန်းပေါ် ရွယ်ပြီးမှ ပြန်ချလိုက်သည်။

စံဖဲ၏ အမေးကို လည်း ပြန်မဖြေ။

"ကျုပ်မေးနေတယ်လေဗျာ...ခင်ဗျားရဲ့ မြကို လွမ်းသေးလားလို့"

"ငါတို့ အရက်သွားသောက်ကြတာ ကောင်းမယ်ထင်တယ်..စံဖဲရာ"

ကိုချစ်ကောင်း၏အသံက အဝေးကြီးမှ လာသည့် ပဲ့တင်သံကဲ့သို့။

........................................................................

"တောမြိုင်စွန်း..တကျွန်းစံရယ်..လွမ်းအောင်ဖန်တယ်...ဖြူမှ စိတ်ကို အဓိပ္ပါယ်သိဖွယ်..ကွာဝေးလွန်းလို့..သိမယ်...မောင့်စိတ်ကူးရယ်...လွမ်းလွန်းလို့...လွမ်းလွန်းလို့...တစ်မေခင်..ရွှေရင်တုန်တယ်...မုန်းရက်ကယ်.....အသိအမှတ်ပြုလို့ ကြင်စဦးမို့ မမေ့နိုင်ပါဘူးကွယ်"

နန်းတော်ရှေ့ဆရာတင်ရေးပြီး မမြကျင်သီဆိုထားသည့် "ကြင်စဦး"သီချင်းသံက မိတ္ထီလာကန်ဘေး "တိတ်ဝိန် ပျော်ပွဲစားရုံ" ဓာတ်ပြားစက်လေးမှ ထွက်ပေါ်နေသည်။

မသောက်ရတာ ခြောက်လကြာပြီမို့ စံဖဲမှာ မူးလေပြီ။

အရက်လာချပေးသော မိန်းကလေး၏ လက်ကို ဖမ်းဆွဲလိုက်သည်။

"အို..အမေ့"

သနပ်ခါးပါးကွက်ကျား၊ ဇာအင်္ကျီအနားကွတ်နှင့် ခပ်သွယ်သွယ်မိန်းကလေး။

"အဲ့ဒီ သီချင်းကြီး ပိတ်ပေးစမ်းပါဗျာ"

"ဘာဖြစ်တာတုန်း..တော်က...သီချင်းက ကောင်းတယ်လေ"

"ကျုပ်မိန်းမကို သတိရလို့ဗျ"

"ရော်..ခက်ပါရှင်...အရက်ဆိုင်လာပြီး အိမ်က မိန်းမ တနေ တယ်...ဒါဆိုလည်း ကိုယ့်အိမ်ကိုယ်ပြန်ကြွပေါ့"

မိန်းကလေးက လက်ကို ပုပ်ချပြီး စံဖဲကို မျက်စောင်းထိုးသွား၏။

ကိုချစ်ကောင်းက စံဖဲကို ကြည့်ကာ ခေါင်းခါသည်။

"စံဖဲ"

"ဗျာ"

"တယ်ခက်ပါလား..စံဖဲရာ...မင်းက မိန်းမကို လွမ်းတာလား...မိတ္ထီလာထောင်ကြီး ကို လွမ်းတာလား"

"ဘာဖြစ်လို့တုန်းဗျ"

"အဲ့ဒီမဒလေး က ဒီဆိုင်ကကောင်တွေဝိုင်းပိုးနေကြတဲ့ ဟာလေးကွ..ဘာလို့ လက်သွားဆွဲရတာတုန်း..ချပွဲတွေဖြစ်ရင်...အကုန် ဂျေးထဲ ပြန်နေရမယ်"

ထိုအခါမှ စံဖဲက ဆိုင်ထဲမှ ဝိုင်းများကို အကဲခတ်လိုက်သည်။

သူတို့ဝိုင်းအား မကျေမနပ်ဖြင့် ကြည့်နေကြသူအချို့။

"ကျုပ် လူဆိုးမဖြစ်ချင်ဘူး..ပြန်ကြမယ်ဗျာ"

ကိုချစ်ကောင်းက ကောင်တာသို့ ထသွားကာ ငွေသွားရှင်း၏။

"မောင်မောင်လာမယ်..ကိုကိုလာမယ်..တကယ်လာမယ်...လိမ်လည်ပြန်"

စံဖဲ လက်ဆွဲလိုက်သည့် ကောင်မလေးက ခတ်ပြားစက်မှ သီချင်းကို တမင်တကာပင် ခပ်ကျယ်ကျယ် လိုက်အော်ဆိုလိုက်သည်။

...............................................................................

၁၉၂၆ ဒီဇင်ဘာလ ၃ ရက်။

သာစည်အပိုင် သာဂရကျေးရွာ။

ကြေးကြီးကြီးလောင်းကြေးများဖြင့် ကျင်းပသော နွားလှည်းပြိုင်ပွဲ။

ကိုချစ်ကောင်းနှင့်အတူ စံဖဲလည်း ပြိုင်ပွဲပရိသတ်များကြားရောက်ရှိနေကြသည်။

သာဂရရွာမှာ သာစည်နယ်ထဲပါဝင်ပြီး ခြေချုပ်အရ စံဖဲလာခွင့်မရှိသောရွာပင်။ သို့သော် စံဖဲမှာ ထောင်ကလွတ်သည်ကလည်း ကြာမြင့်ပြီ။ ကိုချစ်ကောင်းနှင့် အတူ သာစည်နယ်တွင်း ရွာများသို့ သွားလာနေသဖြင့် ယခုပွဲသို့လည်း လောင်းကြေးလောင်းရင်း ရောက်နေခြင်းဖြစ်သည်။

သာစည်နယ်တကြောတွင် ပြိုင်ဘက်မရှိ အပြေးသန်သည်ဟုဆိုသော ဖိုးသာနိုင် ရွာမှ ငဆိုင် နှင့် ငတေ ညီအကို ၏ နွားဖြူကြီးတရှည်း မှာ ပြိုင်ပွဲတွင် ရှေ့ဆုံးမှ တစ်ပြေးနေ၏။

ငဆိုင်တို့၏ နွားဖြူကြီးမှာ လောင်းကြေးလည်း အမြင့်ဆုံးပေါက်သည်။

စံဖဲ မှာ နွားဖြူကြီးများကို အနီးကပ်သွားကြည့်ကာ ပွတ်သပ်နေ၏။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းမင်းတဲ ပေါ်တွင် ထိုင်နေသော ရာဇဝတ်အုပ်ကိုညီ မောင်က စံဖဲ ကို သတိထားမိသွားတော့သည်။

ယခုပွဲသည် သာစည်ဂါတ်ကို လာဘ်ပေးကာ ပြုလုပ်သော အာဝါဒေးပွဲဖြစ်သဖြင့် ကိုညီမောင်က ငွေကြေးယူရန် ရောက်ရှိနေခြင်းပင်။

ကိုညီမောင် က သာဂရသူကြီး ဦးလာဘကို လှမ်းခေါ်ကာ စံဖဲ အား ညွှန်ပြ လိုက်၏။

စံဖဲကတော့ ပြိုင်ပွဲဝင် နွားဖြူကြီးတရှည်းကိုသာ လက်သီးလက်မောင်းတန်း အားပေးနေဆဲ။

..............................................................................

နိုင်ပြီ။

စံဖဲနှင့် ကိုချစ်ကောင်းတို့က အနိုင်ရငွေ (၄၂)ကျပ်ကို ဒိုင်ထံတွင် ထုတ်ယူပြီး ဝိုင်း အပြင်သို့ ထွက်လာကြ၏။

ရှေ့တည့်တည့်တွင် ရိုင်ဖယ်သေနတ်ကိုင်ထားသော ပုလိပ်သားနှစ်ယောက်။

နဘေးတွင် သူကြီးဦးလာဘ က ငှက်ကြီးတောင်ဓါးလွတ်ကို ကိုင်လျက်။

"ငစံဖဲ. ဆိုတာ မင်းတို့ထဲက ဘယ်သူလဲ"

ဦးလာဘ အသံက ခပမှာမာ။

"ကျုပ်ပါ"

စံဖဲက သူ့ရင်ဘတ်ကို ပုတ်ပြလိုက်သည်။

"မင်းကိုဖမ်းတယ်"

"ကျုပ် ဘာအမှုမှ မလုပ်ထားပါဘူး"

"မင်းကို ခြေချုပ်ဥပဒေဖောက်ဖျက်မှုနဲ့ ရာဇဝတ်အုပ်မင်းကိုယ်တိုင် ဖမ်းခဲ့ခိုင်းတာ"

စံဖဲက ကိုချစ်ကောင်းကို တချက်ကြည့်လိုက်သည်။

ကိုချစ်ကောင်းက လိုက်သွားရန်ခေါင်းဆတ်ပြလိုက်၏။

စံဖဲ လက်ကို မြှောက်ကာ သူကြီးအိမ်သို့ လျှောက်သွားလိုက်သည်။

သာဂရသူကြီးအိမ်။

ခုံတန်းရှည်ကြီးတွင် ရာဇဝတ်အုပ်ကိုညီမောင် က ခြေထောက်ချိတ်ကာထိုင်နေသည်။

သူ့ရှေ့စားပွဲတွင်လည်း ခြောက်လုံးပြူးသေနတ်ကိုချလျက်။

အာဝါဒေးပွဲကျင်းပနေရာအချိန်လည်းဖြစ်သဖြင့် သူကြီးအိမ်တွင် လူအဝင်အထွက်များလှသည်။

ပုလိပ်များ၊ အရာရှိများလာပါက ဧည့်ခံရန်အတွက် ချက်ပြုတ်နေကြသည့် ရွာသူအချို့လည်း ရှိနေ၏။

"သူကြီး..သူ့ကို ဘာလို့ ကြိုးတုတ်မလာတာလဲ..အခုချက်ချင်း ကြိုးတုတ်ဖို့ လုပ်ပါ...လူဆိုးဖမ်းဖို့လာတာမဟုတ်တော့ ကျုပ်တို့မှာ လက်ထိပ်ပါမလာဘူး"

ကိုညီမောင်က သူကြီးဦးလာဘကို အမိန့်ပေးလိုက်သည်။

"ကြိုးထက်..လက်ထိပ်ဆို ပိုကောင်းမလား...ရာဇဝတ်အုပ်မင်းခင်ဗျ...ကျွန်တော်မျိုး အဖေလက်ထက်က မိတ္ထီလာအရေးပိုင်ပေးထားတဲ့ လက်ထိပ်ကြီးတစ်ခုရှိပါတယ်"

"အေး..ကောင်းတာပေါ့..သွားယူချေဗျာ"

သူကြီးဦးလာဘ က သူ့ ငှက်ကြီးတောင်ဓါးကို စားပွဲအောက်တွင် စိုက်ခဲ့ကာ အိမ်ပေါ်သို့ ခပ်ကုပ်ကုပ်တက်သွားသည်။

ထို့နောက် ၁၉၀၀ ပြည့်နှစ်မတိုင်ခင်ကာလက အသုံးများခဲ့သော လက်ထိပ်အဟောင်းကြီးတစ်ခုကို ယူလာ၏။

ကိုညီမောင် က စံဖဲကို မုန်းတီးစွာ စိုက်ကြည့်နေသည်။ စံဖဲက မထီတရီသာ ပြုံးနေ၏။

စံဖဲ၏ အပြုံးကြောင့် ကိုညီမောင် ဒေါသထွက်သွားသည်။

"လက်ထိပ်ခတ်လိုက်စမ်း"

ပုလိပ်သား ငကြွယ်က ရိုင်ဖယ်သေနတ်ကိုလွယ်လိုက်ပြီး စံဖဲကို လက်ထိပ်ခတ်လိုက်သည်။

သူကြီးအိမ်တဝန်းလုံးရှိ လူထုပရိသတ်မှာ ငြိမ်သက်သွားပေပြီ။

အကျ်တူးစာရင်းဝင်လူဆိုးတစ်ယောက်အား ရာဇဝတ်အုပ်က ဖမ်းဆီးသည်ကို သူတို့ ပထမဆုံးအကြိမ်မြင်ဖူးခြင်းမဟုတ်လား။

စံဖဲက က ကိုညီမောင် ထိုင်နေသော စားပွဲရှေ့တွင် မတ်တပ်ရပ်လိုက်သည်။

"သူတောင်းစားသူခိုးဓါးပြကောင်.မင်းက ဘယ်သူ့အမိန့်ရလို့..သာစည်နယ်ထဲဝင်လာရဲတာလဲ"

ကိုညီမောင်၏ အသံက ဟိန်းထွက်လာသည်။

စံဖဲက ဘာမှ ပြန်မဖြေပဲ ခေါင်းကိုသာ ငုံ့ထား၏။

သူကြီးအိမ်ဝန်းထဲမှ ရွာသူရွာသားများ၊ အမျိုးသမီးငယ်လေးများ ဝိုင်းကြည့်နေသဖြင့် စံဖဲမှာ မျက်နှာကို မမော့ရဲ။

“မင်းကို ထောင်ထဲပြန်ပို့မယ်…အလကားသူခိုးကောင်”

ထိုအချိန်တွင် သူကြီးကတော် ဒေါ်နန်းနွယ်က ကိုညီမောင်ကိုဧည့်ခံရန် မြေပဲပန်းကန်ကို ယူလာကာ  စားပွဲပေါ် တင်ပေးလိုက်၏။

“ဟော့ကောင်…မင်း ပေကပ်ကပ်နဲ့..ဒီရွာကို ဘာခိုးဖို့ရောက်နေတာလဲ..ပြောစမ်း”

စံဖဲက ပြန်မဖြေ။

သူ့မျက်လုံးရှေ့တွင် ရောက်နေသော မြေပဲပန်းကန်ထဲမှ မြေပဲတဆုပ်ကို လက်ထိပ်တန်းလန်းဖြင့် နှိုက်စားလိုက်သည်။

ကိုညီမောင် ဒေါသပေါက်ကွဲပြီ။

“မအေလိုး…ဒါ လူစားတဲ့အစာကွ..မင်းလို ခွေးစားဖို့ မဟုတ်ဘူး..မင်းလို ခွေးက ဒါမျိုးစားဖို့ တူသလား..တန်သလား”

စံဖဲကို ရိုက်ရန် လက်ကိုရွယ်လိုက်၏။

စံဖဲ တကိုယ်လုံး ရှက်စိတ်ဖြင့် မွှန်ထူသွားခဲ့ပြီ။

စားပွဲအောက်တွင် သူကြီးဦးလာဘ အမှတ်တမဲ့စိုက်ထားခဲ့သော ငှက်ကြီးတောင်ကို လက်ထိပ်ခတ်ထားသော လက်နှစ်ဖက်ဖြင့် လှမ်းဆုပ်ကိုင်လိုက်သည်။

ထို့နောက် စားပွဲပေါ်သို့ ဝုန်းခနဲ ခုန်တက်လိုက်၏။

ကိုညီမောင်မှာ ရုတ်တရက်မို့ ကြောင်ကြည့်နေသည်။

“ဒုတ်”

ဓါးချက်တစ်ချက်က ပုခုံးပြင်ပေါ်သို့။

ကိုညီမောင် က ခြောက်လုံးပြူးကို လက်ဖြင့်ဆုပ်ကိုင်လိုက်စဉ် စံဖဲက နောက်ထပ်အားပါသော ခုတ်ချက်ဖြင့်။

“ငါ့နာမည် စံဖဲကွ..မအေလိုးရ…ငါ့နာမည် စံဖဲ….မှတ်ထားစမ်း..မှတ်ထားစမ်း”

စံဖဲက ပါးစပ်ကလည်း အော်သည်။ လက်ကလည်း ခုတ်သည်။

“ဒုတ်”

“ဒုတ်”

“ဒုတ်”

အချက်ပေါင်းများစွာ။ တရစပ်။

ကိုညီမောင်၏ လည်ပင်းမှ ပြတ်လုတဲတဲဖြစ်ပြီး သွေးများ ပန်းထွက်လာသည်။

အနီးအနားမှ ပုလိပ်ကြွေယ်မှာ ရိုင်ဖယ်ကို ကိုင်လျက်က မြင်ကွင်းကို ကြောင်ကြည့်နေ၏။

စံဖဲက သေနတ်ကိုင်ထားသော ကြွေယ်ဘက်သို့ ခုန်ကာ ခုတ်လိုက်သည်။

ကြွေယ်က ရိုင်ဖယ်သေနတ်ဖြင့် ထိုးခံလိုက်ချိန် လက်ထိပ်နှင့် အရှိန်ပြင်းပြင်းထိမိသွား၏။

“ဂလောက်”

မောင်းတံများ ဆွေးမြေ့နေသော လက်ထိပ်ကြီးမှာ ရိုင်ဖယ်သေနတ်ပြောင်းနှင့် ထိကာ မောင်းပြုတ်ထွက်သွား၏။

စံဖဲက ကြွေယ်ကို နောက်တချက် လွှဲခုတ်လိုက်စဉ် လက်ထိပ်မှာ လေထဲမှလွင့်စင်ပြီး ဝိုင်းအုံကြည့်နေသော ရွာသားများရှေ့ ဘုတ်ခနဲ ကျသွားသည်။

“ဟာ..လက်ထိပ်ပါ ပြုတ်တယ်ဟေ့”

ပုလိပ်ကြွေယ်မှာလည်း အလန့်တကြားအခြေအနေကြောင့် သေနတ်ကို ပစ်ချကာ ထွက်ပြေးတော့သည်။

နောက်ထပ် ပါလာသည့် ပုလိပ်တစ်ယောက်မှာလည်း ရိုင်ဖယ်သေနတ်ကို လွယ်ကာ လူအုပ်ထဲ ဝင်ပြေး၏။

စံဖဲက တဆတ်ဆတ်ဖြင့် အသက်ငင်နေသော ကိုညီမောင်၏ ဘေးမှ ခြောက်လုံးပြူးကို လက်တစ်ဖက်က ယူသည်။

ထို့နောက် သူကြီးဦးလာဘ ၏ အိမ်ဝရံတာတွင် တင်ထားသော ပန်းအိုးဆီသို့ ချိန်ကာ ပစ်လိုက်၏။

ပန်းအိုးမှာ ခွမ်းခနဲ။

သူကြီးလင်မယားအပါအဝင်ရွာသားများမှာ မြေပြင်တွင် ပြားပြားမှောက်ကုန်ကြသည်။

“စံဖဲတဲ့ကွ....သေရဲတဲ့ကောင်..လိုက်ခဲ့”

စံဖဲက ကြွေယ်ကျန်ရစ်သော ရိုင်ဖယ်ကိုပါ လွယ်ကာ...သူကြီးခြံအပြင်ဘက်သို့ ထွက်ပြေးသွားတော့၏။

# အခန်း ( ၇ )

၁၉၂၆ ဒီဇင်ဘာ ၄ ရက်။ ညတစ်ချက်တီးကျော်။

တန်ဆောင်မုန်းလကွယ်နေ့မို့ မဲတောတစ်ရွာလုံး တိတ်ဆိတ်မည်းမှောင်နေ၏။

အညာဆောင်းကလည်း ညဉ့်နက်လေ စိမ့်လေမို့ တစ်ရွာလုံးမှ လူများမှာ စောင်ကိုယ်စီခြုံကာ အိပ်မောကျနေကြပေပြီ။

ခွေးကလေးများပင် အမြီးခွေ၍ အိပ်နေကြသည်။

"ဘုတ်..ဘုတ်..ဘုတ်"

အိမ်ထရံကို လာပုတ်သည့်အသံကြောင့် ကိုသူတော် ဆတ်ခနဲ လန့်နိုးသွား၏။

နွားခိုးများရှိတတ်သဖြင့် အမြဲဆောင်ထားသည့် ဝါးရင်းတုတ်ကို အသာ လှမ်းကိုင်လိုက်သည်။

"ဘုတ်..ဘုတ်..ဘုတ်"

နောက်တစ်ကြိမ်ပုတ်သံ။

"ကိုသူတော်..ကိုသူတော်"

အသံခပ်အုပ်အုပ်ထွက်လာပြန်သည်။သူ့ညီ စံဖဲ အသံမှန်း ကိုသူတော် ချက်ချင်းသိလိုက်၏။

ကိုယ်တွင် ခြုံထားသော အညာစောင်ထူထူကြီးကို ဖယ်ကာ တံခါးကို ဖွင့်လိုက်သည်။

ရိုင်ဖယ်သေနတ်ကို လက်က ကိုင်လျက် တဆတ်ဆတ်တုန်နေသော စံဖဲ။

"ဟာ...လာ..လာ..အထဲမြန်မြန်ဝင်"

စံဖဲက အိမ်ထဲသို့ ဝင်ပြီး ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။ သို့သော် ရိုင်ဖယ်သေနတ်ကိုတော့ လက်က မချ။

“ညနေပိုင်းက ပုလိပ်တွေ အိမ်ကို လာသွားသေးတယ်…ဘယ်လိုဖြစ်တာလဲ..ငါ့ညီရာ”

“ကျုပ် သည်းမခံနိုင်လွန်းလို့ပေါ့ဗျာ”

“ရာဇဝတ်အုပ်ကို သတ်တာဆိုတော့ မင်းအမှုက မလွယ်ဘူးကွ..စက်တိုင်တက်ရတဲ့အထိပဲ”

“စက်တိုင်တက်ရလည်း မတတ်နိုင်တော့ဘူး…ကျုပ်ဘဝက ပျက်နေပြီပဲ…ကျုပ်မိန်းမကိုလည်း သူများ ယူသွားပြီ.. ကျုပ် မိသားစုနဲ့လည်း ကျုပ်တွေ့ခွင့်မရှိတော့ဘူး..ကျုပ်ရွာတောင် ကျုပ်ပြန်နေခွင့်မရတော့ဘူးလေဗျာ”

“ကဲ..ထားပါ..မင်း..ဒီမှာ ကြာကြာနေလို့တော့မဖြစ်ဘူး..မိုးလင်းရင် လူတွေမြင်ကုန်မယ်”

“သိတယ်..ကျွန်တော် အခု တောတိုက်ပေါ်က မီးသွေးဖုတ်တဲ့တဲတစ်ခုမှာနေနေတယ်… အရမ်းချမ်းလွန်းလို့..စောင်လာယူတာ..ပြီးတော့ ဗိုက်လည်းဆာတယ်..အဘတို့ အမတို့ကိုလည်း မနိုးပါစေနဲ့ဦး”

ကိုသူတော်က သူခြုံအိပ်နေသော အညာစောင်ကြီးကို စံဖဲထံ ပစ်ပေးလိုက်သည်။

“ငါအပေါ်မှာ စားစရာတစ်ခုခုသွားယူလိုက်ဦးမယ်”

ကိုသူတော်က အိမ်ပေါ်ထပ်သို့ ခြေလှမ်းဖွဖွဖြင့် တက်သွား၏။

ခဏအကြာတွင် ဒန်ဇလုံတစ်ခုကိုင်ကာ ပြန်ဆင်းလာသည်။

“ထမင်းကြမ်းတစ်ခဲ ကျန်လို့တော်သေးကွာ…ဟင်းကတော့ ထန်းလျက်ပဲရှိတယ်…အဲ့ဒါနဲ့သာ စားလိုက်တော့”

စံဖဲက စကားပင်ပြန်မပြောတော့ပဲ..ဇလုံကို ဆွဲယူလိုက်သည်။

ကိုသူတော်က ထမင်းကြမ်းနှင့် ထန်းလျက်ခဲကို အားရပါးရ စားနေသော သူ့ညီကို ကြည့်လိုက်၏။

“မင်း..အခု ဘယ်လိုဆက်လုပ်မလဲ..ငါ့ညီ”

“ဘာဆက်လုပ်ရမှာလဲ..ဆက်ချရုံပဲ”

စံဖဲက လက်ထဲက သေနတ်ကို မြှောက်ပြလိုက်သည်။

“ဟင်း..ဘယ်သူကို ချမှာလဲ”

“ဟိုကောင်...မောင်ပု..ပြီးတော့...ဒီကောင်တွေလိုမျိုး အင်္ဂလိပ်အစိုးရနဲ့ပေါင်းပြီး လူတွေကို ဒုက္ခပေးနေတဲ့ကောင်တွေ အကုန်လုံးပဲ”

“မဖြစ်နိုင်တာ..စံဖဲရာ..အင်္ဂလိပ်တွေဆိုတာ စစ်တပ်တွေနဲ့ လက်နက်တွေ အပြည့်အစုံနဲ့...မင်းက ဒီရိုင်ဖယ်သေနတ်တစ်လက်တည်းနဲ့”

“မနိုင်တာကို သိတယ်ဗျ”

“သိလျက်နဲ့ ဘာလို့ မိုက်မလဲကွ”

“မနိုင်ဘူးဆိုတိုင်း သူတို့ လူပါးဝသမျှ တစ်သက်လုံး ခေါင်းငုံ့ခံရတော့မလား....ခေါင်းငုံ့ခံနေရင်း သေသွားတာထက်..ပြန်ချပြီးသေသွားတာက အဓိပ္ပါယ်ရှိတယ်ဗျ”

ကိုသူတော် ပင် တွေဝေသွားသည်။

“စံဖဲတစ်ယောက်တည်းကတော့ ဒီကောင်တွေကို ဘယ်နိုင်မလဲဗျာ...စံဖဲလိုလူတွေ အများကြီးရှိလာရင်တော့...ပြောမရဘူး...အဲ့ဒီအတွက် စံဖဲ တစ်ယောက်က စဖို့လိုတယ်”

“ငါ့ညီ ငါမင်းကို တတ်နိုင်တာ..ကူမယ်...အခု ဘာလုပ်ပေးရဦးမလဲပြော”

“မစောရှင် ကို နှိုးပေးဗျာ”

စံဖဲ၏ နှမအငယ်ဆုံး မစောရှင်ကလေးမှာ မွေးရာပါ ဆွံ့အနားမကြားသူလေး ဖြစ်သည်။ စံဖဲတို့ တစ်မိသားစုလုံးကမူ မစောရှင်နှင့် လက်ဟန်ခြေဟန်ဖြင့် ဆက်သွယ်ပြောဆိုလေ့ရှိကြ၏။

သူတို့မိသားစုနှင့် မစောရှင်သာ သိသည့် လက်ဟန်ခြေဟန်များလည်း သီးသန့်ရှိနေသည်။

“ဟ..ဘာလုပ်ဖို့လဲကွ”

“ကျုပ် အခု ခိုနေတဲ့ မီးသွေးတဲကို သူ့ကို ခေါ်သွားမယ်..မနက်ကျ ကျုပ်ပြန်လွှတ်လိုက်ပါ့မယ်...ဒီတော့ အစ်ကိုတို့ ကျုပ် နဲ့ ဆက်သွယ်ချင်ရင် သူက တဆင့် ဆက်သွယ်လို့ရတာပေါ့”

“မစောရှင်နဲ့ ဘယ်လိုဖြစ်မှာတုန်း..ငါလိုက်ခဲ့မယ်လေကွာ”

“မဟုတ်ဘူးဗျ...မစောခင်ရဲ့ အားသာချက်က စကားမပြောတတ်ဘူး၊ နားမကြားဘူး..ဒီတော့ ကျုပ် ပုန်းနေတဲ့ နေရာကို သူ့တစ်ယောက်ပဲ သိထားတာ ဘေးကင်းတယ်မဟုတ်လား”

“မင်းက ငါတို့ကိုပါ မယုံတော့ဘူးလား”

“အဲ့ဒီလို မပြောနဲ့..ကိုသူတော်..လူရဲ့သဘောက တကယ်တမ်း အကျပ်အတည်းထဲရောက်လာရင်..ကိုယ့်ခန္ဓာကိုယ်၊ ကိုယ့်ဘဝ ထက် ဘာကိုမှ မချစ်တော့ဘူး...ကျုပ်က ဒါကို ကောင်းကောင်းတွေးမိပြီးသွားပြီ...ကျုပ်က ရှေ့လျှောက် သူပုန်လုပ်တော့မှာ...အဲ့ဒီအခါ ပုလိပ်ရဲ့ ပစ်မှတ်က ဒီမိသားစုဖြစ်လာမှာပဲ...ကျုပ်ကိုဖမ်းမိဖို့ကလည်း က ဒီမိသားစု ကနေပဲ စကားထွက်မှရမှာ...မစောရှင်ကိုတော့ ကျုပ်နဲ့ ဆက်သွယ်တယ်လို့ဘယ်သူမှ စာရင်းထဲ ထည့်မှာမဟုတ်ဘူး..ထည့်ခဲ့ရင်တောင်..သူ့ဆီက ဘာမှ သိရမှာမဟုတ်ဘူး.ဒါကြောင့် မစောရှင်ကို ကျုပ်ရွေးချယ်လိုက်တာ...လုပ်ပါ..ဘယ်သူမှ မသိအောင် မစောရှင်ကို နှိုးပြီး ခေါ်ခဲ့”

ကိုသူတော်က လှစ်ခနဲ အပေါ်ထပ်သို့ ပြန်တက်သွားပြန်သည်။

စံဖဲ က ကိုသူတော်နံဘေးမှ ဆေးပေါ့လိပ်ကို ယူ ကာ မီးခြစ်ဖာကို လိုက်ရှာလိုက်၏။

“မီးခြစ်လား...မောင်စံဖဲ”

အနောက်မှ အသံကြောင့် စံဖဲ ဆတ်ခနဲဖြစ်သွားသည်။

မည်သည့်အချိန်ကတည်းက နိုးနေမှန်းမသိသည့် မိခင်ကြီး ဒေါ်စံမယ်က ယမ်းမီးခြစ်တစ်ဘူးကို စံဖဲ ထဲ ကမ်းပေးလိုက်၏။

ထို့နောက် စံဖဲ၏ ခေါင်းကို ပွတ်သပ်လိုက်သည်။

စံဖဲ မျက်ရည်ဝဲသွား၏။

ထိုအချိန်တွင် အပေါ်ထပ်မှ ကိုသူတော်နှင့် အိပ်မှုံစုံမွှားဖြစ်နေသော မစောရှင်ကလေးတို့ ဆင်းလာသဖြင့် စံဖဲက ဝေ့လာသော မျက်ရည်တို့ကို သုတ်ပစ်လိုက်သည်။

"ကိုသူတော်...ကျုပ်ဆီကို နှစ်ပတ်တစ်ကြိမ် မစောရှင်ကို လွှတ်ပေးပါ..လာ.ငါ့နှမ..သွားကြစို့"

စံဖဲတို့ မောင်နှမနှစ်ဦး မဲတောရွာထဲမှ အနောက်ဘက်တောတိုက်ဆီသို့ ခပ်သွက်သွက်လျှောက်သွားကြသည်။

သူတို့နှင့်ဆန့်ကျင်ဘက်အရပ်တွင်လည်း ပေါင်းမိုးလှည်းတစ်စီးသည် သာစည်မြို့ဘက်ဆီသို့ တရွေ့ရွေ့ဦးတည်နေလေ၏။

လှည်းပေါ်တွင် ကိုယ်ဝန်ခြောက်လအရွယ် မသိန်းရှင်နှင့် မောင်ပု။

စံဖဲ၏ သတင်းကို ကြားကြားခြင်းပင် မဲတောရွာတွင် ဆက်မနေရဲတော့ပဲ...သာစည်သို့ ပြောင်းရွှေ့ကြခြင်းပင်။

ရောင်နီလာခါနီးလေ..အကာလသည် ပို၍မှောင်လေပင်။

..........................................................................................................................

လေးရက်မြောက်နေ့။

"ချွတ်..ချွတ်"

ခြေသံများကြောင့် စံဖဲက မီးသွေးတဲကလေး၏ အနောက်ဘက်ဆီသို့ အသာပြေးဝပ်လိုက်သည်။

လက်ထဲမှ ရိုင်ဖယ်ကိုလည်း ခပ်ဖြည်းဖြည်းမောင်းတင်လိုက်၏။

ရှေ့ဆုံးမှ ထွက်လာသည်မှာ မစောရှင်။

မစောရှင်အား ရှေ့တင်ပြီး ပုလိပ်များ လိုက်လာလေပြီလား။

စံဖဲက မစောရှင်၏ အနောက်ဘက်သို့ သေနတ်ကိုချိတ်ပြီး မောင်းခလုတ်ပေါ်
လက်တင်ထားလိုက်သည်။

"ကိုစံဖဲ...ဗျိုး..ကိုစံဖဲ"

အသံခပ်အုပ်အုပ်ကြောင့် စံဖဲ သေနတ်ကို အသာပြန်ရုတ်လိုက်သည်။

တောင်းကြီးတစ်လုံးကို ကျောတွင်ထမ်းလာသော မောင်နီ။

တဲပေါ်တွင် စံဖဲအား မတွေ့သဖြင့် မစောရှင်က ဟိုဟိုဒီဒီကြည့်နေသည်။

"ဟော့..မလှုပ်နဲ့"

မောင်နီ ၏ ကျောကုန်းကို သေနတ်တစ်လက် လာထောက်သဖြင့် မောင်နီက ရယ်
လိုက်သည်။

"ကိုစံဖဲရာ..ခင်ညား...အသံကြီး..ခွေးချီသွားတောင် ကျုပ်မှတ်မိပ"

စံဖဲက မောင်နီ၏ ပခုံးကို ဖက်လိုက်သည်။

"ဘယ်လိုလဲကွ...ဘာကိစ္စရောက်လာသလဲ..မောင်နီ"

"ခင်ညားသတင်း ကျုပ်ကြားပါတယ်..ဒါပေမဲ့ ကျုပ်က မိတ္ထီလာတရားရုံးမှာ ကတ်
ဝိုင်းထောင်တဲ့အမှုနဲ့ အာမခံသွားလျှောက်နေရလို့ ချက်ချင်းလိုက်မလာနိုင်
တာ..အခုတော့ ကိုသူတော်ကို မေးပြီး..မစောရှင်ကလေးနဲ့ လိုက်လာတာ"

"တောက်..ကိုသူတော်ကတော့ကွာ..ငါ့အတန်တန်မှာထားလျက်နဲ့"

"မဟုတ်ပါဘူး..ကျုပ် ကိုသူတော်ကို အကြိမ်ကြိမ်ကတိပေးပြီးမှ လိုက်လာတာ
ပါ..ကျုပ် ပြန်လည်မပြန်တော့ပါဘူး..ခင်ညားနဲ့ပဲ အတူတူနေဖို့လာတာ..ကိုစံဖဲ"

"ဘာ..မင်းက ..ဘာကိစ္စ ငါနဲ့နေမှာတုန်း"

"ကျုပ်လည်း ကတ်ဝိုင်းကိစ္စက အာမခံရထားပေမယ့်..ထောင်ကျဖို့များတယ်
ဗျ...ခွေးမသားပုလိပ်တွေက လိုင်းကြေးယူတုန်းကယူထားပြီး အမှုလိုတော့ ကျုပ်
တို့ ကတ်ဝိုင်းကို ဝင်ဖမ်းတယ်လေ...ကျုပ် အဲ့ဒီအလုပ်လည်း စိတ်ကုန်ပြီဗျာ..ဒါ
ကြောင့် ခင်ညားအသင်းထဲ ကျုပ်ဝင်မယ်"

"ဟမ်..ဘာအသင်းတုန်း"

"ကိုသူတော်ပြောပြီးပါပြီ..ခင်ညာ သူပုန်ထမယ်ဆို..ခင်ညား သူပုန်အသင်းထဲ ကျုပ်ဝင်မယ်လို့..ပြီးတော့..ဒါ..ဒါ..ကျုပ်ပစ်ချင်တာ ယားနေတာပဲ..သင်ပေးမယ် မဟုတ်လား"

စံဖဲက မျက်ခုံးနှစ်ခုကို တွန့်ကာ ပြုံးလိုက်သည်။

"ရော့...ဒါက ရိက္ခာတွေ၊ ဆန်ပါတယ်..ရှမ်းပြည်က ဂေါ်ရာတပ်တွေက ခိုးထုတ် ရောင်းတဲ့ ဆီသွပ်ဘူး၊ငါးသေတ္တာတွေပါတယ်.တစ်လလောက်တော့ ကျုပ်တို့ ဖူလုံ တာပဲ"

စံဖဲ က ဆီသွပ်ဘူးတစ်ခုကို ကိုင်ကြည့်လိုက်၏။

"ငနီ....ငါနဲ့နေရင်တော့ မင်း သေချင်သေမှာနော်"

"သေ..သေဗျာ..ဒါကြီး..ဒါကြီး..ပစ်တတ်အောင်သာ သင်ပေး"

စံဖဲက တဲပေါ်ရှိ သူဖြည့်ထားသော ရေအိုးထဲမှ ရေတစ်မှုတ်ကို ခပ်ပြီး မောပန်းနေ ရှာသော မစောရင်ကလေးအား တိုက်လိုက်သည်။

ထို့နောက်လက်ဟန်ခြေဟန်ဖြင့် ပြန်ရန် အချက်ပြလိုက်၏။

မစောရင်က သဘောပေါက်လွယ်သည်။ ရေသောက်ပြီးသည်နှင့်ချက်ချင်းပင် တောတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

..................................................................................................................

၁၉၂၆ ဒီဇင်ဘာ ၂၀ ရက်။

စံဖဲ၏ သတင်းကား ပျောက်ချင်းမလှ ပျောက်နေသည်။ စံဖဲ ယိုးဒယားသို့ ထွက်ပြေးပြီဟုလည်း အချို့က ဆိုကြသည်။

ပုလိပ်အဖွဲ့မှာလည်း လေးငါးဆယ်ရက်ခန့် ရွာနီးချုပ်စပ်များတွင် လိုက်ရှာပြီး နောက် စံဖဲသတင်းကို အစအနပင် မရသဖြင့် သာစည်သို့ ပြန်သွားကြ၏။

မဲတောရွာသူကြီး ဦးရာပိုင်က စံဖဲ၏ မိသားစုများ သွားလာရာတွင် သူ့အား သတင်းပို့ပြီးမှသာ သွားရန် အမိန့်ထုတ်ထားလေသည်။

သို့သော် ကလေးအရွယ်လည်းဖြစ်၊ ဆွံ့အနားမကြားသူလည်းဖြစ်သော မစောရှင်ကိုမူ ချွင်းချက်ထားပေး၏။

အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာသည်နှင့်အမျှ မဲတောရွာကလေးလည်း တိတ်ဆိတ်သွားခဲ့ပြီ။

မဲတောရွာပြင်ရှိ လယ်စောင့်တဲကလေးတွင် ဘအိုးစည်က ထုံးစံအတိုင်း ချက်အရက်တစ်လုံးကို စဖွင့်လိုက်သည်။

"ဘအိုးစည်ရယ်..တစ်ယောက်တည်း သောက်ရတာပျင်းမှာပေါ့ဗျာ..ကျုပ်တို့လည်း သောက်မယ်လေ"

တဲရှေ့မှ အသံကြောင့် ဘအိုးစည်က တဲထောင့်မှ လောက်လေးခွကို ကောက်ကိုင်လိုက်၏။

အညာစောင်ကို ခေါင်းမြီးခြုံထားသော လူတစ်ယောက်။

ထိုသူက စောင်ကို ခွာလိုက်သည်။

"စံဖဲ...စံဖဲ"

ဘအိုးစည်အသံက တုန်ရီနေ၏။

စံဖဲက သူ့ခါးကြားတွင် ထိုးထားသော ခြောက်လုံးပြူးကို ရှေ့တွင်ချထားလိုက်သည်။ ရိုင်ဖယ်သေနတ်ကို လွယ်ထားသော မောင်နီကလည်း တဲပေါ်သို့ တက်ထိုင်လိုက်၏။

စံဖဲက ပဲလှော်တစ်ဆုပ်ကို နှိုက်ယူစားလိုက်သည်။

"မကြောက်ပါနဲ့..ဘအိုးစည်ရ...ကျုပ်တို့လည်းပျင်းပျင်းရှိတာနဲ့..ဒီဘက်ထွက်လာပြီး ဘအိုးစည်နဲ့ အရက်လေး ဘာလေးချရင်း..စကားပြောဖို့လာတာ"

ဘအိုးစည်က ငုတ်တုတ်ကောက်ထိုင်လိုက်သည်။ ထို့နောက် လက်အုပ်နှစ်ဖက်ချီကာ စံဖဲအား ဦးကုန်းချေတော့၏။

"ငါ့ကို မသတ်ပါနဲ့..စံဖဲရာ..အသက်ကို ချမ်းသာပေးပါ....မင်းနဲ့ မြနု ကိစ္စကို ငါ အာချောင်လိုက်မိလို့ ဖြစ်ရတာ..ငါ့အပြစ်ငါသိပါတယ်..ငါ့ကို ခွင့်လွှတ်ပေးပါ"

"ဘာဗျ..အခုမှ ဒီလိုလာလုပ်လို့ရရိုးလား..ဟေ့..ခွင့်မလွှတ်နိုင်ဘူး..ဘအိုးစည်"

ဘအိုးစည်မှာ တုန်တက်သွားသည်။

"ခွင့်လွှတ်ပါ..မောင်ရယ်..ရှိကြီးခိုးပါရစေကွာ..အသက်ကိုချမ်းသာပေးပါ"

စံဖဲနှင့် မောင်နီက သဘောတကျရယ်လိုက်၏။

"ကဲ..ဘအိုးစည်..ခင်ဗျားကို ခွင့်လွှတ်စေချင်တယ်ဆို..ကျုပ်ကို တစ်ခု ပြန်လုပ်ပေး ရမယ်"

"လုပ်ပေးပါ့မယ်..ဘာလုပ်ပေးရမလဲသာပြောပါ...မောင်မင်းကြီးသားရယ်"

စံဖဲက ဘအိုးစည်၏ ပခုံးကို သူ၏ လက်နှစ်ဖက်နှင့် ကိုင်လိုက်သည်။

"ကဲ...ကျုပ်ငရဲငအုံတွေကြီးကုန်ပါမယ့်..ဘအိုးစည်ရာ...ထိုင်..ထိုင်"

ဘအိုးစည်မှာ တင်ပျဉ်ခွေလျက် တောင့်တောင့်ကြီး။

ငနီကတော့ သူ့အရက်ပုလင်းကို ငုံ့သောက်နေပေပြီ။

"ဒီနယ်တကြောမှာ ဘအိုးစည် ရဲ့ ဆွေမျိုးတွေ ဘယ်ရွာတွေမှာ ရှိသလဲ"

ဘအိုးစည်မှာ မျက်နှာငယ်လေးဖြင့်။

"မလုပ်ပါနဲ့..မောင်ရာ..ငါ့ဆွေမျိုးများကို ဒုက္ခမပေးပါနဲ့...ရှိခိုးပါရဲ့"

"ရော်..ခက်ပြီး..အားတိုင်း ရှိခိုးချည်းနေပါလား...ပြောပါဗျ..ခင်ဗျား ဆွေမျိုးတွေ ကျုပ်ဘာမှ မလုပ်ပါဘူး..ပြောပါ"

"ရှိပါရောလားကွာ...မြောက်ဘက်ဆို မောင်းမဆည်၊ ရင်းမရိုး၊ ထနောင်းကန်၊ သာ ဂရကနေ ဟိုး အလယ်တန်းထိပဲ...တောင်ဆို ဆံမြိတ်ရှည်၊ အောင်ပင်သာအထိ ငါ့ သားချင်းများရှိပ"

"သာစည်၊ သဲတော၊ ဝမ်းတွင်းဘက်တွေရော"

"တူ၊တူမတွေ မြို့မှာလည်း ရှိပါတယ်"

စံဖဲက ပြုံးလိုက်သည်။

"ငနီမင်းမှာ ငွေဘယ်လောက်ပါလဲ..ငါ့ပေးစမ်း"

ငနီက သူ့အိပ်ထောင်ထဲမှ ငွေတစ်ဆယ်ကို ထုတ်ပေးလိုက်သည်။ စံဖဲက ငွေတစ်ဆယ်ကို ဘအိုးစည်ရှေ့ ချပေးလိုက်၏။

"ရော့..ငွေတစ်ဆယ်"

ဘအိုးစည်မှာ အူကြောင်ကြောင်ဖြင့် စံဖဲ ပေးသည့် ငွေတစ်ဆယ်ကိုယူလိုက်သည်။

"မနက်ဖြန်ကစပြီး တစ်လတိတိ ခင်ဗျားဆွေမျိုးတွေရှိတဲ့ အဲ့ဒီရွာတွေ၊ မြို့တွေဆီ သွားလည်ရမယ်"

"ဟင်"

စံဖဲစကားကြောင့် ဘအိုးစည်မှာ ရုတ်တရက်ကြောင်သွား၏။

"အဲ့ဒီလိုသွားတဲ့အခါမှာလည်း ခင်ဗျားအကျင့်အတိုင်း ရွာကလူတွေအကြောင်း ကို ဂုဏ်ပုဒ်လေးတွေ ရှေ့က ထည့်ပြောတတ်တယ်မဟုတ်လား...ခင်ဗျား ရောက်ရာ အရပ်မှာ ကျုပ်အကြောင်းပြောပေးရမယ်"

"ဘယ်လိုပြောပေးရမှာလဲ..မောင်စံဖဲရယ်"

"မဲတောရွာက စံဖဲဟာ ရာဇဝတ်အုပ်ကို လူရှေ့မှာ ဓားနဲ့ခုတ်သတ်တယ်၊ ပုလိပ်တွေက သေနတ်နဲ့ပစ်ပေမယ့် မီးမကူးဘူး၊ တုတ်ပြီး၊ဓါးပြီးတယ်..လက်ထိပ်ခတ်ရင် လက်ထိပ်ပြုတ်တယ်...သူက ဆင်းရဲသား၊လယ်သမား၊ တောသူတောင်သား တွေကို လက်ဖျားနဲ့တောင်မတို့ဘူး။ ပုလိပ်တွေရယ်၊ ပုလိပ်တွေနဲ့ပေါင်းသင်းတဲ့ လူတွေရယ်၊ အမြတ်ကြီးစားတဲ့သူဌေးတွေကိုပဲ ဒုက္ခပေးမယ့်လူ..အဲ့ဒီလိုပြောရ မယ်..မှတ်မိလား"

"နောက်တစ်ခေါက်လောက်မှ မှတ်မိမှာပေါ့...မောင်ရင်"

"ဟေ့လူကြီး..သူများအကြောင်းတွေကျ ခင်ညား တစ်ခါပြောရင် မှတ်မိတယ်...ဒါကျ မသိတော့ဘူးလား"

မောင်နီက ရိုင်ဖယ်သေနတ်ဖြင့် ရွယ်လိုက်သဖြင့် ဘအိုးစည်မှာ လန့်ဖျပ်သွားသည်။

“မှတ်မိပါပြီ..မှတ်မိပါပြီ..ပြောပေးပါ့မယ်”

“ဟုတ်ပြီ…တစ်လအတွင်း ခင်ဗျား အဲ့ဒီလို လိုက်ပြောမပြော ကျုပ်တို့က အမြဲစုံစမ်းနေမှာ..မပြောလို့ကတော့…ခင်ဗျား ရောက်ရာနေရာထိလိုက်လာပြီး ပစ်သတ်မှာ..စံဖဲအကြောင်း သိတယ်မဟုတ်လား”

“သိ.သိ..သိပါတယ်..မောင်စံဖဲရာ”

“ဘာမောင်စံဖဲလည်းဗျ…ဒါ ကျုပ်တို့ဗိုလ်..ဗိုလ်စံဖဲလို့ခေါ်ရမယ်..ကြားကဲ့လား”

မောင်နီ က ထပ်ဟောက်ပြန်သည်။

ဘအိုးစည်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် စံဖဲဘက်သို့ လှည့်လိုက်၏။

“ကျုပ်..ဗိုလ်စံဖဲအမိန့်အတိုင်း ဗိုလ်စံဖဲအကြောင်းကို လူတွေသိအောင် လိုက်ပြောပေးပါ့မယ်…စိတ်ချပါ..ဗိုလ်စံဖဲခင်ဗျာ.ကျုပ်ကိုလည်းခွင့်လွှတ်ပေးပါ”

……………………………………………………………………………………………………………….

“ရွှေနားတော် ထောင်စေချင်ပါတယ်…မောင်မောင်…ဘယ်နှစ်တန်းပဲအောင်အောင်… “မင်း”လုပ်ရန်..စိတ်ကူးပါနဲ့…အထူးဉာဏ်ခြယ်…အမျိုးမျိုးမြင်ဖွယ်…မိုးပြင်ကျယ်..တိမ်ရှူးတိမ်ပန်း..တိမ်ကွက် တိမ်စက်ရောင်သို့နှယ့်….”

“ခင်ဗျား စောက်ပါးစပ်ကြီး ပိတ်ထားစမ်းပါ..ကိုကြီးသာလှိုင်ရာ…ဒီမှာ ဖဲရှုံးလို့ ညစ်လာရတဲ့အထဲ”

ကံကြီးမောင်၏ စကားကြောင့် လှည်းပေါ်မှ လှည်းမောင်းနေသော ကိုသာလှိုင်မှာ သီချင်းတပိုင်းတစဖြင့် ရပ်သွား၏။

“စောက်ကလေး…မင်းက အခုမှ ဖဲရှုံးဖူးသလားဟ…ငါလိုးကျလို့.လောင်းကစားတာပဲ..ရှုံးပျော်ပျော်..နိုင်ပျော်ပျော်ပေါ့..တကတည်း”

"ဟ..ပျော်လို့ရမလားဗျ....ဖဲလည်းရှုံးဖူးတာပေါ့..အခုဟာက ကွဲရောင်းလို့ရသမျှ ကုန်ပြီဗျ"

နံဘေးနားမှ ကိုညီပု က ကံကြီးမောင်၏ ပခုံးကို ရိုက်လိုက်သည်။

"ငါတို့လည်း အကုန်ကုန်တာပဲဟာကို"

"မတူဘူးဗျ..ခင်ဗျားတို့နဲ့ ကျုပ်နဲ့က...ကျုပ်က ယောက္ခမလောင်း ကွဲ ရောင်းခိုင်းတဲ့ ငွေပါ ပါသွားတာ"

"အိုကွာ..တစ်ချိန် ကိုယ့်ယောက္ခမဖြစ်မယ့်သူပဲဟာ..ဖဲရှုံးသွားတာလို့ ရှင်းပြလိုက်ပေါ့"

"မဟုတ်ဘူးဗျ..မဟုတ်ဘူး...မသက်ရှည် နဲ့ ကျုပ်ကို နဂိုကတည်းက ရွှေနီကြီး က သဘောတူချင်တာမဟုတ်ဘူး...သူ့ကွဲတရှည်းဖိုး ယုံလို့ရောင်းခိုင်းကာမှ ဖဲရှုံးပစ်တယ်ဆို..သွားပါပြီဗျာ..မသက်ရှည်ကိုပါ ကျုပ် မျက်နှာမပြရဲတော့ဘူး"

ကိုသာလှိုင်၊ ကိုညီပု နှင့် ကံကြီးမောင်တို့မှာ ဂုံညင်းနွယ်ရွာဇာတိ ညီအစ်ကိုဝမ်းကွဲများဖြစ်သည်။

ထနောင်းကုန်းရွာတွင် ကွဲရောင်းပြီးနောက် ပါရှိသောငွေကို ထိုရွာရှိ ဖဲဝိုင်းတွင်ပင် ဖဲရှုံးကာ ပြန်လာကြခြင်း။

သူတို့အထဲတွင် ကံကြီးမောင်မှာ အသက်အငယ်ဆုံးဖြစ်ပြီး (၁၈)နှစ်ပင် မပြည့်သေး။

ထိုအချိန်တွင် ရင်မရိုးရွာဘက်မှ ထနောင်းကုန်းရွာဘက်သို့  မြင်းစီးလာသော ပုလိပ်တစ်ယောက်က သူတို့ လှည်းအား တားလိုက်လေသည်။

လူဆိုးထိန်း စိန်ဂုံး။

ထိုနယ်တကြောတွင်တော့ မသိသူ မရှိသည့် ပုလိပ်စိန်ဂုံး။

သာဂရမှ မဲတောအထိ ရွာစဉ်တကြော အပိုင်စားရထားသူ။ လောင်းကစားဝိုင်း၊ ကြက်ဝိုင်းမှန်သမျှ စိန်ဂုံးထံမှတဆင့် လိုင်းကြေးဆက်ကြေးဝင်ကြရစမြဲ။

လာဘ်စားသည့်နေရာတွင် နာမည်ကျော်သည့်စိန်ဂုံး။

"ဟော့...မင်းတို့ ဘယ်ရွာကလဲ..လှည်းရပ်စမ်း"

ကိုသာလှိုင်က သွားဖြဲပြလိုက်သည်။

"ကျုပ်တို့ ဂုံညင်းနွယ်ကပါ..ကိုကြီးစိန်ဂုံး"

"မအေလိုးများ..ငါ့များ ကိုကြီးစိန်ဂုံးတဲ့ မင်းအမေလင် ထင်နေလား..လှည်းပေါ်က ဆင်းစမ်း...မင်းတို့ အရက်ပုန်းတင်တာ မဟုတ်လား"

စိန်ဂုံးက လွယ်ထားသည့် သေနတ်ကိုပင်မချွတ်ဘဲ မြင်းပေါ်မှ ဆင်းလိုက်သည်။

"လှည်းပေါ်ကဆင်း..လက်မြှောက်ပြီး ငုတ်တုတ်ထိုင်နေကြ"

ကိုသာလှိုင်၊ ကိုညီပုတို့မှာ လှည်းပေါ်မှ ဆင်းလိုက်ကြ၏။ စိန်ဂုံးမှာ သူတို့ရွာသို့ လာတိုင်း သူ့ယောက္ခမလောင်း ရွှေနီကြီးဆီသို့လာလေ့ရှိပြီး..သူ့ရည်းစားမသက်ရှည်ကို ရိသဲ့သဲ့လုပ်တတ်သည်ဟု သိထားသဖြင့် ကံကြီးမောင်က သိပ်မကြည်။

ထို့ကြောင့် ကံကြီးမောင်မှာ လှည်းပေါ်မှ မဆင်းခင် ပုလိပ်စိန်ဂုံးကို ဂျစ်ကန်ကန်ဖြင့် ပြန်ကြည့်လိုက်သည်။

"မအေလိုးလေး..မင်းက လီးကြည့်တာလား...ဖြောင်း"

စိန်ဂုံးက ကံကြီးမောင်ကို နားရင်းအုပ်လိုက်သည်။

"အရက်ပုန်းသယ်နေတဲ့ လှည်းတွေကို ငါစောင့်ဖမ်းနေတာ..မှန်းစမ်း..လှည်းပေါ် ဘာပါလဲ"

စိန်ဂုံးက လှည်းပေါ်သို့ တချက်ကြည့်လိုက်သည်။

ထိုအချိန်တွင် သူ့မြင်းပေါ်သို့ လူတစ်ယောက်လွှားခနဲ တက်လိုက်သည်ကို မြင်လိုက်၏။

"ဟော့ကောင်..မင်းဘာလုပ်"

"လက်မြှောက်ထားစမ်း..စိန်ဂုံး..ငါ စံဖဲ ပဲ"

မြင်းပေါ်မှ လူက ခြောက်လုံးပြူးဖြင့် စိန်ဂုံးကို ချိန်ထားလိုက်သည်။

ငနီက ရိုင်ဖယ်သေနတ်ဖြင့် စိန်ဂုံး၏ အနောက်ကိုထောက်ထားလိုက်၏။

စိန်ဂုံးမှာ အူလည်လည်ဖြင့် လက်မြှောက်လိုက်ရသည်။

“မင်း သေချင်ပြီလား..စိန်ဂုံး”

“ဟုတ်ကဲ့...မသေချင်သေးပါဘူး...ကိုကြီးစံဖဲ”

“မင်းအမေလင် ကိုကြီးစံဖဲလား..ဗိုလ်စံဖဲလို့ ခေါ်စမ်း”

“ဟုတ်ကဲ့ပါ..ဗိုလ်ကြီးစံဖဲ”

“ငနီ..သူ့သေနတ်ယူလိုက်”

ငနီက စိန်ဂုံးလွယ်ထားသော သေနတ်ကို ယူလိုက်သည်။

“ယူနီဖောင်းချွတ်စမ်း”

“ခင်ဗျာ”

“ချွတ်လို့”

“ဟုတ်”

“ဟေ့...ဒီဘက်က ဘယ်သူတွေတုန်း”

“ဗိုလ်စံဖဲ..ကျုပ်တို့ပါ...ဂုံညှင်းနွယ်က ကိုသာလှိုင်လေ”

“ရော်..ကိုကြီးသာပိုင် တူတွေပါလား....ခင်ဗျားတို့ကို ကျုပ် ဘာမှ ဒုက္ခမပေးဘူး”

စိန်ဂုံးမှာ ပုလိပ်ဝတ်ဘောင်းဘီသာကျန်တော့သည်။

“ဘောင်းဘီပါချွတ်”

“ဗျာ”

“ဟေ့..ကိုသာလှိုင်တို့ ခင်ဗျားတို့မှာ ပုဆိုးအပိုပါသလား”

“ပါတယ်..ကျုပ်မှာ ပါတယ်”

ကံကြီးမောင်က လှည်းပေါ်လွှားခနဲ ပြေးတက်ကာ ပုဆိုးတစ်ထည်ကို ယူလိုက်သည်။

ထို့နောက် ပုလိပ်စိန်ဂိုးကို ပစ်ပေးလိုက်၏။

စိန်ဂိုးက ကံကြီးမောင်ကို ဘုကြည့်ကြည့်လိုက်သည်။

ခဏအကြာတွင် စိန်ဂိုးတစ်ယောက် ပုဆိုးတစ်ထည်နှင့် ကိုယ်လုံးတီးသာဖြစ်ချေပြီ။

"ကဲ..စိန်ဂိုး..မင်း ဒီကနေ ထနောင်းကုန်းကို သွားပေတော့...ဘာဖြစ်လာလဲမေးရင်.စံဖဲ လုပ်လွှတ်လိုက်တယ်သာပြော...ဟုတ်ပြီလား"

"ဟုတ်..ဟုတ်ကဲ့"

"ဗိုလ်စံဖဲ ခင်ည"

ကံကြီးမောင်က လက်ထောင်လာသည်။

"ဘာလဲ..ကောင်လေး"

"ဒီကောင်ကြီး ခုန ကျုပ်ကို နားရင်းတစ်ချက် အုပ်ထားပါတယ်..သူ့ကို ကျုပ် နားရင်းပြန်အုပ်ချင်လို့..ရမလားဗျ"

ကံကြီးမောင်စကားကြောင့် စံဖဲ ပြုံးသွားသည်။

ကိုသာလှိုင်နှင့် ကိုညီပုမှာ မူ သူတို့ ညီအတွက် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်။

"ရတယ်လေ..တစ်ချက်မဟုတ်ဘူး..နှစ်ချက်အုပ်"

စံဖဲက ခွင့်ပြုသည်နှင့် ကံကြီးမောင်က စိန်ဂိုးနားသို့ ကပ်သွားသည်။

"ဖြောင်း..ဖြောင်း..ဖြောင်း"

အသက်ငယ်သော်လည်း ဗလတောင့်တောင့်၊ လူကောင်ထွားထွား ကံကြီးမောင်၏ ရိုက်ချက်များကအားပါလှ၏။ စိန်ဂိုးမှာ ရှေ့သို့ ဟက်ထိုးလဲမတတ်။

"ဟေ့ကောင်လေး..မင်းက တစ်ချက်ပိုသွားပြီ"

စံဖဲက အော်လိုက်၏။

ကံကြီးမောင်က စံဖဲကို လှမ်းကြည့်သည်။

“နောက်တချက် ပြန်နုတ်ပေးလိုက်”

“ဖြောင်း”

ကံကြီးမောင်၏ နောက်ဆုံးနားရင်းရိုက်ချက်တွင် စိန်ဂုံး တကယ်ပင် ရှေ့သို့ လဲကျသွားတော့၏။

မောင်နီက ပုလိပ်စိန်ဂုံးအိတ်ထဲမှ ငွေသားတထပ်ကို စံဖဲထံ ကမ်းပေးလိုက်သည်။ စံဖဲက အိတ်ထဲထိုးထည့်လိုက်၏။

“ကဲ..အားလုံး ကိုယ့်လမ်းကိုယ်သွားကြတော့…ဟေ့..စိန်ဂုံး မင်းအရင်သွား”

စိန်ဂုံးက ခပ်သွက်သွက်ပင်ပြေးတော့၏။

“ခင်ဗျားတို့လည်း ကိုယ့်လမ်းကိုယ်သွားကြပေတော့”

စံဖဲက မြင်းဇက်ကြိုးကို ဆွဲလိုက်သည်။

“နေပါဦးခင်ဗျာ…ဗိုလ်စံဖဲ”

ကံကြီးမောင်က မြင်းမြီးကို ဆွဲထား၏။

“မြင်းကန်ခံနေရမယ်..ဘာတုန်း..ကောင်လေး”

“ကျုပ်လည်း ခင်ဗျားနဲ့ လိုက်ပါရစေ”

“ဟေ”

“ကျုပ် ခင်ဗျားတပည့်ခံချင်ပါတယ်..ဗိုလ်စံဖဲ”

“ဟ..ဘာဖြစ်လို့တုန်း”

“စိန်ဂုံးကြီးကို နားရင်းရိုက်လိုက်တာ ရွာပြန်ရောက်ရင်..သူက ကျုပ်ဖမ်းမှာပေါ့ဗျ”

“သြော်..မင်းက ဖမ်းခံရမှာ ကြောက်လို့လား”

“အင်း..နောက်တစ်ခုရှိပါသေးတယ်ဗျ”

“ဘာလဲပြော”

“စိန်ဂုံးလို ကောင်တွေကို နောက်ထပ် နားရင်းလိုက်အုပ်ချင်လို့ပါ”

# အခန်း ( ၈ )

သဲတောမြို့၊ ဘူတာပန်းခြံရှေ့တွင်ရှိသော “Nuttukote Chettiar” ငွေချေး လုပ်ငန်းတိုက်ကြီး။

ပေါင်းမိုးလှည်းတစ်စီးက ချစ်တီးတိုက်ရှေ့တွင်ရပ်လိုက်၏။

“နမာစတေး…ပိုက်ဆံချေးဖို့လား…ပစ္စည်းပေါင်ထားဖို့လား”

တိုက်ရှေ့တွင် မတ်တတ်ရပ်နေသော ဟိန္ဒူလူငယ်လေးက မေးလိုက်သည်။

“မဟုတ်ဘူး..ဘာဘူ…ဒီတိုက်မှာ စာရေးလုပ်နေတဲ့ ကိုချစ်ကောင်းဆိုတဲ့သူများရှိသလားလို့”

လူငယ်က တိုက်တွင်းစားပွဲခုံတစ်ခုသို့ လက်ညှိုးထိုးပြလိုက်၏။

ချစ်ကောင်းက လယ်ဂျာစာအုပ်အချို့ဖြင့် အလုပ်ရှုပ်နေသည်။

“ဒီမှာရှင့်..ဒီမှာ”

သူ့ရှေ့သို့ လာရပ်သော အမျိုးသမီးကို ချစ်ကောင်းက မော့ကြည့်လိုက်၏။

“ဟုတ်ကဲ့..ဘာကိစ္စများရှိပါသလဲဗျ…ငွေချေးဖို့ဆိုရင်တော့..ဟိုရှေ့မှာ စာရင်းအရင်သွင်းရမှာပါ”

“ကျွန်မ ကိုချစ်ကောင်းနဲ့ တွေ့ဖို့လာတာပါ”

“ဗျာ”

ချစ်ကောင်းက အံ့သြတကြီးမော့ကြည့်လိုက်၏။

“ခင်ဗျားက ဘယ်သူလဲ”

“ကျွန်မ မြနု ပါ”

“မြနု…စိတ်မရှိပါနဲ့..ကျွန်တော် ခင်ဗျားကို မသိပါဘူး”

“ကျွန်မကို မသိပေမယ့်…ကိုစံဖဲကိုတော့ ရှင်သိမှာပါ”

ချစ်ကောင်း၏ ခန္ဓာကိုယ်မတ်ခနဲဖြစ်သွားသည်။

"ခင်ဗျား..ခင်ဗျား..ပုလိပ်ဘက်ကလား"

အမျိုးသမီးက သဘောတကျပြုံးလိုက်သည်။

"မဟုတ်ပါဘူး...ကျွန်မ မဲတောရွာသူကြီးဦးရာပိုင်ရဲ့ သမီး မြနုပါ"

"ဪ..ခင်ဗျားကို"

ကိုချစ်ကောင်းက သူ့လက်ထဲမှ ဖောင်တိန်ကို စားပွဲရှေ့သို့ ပစ်ချလိုက်သည်။

"ကဲ..ပြော....အခု ကျုပ်ကိုလာတွေ့တာ ဘာကိစ္စလဲ"

"ကျွန်မကို ထိုင်ခွင့်ပြုပါ"

မြနုက ပြောပြောဆိုဆိုဖြင့် အနီးမှ ခုံတစ်လုံးကို ဆွဲယူကာ ထိုင်လိုက်သည်။

"ကျွန်မ အခုလာတာ ကိုစံဖဲ ကိစ္စ"

"ခင်ဗျားတို့တစ်တွေ ဒုက္ခပေးလိုက်လို့...သူ့ဘဝလည်း ပျက်နေပါပြီဗျာ...ဘာထပ်မွှေကြဦးမလို့လဲ"

ကိုချစ်ကောင်းစကားကြောင့် မြနု မျက်နှာက သိသိသာသာပျက်သွား၏။

"ကျွန်မပြောတာကိုနားထောင်ပေးပါဦး..ကိုချစ်ကောင်း...တကယ်တော့...မသိန်းရင်ဟာ ကိုစံဖဲကို မချစ်ပါဘူး..မချစ်လို့လည်း အခုဆို ကျွန်မအစ်ကို နဲ့ ပေါင်းသင်းနေတာပေါ့..ဒါပေမဲ့..ကျွန်မကတော့ ကိုစံဖဲ ဘယ်ဘဝရောက်ရောက်..."

မြနု က ပြောလက်စစကားကိုရပ်ပြီး ခေါင်းကိုငုံ့လိုက်သည်။

ထို့နောက် ခေါင်းကို ပြန်မော့လိုက်၏။

"ကျွန်မ ကိုစံဖဲ နဲ့ တွေ့ပါရစေ....သူဖြစ်သမျှကိစ္စအားလုံးကို အစိုးရဆီမှာ ဝန်ခံလိုက်ပြီးရင်..သူ့အမှုကိစ္စ အားလုံး ကျွန်မ ရှိရှိသမျှ ငွေနဲ့ ပုံအောပြီး လိုက်ပေးပါ့မယ်...ကိုစံဖဲ ဘဝကို အရင်လို အဖြူထည်ဖြစ်အောင် ကျွန်မ ပြန် တာဝန်ယူပေးပါ့မယ်"

ကိုချစ်ကောင်းက ခပ်လျောင်လျောင်ရယ်လိုက်သည်။

"ဟား..မမြနု..ခင်ဗျားရူးနေလား...စံဖဲ အမှုက ရာဇဝတ်အုပ်ကို သတ်တဲ့အမှု ဗျ...ပြီးတော့ အခုဆို သူ့သတင်းတွေလည်း ခင်ဗျားကြားတာပဲ...အခုချိန်မှာ ခင်ဗျားမပြောနဲ့... ဘယ်ဘုရားမှ စံဖဲကို ဆင်းမကယ်နိုင်တော့ဘူး"

မြနု က ကိုချစ်ကောင်းမျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"ဘာပဲဖြစ်ဖြစ်...ကျွန်မ ကိုစံဖဲ နဲ့ တွေ့ချင်တယ်"

"သူက ဝရမ်းပြေးတောပုန်းကြီးဖြစ်သွားပြီ..သူဘယ်မှာနေလဲ..ကျုပ်လည်းမသိ တော့ဘူး"

"ကိုစံဖဲက ထောင်ကလွတ်ကတည်းက ရှင်နဲ့အတူနေသွားတာမဟုတ်လား...ရှင် အခု သူရှိနေမယ့်နေရာကို မသိဘူးလား"

"မသိဘူး...သိလည်း..မပြောဘူး...အထူးသဖြင့် စံဖဲကို ဒီဘဝရောက်အောင် တွန်းပို့ ခဲ့တဲ့သူတွေကို ကျုပ်အနေနဲ့ လက်ခံစကားပြောနေတာတောင် စံဖဲ ကို သစ္စာဖောက်ရာကျနေပြီ..ခင်ဗျား သွားတော့"

"ကိုချစ်ကောင်း...မိန်းမတစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာကဖြစ်လာတဲ့ အတ္တကို ရှင်...နားလည်လား"

"ဒီမယ်..ကျုပ်က ဇာတ်ဆရာလုပ်လာတာ..ဇာတ်ထဲက စကားတွေ လာပြောမနေ နဲ့..သွားတော့ဗျာ..သွားတော့..ကျုပ်မအားဘူး"

မြနု က မတ်တတ်ထရပ်လိုက်သည်။

"ဒီမယ်ရှင့်...ကိုစံဖဲကို တွေ့ရင် ပြောလိုက်စမ်းပါ....ကျွန်မက သူ့ မသိန်းရင်လို အသာစံမှ ချစ်နိုင်တဲ့သူမဟုတ်ဘူး..ကိုစံဖဲ ဘယ်ဘဝရောက်ရောက် ချစ်နိုင်တဲ့သူပါ လို့.."

.....................................................................................................................
...........................

၁၉၂၇ ဇန်နဝါရီလ ၁၃ ရက်။ ည ဆယ်နာရီ။

မောင်းမဆည်ရွာသူကြီး ဦးသာပန်း သည် ဘုရားဝတ်ပြုပြီးနောက် ဂျော့ချ်ဘုရင်မင်းမြတ်နှင့်တကွ အရပ်ရှစ်မျက်နှာရှိ ခုနှစ်ရက်သားသမီးများကို အော်ကြီးဟစ်ကျယ်မေတ္တာပို့သည်။

လယ်ထဲတွင် ပင်ပင်ပန်းပန်းအလုပ်လုပ်ကြပြီး ည ရှစ်နာရီဆိုလျှင် အိပ်ရာဝင်၊ မနက်လေးနာရီ အိပ်ရာထကြရဦးမည့် အိမ်နီးချင်းများမှာ သူ့အသံကြောင့် လန့်နိုးကြစမြဲ၊ အိပ်ရေးပျက်ရစမြဲ။

သူကိုယ်တိုင်ကတော့ မည်သည့်အလုပ်မျှမရှိသည့်အတွက် နံနက်ဆယ်နာရီမှ အိပ်ရာထသည်မို့ အိပ်ရာကို နောက်ကျမှဝင်လေ့ရှိသည်။

ဦးသာပန်း က မေတ္တာပို့ပြီးသည်နှင့် ကြေးစည်ကို ခပ်နာနာထုသည်။ ပြီးလျှင် အိပ်စက်ရန်အတွင်း ခြင်ထောင်ရှိရာသို့ လှမ်းလာလိုက်၏။

ခြင်ထောင်ကို လှန်လိုက်စဉ် လူရိပ်တစ်ခု မြင်သဖြင့် ဦးသာပန်းက မီးအိမ်ကို မြှင့်ကြည့်လိုက်၏။

“ဟော့..ဘယ်သူလဲ”

“ကျုပ်ပါ..ငနီပါ”

“ဘယ်ကငနီလဲ..ငါ့အိမ်ပေါ် ဘာလာလုပ်သလဲကွ..ဟေ”

“သေနတ်..သူကြီးရဲ့ နှစ်လုံးပြူးသေနတ်လေး..အဲ့ဒါ.တောင်းခိုင်းလိုက်လို့”

“ဘာကွ..ဘယ်သူက တောင်းခိုင်းတာလဲ”

ထိုအချိန်တွင် အညာစောင်ကို ခြုံထားသော လူတစ်ယောက်က အိမ်လှေကားဝသို့ တက်လာသည်။

“ကျုပ် တောင်းခိုင်းတာပဲ”

“မင်းက..ဘယ်သူလဲကွ..ရာရာစစ”

“ကျုပ် ဗိုလ်စံဖဲ ပဲ”

သူကြီးဦးသာပန်း ရုတ်တရက်မို့ စံဖဲကို ကြောင်ကြည့်နေသည်။

“ကဲ…သူကြီးရဲ့ မိသားစုတွေလည်း နိုးနေတယ်ဆိုရင် ဆက်အိပ်နေကြပါ…သူကြီး နဲ့ ကျုပ်တို့ အလုပ်ကိစ္စ စကားပြောနေတယ်”

“ဗိုလ်..ဗိုလ်စံဖဲ…ဘာ..လိုချင်လို့လဲ..ခင်ဗျာ”

“သေနတ်လို့ ပြောနေတယ်လေဗျာ..ဘယ်မလဲ..ခင်ဗျား လိုင်စင်နဲ့ ကိုင်တဲ့ နှစ်လုံးပြူး”

“ဘုရားစင်ရှေ့က နံရံမှာပါ..ဘုရား..ချမ်းသာပေးပါ”

ကံကြီးမောင်က ဘုရားစင်ရှေ့သို့ လျှောက်သွားပြီး သေနတ်ကို ဖြုတ်လိုက်သည်။

“ကျည်တွေရော”

“ခဏလေးပါ..ဗိုလ်ကြီး…ခဏလေးပါ..ဗိုလ်ကြီး”

သူကြီးဦးသာပန်းက တုန်တုန်ရီရီဖြင့် သေတ္တာသေ့ကို ဖွင့်လိုက်သည်။ ထို့နောက် စက္ကူဖာဖြင့် ထည့်ထားသော သေနတ်ကျည်များကို ငနီအား ပေး၏။

“ဟို..ဟို..ဗိုလ်စံဖဲ..ဘုရား..ကျွန်တော်မျိုးတစ်ခုလောက် ပြောချင်ပါတယ်”

စံဖဲက ကံကြီးမောင်ယူလာပေးသော နှစ်လုံးပြူးကို သေချာကိုင်ကြည့်ရင်းမှ ခေါင်းညိတ်ပြလိုက်သည်။

“ဟို..နှမ်းကန် နှမ်းကန်က သူကြီး ပန်းရည် ဆီမှာလည်း ဒီထက်ကောင်းတဲ့ သေနတ်တစ်လက်ရှိပါသေးတယ်.. ကျွန်တော်မျိုးဆီက သေနတ်ကိုသိမ်းသလို..ဒီ အကောင့်ဆီက သေနတ်ကိုလည်း သွားသိမ်းပေးပါ..ဒီအကောင်ဟာ ပုလိပ် သတင်းပေးပါ…နောက်.ခေါင်းရင်းအိမ်က စပါးပွဲစား စံလှ လည်း ဒီနှစ်စပါးတွေ မြတ်လို့ ငွေရှစ်ထောင်လောက်ရထားတာ မကြာသေးပါဘူး…ခြေရင်းအိမ်က မုဆိုးမ လှမယ်လည်း မန္တလေးက သူ့သားက အိမ်ပြင်ဆောက်ဖို့ ပို့ထားတဲ့ငွေကို မနေ့ကမှ သာစည်စာတိုက်က သွားထုတ်ထားတာတဲ့ဘုရား..ဒီဟာမ လည်း ထောင်ထောင် ထောင်ထောင်လုပ်နေတယ်ဆိုတော့ ငါးထောင်ထက်တော့ မနည်း နိုင်ဘူး..ဘုရား”

စံဖဲက တစ်ချက်ရယ်လိုက်သည်။

"ကျလည်း ကျတဲ့ အဘိုးကြီး…ခုနတော့ ခင်ဗျားပဲ ခုနှစ်ရက်သားသမီးကို မေတ္တာပို့နေတာမဟုတ်လား"

"ဟုတ်…ဟုတ်ပါတယ်..ဒီဟာတွေကိုတော့ ကျုပ်မေတ္တာမှမရှိတာ..ကောင်းတဲ့ဟာတွေမဟုတ်ဘူး"

"ကဲ..ကံကြီးမောင်ရေ…ဒီလောက် စိတ်ထားမြင့်မြတ်တဲ့ ဘုရားဒကာမေတ္တာရှင်သူတော်ကောင်းကြီးကို…ဂုဏ်ပြုလိုက်ပါဦး"

လာပြီ။

ကံကြီးမောင်၏ လက်ဝါးကြီး။

သူကြီးဦးသာပန်း၏ ဇက်ပိုးပေါ်သို့။

"ဖြောင်း..ဖြောင်း..ဖြောင်း"

……………………………………………………………………………………………………
….

"သာစည်နယ်မှ လူဆိုးကြီးစံဖဲ က အစိုးရအုပ်ချုပ်ရေးများကို စတင်စိန်ခေါ်လိုက်ခြင်း"

သာစည်မြို့၊ ဇန်နဝါရီလ ၁၅ ရက်နေ့စွဲ ကြေးနန်း။

သာစည်နယ်မဲတောရွာမှ စံဖဲ အမည်ရ လူဆိုးကြီးတစ်ဦး ထကြွကြောင်း။ လွန်ခဲ့သည့်လ သာစည်ဂါတ်မှ ရာဇဝတ်အုပ် ဦးညီမောင်အား ဓါးဖြင့်ခုတ်သတ်မှုဖြင့်။ ဝရမ်းထုတ်ခံရထားသည့် လူဆိုးကြီးသည် ယခုအခါ သာစည်နယ် ပုလိပ်တစ်ဦးအား အရှုံးလုပ်ကာသေနတ်လုယူခြင်း။ မောင်းမကန်ရွာသူကြီးအိမ်သို့လည်း ညအချိန်တက်ကာ သေနတ်ယူသွားခြင်း။ နှမ်းကန်းစလွယ်တော်ရသူကြီးမင်း ဦးပန်းရည်အား ဘုရင်ခံကိုယ်တိုင်ပေးထားသည့် သေနတ်အားလည်း တပည့်အဖော်များနှင့် နေ့ခင်းကြောင်တောင်၊ တက်ယူသွားကြောင်း။ လူဆိုးကြီးစံဖဲသည် သေနတ်ပြီး။ဓါးပြီး။ လက်ထိပ်ပြုတ်သည်ဟုပင် ယင်းအရပ်နေသူများပြောစကားဖြစ်သိရပြီး။ သာစည်၊ မိတ္ထီလာနယ်များမှ ပုလိပ်များ ဖမ်းမမိနိုင်ပဲ။ လူဆိုးစံဖဲသည် အစိုးရအုပ်ချုပ်ရေးကိုစိန်ခေါ်လိုက်ခြင်းသာဖြစ်ကြောင်း။

ပေးပို့သူ – သတင်းအထောက်တော် ၁၄၅ စီ ၊ သာစည်မြို့

..................................................................................................
.................

၁၉၂၇ ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် ဗန္ဓုလသတင်းစာ၏ မျက်နှာဖုံးအောက်တွင် စာလုံးမည်းဖြင့် ပါလာသည့် ကြေးနန်းစက်ရပ်သတင်း။

တစ်လပင် မပြည့်တတ်သေးသည့်အချိန်တွင်ပင် စံဖဲ ၏ သတင်းကား စတင်ထွက်ပေါ်လာပေပြီ။

သာစည်နယ်တကြောတွင် စံဖဲ အကြောင်းက ပုံပြင်ပမာဖြစ်နေသည်။

ညအခါ စံဖဲသည် မြင်းဖြူကြီးစီးကာ ပေါ်လာပြီး သူကြီးများ၊ သူဌေးများ အိမ်ကို ခါးပြတိုက်လိမ့်မည်ဖြစ်ကြောင်း၊ ထို့နောက် ဆင်းရဲသားပြည်သူများအား ငွေကြေးများ ပွဲပိုးကူညီမည်ဖြစ်ကြောင်း၊ စံဖဲသည် သေနတ်ပြီး၊ ဓါးပြီးသည့်အပြင် မြေလျှိုးမိုးပျံ၍ ကိုယ်ပါပျောက်နိုင်ကြောင်း သတင်းများ တီးတိုးပြောလာကြ၏။

စံဖဲ မှာ ဖြူသလား မည်းသလားပင် သေချာမသိကြသေး။

ကိုးကွယ်ချင်သူများရှိသကဲ့သို့ အကြောက်လွန်နေသူများလည်း ပေါ်လာသည်။

အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးပိုင်းဖြစ်သော သူကြီးများ၊ ငွေကြေးကြွယ်ဝသူများမှာ စံဖဲကို ကြောက်ရွံ့လာကြ၏။

စံဖဲ၏ သတင်းထွက်လာလေ..မောင်ပု နှင့် မသိန်းရင်မှာ မဲတောရွာသို့ မပြန်ရဲလေပင်။

မဲတောသူကြီးဦးရာပိုင်သည်လည်း သူ့အိမ်တွင် ရွာသားများကို အခကြေးဖြင့် ငှားကာ ဓါးလှံများဖြင့် နေ့ည ကင်းစောင့်နေရသည့်အဖြစ် ရောက်ရချေသည်။

သို့သော်ငြား..စံဖဲရှိနေသည်ဟု သတင်းရသော မည်သည့်နေရာမဆို လိုက်လာတတ်သော လူတစ်ဦးရှိနေ၏။

သူကား ပုလိပ်မဟုတ်။ စုံထောက်မဟုတ်။

မမြနု။

မမြနု ကား ရှာပုံတော်ဖွင့်နေဆဲ။

.............................................................................................................
..................

ဗန္ဓုလသတင်းစာတွင် ပါလာပြီးသည့်နောက် မိတ္ထီလာမြို့မှ ရာဇဝတ်ဝန်ကလေး ဦးအုန်းကျော်ကိုယ်တိုင် သာစည်ဂါတ်တွင် လာထိုင်ပြီး စံဖဲ အား ဖမ်းဆီးရမိရေး ကို ကြီးကြပ်နေ၏။

သို့သော်ငြား စံဖဲ၏ လှုပ်ရှားမှုများမှာ ရုတ်တရက်ကြီး ငြိမ်သက်သွားပြန်သည်။

ပုလိပ်များ၊ စုံထောက်များမှာလည်း မဲတောတဝိုက်ကျေးရွာများသို့ ဆင်းကာ စံဖဲ အကြောင်း စုံစမ်းသော်လည်း သတင်းတစ်စုံတစ်ခုမျှ မရကြသေး။

စံဖဲ၏ မိသားစုများကို သာစည်အထိ ခေါ်ယူစစ်ဆေးသော်လည်း သူတို့လည်း စံဖဲ မည်သည့်နေရာတွင် ရှိသည်ကို မပြောနိုင်ကြ။

ပျောက်ဆုံးနေသော စံဖဲ၊ငနီ၊ ကံကြီးမောင်  နှင့် သေနတ်ငါးလက် အရေးသည် ဦးအုန်းကျော်အတွက် ခေါင်းခဲစရာကိစ္စဖြစ်လာသည်။

.............................................................................................................
......................................

၁၉၂၇ ဖေဖော်ဝါရီလ ၁၄ ရက်။ ည ခုနှစ်နာရီအချိန်။

ဝမ်းတွင်းမြို့၊ ဘောလုံကွင်းရှေ့တွင်ဖွင့်ထားသော ကာကာဆိုင်ကလေး။

ရုံး၊ဂါတ်တဲ၊ လက်ထောက်တရားမတရားသူကြီးရုံးတို့မှ ဝန်ထမ်းအချို့နှင့် မြို့ခံများထိုင်လေ့ရှိသည့် ထိုဆိုင်ကလေး၏ လူအစည်ကားဆုံးအချိန်ပင်။

အညာစောင်ထူထူတထည်ကိုခြုံထားပြီး ခြင်းတောင်းအလွတ်ကြီးတစ်ခုကို ထမ်းလာသည့် သူတစ်ဦးသည် ကာကာဆိုင်ထဲသို့ ဝင်လာ၏။

ကာကာဆိုင်ရှင် ဆူလေမန်း က ကောင်တာမှ မထဘဲ လှမ်းမေးလိုက်သည်။

“ဘာသောက်မလဲ..ဆပ်”

"လက်ဖက်ရည်အချိုတစ်ခွက်..အချိုဂိတ်ဆုံးနော်"

ဆူလေမန်းက ကောင်တာမှ ထကာ အဖျော်ခန်းထဲသို့ ဝင်သွား၏။

ဆိုင်လေးအတွင်း ဝိုင်းကိုယ်စီမှာ စကားပြောသံများဖြင့် ညံနေဆဲ။

ထိုအချိန်တွင် စောင်ခြုံထားသူက သူထမ်းလာသည့် ခြင်းထဲမှ တစ်စုံတစ်ခုကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

စားပွဲပေါ်တင်ထားသော ရိုင်ဖယ်သေနတ်အရှည်ကြောင့် တစ်ဆိုင်လုံး အသံများ တိတ်ဆိတ်သွား၏။

ဆူလေမန်း သည် တုန်ရီသောလက်တို့ဖြင့် လက်ဖက်ရည်ကို စားပွဲပေါ်လာချ သည်။

ထိုသူက လက်ဖက်ရည်ကို တငုံငုံလိုက်၏။

"အား..ဒါကြောင့်လည်း ဒီဆိုင်က နာမည်ကြီးတာကို"

အားလုံးက လူစိမ်း၏ အနေအထားကို သတိဖြင့် ကြည့်နေကြသည်။

"အဟမ်း..ပုလိပ်က အသည်းအသန်လိုက်ဖမ်းနေတဲ့ ဗိုလ်စံဖဲ ဆိုတာ ကျုပ်ပါပဲ"

ဆိုင်ထဲမှ လူအားလုံး အလန့်တကြားဖြစ်သွားကြ၏။ တချို့လည်း ထပြေးရန် ပြေးပေါက်ရှာကြသည်။

ဆူလေမန်းကတော့  ကောင်တာနောက်သို့ ပြေးပုန်းလေပြီ။

"မကြောက်ကြပါနဲ့..မကြောက်ကြပါနဲ့...ဒီဆိုင်ထဲက သာမန်ပြည်သူတွေကို ကျုပ် ဘာမှ မလုပ်ပါဘူး..ဟို ကာကာသူဌေးလည်း မကြောက်ပါနဲ့...ကျုပ်တို့က အချင်းချင်းတွေပါ"

စံဖဲက နောက်ထပ် လက်ဖက်ရည်ကို တကျိုက်ကျိုက်လိုက်သည်။

"ဒီလိုပါ....ဒီနားမှာ ဦးသံဒိုင်ဆိုတဲ့ လူတစ်ယောက်နေတယ်လို့ ကြားပါ တယ်..ခင်ဗျားတို့ထဲက ဦးသံဒိုင်ကို သိကြပါသလား"

"သူဌေး..သူဌေးဦ်ီးသံဒိုင်ကို ပြောတာလား..ဗိုလ်ကြီး"

လူတစ်ယောက်က လက်အုပ်ချီလျက် မေးလိုက်ခြင်းပင်။

"အင်း..ဟုတ်တယ်..အတိုးပေးစားတယ်ဆိုတဲ့တစ်ယောက်လေ...ခင်ဗျားတို့ အားလုံး သူ့ကို သိကြမှာပါ..တလောကတောင် ဇာတ်မင်းသမီးလေးတစ်ယောက် ကို မယားငယ်ယူလာသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့..ကျွန်တော်မျိုး သိပါတယ်"

"ဒါဆို ခင်ဗျား သူ့ကို သွားခေါ်ပေးဗျာ...သူနဲ့ ကျုပ် အလုပ်ကိစ္စတစ်ခုဆွေးနွေး စရာရှိလို့...အင်း..လမ်းမှာတော့ ဟိုဝင်ဒီဝင်မလုပ်နဲ့နော်..ကျုပ်လူတွေ ခင်ဗျား နောက်က လိုက်လာနေမှာ...ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်လို့ကတော့ ခင်ဗျားအသက်က သေနတ်ပြောင်းဝမှာရှိတယ်မှတ်"

"မဝံ့ပါဘူး..ဗိုလ်ကြီးခင်ဗျာ..ဗိုလ်ကြီးအကြောင်းလည်းကြားဖူးပါရဲ့..ကြောက် လည်းကြောက်ပါရဲ့...ဦးသံဒိုင်ကို အခုပဲ သွားခေါ်ပေးပါ့မယ်"

"သြော်..ဦးသံဒိုင်ကို ပြောလိုက်...သူအပေါင်အနှံ့ပစ္စည်းတွေထည့်ထားတဲ့ သေတ္တာ ရယ်၊ အပေါင်ခံတဲ့ အော်ဒီမန်စာချုပ်တွေရယ်ပါ ယူလာဖို့လည်း ပြော လိုက်ပါ....ဗိုလ်စံဖဲအမိန့်လို့သာ ပြောလိုက်"

"ဟုတ်..ဟုတ်ကဲ့..ခင်ဗျ"

ထိုသူက ခပ်သုတ်သုတ်ထွက်သွား၏။

သူ့နောက်တွင် ကံကြီးမောင်က ခြောက်လုံးပြူးဖြင့် ကပ်လိုက်လာသည်ကိုလည်း သတိထားမိပုံပေါ်သည်။

ဦးသံဒိုင် အိမ်ရှိရာသို့ တန်းတန်းမတ်မတ်။

............................................................................................................................
................................

"ကျွန်တော်မျိုးမှာ ဘာအပြစ်ရှိလို့လဲ..ခင်ဗျာ"

ဦးသံဒိုင်က လက်အုပ်ချီမိုးလျက် ဒူးတုပ်တော့မည့်ပုံ။

ဝမ်းတွင်းတစ်မြို့လုံးအပေါ် ငွေကြေးအရှိန်ဖြင့် မောက်မာခဲ့သူ ဦးသံဒိုင်ကို ယခုလို ခြေသုပ်ပုဆိုးမြွေစွယ်ကျိုးဖြင့် မြင်နေရသည့်အခါ ဆိုင်အတွင်းမှာ လူအများမှာ ကြိတ်ဝမ်းသာနေကြ၏။

"ကဲ..ဦးသံဒိုင်...လက်ဖက်ရည်သောက်ပါ"

"မသောက်တော့ပါဘူး..ခင်ဗျာ"

"ဒါဆို..သော့ပေး"

"ခင်ဗျာ"

"ဒီသေတ္တာသော့လေ"

ဦးသံဒိုင်က အပေါင်ခံပစ္စည်းများထည့်ထားသည့်သေတ္တာသော့ကို ပေးလိုက်၏။

စံဖဲက သော့ကို ဖွင့်ကြည့်လိုက်သည်။

"ခင်ဗျား အပေါင်ခံထားတာဒါအကုန်ပဲလား"

"ဟုတ်..ဟုတ်ပါတယ်"

"အော်ဒီမန်ငွေချေးစာချုပ်တွေရော..ဒီအပေါင်လက်ခံဘောင်ချာတွေရော..ပါကဲ့လား"

ဦးသံဒိုင်က စာရွက်စာတမ်းများကို စံဖဲ ထံ ထိုးပေးပြန်သည်။

ဆိုင်ထဲမှ လူများကတော့ သူတို့နှစ်ယောက် ဘာဖြစ်မည်ကို စိတ်ဝင်စားစွာကြည့်နေကြ၏။

စံဖဲက စာရွက်စာတမ်းများကို စစ်ဆေးလိုက်သည်။

"အတိုးတွေက ၃၀ ရာခိုင်နှုန်းလောက်ယူထားတာ...မများလွန်းဘူးလား..ခင်ဗျားက ချစ်တီးတွေဆီလည်း ငွေချပေးထားသေးတယ်ဆို"

"ဟုတ်..ဟုတ်ပါတယ်..ဗိုလ်ကြီး..ကျွန်တော်မျိုးက ကိုယ့်အလုပ်ကိုယ်လုပ်တာပါ"

စံဖဲက ပြုံးလိုက်၏။

"ခင်ဗျား...မြ ကို သိလား"

"ခင်ဗျာ"

"ဇာတ်ဆရာကိုချစ်ကောင်းရဲ့ မြလေ"

ဦးသံဒိုင် မျက်စိမျက်နှာပျက်သွား၏။

"ခင်ဗျားတို့က ကိုယ့်အလုပ်ကိုယ်လုပ်တယ်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ စီးပွားရှာတယ်၊ ကိုယ့်အတ္တပဲ ကိုယ်ကြည့်ကြတယ်၊ ငွေနဲ့ပေါက်ပြီး အရာရာကိုဖျက်ဆီးတယ်...အဲ့ဒီမှာ လူကောင်းတွေရဲ့ ဘဝတွေ၊ နှလုံးသားတွေ၊ ချစ်ခြင်းမေတ္တာတွေ ဘယ်လောက် ပျက်စီးခဲ့ရပြီလဲ..ခင်ဗျားတို့ သိလား...ဒီခေတ်ဆိုးခေတ်ပျက်ကြီးရဲ့ ဒေါက်တိုင်တွေ၊ လောက်ကောင်တွေ... ခင်ဗျားတို့ကို တရားစီရင်မယ့်သူ မရှိတော့ဘူးလို့ ထင်နေသလား"

ဦးသံဒိုင်တစ်ယောက် ဒူးများပင် တဆတ်ဆတ်တုန်နေပေပြီ။

"ကဲ...ဒီဆိုင်ထဲမှာ ရှင်းပြနေလို့ ပြီးမှ မဟုတ်ဘူး..အေးအေးဆေးဆေး တစ်နေရာခေါ်သွားပြီး ရှင်းပြမယ်...ကံကြီးမောင်...သူကို လှည်းပေါ် ခေါ်သွားလိုက်တော့"

ဆိုင်ရှေ့တွင် မောင်နီက လှည်းတစ်စီးဖြင့် အဆင့်သင့်စောင့်နေ၏။

ကံကြီးမောင် က ဦးသံဒိုင်ကို သေနတ်ဖြင့် ထောက်လိုက်သည်။ ထို့နောက် နားရင်းအုပ်ရန် လက်ရွယ်လိုက်၏။

"ကံကြီးမောင်..လူရှေ့မှာ မရိုင်းရဘူး..သွား..ဒီတိုင်းခေါ်သွားတော့...သူ့သေတ္တာနဲ့ စာရွက်စာတမ်းတွေပါ တခါတည်းယူလာခိုင်း"

"ဟုတ်ကဲ့ပါ..ဗိုလ်စံဖဲ"

ကံကြီးမောင်က ဦးသံဒိုင်ကို သေနတ်ဖြင့်ထောက်ကာ အပြင်သို့ ခေါ်သွား၏။

နားရင်းမအုပ်ရသော်လည်း လှည်းပေါ်တက်ခါနီးတွင် ဦးသံဒိုင်၏ ဖင်ကို တစ်ချက် စောင့်ကန်လိုက်သေး၏။

"ဗျိုး..ကာကာသူငွေး"

စံဖဲ၏ အသံကြောင့် ကောင်တာနောက်တွင် ဝပ်နေသော ဆူလေမန်း က တုန်ခနဲ ဖြစ်သွားသည်။

"ခေါ်နေတယ်လေဗျာ"

"ဟုတ်ကဲ့ပါ..ဆပ်"

"ဒီဆိုင်မှာ ချင်းသုပ် ကောင်းတယ်ဆို"

"ဟုတ်ပါတယ်..ကောင်းပါတယ်"

"တစ်ပွဲဘယ်လောက်တုန်း"

"ငါးပြားပါ"

"ရော့..ဒီမှာ တစ်ကျပ်ထားခဲ့မယ်..ဒီဆိုင်ထဲကလူတွေအားလုံးကို ချင်းသုပ် တစ်ယောက်တစ်ပွဲစီ ကျွေးလိုက်"

စံဖဲက သေနတ်ကို ကိုင်လျက် မတ်တတ်ထရပ်လိုက်သည်။

"အားလုံးကို..ကျုပ်ဗိုလ်စံဖဲက မေတ္တာရပ်ခံပါရစေ...ကျုပ်ညွှေ့ခံတဲ့ ချင်းသုပ်တစ်ပွဲကို စားပြီးလို့ကုန်မှ ဒီဆိုင်ထဲကနေ သွားလိုရာ သွားကြပါ....ချင်းသုပ်ကို ကုန်အောင်မစားဘဲ ထသွားခဲ့ရင်တော့..ဗိုလ်စံဖဲရဲ့ မေတ္တာကို စော်ကားတယ်ပဲ မှတ်ပါ့မယ်"

စံဖဲက ဆိုင်ထဲမှ ထွက်ခွာသွား၏။

ဆိုင်အတွင်းမှ လူအားလုံး ချင်းသုပ် စားပြီးချိန်တွင်တော့ စံဖဲတို့၏ လှည်းမှာ ဝမ်းတွင်းမြို့တွင်းမှ ထွက်ခွာသွားလေပြီ။

နောက်နှစ်ရက်ခန့်အကြာ ဝမ်းတွင်းမြို့ပြင်ရှိ ရိုးပျက်ချောင်းတစ်ခုအတွင်း သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော ဦးသံဒိုင်အလောင်းကို နွားကျောင်းသားများက တွေ့ရှိခဲ့ကြ၏။

စံဖဲ ပြန်ပေါ်လာချေပြီ။

.......................................................................................................................
...............

ချစ်ကောင်းက ကိုသူတော် ကမ်းပေးသော စာကို လှမ်းယူကာ ဖြန့်လိုက်၏။

အင်္ဂလိပ်လိုရေးထားသော စာတစ်စောင်။

"ကိုကြီးချစ်ကောင်း

ခင်ဗျား အကြွေးကို ကျုပ် ဆပ်ပေးလိုက်ပြီ။

ဒီအချိန်မှာ ခင်ဗျားရဲ့ မြ အနားမှာ ခင်ဗျား ရှိသင့်တယ်။

စံဖဲ"

ချစ်ကောင်းက ဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်၏။

ထို့နောက် စာကို တစ်စစီဆုတ်ဖြတ်ကာ လုံးချေလိုက်သည်။

"သူတော်...မင်းညီ ဘယ်မှာလဲ"

"ဘာဖြစ်လို့လဲ...ချစ်ကောင်း"

"ဒီအခြေအနေမှာ သူ့အနားမှာ ငါရှိနေသင့်တယ်လို့ ငါထင်တယ်...ငါ့ကို သူရှိတဲ့ နေရာပို့ပေး"

# အခန်း ( ၉ )

သာစည်ရာဇဝတ်ဝန်ထောက်ရုံး။

ခရိုင်ရာဇဝတ်ဝန်ထောက် မစ္စတာရေးနိုး၊ရာဇဝတ်ဝန်ကလေး ဦးအုန်းကျော်၊ ရွှေဘိုစစ်ပုလိပ်တပ်ဖွဲ့မှ ကပ္ပတိန်မဂ္ဂရီတာ၊ ၊ ရန်ကုန်မြို့မှ စီအိုင်ဒီ စုံထောက်ဦး သန့် တို့ ခေါင်းချင်းဆိုင်နေကြ၏။

စံဖဲကိစ္စ။

သေနတ်ကိုင်ကာ မြို့လယ်ကောင်များအထိ တက်လာနေပြီဖြစ်သော စံဖဲ အရေး သည် တဖြည်းဖြည်း ကြီးမားလေနေပေပြီ။

နယ်ဘက်သူကြီးအတော်များများမှာလည်း စံဖဲအဖွဲ့ကို ကြောက်ရွံ့နေကြသဖြင့် အုပ်ချုပ်ရေးပျက်ပြားသည့် အခြေအနေဖြစ်နေ၏။

ထို့ကြောင့် စံဖဲအား ဆုငွေ ၂၀၀၀ိ ထုတ်ရန် အတည်ပြုဆွေးနွေးနေကြခြင်းပင်။

“ဆုငွေကိစ္စအတည်ဖြစ်ပြီဆိုတော့...ရာဇဝတ်ဝန်ရုံးနဲ့ပုလိပ်မင်းကြီးရုံး က ဝရမ်း မိန့်ကိုပဲ စောင့်ကြတာပေါ့... စံဖဲအမှုမှာ သူ့ကို ထောင်ဖမ်းနိုင်မယ့် အချက်တစ်ခု ကို ကျွန်တော်မျိုးထပ်တွေ့ထားပါတယ်..မင်းကြီး”

စီအိုင်ဒီမှာ စုံထောက် ဦးသန့် က မစ္စတာရေးနိုးကို အစီရင်ခံလိုက်ခြင်းပင်။

“တကယ်တော့ စံဖဲ အခုလိုဖြစ်တာဟာ သူ့မယား ကိစ္စကြောင့်ပဲ...သူ့မယားကို အတင်းလုယူပေါင်းသင်းတဲ့ မဲတောသူကြီးသား စစ်ပြန်မောင်ပု ကို အခဲမကြေရာ ကနေ ဒီကိစ္စတွေစတင်လာတာပါ..အခုတော့ မောင်ပုနဲ့ စံဖဲဇနီးဟောင်းမသိန်း ရင်ဟာလည်း စံဖဲကို ကြောက်လို့ သာစည်မြို့မှာ လာပုန်းနေကြရပါတယ်..မနေ့ က သာစည်ဂါတ်တဲမှာ ရှိတဲ့ ကွယ်လွန်သူ ရာဇဝတ်အုပ်ကိုညီမောင်ရဲ့ အမှုဖိုင်တွေ ကို ကျွန်တော်မျိုး စစ်ဆေးကြည့်ရာမှာ မောင်ပုဟာ လိုင်စင်နဲ့ သေနတ်ကိုင် ဆောင်ခွင့်လျှောက်ထားတဲ့ စာရွက်စာတမ်းတချို့တွေ့ရပါတယ်”

စံဖဲကိစ္စအတွက် အင်းစိန်စီအိုင်ဒီမှ အထူးစေလွှတ်ထားသောစုံထောက် ဦးသန့်၏ စကားကို အားလုံးက စိတ်ဝင်စားသွားကြသည်။

"ဒီတော့...လူမြင်ကွင်းမထွက်ရဲတဲ့ မောင်ပုကို လူမြင်ကွင်းကို ထွက်ရဲအောင် လုပ်ပေးလိုက်ခြင်းအားဖြင့် ကျွန်တော်မျိုးတို့ဟာ စံဖဲကို တကူးတကလိုက်ရှာစရာမလိုပါဘူး..မောင်ပုရှိရာကို စံဖဲဟာ မဖြစ်မနေကိုလာမှာပါပဲ..ပြီးတော့ မောင်ပုဟာ စစ်ပြန်ဖြစ်တဲ့အတွက် သေနတ်အကိုင်အတွယ်လည်းကျွမ်းကျင်ပါတယ်...သူတို့ လူမှုရေးပြဿနာသူတို့ရှင်းကြခြင်းဖြင့် ကျွန်တော်မျိုးတို့အတွက်လည်း ဝန်ပေါ့စေပါတယ်"

မစ္စတာရေးနိုးက စားပွဲခုံကို လက်ဖြင့် ပုတ်လိုက်၏။

"ခင်ဗျားပြောတာ ကျုပ်သဘောပေါက်ပြီ...မစ္စတာစီအိုင်ဒီ...ဒါဆို မောင်ပုရဲ့ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်ကို ကျုပ်ခုချက်ချင်းပဲ လက်မှတ်ထိုးခွင့်ပြုလိုက်မယ်...မောင်အုန်းကျော်က မောင်ပုနဲ့ သွားတွေ့ပါ...သူကိုင်ချင်တဲ့ သေနတ်ကအစ သေချာရွေးချယ်ပေးလိုက်ပါ...နောက် သာစည်ပုလိပ်အဖွဲ့အနေနဲ့ ကပ္ပတိန်မဂ္ဂရီတာရဲ့ စစ်ပုလိပ်တပ်နဲ့ပူးပေါင်းပြီး နယ်ဘက်ကိုဆင်း စံဖဲကို ဆုငွေထုတ်တဲ့စာတွေကို ဖြန့်ဝေဖို့လုပ်ပါ..ကပ္ပတိန်ကရော ဘာများ ပြောချင်ပါသေးလဲ."

"မရှိပါဘူး..မစ္စတာရေးနိုး"

"အိုကေ..ဒါဆို..ကျုပ်တို့ အစည်းအဝေးကို ရုတ်သိမ်းပါတယ်"

မစ္စတာရေးနိုး က ဖိုင်တွဲများကို ပိတ်လိုက်သည်။ ထို့နောက် ဘေးတွင်ချထားသော ဆေးတံကို ပါးစပ်တွင် ကိုက်လိုက်တော့သည်။

..........................................................................................................................

သာစည်မြို့၊ တဝဂူ ခေါ် နှံပဲရွှေထီးစေတီတော်အနီးရှိ နေအိမ်တစ်လုံး။

မော်တော်ကားတစ်စီးက အိမ်ရှေ့သို့ ထိုးရပ်လာ၏။

မွေးခါနီးဖွားခါနီး ကိုယ်ဝန်အရင့်အမာဖြင့် မသိန်းရင် အနီးတွင် ထိုင်နေသည့် မောင်ပု က လှစ်ခနဲ ထလိုက်သည်။

"မသိန်းရင်...အခန်းထဲမှာ ခဏဝင်နေ"

မောင်ပုက တံခါးကြားထဲတွင် ထောင်ထားသော လှံရှည်ကို လှမ်းယူကာ ပြတင်းတံခါးအကွယ်မှာ အသာချောင်းကြည့်လိုက်၏။

ပုလိပ်သားနှစ်ယောက်နောက်မှ မြန်မာလူမျိုးအရာရှိတစ်ဦးဝင်လာသည်ကို မြင်မှ လှံကို တံခါးကြားတွင် ပြန်ထားလိုက်သည်။

ထို့နောက် အိမ်တံခါးမကြီးကို ဖွင့်လိုက်၏။

"မောင်ပု ဆိုတာ..."

"ဟုတ်ပါတယ်..ကျွန်တော် မောင်ပုပါ"

"ကျုပ်က ခရိုင်ရာဇဝတ်ဝန်ကလေး ဦးအုန်းကျော်ပါ"

"ကြွပါ.ဝန်မင်း..ကြွပါ..ခင်ဗျ"

မောင်ပု က ပြာပြာသလဲ။

အခန်းထဲသို့ ပြေးကာ သင်ဖြူးကို ယူလိုက်၏။

"ပုလိပ်တွေလာတာပါ..မသိန်းရင်.စံဖဲကိုများ မိသွားလို့ သက်သေခံဖို့ရာ တို့ကို လာခေါ်တာထင်ပါရဲ့"

မောင်ပု အသံက တက်ကြွနေသည်။ မသိန်းရင်ကတော့ စံဖဲဆိုသည်နှင့် မျက်နှာပျက်သွားရှာ၏။

မောင်ပုက ဦးအုန်းကျော်ကို ဘုရားစင်ရှေ့တွင် သင်ဖြူးဖျာ ခင်းပေးပြီး သူက မူ ရှေ့တွင် ခပ်ကြုံ့ကြုံ့ထိုင်လိုက်သည်။

"ဘာကိစ္စများရှိပါသလဲ..ဝန်မင်းဘုရား"

"ဩော်..ဒီလိုပါ...မောင်မင်း လျှောက်ထားတဲ့ သေနတ်ကိုင်ဆောင်ခွင့် လိုင်စင် ကျပြီဆိုတာ ကျုပ်က လာအကြောင်းကြားတာပါ"

"ခင်ဗျာ"

"မောင်မင်းက ကမ္ဘာစစ်တုန်းကလည်း စစ်မှုထမ်းခဲ့တယ်ဆို"

“မှန်ပါ”

“ကိုင်ချင်တဲ့ သေနတ်အမျိုးအစားလျှောက်ဖို့နဲ့ လိုင်စင်ထုတ်ယူဖို့ကိုတော့..သာစည်အရေးပိုင်ရုံးကို မနက်ဖြန် ရုံးချိန်အတွင်းလာခဲ့ပါ”

“မှန်ပါ..လာခဲ့ပါ့မယ်..အခုလို ကိုယ်တော်တိုင်လာရောက်အကြောင်းကြားပေးလို့လည်း ကျေးဇူးတင်ပါတယ်”

“အင်း..တခုတော့ ရှိတယ်ဗျာ...မောင်မင်းက မဲတောရွာသားမဟုတ်လား”

“ဟုတ်ပါတယ်”

“ဒီတော့...အခုတလော သောင်းကျန်းနေတဲ့ လူဆိုးဗိုလ်စံဖဲကို ကျုပ်တို့ ပုလိပ်ကလည်း ခြေရာကောက်လိုက်နေပြီ... မောင်မင်း နဲ့သူနဲ့ကြားမှာလည်း လူမှုရေးကိစ္စလေးတွေရှိနေတယ်ဆိုတာ ကျုပ်တို့ သိထားပါတယ်..အဲ့ဒါမှန်သလား”

မောင်ပုက အိမ်ခန်းတံခါးနောက်တွင် သူတို့အား ချောင်းကြည့်နေသော မသိန်းရင်အား တချက်ကြည့်လိုက်၏။

“ဟုတ်ပါတယ်”

“မောင်မင်းအတွက်လည်း သူက အန္တရာယ်ရှိနေတယ်ဆိုတော့ မောင်မင်းအနေနဲ့ သူ့ကို ဖမ်းဆီးရမိရေးမှာ ကျုပ်တို့ကို ကူညီပေးနိုင်မလား”

“ကူညီပေးနိုင်ပါတယ်..ဘုရား”

“ကျုပ်တို့ကလည်း မောင်မင်းကို ကူညီပေးသွားမှာပါပဲ..တခြားမစိုးရိမ်ပါနဲ့..စံဖဲ နဲ့ မောင်မင်း ထိပ်တိုက်တွေ့တဲ့အခါ.. ပစ်သတ်ပိုင်ခွင့်ရှိပါတယ်လို့ မိတ္ထီလာ ရာဇဝတ်ဝန်ထောက်ကိုယ်တိုင်က ခွင့်ပြုထားပါတယ်...ဘယ်လိုလဲ”

“ဒီအကောင်လေးဟာ အရိုင်းအစိုင်းလေးပါ..ဘုရား..စိတ်ချတော်မူပါ..ကျွန်တော် မျိုးလက်နဲ့ ဒင်း အသက်ထွက်စေရပါ့မယ်”

မောင်ပု၏ အသံက တက်ကြွစွာဖြင့်။

အိမ်ခန်းအတွင်း တံခါးဘောင်ကို ကျောမှီထားသည့် မသိန်းရင်ကတော့ စီးကျလာသည့် မျက်ရည်များကို  လက်ဖမိုးဖြင့် ခပ်မြန်မြန်သုတ်လိုက်သည်။

..............................................................................................................
............

“A 77992 – ဝင်ချက်စတာ ၊ မိတ်အင် ယူအက်စ်အေ၊ ၁၉၁၂ ထုတ်ပဲ..မှန်းစမ်း”

စံဖဲက သူ့လက်ထဲမှ ပြောင်းရှည်သေနတ်၏ ဘေးဘက်မှ စာများကို သဘောကျစွာဖတ်ကြည့်နေသည်။

“ဟာ..မောင်းကလည်း တခြားရိုင်ဖယ်တွေ၊ နှလုံးပြူးတွေလို မဟုတ်ပါလား..တင်ရတာ လွယ်တယ်ဟ”

စံဖဲက သေနတ်ဖင်ကို နောက်သို့ ဆောင့်တွန်းကြည့်ရင်း ပြောလိုက်၏။

“ကျုပ်မွေးစားအဖေ မစ္စတာတရစ် နဲ့ အမဲလိုက်သွားတုန်းက မိတ္ထီလာအရေးပိုင်က ဒီလိုသေနတ်ကိုင်တာတွေ့ဖူးတယ်…အော်တိုမစ်တစ်ငါးချက်ဆက်တိုက်ပစ်နိုင်တဲ့သေနတ်မျိုးပဲဗျ.ကိုင်ကြည့်ပါဦး…စီးနေတာပဲ”

စံဖဲက နဘေးရှိ ချစ်ကောင်းအား သေနတ်ကို ကမ်းပေးလိုက်၏။

လွန်ခဲ့သောရက်ကမှ မစောရှင်ကလေးမှတဆင့် စံဖဲဆီရောက်လာသော ချစ်ကောင်းက သေနတ်ကို သေချာကိုင်တွယ်ကြည့်နေသည်။

“ကဲ..လုပ်ပါဦး.ဒီသေနတ်ဘယ်က ဘယ်လိုရလာကြတာလဲ”

စံဖဲက သူ့ရှေ့တွင် ရပ်နေသော ဆယ်ကျော်သက်လူငယ်လေးနှစ်ဦးအား မေးလိုက်သည်။

ထိုလူငယ်နှစ်ဦးမှာ ထွန်းလူနှင့် ပေသီး။

ကက်ဝိုင်းများလိုက်စဉ်က မောင်နီနှင့်အတူ တွဲလုပ်ခဲ့သော လူငယ်များဖြစ်ပြီး မသိန်းရင် မင်္ဂလာဆောင်တွင် ဗျောက်အိုးပစ်နှောက်ယှက်ရာတွင် ပါဝင်ခဲ့ကြဖူးသည်။

“ဒီကောင်တွေက စကားပြောတတ်မဆိုတတ်တွေမို့..ကျုပ်ပဲ ပြောပြပေးပါ့မယ်..ကိုစံဖဲ”

မောင်နီက ဝင်ပြောသည်။

"ဒီလို..ကိုစံဖဲ...ကျုပ်တို့ ပျော်ဘွယ်က ကက်ဝိုင်းမှာ...အမြဲတမ်းလာလာကစား တတ်တဲ့ အင်္ဂလိပ်လမ်းဗိုလ်တယောက်ရှိတယ်... ဒီလူက တောထဲတောင်ထဲတွေ မှာ ရှုခင်းတွေ ပန်းချီဆွဲတာတို့၊ အမဲလိုက်တာတို့လည်းလုပ်တယ်..အင်္ဂလိပ်မူး မတ်မျိုးရိုးလို့ သူ့ကိုယ်သူပြောတာပဲ...လောင်းကစားတော့ အင်မတန်ကြိုက် ဗျ...ဒါပေမယ့် သူနိုင်ရင်ကောင်းတယ်..ရှုံးရင်ဖြင့် ဒီသေနတ်ကြီးတလွယ်လွယ်နဲ့ ညစ်ချင်တာကလား...တခါတော့ ကျုပ်တို့ကတ်ဝိုင်းမှာ သူ လေးထောင်လောက်ရှုံး သွားတယ်...ကျုပ်တို့ဆီမှာ ပဲ ငွေထပ်ချေးတယ်..ထုံးစံမရှိပေမယ့် ကျုပ်ဦးလေးက ငွေနှစ်ထောင်ချေးပေးပါတယ်..အဲ့ဒါလည်း ထပ်ရှုံးတာပဲ.. နောက်ထပ် ထပ်ချေး တော့ ဦီးလေးက မချေးတော့ဘူး..ဒါကို သူက သေနတ်နဲ့ ပစ်မယ်ခတ်မယ် ခြိမ်းခြောက်တယ်.. အဲ့ဒီမှာ ဒီနှစ်ကောင်နဲ့ ငြိကြတော့တာပဲ...လူတွေဝိုင်းဆွဲလို့ ပွဲ က ပြီးသွားပေမယ်..အဲ့ဒီ အင်္ဂလိပ်လမ်းဗိုလ်က ပုလိပ်ကို သွားချွန်လို့ နောက်နေ့ ကျ ကျုပ်တို့အားလုံးဖမ်းခံရတော့တာ...ကျုပ်အမှုဖြစ်နေတယ်ဆိုတာလည်း အဲ့ဒီ အမှုပေါ့ဗျာ..ဒီနှစ်ကောင်လည်း အမှုတွဲပါနေတာ"

"အင်း..ဟုတ်ပါပြီ..မောင်နီ..ဒီသေနတ်ကိုရော သူတို့က ဘယ်လိုယူလာတာလဲ"

"ထွန်းလူနဲ့ ပေသီး က ဒီအင်္ဂလိပ်ကောင်ကို ပြန်ဆော်ဖို့ အမြဲချောင်းနေတာဗျ..ဒီ ကောင်ကလည်း လူလည်..ကျုပ်တို့ အမှုစဖြစ်ကတည်းက ဘယ်သွားသွားဒီ သေနတ်နဲ့ပဲ...ဟိုနေ့ကတော့ ရှမ်းရိုးမ အစပ်မှာ အဲ့ဒီလမ်းဗိုလ်က သေနတ်ဘေးချ ပြီး ပုံဆွဲနေတုန်း...ဒီနှစ်ကောင်က တွေ့လို့ ဝင်ရိုက်ကြတာ...ဟိုက သတိလစ်သွား မှ ကြောက်ကြောက်နဲ့ သေနတ်ပါယူပြီး ပြေးလာကြတာပဲ"

"ဩော်..ဟုတ်ပြီ..ဒီလိုဆိုတော့..ငါ ဘာလုပ်ပေးရမလဲ..ငါ့ညီတို့..ဒီသေနတ်ကိုရော ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ကျွန်တော်တို့ မရောင်းပါဘူး...ဒီသေနတ်ကို ဗိုလ်စံဖဲကို အပ်ပါတယ်..ပြီး တော့..ကျွန်တော်တို့ကိုလည်း ဗိုလ်စံဖဲရဲ့ အသင်းထဲ ဝင်ခွင့်ပြုပါ"

စံဖဲက ချစ်ကောင်းကို တချက်ကြည့်လိုက်၏။

"ဇာတ်ဆရာသဘောကို ပြောပါဦး"

"အဆင်ပြေပါတယ်..စံဖဲ...သူတို့က လူငယ်လေးတွေလည်းဖြစ်..ရာဇဝတ်မှုလည်း ကျူးလွန်ထားတော့...တို့ ခေါ်ထားတာကောင်းပါတယ်"

"ကဲ..ဟုတ်ပြီ..ဒီလိုဆိုတော့..မင်းတို့နှစ်ကောင်ကို ငါ့အဖွဲ့ထဲ ဝင်ခွင့်ပြုတယ်...ဒါပေမယ့် မင်းတို့ ငါ့အပေါ်သစ္စာရှိမှ ရမှာနော်..ငါ့အမိန့်မရပဲ ဘာမှ မလုပ်ရဘူး..ဟုတ်ကဲ့လား"

"ဟုတ်"

စံဖဲ၊ ချစ်ကောင်း၊မောင်နီ၊ ကံကြီးမောင်၊ ထွန်းလူ၊ ပေသီး။

စံဖဲဘက်တွင်လည်း အင်အားက တဖြည်းဖြည်းတောင့်လာချေပြီ။

............................................................................................................................................

ဇာတ်ဆရာကိုချစ်ကောင်းရောက်လာခြင်းသည် စံဖဲအတွက် အင်အားတစ်ရပ် ဖြစ်လာရသည်။

စံဖဲထံ နောက်ကျမှ ရောက်လာသော်လည်း စံဖဲထက် ပညာတတ်လည်းဖြစ်၊ တွေးခေါ်တတ်သည့်အတွက် စံဖဲက သူ၏ လက်ထောက်အကြံပေးအဖြစ် အားကိုးနေရ၏။

ထွန်းလူနှင့် ပေသီး မရောက်လာမီတွင် ကံကြီးမောင်၏ အကို ကိုသာပိုင် ၊ ကိုသာလှိုင်၊ အုတ်တွင်းရွာသား ငသြော တို့ က စံဖဲအဖွဲ့သို့ဝင်ရန် ကံကြီးမောင်မှ တဆင့် ရောက်ရှိလာခဲ့သေးသည်။

သို့သော် ကိုချစ်ကောင်းက ရာဇဝတ်မှုတစုံတစ်ရာကျူးလွန်ထားခြင်းမရှိသော သူများကို အဖွဲ့ထဲဝင်ခွင့်ပြုသော်လည်း တောပုန်းရာတွင်မပါဝင်ဘဲ ရွာများထဲတွင် ပင် ကင်းထောက်အဖြစ် ထားသင့်ကြောင့် အကြံပြုခဲ့၏။

ကိုချစ်ကောင်းက ပုန်ကန်မှုပြုရာတွင် နယ်မြေသတင်းအချက်အလက် နှင့် ဒေသခံတို့၏ ထောက်ခံမှုသည် အရေးကြီးကြောင်းကို သူဖတ်ဖူးခဲ့သည့် တောပုန်းကြီးရော်ဘင်ဟုဒ်ဇာတ်လမ်းနှင့် ခိုင်းနှိုင်းကာ စံဖဲအား ရှင်းပြခဲ့သည်။

ကိုချစ်ကောင်းကိုယ်တိုင်လည်း သူအလုပ်လုပ်နေသော ချစ်တီးတိုက်မှ ချစ်တီးများအား ငွေတိုးတဆင့်ပေးထားသော ဗမာလယ်ရှင်သူဌေးများ စာရင်းကို ယူလာခဲ့ပေး၏။

ဗမာလယ်ရှင်ကြီးတို့သည် တဖက်တွင် ဘုရားဒကာ၊ကျောင်းဒကာ သူတော်ကောင်းသူဌေးကြီးများဖြစ်ကြသည်။

တဖက်တွင်မူ ချစ်တီးတို့၏ လယ်သိမ်း၊ မြေသိမ်း၊ လူသိမ်းဇာတ်လမ်း၏ နောက်ကွယ်တွင်ရှိနေသည်ကို လူသိနည်းလှ၏။

အင်္ဂလိပ်အစိုးရ၏ စီးပွားရေးစနစ်အရ အိန္ဒိယပြည်အရှေ့ဘက်ခြမ်းကမ်းခြေပြည်နယ်များမှဈေးပေါသော အလုပ်ကြမ်းသမားများကို လယ်လုပ်သားများအဖြစ် မြန်မာပြည်သို့ ခေါ်သွင်းလာသည်။

သို့သော် အောက်မြန်မာပြည်တွင် နေထိုင်သည့် လူသူနည်းပါးရာ မြေယာများလွတ်နေ၏။  အထူးသဖြင့် လယ်သမားရှားနေခြင်းပင်။

အထက်မြန်မာနိုင်ငံမှလူများသည်လည်း အောက်ပြည်တွင် အခြေချသူနည်းသေးသည်။

ထို့ကြောင့် ခုတ်ထွင်နိုင်သမျှမြေကို သုံးနှစ်ဆက်တိုက်လယ်ယာလုပ်ငန်းလုပ်ကိုင်ပါက မြေဂရန်ထုတ်ပေးမည်ဟု ကြေညာသည်။

လယ်ယာလုပ်ရာတွင် အရင်းအနှီးမတည်နိုင်ရန်အတွက် ငွေကြေးလုပ်ငန်းကို ကောင်းစွာနားလည်စီမံခန့်ခွဲနိုင်သော ချစ်တီးများကိုလည်း ခေါ်သွားလာကြ၏။

ချစ်တီးများမှာ ငွေကြေးအရင်းအနှီးမရှိသော်ငြား သူတို့အား အင်္ဂလိပ်ဘဏ်များမှ အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးပေးသည်။

ထိုငွေကို လယ်လုပ်သူများထံ ချစ်တီးများက အတိုးနှုန်းတင်ကာ ပြန်လည်ဖြန့်ဝေပေး၏။ အတိုးနှုန်းမှာ အနည်းဆုံး တစ်ရာကျပ်ကို တစ်လလျှင်နှစ်ကျပ်ဖြစ်ပြီး သုံးနှစ်အတွင်း အရင်းနှစ်ဆဖြစ်လာသည်။

ချစ်တီးများ၏ လုပ်ငန်းများကျယ်ပြန့်လာသည်နှင့်အမျှ မြန်မာလယ်ရှင်ကြီးအချို့ကလည်း ထိုလုပ်ငန်းကို မျက်စိကျလာသည်။

ချစ်တီးများဘက်ကလည်း အစိုးရဘဏ်များမှ ငွေချေးယူရာတွင် အကန့်အသတ်ရှိနေသည်။

ထို့ကြောင့် မြန်မာလယ်ရှင်ကြီးများက အစိုးရနှင့်သိပ်မကွာခြားသောနှုန်းဖြင့် ချစ်တီးများကို ငွေထုတ်ပေးပြီး လယ်ပေါင်ခံ၊ ယာပေါင်ခံလုပ်ငန်းများတွင် နောက်ကွယ်မှ ပါဝင်လာကြ၏။

နောက်ပိုင်းတွင် ချစ်တီးများမှာ အစိုးရဘဏ်ထက်ပိုလွယ်ကူသော မြန်မာမြေရှင်ကြီးများထံမှ ငွေကိုယူကာ လည်ပတ်သည်။

လောဘတက်လာသောမြန်မာလယ်ရှင်ကြီးအချို့က အစိုးရထက်များပြားသော အတိုးနှုန်းကိုပင် မြှင့်တင်လိုက်သည်။ ချစ်တီးများကလည်း အတိုးများလိုက်မြှင့်ကာ လယ်သမားတို့၏ ဘဝ က အကြွေးနွံ့ထဲ စုန်းစုန်းမြုပ်တော့၏။

လယ်သိမ်း၊ယာသိမ်းကိစ္စများသည် ချစ်တီးများက ရှေ့ထွက်လုပ်ကြပြီး နောက်ဆုံးတွင် မြန်မာမြေရှင်ကြီးများ လက်သို့သာ ထိုလယ်များ ရောက်သွားကြသည်ချည်းပင်။

ထိုကိစ္စကို ကောင်းကောင်းသိနေသော ကိုချစ်ကောင်းက စံဖဲအား စာရင်းနှင့်တကွ ယူလာကာ အသိပေးခြင်းဖြစ်သည်။

စံဖဲတို့ အဖွဲ့ကလည်း ထိုစာရင်းအတိုင်း လယ်ရှင်များ၊ သူကြီးများ အိမ်ကို ဓါးပြတိုက်လုယက်ကြ၏။

ရရှိလာသော ငွေကြေးကို ကိုချစ်ကောင်းက သုံးပုံပုံကာ စီမံပေးသည်။ တစ်ပုံသည် စံဖဲနှင့် အဖွဲ့သားများခွဲဝေယူရန်၊ တစ်ပုံသည် ရွာများတွင်လွှတ်ထားသော ဆက်သားသတင်းပေးများအတွက်၊ ကျန်တပုံမှာ ရွာစဉ်အလိုက် အဆင်းရဲဆုံးသူများကို ရွေးချယ်ကာ အိမ်ရှေ့တွင် သွားသွားထားပေးရန်ဖြစ်သည်။

ထိုသို့ဖြင့် လပိုင်းအတွင်းပင် စံဖဲ၏ သတင်းမှာ ဆန့်ကျင်ဘက်အဖြစ် ကျော်ကြားနေလေတော့၏။

တဖက်တွင် ဆင်းရဲသားတို့အတွက်သူရဲကောင်း၊ တဖက်တွင် သူဌေးများ၊ မြေရှင်များနှင့်အစိုးရအတွက် ရန်သူ။

..............................................................................................................
..........................

“မိတ္ထီလာ ရာဇဝတ်ဝန်ထောက်အမိန့်ဖြင့် စံဖဲ အား အသေ၊အရှင်ဖမ်းနိုင်သူ ဆုငွေ ၂၀၀၀ ထုတ်ပြန်ခဲ့၊ စစ်ပြန်ငပု လိုင်စင်ခံ သေနတ်ရသွားပြီ။ စံဖဲ ကို ပုလိပ်နဲ့ပေါင်းပြီး ရအောင်ပစ်ဖမ်းမယ်လို့ သာစည်မှာသတင်းဖြစ်နေ၊ ငပုလိပ်စာက တဝ ဂူဘုရားအရှေ့ဘက်၊ မစံမယ်ပဲလှော်ဖိုမျက်စောင်းထိုး၊ သစ်သားအိမ်၊ အိမ်ရှေ့ မြင်းဖြူရှင်နတ်စင်ရှိ”

မစောရှင်ယူလာသော စာကို စံဖဲက ကိုချစ်ကောင်း ထံ ပြလိုက်၏။

စာပို့သူမှာ သာစည်သို့ သွားလာပြီး သတင်းထောက်နေသူ ကိုသာပိုင်ဖြစ်သည်။

စံဖဲ စီစဉ်ထားသော စနစ်အရ သတင်းပေးများသည် စံဖဲဆီ တိုက်ရိုက်လာခွင့်မရှိ။ မစောရှင်ထံ သွားပေးထားရသည်။

မစောရှင်ကလည်း စံဖဲမှာထားသည့်အတိုင်း စာရပြီးနောက် နံနက်လင်းအားကြီး အချိန်မှသာ စံဖဲရှိရာသို့ အရောက်လာပို့ပေးရ၏။

ဆွံ့အနားမကြားသော်လည်း ခြေလှမ်းမြန်မြန်နှင့် အမောခံနိုင်သည့် မစောရှင် သည်လည်း စံဖဲအတွက် အားထားရာတစ်ခုပင်။

ချစ်ကောင်းက စာကို ဖတ်ပြီး စံဖဲ ထံ ပြန်ပေးလိုက်၏။

“ဘယ်လိုထင်လဲ..စံဖဲ”

“ဒီကောင်က စိန်ခေါ်တာပေါ့ဗျာ”

“နေဦး....ငါစိတ်ထဲမသင်္ကာတာရှိတယ်..ငပုကို သေနတ်ဘာလို့ တပ်ပေးလိုက်တာလဲ...နောက်ပြီး သူ့နှမ မြနု က ငါ့ဆီလာသွားတာ မင်းကို ငါပြောဖူးပါတယ်...အဲ့ဒါ တွေ ဆက်စပ်ရင်..ထင်သလောက်မရှင်းဘူးကွ”

“ဘယ်လိုမရှင်းတာလဲ”

“ဒီသတင်းကို ပုလိပ်က တမင်ဖြန့်ပြီး မင်းကို ငပုနဲ့ မျှားတာလို့ ငါထင်တယ်....ဒီ သတင်းကြားတဲ့အခါ..မင်းက ဒေါသထွက်ပြီး ငပုရှိတဲ့ သာစည်အိမ်ကို မင်းက

သွား..ပုလိပ်က အဲ့ဒီအိမ်နားမှာ စောင့်နေမှာပဲ..သာစည်တစ်မြို့လုံးလည်း ကင်းပုန်းဝပ်ချင်ဝပ်နေမှာ”

ကိုချစ်ကောင်းစကားကို စံဖဲက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်..ခင်ဗျားပြောတာဖြစ်နိုင်တယ်..ဇာတ်ဆရာ...ဒီအတိုင်းတော့ ငပုကို လွှတ်ထားလိုက်ရတာ..တယ်မခံချင်ဘူး..ဘယ်လုပ်ရင်ကောင်းမလဲ”

စံဖဲက ဝင်ချက်စတာသေနတ်ကို ပွတ်သပ်ကာ နှုတ်ခမ်းကိုကိုက်လျက် စဉ်းစားနေ၏။

“ငါ အကြံရပြီ..စံဖဲ”

“ဘယ်လိုတဲ့လဲ ဇာတ်ဆရာ”

“ငါတို့ သာစည်ကို ရှောင်ပြီး မိတ္ထီလာဘက် တက်ကြတာပေါ့”

“ဘယ်လို”

“ဒီလို”

..............................................................................................................................

..............

၁၉၂၇ မတ်လ ၂ ရက်နေ့။

မိတ္ထီလာရာဇဝတ်ဝန်ရုံး။

ခရိုင်ရာဇဝတ်ဝန် မစ္စတာရေးနိုး နှင့် ရာဇဝတ်ဝန်ကလေးဦးအုန်းကျော်တို့ မှာ စံဖဲကိစ္စဖြင့် သာစည်တွင် ခေတ္တရုံးထိုင်နေသည်မို့ ရာဇဝတ်ဝန်ကလေးဖြစ်သူ ဦးထွန်းငွေ က ရုံးထိုင်နေ၏။

“သခင်...အပြင်မှာ ဘုန်းကြီးတပါးက သခင်နဲ့ တွေ့ချင်နေပါတယ်”

ရုံးလုလင် ကိုမန်းနီး က ဘာဂျာတံခါးလေးရှေ့တွင် ဆလံပေးကာ သတင်းပို့သည်။

ရုံးခန်းထဲတွင် ဦးထွန်းငွေနှင့်အတူ မိတ္ထီလာတရားမ တရားသူကြီး မစ္စတာအိတ်စ်အေ ဇေဘီယား ပါ ရောက်နေ၏။

“ဘာကိစ္စတဲ့လဲ”

“ဓါးပြစံဖဲ သတင်းပေးချင်လို့တဲ့”

မျက်နှာဖြူတရားသူကြီးရှေ့တွင်ဖြစ်သည်မို့ ဦးထွန်းငွေမှာ ဟန်မပျက်အောင် စိတ်ကို မနည်းထိန်းလိုက်၏။

သူ့အထက်အရာရှိဖြစ်သည့် မစ္စတာရေးနိုးရော၊ သူနှင့် ရာထူးတူပြိုင်ဘက်ဖြစ်သည့် ဦးအုန်းကျော်တို့က သာစည်အထိ ဆင်းသွားပြီး စံဖဲကိစ္စစုံစမ်းနေချိန်တွင် စံဖဲသတင်းက သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာချေပြီ။

“လွှတ်လိုက်”

ဦးပြည်းစိမ်းစိမ်းဖြင့် ရဟန်းတော်တစ်ပါး။

ဦးထွန်းငွေက မစ္စတာဇေဗီယားကို ခွင့်တောင်းကာ မတ်တပ်ရပ်ပြီး လက်အုပ်ချီလိုက်၏။

“ဒီကို ကြွပါ..ဦးဇင်း..ဘာကိစ္စများ သတင်းပေးချင်လို့ပါလဲ..ဘုရား”

ဘုန်းကြီးက ဦးထွန်းငွေညွှန်ပြသည့် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

“ဒကာတို့ လူဆိုးစံဖဲကို ဖမ်းနေကြတယ်ဆို”

“တင်ပ”

“ကျုပ်က ညောင်ကိုင်းဘုန်းကြီးကျောင်းက ပါ..ဝါသဝလို့ ခေါ်ပါတယ်”

“မှန်ပ”

“ဒီလို လွန်ခဲ့တဲ့နှစ်ရက်က ကျုပ်ကျောင်းမှာ လူနှစ်ယောက်ရောက်နေတယ်...ခရီးသွားဆိုပြီး လာတည်းနေကြတာ...တယောက်ကိုတော့ တိုးတိုးတိတ်တိတ် စံဖဲ လို့ ခေါ်နေတာကြားတယ်..ဒကာကြီး”

“အခု သူတို့ ဘယ်မှာလဲ..ဘုရား”

“သူတို့တိုးတိုးတိတ်တိတ်တိုင်ပင်နေကြတာကို ကျုပ်ကျောင်းကကပ္ပိယက ချောင်းနားထောင်လာတာရယ်...သူတို့ သာစည်မှာ အဖမ်းအစီးများနေတော့ နွော

ပင်ရှာမှာ လက်နက်တွေ ဝှက်ထားသတဲ့လေ”

ဦးထွန်းငွေမျက်လုံးများ အရောင်တောက်လာချေပြီ။

“နှောပင်ရှာဟုတ်လား..ဦးဇင်း”

“ဟုတ်တယ်..လာမည့်လကွယ်ညမှာ..နှောပင်ရှာ သင်ချိုင်းဇရပ်နောက်က ထိန်ပင်ကြီးအောက်မှာ သေနတ်တွေ မြုပ်ကြမတဲ့”

ဦးထွန်းငွေက သူ့နောက်ဖက် ဗီဒိုထဲမှ ဖိုင်တွဲတစ်ခုကို ဆွဲထုတ်လာလိုက်သည်။

ထို့နောက် စံဖဲ၏ ဓာတ်ပုံကို ပြလိုက်၏။

“ဦးဇင်းကျောင်းမှာ လာတည်းသွားတဲ့သူက သူလားဘုရား”

ဘုန်းကြီးက ပုံကို အသေအချာယူကြည့်သည်။

“အိန်း..သူမှ သူပဲ..အစစ်”

“ဟုတ်ပြီ....ဒီသတင်းကို ဒီမှာပဲ ပြောပေးပါ..ဘုရား...မဟုတ်ရင် ဦးဇင်းအတွက် အန္တရာယ်ရှိပါတယ်”

“ဦးဇင်းလည်း သိပါတယ်..ဒကာတော်..အခုလို လာပြီးသတင်းပေးရတာကလည်း အခြားမဟုတ်ပါဘူး...လူဆိုးဗိုလ်စံဖဲကို မိရင် နှစ်ထောင်ပေးမယ်လို့ အမိန့်ထုတ်ထားဆို”

“တင်ပ..တင်ပ.ဘုရား”

“ဒကာတော် သူ့ကို ဖမ်းမိရင် ဆုငွေရမှာပေါ့”

“တင်ပ”

“ဆုငွေအပြင် ရာထူးလည်းတိုးမှာပေါ့”

“တင်ပ”

“ဒီလိုဆို ဦးဇင်းကို လည်း ဆုငွေရမယ့်ထဲက တဝက် ကပ်သင့်တာပေါ့”

ဦးထွန်းငွေက သဘောပေါက်သွား၏။

ဦးထွန်းငွေက သူ့ဗီဒိုထဲမှ ငွေတထပ်ကို ထုတ်လိုက်၏။

“ငွေငါးရာပါ..ဘုရား..နည်းတယ်များတယ်..မမှတ်ပါနဲ့…လူဆိုးသတင်းကိုပေးလို့ တပည့်တော်က ကျေးဇူးဆပ်တာပါ”

“အိမ်း..သာဓု..သာဓု..သာဓု”

ရဟန်းက အပြင်သို့ ပြန်ကြွသွားသည်။

ထိုအခါမှ ဦးထွန်းငွေလည်း သူ့စားပွဲတွင်သူ ပြုံးပြုံးကြီး ပြန်ထိုင်လိုက်၏။

တရားသူကြီးမစ္စတာဇေဘီးယားနှင့်အတူ လုပ်လက်စ တရားမမှု စာရင်းများကို ပြန်ဆွေးနွေးနေလိုက်သည်။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် မစ္စတာဇေဘီးယားက တစုံတခုကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုံ့လိုက်၏။

“မစ္စတာထွန်းငွေ…ကျုပ် တခု မေးလို့ရမလား”

“မေးပါ..မေးပါ”

“ခုန ရဟန်းက ခင်ဗျား အသိလား”

“မသိပါဘူး…သူက ရာဇဝတ်သားတစ်ယောက်ကိစ္စ သတင်းပေးဖို့လာတာပါ”

“ဩော်..ကျုပ် သူ့ကို တနေရာရာမှာ ရင်းရင်းနှီးနှီးမြင်ဖူးနေတယ်….နေဦး”

“ဗမာဘုန်းကြီးတွေအကုန်လုံးက ကတုံးတွေနဲ့ ဒီသင်္ကန်းအရောင်ပဲဝတ်တော့ အနောက်တိုင်းသားတွေက အမြဲလိုလိုအတူတူထင်ကြတာမျိုးပါ..မစ္စတာဇေဗီယားရဲ့”

“မဟုတ်ဘူး..ကျုပ် တရားသူကြီးတယောက်ပါ၊ အဲ့လောက်လည်း မရောထွေးပါဦး..ဟုတ်ပြီ…သူ့ကို သတင်းစာမှာ မြင်ဖူးတာပဲ…သတင်းစာမှာ”

မစ္စတာဇေဗီယား က ဘုန်းတော်ကြီးချထားခဲ့သော ဖိုင်တွဲကို ကောက်ယူကာ ဖွင့်လိုက်သည်။

"သူပဲလေ…ခုန ခင်ဗျားရှေ့လာသွားတာ…သူပဲမဟုတ်လား..ကတုံးတုံးထားလိုက်တာနဲ့ ရုပ်က ပြောင်းနေတာ..သူပဲ"

မစ္စတာဇေဗီယားက ဖိုင်ထဲမှ စံဖဲ၏ ပုံကို လက်ညှိုးထိုးပြလိုက်၏။

ဦးထွန်းငွေမှာ ကြောင်တောင်တောင်ဖြင့် ပုံကိုသာ စိုက်ကြည့်နေသည်။

"သခင်တို့…လုပ်ပါဦး..သခင်တို့..အပြင်မှာ အများကြီးရှုပ်ထွေးကုန်ပြီ..သခင်တို့"

ရုံးလုလင်ကိုမန်းနီး မျက်စိမျက်နှာပျက်ဖြင့် ပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ"

မစ္စတာဇေဗီယားရော၊ ဦးထွန်းငွေပါ အပြင်သို့ ထွက်လိုက်ကြ၏။

ရာဇဝတ်ဝန်ရုံးရှေ့ရှိ အမိန့် ကြော်ငြာများ ကပ်လေ့ရှိသည့် သင်ပုန်းတွင် ရာဇဝတ်အုပ်များ၊ စာရေးများ၊ ပုလိပ်များ ဆူညံနေကြသည်။

ကပ်လျက် တရားမရုံးသို့လာကြသော အရပ်သားများကလည်း တဝါးဝါးတဟားဟားဖြင့် လှောင်ပြောင်ပြောဆိုနေကြ၏။

ဦးထွန်းငွေ ထိုနေရာသို့ တိုးဝင်သွားလိုက်သည်။

"ဟော့..ဖယ်ကြစမ်း..ဘာလဲ..ဘာဖြစ်တာလဲ"

ကြော်ငြာသင်ပုန်းတွင် ကပ်သွားသော စာရွက်နှစ်ရွက်။

"ဆုငွေ ၂၀၀ဝ ကျပ် ပေးမည်။

မိတ္ထီလာခရိုင်ရာဇဝတ်ဝန်ထောက် ငရေးနိုး အားလည်းကောင်း၊ သာစည်နယ်၊ မဲတောရွာသူကြီး ငရာပိုင်၏ သား ငပုအား လည်းကောင်း အသေသတ်ပေးနိုင်သူအား ဆုငွေ ၂၀၀ဝ ကျပ် ပေးမည်။

ပုံ

ဗိုလ်စံဖဲ"

စာက အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်။

ရာဇဝတ်ဝန်ကလေးဦးထွန်းငွေ မှာ တီးတိုးလျှောင်ရယ်သံများကြား မူးမေ့လဲတော့မတတ်။

# အခန်း ( ၁၈ )

သာစည်သို့ ရောက်ရှိနေသော မိတ္ထီလာခရိုင်ရာဇဝတ်ဝန်ထောက် မစ္စတာရေးနိုးမှာ မိတ္ထီလာသို့ အသည်းအသန် ပြန်ပြေးလာ၏။

စံဖဲ သည် မိတ္ထီလာရာဇဝတ်ဝန်ရုံးသို့ဝင်လာကာ မိမိအား ဖမ်းဝရမ်းဆုငွေထုတ်သွားသည်တဲ့။

မစ္စတာရေးနိုး၏ ဒေါသမှာ ရာဇဝတ်ဝန်ကလေးဦးထွန်းငွေထံ ပုံကျလေပြီ။

"မောင်ထွန်းငွေ..ခုချက်ချင်း ဖြေရှင်းချက်ရေးဖို့ပြင်ပါ....ဗြိတိသျှဘုရင်မင်းမြတ်ရဲ့ အင်ပိုင်ယာအမှုထမ်းတစ်ယောက်ကို တောထဲပုန်းနေရတဲ့ ဓါးပြတယောက်က ရာဇဝတ်ဝန်ရုံးထဲအထိ ဝင်ပြီး ဆုငွေကပ်တယ်ဆိုတာ...မင်းတို့ ဘယ်လောက် ပေါ့လျော့လိုက်သလဲ"

"မှန်ပါ..မင်းကြီး..ကျွန်တော်မျိုး အပြစ်ရှိပါတယ်"

"မနက်ဖြန်ကို မိတ္ထီလာနဲ့ သာစည်နယ်အပိုင်ထဲမှာရှိတဲ့ သူကြီးတွေအားလုံးကို အစည်းအဝေးခေါ်စမ်း...မောင်ထွန်းငွေ"

"မှန်ပါ"

"နောက်တခုက အဲ့ဒီလို စာလာကပ်တဲ့အချိန်မှာ ရုံးခန်းထဲကို ဗမာဘုန်းကြီးတစ်ပါး လာသွားတယ်ဆို...အဲ့ဒါ ဘယ်သူလဲ"

ဦးထွန်းငွေမှာ ဘာပြန်ဖြေရမည်မသိ။

စံဖဲကိုယ်တိုင် သူ့ရုံးခန်းထဲ ရောက်လာသည်ကို ပြောမိလျှင် အလုပ်ပါ ချက်ချင်း ပြုတ်သွားနိုင်၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး တရားမတရားသူကြီးမစ္စတာဖေဗီယားကို စကော့ဝီစကီ ကောင်းကောင်းတစ်လုံးပေးမည်ဟုဆိုကာ နှုတ်ပိတ်ခိုင်းထားရသည်။

“မှန်ပါ....အဲ့ဒီဘုန်းကြီးက....ညောင်ကုန်းဘုန်းကြီးကျောင်းက ဦးဝါသဝလို့ခေါ်တဲ့ ကိုယ်တော်ပါ...သူက စံဖဲ သတင်းလာပေးတာပါ”

“အဲ့ဒီဘုန်းကြီးကိုပါ အခုချက်ချင်း အမြန်သွားဖမ်း”

ရာဇဝတ်ဝန်ကလေး ဦးထွန်းငွေမှာ ရုံးဦးစီးအဖွဲ့ထံသို့ ချက်ချင်းသွားပြီး သူကြီးများအား အစည်းအဝေးခေါ်သည့် စာထုတ်ရန် အမိန့်ပေးလိုက်သည်။

ထို့နောက် အိတ်စပက်တာတစ်ဦးနှင့်အဖွဲ့အား ညောင်ကန်ရွာမှ ဘုန်းကြီးဝါသဝအား သွားဖမ်းစေခဲ့၏။

ဘုန်းကြီးဝါသဝ ဆိုသည်မှာ လူဆိုးသူခိုးများမွေးမြူထားပြီး ပုလိပ်များနှင့်ပေါင်းကာ အတိုးပေးစားခြင်း၊ ကြက်ဝိုင်းထောင်ခြင်းများ ပြုလုပ်တတ်သူဖြစ်သည်။

စံဖဲအဖွဲ့အား ဖမ်းပေးမည်ဟု လေသံပစ်ထားသဖြင့် စံဖဲနှင့် ချစ်ကောင်းတို့က တစ်ချက်ခုတ်၊နှစ်ချက်ပြတ် စီမံလိုက်ခြင်းပင်။

..............................................................................................................
.........

၁၉၂၇ မတ်လ ၄ ရက်နေ့။

နေ့လည် ၁ နာရီ။ သာစည်နယ်၊ ဆူးပန်းကျေးရွာ။

“ဒူ..ဒူ..ဒူ..ဒူ”

သူကြီးအိမ်မှ မောင်းသံကြောင့် ရွာသူရွာသားများမှ အပြေးအလွှားလူစုကြသည်။

ထို့နောက် သူကြီးအိမ်ခြံဝန်းအတွင်းသို့ အသီးသီးဝင်ရောက်လာကြ၏။

သူကြီးကတော်ကိုယ်တိုင် မြေပြင်တွင် ငုတ်တုတ်ထိုင်နေသဖြင့် ရွာသူရွာသားများမှ အံ့သြနေကြသည်။

သူကြီးကိုလည်းမတွေ့။

မောင်းထုနေသူက ချစ်ကောင်း။

သူကြီးထိုင်လေ့ရှိသည့် ခုံတန်းရှည်တွင် ခေါင်းတုံးပြောင်ပြောင်နှင့်လူငယ်တစ်ဦး။

မောင်းသံရပ်သွားသည်နှင့် လူငယ် မတ်တပ်ထရပ်လိုက်သည်။ ကျောကုန်းတွင်လည်း ဝင်ချက်စတာသေနတ်ကိုလွယ်ထား၏။

"ကျုပ် ဗိုလ်စံဖဲပါ"

အာမေဋိတ်သံများ။

ကံကြီးမောင်က စံဖဲ၏ မြင်းတွင် ချိတ်ထားသော ဝင်ချက်စတာသေနတ်နှင့် ယှူလာပြီး စံဖဲ ထံသို့ ကမ်းပေးလိုက်၏။

သေနတ်မြင်သည်နှင့် ရွာသူရွာသားများမှာ အသံများတိတ်သွားသည်။ တုတ်တုတ်မျှပင် မလှုပ်ကြတော့။

"ဒီလိုပါ...ကျုပ်ကြားတဲ့သတင်းတစ်ခုရှိပါတယ်..ဒီရွာက လူတွေ ဒီလထဲမှာ ခွာနာလျှာနာနဲ့ နွားတွေသေကြလို့ အတော်လေး အလုပ်ပျက်အကိုင်ပျက်နဲ့ စီးပွားရေးမကောင်းကြဘူးဆိုတာဟုတ်ပါသလား"

ရွာသားများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

"ဟုတ်ပါတယ်..တူမောင်...တော်တော်လေးကြပ်တည်းကြတဲ့အပြင် နွားမရှိလို့ ထမ်းပိုးကို လူနဲ့ ဖက်ရုန်းရမလိုတောင်ဖြစ်ကြပါရဲ့...ချစ်တီးကြွေးကလည်း လည်ပင်းမြုပ်နေကြသကိုး"

ရှေ့ဆုံးတန်းတွင်ထိုင်နေသည့် သူကြီးကတော်ကြီးကပင် ဖြေပေးလိုက်သည်။

စံဖဲ က ကိုချစ်ကောင်းကို ခေါင်းညိတ်ပြလိုက်၏။

ချစ်ကောင်းက အထုတ်တစ်ထုတ်ကို ထုတ်လိုက်သည်။

"ကဲ...ဒီရွာမှာ ကျွဲနွားလည်းသေ...ဒုက္ခလည်း အရောက်ဆုံးဖြစ်နေတဲ့ မိသားစု ငါးစု ရှေ့ထွက်လာပါ..ဟုတ်မဟုတ်ကိုတော့ သူကြီးကတော်ကြီးကပဲ အတည်ပြုပေးပါ"

စံဖဲ အရှိန်ကြောင့် ရွာသားများမှာ တုတ်တုတ်မျှ မလှုပ်ရဲကြသေး။

"ဖိုးထောင်ကြီး...နင် ထလိုက်လေ"

သူကြီးကတော်က နာမည်တစ်ခုကို ခေါ်မှ စုတ်ပြတ်ပြတ်ပိန်လှီလှီဖြင့် လယ်သမားတစ်ဦးထလာသည်။

"ကျွန်တော်..ကျွန်တော်မျိုးမှာ ကျွဲနွားမှ မရှိတာ"

"ဟုတ်ပါတယ်..ငါ့တူ..ဖိုးထောင်တို့မိသာစုက သူရင်းငှားတွေပါ..ဘောက်လုပ်ကြပြီး အတော်လေး ဆင်းရဲပင်ပန်းကြရှာပါတယ်..ချစ်တီးကြွေးတွေကလည်း ရှိ..ကလေးကလည်း ငါးယောက်မှာ သူ့အိမ်သားကလည်း စိတ်မနှံ့ရှာတော့ အတော်လေးကို ကသီတဲ့ မိသားစုပါ"

စံဖဲက ဖိုးထောင်ကို ရှေ့သို့ ခေါ်လိုက်သည်။ ထို့နောက် တစ်ဆယ်တန်ငွေစက္ကူ တစ်ထပ်ပေးလိုက်၏။

"ကိုဖိုးထောင်..အဲ့ဒီဟာက ငွေတစ်ရာပါ..ခင်ဗျား ရင်းနှီးစားသောက်ဖို့လောက်ကဲ့လား"

ရွှေဒင်္ဂါးတပြားလျှင် ငွေ ၁၃ ကျပ်သာရှိသောခေတ်တွင် ငွေတရာဆိုသည်မှာ မက်မောစရာ။

ဖိုးထောင်ကတော့ ငွေတရာကို တုန်တုန်ရီရီယူရင်း..သူ့ခေါင်းစုတ်ဖွားကို ကုတ်နေသည်။

"ဟို...ဟို..ဒီလိုပါဗိုလ်ကြီး.ငါးဆယ်လောက်ပိုရရင်ဖြင့် မိန်းမလိုချင်တဲ့ နားကပ်လေးပါ ဆင်ပေးချင်လို့"

"ဟား"

စံဖဲက ရယ်သည်။ ရွာသားများက စံဖဲရယ်မှ လိုက်ရယ်ရဲကြတော့၏။

"ဒီလိုပါ ဗိုလ်ကြီးရယ်..အိမ်ထောင်ကျကတည်းကလေ...ကလေးငါးယောက်ရသည်အထိ သူနဲ့ ကျွန်တော် ပင်ပင်ပန်းပန်းရုန်းကန်ခဲ့ကြရတာပါ... အငယ်ဆုံးကလေး မွေးတော့ မီးတွင်းထဲ သူနေမကောင်းဖြစ်တယ်..အဲ့ဒါနဲ့ သူ့မိဘထည့်ပေးလိုက်တဲ့ နားကပ်လေးကို ချစ်တီးတိုက်မှာ ပေါင်ပြီး အပေါင်ဆုံးပြီးကတည်းက သူလည်း စိတ်နောက်ပြီး ဒါပဲ တနေတော့တာဗျာ...ကျွန်တော်နဲ့ ကလေးတွေက ဒီငွေဝမ်းဝအောင်ရုန်းကန်လို့ရပါတယ်..ကျွန်တော်မျိုး အိမ်သားခ

မြာမှာသာ သူ့နားကပ်လေး သူ့နားကပ်လေးနဲ့ တနေ့နနေ့ စိတ်နောက်နေတာ မကြည့်ရက်လို့ပါ”

ငိုမဲ့မဲ့နှင့်ပြောနေသော ဖိုးထောင်ပုံစံကိုကြည့်ကာ စံဖဲပင် ရင်ထဲနင့်သွားရ၏။

စံဖဲက သူ့အိပ်ကပ်ထဲမှ တစ်ဆယ်တန်ငါးရွက်ကို ထပ်ထုတ်လိုက်သည်။

“ကဲ..ကိုဖိုးထောင်ကြီး...ဒါက ကျုပ်တို့အသင်းငွေမဟုတ်ပဲ..ကျုပ်ဝေစုထဲက ငွေ..ခင်ဗျားကို ပေးတာဗျ..ခင်ဗျား မိန်းမကို ရွှေနားကပ်ကြီးဆင်ဗျာ”

ဖိုးထောင် က မြေကြီးတွင် ဆောင့်ကြောင့်ထိုင်ကာ စံဖဲကို ဦးကုန်းကချ၏။

“ကဲ..လုပ်မနေစမ်းပါနဲ့ဗျာ..လူလူချင်းကန်တော့မနေနဲ့...နောက်ထပ် မိသားစုလေးစုထိ ကျုပ်တို့ ထောက်ပံ့ပေးပါ့မယ်..ကျန်သူတွေကတော့ နောက်တခေါက် မြို့ပေါ်ဓါးပြလေးဘာလေးတက်တိုက်ပြီးမှပေါ့ဗျာ”

နောက်ထပ် ဆင်းရဲသော ရွာသားများက မတ်တပ်ရပ်ကြသည်။

ဗိုလ်စံဖဲက တစ်အိမ်ထောင်လျှင် ငွေတစ်ရာစီ ဝေပေး၏။

ကျန်ရွာသားများကိုမူ ငွေတစ်ဆယ်စီ ပေးဝေပြန်သည်။

“ကဲ..ဒီလို ဆို ကျုပ်ဘက်ကလည်း အကူအညီတစ်ခု ပြန်တောင်းချင်ပါတယ်...ကျုပ်တို့အဖွဲ့သားတချို့က ရွာပြင်မှာ ကျန်ရစ်ပါတယ်...အခုဆို ပုလိပ်များက ကျုပ်တို့ကို ရှာဖွေနေကြတော့ ဒီရွာရဲ့ အထက်ဘက်က တောရိုးလေးမှာ သုံးလေးရက်လောက်ခိုချင်ပါတယ်...ဒီရွာသားများအနေနဲ့ မြို့ပေါ်က ပုလိပ်ကို သတင်းမပေးဘူးလို့ ယုံကြည်ပါတယ်..တကယ်လို့ ပုလိပ်လာတယ်ဆိုလည်း ကျုပ်ကို သတင်းလာပေးနိုင်ပါတယ်..ဘယ်လိုလဲ..ခင်ဗျားတို့ကို..ယုံကြည်ရမလား”

“ဗိုလ်စံဖဲ...ကျုပ်တို့ ကတိပေးပါတယ်”

ဖိုးထောင်ကြီးက ဦးဆောင်ပြီး တက်ကြွစွာအော်သည်။

“ဗိုလ်စံဖဲ...ဗိုလ်စံဖဲ..ဗိုလ်စံဖဲ”

ရွာသားများပါးစပ်တွင် ထိုနာမည်က တတွတ်တွတ်။

စံဖဲက မြင်းပေါ်တက်လိုက်သည်။

နောက်ထပ် မြင်းတစ်စီးပေါ်သို့ ချစ်ကောင်းနှင့် ကံကြီးမောင်က တက်၏။

သူကြီးကတော်က မတ်တပ်ရပ်ပြီး စံဖဲ ၏ မြင်းနားသို့ လျှောက်လာသည်။

"ငါ့တူ....တောထဲတောင်ထဲ ခြင်ကိုက်ခံမနေပါနဲ့...ဒီရွာမှာပဲ တည်းပါလား ကွယ်...မင့်အဖွဲ့လည်း ခေါ်သွင်းခဲ့ပါ..တို့များ..မင်းကို ဘာမှမဖြစ်စေရပါဘူး.ဒါ မင့်ရွာဖြစ်ပြီမှတ်"

သူကြီးကတော်စကားကြောင့် စံဖဲက မျက်လုံးပြူးသွား၏။

"ဟုတ်ပါတယ်...ဗိုလ်စံဖဲ...ဒီမှာပဲ တည်းပါ..ကျုပ်တို့ ဧည့်ဝတ်ပြုပါရစေ..ဒီမှာ တည်းပါ"

ရွာသားများက အော်ကြသည်။

စံဖဲက ချစ်ကောင်းကို တချက်ကြည့်လိုက်သည်။

"ကျုပ်တို့ ဒီရွာမှာခိုရင်...ခင်ဗျားယောကျ်ားသူကြီး ပြန်လာတဲ့အခါ ရှုပ်ကုန်ပါလိမ့်မယ်"

သူကြီးကတော်က ချစ်ကောင်းကို ပြုံးပြုံးကြီးကြည့်ပြီး ရွာသူရွာသားများဘက်သို့ လှည့်လိုက်၏။

"ဟေ့...ဒီရွာမှာ လှပို က သူကြီးလား....မတုတ်က သူကြီးလား..ပြောလိုက်ကြလေ"

"ဒွေးလေးတုတ်က သူကြီးပါ...ဒွေးလေးတုတ်က သူကြီးပါ"

ရွာသားများက အော်ကြ၏။ ရယ်ကြ၏။

စံဖဲလည်း မြင်းပေါ်မှ ပြန်ဆင်းလိုက်ကြသည်။

..........................................................................................................

ရာဇဝတ်ဝန်ကလေးပေးလိုက်သည့် ငွေငါးရာနှင့် ဝယ်လာသည့် ဘရန်ဒီပုလင်းများ။

စံဖဲ၊ ချစ်ကောင်း၊မောင်နီ၊ ကံကြီးမောင်၊ ထွန်းလူ၊ ပေသီး တို့အပြင် မြေတိုင်ကန် ရွာမှ အက်စ်တူးစာရင်းဝင်လူဆိုး ဘုလေးနှင့် ကြာခိုင်၊ အောင်ပင်သာရွာမှလူမိုက် ညီအကို ချစ်ဝေ၊ချစ်ပေ တို့လည်း အဖွဲ့ထဲပါလာကြပြီဖြစ်သဖြင့် လူငယ်များကို တ ဝိုင်းထောင်ပေးလိုက်သည်။

စံဖဲအဖွဲ့ထဲ ဝင်ချင်ကြသော ရွာခံလူငယ်များလည်း ရောက်လာ၏။

သူကြီးအိမ်အပေါ်ထပ်တွင် မူ စံဖဲ၊မောင်နီနှင့် ချစ်ကောင်း က ဘရန်ဒီတစ်လုံး ထောင်ကြ၏။

ရွာမှလာပို့ထားသော ဟင်းများ၊ အမြည်းများကလည်း အလျှံအပယ်။

ချစ်ကောင်းက ဘရန်ဒီတခွက်ကို တရှိန်ထိုးမော့ချလိုက်သည်။

“ဖြည်းဖြည်းလုပ်ပါ..ကိုကြီးချစ်ကောင်းရ..ပုလင်းက ထွက်မပြေးပါဘူး”

“ပုလင်းလည်း ထွက်မပြေးပေမယ့်..ရင်ထဲက ဒဏ်ရာတွေကတော့ တဆစ်ဆစ်နဲ့ ပတ်ပြေးနေလို့...ဘရန်ဒီနဲ့ ငြိမ်အောင် ထိန်းနေတာကွ”

“ဟော့..ခင်ညားကြီးက လုပ်ပြီ..ဒီမှာ မယားတယောက်လုံး သူများခိုးခံထိထားတဲ့ ကိုစံဖဲလည်း အားနာပါဦး”

မောင်နီစကားက စံဖဲကိုပါ အရှိုက်ထိသွားသည်။

ကိုချစ်ကောင်းက နောက်တခွက်ငှဲ့ပြန်၏။ စံဖဲက ချစ်ကောင်း၏ အရက်ခွက်ကို လက်ဖြင့် ဖိထားလိုက်သည်။

“ဘာလဲ..ကိုကြီးချစ်ကောင်း...ခင်ဗျားရဲ့ မြ ကို လွမ်းနေပြန်ပြီလား..ကျုပ် အစောကြီးကတည်းက ပြောသားပဲ...ဟိုကောင်ကြီးသံဒိုင်ကို ရှင်းပေးပြီးပြီ လေ..ခင်ဗျားနဲ့ သူနဲ့အတူ ဇာတ်ထဲ ပြန်လိုက်ကြပေါ့..တအိုးတအိမ်ထူထောင်ကြ ပေါ့ဗျာ”

ချစ်ကောင်းက ခေါင်းကို ခပ်လေးလေးခါကာ စံဖဲရှေ့မှ ခြောက်လုံးပြူးကို ကိုင် လိုက်သည်။

“ဒီသေနတ်မှန်တာကလူပဲသေတာကွ....သစ္စာမဲ့ခံရတဲ့အခါ...ဟော့ဒီရင်ဘတ်ကြီး တခုလုံး သေသွားတာ”

ချစ်ကောင်းက ရင်ဘတ်ကို ပုတ်ပြသည်။

“ပန်းလည်းသေရောလား”

“ငါလိုးမ ငနီ..မင်းပါးစပ်ပိတ်ထားကွာ..လီး”

စံဖဲက ချစ်ကောင်းကို ကြည့်ကာ ပြုံးလိုက်၏။

“ကျုပ်သိပြီ..ကိုကြီးချစ်ကောင်း..အခုလာမယ့် ရွှေယင်မျှော်ဘုရားပွဲမှာ စိန်ဘိုကေ ဇာတ် လည်း ကမယ်ဆိုတဲ့ သတင်းကို ခင်ဗျားကြားပြီးပြီပေါ့”

“အေး”

ချစ်ကောင်းအသံကြီးက အေးစက်စက်။

“ခင်ဗျားရဲ့ မြ ကို ခင်ဗျား သွားကြည့်ချင်တာလား”

“အေး..တခေါက်လောက်ဖြစ်ဖြစ်..သူ့မျက်နှာလေးကို ကြည့်ချင်သေးတယ် ကွာ..နောက်ဆုံးတခေါက်လည်းဖြစ်ချင်ဖြစ်မှာပေါ့”

“ကဲ...ဒီလိုဆို ခင်ဗျားနဲ့ ကျုပ် အဲ့ဒီဘုရားပွဲကို သွားမယ်.”

“ဟာ...မင်းနဲ့ဘာဆိုင်လို့လဲ...စံဖဲရ..မင်းလိုက်စရာမလိုပါဘူး..ငါ့ဖာသာ ငနီ ဖြစ်ဖြစ်၊ ကံကြီးမောင်ဖြစ်ဖြစ် ခေါ်သွားမှာပေါ့”

“မဟုတ်ဘူး...ကျုပ်လည်း အဲ့ဒီပွဲမှာ ငပုနဲ့ စာရင်းရှင်းရမယ်လေဗျာ”

“ငပုက အဲ့ဒီပွဲလာပါ့မလားဟ”

“ကျုပ်လာမယ့်အကြောင်းကို ပုလိပ်ကို အကြောင်းကြားလိုက်မယ်...ခင်ဗျားပဲ ပြောဖူးတယ်လေ...ပုလိပ်က ကျုပ်ကို ငပုနဲ့ ထောင်ဖမ်းမှာဆို...တွေ့ကြတာပေါ့ ဗျာ”

...........................................................................................................................................

“ရွှေယင်မျှော်မှာ ပွဲကြည့်မယ်

ပုံ

စံဖဲ”

သာစည်ဘူတာကြီးအနီးတွင် ကြဲချသွားသော တစ်ကျပ်တန် အရွက် တစ်ရာ။

ရာဇဝတ်ဝန်ထောက်မစ္စတာရေးနိုးက မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ဝမ်းတွင်းတို့မှ အိတ်စပက်တာများ၊ ရာဇဝတ်အုပ်များ၊ ဌာနအုပ်များ၊ တိုက်နယ်သူကြီးများကို အရေးအပေါ်အခြေအနေ အစည်းအဝေးခေါ်လိုက်သည်။

လာမည့် လပြည့်နေ့တွင်ပြုလုပ်မည့် ရွှေယင်မျှော်ဘုရားပွဲတွင် ပုလိပ်အင်အားများစွာဖြင့် စောင့်ကြပ်ပြီး စံဖဲအား လက်ရဖမ်းရန်။

စံဖဲ ရုံးထဲစာဝင်ကပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး ရာဇဝတ်ဝန်ကလေး ဦးထွန်းငွေမှာ ရာထူးလျှော့ဖြင့် နယ်ပြောင်းသွားခဲ့ရပြီဖြစ်သည်။

ဦးထွန်းငွေနေရာတွင် ရောက်ရှိလာသည့် မိတ္ထီလာမှ ရာဇဝတ်ဝန်ကလေး ဦးအောင်ကျော်မိုး က စံဖဲ ဖမ်းဆီးရေးကို ဦးဆောင်ရန် တာဝန်ပေးခဲ့ရ၏။

ဦီးအောင်ကျော်မိုး မှာ မန္တလေးအထက်ဘက်တပိုက်တွင် ရာဇဝတ်အုပ်အဖြစ် တာဝန်ကျခဲ့စဉ်က သေနတ်ပစ်လက်ဖြောင့်ပြီး လူဆိုးများအား အသေပစ်ဖမ်းရာတွင် နာမည်ကျော်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ရာဇဝတ်ဝန်ထောက်ရာထူးသို့ ခုန်တက်လာသဖြင့် စံဖဲအား ဖမ်းရန် တက်ကြွလျက်။

အစည်းအဝေးသို့ တက်ရောက်ရသော မောင်ပု သည် ဦးအောင်ကျော်မိုးနှင့်အဖွဲ့အား အိမ်သို့ ခေါ်ကာ ထမင်းကျွေးဧည့်ခံပြီး ရင်းနှီးမှုကို ရအောင်ယူ၏။

ဦးအောင်ကျော်မိုးတို့ကလည်း ကမ္ဘာစစ်ပြန်စစ်မှုထမ်းတစ်ယောက်က သူတို့ကို ကူညီကာ စံဖဲကိုဖမ်းပေးမည်ဆိုသဖြင့် ပိုမိုတက်ကြွသွားကြလေသည်။

ဘုရားပွဲ၏ လုံခြုံရေးအစီအမံများကို ဒေသခံတပိုင်းဖြစ်နေသော မောင်ပု နှင့် တိုင်ပင်ကာ ရေးဆွဲကြ၏။

........................................................................................................................
......................

၁၉၂၇ မတ်လ ၁၃ ရက်။

ပွေးထူကုန်းတောင်ရှိ စံဖဲတို့နေထိုင်ရာ ယာယီတဲ။

စံဖဲ လက်ထဲတွင် စာအိတ်တအိတ်။

စာကိုယူလာပေးသူမှာ သူ့နှမ မစောရှင်ကလေးမဟုတ်တော့။

စံဖဲအဖွဲ့မှာ ကြီးထွားလာသည်နှင့်အမျှ ဖိုးသာနိုင်းတောင်၊ အင်ပင်ခွက်တောင်တို့အထိ နေရာပေါင်းစုံသို့ လိုက်လံပြောင်းရွှေ့ရသဖြင့် ယခင်လို မေ|ေစာရှင်ကလေးအား ဆက်သားအဖြစ် မသုံးတော့ချေ။

စံဖဲ၏ တပည့်များမှ အဆင့်ဆင့်ခံကာ ဆက်သားများ ရှိနေချေပြီ။ သာစည်နယ်တကြောတင်မက မိတ္ထီလာ၊ ပျော်ဘွယ်၊ဝမ်းတွင်းဘက်မှရွာများတွင်လည်း စံဖဲလူများရှိနေပြီ။

ဒေသခံများ၏ ထောက်ခံမှုကို စတင်ရနေပြီဖြစ်သဖြင့် စံဖဲမှာ စခန်းလုံခြုံရေးကို ဂရုမစိုက်တော့။

စာကို ယူလာသူမှာ ကံကြီးမောင်၏ ဦးလေး ကိုသာပိုင်။

စာအိတ်ပေါ်တွင် ဗိုလ်စံဖဲ သို့ ဟူသော လက်ရေးသော့သော့။ စံဖဲက စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။

စာတစ်စောင်။

“သို့

“ဗိုလ်စံဖဲ

ပူးတွဲစာရွက်က လပြည့်ည ရွှေယင်မျှော်ပွဲလာတဲ့အခါ ပုလိပ်က စောင့်နေမယ့် လုံခြုံရေးအစီအမံပါ။ ယုံကြည်ပါ။

ပုံ

စံဖဲရဲ့လူ”

စံဖဲက စာကို ဖတ်ပြီး ကိုသာပိုင်ကို တချက်ကြည့်လိုက်၏။

“ကံကြီးမောင်..ကိုချစ်ကောင်းရော”

“ပွဲကြည့်ရမယ်ဆိုလို့...မုတ်ဆိတ်တွေရိတ်နေတယ်..ဟိုးဝါးပင်အောက်မှာ”

“ကဲ..ကိုသာပိုင်..ဒီမှာ ခဏနေခဲ့”

စံဖဲက စာကို ကိုင်လျက် ချစ်ကောင်းထံသို့ ထသွားသည်။

ချစ်ကောင်းက ဝါးပင်ခြေရင်းတွင် မှန်ကိုထောင်ကာ သင်တုန်းဓားဖြင့် မုတ်ဆိတ်ရိတ်နေ၏။

“ဒီစာကို ဖတ်ကြည့်ပါဦး”

စံဖဲ က စာကို ချပေးလိုက်ပြီး မှန်ကို ယူကြည့်လိုက်သည်။ ထို့နောက် သူ၏ ကတုံးပြောင်ကို ပွတ်သပ်လိုက်၏။

ချစ်ကောင်းက မျက်နှာသစ်ပြီးနောက် စာကို ဖတ်ကြည့်သည်။

“ဘယ်သူယူလာတာလဲ”

“ကိုသာပိုင်ပေါ့”

“ဘယ်သူ့ဆီက ရတာတဲ့လဲ”

“မောင်းမဆည်ရွာသူကြီးသား မင်းမောင် ဆီကတဲ့”

“မင်းတို့ သေနတ်သွားလုလာတဲ့ သူကြီးမဟုတ်လား”

“ဟုတ်တယ်..ကိုချစ်ကောင်း..ကျုပ်လည်း အဲ့ဒါပဲ စဉ်းစားနေတာ..ဒီကောင်က ဘာကိစ္စ ဒီလို အရေးကြီးတဲ့ စီမံချက်စာရွက်ကို ကျုပ်ဆီ ပို့ရတာလဲ..ပြီးတော့..အဲ့ ဒီစာရွက်က သူ ဘယ်လိုရတာလဲ.ကျုပ်သိချင်တာ”

“သာပိုင်က ဘာပြောသလဲ”

"မင်းမောင်က သူ့ကို တိုက်ရိုက်ပေးတာမဟုတ်ဘူး...ဒီရွာမှာ စံဖဲလူများ ရှိတယ်ကြားလို့...ပေးလိုက်ပါဆိုပြီး နွားကျောင်းသားတွေကို ပေးလိုက်တာတဲ့"

"စဉ်းတော့စဉ်းစားစရာပဲကွ.....သူတို့ ချထားတဲ့ ပုလိပ်အင်အားကတော့ မနည်းဘူး"

"အင်း..နောက်တစ်ခုက ငပု လည်း ဒီပွဲမှာ ကျုပ်ကို ဖမ်းဖို့ရှိနေမှာတဲ့"

"စံဖဲ...မင်းစဉ်းစားပေါ့ကွာ..အန္တရာယ်အရမ်းများတယ်နော်...ဖြစ်နိုင်ရင် ဒီတပွဲတော့ရှောင်လိုက်ကြမလား"

စံဖဲက ခေါင်းခါသည်။

"ခင်ဗျားပဲ ခင်ဗျားရဲ့ မြကို တွေ့ချင်တယ်ဆို"

"ဒါတော့ ဒါပေါ့ကွာ"

"ကျုပ်ရအောင်သွားမယ်..ကျုပ်ကလည်း ငပု နားရွက်ကို တံတွေးစွတ်ချင်သေးတာ"

ချစ်ကောင်းက ခေတ္တမျှ စဉ်းစားနေသည်။

"သူတို့ဖမ်းချင်တာက စံဖဲတစ်ယောက်တည်းကိုပဲဗျ...စံဖဲတွေအများကြီးသွားရင်ရော...ဘယ်လိုလဲ"

စံဖဲ၏ စကားအဆုံး ချစ်ကောင်းက လက်ဖျောက်တချက်တီးလိုက်သည်။

..............................................................................................................

သာစည်မြို့ အနောက်မြောက်ဖက်၊ ရွာကြီးကျေးရွာရှိ ရွှေယင်မျှော်ဘုရား။

အာသောကမင်းကြီးတည်ထားခဲ့သည်ဟု အဆိုရှိပြီး မြန်မာမင်းအဆက်ဆက်က ပြုပြင်ခဲ့သည့်စေတီတော်ကြီး။

၁၉၂၇ မတ်လ ၁၅ ရက်နေ့ ၊ ဘုရားပွဲတွင် မိတ္ထီလာ၊သာစည်၊ပျော်ဘွယ်တကြောမှ လူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်။

မန္တလေးမှ ဇာတ်ပွဲကြီးများအပြင် ဒေသခံဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ ရုပ်သေးအဖွဲ့တို့ကလည်း အပြိုင်အဆိုင်။

မုံရွာဘက်ဆီမှ လာသော အာသံနယ်၊ ဖာရစီဆပ်ကပ်ပွဲတစ်ခုပင် ပါသေးသည်။

ဒိုင်အာခီအုပ်ချုပ်ရေးစတင်အအသက်ဝင်သည့် အထိမ်းအမှတ်အဖြစ် အင်္ဂလိပ်အစိုးရက အာဝါဒေးခေါ် လောင်းကစားဝိုင်းများ ထည့်ခွင့်လည်း ခွင့်ပြုပေးခဲ့သဖြင့် ခါတိုင်းနှစ်ထက် လူများက တိုးမပေါက်။

ရာဇဝတ်ဝန်ထောက်ကလေးများဖြစ်သော ဦးအောင်ကျော်မိုး၊ ဦးအုန်းကျော် တို့ကဘုရားရင်ပြင်တော်ပေါ်တွင် ယာယီရုံးခန်းဖွင့်ကာ ပွဲခင်းလုံခြုံရေးပုလိပ်အဖွဲ့ကိုကွပ်ကဲသည်။

စစ်ပုလိပ်တပ်က ပွဲခင်း အပြင်ဘက်ကို တာဝန်ပေး၏။

ရာဇဝတ်အုပ်ကိုရွှေသီး၊ ကိုရွှေအုန်း၊ ကိုဖိုးချစ် တို့က ဇာတ်ရုံသုံးရုံးနှင့် ဘုရားတဝိုက် ပုလိပ် ဆယ်ဦးစီနှင့် စောင့်ကြပ်ကြသည်။

ရင်ပြင်တော်ရုံးခန်းတွင်ထိုင်နေသော မောင်ပု နှင့် တပည့်သုံးဦးမှာ ပုလိပ် အစီအမံများကို ကြည့်ကာ စိတ်ခာတ်တက်ကြွနေကြ၏။

စံဖဲ ထ ကတည်းက မောင်ပုမှာ မဲတောသို့ မပြန်ရ။

ဇနီးသည်မသိန်းရင်မှာလည်း မကြာမီ ကလေးမီးဖွားတော့မည်မို့ ဆွေမျိုးများရှိရာမဲတောသို့သာ ပြန်ချင်လှပြီ။

စံဖဲ အား ယနေ့ည ကိစ္စဖြတ်ပြီးလျှင်တော့ မဲတောသို့ သူလွတ်လွတ်လပ်လပ်ပြန်ခွင့်ရပြီမဟုတ်လား။

“ဝန်ထောက်မင်းများ...ကျွန်တော်မျိုး စံဖဲကို ရှာဖမ်းဖို့ ပွဲခင်းထဲ သွားခွင့်ရှိပြီလားခင်ဗျ”

ဦးအုန်းကျော်က မောင်ပုနှင့် တပည့်သုံးယောက်ကို ကြည့်လိုက်၏။

မောင်ပုတွင် သေနတ်နှင့်။ တပည့်သုံးယောက် ဓါးလွတ်များနှင့်။

“တခုတော့ မှာမယ်..ကိုပု...ဒီပွဲဟာ အနယ်နယ်အရပ်ရပ်က လူတွေ အများကြီး လာကြတဲ့ပွဲပါ..ကျုပ်တို့စံဖဲကို ဖမ်းမယ်ဆိုတာလည်း ပုလိပ်အဖွဲ့က သေနတ်တချက်မဖောက်ပဲ အရှင်ဖမ်းဖို့နဲ့ ပွဲလာပြည်သူလူထုကို အထိတ်တလန့်မဖြစ်စေဖို့ ပုလိပ်မင်းကြီးရော၊ ပြည်ထဲရေးဝန်ကြီးကပါ အမိန့်သေချာပေးထားပါတယ်..ဒီတော့ ခင်ဗျားအနားစံဖဲ ကပ်လာရင်တောင် မကြောက်ပါနဲ့..သေနတ်ကို ခြောက်လှန့်ရုံပဲ ကိုင်ထားပါ...အရပ်ဝတ်ပုလိပ်တွေက ခင်ဗျားနားမှာ ရှိနေမှာပါ”

.........................................................................................................

........................

ပွဲခင်းသို့ မရောက်ခင် ရွာကြီးရွာအဝင်တွင် လှည်းကြီးတစင်း ရပ်လာ၏။

လှည်းပေါ်တွင် ဖျင်တဘက်များ ခြုံထားသည့် လူငါးဦး။

“ပွဲသွားပွဲလာများခင်ဗျား...ကျုပ်တို့ သူဌေးမင်းက  မြင်းခြံထည်ဖျင်တဘက်ကြီးများကို ကုသိုလ်ဒါနပြုနေပါတယ်ခင်ဗျား..ပွဲခင်းထဲ ဖုန်ထူတဲ့အခါဖြစ်ဖြစ်၊ ပွဲကြည့်တဲ့အခါဖြစ်ဖြစ် တဘက်လေးများ ခေါင်းမှာ ခြုံသွားနိုင်အောင်ပါ...တယောက်တထည် အခမဲ့ ယူနိုင်ပါတယ်ခင်ဗျား”

ပွဲသွားပွဲလာများမှာ ဖျင်တဘက်များကို အလုအယက်ယူကြ၏။

ဖျင်တဘက် အထည်နှစ်ရာကျော်မှာ တတိတိကုန်သွားသည်။

နောက်ထပ်လှည်းတစင်း ထပ်ရောက်လာပြန်၏။ တဘက်များ။

“တခုတော့ မေတ္တာရပ်ခံပါရစေခင်ဗျာ..ကျုပ်တို့ သူဌေးမင်းလည်း ပွဲခင်းထဲရှိတာကြောင့် သူကုသိုလ်ဒါနကို ပီတိဖြစ်အောင် တဘက်လေးများကို ခေါင်းမှာ ခြုံပြီးဖြစ်ဖြစ် ပေါင်းပြီးဖြစ်ဖြစ် သွားပေးကြပါခင်ဗျာ..တုန့်လှည့်မေတ္တာအားဖြင့်ပေါ့”

ဖျင်တဘက် အရောင်တူများ။

ပွဲသွားပွဲလာများ၏ မျက်နှာများကို အဓိကစောင့်ကြည့်သော ပုလိပ်အဖွဲ့မှာ မျက်လုံးများ ဝေဝါးလာကြသည်။

“ဟော့..တဘက်ချွတ်လိုက်စမ်း”

ရာဇဝတ်အုပ် ဦးရွှေအိုး က မသင်္ကာသူများကို တဘက်ချွတ်ခိုင်း၏။

နောက်ထပ် တဘက်ခြုံထားသူများကလည်း သူ့နဘေးမှ ဖြတ်သွားကြသည်။

ပွဲခင်းတစ်ခုလုံး ဖျင်တဘက်အရောင်တူများဖြင့်။ ပေါင်းသူပေါင်း၊ ခြုံသူခြုံ။

“ဟော့..မယားခိုးကောင်”

သူ့အနားမှ လှစ်ခနဲ အသံကြားသဖြင့် မောင်ပု သည် သေနတ်ကို လွယ်ထားရာမှ ဖြုတ်ကာ လှည့်ကြည့်လိုက်သည်။

ဖျင်တဘက်ခြုံထားသည့် လူတစ်ယောက်။ လူအုပ်ထဲ လှစ်ခနဲ။

“ကြာကူလီ..ခွေးမျိုး”

နောက်တစ်ယောက်။ ဖျင်တဘက်နှင့်ပဲ။ သူကတော့ ခေါင်းပေါင်းထားခြင်း။

လူတွေက ဖိတိုးကြသဖြင့် မောင်ပုမှာ သေနတ်ကို ဆုပ်ကိုင်ကာ အရှေ့ အနောက်တောင်မြောက်ကြည့်နေရ၏။

“ငပု မင်းကို ဗိုလ်စံဖဲက လာသတ်မှာ”

လူအုပ်ထဲမှ အော်သံ။

“ဟော့ကောင်တွေ..အဲ့ကောင်နောက် လိုက်စမ်း..လိုက်စမ်း”

ဓါးရှည်လွယ်ထားသော မောင်ပုတပည့်သုံးယောက်က လိုက်သည်။

အရပ်ဝတ်ထားသော ပုလိပ်များကလည်း ဖျင်တဘက်အုပ်ထားသည့်ထဲမှ အသံရှင်များနောက် ရအောင်လိုက်ကြ၏။

သို့သော် ဖျင်တဘက်ခေါင်းခြုံထားသူများကတဖြည်းဖြည်းများလာသည်မို့ ရောထွေးလျက်။

မောင်ပုမှာ သူ့အနားသို့ စံဖဲရောက်လာပြီလားဆိုသည့်အတွေးဖြင့် ချွေးစေးများပင် ပြန်လာနေပြီ။

..........................................................................................................................
..

အင်္ဂါထောင့်တွင် လူတစ်ယောက်။

ပန်း၊ရေ၊ဆီမီးတို့ ဘုရားဆင်းတုတော်တွင် ကပ်လှူလိုက်သည်။

ထို့နောက် ခြုံတဘက်ကို ခေါင်းပေါင်းလိုက်ပြီး ဘုရားရှေ့တွင် သေသေသပ်သပ် ထိုင်လိုက်၏။

မသေသပ်လို့မရ။

သူ့ပုဆိုးအောက်ရှိခြေသလုံးတွင် စည်းနှောင်လာသော ပြောင်းတိုသေနတ်ကို မြင်သွားလျှင် ပြဿနာက ရှိသည်။

စံဖဲ ဘုရားစရှိခိုးချေပြီ။

“ဩကာသ..ဩကာသ..ဩကာသ..ကာယကံ…မနောကံ..ဝစီကံ”

……………………………………………………………………………………………

ပိတ်ပါးခန်းစည်းကလေး က ဖြတ်ခနဲ လှုပ်သွား၏။

စွန်လည်ပျံ မျက်နှာချေဖူးပေါ်သို့ တင်ထားသော လက်ဖဝါးနုနုလေး ရပ်တံ့သွားပြီ။

နှုတ်ခမ်းနီရဲရဲလေးများတင်ထားသည့် နှုတ်ခမ်းနှစ်လွှာမှာ အံ့ဩမှုကြောင့် ဝိုင်းစက်စက်လနှယ်။

ထိုတဒင်္ဂ။

“အကို”

သူ့ရှေ့မှ မှန်ရိပ်တွင် ပေါ်လာသူကို မင်းသမီးလေး မြကေသရီ ခေါ် မမြမေ က ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ချစ်ကောင်းသည် ဘာစကားမှ မပြော။

သူ၏ မြကိုသာ ကျောက်ရုပ်ကြီးအလား ငေးမောနေ၏။

“အကို..မြ…ဆီကို..”

မြ သည်လည်း စကားကို ရှေ့မဆက်နိုင်။

မျက်ဝန်းချင်း အတွေ့အဆိုင်တွင် သူတို့ ကမ္ဘာတည်နေဆဲ။

"ဟော့..မိမြ မပြီးသေးဘူးလား..ခဏနေ အပျိုတော်ပြီးတာနဲ့ ညည်းထွက်ရပြီနော်"

အကိုဖြစ်သူ ဇာတ်ဆရာစိန်ဘိုကေ က မြ၏ အခန်းလိုက်ကာကို လှန်ဝင်လိုက်၏။

ချစ်ကောင်းက မြထံမှ မျက်လုံးမခွာပဲ လက်ထဲမှ ခြောက်လုံးပြူးဖြင့် စိန်ဘိုကေကို ချိန်ထားလိုက်သည်။

စိန်ဘိုကေမှာ မျက်လုံးပြူးကြီးဖြင့် ဘာလုပ်ရမည်မသိ။

"မြ...ဂရုစိုက်ပါ"

ချစ်ကောင်းက မြ ၏ မျက်နှာချေလိမ်းသည့် တို့ပတ်ပုဝါလေးကို လှမ်းယူကာ လှစ်ခနဲ ထွက်သွားတော့သည်။

...................................................................................................................................

"မအလေ့ိုး ငပု"

"မယားခိုး"

"စံဖဲ လာနေပြီ"

"မင်းကို သတ်မှာ"

"ဗိုလ်စံဖဲကို ခုန မြင်လိုက်တယ်"

"ဘုရားပေါ်မှာ စံဖဲတဲ့"

"ပွဲခင်းထဲမှာ စံဖဲရောက်နေပြီ"

"ငပု တော့ သေမှာပဲ"

လူအုပ်ကြားမှ ဟိုဟိုဒီဒီ အသံများက မောင်ပု၏ နားတွင် ပိုမိုကျယ်လောင်လာသကဲ့သို့။

ဖျင်တဘက်ကိုယ်စီဖြင့် သူ့အား ဝင်တိုးကာသွားလာနေကြသည့် လူအုပ်ကြီးကို ကြည့်ကာ မောင်ပု ခြောက်ခြားလာသည်။

စံဖဲက သူ့နားမှာလား။ ဘယ်သူက စံဖဲလဲ။ စံဖဲ သူ့ကို သတ်တော့မှာလား။

လူတွေ၏ မျက်နှာကို လိုက်ကြည့်ရင်း ချာချာလည်မူးလာ၏။

"မယားခိုး"

ထိုအချိန်တွင် သူ့အား လူတစ်ယောက် က အနောက်မှ ဖြောင်းခနဲ နားရင်းအုပ်သည်ကို ခံလိုက်ရ၏။

ထူပူပြီး လှည့်ကြည့်လိုက်သည့်အခါ လူအုပ်ထဲ ဝင်ရောက်ပျောက်သွားပြန်သည်။

မောင်ပု တကိုယ်လုံး ကြောက်စိတ်က စိုးမိုးသွားခဲ့ပြီ။ စံဖဲနှင့် တစ်ယောက်ချင်းဆို သူမကြောက်။ သူ့လက်ထဲလည်း သေနတ်ရှိသည်ပဲ။ သူတင်ကိုယ်တင်ပစ်ရုံပေါ့။

အခုတော့ ထိုသို့မဟုတ်။

လူအုပ်ကြီးအကုန်လုံးသည် စံဖဲများဖြစ်နေသည်။သူ့ကို စံဖဲများက ဝိုင်းထားလိုက်ကြပြီ။

စံဖဲများကြားတွင် သူတစ်ယောက်တည်း။ ထိုသို့ ခံစားလာရပြီး မောင်ပု၏ သိမ်ငယ်စိတ်က အမြင့်ဆုံးဖြစ်လာ၏။

နောက်ဆုံး ထိုအခြေအနေကို ပြောင်းလဲရန် သေနတ်မောင်းကို ဆွဲတင်ကာ မိုးပေါ်သို့ ထောင် ဖောက်ပစ်လိုက်တော့သည်။

"ဒိုင်း"

မောင်းဆွဲက နောက်တချက် "ဒိုင်း"၊ နောက်တချက် "ဒိုင်း"

ပွဲခင်းမှ လူအုပ်ကြီးမှ အုတ်အော်သောင်းနင်းဖြင့် ထွက်ပြေးကြ၏။ အချင်းချင်း တက်နင်းသူနင်းကြ။ လွတ်ရာပြေးကြဖြစ်ကုန်ကြသည်။

ပုလိပ်အဖွဲ့များမှာလည်း လူအုပ်ကြား ညပ်ကုန်၏။

မောင်ပုကတော့ စိတ်ခြောက်ခြားစွာဖြင့် ကျည်ကုန်သည်အထိ သေနတ်ကို ဖောက်နေသည်။

ကျည်ကုန်သည့်အခါ လူအုပ်ကြီးမှာ သူ့နားတွင် လုံးဝမရှိတော့။

သူတစ်ယောက်တည်းသာ ကျည်ဆံမရှိသည့် သေနတ်ကို ကိုင်လျက် ထီးထီးကြီး။

“ငါလိုးမ စောက်ရူး..ကဲကွာ”

သူ့မျက်နှာသို့ လက်သီးချက်တစ်ချက်ဝင်လာမှ မောင်ပု သတိဝင်လာသည်။

ရာဇဝတ်ဝန်ကလေး ဦးအောင်ကျော်မိုးက မောင်ပု ကို ဆင့်ကာ ဆင့်ကာ ထိုးနေသဖြင့် ကျန်ပုလိပ်များက ဝိုင်းဆွဲကြရ၏။

ထိုအချိန်တွင် ပွဲခင်းအပြင်ဘက် ဆီမှ သေနတ်သံ သုံးချက်ထွက်လာသည်။

“ဗိုလ်စံဖဲတဲ့ဟေ့”

စစ်ပုလိပ်တပ်များက သေနတ်သံကြားရာသို့ လိုက်သွားသော်လည်း မြင်းခွာသံများသာ ကြားရတော့၏။

# အခန်း ( ၁၁ )

"ကျုပ်ဖြင့် နားရင်းလောက်အုပ်ရတာ အားမရပေါင်..ဘယ့်နှယ့်... ပါလာတဲ့ ပုဆိန်နဲ့ အဲ့ဒီကောင်ကြီး ခေါင်းကို ပွဲခင်းထဲတင်ပစ်ခဲ့ချင်တာဗျာ..ခင်ဗျာ ခွင့်မပြုလို့သာ ဗိုလ်စံဖဲရ"

ကံကြီးမောင်က အရှိန်မသေသေး။

ဗိုလ်စံဖဲက မည်သည့်စကားမျှမပြောပဲ ရှမ်းရိုးမ တောင်တန်းကြီးကို ငေးမော လိုက်သည်။

"ကံကြီးမောင်....ငါ့ညီရာ....ငါလည်းပဲ..ဒီကောင့်ကို မင်းထက် ပိုသတ်ချင်တာပေါ့ကွာ"

ယခင်နှင့်မတူ။ တိုးလျော့သောအသံဖြင့် ပြောလာသည့် စံဖဲ၏ ပုခုံးကို ကိုချစ်ကောင်းက ခပ်ဖွဖွဆုပ်ကိုင်ကာသတိပေးလိုက်၏။

"ကံကြီးမောင်...ဒီနေ့လည်လောက် ကိုသြ..ရွှက်ထည်တဲတွေလာပို့မယ်ထင်တယ်..မင်း ဟိုကောင်တွေကို ကြီးကြပ်ပြီး အဲ့ဒီကိစ္စလုပ်လိုက်..ဟုတ်ပြီလား..သွားတော့"

ကိုချစ်ကောင်း စကားကြောင့် ကံကြီးမောင်က အလိုက်တသိထွက်သွားသည်။

"ကျုပ်ကိုယ်တိုင် ငပုကို သတ်ပစ်လို့ရတာပဲ...ဒါပေမယ့်ဗျာ..မသိန်းရင်မှာက..."

စံဖဲက ကျန်ရစ်ခဲ့သောကိုစံဖဲထံ ပြောလက်စ စကားကို ရပ်လိုက်၏။

"မင်းက ဒီအဖွဲ့မှာ ခေါင်းဆောင်ကွ...မင်းပျော့ပြလို့မဖြစ်ဘူး...တချို့စကားတွေက သိမ်းထားလိုက်တာကောင်းပါတယ်...စံဖဲ..ငါ မင်းကို နားလည်ပါတယ်ကွာ"

ကိုချစ်ကောင်း က စကားကို အဆုံးသတ်ပြီး သူ့လက်ထဲမှ စာရွက်တစ်ချို့ကို ထုတ်လိုက်သည်။

“ဒါက တောထဲတွေ တောင်ပေါ်တွေမှာ ရွက်ထည်တဲတွေကို ဘယ်လို ထိုးရမယ် ဆိုတာရဲ့ အသေးစိတ် ပုံစံတွေပဲ... ငါ မနေ့က ဇာတ်ပွဲထဲဝင်ရင်း..ဇာတ်ရုံဆောက် နေကျကောင်လေးတွေဆီက..ယူလာခဲ့တာတွေ...ငါတို့အတွက် ဒီရွက်ထည်တဲ နေရာချပုံတွေက လိုကိုလိုလာမှာ...ဒီပွေးထူကုန်းကို ဟိုကောင်တွေသိပြီး ..ရွာတွေ ကိုခိုလို့မရတဲ့အချိန်ကျ ဖိုးသာနိုင်းတောင်၊ သက်ငယ်တောင်၊ စစ်စီးရေတောင်တွေ ဆီ...ငါတို့ အကုန် ရွှေ့ဖို့ အခုကတည်းက တွေးထားရမှာပဲ”

ခေါင်းငုံ့ထားသော စံဖဲက ကိုချစ်ကောင်းပေးသည့် စာရွက်များကို တရွက်ချင်း ကြည့်လိုက်၏။

ကြည့်နေရင်းမှ ရပ်တန့်လိုက်ပြီး..မေးလိုက်သည်။

“ခင်ဗျားရဲ့..မြနဲ့ရော..ဘယ်လိုလဲ”

ချစ်ကောင်း ဘာမှ ပြန်မဖြေ။

“ကျုပ်မေးနေတယ်လေဗျာ..ခင်ဗျားရဲ့ မြနဲ့ တွေ့ခဲ့ရဲ့လားလို့”

စံဖဲ အသံက မာသွား၏။

“အေးကွာ..တွေ့ခဲ့ပါရဲ့....ငါတို့နှစ်ယောက်..တယောက်နဲ့တယောက် ကြည့်ရုံပဲ ကြည့်ခဲ့ကြတာပါ ..ဒါပေမယ့်..စံဖဲရာ...ငါချစ်ရတဲ့ မိန်းမတစ်ယောက်ရဲ့ အားငယ် နေတဲ့မျက်လုံးတွေကို ငါဘယ်လောက်တောင့်ခံနိုင်မှာလဲ..ဒါ့ကြောင့် ငါထွက်လာ တာ ”

စံဖဲကချစ်ကောင်း ရှေ့တွင် ခေါင်းငိုက်စိုက်လျက်။

“ကိုချစ်ကောင်း...ကျုပ်တောင်းပန်ပါရစေ''

“ဟ..ဘာလဲကွ..စံဖဲရ..မင်းကဘာတောင်းပန်မှာလဲ”

“ကျုပ် သံဒိုင်ကို သတ်ခဲ့မိတယ်လေ”

“ဟ..အဲ့ဒါဘာဖြစ်လို့လဲ..သတ်သင့်လို့ မင်းသတ်တာပဲကိုး”

“ဒါပေမယ့်..ကျုပ်..ငပုကို သတ်လို့မရဘူး.သူ့ကိုသတ်လိုက်ရင်..မသိန်းရင်က မုဆိုးမဖြစ်ရဦးမယ်မဟုတ်လား”

ချစ်ကောင်းက ပြုံးလိုက်သည်။

“စံဖဲရာ…ငါတို့က တကယ်ချစ်ခဲ့မိကြတာကိုးကွာ”

………………………………………………………………………………………………
…………………

“ဟော့ကောင်…စံဖဲ..မင်း…မင်း…ဟော့ကောင်..မင်း..ငါ့နားမလာနဲ့..ငါ့နားမလာနဲ့ ကွာ..သွား..ဟာ..မလာနဲ့ဆို”

“ဒုန်း…ခွမ်း…ဒုန်း..ဒုန်း”

ရေနံဆီမီးအိမ်ကြီးမှာ မောင်ပု၏ ဓားချက်ကြောင့် အပိုင်းပိုင်း။

ကိုယ်ဝန်နေ့စေ့လစေ့နှင့် မသိန်းရင်မှာ ကြောက်လန့်စိတ်ကြောင့်တုန်ရင် နေသည်။

“မစိန်…မသိန်းရင်ကို အောက်ခေါ်သွား..ကျွန်မ ပြောမယ်”

မြနု က စိတ်ဖောက်ပြန်နေသော မောင်ပု ရှိရာသို့ အသာတိုးကပ်သွား၏။

“ကိုကိုပု…ကိုကိုပု…စိတ်ကိုထိန်းပါ…စိတ်ကိုထိန်းပါနော်”

“ဟာ..စံဖဲလား..စံဖဲ..မင်း..မင်း..ငါ့ကို သတ်မယ်ပေါ့လေ..ဟော့ကောင်..မင်းကို လည်း ငါက ပြန်သတ်မှာ”

“ကို..ကို..ပု”

မြနု အသံက ပြတ်သားခက်ထန်လွန်းလှသဖြင့် လှေကားရင်းတွင်ရောက်နေသော မသိန်းရင်နှင့် မစိန် တို့ပင် အပေါ်သို့ အလန့်တကြားကြည့်လိုက်ကြသည်။

စိတ်ဖောက်ပြန်နေသူ မောင်ပုပင် ရပ်တန့်သွား၏။

“နှမကို….အဲ့ဒီ လက်ထဲက ဓါးပေးပါ..ကိုကိုပုရယ်”

မြနုက အကိုဖြစ်သူ မောင်ပုလက်ထဲမှ ငှက်ကြီးတောင်ဓားကို ဆွဲယူလိုက်သည်။

မောင်ပုမှာ ပြူးကြောင်သောမျက်လုံးများဖြင့် မြနုကို စိုက်ကြည့်လျက်။

"စံဖဲ..စံဖဲ..ငါ့ကို လာသတ်နေပြီ...ငါ့နှမ..သူ..လာသတ်နေပြီ"

မောင်ပု အသံက ချက်ချင်းပြောင်းသွား၏။ အားငယ်ကြောက်ရွံ့နေသော ကလေးငယ်တစ်ယောက်ပမာ။

မြနု က ခါးကို ကြမ်းပြင်သို့ပစ်ချလိုက်သည်။

"အကို့နှမရှိတယ်လေ..ဘာမှမဖြစ်ဘူး..ငါ့အကို..ဘာမှ မဖြစ်ဘူး...မကြောက်နဲ့"

ထို့နောက် အကိုဖြစ်သူ မောင်ပု၏ ပုခုံးနှစ်ဖက်ကိုဆုပ်ကိုင်နှစ်သိမ့်လိုက်၏။

"ငါတို့စစ်ကားတန်း.ဘဂ္ဂဒက်ကနေ ထွက်လာပြီး ကန္တာရထဲရောက်တော့...ပရပ်ရှားတပ်တွေလက်ထဲက ပြေးလာတဲ့ အာရပ်မိသားစုလေးကို တွေ့တယ်..သူတို့က လမ်းကြုံလိုက်ဖို့တောင်းဆိုတာ..သူတို့ထဲက ဆယ့်ခြောက်နှစ်နဲ့ ဆယ့်လေးနှစ်လောက်ရှိတဲ့ မိန်းကလေးနှစ်ယောက်ကို ငါတို့ ကားပေါ်အရင်တင်ပြီး မောင်းပြေးကြတယ် ..အဲ့ဒီ...ကောင်မလေးတွေကို..ငါတို့..ငါတို့..ပြီးတော့ ငါတို့ လက်ဖတင်နင် က..သတင်းအစအနမချန်ဘူးဆိုပြီး..သူတို့ကို..ဘက်နက်နဲ့ထိုးသတ်ဖို့..ငါ့ကို..ဟီး..ဟီး..စံဖဲ..စံဖဲလည်း..ငါ့ကို..အဲ့ဒီလို..သတ်မှာ..သတ်မှာ..ငါသိတယ်."

မောင်ပုက မြနုကို ဖက်ကာငို၏။

ရွှေယင်မျှော်ဘုရားပွဲဖြစ်ရပ်ပြီးသည့်နောက် မောင်ပု အား ပေးထားသည့် သေနတ်ကို ပုလိပ်ဘက်မှ ပြန်လည်ရုတ်သိမ်းခဲ့သည်။

ဘုရားပွဲပျက်စေရန် သေနတ်ပစ်ဖောက်သည့်တရားခံအဖြစ်လည်း ရာဇဝတ်တရားရုံးတွင် တရားစွဲတင်ခံရကာ အာမခံဖြင့် လွှတ်ပေးထား၏။

မောင်ပုမှာ စံဖဲအား ကြောက်သည့်စိတ်အပြင် စစ်အတွင်း သူကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံများနှင့် သူကိုယ်တိုင်ပြုမူခဲ့သည့် မတရားမှုများကို ပြန်မြင်ယောင်ကာ စိတ်ဖောက်ပြန်သွားလေပြီ။

"ကိုကိုပု.စိတ်လျှော့နော်..နှမရှိတယ်လေ..ဘာမှ မဖြစ်တော့ဘူး..ဟုတ်ပြီလား..ဟော့...မစိန်..လှည်းကို အသင့်ပြင်ထား...ကျုပ် သူတို့ကို ရွာပြန်ခေါ်သွားမယ်"

မြနုက အပေါ်ထပ်မှ လှမ်းအော်သည်။

ထို့နောက် အကိုဖြစ်သူ မောင်ပုကို ဖက်ကာ အောက်ထပ်သို့ဆင်းလာ၏။

"ငါတို့ မဲတောကို ပြန်ကြမယ်.မသိန်းရင်"

"ဖြစ်ပါ့မလား...မမြနုရယ်"

မသိန်းရင်က တုန်တုန်ရင်ရင်။ ကိုယ်ဝန်ကလည်းနေ့စေ့လစေ့မို့ ခြေလက်များပင် ဖောယောင်နေပေပြီ။

"နင့်ကိုယ်ဝန်နဲ့.....သူ့အခြေအနေနဲ့..ငါက ဘယ်လိုလုပ် ဒီမြို့မှာ ထားခဲ့နိုင်မလဲ ဟဲ့..နင်တို့ မဲတောကို ပြန်လိုက်ခဲ့တော့...နင်တို့ကို ငါကာကွယ်မယ်...ကိုမင်း မောင်..ကိုမင်းမောင်"

အိမ်ရှေ့လှည်းပေါ်တွင် စောင့်နေသည့် မင်းမောင်က လွှားခနဲ ပြေးဆင်းလာ၏။

"နု..ကိုမင်းမောင် ဘာလုပ်ပေးရမလဲ"

"ရှင့်လူတွေကိုခေါ်ပြီး..ကျုပ်အကိုနဲ့ ယောင်းမကို မဲတောပြန်ပို့ပေးနိုင်မလား"

"ရပါတယ်..နု"

"ဒါဆို..ခုပဲ ရှင့်လူတွေသွားခေါ်ချေ"

"ဟုတ်"

မဲတောရွာသူကြီးသမီးမြနု အမိန့်ကို မောင်းမဆည်ရွာသူကြီးသား မင်းမောင်မှာ မ ပယ်ရှားဝံ့။

အဘယ်ကြောင့်ဆိုသော်။

ဘုံဘေဘားမားသစ်လုပ်ကွက်များအတွင်း ခြေလှမ်းသွက်သွက် ပါးလှပ်လှပ်အလှ ပိုင်ရှင် မမြနုကလေးထံမှ မျက်နှာသာပေးမှုကို ရနိုးနိုးဖြင့် မျှော်တော်ဇောနှင့် ခစားခဲ့ရသည်မှာ သစ်ပွဲစားတပိုင်း မင်းမောင်အတွက် ကြာပြီမဟုတ်လား။

ချစ်ရသူမဖုရားနှုတ်ထွက်တရားမှ တပါး...စောဒကဆိုသည် မင်းမောင်ထံတွင် ယခင်ကလည်း မရှိခဲ့။

ယခုလည်း အဘယ်သို့.. အဘယ်မှာ။

..................................................................................................................
.......................

၁၉၂၇၊ မတ်လ ၂၃ ရက်နေ့။ ညဦးပိုင်းအချိန်။

မဲတောရွာအရှေ့မြောက်ဘက်။

ရွာစည်းရိုးကာထားသည့်ကြားမှ လူတကိုယ်စာလွတ်နေသည့် မလွယ်ပေါက်တစ်ခု။

သာစည်ပုလိပ်အဖွဲ့မှ ဆာဂျင်ဖိုးချစ်နှင့် တာရင်းမရိုးရွာမှ ပုလိပ်သတင်းပေး ရွာခေါင်း ကံရေးတို့သည် မလွယ်ပေါက်အနီး ခြုံပုတ်တစ်ခုတွင် ဝပ်နေကြ၏။

ယခင်က နေဝင်သည်နှင့် ပိတ်ထားမြဲဖြစ်သည့် ရွာတောင်ဘက်တံခါးပေါက်မှာလည်း အသာဟထား၏။

ရွာထဲတနေရာဆီမှ ရှီးခနဲ အသံတခုပေးသည်နှင့် လူတစုမှာ တံခါးပေါက်ဟထားသည့်အတိုင်းဝင်လာကြသည်။

သူတို့ကား မိတ္ထီလာရာဇဝတ်ဝန်ထောက်ကလေး ဦးအောင်ကျော်မိုး၊ ရာဇဝတ်အုပ် ဦးရွှေခဲ နှင့် ပုလိပ်သား ဆယ်ယောက်ပင်။

.........................................

နှမ်းဖက်ချဉ်ဖြင့် နယ်ထားသည့်ဆန်ကြမ်းထမင်းတလုပ်၊ ဘောစကိုင်းရွက်ပြုတ်တတို့။

ဝက်သားအညာချက်တတုံးကို အားပါးတရကိုက်လိုက်သည့်စံဖဲ။

မိခင်ဖြစ်သူ ဒေါ်စံမယ်ကြီးက ပန်းကန်ထဲမှ ဝက်သား အသားတုံးနှင့်အနှစ်များအား စံဖဲ၏ ဇလုံထဲ လောင်းထည့်ပေးလိုက်သည်။

ထိုအချိန်တွင် ရှီးခနဲ အချက်ပေးသံတစ်ခုကြောင့် စံဖဲ မှာ စားလက်စ ပန်းကန်ကို ချလိုက်၏။

“ငနီထင်ပါတယ်..ခုလောက်ဆို သူ့အိမ်ကနေ သူလည်း ပြန်လာရောပေါ့”

စံဖဲ၏ အကို ကိုသူတော်က စံဖဲကို..ပြောလိုက်သည်။

တောပုန်းဘ၀တွင် လချီနေပြီဖြစ်သော စံဖဲနှင့် ငနီတို့မှာ မဲတောရွာတွင်ရှိနေသော မိသားစုများထံသို့ တိတ်တဆိတ် ခိုးပြန်လာကြခြင်းပင်။

စံဖဲက အင်တုံထဲသို့ လက်ကို နှစ်ဆေးလိုက်သည်။

ထို့နောက် ခါးကြားတွင် ထိုးထားသော ခြောက်လုံးပြူးသေနတ်ကို ထုတ်လိုက်၏။

“မောင်စံဖဲ..သား...ထမင်းကုန်အောင်စားသွားလေ..သားရဲ့”

“အဲ့ဒီအသံက မောင်နီ့အချက်ပေးသံမဟုတ်ဘူး...အမေ”

စံဖဲ၏ အဖေဦးဘိုးသိန်းက စံဖဲ မန္တလေးမှ မှာယူထားသည့် လက်နှိပ်ဓာတ်မီးကို စမ်းသပ်ကြည့်နေရာမှ စံဖဲ ထံ ပြန်လာပေးလိုက်၏။

“အဘ..အမေ..ကိုသူတော်....ဂရုစိုက်ကြပါ”

စံဖဲက သေနတ်တဖက်... လက်နှိပ်ဓာတ်မီးတဖက် ကိုင်ကာ အိမ်ပြန်မှောင်ရိပ်ထဲသို့ ထွက်သွားသည်။

...........................................................................................................

ညဉ့်ဦးပိုင်းဖြစ်သော်လည်း တရွာလုံးရှိ အိမ်များမှာ တံခါးများပိတ်လျက် ငြိမ်သက်နေကြ၏။

လွန်ခဲ့သည့် လကတည်းက  စံဖဲ နှင့် ငနီတို့ မိဘများအိမ်သို့ ပြန်လာမည့်နေ့ဆိုလျှင် ရွာက ကြိုသိကြစမြဲ။

ရွာသူကြီးဦးရာပိုင်ပင်လျှင် စံဖဲတို့ လာမည့်ရက်ဆိုလျှင် ရွာမှ ရှောင်သွားလေ့ရှိသည်။

မဲတောရွာခံများကလည်း စံဖဲ၊ငနီလာမည်ဆိုလျှင် စောစောစီးစီး တံခါးပိတ်မီးမှိတ်မကာ မသိချင်ယောင်ပြုနေကြသည်ပင်။

ယခုတော့ အခြေအနေက ပုံမှန်မဟုတ်မှန်း စံဖဲ ရိပ်မိလိုက်သည်။

ထို့ကြောင့် သူခြုံနေကျ အညာစောင်ကို ခန္ဓာကိုယ်ပေါ် လွှားလိုက်ပြီး စောင်အောက်တွင် ခြောက်လုံးပြူးသေနတ်ကို အသင့်မောင်းတင်ကာ ထွက်လာခဲ့၏။

သူဝင်လာခဲ့သည့် ရွာအရှေ့မြောက်မလွယ်ပေါက်အတိုင်းပင်။

ထိုမလွယ်ပေါက်ကား စံဖဲတို့ မောင်နီတို့ ကာလသားတသိုက်သာသိသည့်နေရာ။ စံဖဲ တောပုန်းဖြစ်ပြီးလည်း ရွာသို့ဝင်ပြီးလျှင် ထိုမလွယ်ပေါက်မှပင်ပြန်ထွက်နေကြ။

ခွေးဟောင်သံများက ဟိုမှသည် ဆူညံလာ၏။

ရွာလယ်လမ်းအတိုင်း ခပ်ဝပ်ဝပ်လျှောက်လာသည့်စံဖဲက နွားခြံတခုမရောက်ခင်တွင် အသာဝပ်နေလိုက်သည်။

မောင်နီများဖြစ်နေမလား။

သို့သော် ခြေသံသွဲ့သွဲ့များက တယောက်မက။

စံဖဲက နွားခြံ ထဲသို့ ကိုယ်ကို အသာလိုမ့်ဝင်လိုက်သည်။

ကျည်ကွယ်၊မျက်ကွယ်၊ ပစ်ကွင်းလွယ်အနေအထား။

လက်နှိပ်ဓာတ်မီးကိုအသင့်။ ခြောက်လုံးပြူးကိုအသင့်။

လူရိပ်များ။ အမှောင်အားကိုးသော်ငြား..သူတို့လက်ထဲမှ သေနတ်များ၏ အရိပ်ကို စံဖဲ မြင်လိုက်ရသည်။

လက်နှိပ်ဓာတ်မီးခလုတ်ကို အသာတွန်းဖွင့်ကာ လူအုပ်ကို ခဆဆထိုးချလိုက်၏။

ဖြတ်ခနဲအလင်းကြောင့် လူအုပ်မှာ ကြောင်သွားသည်။

“ဒိုင်း”

စံဖဲက သေနတ်ဖြင့် တချက်ပစ်သည်။

ထို့နောက် မစ္စတာတရေ့စ်နှင့် အမဲလိုက်စဉ်က အတိုင်း ကိုယ်လိမ်ခါးချိုးကာ ပစ်ကွင်းနေရာကို ပြောင်းယူလိုက်၏။

စံဖဲအား နေအိမ်တွင် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးမည်ဟု ဆိုကာ လာကြသော ရာဇဝတ်ဝန်ကလေး ဦးအောင်ကျော်မိုးနှင့်အဖွဲ့မှာ ရုတ်တရက် လက်နှိပ်ဓာတ်မီး အလင်းနှင့် သေနတ်သံကြောင့် နီးစပ်ရာ လမ်းဘေးသို့ ပြေးဝပ်ကာ လက်နှိပ် ဓာတ်မီးများထိုးပြီး သေနတ်များဖြင့် တဒိုင်းဒိုင်းပစ်ကြသည်။

သို့သော် ဦးတည်ရာကားမရှိ။ အမှောင်ထဲက သေနတ်သံတချက်ကလည်း မည် သည့်အရပ်ကလာသည်မသိ။

"ဟေ့..မီးတွေပိတ်ပြီး..စတော့ထားကြ"

ဦးအောင်ကျော်မိုးက အမိန့်အော်ပေးလိုက်ဖြင့် သေနတ်သံများ တိတ်သွား၏။

အမှောင်ထုကား ပိုမိုဆိတ်ငြိမ်သွားသည်။မည်သည့်လှုပ်ရှားမှုမျှ မရှိတော့။

စံဖဲတစ်ယောက် အသက်ပျောက်သွားလေပြီလား။

"ဒိုင်း"

သူတို့မထင်မှတ်ထားသည့် အနောက်ဘက်ဆီမှ သေနတ်သံထွက်ပေါ်လာသဖြင့် ဦးအောင်ကျော်မိုးက ခေါင်းကို ဝပ်ချလိုက်သည်။

"ဟေ့..အနောက်ဘက်ရောက်သွားပြီ..ဝိုင်းပစ်ကြ"

အနောက်မှ ပစ်လိုက်သူမှာ စံဖဲမဟုတ်။ သူတို့အနောက်ဘက်သို့ ရောက်နေသော မောင်နီပင်။ သို့သော် ညက မှောင်လွန်းသည်မို့ ပုလိပ်များမှာ မည်သူမည်ဝါမ သဲကွဲ။ စံဖဲတစ်ယောက်တည်းဟုသာထင်နေကြသည်။

ဦးအောင်ကျော်မိုးက သူ၏ ရိုင်ဖယ်သေနတ်ကို မကာ ကျည်ဆံလာရာ အနောက် ဘက်ဆီသို့ လှည့်ချိန်လိုက်စဉ်။

"ဒိုင်း"

မထင်မှတ်ထားသော နေရာမှ သူ၏ ညာဘက်လက်မောင်းရင်းကို သေနတ်လာ မှန်၏။

"အား"

ဦးအောင်ကျော်မိုးလက်ထဲမှ သေနတ်ပြုတ်ကျသွားသည်။

ပုလိပ်သားများ ပြာယာခပ်သွား၏။

သေနတ်ကျည်ကား အနောက်ဘက်မှ ထွက်လာခဲ့ပြီး ယခုတခါ ဆန့်ကျင်ဘက်မှ လာနေပြန်သည်။

စံဖဲ နှစ်ကိုယ်များခွဲနေသလား။

"အား..အား"

ဦးအောင်ကျော်မိုး ညည်းသံကြောင့် ရာဇဝတ်အုပ် ဦးရွှေခဲက လက်နှိပ်ဓာတ်မီးကို ဖွင့်ကာ ပြေးသွားသည်။

"ဝန်ထောက်မင်းကို ထိသွားပြီ..ထိသွားပြီ..ဝန်ထောက်မင်းကို သယ်ဖို့လုပ်ကြ"

ပုလိပ်တွေ ပြာယာခတ်ကုန်ပြီ။

ထိုအခြေအနေကိုအခွင့်ကောင်းယူကာ စံဖဲက ရွာအရှေ့မြောက်မလွယ်ပေါက်ဆီသို့ ပြေး၏။

ရောက်ပြီ။

ထိုအချိန်တွင် မလွယ်ပေါက်တံခါးဆီမှ အရိပ်တစ်ခု ဖြတ်ခနဲတွေ့လိုက်ရသည်။

စံဖဲက ကိုယ်ကိုကိုင်းလျက် လက်ကိုမြှောက်ကာ သူ့လက်ထဲမှ လက်နှိပ်ဓာတ်မီးကို ပင့်ထိုးလိုက်၏။

အသင့်ရှိနေသော ဆာဂျင်ဖိုးချစ်မှာ လက်နှိပ်ဓာတ်မီးရောင်ကို မှန်းဆကာ လူရှိမည့်နေရာသို့ သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

လွဲသည်။ စံဖဲမှာ ကိုယ်ကိုကိုင်းကာလက်ကိုမြှောက်ထားခြင်းကြောင့်..လွဲခြင်း။

ကျည်လွဲသည်နှင့် စံဖဲက ကိုယ်ကို မတ်ကာ မီးကို ကျည်ဆံလာရာ တည့်တည့်ထိုးလိုက်၏။

ရုတ်တရက်မျက်နှာကို ဓာတ်မီးထိုးခံရသဖြင့် ပြူးပြူးကြီးဖြစ်နေသော ဆာဂျင်ဖိုးချစ်။

“ဒိုင်း”

ဆာဂျင်ဖိုးချစ်၏ ဦးခေါင်းမှာ ပွင့်ထွက်သွားပြီး အနောက်သို့ လန်ကျသွားသည်။

“အံမယ်လေးဗျာ”

အသံကြားရာသို့ စံဖဲက ခါတ်မီးဖြင့် ထိုးလိုက်၏။

ပုလိပ်သတင်းပေး ကံရေး။ သူကိုင်ထားသော လှံကို ဘေးတွင်ချကာ စံဖဲကို လက်အုပ်ချီကာ ဦးကုန်းချနေသည်။

“ချမ်းသာပေးပါ..ဗိုလ်စံဖဲ..ဘုရား..ဗိုလ်စံဖဲဘုရား”

ကံရေးကို ကြည့်ကာ စံဖဲ က ပစ်ရကောင်နိုး..မပစ်ရကောင်းနိုး။

“ဒိန်း”

ထိုအချိန်တွင်အနောက်မှ သေနတ်သံ။

“ကိုစံဖဲ...ထွက်တော့..ထွက်တော့”

မောင်နီ၏ အသံကြားမှ စံဖဲလည်း သတိဝင်လာကာ ခြံစည်းရိုးမလွယ်ပေါက် အတွင်း လေးဘက်ကုန်းကာ တိုးဝင်လိုက်၏။

မောင်နီက သူ့တွင်ပါလာသော ရိုင်ဖယ်ဖြင့် အနောက်ဘက်ကို တစ်ချက်နှစ်ချက် ခံပစ်သည်။

ကံရေးကတော့ ဖင်ဘူးတောင်ကြီး ထောင်နေဆဲ။

မောင်နီက စည်းရိုးမလွယ်ပေါက်ရောက်ပြီးမှ ကံရေးကို တချက်လှည့်ကြည့်လိုက် သည်။

ရိုင်ဖယ်ကြိုးကို သိုင်းကာကျောတွင်လွယ်၏။ ကံရေး၏ ဖင်ဘူးတောင်းနောက်သို့ ပြန်သွား၏။

ထို့နောက် ကံရေး၏ ဘေးမှလှံကို ကောက်ယူကာ ခွကြားတည့်တည့်သို့ ဆောင့် ထိုးချလိုက်သည်။

“မင်းလားကွ..ဒလန်”

..........................................................................................................
.......................

“ညက သာစည်က ရာဇဝတ်အုပ်တွေနဲ့ ပုလိပ် ခွင်နှစ်ယောက်လောက်ရှိမယ်..သူ့အမေအိမ်ရောက်နေတဲ့..စံဖဲကို လာဖမ်းတာအေ...အဲ့ဒီမှာ ပုလိပ်ဖိုးချစ်နဲ့ ဗိုလ်စံဖဲ မျက်နှာချင်းဆိုင်သေနတ်နဲ့ပစ်ကြတာတဲ့..ဗိုလ်စံဖဲ က ကျည်ပြီးနေတာတဲ့ အေ...ပုလိပ်ဖိုးချစ်ကြီး သာ ခေါင်းပွင့်သေလေရောတဲ့...ပြီးတော့...ပုလိပ်နဲ့ပါလာတဲ့.ကံရေးလေ..ခစ်ခစ်”

“ဟယ်..တာမရင်းရိုးက ကိုကံရေးလား..ဒင်းရော..သေပလား”

“ဗိုလ်စံဖဲက လက်တစ်ဖက်က ဖိုးချစ်ကို သေနတ်နဲ့ပစ်ပြီး..တဖက်က ကံရေးကို လှံနဲ့ တပြိုင်တည်းပစ်တာ..ကံရေး..လေ..ခိခိ”

“ဟဲ့..ဘာတုန်းဟဲ့”

“ဟိုဒင်းနေရာကို လှံချက်မိပြီး..ဟိုဟာတစ်လုံးထွက်သွားတာ.အခု..မိတ္ထီလာ ဆေးရုံမှာတဲ့”

“ဟဲ့..ညည်းဟာကလည်း မရှင်းမရှင်းနဲ့...ဘာတစ်လုံးထွက်တာတုန်း”

“ပြောမထွက်ပါဘူးအေ..ပြောမထွက်ဘူး...ဟီးဟီးဟီး”

ပုံပြင်တပုဒ် ၊ ဇာတ်လမ်းတပုဒ်နှယ်။

သာစည်၊ မိတ္ထီလာ၊ ပျော်ဘွယ်တကြောရှိ ကျေးရွာများ၏ အပျင်းပြေစကားဝိုင်းတိုင်းတွင်။

ပုလိပ်တပ်စု၏လက်ထဲမှ လွတ်မြောက်သွားသည့် ဗိုလ်စံဖဲ ဇာတ်လမ်းက ရေပန်းစားခဲ့လေပြီ။

..........................................................................................................
.

“သူကြီးရာပိုင် ဆိုတာ ကံကောင်းလို့သာ သူကြီးဖြစ်လာတာ..ငကြောက်ကြီး ကွ..အရင်ရက်တွေက မင်းတို့ ရွာထဲဝင်နေတာ..သူဘယ်သူ့သတင်းပေးရဲလို့

လဲ.အခုက..ဘယ်သူဖြစ်မတုန်း.စံဖဲရ”

ကိုသူတော်က သူ့လက်ထဲမှ ယပ်တောင်ကို တဖြတ်ဖြတ်ခပ်ရင်းပြောသည်။

“ဘယ်သူလဲ..အဲ့ဒါ ကျုပ်သိချင်တာ..အကို”

“ရွာထဲမှာပြောနေကြတာတော့..ငပု ပြန်ရောက်နေပြီ....ဒါပေမယ့် အိမ်ထဲက အိမ်ပြင်မထွက်ဘူး...ပြီးတော့ မြနု ရောပဲ”

ငပုဆိုသည့် အသံကြောင့် စံဖဲက လက်သီးကိုဆုပ်သည်။

“ဒါဆို..ဒီကောင့်လက်ချက်ပေါ့”

“သေချာသလောက်ပဲ..ငါ့ညီ....မင်းကို ပျက်စီးစေချင်တာ သူ့အပြင်ဘယ်သူရှိမတုန်း”

စံဖဲက နဘေးတွင် ထိုင်နေသော ချစ်ကောင်းကို ကြည့်လိုက်၏။

“ကိုချစ်ကောင်း.....တကယ်လို့ သံဒိုင် သာ မသေခဲ့ရင်...ခင်ဗျားနဲ့ ခင်ဗျားရဲ့ မြကိစ္စကိုသာ သူသိပြီး...သူက မြကို အပိုင်ရထားပါလျက်နဲ့ ခင်ဗျားကို ဒုက္ခပေးလာခဲ့ရင်....ခင်ဗျား သူ့ကို ဘာလုပ်မလဲပြောဗျာ”

ချစ်ကောင်းက ခေတ္တမျှ စဉ်းစားနေသည်။

“စံဖဲ..ငါအခု စဉ်းစားပုံပြောင်းသွားပြီကွ...မင်းကို ငါနားလည်တယ်..ဒါပေမယ့်..ငါတို့က သူပုန်တွေ...ပြီးတော့ ငါတို့အောက်မှာ အဖွဲ့အစည်းအသင်းအပင်းနဲ့ဖြစ်လာပြီ.ဒီတော့..ငါတို့အသက်တွေနဲ့ လောင်းကြေးထပ်ထားရတဲ့ သေရေးရှင်ရေးမှာ.လိုအပ်တာထက်ပိုပြီး..ပြဇာတ်မဆန်ကြတာကောင်းမယ်ကွ”

စံဖဲက စကားတုန့်ပြန်မပြောတော့။

သူ့ဘေးတွင်ထောင်ထားသော ဝင်ချက်စတာသေနတ်ပြောင်းကိုသာ လက်ဖြင့်ပွတ်သပ်လိုက်၏။

“ဟုတ်တယ်..ကိုချစ်ကောင်း..ကျုပ်...ငပုကို သတ်ရတော့မယ်”

..........................................................................................................
.

လွန်ခဲ့သည့် ရက်ပိုင်းက ရွာတွင်း ပစ်ခတ်မှုများဖြစ်ပြီးသည့်နောက် မဲတောရွာလေးမှာ ပိုမိုတိတ်ဆိတ်လာသည်။

ရာဇဝတ်ဝန်ထောက်နှင့်အဖွဲ့ ပစ်ခတ်ခံရပြီးနောက် ပုလိပ်အဖွဲ့မှ နောက်တကြိမ်ပြန်မလာတော့။

ထိုအခြေအနေက ကျေးရွာသားတို့အတွက် ပိုမိုထိတ်လန့်စရာပင်။

စံဖဲ၏ အဖေအမေနှင့် အမနှမများမှာ စံဖဲ၏ အမ မသင်ရှိရာ ပျော်ဘွယ်သို့ ပြောင်းရွှေ့သွားကြလေပြီ။

ကိုသူတော်မှာလည်း မဲတောတွင်မနေတော့ပဲ နီးစပ်ရာ ရွာများတွင် လိုက်လံပြောင်းရွှေ့နေထိုင်သည်။

တခါတရံစံဖဲ၏ စခန်းကို ရိက္ခာဝယ်ယူပေးသည်များလုပ်ကိုင်ပေး၏။

သူကြီးဦးရာပိုင် တို့မှာ စံဖဲအား ကြောက်ရွံ့သော်လည်း သူကြီးရာထူးကိုလည်း မစွန့်လွှတ်နိုင်သဖြင့် မဲတောမှ မခွာကြ။

မောင်ပုနှင့် မသိန်းရင်ပါ ပြန်လည်ရောက်ရှိနေထိုင်နေပြီဖြစ်သဖြင့် မကြာမီ စံဖဲလာလိမ့်ဦးမည်ဟု ရွာခံများက သိနေကြသည်။

သို့သော် မြနု က သူ၏ သစ်လုပ်ငန်း၊ သားရေလုပ်ငန်းများမှ လက်ရဲဇက်ရဲရှိသည့်လူငယ်များကို ငွေကြေးပေးကာ အိမ်ပတ်ချာလည်တွင် လုံတို၊ လုံရှည်များဖြင့် စောင့်ကြပ်ခိုင်းထား၏။

၁၉၂၇၊ မတ်လ ၂၁ ရက်နေ့ည။

ရာသီဥတုက အိုက်စက်ပူလောင်လွန်းလှ၏။

ခြင်ကိုက်လွန်းလှသဖြင့် ဆန္ဒင်းတက်နှင့်ရှို့ထားသည့် မီးခိုးမှိုင်းများကလည်း မဲတောသူကြီးဦးရာပိုင်၏ တခြံလုံးတွင် မွှန်ထူနေသည်။

လုံနှင့် ခေါးရှည်များလွယ်ထားသော အစောင့်လူငယ်လေးယောက်မှာ ရေတွင်းကြီး နဘေးတွင် ပုလင်းတစ်လုံးကို ဝှက်ကာ သောက်စားနေကြ၏။

တချက်တချက် အပေါ်ထပ်ဆီမှ စိတ်ဖောက်ကာထအော်သည့် မောင်ပုအသံ မှလွဲ ပြီး ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။

"ဟေ့...ဒီမယ်..ဒီမယ်..အိမ်ပေါ်မှာ ငပု ရှိသလားလို့"

သူတို့အရက်ဝိုင်းအနောက်မှ လူတစ်ယောက်ခေါ်သံကြောင့် အားလုံး လှည့်ကြည့် လိုက်ကြ၏။

လရိပ်အောက်မှထိုသူသည် အညာစောင်ကို ခြုံထား၏။ ကောက်ရိုးဦထုတ်ကို ဆောင်းထားသည်မို့ မျက်နှာကို သေချာမမြင်ရ။

လုံကိုင်ထားသည့် လူငယ်က ထရန်ပြင်လိုက်သည်။

"ဟေ့...ငါစံဖဲပဲကွာ..မသေချင်ရင်...ငြိမ်ငြိမ်ပြန်ထိုင်နေလိုက်စမ်း..အပေါ်မှာ ငပုရှိ နေလား..မေးတာဖြေ"

စံဖဲ ဆိုသည့် အသံကြားသည်နှင့် လူငယ်လေးယောက်မှ ကျောက်ရုပ်ကြီးများလို မှင်သက်ကုန်ကြ၏။

"ဟေ့ကောင်တွေ..ငါမေးနေတယ်လေ"

လူငယ်လေးယောက်မှ တုန်တက်သွားကြသည်။

"ဟုတ်..ဟုတ်..ရှိ..ရှိပါတယ်"

"မင်းတို့ ဓါးတွေ လုံတွေ နောက်က ရေတွင်းထဲ အကုန်ပစ်ချလိုက်စမ်း"

"ဟုတ်.."

"ပြီးရင်..ဒီနေရာကနေ အဝေးဆုံးကို ပြေးတော့...ဒီခြံကိုလည်း ငါ့လူတွေ ဝိုင်းထား ပြီးပြီ...မဟုတ်ရင်..အကုန်သေကုန်မယ်..ကြားလား"

စံဖဲ၏ စောင်ခြုံထဲမှ ဝင်ချက်စတာသေနတ်ပြောင်းကြီးကို လရောင်အောက်တွင် လှစ်ခနဲ မြင်လိုက်ရသည်။

အစောင့် လေးယောက်မှာ ချက်ချင်းပင် ခါးလုံ့များကို ရေတွင်းထဲ ပစ်ချကာ အမှောင်ထုထဲ ထွက်ပြေးသွားကြတော့၏။

ထို့နောက် စံဖဲက ရေတွင်းနားတွင် ခေတ္တမျှ ရပ်လိုက်သည်။

မြတ်လေးပန်းရနံ့က လှိုက်ခနဲ။

တချိန်က ရေစိုထမီနှင့် မျက်ဝန်းလဲ့ရီလေးများကို သူစတင် တွေ့ခဲ့ဖူးသည့်နေရာ။

ဒီနေရာကပဲ အရာအားလုံးအစပျိုးခဲ့သည်မဟုတ်လား။

စံဖဲက ငါးလုံးထိုး ဝင်ချက်စတာသေနတ်၏ မောင်းကို တင်လိုက်သည်။

ထို့နောက် သူကြီးအိမ်ပေါ်သို့ တလှမ်းချင်းတက်သွား၏။ အိမ်အပေါ်ထပ်ကား ရှင်းလင်းနေ၏။

ဘုရားစင်မှဆီမီးကလေးသာ ခပ်မှိန်မှိန်။

"ကဲ..သူကြီးမင်းတို့လင်မယား...နောက် မမြနု...ခင်ဗျားတို့ကို ရန်ရှာဖို့ ကျုပ်လာတာမဟုတ်ပါဘူး...ကျုပ်လိုချင်တာက ငပုရဲ့ အသက်ပဲ..ငပုနဲ့ ကျုပ်ရဲ့ကြားက စာရင်းကြွေးကို ဒီနေ့ည ရှင်းပြီးရင်...ကျုပ်တို့ကြား ပြီးသွားပါပြီ...ဟေ့..ငပု ထွက်ခဲ့စမ်းကွ"

အိမ်ပေါ်ရှိ အခန်းများမှာ မီးအမှောင်ချထားပြီး မည်သည့်အသံမျှ ထွက်မလာ။

"ဟေ့ကောင်...မယားခိုး..ထွက်ခဲ့လေကွာ"

"ရှင်...မလှုပ်လိုက်ပါနဲ့..ကိုစံဖဲ..လှုပ်တာနဲ့ ပစ်လိုက်မယ်"

အမှောင်ထုထဲမှ မိန်းကလေးအသံတစ်ခု။

ဘုရားစင်ရှိ ဆီမီးရောင်မှိန်မှိန်အလင်းရောင်ဖြင့် မြင်လိုက်ရသော သေနတ်ပြောင်းကိုကြည့်ကာ စံဖဲ က အံ့ဩတကြီးဖြင့် နောက်ဆုတ်လိုက်တော့သည်။

# အခန်း ( ၁၂ )

အမှောင်ထဲမှ ထွက်လာသော မြနု။

"လှလိုက်တာ"

စံဖဲက ရေရွတ်လိုက်၏။ မြနုမျက်နှာမှာ ရှတ်တရှတ်ဝင်းလဲ့။

" KTA 1027...လှလိုက်တဲ့သေနတ်"

စံဖဲ၏ ဒုတိယအကြိမ်ရေရွတ်မှုတွင် မြနု သေနတ်ပြောင်းက စံဖဲ ခေါင်းတည့်တည့်သို့။

"ကျွန်မကို ရှင်ချစ်ခဲ့လား...ရှင်ချစ်ခဲ့တာ..ကျွန်မ မဟုတ်လား..ကိုစံဖဲ"

စံဖဲက သူ့လက်ထဲမှ သေနတ်ကို မြနု၏ ရင်ဘတ်ကို ထိုးချိန်လိုက်သည်။

"ကျုပ်မေးတာကိုအရင်ဖြေ...ဒီသေနတ် ခင်ဗျားဘယ်ကရတာလဲ"

မြနုက တူမီးသေနတ် မောင်းကို ခပ်တင်းတင်းဆုတ်ကိုင်လိုက်၏။

"ကျွန်မလည်း ဒီသေနတ်ကိုကောင်းကောင်းပစ်တတ်နေပြီ..ကဲ..ရှင်ဖြေပါ...ရှင်..မ သိန်းရင်ကို တကယ်မချစ်ဘူး မဟုတ်လား"

စိတ်လှုပ်ရှားနေသော မြနု။

စံဖဲက လည်း သေနတ်မောင်းကို ခပ်တင်းတင်း တင်ထားရင်း..အသက်ကို ပြင်း ပြင်းရှူကာ ပြောလိုက်သည်။

"ဟာ..ငါလိုးထဲမှ..မသိန်းရင်ကို.ငါချစ်တယ်..ငါချစ်လို့ ယူတာပေါ့ဟ..ငါချစ်လို..ချစ် လို့"

မြနု က စံဖဲ ၏ ရင်ဘတ်ကို သေနတ်ပြောင်းဖြင့် ဆောင့်တွန်းလိုက်၏။

"မချစ်ရဘူး..မချစ်ရဘူး..အဲ့ဒါ..ငါတို့အိမ်က ကျွန် လေ..ကျွန်မလေ..ရှင် မချစ်ရ ဘူး"

အနောက်သို့ ယိုင်ကျသွားသောစံဖဲကို မမြနုက ခြေလှမ်းကြမ်းကြီးဖြင့် ဆောင့်ကန်သည်။

"မချစ်ရဘူး" "မချစ်ရဘူး" "ကဲဟာ" "ကဲဟာ"

မြနု က စံဖဲ၏ မျက်နှာကို တူမီးသေနတ်ဖြင့် လွဲလွဲရိုက်၏။

စံဖဲမှာ ဝင်ချက်စတာမောင်းပြန်သေနတ်ကို ကိုင်ထားရင်မှ ရှောင်သည်။ သို့သော်မရ။

တချို့ ရိုက်ချက်များက သူ့မေးရိုးတည့်တည့်။ စံဖဲဒေါသထွက်ပြီ။

"ဟာ..ခင်ဗျား..လီးဖြစ်နေတာလား"

စံဖဲ က ရှိသမျှအားကုန်ဖြင့် သူ့သေနတ်ကို လက်နှစ်ဖက်ဖြင့် အလျားလိုက်ကိုင်ကာ မြနုအား စောင့်တွန်းလိုက်၏။

မြနုမှာ သေနတ်ကိုင်လျက် လဲကျသွားသည်။ သို့သော် မြနုမျက်နှာမှာ တချက်လန့်ဟန်မပြ။

သေနတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်..စံဖဲကို ကြည့်သည်။

"ရှင့်ကို ကျုပ်ချစ်တယ်..ကိုစံဖဲ...ဒါပေမယ့်..ရှင် ဒီဘဝရောက်အောင်လုပ်တာလည်းကျုပ်ပဲ....ဒီသေနတ်ကို ခိုးပြီး အမှုဆင်ခဲ့တာလည်း ကျုပ်ပဲ..ရှင့်ကောင်မနဲ့ကွဲအောင်လုပ်တာလည်း ကျုပ်ပဲ..ရှင်သတ်ချင် ကျုပ်ကိုသတ်..ဘာမှမဆိုင်တဲ့ ကျုပ်အကို ကို မသတ်နဲ့...ကျုပ်ကို သတ်..ကျုပ်ကို လာသတ်လိုက်..ကျုပ်မှာတော့...ရှင့်ကို...."

သေနတ်မောင်းခလုတ်ပေါ် လက်တင်ထားသော စံဖဲမှာ ရုတ်တရုတ် မြနုကိုကြောင်ကြည့်နေရာမှ သတိဝင်လာ၏။

"မပြောနဲ့..မပြောနဲ့တော့...ကဲဟာ."

"ဒိုင်း."

မြနု ၏ ဘယ်ဘက်ရင်ဘတ်၌...ယမ်းငွေ့တို့နှင့် သွေးပြစ်ပြစ်များ။

အသက်ငင်နေသော မြနုကို စံဖဲက ကြောင်ပြီးရပ်ကြည့်နေမိသည်။

"ကို..စံ..ဖဲ..ကျွန်မ..ကျွန်မ.နောက်ဘဝမှ စံဖဲလူ ဖြစ်ပါရစေ..ကျွန်မ..ရှင့်ကို..."

မြနုက ဝေဒနာကြားမှ အားယူကာ ပြောလိုက်ရင်း ငြိမ်သက်သွား၏။

မျက်ဝန်းတို့သည့် တစုံတယောက်အား ငေးလျက်။ နှုတ်ခမ်းတို့ကား ကျန်နေသေးသည့် စကား တစ်ခွန်းကို ဖွင့်ဟပြောခဲ့ချင်သည်နှယ့်။

စံဖဲက ယမ်းငွေ့တို့မပျယ်သေးသည့် သေနတ်ကို ကိုင်လျက်။ မတ်တပ်။

မြနု၏ သွေးပျစ်ပျစ်က စီးသောမြစ်များနှယ်..စံဖဲ၏ ခြေရင်းသို့။

"ကိုစံဖဲ"

ပွင့်လာသော အိမ်ခန်းတံခါး။ တံခါးဝတွင် မသိန်းရင်။ ချစ်သော မသိန်းရင်။

ထမီကိုရင်ခေါင်းစည်းလျက် နေ့စေ့လစေ့ကိုယ်ဝန်ကြီးပိုင်ရှင်သည် ကြမ်းခင်းပေါ်သို့ ရုတ်တရက် ဒူးကို ထောက်ချလိုက်သည်။

မသိန်းရင်အနောက်ဘက်အခန်းထဲတွင်တော့ လက်နှစ်ဖက်ကို သေနတ်ပုံစံလုပ်လျက် စံဖဲကို ချိန်ထားသော မောင်ပု။

"သူ..ရူးနေပါပြီ...ကိုကိုပု က ရူးနေပါပြီ..ကိုစံဖဲရယ်...သူ့ကို မသတ်ပါနဲ့တော့...ကျွန်မတောင်းပန်ပါတယ်..ကျွန်မ ဗိုက်ထဲက ကလေးလေးအတွက်ပါ...သူ့ကို မသတ်ပါနဲ့...ကိုကိုပု..သူ....သူ"

စံဖဲက သေနတ်မောင်းကို မောင်ပုထံ ချိန်လိုက်၏။

"ဖိုင်းယား..ဒက်..ဒက်..ဒက်..စံဖဲ..သေစမ်းကွာ...စံဖဲ..သေစမ်းကွာ"

မောင်ပုက လက်သေနတ်ဖြင့် ပါးစပ်ကလည်း တဒက်ဒက်။

စံဖဲ က သူ့ရှေ့ဒူးထောက်နေသော ကိုယ်ဝန်ဆောင်မသိန်းရင်ကိုကြည့်သည်။ သူ့နောက်မှ ပါးစပ်သေနတ်ပစ်နေသော မောင်ပု ကို ကြည့်သည်။

"စံဖဲ...အချိန်မဆွဲနဲ့...လုပ်စရာရှိတာလုပ်..ငါတို့...သွားမှဖြစ်မယ်"

ချစ်ကောင်းက စံဖဲ ၏နောက်သို့ရောက်လာပြီး ပုခုံးကို ဆုပ်ကိုင်ကာ ပြော လိုက်၏။

“ကိုစံဖဲ..မလုပ်ပါနဲ့…ကိုပုက ကျွန်မ ယောကျ်ား..ဖြစ်နေပါပြီ..ကျွန်မ ကလေးလေး အတွက်..မလုပ်ပါနဲ့..ရှင်”

မသိန်းရင်က စံဖဲ၏ ခြေချင်းဝတ်ကို လာဖက်သည်။ စံဖဲ၏ ခြေဖမိုးမှာ စိုခနဲ။

စံဖဲက ခြေထောက်ကို ရုတ်လိုက်၏။

“မသိန်းရင်ကလေး..မငိုပါနဲ့တော့”

သေနတ်ကို စံဖဲက ကျောကုန်းတွင်လွယ်လိုက်၏။

“ကိုချစ်ကောင်း..သွားကြစို့”

မြနု၏ ရင်ဘတ်မှ အိုင်ထွန်းနေသော သွေးစေးများကို နင်းဖြတ်ကာ စံဖဲ က အိမ် အောက်သို့ ခပ်သွက်သွက်ပြေးဆင်းသွားတော့သည်။

..............................................................................................................

.............................................

“ဘုရင်ခံမင်းမြတ်အား ကျွန်တော်မျိုး ပြည်ကျေးလက်အမတ် ဦးသိန်းမောင်မှ တင်သွင်းအပ်ပါသည်။ သာစည်နယ်တွင် ပုန်ကန်သူ ဗိုလ်စံဖဲ ထကြွနေသည်ကို ပုလိပ်အဖွဲ့နှင့် မီလထ္တီပုလိပ်ခေါ် စစ်ပုလိပ်များ နှိမ်နင်းနေသည့်သတင်းကို အားလုံး ကြားသိပြီးသားဖြစ်ပါ၏။ သို့သော်ငြား စံဖဲအား မမိနိုင်သည်ကိုလည်း သိရှိပြီး ဖြစ်ပါလိမ့်မည်။ ယခုမူ ကျေးရွာအက်ဥပဒေပုဒ်မ (၁၃)အား အကြောင်းပြု ကာ ပြည်ထဲရေးဝန်နှင့် ပုလိပ်မင်းကြီးအမိန့်ရ စံဖဲအမှုအစပြုရာ သာဂရရွာ အား.ဝရမ်းပြေးစံဖဲအားလွတ်မြောက်စေရာတွင် ကူညီမှုဖြင့် ဒဏ်ငွေ “၆၆၅”ကျပ် တပ်ခြင်းမှာ မသင့်လျော်လှပါကြောင်း ကျွန်တော်မျိုး အဆိုပြုပါတယ်…ဗမာပြည် ဘုရင်ခံမင်းမြတ်ခင်ဗျာ”’

ဒိုင်အာခံအုပ်ချုပ်ရေးစနစ်အသစ်အရ ပြည်သူတို့ရွေးချယ်တင်မြှောက်လိုက်သော အမတ် ၈၄ ဦး၊ ဘုရင်ခံခန့်အပ်သော အမတ် ၁၉ ဦးတို့ပါဝင်သော ဥပဒေပြုမင်း တိုင်ပင်ကောင်စီတခုလုံး ငြိမ်သက်သွားလေသည်။

မငြိမ်ရရိုးလား။ ပထမကမ္ဘာစစ်ကာလအပြီး ဗြိတိသျှကိုလိုနီမြန်မာပြည်တွင် ပထမဆုံးပုန်ကန်သူ ဆုငွေ ၂၀၀၀ မှ ၅၀၀၀ အထိ ထုတ်ခံရသူ စံဖဲ နာမည် ပါလာချေပြီမို့။

ဦးသိန်းမောင်က ဘုရင်ခံဆာဟာကုတ်ဘတ္တလာကိုယ်စား သဘာပတိအဖြစ် တာဝန်ယူနေသူ ပြည်ထဲရေးဝန်ကြီး ဆာဂျေအေမောင်ကြီးကို တချက်ကြည့်လိုက်၏။

ဆာဂျေအေမောင်ကြီးက ဆက်တင်ပြရန် ခေါင်းဆတ်ပြလိုက်သည်။

ဂျီစီဘီအေအမတ် ဦးသိန်းမောင်က ချောင်းသံတချက်ဟန့်လိုက်၏။

“၁၉၂၆ လွှတ်တော်စာရင်းအရ သာဂရကျေးရွာတွင် အိမ်ခြေပေါင်း ၁၈၄ အိမ်ရှိကြောင်းသိရပါတယ်။ စာရင်းများအရ သာဂရရွာ၏ ချမ်းသာသမျှမှာ ကျွဲ ၂၉ ကောင်၊ နွား ၄၃၂ ကောင်၊ အခြားဆိတ်၊ဝက်၊ကြက်၊ဘဲ ၂၈၁ ကောင်၊ လှည်း ၉၂ စီး ဖြစ်တယ်လို့ သိရပါတယ်။ သာဂရရွာတွင် ရာဇဝတ်အုပ် ဦးညီမောင်နှင့် သာဂရ သူကြီး ဦးလာဘတို့က စံဖဲအား ဖမ်းဆီးစစ်ဆေးစဉ် လွတ်မြောက်သွားမှုတွင် ပုလိပ်အဖွဲ့က ကျေးရွာအက်အရ ဒဏ်တပ်ရာမှာ အိမ်ပေါင်း  ၁၁၇ အိမ်ကို စံဖဲ လွတ်မြောက်မှုအတွက် တစ်အိမ် ငါးကျပ်ဆီ ဒဏ်ကြေးပေးဆောင်စေတယ်လို့သိရပါတယ်။ ကျန်အိမ်များမှာ သူကြီးနှင့် ကျေးရွာကော်မတီဝင်များ၏ ဆွေမျိုးများ ဖြစ်သောကြောင့် ကင်းလွတ်စေတယ်လို့လဲ သိထားပါတယ်။ ပုန်ကန်သူ ဗိုလ်စံဖဲကို နွားပြိုင်ပွဲကြည့်ရန် ဖိတ်ခေါ်သည်ဆိုသော ကိုသက်ပိုင်ကို လည်း ဒဏ်ငွေ ၂၀ တပ်သည်ကို သိရှိရပါတယ်”

ထိုအချိန်တွင် မြန်မာနိုင်ငံ ပုလိပ်တပ်ဖွဲ့မင်းကြီး မေဂျာစီဒီအမ်ဝဲလ်ဘုန်း က မတ်တပ်ထရပ်လာ၏။

သဘာပတိက မေဂျာဝဲလ်ဘုန်းကို ပြောရန်လက်ပြလိုက်သည်။

“သဘာပတိခင်ဗျာ...ခားပြသူခိုးဖြစ်သော စံဖဲအား ပုန်ကန်သူဗိုလ်ဟု ခေါင်းစဉ်တပ်ခြင်းကို ကန့်ကွက်ပါရစေ...ဗိုလ်ဟူသည်မှာ မြန်မာလူမျိုးတို့က ခေါင်းဆောင် အားသုံးသောအသုံးဖြစ်သည်မို့...တဖက် အမတ်မင်းအနေဖြင့် ပြင်ဆင်ပေးဖို့ တောင်းဆိုပါတယ်”

မေဂျာဝဲလ်ဘုန်း ပြန်ထိုင်သွား၏။

ဦးသိန်းမောင်က မေဂျာဝဲလ်ဘုန်းဘက်သို့ လှည့်လိုက်သည်။

"ပုလိပ်မင်းကြီး မေဂျာဝဲလ်ဘုန်းခင်ဗျား....အသုံးအနှုန်းနှင့် အဖြစ်အပျက် မည်သည့်အရာက ပိုအကျိုးသက်ရောက်စေသည်ကို သိပါသလား"

မေဂျာဝဲလ်ဘုန်းက ပြန်မဖြေတော့။

ဦးသိန်းမောင်က ပြုံးကာ သဘာပတိထံ ရင်ကော့ကာကြည့်လိုက်၏။

"ကျွန်တော်မျိုး အဆိုတင်သွင်းချင်တာကို လိုရင်းပြောရလျှင်ဖြင့် ယခုအခါ အင်ပိုင်ယာမှ ခန့်အပ်ထားသော ပုလိပ်မင်းကြီး မေဂျာဝဲလ်ဘုန်းရော၊ မြင်းစီးပုလိပ်(၆၈)ယောက်ပါ ဖမ်းဆီးရန်စေလွှတ်ထားသော်လည်း မမိနိုင်သေးသည့်...ဗိုလ်..."

ဦးသိန်းမောင်က ဗိုလ်ကို အသံရှည်ဆွဲကာ မေဂျာဝဲလ်ဘုန်းကို ကြည့်လိုက်သည်။ မေဂျာဝဲလ်ဘုန်းက တခုခုပြောရန် ပြင်လိုက်စဉ် ဦးသိန်းမောင်က လေသံကိုမြှင့်လိုက်၏။

"ပုလိပ်အဖွဲ့ပင် မမိနိုင်သည့် သူကို ....သာမန်ကျေးရွာသားများမှ ဝိုင်းဝန်းမဖမ်းပေးနိုင်သဖြင့် ဒဏ်တပ်ခြင်းမှာ မတရားသည့်အမိန့်သာဖြစ်ပါတယ်။ တိုင်းသူပြည်သားများဟာ အင်ပိုင်ယာနှင့်ဘုရင်မင်းမြတ်ကို အခွန်ပေးထားကြသူဖြစ်ပါတယ်။ ပုလိပ်အဖွဲ့ဆိုသည်မှာ အင်ပိုင်ယာနှင့်ဘုရင်မင်းမြတ်ထံမှ လစာကို ယူထားသူများသာဖြစ်ပါတယ်။ ထို့ကြောင့် ပေးထားသူနှင့်ယူထားသူတွင် ပေးထားသူကသာ ပိုကြီးမြတ်ပါတယ်။ ယူထားသူက ပိုတာဝန်ရှိပါတယ်။ ဒီကနေ့ သာဂရရွာဖြစ်စဉ်မှာ အခွန်ငွေကိုလစာအဖြစ် ယူထားသည့် ပုလိပ်များထက် အခွန်ငွေပေးကာနေထိုင်သည့် ရွာသားများက ပိုမိုအပြစ်ရှိသည်ဆိုသည်မှာ မသင့်လျော်လွန်း၍ သည်အဆိုကို တင်သွင်းရပါတယ်"

ဦးသိန်းမောင်ထိုင်သွားသည်။ ပုလိပ်မင်းကြီး မေဂျာဝဲလ်ဘုန်းထလာ၏။

"ပြည်ထဲရေးနဲ့ ပုလိပ်အဖွဲ့အနေနဲ့ ဥပဒေအရ လုပ်တာဖြစ်လို့..သည်အဆိုကို ပြန်ရုတ်သိမ်းပေးဖို့ တောင်းဆိုပါတယ်"

လွှတ်တော်အခြေအနေကား တင်းမာနေလေပြီ။

ထိုစဉ် မော်လမြိုင်အမတ် ဦးထွန်းဝင်းက လက်ပြကာ ထလိုက်၏။ လွှတ်တော်ထဲတွင် အင်အားနည်းနေသော အတိုက်အခံ ဂျီစီဘီအေတို့ ကား စံဖဲကိစ္စတွင် ဘုရင်ခံဘက်တော်သားများကိုဆန့်ကျင်ကာ အခိုင်အမာပင် ရပ်တည်နေကြခြင်း။

"ဒီကနေ့ သတင်းစာထဲမှာ ပါတဲ့ ရုပ်ပြောင်တစ်ခုကို ဖော်ပြလိုပါတယ်...ယခု သဘာပတိနေရာယူထားတဲ့ ပြည်ထဲရေးဝန်ကြီးရဲ့ လစာဟာ ငါးထောင်ပါ၊ စံဖဲအတွက် ထုတ်ထားတဲ့ ဆုငွေကလည်း ငါးထောင်ပါပဲ။ ကျွန်တော်မျိုးတို့ မြန်မာစကားပုံရှိပါတယ်..ခတ်တူနံတူဆေးဖက်ယူတဲ့...ဒီသဘောအတိုင်း ဝန်ကြီးလည်း ငါးထောင်စား၊ စံဖဲလည်း ငါးထောင်စားမို့ ငါးထောင်စားအချင်းအချင်း ဖမ်းတာပိုသင့်လျော်ပါမည်တဲ့..လခနည်းတဲ့ ပုလိပ်တွေထက် ဝန်ကြီးကိုယ်တိုင်ဆင်းဖမ်းဖို့ ရုပ်ပြောင်ဆရာက ဆိုလိုရင်းပါ...ဒါကြောင့်..ဘုန်းကြီးအမှု ရွာမပတ်စေလိုပါ...ကျွန်တော်မျိုးတို့ အတိုက်အခံဂျီစီဘီအေက အင်အားနည်းသော်ငြား အစိုးရဘက် အမတ်များဖြစ်တဲ့ ဦးကျော်ဒွန်း၊ ဦးစံဖေ၊ ဦးသာဇံတို့ကလည်း..စံဖဲအားကိုယ်တိုင်မဖမ်းနိုင်လျှင်ဖြင့်...သာဂရရွာအား ဒဏ်ရိုက်သည့်အရေးမှာ.ခါတိုင်းလိုအစိုးရဘက်က မဲမပေးပဲ...တိုင်းသူပြည်သားများမျက်နှာကိုထောက်ပြီး ဦးသိန်းမောင်၏ အဆိုဘက်က မဲပေးပါရန် တိုက်တွန်းပါသည်ခင်ဗျား"

နောက်ထပ် ရမည်းသင်းအမတ် ဆာပေါ်ထွန်း၊ မန္တလေးအမတ်ဦးဘဦး၊စစ်တွေအမတ်ဦးမြတ်ထွန်းတို့ကလည်း ဒဏ်ငွေပြန်ရုတ်သိမ်းသင့်ကြောင်းဆွေးနွေးကြသည်။

သို့သော်ငြား။

ဒိုင်အာခံအုပ်ချုပ်ရေးအရ ပြည်သူများ ရွေးချယ်ထားသည့် အမတ်(၈၄)ဦးတွင် အစိုးရဘက်တော်သား တပုံ၊ ကြားနေအမတ်တပုံ၊ အတိုက်အခံအမတ်တပုံနှင့် ဘုရင်ခံခန့်ထားသည့် အမတ်က (၁၉)ဦးပါဝင်ရာ. ချိန်ခွင်လျှာအသာစီးယူထားသည့် စနစ်အရ အစိုးရဘက်မှ (၄၂)မဲ၊ ဦးသိန်းမောင်တို့မှာ (၂၇)မဲဖြင့် အဆိုရှုံးနိမ့်ခံရလေသည်။

စံဖဲ အား ဖမ်းမမိသဖြင့် ကျေးရွာသူရွာသားများအား နိုင်ရာဖိထောင်းမည့် ကိစ္စမှာ အသက်ဝင်သွားချေပြီ။

.................................................................................................................

ဖိုးသာနိုင်းတောင်ခြေရှိ လှိုဏ်ကြီးတစ်ခု။

ကောင်ကင်အလင်းကိုပင် ဟိုတစ ဒီတစမြင်ရနိုင်သည့် စိမ်းညှို့သောတောအုပ်။ တောအုပ်နဘေး စီးဆင်းနေသည့် စမ်းချောင်းကလေး။

စံဖဲက စမ်းချောင်းအလည်တွင် ခြေစုံရပ်ကာ စီးနေသော ရေအား ငေးမောကြည့်နေသည်။

"စံဖဲ"

လှိုဏ်ပေါ်မှ ဆင်းလာသော ကိုချစ်ကောင်းက လှမ်းခေါ်လိုက်၏။ စံဖဲ လှည့်မကြည့်။

ကိုချစ်ကောင်းက စမ်းချောင်းထဲအထိ ဆင်းလာသည်။

"စံဖဲရာ..မင်းပျောက်နေလို့ အပေါ်မှာ အားလုံးလိုက်ရှာနေကြတာ...သေနတ်မပါ ဘာမပါနဲ့...ဒီအောက် ဘာဆင်းလုပ်နေတာတုန်း"

ချစ်ကောင်းက စံဖဲ၏ ဘေးတွင် ရပ်လိုက်၏။

စံဖဲက တဖက်လှည့်သွားသည်။ ထို့နောက် စမ်ချောင်းထဲ မှ ရေကို လက်ဖြင့် ငုံ့ယူကာ မျက်နှာသစ်လိုက်၏။

စံဖဲ၏ မျက်လုံးတို့ နီရဲနေသည်။ တောပုန်းကြီး၏ ခိုးကျလေသော မျက်ရည်စများကတော့ စမ်းရေနှင့်အတူ ပါသွားခဲ့ပြီ။

"ငါ့ညီ..လာကွာ..ရေထဲမှာ အေးတယ်..ငှက်ဖျားကလည်း ဒီနေရာမှာ အတော်ကြီးတာ..လာ"

ချစ်ကောင်းက စံဖဲ၏ ပုခုံးကို ဖက်ကာ ခေါ်လိုက်သည်။

"ကိုချစ်ကောင်း...ကျွန်တော်သွားတော့မယ်"

"ဟင်..ဘာလဲဟ..မင်းက ဘယ်သွားမှာတုန်း"

"ခင်ဗျားသတင်းကြားတယ်မဟုတ်လား..သာဂရရွာကို ဒဏ်ငွေရိုက်တယ်..နောက်ဆူးတောရွာလည်း ကျုပ်ကို ကူညီမှုနဲ့ စစ်ပုလိပ်က ညှိုးနေနှိပ်စက်နေတယ်တဲ့..လူတွေ ကျုပ်ကြောင့် ဒုက္ခရောက်နေကြပြီမဟုတ်လား..ဒီတော့ ကျုပ် အဖမ်းခံလိုက်ရင် ဒါတွေအားလုံးပြီးသွားပြီ"

စံဖဲက စမ်းချောင်းပေါ်သို့ တက်သွားသည်။

"ဟေ့ကောင်..စံဖဲ...အဲ့ဒီလိုသွားလို့မရဘူးလေကွာ"

ကိုချစ်ကောင်းက နောက်မှ လိုက်ကာ စံဖဲ ၏ ပုခုံးကို ဆွဲလိုက်၏။

"မင်းဒီလိုထွက်သွားတော့..ငါတို့က ဘာလုပ်ရမှာလဲကွ"

"လုပ်ချင်တာလုပ်ဗျာ...ကျုပ် မရှိမှ အကုန်အေးမှာမဟုတ်လား"

"မင်းဘာဖြစ်နေတာတုန်း..စံဖဲ"

စံဖဲက ချစ်ကောင်း၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ကျုပ် လူတွေသတ်ခဲ့ပြီးပြီ..ကျုပ်ကြောင့်လူတွေသေခဲ့ပြီးပြီ...အဲ့ဒါ ဘာအဓိပ္ပါယ်ရှိသလဲဗျာ...ကျုပ် ငပုကို လည်း မသတ်နိုင်ခဲ့ဘူး..မသတ်ရက်ခဲ့ဘူး..ကျုပ်က တွေဝေနေတဲ့ကောင်...ကျုပ်နောက်ကို လိုက်တဲ့လူတွေ ကျုပ်ကြောင့် ဒုက္ခရောက်ကြမယ်..ကျုပ်က.လူတွေကို ဒုက္ခပေးတဲ့ကောင်သက်သက်ပဲ..ခင်ဗျားတို့လည်း ကျုပ်ကြောင့် ဒုက္ခရောက်ရတာ..ကျုပ်စခဲ့တဲ့ ဇာတ်လမ်းကို ကျုပ်ပဲ အဆုံးသတ်မယ်"

"မဟုတ်ဘူးလေ..စံဖဲရာ"

စံဖဲက သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော ကြေမွနေသည့် စာတစောင်ကို ချစ်ကောင်းလက်ထဲသို့ ထိုးထည့်လိုက်သည်။

"ခင်ဗျား ဒီစာကို မှတ်မိလား..ကိုချစ်ကောင်း"

ချစ်ကောင်းက စာကို ဖြန့်ကြည့်လိုက်သည်။

လွန်ခဲ့သည့်ရက်က စံဖဲအား ရွှေယင်မျှော်ဘုရားပွဲကိစ္စ သတင်းပေးထားသည့်စာ။

"အဲ့ဒီစာထဲက စံဖဲလူဆိုတာ ဘယ်သူလို့ ခင်ဗျားထင်လဲ"

"ဘယ်သူလဲ"

"မြနုဗျ..မြနု..ကျုပ်သတ်ခဲ့တဲ့ မြနု"

စံဖဲထွက်သွားသည်။ ချစ်ကောင်းက စိတ်ရှုတ်ထွေးစွာဖြင့် ကျန်ရစ်တော့သည်။

.........................................................................................

နေက တစတစ ဝင်သွားခဲ့ပြီ။

သာလွန်ရွာနှင့် သခွပ်မြင့်ရွာကြားရှိ ဇရပ်ပေါ်တွင် အမျိုးသမီးနှစ်ယောက်တည်း။

တစ်ဦးက အသက်ခပ်ကြီးကြီး၊ တစ်ဦးက အသက်ငယ်ငယ်။

နှစ်ဦးလုံး၏ ခန္ဓာကိုယ်တွင် ရွှေငွေများဝတ်ထားကြ၏။

သူတို့သည် သခွပ်မြင့်ရွာ အလှူပွဲကို မနက်ခင်း လှည်းကြုံဖြင့် လိုက်လာကြသူများဖြစ်သည်။ သာလွန်ရွာမှ အခြားသူများနှင့် လှည်းကြုံစီးပြီးလိုက်ခဲ့ကြခြင်းပင်။

အလှူပွဲတွင် စကားကောင်းနေရာမှ လှည်းကြုံက ပြန်သွားသည်ကို မမှီလိုက်ကြ။

ထို့ကြောင့်လှည်းကြုံနောက်သို့ မှီလိုမှီငြား ခြေကျင်လျှောက်လာကြသော်လည်း လမ်းတွင် နောက်ထပ် လှည်းကြုံတစ်စီးမျှ မတွေ့ရတော့ပဲ မှောင်လာခြင်းဖြစ်သည်။

အမျိုးသမီးနှစ်ယောက်မှာ ရှေ့သို့လည်း ဆက်မသွားရဲ၊ နောက်သို့လည်းမပြန်ရဲတော့ပဲ ဇရပ်တွင်သာ ထိုင်နေကြခြင်း။

"ငွေဖြူရဲ့..ညည်း ကို ကျုပ်ပြောသားပဲတော့...သခွပ်မြင့်မှာပဲ ညအိပ်လိုက်လို့ ဆိုတာကို"

"အော်..ဂျီးတော်စိုး ရယ်...ဒီလိုဖြစ်မယ်ဆိုတာ ကျုပ်လည်း ဘယ်သိမတုန်း.....အလှူရှိတယ်ဆိုတော့ လှည်းကြုံတစ်စီး ရှိတန်ကောင်းထင်တာပ"

"ခေတ်ကာလက လည်း လူဆိုးဓားပြတွေက ထနေတာ...ဟူး..ခက်ပါရဲ့အေ"

ထိုအချိန်တွင် ခပ်လှမ်းလှမ်းဆီမှ ငိုက်စိုက်ငိုက်စိုက်လျှောက်လာသော လူရိပ်တစ်ခု။

ဂျီးတော်စိုးဆိုသည့် ဒေါ်စိုးမေ က ငွေဖြူ အား မျက်ရိပ်ပြလိုက်သည်။

ငွေဖြူက ဇရပ်ထောင့်တွင် ထောင်ထားသော တံမြက်စည်းကို လှမ်းယူကာ ဆုပ်ကိုင်ထားလိုက်၏။

ထိုသူက ဇရပ်ရှေ့မှ အဖြတ်တွင် ငွေဖြူတို့အား သတိထားမိသွားသည်။

"ဘယ်လိုလဲဗျ...မိုးကြီးလည်း ချုပ်တော့မယ်...ဇရပ်ပေါ် ဘာလုပ်နေကြတာတုန်း"

ဒေါ်စိုးမေ က ဝိုးတဝါးနေရောင်အောက်တွင် ထိုသူကို အကဲခတ်လိုက်၏။

"ဒီလိုပါ..မောင်ရင်..ကျုပ်တို့တူဝရီး က သခွပ်မြင့်အလှူကို လာကြတာပါ...အခု သာလွန်ကို ပြန်မလို့ဟာ..လှည်းကြုံလည်းမရှိတာနဲ့...သာလွန်လည်းမရောက်..သခွပ်မြင့်လည်း မပြန်ရဲဖြစ်နေတာပါ"

လူငယ်က ဇရပ်လှေကားတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်မှာ မီးခြစ်ဖာတော့ ပါပါတယ်..ဒေါ်ဒေါ်...ဇရပ်ပေါ်မှာ မီးတုတ်တွေ ဘာတွေရှိလောက်ပါရဲ့..ရှာကြည့်ကြရအောင်"

"အို..တက်မလာပါနဲ့"

ငွေဖြူ က တံမြက်စည်းကို ဆုပ်လျက် ခပ်တင်းတင်းအော်လိုက်သည်။

"အော်..အမိ..ဘယ်လိုဖြစ်တာတုန်း..ကျုပ် လူကောင်းပါဗျ"

သူတို့နှစ်ယောက်ကြား ဒေါ်စိုးမေ က ဝင်လိုက်သည်။

"ငွေဖြူရယ်...ဒီမောင်ကြည့်ရတာ လူဆိုးသူခိုးဟုတ်ပုံမရဘူး..လူကောင်းထင်ပါရဲ့..ဒီလိုပါ တူကြီးရယ်...အခုတလောက ဒီနယ်တကြောမှာ လူဆိုးဗိုလ်စံဖဲ ဆိုတာကြီးက လုယက်ခါးပြတိုက်နေတယ်မဟုတ်လား.. ဒီတော့..အဒေါ်တူမက ကြောက်နေတာပါ"

“အို..ဂျီးတော်စိုးကလည်း…စံဖဲတော့ ကျုပ်မကြောက်ပေါင်တော့…သတင်းစာမ ဖတ်ဖူးလား…စံဖဲဟာ လူကောင်းတွေကို ကယ်ပြီး..လူဆိုးတွေကို ပယ်သတဲ့…ဟို အင်္ဂလိပ်အလိုတော်ရိမျှားသာ ကြောက်ရမှာမဟုတ်လား..ငွေဖြူတို့က တခြား သူခိုးဓါးပြသာ ကြောက်တာ ဗိုလ်စံဖဲကြီးတော့ မကြောက်ပေါင်..တွေ့တောင် တွေ့လိုက်ချင်သေး”

“ဟိုက လူဆိုးဗိုလ်..နင့်ကိုတွေ့ရင်…တက်ပြီးတော့..ကဲ..ကောင်မ ငါပြောလိုက်ရမ ကောင်းရှိရော့မယ်”

တူဝရီးနှစ်ယောက်၏ အချီအချစကားကို လူငယ်က နားထောင်ရင်း ပြုံးနေ၏။

“ကဲ..ဒီလိုလုပ်ပါဗျာ…အခု ဒီတူဝရီးက ဘယ်ကို ဘယ်လိုပြန်သွားချင်ကြလဲ…သ ခွပ်မြင့်ပြန်မလား..သာလွန်အထိ လိုက်ပို့ပေးရမလား”

“ရပါတယ်..မောင်ရယ်..မောင်ရင့် ကိစ္စ မောင်ရင် သွားစရာရှိတာသွားပါ..အားနာ စရာ”

“ကျွန်တော်က အားနေတာပါ..မိန်းကလေးနှစ်ယောက်တည်း ဒီဇရပ်ပေါ်နေနေ တာ ဘယ်ကောင်းပါ့မလဲဗျ..အားမနာပါနဲ့”

“ဒါ..ဒါဆိုရင်တော့..သာလွန်အထိ လိုက်ပို့ပေးပါလားကွယ်”

“ကဲ..ရတာပေါ့…သွားစို့”

ဒေါ်စိုးမေ က ဝမ်းသာအားရထသည်။ ငွေဖြူကတော့ လက်ထဲက တံမြက်စည်းရိုး ကို မချသေး။

“ကဲ..အမိလေး…ဇရပ်က ပစ္စည်းမယူကောင်းဘူးဗျ..ဒါကြီး ထားခဲ့ပါဗျာ..ကျုပ် လူကောင်းပါဗျ”

“အို..ဘာလူကောင်းလဲ..လူဆိုးဆိုတာ ချိုပါတာမှ မဟုတ်တာ”

လူငယ်က ရယ်သည်။

“ဒါဖြင့် စံဖဲကျ မကြောက်ဘူးဆို..ဒီလောက်ဆိုးတဲ့သူကျ မကြောက်ပဲ..ကျုပ်တော့ ကြောက်တယ်တဲ့လား”

"ဗိုလ်စံဖဲ လို့ခေါ်ပါရှင့်..ဗိုလ်စံဖဲ..သူက လူဆိုးတွေအတွက်ပဲဆိုးတာ..ကျွန်မတို့လို လူဆိုးတွေအတွက် မဆိုးဘူး..သိကဲ့လား"

"ဟုတ်ပါပြီဗျာ..ဟုတ်ပါပြီ..ဒါဆိုလည်း ဗိုလ်စံဖဲအလာကို စောင့်ချင်စောင့်နေကြပေါ့..ဘယ်လိုလဲ ဒေါ်ဒေါ်"

"ဒီကမောင် လိုက်ပို့မယ်ဆို...လိုက်ပါမယ်ကွယ်..ဟဲ့..ငွေဖြူ..တဖက်က ကူညီနေတာကို ကျေးဇူးမတင်ပဲ.နင်က ဖင်လှန်ပြရသလား..လာ.သွားကြမယ်"

ငွေဖြူက လက်ထဲမှ တံမြက်စည်းရိုးကိုတော့ ဇရပ်ထောင့်တွင် ပြန်ထောင်ထားလိုက်၏။

ထို့နောက် လူငယ်နှင့် ဒေါ်စိုးမေ နောက်သို့ သွက်သွက်ကလေး လိုက်ခဲ့တော့သည်။

လူငယ်က ရှေ့မှ လေလေးတချွန်ချွန်၊ သီချင်းလေးတအေးအေးဖြင့် သာလွန်ရွာဆီသို့ ဦးတည်သွားနေ၏။

တလမ်းလုံး သူတို့အား စကားတခွန်းမှမပြော။

တစ်နာရီခန့်အကြာတွင် သာလွန်ရွာစည်းရိုးအား လှမ်းမြင်ရပေပြီ။

"ကဲ...ဒေါ်ဒေါ်နဲ့ ဒီက ငါ့နှမ..ရွာကို မြင်နေရပြီဆိုတော့ ကျုပ် ဒီထိပဲ လိုက်ပို့ပေးမယ်.သွားကြတော့နော်"

"ဟဲ့..ဒီမောင်နှယ့်..ခက်ပ..ရွာကိုရောက်တုန်း အိမ်ဝင်ပါဦးလား..ညစာစားပြီးမှ ပြန်ပေါ့တော့"

ဒေါ်စိုးမေ ကပြောလိုက်၏။

"ကျွန်တော် ရွာထဲ ဝင်လို့မရလို့ပါ..ဒါပဲဗျ..သွားကြတော့နော့"

ဒေါ်စိုးမေနှင့် ငွေဖြူမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရွာထဲသို့ ထွက်သွားကြသည်။

"သြော်..မငွေဖြူ..."

လူငယ်၏ ခေါ်သံကြောင့် မငွေဖြူက လှည့်ကြည့်လိုက်၏။

"မငွေဖြူမှန်တယ်ဗျ...စံဖဲက လူကောင်းတွေကို ဒုက္ခမပေးပါဘူး"

"ရှင်"

"ကျွန်တော့်နာမည် စံဖဲပါဗျ..သွားပြီနော်"

လူငယ်မှာ အမှောင်ထုထဲ ပျောက်ကွယ်သွားတော့၏။ ငွေဖြူမှာ ပါးစပ် အဟောင်းသားဖြင့် အမှောင်ထုကို ငေးကျန်ရစ်။

# အခန်း ( ၁၃ )

"ဗိုလ်စံဖဲ ပြန်လာပြီဟေ့"

နံနက်စောစောစီးစီး ဖိုးသာနိုင်းတောင်ခြေတစ်ခုလုံး ကံကြီးမောင် ၏ အသံက ဟိန်းထွက်သွားသည်။

တမာရိုးဖြင့် သွားတိုက်နေသော ချစ်ကောင်း က တဲပေါ်မှ ခုန်ဆင်းလာ၏။

"စံဖဲရာ...ငါတို့ စိတ်ပူနေတာ လေးငါးရက်ရှိနေပြီ....မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

စခန်းအတွင်းရှိသော မောင်နီအပါအဝင် အခြားသူများကလည်း စံဖဲအနီးသို့ ဝိုင်းလာကြသည်။

"ကျုပ်ဘာမှလျှောက်မလုပ်ပါဘူးဗျာ..သာစည်မြို့ပေါ်တက်ပြီး လက်ဖက်ရည်သောက်တယ်၊ ညောင်ရမ်းက ရွှေကူကြီးဘုရားပွဲသွားပြီး ပွဲသွားကြည့်တယ်..အပျင်းပြေပေါ့ကွာ"

"လီးကို အပြင်းပြေ..ဒီမှာ ငါတို့က မင်းမရှိတော့ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိဘူး...မင်းက ငါတို့ကို ထားခဲ့ပြီး အဖွဲ့သစ်ထောင်လိုက်ပြီမှတ်နေတာ"

ချစ်ကောင်းက စံဖဲကို ဆူပူလိုက်၏။

"ဟုတ်တယ်..ခင်ညား သပြေတောင်းက ဒေါ်ခင်မြအိမ်ကို ဓါးပြဝင်တိုက်သွားတယ်ဆိုလို့..ကျုပ်တို့မှာ အံ့သြနေတာ...ကျုပ်တို့မပါဘဲ ဘယ်သူတွေနဲ့ ဓါးပြဝင်တိုက်သွားတာလဲပေါ့"

မောင်နီစကားကြောင့် စံဖဲက မျက်မှောင်ကြုံ့လိုက်သည်။

"ဘာ..ဘာဖြစ်တယ်"

"သပြေတောင်းက ဒေါ်ခင်မြအိမ်ကို ဓါးပြတိုက်တာလေ"

"ဟ..ငါက ဘာကိစ္စ မင်းတို့မပါပဲ ဓါးပြတိုက်ရမှာလဲ"

စံဖဲက ပြန်ပြောသည်။ ချစ်ကောင်းက အခြေအနေကို သဘောပေါက်လိုက်၏။

"ဒီလိုစံဖဲ...မင်းမရှိတဲ့ ရက်တွေမှာ....သပြေတောင်းရွာမှာ ဓါးပြမှုဖြစ်တယ်..သပြေတောင်းရွာ မြောက်ပိုင်းက ဒေါ်ခင်မြအိမ်ကို တိုက်တာ..ဒေါ်ခင်မြဆိုတာက ပုလိပ်နဲ့ပတ်သက်တာလည်းမရှိ၊ မတရားလုပ်ပြီးချမ်းသာလာတာမျိုးလည်းမရှိဘူး၊ သူ့လယ်နဲ့သူ့ယာနဲ့ နဂိုကချမ်းသာတဲ့သူပဲ၊ ရွာသူရွာသားတွေ ကိုလည်း အမြဲပေးကမ်းနေတဲ့သူဌေးမကြီး၊ သူ့အိမ်ကို စံဖဲနဲ့အဖွဲ့က ဟိုးနေ့ညက ဓါးပြတက်တိုက်သွားတယ်ဆိုတော့ သပြေတောင်းသားတွေကလည်း မကျေမနပ်ဖြစ်နေကြတယ်ကွ...မင်းကလည်း ငါတို့နဲ့အတူမရှိတော့ ငါတို့လည်း ဒွိဟဖြစ်နေတာ"

စံဖဲက ခေါင်းကိုကုတ်လိုက်သည်။

"သေချာတယ်..ကျုပ်နာမည်ကို တကောင်ကောင်သုံးသွားပြီ.ဒီကိစ္စတော့ ဖြေရှင်းမှရမယ်..နောက်ပြီး ဒီအဖွဲ့အတွက် ကျုပ်မှာ ပြောစရာစကားတွေလည်းပါလာတယ်...နေ့လည်ပိုင်းကျ..အားလုံး စည်းဝေးမယ်.အခုတော့ စားစရာဘာရှိတုန်း..ဗိုက်ဆာလို့"

မောင်နီက ရိက္ခာထားသည့် တဲပေါ်သို့ တက်သွား၏။ အခြားသူများကလည်း ကိုယ်စီအလုပ်ရှိရာသို့ ပြန်သွားကြသည်။

တဲပေါ်တွင် ထိုင်လိုက်သော ချစ်ကောင်းကို စံဖဲက မေးလိုက်၏။

"နေပါဦး...မင်းကရော ဘာသံဝေဂတွေရပြီး ပြန်လာရတာလဲ"

ချစ်ကောင်းအမေးကြောင့် စံဖဲက ပြုံးလိုက်သည်။

မောင်နီက ထမင်းကြမ်းနှင့် ငါးသေတ္တာတစ်ဗူးကို ဖောက်ကာ စံဖဲရှေ့တွင် ချပေးလိုက်သည်။

စံဖဲက ငါးသေတ္တာတစ်ဖက်ကို ထမင်းပေါ်ပုံကာ တလုတ်ဝါးလိုက်၏။

"ဒါနဲ့...လူတစ်ယောက်ဟာ ဘဝမှာ အချစ်ဆိုတာကို နှစ်ခါတွေ့နိုင်သလား..ကိုချစ်ကောင်း"

"ဘာလဲဟ"

"ခင်ဗျားက ကောလိပ်ကျောင်းလည်းနေခဲ့တယ်..ဓာတ်ဆရာလည်းလုပ်ခဲ့တော့ မေးကြည့်တာပါ"

"မသိဘူး...ငါကတော့ ငါ့ရဲ့ မြ ပဲ"

"အေးဗျ..ကျုပ်လည်း စဉ်းစားနေတာ..ကျုပ် မသိန်းရင်ကို ချစ်ခဲ့တာ..သိပ်ကိုချစ်ခဲ့တာဗျာ...ဒါပေမယ့်..သူကရော ကျုပ်ကို ချစ်ရဲ့လားလို့ တွေးလိုက်မိတိုင်း..ပင်ပန်းတယ်ဗျ... ကျုပ် ခြေသလုံးကိုဖက်ပြီး သူ့လင်ကို မသတ်ဖို့ ပြောတုန်းကဆို...ကျုပ် ဘယ်လောက်နာရတယ်မှတ်လဲ"

စံဖဲက ထမင်းကို မြိုချသည်။ မောင်နီက ရေပုလင်းကိုကမ်းပေး၏။

စံဖဲ က ရေတကြိုက်ကြိုက်လိုက်သည်။

"မငွေဖြူတဲ့ဗျ"

"ဘာတုန်း..မငွေဖြူ...နတ်လား..လူလား"

မောင်နီ က ထုံးစံအတိုင်း။

"ငါလိုးမရဲ့..ဒီကအကောင်းပြောနေတာ..ဒီလိုဗျာ.ကိုချစ်ကောင်း...ကျုပ်တွေ့ခဲ့တဲ့ ကောင်မလေးနာမည် မငွေဖြူတဲ့..သူက ပြောတယ်...ဗိုလ်စံဖဲဟာ လူဆိုးတွေ အတွက်ပဲ လူဆိုးတဲ့..လူကောင်းတွေအတွက် မဆိုးဘူးတဲ့လေ"

ချစ်ကောင်းက ခေါင်းအုံးတစ်လုံးကိုယူကာ ဝါးကြမ်းခင်းပေါ် လှဲလိုက်၏။

"ဟေ့ကောင်..စံဖဲ..မင်းဟာက ခုန မသိန်းရင်အကြောင်းပြောနေရင်း..ဘယ်က ဘယ်လို မငွေဖြူ ဖြစ်လာရတာလဲဟ.. မင်းရူးသွားပြီလား"

"အေးဗျာ..မငွေဖြူဆိုတာ သခွပ်မြင့်မှာ ကျုပ်တွေ့ခဲ့တဲ့ကောင်မလေး..ဒီလိုဗျ"

စံဖဲက စားလက်စ ထမင်းပန်းကန်ကို ချထားလိုက်တော့သည်။

..........................................................................................................

.

"ငါတို့က လူဆိုးတွေအတွက် ပဲ လူဆိုးဖြစ်ရမယ်..လူကောင်းတွေအတွက်တော့ လူကောင်းပဲဖြစ်စေရမယ်..ငါတို့ ခါးပြတိုက်တယ်..ဒါပေမယ့် ငါတို့ ခါးပြတိုက်တဲ့ သူတွေဟာလည်း ဆင်းရဲသားတွေ၊ သာမန်ပြည်သူတွေဆီက အနုနည်းနဲ့ ခါး ပြတိုက်ထားတဲ့သူတွေပဲဖြစ်ရမယ်..အဲ့ဒီလို တိုက်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တာက လွဲလို့..လူသတ်တဲ့ကိစ္စကို ရှောင်ရမယ်..ဒါ ငါ့အဖွဲ့ထဲက လူတိုင်း အတွင်း ငါထုတ်တဲ့ စည်းကမ်းပဲ"

စံဖဲ ၏ စကားအဆုံး တဖွဲ့လုံးက ငြိမ်သက်သွားကြ၏။

"မင်းတို့ မတင်မကျဖြစ်နေတဲ့ ဒေါ်ခင်မြ အိမ် ခါးပြမှုကိစ္စကို ဒီရက်ပိုင်းအတွင်းပဲ ငါဖြေရှင်းမယ်...အဲ့ဒီအတွက် ကိုချစ်ကောင်းနဲ့ ကံကြီးမောင်က သပြေတောင်း ရွာနီးချုပ်စပ်က ဇ ရှိတဲ့လူတွေဆီမှာ သွားစုံစမ်းလိမ့်မယ်..ကိုသာပိုင်တို့ ကို သူတော်တို့ကိုလည်း ဒီကိစ္စစုံစမ်းဖို့အကြောင်းကြားခိုင်းလိုက်မယ် ..ဗိုလ်စံဖဲ ကြောင့် လူတွေကြားမှာ မင်းတို့နာမည်မပျက်စေရဘူး..ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

အစည်းအဝေးပြီးဆုံးပြီ။

ချစ်ကောင်းနှင့် ကံကြီးမောင်က မြင်းကိုယ်စီဖြင့်ထွက်ခွာသွား၏။

စံဖဲက တဲပေါ်သို့ တက်ပြီးနောက် ပြောင်းတိုသေနတ်ကို ခါးတွင် ထိုးလိုက်သည်။

ထို့နောက် ကျည်ကဒ်ကို လွယ်လိုက်၏။

"မောင်နီ..မင်းက ငါနဲ့လိုက်ခဲ့"

.........................................................................................................
.

"စမုံရေစ..ဗွေမရလို့..စံဖဲ..ငနီ..တွေ့နိုင်ဖဲဟာမို့..လဲလုပြီတဲ့မှ..လဲလုပြီ"

အိမ်ပေါက်ဝတွင် လာရပ်သော မြင်းနှစ်စီးကြောင့် ဒေါ်စိုးမေက ပဲဆီကို နွားဖြင့် ကြိတ်နေရာမှ လှမ်းကြည့်လိုက်သည်။

စုံနံသာမြိုင်ဦးကျော့ရေးပြီး ရတနာမြင့်သီဆိုထားသည့် “ရှာပုံတော်သီချင်း”မှ စံဖဲ အကြောင်း ဆိုနေစဉ် စံဖဲက မြင်းစီးလျက် အိမ်ရှေ့ရောက်လာခြင်းဖြစ်သဖြင့် တ အံ့တသြ။

စံဖဲက ဒေါ်စိုးမေကို ပြုံးပြီး ကြည့်လိုက်သည်။

“ဟော့လူ..ခင်ညားငွေဖြူဆိုတာ ဒါကြီးလားဗျ..မနိုပ်ပေါင်ဗျာ”

မောင်နီက မျက်နှာရှုံ့တွပြီးပြောလိုက်၏။

“ငါလိုးကျလို့..တိတ်တိတ်နေစမ်းကွာ”

စံဖဲက မြင်းပေါ်က ဆင်းလိုက်သည်။ ဒေါ်စိုးမေ မှာ ပတ်ဝန်းကျင်ကို တချက် ကြည့်လိုက်ပြီး စံဖဲရှိရာသို့ ခပ်သုတ်သုတ်လေးကပ်လာ၏။

“အံမယ်လေး...ဗိုလ်ကြီးရယ်...ဘယ့်နှယ့်..နေ့ခင်းကြောင်တောင်ကြီး”

“မငွေဖြူ..ကို တွေ့ချင်လို့လာတာပါ..ဒေါ်ဒေါ်”

ဒေါ်စိုးမေမှာ ပို၍ပင်ထိတ်လန့်သွားပြီးလက်အုပ်ချီလိုက်၏။

“ဟိုတနေ့က တို့တူဝရီး..မောင့်ကို မသိလို့ ပြစ်မှားစော်ကားမိပါတယ်ကွယ်..ငွေ ဖြူကိုလည်းခွင့်လွှတ်ပေးပါ..ရှိခိုးပါရဲ့”

“ကဲ...ကျွန်တော်ငရဲကြီးနေပါ့မယ်ဗျာ..ရှိခိုးမနေပါနဲ့...ကျွန်တော့်က ငွေဖြူကို တွေ့ ချင်လို့ သက်သက်လာတာပါ”

ထိုအခါမှ ဒေါ်စိုးမေက သက်ပြင်းချလိုက်သည်။

“ခက်တော့ နေပါပြီလား”

“ဘာခက်တာလဲ..ဒေါ်ဒေါ်ရဲ့”

“ငွေဖြူက မိတ္ထီလာက တရုတ်အရက်ဆိုင်မှာ အလုပ်လုပ်တာ..ဒီရွာမှ မနေဘူး ရယ်..ဟိုတလောက အလှူရှိလို့သာ သူက ခဏပြန်လာတာ”

“ကျွန်တော် ခဏထိုင်မယ်နော်”

စံဖဲက ကွပ်ပျစ်ပေါ်ထိုင်လိုက်သည်။

ဒေါ်စိုးမေက မြေကြီးပေါ် ကြုံ့ကြုံ့လေး ထိုင်ရန် ပြင်၏။

“ဟာ..မဟုတ်တာ..လာလာ..ဒီမှာ ထိုင်ပါ..ဒေါ်ဒေါ်”

စံဖဲက အလန့်တကြားထကာ ဒေါ်စိုးမေ အား ဆွဲထူသည်။ ဒေါ်စိုးမေက စံဖဲအား ပြန်ဆွဲထားသည်။

“ရပါတယ်..ဗိုလ်ကြီး..ဗိုလ်ကြီး အပေါ်ကထိုင်ပါ”

ထိုမြင်ကွင်းကို မောင်နီက ကြည့်ပြီး တခွိခွိရယ်၏။

“ကဲ ပြောမရလည်း..ကျုပ်လည်း ဒီမှာပဲ ထိုင်ပြောမယ်ဗျာ”

စံဖဲက မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

“မငွေဖြူက မိဘများ မရှိကြဘူးလား”

“မရှိကြပါဘူး...သူတို့ကအရင်ကတော့ ဒီရွာမှာ ချမ်းသာကြတာပဲ...မောင်..ဒါပေမယ့်လည်း သူ့အဖေ ကျုပ်မောင်ဝမ်းကွဲ က လောင်းကစားသမားကိုကွယ့်...နောက်တော့ ချစ်တီးဆီ ပေါင်ကြန့်ကြရင်း လယ်တွေလည်း ပြုတ်တာပဲ...သူ့အဖေဆုံးတော့ သူ့အမေက မငွေဖြူကို မိတ္ထီလာက တရုတ်အရက်ဆိုင်မှာ စားပွဲထိုးလုပ်ဖို့ အပ်လိုက်တယ်...ငွေခြောက်ရာကျော်ကြိုထုတ်ပြီး..နောက်လင်နဲ့ ပါသွားတာပဲ...ကျုပ်လည်း သူ့ကို ခေါ်ထားဖို့ပါပဲ..ဒါပေမယ့်...အဲ့ဒီ ငွေခြောက်ရာ ကျော်အကြွေးကြီး ကျုပ်က ဘယ့်နှယ့်ဆပ်နိုင်မှာတုန်းအေ...ခမြာ ဝဋ်ရှိသမျှ..လုပ်ရရှာမှာပဲ”

“မိတ္ထီလာက ဘယ်ဆိုင်များလဲ..ဒေါ်ဒေါ်”

“မိတ္ထီလာကန်ဘေးက တိတ်ဝိန်ဆိုတဲ့ ပျော်ပွဲစားရုံလေကွယ်”

“တိတ်ဝိန်...တိတ်ဝိန်ဆိုင်”

.................................................................................................................................

ဖိုးသာနိုင်းတောင်စခန်းသို့ စံဖဲတို့ ပြန်ရောက်ချိန်တွင် စခန်းတွင် လူအတော်စုံလင်နေပေပြီ။ ချစ်ကောင်းနှင့် ကံကြီးမောင်အပြင် စံဖဲ၏ သတင်းပေးကွန်ယက်များ

ဖြစ်သော ကိုသူတော်၊ ကိုသာပိုင်၊ ငြေ တို့ပါ ရောက်ရှိနေ၏။

"ဘာများသတင်းထူးရခဲ့သလဲ"

စံဖဲကမြင်းပေါ်မှ ဆင်းဆင်းချင်းပင် မေးလိုက်သည်။

ချစ်ကောင်းက ငြေကို မေးငေါ့ပြလိုက်၏။

"ဒီလိုပါ..ဗိုလ်စံဖဲ…လွန်ခဲ့တဲ့ တပတ်က ဟော့ဒီက ကျုပ်တူတွေဖြစ်တဲ့ လွန်းပင်နဲ့ ငပေ က မောင်းမဆည်ရွာ က ကက်ဝိုင်တဝိုင်းမှာ လူမိုက်ဘိုးထွန်း က လက်စွပ် တကွင်းကို ချပေါင်ပြီး လောင်းနေတာမြင်ခဲ့ရပါတယ်.. အဲ့ဒီလက်စွပ်ဟာ သပြေ တောင်းဒေါ်ခင်မြ ရဲ့ လက်စွပ်ပါပဲ"

ထိုအခါမှ စံဖဲက ငြေဘေးနားရပ်နေသော လူငယ်နှစ်ယောက်ကို သတိထားမိ သွား၏။

"မင်းတို့နှစ်ကောင်က ဒေါ်ခင်မြ လက်စွပ်မှန်း ဘယ်လို တန်းသိတာလဲ"

လွန်းပင် ဆိုသည့် လူငယ်က ဖင်ကုတ်ခေါင်းကုတ်လုပ်သည်။

"ဟေ့ကောင်..ဖြေလိုက်လေကွာ"

ကံကြီးမောင်က ဝင်ဟောက်လိုက်၏။

"ဒီလိုပါ....ကျွန်တော်တို့က ဒေါ်ခင်မြ အိမ်က သူရင်းငှားတွေပါ…အဲ့ဒီဓါးပြမှုမဖြစ်ခင် တလလောက်အလိုက ဘိုးထွန်းကြီးနဲ့ ရွှေယင်မျှော်ပွဲမှာဆုံတော့…သူက ကျွန်တော်တို့ကို ဒေါ်ခင်မြ ဝတ်လေ့ဝတ်ထရှိတဲ့ လက်ဝတ်လက်စားတွေကို မှတ်ထားပြီး သူ့ကို ပြောပြဖို့ စည်းရုံးပါတယ်..ငွေငါးဆယ်နဲ့ အရက်လည်းတိုက်ပါ တယ်…ဒါကြောင့် ကျွန်တော်တို့လည်း ဒေါ်ခင်မြကြီး အလှူပွဲလန်းသွားရင်ဝတ် တာတွေကို အသေအချာမှတ်ထားပြီး သူ့ကို ပြန်ပြောပေးရပါတယ်ခင်ည"

"ကောင်းရောကွာ…ဒါဆို မင်းတို့က ဒီ ဓါးပြမှုမှာ လက်ထောက်ချတဲ့ကောင်တွေ ပေါ့..တိုက်စရာရှိတာ ကိုယ့်ဖာသာ တိုက်ကြပေါ့ကွ..ဘာကိစ္စ ငါ့နာမည်သုံး ရသလဲ"

လွန်းပင်ရော၊ ငဖေ ပါ တုန်လှုပ်သွားကြ၏။

“ကျွန်တော်တို့ မသိပါဘူး..ခင်ဗျာ..ခါးပြတိုက်တာလည်းမပါပါဘူး..ဘိုးထွန်းကြီးတို့လူစုလုပ်သွားတာပါ”

“ဘိုးထွန်းတို့ အခုဘယ်မှာရှိမလဲ”

“ဟံဇားမှာ ဖိုးသာလှကြက်ဝိုင်းရှိလို့...နှစ်ညတိတိ အဲ့ဒီမှာ ရှိကြပါတယ်”

စံဖဲက  မောင်နီကို တချက်ကြည့်လိုက်သည်။

“မောင်နီ..ကံကြီးမောင်..ကျန်တဲ့လူတွေခေါ်သွားပြီး..ခုပဲ အဲ့ကောင်တွေကို ရအောင်ဒီခေါ်ခဲ့ကြ”

“ကျွန်တော်တို့လည်း လိုက်ချင်ပါတယ်..ဗိုလ်ကြီးစံဖဲ”

လွန်းပင်နှင့် ငဖေ က ပြောလိုက်ကြသည်။

“မင်းတို့ က ဘာလိုက်လုပ်မှာလဲ”

“ဘိုးထွန်းကို ကျွန်တော်တို့ ပြပေးပါ့မယ်...ပြီးတော့....ကျွန်တော်..ကျွန်တော်တို့ ဒီအဖွဲ့ထဲ ဝင်ချင်လို့ပါ”

စံဖဲက သူတို့၏ ဦးလေးဖြစ်သူ ငသြ ကို တချက်ကြည့်လိုက်သည်။

“ခင်ဗျားတူတွေ အခြေအနေ ဘယ်လိုလဲ”

ငသြက ခေါင်းညိတ်ပြလိုက်သည်။

“သူတို့ကို စိတ်ချပါ..ဗိုလ်စံဖဲ..သူတို့က ခင်ဗျားကို ကြည်ညိုနေကြတဲ့ သူတွေပါ”

စံဖဲက ခေါင်းညိတ်လိုက်၏။

.......................................................................................................................

သပြေတောင်းရွာ သူကြီးအိမ်မှ မောင်းတဒူဒူသံကြောင့် ရွာသားများမှာ ကမန်းကတန်းလာရောက်စုဝေးကြ၏။

မောင်းထုနေသော သူကြီးမှာ မျက်စိမျက်နှာပျက်လျက်။

ရွာသားများမှာလည်း မည်သည့်အကြောင်းအရင်းကြောင့် စုဝေးခိုင်းသည်ကိုမသိရ။

"ဒေါ်ဒေါ်..ဒီဘက်ကို ကြွပါ..ခင်ဗျာ"

လူအုပ်အနောက်ဘက်မှ အသံတသံကြောင့် အားလုံးလှည့်ကြည့်လိုက်ကြသည်။

သူဌေးမကြီး ဒေါ်ခင်မြ နှင့်အတူ တွဲလျက်ပါလာသော ခပ်သွယ်သွယ်လူငယ်တစ်ဦး။

လူငယ်က ဒေါ်ခင်မြ ကို ခုံတန်းလျားတွင် နေရာပေးလိုက်၏။

လူငယ်၏နောက်မှ သေနတ်ကိုင်ထားသူများ အလျှိုလျှိုပါလာကြသဖြင့် ရွာလူထုပါ လှုပ်ပင် မလှုပ်ဝံ့တော့။

လူငယ်က ချောင်းဟန့်လိုက်သည်။

"သူကြီးမင်းကိုတော့ အားနာပါတယ်..ဒါပေမယ့်လည်း..ဒီနေ့ ဒီကိစ္စကို ကျုပ်အနေနဲ့ မရှင်းလို့ မဖြစ်တာမို့..ရွာသူရွာသားများကိုပါ ခေါ်ယူလိုက်ရတာပါ"

ရွာသူရွာသားများမှာ ဘာမှန်းသေချာနားမလည်။ ဒေါ်ခင်မြမှာလည်း ကြောင်တက်တက်ဖြင့်။

"ကျုပ် ဗိုလ်စံဖဲပဲ"

ထိုင်နေသောဒေါ်ခင်မြ က မျက်လုံးပြူးကြီးဖြင့် စံဖဲ အား မော့ကြည့်သည်။

ချစ်ကောင်းက ပုဆိုးဖြင့် ထုတ်ထားသော အထုတ်တစ်ထုတ်ယူလာ၏။

ဒေါ်ခင်မြ ရှေ့တွင် ပုဆိုးကို ဖြေလိုက်သည်။

"ဒါ..ဒေါ်ဒေါ် ခါးပြတိုက်ခံရတဲ့ ပစ္စည်းများပါပဲ..သေချာစစ်ကြည့်စေချင်ပါတယ်"

ဒေါ်ခင်မြ မှာ သူ့ပစ္စည်းများကို ကြည့်ကာ ဘာပြောရမည်မသိ။

"ဗိုလ်စံဖဲ ဟာ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ လူတွေကို အနိုင်ကျင့်နှိပ်စက်တဲ့ လူဆိုးတွေအတွက်ပဲ လူဆိုးလုပ်ပါတယ်...လူကောင်းတွေကို ဒုက္ခမ

ပေးဘူးဆိုတာ..ဒီကနေ့ တစ်ရွာလုံးကို သိစေချင်ပါတယ်..တော်ပြီ..အချိန်မရှိဘူး..ဟိုထိပ်တုံးထဲက ကောင်တွေကို ဒေါ်ခင်မြ သိလား သေချာကြည့်ပါဦး"

ထိုအခါမှ သူကြီးအိမ်အနောက်ဖက် ထိပ်တုံးထဲမှ လူသုံးယောက်ကို အားလုံး သတိထားမိသွားကြ၏။

လူမိုက်ဘိုးထွန်းနှင့် တပည့်နှစ်ယောက်။

မျက်နှာတွင် ဒဏ်ရာဒဏ်ချက်များဖြင့် ဖူးယောင်ကိုင်းနေ၏။

"ဟေ့ကောင်တွေ..မင်းတို့ ခေါက်ခွက်တွေကို မော့ထား"

စံဖဲအသံကြောင့် သုံးယောက်လုံး မျက်နှာမော့ထားကြသည်။

"ကံကြီးမောင်..သူတို့ကို သူတို့သုံးတဲ့ မျက်နှာဖုံးစည်းပေးလိုက်"

ကံကြီးမောင်က ပုဝါစများကို ယူလာကာ မျက်နှာတွင် ချည်ပေးလိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်..ကျုပ်ကို ဓါးပြတိုက်တာ..သူတို့ပါပဲ..ဗိုလ်ကြီး"

ဒေါ်ခင်မြအသံထွက်လာ၏။

"ဟုတ်ပြီ..ငွေသားတွေကတော့...ဒီကောင်တွေ သုံးစွဲပစ်လိုက်ပြီတဲ့...လက်ဝတ်လက်စားတွေပဲ ပြန်ရတယ်..ဒီတော့..ဒေါ်ဒေါ်နဲ့ ကျွန်တော် ခွဲတမ်းချမယ်"

စံဖဲ စကားကြောင့် ဒေါ်ခင်မြ မှာ စိုးထိတ်သွားပြန်သည်။

"အဟဲ...သိပ်လည်းမစိုးရိမ်ပါနဲ့..ခွဲတမ်းချမယ်ဆိုတာဒီလိုပါ..ဒေါ်ဒေါ်က.. ကိုယ့်ပစ္စည်းကိုယ်ပြန်ယူ..ဒီကောင်တွေ အသက်ကိုတော့ ကျုပ်က ယူမယ်..ဘယ်လိုလဲ"

"ယူပါ..မောင်ရယ်..ယူပါ..မောင်ရယ်"

"ကဲ..ဘိုးထွန်းကြီး..ကြားပြီလား"

"ရှိခိုးပါတယ်..ဗိုလ်စံဖဲ..ကျွန်တော်မျိုးတို့ကို ချမ်းသာပေးပါ..ချမ်းသာပေးပါ"

ထိုအချိန်တွင် ရွာသူရွာသားများက ဇာတ်ပွဲများကြည့်သကဲ့သို့ လက်ခုပ်များ တဖြောင်းဖြောင်းတီးကြ၏။

ကံကြီးမောင်တို့တသိုက်က ဘိုးထွန်းတို့ သုံးဦးကို ဆွဲခေါ်သွားကြသည်။

..........................................................................................................

သပြေတောင်းရွာ၊ လုံးတော်ကြီးဘုရား။

တကူးတကမှာယူထားသော ငွေကျပ်နှစ်ဆယ်တန် ရွှေသင်္ကန်းကို စံဖဲက ကပ်လှူလိုက်ပြီး နောက် ဦးချရှိခိုးသည်။

ထို့နောက် အရှေ့ဘက်ရှိ တောင်ကြီးတော်နှင့် နန်းထိပ်တောင်တို့ကို စံဖဲက ငေးကြည့်နေ၏။

"ကဲ..ကိစ္စတွေလည်းပြီးပြီဆိုတော့...မြန်မြန်ပြန်ကြစို့ စံဖဲ"

"ကံကြီးမောင်တို့ ကိစ္စပြီးပြီလား..ကိုချစ်ကောင်း"

ချစ်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။

"ကိုချစ်ကောင်း...အခု ဒီကိစ္စဟာ ဒီလောက်နဲ့ မပြီးဘူးဗျ...ခင်ဗျား စဉ်းစားမိလား"

"ဘာများလဲ..စံဖဲ"

"ဒီလိုမျိုး နောက်ထပ် ရွာတွေမှာလည်း ကျုပ်နာမည်တပ်ပြီး ဓါးပြတိုက်တဲ့အမှုတွေ၊ လူသတ်တဲ့အမှုတွေ ဘယ်လောက်တောင်ရှိနေပြီလဲ..မသိဘူး..ဒါတွေအားလုံးကို ဒီလိုလိုက်ဖြေရှင်းနေလို့လည်း မပြီးနိုင်ဘူး"

"မင်းက ဘာလုပ်ချင်တာလဲ..စံဖဲ"

"လူဆိုးဓါးပြတွေဆိုတာ..ပင်ကိုဗီဇအရ.ဆိုးချင်လို့ မိုက်ချင်လို့ ဖြစ်လာတဲ့လူတွေရှိသလို.. ကျုပ်လိုမျိုးခေတ်စနစ်ကြောင့် လူတွေကြောင့် မဖြစ်ချင်ပဲ ဖြစ်ကြတဲ့လူတွေလည်းရှိမှာပဲ...ဒီတော့....အဲ့ဒီလိုလူတွေကို စုဆောင်းပြီး ဒီထက် အင်အားကြီးအောင်စုရမယ်.. ကျုပ်တို့ အရင်လို လျှောက်လှည့်လည်မနေပဲ အခိုင်အမာတပ်စခန်းတစ်ခု လုပ်ရမယ်..စံဖဲဟာ သာမန်သူခိုးဓါးပြဆိုတာထက် အင်ပါယာကိုပုန်ကန်တဲ့သူပုန်အဖြစ် အားလုံး မြင်အောင်ပြရမယ်"

ချစ်ကောင်းက စံဖဲကို ကြည့်လိုက်သည်။

“မင်း..အဲ့ဒီအထိ သွားတော့မှာပေါ့”

“ဟုတ်တယ်..အခု ကံကြီးမောင်တို့၊ မောင်နီတို့ စခန်းကို ပြန်ကြပါစေ..ကျုပ်နဲ့ ခင်ဗျားက မိတ္ထီလာကို တက်မယ်..မိတ္ထီလာမှာ စစ်ကျန်ရှက်ထည်တဲအဟောင်းတွေ ရောင်းတယ်လို့ ခင်ဗျားတခါပြောဖူးတယ်လေ”

“အေးလေ..ငါတို့ ဇာတ်အဖွဲ့တွေလည်း အဲ့ဒီက ဝယ်သုံးကြတာပဲ”

“မကြာခင်မှာ မိုးကျတော့မယ်...ဒီတော့ ကျုပ်တို့ လူအင်အားကလည်း တဖြည်းဖြည်းများလာရင်..အရင်လို တောထဲ တောင်ထဲဖြစ်သလို နေလို့မဖြစ်တော့ဘူး...ဒါကြောင့်..ကျုပ်တို့ အဲ့ဒါတွေကို ကျုပ်တို့ မသိမသာ ဝယ်စုကြရမယ်..ပြီးရင်..ဖိုးသာနိုင်းတောင်နဲ့ ပွေးထူကုန်းတခုခုမှာ တပ်စခန်းကြီးအဖြစ် လုပ်ဖို့ ရွေးချယ်ကြရမယ်”

“မင်းပြောတာကို ငါသဘောပေါက်တယ်..ဒီကိစ္စက ငါ့ဇာတ်အဖွဲ့က လူတွေကို အကူအညီတောင်းကြည့်ရင် လွယ်နိုင်ပါတယ်.....စံဖဲ..ဒါပေမယ့်..မင်းစဉ်းစားပါဦး..ငါတို့မှာ ပင်မစခန်းရှိမယ်..လူအင်အားရှိမယ်..နောက်.ဒီသေနတ်တွေ ရှိတာတော့ ဟုတ်ပါပြီ..ကျည်ဆံတွေကရော..ဘယ်လောက်ကြာကြာခံမှာလဲ..ကျည်ဆံမရှိရင် ဒီသေနတ်တွေက ဘာလုပ်လို့ရမှာလဲ...တဖက်မှာက ကျည်ဆံအပြည့်နဲ့ကွ”

“ခင်ဗျားပြောတဲ့အထဲမှာ အဖြေပါသွားပြီပဲ..ကိုချစ်ကောင်း...တဖက်က လက်နက်က ကိုယ့်လက်နက်..တဖက်က ကျည်ဆံက ကိုယ့်ကျည်ဆံဖြစ်အောင် လုပ်ရမှာပေါ့”

ချစ်ကောင်း ဘာမှ ဆက်မပြောတော့။

စံဖဲက ကိုချစ်ကောင်းဘက်သို့ လှည့်လိုက်သည်။

“ဒါနဲ့....မိတ္ထီလာက တိတ်ဝိန် ပျော်ပွဲစားရုံကို ခင်ဗျားသိလား..ကိုချစ်ကောင်း”

မဆီမဆိုင် စံဖဲစကားကြောင့် ချစ်ကောင်းက ကြောင်တောင်တောင်ဖြစ်သွားသည်။

“တိတ်ဝိန် ဆိုင် လေဗျာ”

"အေး..သိတယ်လေ..မင်းထောင်ကလွတ်တော့...ငါတို့ သွားသောက်တဲ့ဆိုင်လေ..ဘာဖြစ်လို့လဲ"

"ဟာ..ဟုတ်ပြီ..ဒါဆို.အဲ့ဒီနေ့က သနပ်ခါးပါးကွက်ကြားနဲ့ သီချင်းဆိုတဲ့ကောင်မလေးက..."

"ဘာဖြစ်လဲ"

"အဲ့ဒါ...ကျုပ်ရဲ့ ငွေဖြူပဲဗျ..ငွေဖြူပဲ"

စံဖဲ အသံက ရင်ခေါင်းသံကြီးနှင့်အပြည့်။

# အခန်း ( ၁၄ )

"စံဖဲအကြောင်းမပါရင် ဒေါသနဲ့ အပြစ်တင်... မယ့်သခင်.. ဘယ်မှာအငယ်များ.. မြင်းခေါင်းပေါင်း.. မိတ်စထောင်၊ ဗန္ဓုလမောင်မောင်မေးရင်ဖြင့် ဂျာနယ်၊ ဂျာနယ်တွင်..ဒီလိုပါ..မာမီရယ်၊ သာစည်နယ်အတွင်း နေရင်းမတော့ မဲတောရွာတွင်...ကိုစံဖဲ..ပွဲလာကြည့်တာမြင်"

ဗန္ဓုလဂျာနယ်အပိုင်းအစလေးကို ကိုင်ကာ သီချင်းစာသား ကျက်နေသော မငွေဖြူ။

"နွေဖြူ...ညှော်သည်ဝင်တယ်...အဲ့လိစာရွက်ကို ချထားစမ်း"

ကောင်တာတွင်ထိုင်နေသာ လော်ပန်တိတ်ဝိန်၏ အသံကြောင့် ငွေဖြူက စာရွက်ပိုင်းကို ကမန်းကတန်း ခေါက်ကာ အင်္ကျီအောက်ရှိ ဘော်လီကြားထဲ ထိုးထည့်လိုက်၏။

နေပင်မစောင်းသေး။ သောက်မည့်ပုဂ္ဂိုလ်က ကြွလာပြီ။

ခေါင်းပေါင်းကို ခပ်ငိုက်ငိုက်ပေါင်းထားပြီး မြင်းခြံထည် ဖျင်အင်္ကျီအပါးနှင့် ၊ အောက်ပိုင်းက ဘိုကျောင်းသားများဝတ်သည့် စတိုင်ပင်နှင့် လည်ရှည်ဖိနပ်။ ဗမာမကျ ဘိုမကျ ဘယ့်နှယ့်အတွဲအစပ်ပါလိမ့်။

ငွေဖြူက နှာခေါင်းရှုံ့လိုက်ပြီး စားပွဲရှေ့တွင် ရပ်လိုက်သည်။

"ဘာသောက်မလဲတော့"

"Beehive ဘရန်ဒီရမလား..VSOP နော်"

"ပျားအုံဘရန်ဒီကို ပြောတာလား"

"ဟုတ်တယ်ဗျ"

"တစ်ပက်လား"

"တစ်လုံးချ"

ငွေဖြူ ပင် မျက်လုံးပြူးသွားသည်။

ကောင်တာမှ တိတ်ဝိန်ကတော့ ဝမ်းသာသွားရ၏။ သူ့ဆိုင်တွင် ပျားအုံတံဆိပ် ဘရန်ဒီဝယ်တင်ထားသည်မှာ နှစ်ပေါက်နေပြီ။

အညာသားများက ဘရန်ဒီမကြိုက်ကြ။ ယခုတော့ ဈေးဦးပေါက်ပြီပေါ့။ တစ်ပက်၊ နှစ်ပက်မဟုတ်။ တစ်လုံးလုံးတဲ့။

"ရေခဲရမလား"

"တမတ်ဖိုးက စယူရမယ်"

"ချ"

"ဆော်ဒါယူဦးမလား"

"ရေတခရားပဲပေး"

"ဘဲခေါင်းသုတ်၊ ဝက်ဆီဖက်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ဆိတ်သားကြော်၊ အမဲကြော် ဘာစားမလဲရှင့်"

"အမဲကြော်လေးပေါ့...မငွေဖြူ"

မငွေဖြူဟု ခေါ်လိုက်သံကြောင့် ငွေဖြူက မျက်နှာကြောလေးတင်းခနဲ။ ထိုသူကို ဘုကြည့်ကြည့်ကာ လှည့်ထွက်သွား၏။

ဖုန်တက်နေသော ဘရန်ဒီပုလင်းကို တိတ်ဝိန်က အဝတ်ဖြင့် သုတ်လိုက်ပြီး ဖော့ဆို့သေချာဖွင့်ပေးသည်။

ခဏအကြာ မငွေဖြူက ဘရန်ဒီပုလင်းနှင့် ဖန်ခွက်များကို လာချပေး၏။ ထိုသူက ဘရန်ဒီကို ချက်ချင်းပင် ငှဲ့လိုက်ပြီး တမော့မော့လိုက်သည်။

အမဲကြော်နှင့် ရေခရားကို လာချပေးချိန်တွင် ထိုသူက မငွေဖြူ လက်ကို ဖမ်းဆွဲလိုက်သည်။

"အို..ဘာလုပ်တာလဲ"

"ခုန သီချင်းလေး ပြန်ဆိုပြပါလား"

ငွေဖြူက ဒေါသတကြီးဖြင့် ရန်တွေ့ရန် ပြင်လိုက်သည်။ သို့သော် ခေါင်းပေါင်းစ အောက်မှ အပြုံးတစ်ခုကြောင့် ငွေဖြူမျက်နှာမှာ ချက်ချင်းပြောင်းလဲသွား၏။

"တော်..တော်...ဗိုလ်..စံ..ဖဲ"

"မငွေဖြူက ကျွန်တော့် မှတ်မိသားကိုးဗျ"

ငွေဖြူ က ကောင်တာကို လှမ်းကြည့်သည်။ ကောင်တာမှ တိတ်ဝိန်က ဇာဂနာဖြင့် သူ့မေးစေ့မှ အမွေးလေးများကို တဖြတ်ဖြတ်နှုတ်ရင်း မျက်လုံးမှေးစင်းနေ၏။

"ဘာလာလုပ်တာလဲတော်..အန္တရာယ်များပါဘိရှင်"

"ကျွန်တော် မငွေဖြူ့အဒေါ်ဆီ ရောက်ခဲ့ပြီးပြီဗျ...ဒီမှာ အလုပ်လုပ်နေရတယ်ဆိုလို့ လိုက်လာတာ"

"ရှင်"

"အခု..မငွေဖြူကို ဒီတရုတ်လက်ကနေ ကျွန်တော် ပြန်လာရွေးတာ"

မငွေဖြူ၏ မျက်နှာလေး ဝင်းလက်သွားသည်။

"ကျွန်တော်နဲ့ လိုက်မယ်မဟုတ်လား"

"တော်က..ဗိုလ်စံဖဲ အစစ်လား"

စံဖဲက ခေါင်းညိတ်ပြလိုက်၏။

"မငွေဖြူ ကျွန်တော့်ကို ယူပါလား"

ငွေဖြူက လက်ကို အသာရုန်းသည်။

"ရှင်..ဗိုလ်စံဖဲ အစစ်လားလို့ မေးနေတယ်လေ"

"သြော်..ဟုတ်ပါတယ်ဆို"

"ဒါဆို.သေနတ်ပါလား"

"ပါပ"

"ပြ"

စံဖဲက ခါးကြားတွင်ထိုးထားသော ခြောက်လုံးပြူးကို စားပွဲပေါ်တင်လိုက်သည်။

"ဘယ်လိုပစ်ရတာလဲ"

"မောင်းတင်ပြီးသား..မငွေဖြူရဲ့..ခလုတ်ကို ဆွဲလိုက်ရုံပါပဲ"

ငွေဖြူက ခြောက်လုံးပြူးကို ဆတ်ခနဲ ဆွဲယူလိုက်၏။

ထို့နောက် တိတ်ဝိန်ထိုင်နေသည့် ကောင်တာသို့ လှည့်ထွက်သွားသည်။

စံဖဲမှာ မျက်လုံးအပြူးသားဖြင့်။

"ဒုန်း"

မငွေဖြူက သစ်သားကောင်တာကို စောင့်ကန်လိုက်သဖြင့် ငိုက်မြည်းနေသော တိတ်ဝိန်မှာ လန့်နိုးသွားသည်။

"ဘာလဲ..နွေဖြူ...နင်ဘာဖြစ်လဲ"

မငွေဖြူက တိတ်ဝိန်၏ မျက်နှာတည့်တည့်ကို ခြောက်လုံးပြူးဖြင့်ချိန်လိုက်၏။

"ဒီနေ့ ရှင့်ဆီမှာ တင်နေတဲ့ ကျွန်မ အကြွေးတွေကို အကြေဆပ်ပြီ"

တိတ်ဝိန်မှာ နားမလည်နိုင်သောမျက်နှာဖြင့်။

"ဟော့..ဟိုမှာ ထိုင်နေတာ..ဗိုလ်စံဖဲတဲ့..အဲ့ဒါ ကျွန်မ လင်ပဲ...အခု ရှင့် အကြွေးတွေ ဆပ်ပေးဖို့လာတာ"

တိတ်ဝိန်မှာ ဗိုလ်စံဖဲ ဆိုသည့် နာမည်ကြားသည်နှင့် ထိုင်ခုံပေါ်တွင် ကြက်သေသေနေတော့၏။

"ကျွန်မကို လက်သရမ်းခဲ့တာတွေ၊ မောက်မာဆဲဆိုခဲ့တာတွေ၊ အတိုးပေါ် အတိုး ဆင့်ပြီး လူကို ကျွန်ဇာတ်သွင်းခဲ့တာတွေအတွက်...ဒီနေ့ ရှင် အကြွေးပြန်ပေးရ တော့မယ်"

ထိုအချိန်တွင် စံဖဲက ဆိုင်ဝင်ပေါက်ရှိ ဘာဂျာတံခါးများကို သွားပိတ်နေသည်။ ထို့နောက် မငွေဖြူ ရှိရာသို့ လျှောက်လာ၏။

"မလုပ်နဲ့...မငွေဖြူ.မလုပ်နဲ့..ကျွန်တော်ပြောတာနားထောင်ပါ"

စံဖဲက ငွေဖြူ့လက်ထဲမှ သေနတ်ကို အုပ်ကိုင်လိုက်၏။ မျက်နှာကလည်း ခပ်ပြုံး ပြုံး။

"ကဲ..လောပန်း....ခင်ဗျား ကြားတဲ့အတိုင်းပဲ..ဒီက ကျုပ်ဇနီး မငွေဖြူကို ကျုပ်ခေါ် သွားမယ်..အဆင်ပြေလား"

"ပြေပါတယ်..ဗိုလ်စံဖီး...ပြေပါတယ်ခင်ဗျာ..ချမ်းသာပေးပါ"

"ဟုတ်ပြီ..ဒါဆို ကောင်တာထဲမှာ ငွေဘယ်လောက်ရှိလဲ"

"ဒီနေ့ ...ဗိုလ်စံဖီး က စျေးဦးပေါက်မို့..တပြားမှ မရှိပါဘူး..ခင်ဗျာ..ချမ်းသာပေးပါ"

ငွေဖြူက ကောင်တာနောက်တွင် ရှိသော သေတ္တာကလေးကို လှမ်းယူလိုက်သည်။

"ဒီထဲမှာ သူ့ငွေတွေရှိတယ်...ကိုစံဖဲ"

"သေတ္တာကို ဖွင့်လိုက် မငွေဖြူ"

မငွေဖြူက တိတ်ဝိန်၏ လည်ပင်းမှ သော့ကို သွားဖြုတ်ယူကာ ဖွင့်လိုက်၏။

"တဝက်ကို သူ့ဆိုင်ရင်းအတွက် ထားခဲ့ပေးပြီး..တဝက်ကို မငွေဖြူ ယူလိုက်ပါ"

ငွေဖြူက စံဖဲပြောသည့်အတိုင်း တသွေမတိမ်း။

"ကဲ...လောပန်..ဒီနေ့ ဖြစ်ခဲ့တဲ့ ကိစ္စကို ခင်ဗျားစိတ်ထဲက အပြီးမေ့ပစ်လိုက်ပါ..ဒီ လိုမှ မဟုတ်ပဲ..ပုလိပ်ကို သတင်းပေးတာတို့...မြို့ပေါ်ကတခြားလူတွေကို လျှောက်ပြောတာမျိုးတို့ဆို..ခင်ဗျားဆိုင်ကို မီးရှို့ပစ်မယ်"

"စိတ်ချပါခင်ဗျာ..မပြောပါဘူး..ဗိုလ်စံဖီးခင်ဗျာ..ကတိပေးပါတယ်"

"ကဲ..မငွေဖြူ သွားကြစို့"

စံဖဲက မငွေဖြူ၏ လက်ကို ဆွဲလိုက်သည်။

မငွေဖြူက အသာရုန်းလိုက်၏။

"ခဏနေဦး..ကိုစံဖဲ"

မငွေဖြူက ကောင်တာအတွင်းသို့ ဝင်သွားပြီး တိတ်ဝိန်ရှေ့တွင် ရပ်လိုက်သည်။

"ဖြောင်း"

ရိုက်ချက်က အားပါသည်။ တိတ်ဝိန်မှာ ရပ်နေရာမှာပင် လဲကျလုမတတ်။

"ဟိုနေ့က စားဖိုဆောင်ထဲ ငါ့ဖင်ကို ကိုင်သွားလို့"

တိတ်ဝိန်က ပါးကိုသာ ပွတ်နေသည်။

"ဖြောင်း"

နောက်တချက်။

"ဒါက ပြီးခဲ့တဲ့ တပေါင်းလကွယ်နေ့က ဆိုင်ပိတ်ခါနီး... "ငါ့နဲ့လာအိပ်ပါလား..မွှေ့ယာက အိတယ်" ဆိုပြီး ပါးစပ်သရမ်းလို့"

မငွေဖြူက နောက်တချက်ရိုက်ပြန်သည်။

"ဒါက ငါရိုက်ချင်လို့"

မငွေဖြူ နောက်တကြိမ်လက်အရွယ်တွင် စံဖဲက လက်ကို ဝင်ဆွဲလိုက်၏။

"တော်ပါတော့.မငွေဖြူ....လက်လေးတွေနာနေပါ့မယ်"

"ဖြောင်း"

စံဖဲက သေနတ်ဒင်ဖြင့် တိတ်ဝိန်ခေါင်းကို ခပ်ပြင်းပြင်းထုချလိုက်သည်။ တိတ်ဝိန်မှာ ခွေလဲကျသွား၏။

"ဒါက..မငွေဖြူကို မင်းလုပ်ခဲ့တာတွေအတွက်ပဲ"

စံဖဲက မငွေဖြူလက်ကို ဆွဲကာ ထွက်လာခဲ့လိုက်၏။

အပြင်ဘက်တွင် အသင့်ရောက်နေပြီဖြစ်သော လော်ရီကားကြီးတစ်စီး။ ချစ်ကောင်းက သစ်သားခွေးချေတစ်လုံးနှင့်အတူ မတ်တပ်ရပ်စောင့်နေသည်။

"တက်..မငွေဖြူ"

ကားနောက်သို့ မငွေဖြူက တက်သည်။ စံဖဲက ဖင်တွန်းတင်ပေးသည်။

"ကိုချစ်ကောင်း..ကျွန်တော်မှာတာတွေရရဲ့လား"

“ကားပေါ်မှာ အကုန်အပြည့်အစုံပါပဲ..ဆရာသမား..ကဲ…တက်တော့…ငါရှေ့ခန်း ကနေ မဲတောအထိ လမ်းပြလိုက်မယ်”

ကားပေါ်ရောက်သွားသော မငွေဖြူက တင်ထားသည့် ပစ္စည်းများကို ကြည့် လိုက်၏။

အနောက်မှ တက်လာသော စံဖဲက မငွေဖြူ၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“မွေယာတွေ၊ ခြင်ထောင်တွေ၊မင်္ဂလာခန်းဝင်တွေလေ..ကိုချစ်ကောင်းကို တခါထဲ မှာလိုက်တာ”

“တော်က…လူကို အပိုင်တွက်ထားတာကိုး”

စံဖဲက မငွေဖြူကို ရွှန်းရွှန်းစားစားကြည့်လိုက်၏။

“ဒါနဲ့..ကျွန်တော်ဆိုင်ထဲဝင်လာတုန်းက မငွေဖြူ..သီချင်းကြည့်ဆိုနေတဲ့ ဂျာနယ် စာရွက်လေးက..ဒီထဲမှာမဟုတ်လား”

စံဖဲ၏ သေနတ်ကိုင်သောလက်ကြမ်းကြမ်း။

မငွေဖြူ၏ “အို” ဆိုသည့် အာမေဋိတ်သံ။

လော်ရီကားကြီးကလည်း..ငြိမ့်ခနဲ။

……………………………………………………………………………………… ……..

“ဟော့ဒီက မငွေဖြူ ဟာ ကျုပ်ရဲ့ ဇနီးဖြစ်သွားပါပြီ..ဒါပေမယ့်..သူ့ကို ဒီစခန်းမှာ တော့ ခေါ်မထားပါဘူး…မဲတောရွာမှာ အိမ်တစ်လုံးငှားပေးထားပြီး အဲ့ဒီမှာနေမှာ ပါ…ကိုသာပိုင်နဲ့နှမသားချင်းတစ်ယောက်အဖြစ် မဲတောက လူတွေကို အသိပေး ထားမှာပါ…အထူးလျှို့ဝှက်ထားရမှာကတော့ မငွေဖြူဟာ ကျုပ်နဲ့ ပတ်သက် တယ်ဆိုတာကို ဘယ်သူမှ မသိဖို့ပါပဲ…ကိုသာပိုင်တို့၊ ကိုညြ တို့ ပေးစရာရှိတဲ့ သတင်းတွေကို အရင်လို စခန်းထိ ခဏခဏတက်လာပြီးပေးဖို့မလိုတော့ပါဘူး…မ ကြာခင်လည်း စခန်းကို သင့်တော်တဲ့တနေရာမှာ အတည်တကျဖြစ်အောင် ပြောင်းကြတော့မှာမို့.ခင်ဗျားတို့ သတင်းပေးစရာရှိတာတွေကို..မဲတောက မငွေ

ဖြူဆီကို အသာဝင်ထွက်ပြီး ပေးခဲ့ရုံပါပဲ...ကျုပ်က စနေနေ့ညတိုင်း မဲတောရွာထဲ တိတ်တိတ်ခိုးဝင်ပြီး မငွေဖြူအိမ်မှာ အိပ်ပါမယ်...အဲ့ဒီအခါကျ ခင်ဗျားတို့ ပေးတဲ့ သတင်းတွေကို မငွေဖြူက တဆင့် ကျုပ်ကို ပြောပြပါလိမ့်မယ်...သဘောပေါက်ကြလားဗျ”

စံဖဲက စကားအဆုံးတွင် မငွေဖြူ၏ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

စံဖဲ၏ သတင်းပေးကွန်ယက်ခေါင်းဆောင်များဖြစ်သော ကိုသာပိုင်နှင့် ငဩ တို့က ခေါင်းညိတ်ပြလိုက်ကြ၏။

“ကဲ..အခု တလတာ ကျုပ်တို့ ရသမျှ ငွေစာရင်းရှင်းတမ်းနဲ့ ဝေစုခွဲတာကို တော့..ကိုချစ်ကောင်းက စာရင်းအင်းနဲ့တကွ ရှင်းလင်းပေးအပ်ပါလိမ့်မယ်..ကဲ..ဒီတော့ ကိုသာပိုင် ခင်ဗျားက ခုပဲ မငွေဖြူကို မဲတောကို ခေါ်သွား...နွားလှည်းပေါ်မှာ အိမ်ထောင်ပစ္စည်းအသစ်တွေ တင်ထားပြီးသား..လိုအပ်တာခင်ဗျားအကုန် လုပ်ပေးလိုက်ပါ.. ခင်ဗျားဝေစုအတွက် ကံကြီးမောင်ကို ကျုပ်တို့ ပေးထားလိုက်ပါ့မယ်”

စံဖဲ စကားအဆုံးတွင် ချစ်ကောင်းက ဓါးပြတိုက်ရာမှာ ငွေများ၊ လက်ဝတ်ရတနာရောင်းရငွေများကို အထုတ်ဖြင့် ထုတ်လာသည်။ လက်ထဲတွင်လည်း စာရင်းဇယားဆွဲထားသည့် စာရွက်တစ်ထပ်နှင့်။

“ကဲ...ကိုသာပိုင်..မငွေဖြူကို ခေါ်သွားလိုက်တော့”

မငွေဖြူက စံဖဲ ဘေးမှ ထလိုက်သည်။ စံဖဲက လက်ကလေးကို ဆုပ်ကိုင်လိုက်၏။

“စနေ ညမှနော်..မငွေဖြူ”

.................................................................................................................

မိတ္ထီလာမြို့၊ အရေးပိုင်ရုံးမျက်စောင်းထိုးရှိ အိုင်စီအက်စ်အင်ဒီယန်းဘားမား ကလပ်။

အရှိန်ဖြင့် ပြေးလာသော ဘိလိယက်ကျူဘောအဖြူသည် တွင်းဝမှ အနီသီးကို မရောက်မီ ရှေ့တွင်ခံနေသော အနက်သီးကို ပွတ်ကာ ချော်ထွက်သွားတော့၏။

စီအိုင်ဒီစုံထောက် ဦးသန့် က ကျူတံကို ကြမ်းပြင်သို့ စောင့်ချကာ တောက် တချက်ခေါက်လိုက်သည်။

“ဟား..ဟား..ဒါကြောင့် ပြောတာပေါ့ဗျ..ခင်ဗျားတို့ အစိုးရမင်းမှုထမ်းတွေများ အရာရာကို နှေးပါတယ်လို့..အစောကတည်းက ရှေ့က ဘောကို ခပ်မြန်မြန် ဖယ်ထားလိုက်ရမှာကိုး”

ဝမ်းတွင်းမြို့မှ နာမည်ကျော် အမိန့်တော်ရရှေ့နေကြီး ဦးရွှေဖျိုင်းက ကျူတံကို ချော့ဖြင့် သုတ်နေရင်းမှ ရယ်သွမ်းသွေးလိုက်၏။

ဦးရွှေဖျိုင်း ၏ ထိုးချက်က အမှတ်ရသွားလေပြီ။

“ကျုပ်ပြောတာကို စိတ်မဆိုးနဲ့ဗျ..စုံထောက်ကြီးရ....အခု သာစည်က စံဖဲကိစ္စပဲ ကြည့်...ခင်ဗျားတို့ အစိုးရမင်းများ ကိုင်တွယ်ပုံ ကျုပ်ဖြင့် အားမရလိုက်တာ ဗျာ..နေဘ့..မဟုတ်လား..စာရေးတော်မင်းလေးရဲ့”

ခုံတန်းရှည်တွင် ထိုင်ကာ ကော်ဖီသောက်နေသော မိတ္ထီလာအရေးပိုင်ရုံစာရေး ကိုသက်ထွန်းက ကော်ဖီခွက်ကိုချကာ ပြုံးပြလိုက်သည်။

“နေပါဦး..အစိုးရကို အားမရရင်..ခင်ဗျားတို့ကိုယ်တိုင် ဆင်းဖမ်းပေါ့ဗျ...ငွေ ငါးထောင် တောင်ရမှာပဲကိုး”

ဦးသန့်က ခပ်ရွဲ့ရွဲ့ပြောလိုက်၏။

“ဒါပေါ့ဗျာ..ခင်ဗျားပြောတာတောင် နောက်ကျသေး..ဟော့ဒီက ကိုသက်ထွန်းနဲ့ ကျုပ်က အဲ့ဒီ လူဆိုးစံဖဲကို ကိုယ်တိုင်သွားဖမ်းကြဖို့ စီစဉ်ပြီးသွားပြီဗျ”

ဦးရွှေဖျိုင်းစကားကြောင့် ဦးသန့် က မျက်ခုံးကို တွန့်လိုက်သည်။

“ခင်ဗျားတို့ တကယ်ပြောနေတာလား..စံဖဲ ဘယ်မှာရှိနေလဲဆိုတာ ကျုပ်တို့ တောင် မနည်းခြေရာခံနေရတာ”

“ဟင်း..ဟင်း...ကိုသက်ထွန်းဆီမှာ ခိုင်မာတဲ့သတင်းပေးရှိတယ်ဗျ..စံဖဲ သေချာပေါက်လာမယ့်နေရာတစ်ခုရှိနေတယ်..မကြာခင်..ရွှေဖျိုင်းက စံဖဲကို

ဘယ်လို ပစ်ပြီး ဖမ်းလိုက်လဲဆိုတာ..စီအိုင်ဒီ စုံထောက်မင်း နားစွင့်နေပေတော့ဗျို့”

“မဟုတ်သေးဘူးထင်တယ်..ကိုရွှေဗျိုင်းရဲ့...ခင်ဗျားမှာ သတင်းရှိနေရင် ကျုပ်တို့ အစိုးရဘက်ကိုလည်း ပေးသင့်တယ်...မဟုတ်ရင် သတင်းထိန်ချုပ်မှုက ပြစ်မှုမြောက်တယ်ဗျ”

ဦးရွှေဗျိုင်းက ရယ်လိုက်သည်။

“ကျုပ်က ဝတ်လုံတော်ရဘွဲ့ကို ကလကတ္တားက ယူလာတာဗျ..စုံထောက်မင်းရဲ့..ဒီဥပဒေတွေကို ကျုပ်သိပြီးသားပါ..ဒါပေမယ့်လည်း သိတဲ့အတိုင်း ကျုပ်မှာလည်း ဒီတလော အခက်အခဲလေးတွေရှိနေတော့...ငွေငါးထောင်က လိုတယ်လေဗျာ..အစိုးရပုလိပ်က စံဖဲကို မိရင် ကျုပ်ဘယ်က ငွေရတော့မလဲဗျ..အိုဗျာ..ဘယ်လိုနေနေ..ခင်ဗျားတို့ ပုလိပ်က မပင်ပန်းပဲ..ကျုပ်က စံဖဲကို နှိမ်နင်းပေးမှာ တယ်မကောင်းဘူးလား..ကိုယ့်ဆရာရဲ့”

ဦးရွှေဗျိုင်းသည် မကြာခင်ကမှ မယားငယ်ငယ်လေးတစ်ယောက် ထပ်ယူထားပြီး မယားလေးအား အိမ်ဝယ်ပေးရန်အတွက် ငွေလိုနေသူပင်။ စာရေးကိုသက်ထွန်းကလည်း သူ့ဇနီး မပု က အိမ်ပြင်ဆောက်ရန် ပူဆာသဖြင့် ငွေလိုနေသူ။

ငွေမျက်နှာဖြင့် စံဖဲအား ဖမ်းကြမည့် သူတို့ကိုကြည့်ကာ စုံထောက်ဦးသန့်က ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက်ပြီး ဘိလိယက်ပွဲကိုသာ အာရုံစိုက်ထားလိုက်သည်။

..................................................................................................................................

၁၉၂၇ မေလ ၅ ရက်နေ့။ ကြာသပတေးနေ့။

တည်လက်စ ထမင်းအိုးဘေးတွင် ကျည်ပွေ့တစ်လုံးဖြင့် ခရမ်းချဉ်သီးထောင်းနေသော စံဖဲနှင့် ကံကြီးမောင် အနားသို့ ချစ်ကောင်း ရောက်လာသည်။

“စံဖဲ...ငသြ ရောက်နေတယ်...အရေးကြီးသတင်းပါလို့တဲ့”

“ရော်..ဒီလူတွေ..စခန်းကို ခဏခဏ မလာပါနဲ့ဆိုတာကို”

"အခုဟာက အတော်အရေးကြီးလို့တဲ့ကွ..ဟော့..ငြေ လာခဲ့ကွာ"

မြယာပင်ကြီးအောက်ရှိ ရေအိုးစင်တွင် ရေခပ်သောက်နေသော ငြေ က စံဖဲအနီး ငုတ်တုပ်ထိုင်ချလိုက်သည်။

"ကဲ..ကိုငြေ..ဘာထူးသလဲပြော"

"ထူးတယ်....သာဂရက ကံစ ကိုသိတယ်မဟုတ်လား....သူ့ အကိုဝမ်းကွဲက မိတ္ထီလာအရေးပိုင်ရုံးက စာရေးသက်ထွန်းတဲ့...သက်ထွန်းရယ်၊သူ့မယားရယ်၊ နောက် ဝမ်းတွင်းက အမိန့်တော်ရရှေ့နေ ဦးရွှေဗျိုင်းဆိုတာလည်း ပါလာတယ်"

"သူတို့ဟာ သူတို့လာတာ ဘာဖြစ်တုန်းဗျ"

"ဒီလိုဗျ...စာရေးကိုသက်ထွန်းက မိတ္ထီလာမှာ အိမ်ဆောက်ဖို့ သစ်လာဝယ်တာ လို့..ပြောတယ်..သူ့မယား မပုက. ကျုပ် သူငယ်ချင်း သစ်ပွဲစား မြနီ ဆီက သစ် ဝယ်ဖို့ တန်တွေတောင် တွက်နေတာ...အဲ..ဒါပေမယ့်..ခုတော့ငွေမချေနိုင်သေးဘူး တဲ့...ငွေဘယ်တော့ချေမှာလဲဆိုတော့...သူ့လင်နဲ့ ပါလာတဲ့ ရှေ့နေဆိုတဲ့လူက ဗိုလ် စံဖဲကို အသေပစ်ဖမ်းပြီး စုငွေငါးထောင်ထုတ်ကြမှာတဲ့...အဲ့ဒီလိုပြောသတဲ့"

"ဘာ..ကျုပ်ကို ဖမ်းပြီးသတ်မယ်.."

စံဖဲက ခရမ်းချဉ်သီးထောင်းထဲ ဆားနည်းနည်းထည့်ရင်းက မေးလိုက်သည်။

"ဒါနဲ့ ကျုပ်လည်း စုံစမ်းကြည့်တော့...သူတို့မှာ လိုင်စင်ခံကိုင်ထားတဲ့ ပြောင်းရှည် သေနတ်နှစ်လက်နဲ့ ကျည်တွေလည်းပါလာတယ်..ပြီးတော့..ညောင်တိုရွာက သိုင်း ဆရာသူကြီးကျော်ဒွန်းရဲ့ တပည့် သိုင်းသမားနှစ်ယောက်လည်း ခေါ်ထား သတဲ့....အဲ့ဒီနှစ်ကောင်ကို အရက်တိုက်ပြီး နည်းနည်းအစ်ကြည့်တော့.. ဗိုလ်စံဖဲ ဟာ စနေနေ့ ညတိုင်း သူ့မယားပုန်းရှိတဲ့ မဲတောက အိမ်ကို လာတတ်တာ သတင်းရလို့..စနေနေ့ညမှာ မဲတောမှာခိုပြီး ပိတ်ဖမ်းကြမှာတဲ့လေ"

စံဖဲက ထောင်းလက်စကို ရပ်လိုက်၏။ ဆုံနှုတ်ခမ်းတွင် ပေနေသော ခရမ်းချဉ်သီး ထောင်းနည်းနည်းကို လက်ဖြင့် သပ်ကာ လျက်လိုက်သည်။

"အခု..အဲ့ဒီကောင်တွေ...သာဂရမှာပဲလား"

"ဟုတ်တယ်..ကံစအိမ်မှာ စခန်းချနေကြတယ်"

"ကဲ..သူတို့က ကျုပ်ကိုတွေ့ချင်တာဆိုတော့..ဒီည သွားတွေ့ကြတာပေါ့..ကိုချစ်ကောင်း..အားလုံး အသင့်ပြင်ခိုင်းလိုက်"

........................................................................................................................................

"ဒါက...မဲတောရွာ အရှေ့မြောက်ဘက် ဝင်ပေါက်။ စံဖဲက လာရင် ဒီအပေါက် မဝင်ပဲ..အနောက်မြောက်ဘက် မလွယ်ပေါက်ကပဲ ဝင်တတ်တယ်။ ကိုသက်ထွန်းနဲ့...သိုင်းသမားတစ်ယောက်က ဒီအပေါက်မှာ ကင်းပုန်းစောင့်နေ... ကျုပ်နဲ့နောက်တယောက်က သူ့မယားအိမ် နား မှာ အသာဝပ်နေမယ်...ကျုပ်က အပိုင်ပစ်ပြီဆိုတာနဲ့ ခင်ဗျားတို့ က တက်လာခဲ့လိုက်တော့...ကံစက ခါးရှည်နဲ့ ရွာဝင်ပေါက်မှာ စောင့်...သေနတ်ထိပြီး.လွတ်ထွက်လာရင်..ခုတ်သင့်ရင်ခုတ်ဖို့.."

မြေပုံဆွဲထားသော စာရွက်လိပ်ကြီးကို ဖြန့်ခင်းကာ မီးအိမ်အလင်းရောင်အောင် ဗျူဟာဆွဲနေသော အမိန့်တော်ရရှေ့နေကြီး ဦးရွှေဗျိုင်း။

သူ့ပတ်ချာလည်တွင် စာရေးကိုသက်ထွန်း၊ ကိုကံစ၊ ညောင်တိုရွာမှ သိုင်းသမားနှစ်ဦး။

"ကံစရေ...ကံစ"

အောက်ဖက်မှ အသံကြောင့် ဦးရွှေဗျိုင်းက ခေါင်းထောင်ကြည့်လိုက်သည်။

"ဟော့..ဘယ်သူလဲကွ"

"မင်းအိမ်မှာ မြို့ကဧည့်သည်ရောက်တယ်ကြားလို့ ဟင်းလာပို့တာ..ယောက်ဖရ"

"ဟေ..ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

ကံစက မီးအိမ်ကို ဖြုတ်ကာ တံခါးဝသို့ လျှောက်လာလိုက်သည်။

"ဒိုင်း"

စံဖဲ လက်ထဲမှ ငါးချက်ထိုး မောင်းပြန်ဝင်ချက်စတာသေနတ် ပြင်းအားကြောင့် ကံစ အနောက်သို့ လွင့်ထွက်သွားသည်။

“ငါ စံဖဲ ပဲကွ”

အသံကြားသည်နှင့် သိုင်းသမားနှစ်ဦးမှာ လှစ်ခနဲ ခုန်ကာ ပြတင်းပေါက်မှ ထွက်ပြေးသည်။

အောက်ဘက်တွင် စောင့်နေသော ငနီ၊ ငလှေကြီး၊ ဖိုးလွှာ၊ချစ်တုတ်၊ တို့က လှံဖြင့် ထိုးသူထိုး၊ ဓါးဖြင့် ခုတ်သူခုတ်ကြဖြင့် သိုင်းကွက်ပင် မခင်းနိုင်ပဲ သွေးအိုင်ထဲ လဲသွားကြ၏။

ဦးရွှေဖျိုင်းနှင့် ကိုသက်ထွန်းတို့မှာ ငုတ်တုတ်ကလေး။

“ဘယ်သူလဲ..ရွှေဖျိုင်းဆိုတာ”

ကိုသက်ထွန်းက ဦ ီးရွှေဖျိုင်းကို ကြည့်လိုက်၏။

ဦးရွှေဖျိုင်းကလည်း နဘေးတွင် ထောင်ထားသော နှစ်လုံးပြူးသေနတ်ကို ကောက်ဆွဲသည်။

“ဒိုင်း”

ဦးရွှေဖျိုင်းမှာ လွင့်ထွက်သွားပြီး အိမ်ခန်းထရံကိုပါ ခန္ဓာကိုယ်ကြီး ကျွံဝင်သွား၏။

“ကျွန်တော့်ကို မသတ်ပါနဲ့..အသက်ကို ချမ်းသာပေးပါ..ခင်ဗျာ”

ကိုသက်ထွန်းက စံဖဲကို ကုန်းရှိခိုးသည်။

ထိုအချိန်တွင် ဘေးဖက်မှ ဓါးမကိုင်ထားသောအမျိုးသမီးတစ်ဦးပြေးဝင်လာ၏။ ကိုသက်ထွန်း၏ ဇနီး မပု။

“ဒိုင်း”

အဖွဲ့ထဲတွင် အငယ်ဆုံးဖြစ်သော ထွန်းလူက ပစ်ထည့်လိုက်သဖြင့် မပုမှာ ခွေခနဲ။

“ကံကြီးမောင်နှင့် လွန်းပင် ဒီကောင်တွေ သေနတ်တွေယူစမ်း..ကျည်တွေပါ အကုန်သိမ်း”

“နှမလိုး..ဖယ်စမ်း..ဖောင်း”

ကံကြီးမောင်က သူ့ထုံးစံအတိုင်း ကိုသက်ထွန်းကို နားရင်းအုပ်သည်။

ထို့နောက် သေနတ်နှစ်လက်နှင့် ကျည်များကို သိမ်းကြ၏။

"စံဖဲကို အသေဖမ်းမယ်ဟုတ်လား...ဟေ့လူ"

စံဖဲက ခေါင်းကို ဝပ်ကာ တုန်နေသော ကိုသက်ထွန်းကို သေနတ်နှင့် ထိုးကာ မေးလိုက်၏။

"မိုက်မိပါတယ်..ခင်ဗျာ..မှားမိပါတယ်"

"စံဖဲကို ဖမ်းမယ်ဆိုပြီး လာပြီးမှတော့ ဒီတိုင်း ပြန်သွားလို့ ဘယ်ကောင်းမလဲဗျ..တခုခုတော့ ယူသွားမှပေါ့..ရော့"

"ဒိုင်း"

ကိုသက်ထွန်း၏ ပေါင်ရင်းကို သေနတ်ပြောင်းဖြင့် တေ့ကာ ပစ်လိုက်သဖြင့် သွေးစများနှင့် အရိုးစများမှာ ဖွာခနဲ။ ကြမ်းခင်းအောက်တွင် စောင့်နေကြသော ငနီတို့ ထံသို့ပင် သွေးများလာစင်သည်။

စံဖဲက သေနတ်ကို လွယ်ကာ အောက်သို့ ပြန်ဆင်းလာ၏။

သေဆုံးသွားသော အလောင်းများကြားတွင် စာရေးကြီး ကိုသက်ထွန်းမှာ ညည်းညူလျက်။

.............................................................................................................................

"ဒကာကြီး ပြောသလို  စစ်တုရင်ရဲ့ မြင်းကွက်၊ ဆင်ကွက်၊ မင်းကြီးကွက်တွေကနေ သိုင်းကွက်တွေဖြစ်လာတယ်ဆိုတာကို ကျုပ် ကြားဖူးပြီးသားပါ..ဒါပေမယ့်..အဲ့ဒါ အကွက်ခင်းကစားတဲ့ သိုင်းမှာပဲ ရှိမယ်..သမားဂုဏ်ပြအကွက်ဖျောက်ပြီဆိုရင်ဖြင့် ဒါဟာ သုံးပုံဖဲ ကစားသလိုပါပဲ...(၁၆)ကွက်ကို ထိပ်စည်း ၄ ကွက်ဖျောက်ပြီး ၁၂ ကွက်ဆော့တာမျိုးကျ ဘယ့်နှယ့်ပြောမလဲ"

သိုင်းပညာကို ရှမ်းပြည်တခွင် လေ့လာလိုက်စားနေပါသည်ဆိုသော ဆယ့်ခြောက်နှစ်အရွယ် ကိုရင်က ဆရာလာလုပ်ခြင်းဖြစ်သဖြင့် သိုင်းဆရာလည်းဖြစ် ဩောင်တိုရွာ၏ သူကြီးလည်းဖြစ်သူ ဦးကျော်ဒွန်းမှာ အနည်းငယ်မျှ ကျွဲမြီးတိုသွား၏။

"ဒီမယ်..ကိုရင်..ကိုရင် သိုင်းပညာကို လိုက်စားတာ...ဘယ်နှစ်နှစ်ရှိဦးမလဲ...ဆရာကြီးဦးရွှေမောင်း လွှတ်လိုက်တယ်ဆိုလို့သာ ကျုပ်က သည်းညည်းခံနေတာ"

"ဒေါက်..ဂလောက်"

ထိုအချိန်တွင် သူတို့ထိုင်နေသည့် ရှေ့သို့ အိမ်ရှေ့မှ စာလိပ်ထားသော ခဲလုံးတစ်လုံး ပစ်သွင်းသွား၏။

ဦးကျော်ဒွန်းက စာကို သွားကောက်ကာ ဖတ်လိုက်သည်။ ထို့နောက် မျက်စိပျက်မျက်နှာပျက်ဖြင့် ဇနီးဖြစ်သူကို အော်ခေါ်တော့၏။

"ကဲ..ကိုရင်လည်း ကြွတော့...ကျုပ်တို့တော့ ဒုက္ခကြီးပြီ"

"ဘာများဖြစ်တာလဲဗျ"

"စံဖဲ ကျုပ်ကို သတ်ဖို့လာနေပြီတဲ့....ခုပဲ လာနေတာတဲ့"

"စံဖဲ ဆိုတာက ဘယ်သူတုန်း"

"တောပုန်းစံဖဲဆိုတာ မကြားဖူးဘူးလား..ဒီလောက်သတင်းစာမှာ နာမည်ကြီးနေတာ"

"သူက ခင်ဗျားကို ဘာလို့ ဒုက္ခပေးမှာလဲ"

"လွန်ခဲ့တဲ့ တပတ်က...မောင်းမဆည်သူကြီးက လူဆိုးတစ်ယောက်ဖမ်းဖို့ ရှိလို့ ကျုပ်တပည့်နှစ်ယောက်ကို ခဏ အကူပေးပါဆိုလို့...ပေးလိုက်မိတယ်..အဲ့ဒါ သူတို့သွားဖမ်းမှာက စံဖဲ ဖြစ်နေတယ်...အခု စံဖဲက ကျုပ်တပည့်နှစ်ယောက်ကိုလည်း သတ်သွားပြီတဲ့..အခု ကျုပ်တို့ ဆီ ဒီကောင်လာနေပြီ..ကဲ..ကိုရင်လေး..မြန်မြန်ကြွတော့..ကျုပ်တို့လည်းပြေးရတော့မယ်"

ထိုအချိန်တွင် သူကြီးကတော်ရှင်မယ်တုတ်က ဘုရားစင်ပေါ်ရှိ ကြေးဘုရားများနှင့် မံဘုရားများကိုသိမ်းဆည်းရန် လုပ်နေသည်။

မံဘုရားဆိုသည်မှာ ရွှံ့စေးဖြင့်လုပ်ထားသည့် ဘုရားဆင်းတုပုံစံပေါ်တွင် အဝတ်စများကို ကပ်လိုက်ပြီး သစ်စေးသုပ်လိမ်းကာ သစ်စေးခြောက်သည့်အခါ အထဲမှ ရွှံ့

ကိုထုတ် ဆေးချယ်ထားသည့် အခေါင်းပေါက်ပါသော ဘုရားဆင်းတုတော်များ ဖြစ်၏။

“ရှင်တုတ်ရယ်..ဘာလို့ ဒါတွေသယ်နေမတုန်း...လူ့အသက်က အရေးကြီးတယ်”

“မသယ်လို့ ရမလားတော့..သယ်ရမှာပေါ့”

“လက်ဝတ်လက်စားရွှေငွေ ဆိုတာ ပြန်ရှာလို့ရပါတယ်ဟာ...လူ့အသက်က အရေးကြီးတာ..နင့်သမီးတွေခေါ်စမ်း..ဟိုကောင် အောင်မောင်းတို့ကို လှည်းပြင်ခိုင်း.ပြေးကြစို့”

ကိုရင်လေးက သူတို့အဖြစ်ကို ကြည့်ကာ သဘောပေါက်လိုက်၏။

“ဒကာမကြီးတို့ ပိုင်တဲ့ ရွှေငွေတွေ အဲ့ဒီမံဘုရားတွေထဲ ဝှက်ထားတာလား”

ဦးကျော်ဒွန်းက ခေါင်းညိတ်ပြသည်။

“ဒကာကြီး စိတ်အေးအေးထား..ကျုပ်သာခါးပြဆို ခင်ဗျားတို့လက်ထဲ အဲ့ဒီမံဘုရားတွေတွေ့ရင်..ဘာလဲဆိုတာ စစ်ကြည့်မှာပဲ..ဒီတော့မှ ပစ္စည်းတွေကုန်မှာ..ကဲ...အဲ့ဒီပစ္စည်းတွေ ဘေးမသီရန်မခပဲ ခင်ဗျားရမယ်ဆို ကျုပ်လိုချင်တာပေးမလား..ဒကာကြီး”

“ပေးမယ်..ကိုရင်လေးရာ..ဘာဖြစ်ဖြစ်ပေးမယ်..ကိုရင်လေးက ဗိုလ်စံဖဲ နဲ့ သိလို့လား”

“သိစရာမလိုပါဘူး...ဒကာကြီးသာ ကတိပေး”

“ပေးတယ်”

“ဒါဆို...ဒကာကြီးဆီမှာ ရှိတယ်ဆိုတဲ့ ကုန်းဘောင်ခေတ်က ပြင်သစ်စစ်ဗိုလ်မီလပ်စ်ရဲ့ စိန်တစ်လုံးမြုပ်ထားတယ်ဆိုတဲ့ ဓါးမြှောင်ကို ကျုပ်အလှူခံမယ်”

“လှူမယ်...ဒီပစ္စည်းတွေသာ မထိမခိုက်ရင်ပြီးရော”

“ကဲ..ဒါဆိုလည်း ပြေးကြတော့...ဒီပစ္စည်းတွေ ကိုရင့် တာဝန်ထား”

ဦးကျော်ဒွန်းတို့ မိသားစု လည်း လှည်းများပေါ်သို့ တက်ကာ ခပ်သုတ်သုတ်ထွက်သွားကြတော့၏။

............................................................................................................................

"သူ့တပည့်တွေက သိုင်းသမားတွေနော်..သိပ်အတင့်မရဲနဲ့..ဗိုလ်စံဖဲ"

အဖွဲ့ထဲတွင် သတ္တိအရှိဆုံးဖြစ်သည့် ကံကြီးမောင်၏ သတိပေးသံကြောင့် ကျန်သူများပင် တွန့်သွားကြ၏။

စံဖဲက ခပ်အေးအေးပင် သေနတ်ကို မောင်းတင်လျက် အိမ်ပေါ်သို့ တလှမ်းချင်း တက်လိုက်သည်။

သူကြီးအိမ်ကား တိတ်ဆိတ်နေ၏။

ဘုရားစင်ပေါ်ရှိ ဆီမီးမှလွဲပြီး အလင်းရောင်မရှိ။

ဆီမီးရောင်အောက်တွင် ခေါင်းတုံးပြောင်ပြောင်နှင့် သင်္ကန်းဝတ်တစ်ဦး။

"ဒကာကြီး...ဗိုလ်စံဖဲလား"

စံဖဲက သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"သူကြီးကျော်ဒွန်း ဘယ်မလဲ"

"ပြေးကြပြီ..ဒကာကြီး"

"ကိုရင်က ဘယ်သူလဲ"

"ကျုပ်က စလေစာသင်တိုက်ကြီးက ကိုရင် ကိုပညာပဲ..လူနာမည်က မောင်ကလေးတဲ့..မန်းလေး..ပေါက်ကရိုရပ် သားပါ..ဒကာ"

# အခန်း ( ၁၅ )

"ကိုရင်က သူတို့အမျိုးလား"

ကိုရင်ပညာ က ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး....ကျုပ်က သိုင်းပညာကို လိုက်သင်ယူနေတဲ့လူပါ..ပြီးတော့ ရှေးဟောင်းပစ္စည်းတွေဆိုလည်း စိတ်ဝင်စားတယ်လေ...ဒီက ဒကာကြီးဦးကျော် ဒွန်းဆီကို ကျုပ်ဆရာကြီး ဦးရွှေမောင်းက လွှတ်လိုက်တာပါ...သူနဲ့ ရှမ်းကြီးသိုင်း ပညာကို ဆွေးနွေးဖို့ရောက်နေတာပါ"

စံဖဲက အသက်(၁၆)နှစ်အရွယ် ကိုရင်လေးကို တချက်ကြည့်ပြီး သေနတ်ပြောင်း ကို အောက်သို့ ချလိုက်သည်။

"ကဲ..ဒါဆိုလည်း..ကိုရင်လေး..မြန်မြန်သာကြွတော့"

"ကြွလို့မရသေးဘူး..ဒကာ"

"ဘာဖြစ်လို့လဲ"

"ဒီမယ်..ဘုရားစင်ပေါ်က ဘုရားတွေ တွေ့လား"

စံဖဲက ဘုရားစင်ပေါ်တွင် တန်းစီထားသော ဘုရားများကို ကြည့်လိုက်သည်။

"ဒါတွေဟာ ရွာဘုရားတည်တဲ့အခါ ဌာပနာဖို့ ဒကာကြီးဦးကျော်ဒွန်းစုဆောင်း ထားတဲ့ ဘုရားတွေလို သိရတယ်..ဒီတော့..ကိုရင့်အနေနဲ့ ဒီဘုရားတွေကို အလှူခံ ပါရစေ...ဒကာစံဖဲ အနေနဲ့ တအိမ်လုံးကို ကြိုက်တာလုပ်လို့ရပါတယ်..ဒီဘုရား တွေကိုတော့"

"ကဲ..ကျုပ်သဘောပေါက်ပြီ..အချိန်မရှိဘူး...ဟေ့ကောင်တွေ..ဒီဘုရားတွေကို မ ပြီး အိမ်ရှေ့ကွက်လပ်မှာ ပုံကြကွာ"

ကံကြီးမောင်၊ မောင်နီတို့ တက်လာပြီး ဘုရားဆင်းတုများ၊ ဘုရားကားချပ်များကို မ ကြသည်။

"ကဲ..ကိုရင် ဘုရားတွေ ဘေးလွတ်ပြီမို့ အိမ်ကို မီးရှို့မှာ..မီးထဲ မပါချင်ရင် မြန်မြန်ကြွ"

ကိုရင်ပညာ က ပြုံးလိုက်သည်။

"ဒါနဲ့ ဒကာကြီး က ဦးကျော်ဒွန်းကို ဘာလို့ရန်ရှာချင်ရတာလဲ"

"ကျုပ်ကို ဖမ်းမယ့်လူတွေကို ကျုပ်အကြောင်း သတင်းပေးတာ ဒီလူလို့ သိရတယ်...ကျုပ်ကိုဖမ်းမယ့်လူတွေနဲ့အတူ..ဦးကျော်ဒွန်းတပည့်တွေလည်းပါလာတယ်လေ...ကျုပ်ကို ထိခိုက်လာရင်တော့ ရှင်းရမှာပဲ..ကိုရင်"

"ဒကာကြီး စဉ်းစားကြည့်ပါဦး..ဒကာကြီးအကြောင်းကို ဦးကျော်ဒွန်းက ဘယ်လောက်သိမှာမို့လဲဗျ...ဒကာကြီး အကြောင်း သတင်းပေးတယ်ဆိုတာက ဒကာကြီးရှိနေမယ့်နေရာကို သိမယ့်လူပဲ ဖြစ်နိုင်တယ်မဟုတ်ဘူးလား..ကျုပ်ကို ဦးကျော်ဒွန်းပြောသွားတာတော့..သူ့လူတွေကို မောင်းမဆည်ရွာသူကြီးက အကူအညီတောင်းလို့ ပေးလိုက်တာတဲ့"

ကိုရင်လေးစကားကြောင့် စံဖဲ တွေဝေသွားသည်။

"နောက်တခုက ဒကာကြီး ဒီအိမ်ပေါ်တက်မယ်ဆိုတော့ ဒကာကြီး တစ်ယောက်တည်းတက်လာတာနော်..ပြီးတော့ ကိုရင်ကြားလိုက်ပါသေးတယ်...ဗိုလ်စံဖဲ သတိထား...သူ့တပည့်တွေက သိုင်းတတ်တယ်ဆိုလားပဲ..ဒကာကြီး လူတွေကြည့်ရတာ..ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက် ပျောက်နေပါကောလား"

ကိုရင်လေးစကားကို စံဖဲ စိတ်ဝင်စားသွား၏။

"ရော့...ဒီစာရွက်က နတ်တင်တဲ့စာရွက်..ရှေးဓါးပြကြီးတွေ၊ သူခိုးကြီးတွေက ပွဲစခါနီးမှာ တောင်ချမ်းသာအရှင်မတို့ နတ်တင်လေ့ရှိကြတယ်...တောင်ချမ်းသာအရှင်မဆိုတာ..သူခိုး၊ဓါးပြ၊လူဆိုးတွေကို စောင့်ရှောက်သတဲ့လေ"

"ကျုပ်က ဘိုကျောင်းသားပါ..ကိုရင်လေး..အဲ့ဒါတွေ အယုံအကြည်မရှိဘူး"

"ဒကာကြီး ယုံဖို့မလိုဘူး...ဒကာကြီး တပည့်တွေက ငါတို့ကို နတ်တွေ က စောင့်ရှောက်တယ်ဆိုတာမျိုး ယုံဖို့လိုတယ်...အဓိက စိတ်ပဲ"

ဆယ်ကျော်သက်ထိုကိုရင်ထိုးထည့်ပေးသည့် စာရွက်ကို ကိုင်ရင်း စံဖဲက တအံ့တသြဖြစ်နေသည်။

"ဒီကိုရင်က တမျိုးပဲ... ဘယ်နှယ့်ပါလိမ့်"

ထိုအချိန်တွင် ကိုရင်လေးက စံဖဲဘေးမှာ ဖြတ်ကာ အောက်ဆင်းသွား၏။

စံဖဲက လည်း နောက်မှ ဆင်းလာသည်။

"ဒကာကြီးနေရာမှာ ကျုပ်ဆို ဘယ်သူ့ကိုမှ ယုံဘူးဗျ"

ကိုရင်ပညာက နောက်သို့လှည့်ကာ စံဖဲအား ခပ်တိုးတိုးပြောလိုက်ခြင်း။

ခဏအကြာတွင် မြင်းခွာသံများနှင့်အတူ စံဖဲတို့ အဖွဲ့ ပြန်လည်ထွက်ခွာသွားကြသည်။

မီးဟုန်းဟုန်းတောက်နေသော အိမ်ကြီးရှေ့တွင် ဘုရားဆင်းတုများ၊ ကားချပ်များနှင့်အတူ မတ်တပ်ရပ်နေသည့် ကိုရင်ပညာ။

ဦးကျော်ဒွန်းနှင့် ဇနီးက အူလျားဖားလျားရောက်လာကြသည်။

"ကဲ..ဒီမှာ ဘုရားဆင်းတုတော်တွေပဲ..ဒကာကြီး...ကတိအတိုင်း..ဒကာကြီးရဲ့..စိန်ဓါးမြှောင်သာ ကျုပ်ကို လှူပါတော့"

...................................................................................................................
........

"မဲတောရွာကို စနေနေ့ညတိုင်း ကျုပ်ပြန်လာမယ်ဆိုတဲ့ သတင်းကို သိတာ..ဒီလူတွေပဲရှိတယ်...ဒီသတင်းဟာ ရှေ့နေရွှေဗိုင်းတို့၊ သက်ထွန်းတို့ဆီ ဘယ်လိုရောက်သွားသလဲ...ပြီးတော့"

စံဖဲက စကားကိုမဆက်သေးပဲ သူ့ရှေ့မှ အဖွဲ့သားများ၏ မျက်နှာကို တယောက်ချင်းစီ ကြည့်လိုက်၏။

"ကိုသာပိုင်"

စံဖဲအသံကြောင့် ကိုသာပိုင်မှာ တုန်ခနဲဖြစ်သွားသည်။

“ခင်ဗျားကျုပ်ကို တခါစာယူလာပေးတုန်းက ပြောဖူးတယ်လေ..မောင်းမဆည် ရွာသူကြီးသား မင်းမောင် ဆီကဆိုပြီးတော့...ခင်ဗျားနဲ့ အဲ့ဒီမင်းမောင်နဲ့ ဘယ်လို အဆက်အသွယ်ရှိနေလဲ”

ကိုသာပိုင်က ခေါင်းငုံ့သွားသည်။

“ဟော့လူ..”

စံဖဲက ကိုသာပိုင်နားသို့ လျှောက်သွားကာ အင်္ကျီစကိုစောင့်ဆွဲလိုက်သည်။

“ဗိုလ်..ဗိုလ်စံဖဲ..ကျုပ်..တောင်းပန်ပါတယ်...ရှင်းပြပါ့မယ်”

“ပြော”

“မင်းမောင် နဲ့ ကျုပ် သိတာကြာပါပြီ...မင်းမောင်က ဗိုလ်စံဖဲကို လေးစားနေသူ ပါ..ကျုပ်ကိုလည်း တွေ့တိုင်း အရက်တိုက်တယ်..ကျွေးမွေးဧည့်ခံပြီး ဗိုလ်စံဖဲ အဖွဲ့ ထဲ ဝင်ချင်ကြောင်း အမြဲပြောပါတယ်..စခန်းကိုလည်း သူလိုက်ချင်ကြောင်းပြောပါ တယ်..တရက်တော့ အရမ်းရှိကျတာနဲ့..စခန်းတော့ ငါမခေါ်သွားရဲဘူး..မင်း ဗိုလ် စံဖဲကို တိုက်ရိုက်တွေ့ချင်ရင်..စနေနေ့ညတိုင်း မဲတောရွာကို..ဗိုလ်စံဖဲ..လာ..လာ”

“ဖြောင်း..ဖြောင်း”

စံဖဲ ဒေါသကို ထိန်းမနိုင်တော့။ ကိုသာပိုင်၏ မျက်နှာကို ဆင့်ကာ ဆင့်ကာရိုက် လိုက်သည်။

“ဟော့..စံဖဲ..တော်တော့”

ကိုချစ်ကောင်းက စံဖဲ၏ လက်ကို ဆွဲကာ တားထားလိုက်သည်။

“ခင်ဗျားလုပ်တာ..ကျုပ်တင်မဟုတ်ဘူး..ဘာမှမဆိုင်တဲ့...ငွေဖြူပါ ဒုက္ခရောက် မယ့်ပြဿနာ..ခင်ဗျားသိလား....ကျုပ်ရှေ့က ထွက်သွား..ခင်ဗျား..ကျုပ်အဖွဲ့မှာ ပါဝင်စရာမလိုတော့ဘူး..သွား..ကံကြီးမောင် မင်းဦးလေး..မအေလိုးကို ငါ့ရှေ့က ခေါ်သွားတော့..ကြာရင် ဒီကောင့်ကို ငါသတ်မိမယ်”

“စံဖဲ...မင်းဒီလိုမလုပ်ရဘူးလေကွာ..မောင်နီ..သူ့ကို ခေါ်သွား..ခေါ်သွား”

ချစ်ကောင်းက မောင်နီကို လှမ်းခေါ်သည်။ မောင်နီက စံဖဲကို ဆွဲကာ အနောက်ဘက်သို့ ခေါ်သွား၏။

“ကိုသာပိုင်...စံဖဲက ခင်ဗျားကို ရုတ်တရက်ဒေါသထွက်သွားလို့ပါ...ကျွန်တော်ခင်ဗျားကိုရော..အားလုံးကိုပါ.. စံဖဲ ကိုယ်စားတစ်ခုလောက်ပြောချင်ပါတယ်....ကျုပ်တို့ အလုပ်က သူများအသက်၊ ကိုယ့်အသက် ကြိုးတန်းပေါ် လျှောက်နေကြရတဲ့အလုပ်..တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှု၊ နှုတ်လုံမှု၊ အိုးစားဖက်စိတ်ထား..ဒါတွေလိုအပ်တယ်ဆိုတာ..ခင်ဗျားတို့ နားလည်စေချင်တယ်ဗျာ...နောင်ကို ကိုယ်နဲ့ ဘယ်လောက်ပဲရင်းနှီးရင်းနှီး လျှို့ဝှက်အပ်တဲ့ ကိစ္စ ကိုလေမပေါမိစေပါနဲ့”

ချစ်ကောင်းက ကိုသာပိုင်ကို တချက်ကြည့်လိုက်သည်။

“ကိုသာပိုင်....ခင်ဗျားကိုတော့ ကျုပ်တို့အဖွဲ့ထဲက မထွက်သွားစေချင်ပါဘူး..ဒါပေမယ့်...အခုဆို ခင်ဗျားဟာ ကျုပ်တို့နဲ့ အဝင်အထွက်အဆက်အသွယ်ရှိတယ်ဆိုတာကို မင်းမောင်ရော၊ ပုလိပ်ဘက်ကပါ သိနေလောက်ပြီ...ဒီတော့..ခင်ဗျား ကျုပ်တို့စခန်းကို လုံးဝမလာပါနဲ့တော့...ဒါဟာလည်း အဖွဲ့က ထုတ်တာမဟုတ်ပါဘူး..အချိန်အတိုင်းအတာကာလတစ်ခုအထိ...အဖွဲ့နဲ့ ခပ်ကင်းကင်းနေပေးဖို့ပါပဲ”

ကိုသာပိုင်က ခေါင်းငုံ့ထားရာမှ မော့လာ၏။

“ကျုပ်..နားလည်ပါတယ်”

“ကံကြီးမောင်...မင်းဦးလေးကို ရွာစပ်အထိ လိုက်ပို့လိုက်တော့”

..........................................................................................................

....

မိတ္ထီလာခရိုင်ရာဇဝတ်ဝန်ရုံးနှင့် အရေးပိုင်ရုံးတို့မှ ရောက်ရှိလာသော အမိန့်စာကိုကိုင်လျက် သာဂရရွာသူကြီး ဦးလာဘ မှာ ခါးကို ရို့ကိုင်းကာ မတ်တပ်ရပ်နေသည်။

ခုံတန်းတွင် ထိုင်နေသူက မိတ္ထီလာရာဇဝတ်ဝန် မစ္စတာရေးနိုး ၊ လက်ထောက်အရေးပိုင် မစ္စတာ အိတ်စ်ဂျေ ကရော့ဖို့ဒ် ။

မြင်းစီးပုလိပ်တပ်သား (၇၀)က ခေတ်မီသေနတ်များကိုယ်စီဖြင့် သူကြီးအိမ်ပတ်ချာလည် ဝန်းရံထား၏။

တောပုန်းစံဖဲ အရေးကိစ္စ ဒဏ်ရိုက်ရေးအဆိုက ဒိုင်အာခီဥပဒေပြုလွှတ်တော် အနိုင်ရခဲ့ပြီဖြစ်သဖြင့် ဘုရင်ခံအတိုင်ပင်ခံကောင်စီက ပြည်ထဲရေးဌာနကို လုပ်ပိုင်ခွင့်အပြည့်ပေးလိုက်ပြီဖြစ်သည်။

ပြည်ထဲရေးဌာနအနေဖြင့် ပြည်စောင့်တပ်နှင့် ညှိနှိုင်းကာ စံဖဲဖမ်းမိရေးအော်ပရေးရှင်းကို မစတင်မီ..စံဖဲနှင့် ပတ်သက်ခဲ့သည့် ကျေးရွာများကို အရေးယူမှုစတင်ခြင်းပင်။

ပထမဆုံး အရေးယူခံရမည့်ရွာမှာ စံဖဲ၏ လူဆိုးဘဝအစ..ရာဇဝတ်အုပ်ကိုညီမောင်အား ဓါးဖြင့် ခုတ်သတ်ခဲ့ရာ သာဂရရွာပင်။

ကျေးရွာအက်ဥပဒေပုဒ်မ (၁၃)အရ မိတ္ထီလာခရိုင်ဝန်ရှင်တော်မင်းကြီးအခွင့်အမိန့်နှင့် အရေးပိုင်မှ စံဖဲအား လွတ်မြောက်ရာတွင် ပူးပေါင်းပါဝင်မှု၊ ရာဇဝတ်သင့်သူကို မလွတ်ပြေးရအောင် စီမံပြုလုပ်သင့်သော်လည်း လစ်လပ်ပျက်ကွက်မှုတို့ဖြင့် သာဂရရွာသူရွာသားတို့အား ဒဏ်ငွေ ၆၆၅ ကျပ်ကို ဆယ်ရက်အတွင်း ပေးဆောင်စေခဲ့သည်။

၁၉၂၆ ခုနှစ် လွှတ်တော်စာရင်အရ အိမ်ခြေပေါင်း ၁၈၄ အိမ်ရှိသော သာဂရရွာလေးအတွက် ငွေ ၆၆၅ ကျပ်မှာ လွယ်လှသည်မဟုတ်။

သုံးတင်းဝင်ဆန်တအိတ် ၃ ကျပ်သာ ရှိသောခေတ်တွင် ဆန်အိတ် ၂၀၀ ကျော်ဖိုးခန့် ပေးရမည့်နှုန်း။

သာဂရရွာတစ်ရွာလုံး၏ ချမ်းသာသမျှမှာ ကျွဲ ၂၉ ကောင်၊ နွား ၄၃၂ ကောင်၊ ဆိတ်၊ ဝက်၊ကြက်၊ဘဲ ၂၈၁ ကောင်၊ လှည်း (၉၂)စီးသာ။

ထိုအထဲတွင်မှ ကျေးရွာသူကြီးနှင့် ကော်မတီဝင်များ၏ ဆွေမျိုးအိမ် (၆၂)အိမ်မှာ လွတ်ငြိမ်းခွင့်ရပြီး ကျန် ၁၂၂ အိမ်မှာ ဒဏ်ငွေဆောင်ရမည်ဖြစ်သည်။

ထို ၁၂၂ အိမ်အနက်မှ စံဖဲလွတ်ပြေးစဉ်က သူကြီးအိမ်ဝန်းတွင်ရှိနေသူများ၏ အိမ် ငါးအိမ်ကို ဒဏ်ငွေ (၁၅)ကျပ်စီ ရိုက်ပြီးး ကျန် ၁၁၇ အိမ်က ဒဏ်ငွေ ငါးကျပ်စီ

ပေးရမည်။

ချစ်ကောင်းနှင့်စံဖဲကို နွားပွဲသို့ ဖိတ်မိသော ကိုသက်ပိုင်မှာ ဒင်္ဂါးငွေ (၂၀) ရိုက်ခံ ရမည်ဖြစ်သည်။

တနေ့လုပ်အားခ တစ်မူး သာသာရှိသော ရွာသားများမှာ ဒင်္ဂါးငွေ ၅ ကျပ်ပေးရမည်ကိုပင် အနိုင်နိုင်။

တချို့ကလည်း စံဖဲကို ကျိန်ဆဲကြသည်။ အချို့ကလည်း ဒင်္ဂါးရိုက်ရေးအဆိုကို တင်သွင်းခဲ့သူ ဘုရင်ခံအတိုင်ပင်ခံကောင်စီမှ ဝမ်းတွင်းနယ်သား ရွှေစလွယ်ရ အမတ်မင်း ဦးငွေဟုန် ကို ကျိန်ဆဲကြ၏။

ဦးငွေဟုန်ကား ဝမ်းတွင်းနယ်၊ ဒိုင်းကောင်းကုန်းရွာဇာတိဖြစ်သည်။ သာယာဝတီနယ်ဝန်ထောက်အဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး ဗြိတိသျှဘုရင်မ၏ (Companion of the Indian Empire) ဘွဲ့တံဆိပ်ချီးမြှင့်ခံထားရသူလည်းဖြစ်သည်။

ဦးငွေဟုန် ၏ သမီး ခင်ခင်ဟုန် ၊ သမက် မောင်ကြွယ် သည်လည်း ဖခင်၏ အရှိန်အဝါကို သုံးကာ အင်္ဂလိပ်အရာရှိများနှင့်ပေါင်းပြီး ဒိုင်းကောင်းကုန်းနှင့် ဝမ်းတွင်းတဝိုက်တွင် ကျိကျိတက်ချမ်းသာနေကြသည်။

ဒိုင်းကောင်းကုန်းတရွာလုံးတွင် သူတို့သြဇာကို လွန်ဆန်ဝံ့သူမရှိကြ။ ဦးငွေဟုန် ၏ ဆွေမျိုးအင်အားမှာလည်း တောင့်တင်း၊ သမက်နှင့်သမီးဖြစ်သူတို့၏ ဓနအင်အားလည်း တောင့်တင်းသဖြင့် ရွာသားများက သူတို့မိသားစုနှင့် ကျေးဇူးခံကျေးဇူးစားမကင်းကြ။

သာဂရရွာသားတို့၏ ဒုက္ခအတွက် သူတို့တာဝန်ရှိကြောင်း စံဖဲက ခံယူသည်။ သူတင်မက...အဆိုတင်သွင်းသူ ဦးငွေဟုန်တွင်လည်း တာဝန်ရှိသူဟု စံဖဲက တွေးသည်။

ထို့ကြောင့်...ဦးငွေဟုန်၏ သမက်နှင့်သမီးရှိရာ ဒိုင်းကောင်းကုန်းကို စံဖဲက သူ၏ ပစ်မှတ်အဖြစ် သတ်မှတ်လိုက်တော့သည်။

"ဘုလေးနဲ့ ကြာခိုင်..မင်းတို့က ဝမ်းတွင်းကိုသွား...ဝမ်းတွင်းမှာ ပန်းပဲဆရာ ကိုစော ရှိတယ်..သူ့ဆီမှာ သံသွားအကောင်းဆုံးပုဆိန်တလက်ကို လုပ်ခိုင်း...အသွား

ကို ထက်မြေနေပါစေ”

“ကိုချစ်ကောင်း ခင်ဗျား....သဲတောက လော်ရီကား တစ်စီးကို ငှားပြီး ဒိုင်းကောင်းကုန်းနားက မြေတိုင်ကန်မှာ အသင့်စောင့်နေ”

“ကံကြီးမောင်နဲ့ မောင်နီက တဖွဲ့လုံးမှာရှိတဲ့ သေနတ်နဲ့ ကျည်တွေကို သေချာစစ်ဆေးထားကြ...လွန်းပင်၊ငဖေနဲ့ ထွန်းလူက ရွာဆင်းပြီး သင်ဖြူးတစ်ချပ်ရယ်၊ အုန်းပွဲ၊ငှက်ပျောပွဲ၊ ထန်းရည်တစ်မြူနှင့် ငါးကြော်တစ်ကောင် ကို ရအောင်လုပ်လာခဲ့”

စံဖဲ က သူ၏ ဒိုင်ယာရီစာအုပ်ကို ကိုင်လျက်..ဘယ်သူဘာလုပ်ရမည်ကို စနစ်တကျ စီမံသွားသည်။

....................................................................................................................
...............................

“စောရဒေဝီ တောင်ချမ်းသာအရှင်မ..ကျေးတော်မျိုးကျွန်တော်မျိုး ခိုးသားဓါးပြများက စားသောက်ဖွယ်ရာများနဲ့ အဦးအဖျား ပူဇော်ပါတယ်..နွားဖြူကို နွားနက်ဖြစ်အောင် နွားနက်ကို နွားနီဖြစ်အောင် နွားနီကို နွားကျားဖြစ်အောင် လှည့်စားဖန်ဆင်းပေးနိုင်သကဲ့သို့တိုက်ရာပါများကိုလည်း လှည့်စားပေးပြီး မင်းပြစ်မင်းဒဏ်မှ ကွယ်ကာတော်မူပါ..စောရဒေဝီတောင်ချမ်းသာသခင်မ”

စံဖဲက ကိုရင်ပညာပေးသွားသည့် စာရွက်ကို ကိုင်လျက် တတွတ်တွတ်ရွတ်ဆိုလိုက်သည်။

အနောက်ဖက်တွင် သေနတ်ကိုယ်စီကိုင်ထားသည့် အဖွဲ့များက လည်းလက်အုပ်ချီလျက်။

မြေတိုင်ကန်ရွာ၏အရှေ့ဘက် မန်းကျည်းပင်ကြီးအောက်တွင် သင်ဖြူးဖျာကို ခင်းကာ...ကိုရင်ပညာပေးသွားသည့် စာရွက်အတိုင်း နတ်တင်နေကြခြင်းပင်။

နတ်တင်ပြီးသည်နှင့် အဖွဲ့သားများမှာ ယုံကြည်မှုကိုယ်စီနှင့် တက်ကြွနေကြသည်ကို စံဖဲ သတိထားမိလိုက်သည်။

ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ဘုလေးနှင့် ကြာခိုင်တို့က ပုဆိန်တစ်လက်နှင် အတူ ရောက်လာကြ၏။

နေစောင်းသည်နှင့် မြေတိုင်ကန်မှတဆင့် ဒိုင်းကောင်းကုန်းရွာ အနောက်ဖက်တံ ခါးဆီသို့ သူတို့ ချဉ်းကပ်သွားကြသည်။

ကံကြီးမောင်က ရွာတံခါးမှ သစ်သားများကို လွှဖြင့် စိတ်ရှည်ရှည်တိုက်၏။ ထို့နောက် သေနတ်ဒင်ဖြင့် စောင့်ချလိုက်သည့်အခါ တိုးလျှိုပေါက်ဖြစ်သွားသည်။

ဒိုင်းကောင်းကုန်းရွာသည် အမတ်မင်းဦးငွေဟုန်၏ ရွာဖြစ်သည့်အပြင် ပုလိပ်များ လည်း မကြာခဏဝင်ထွက်တတ်သဖြင့် မည်သူမျှ မထိရဲဟု နာမည်ကျော်၏။

ထို့ကြောင့် လုံခြုံရေးကို ခပ်ပေါ့ပေါ့ပင်။

ခွေးဟောင်သံများကြားသော်လည်း ရွာသားများမှာ ညစာစားချိန်မို့ ကိုယ့်အိမ် တွင်း ကိုယ်ရှိနေကြသည်။

စံဖဲတို့ အုပ်စုမှာ မောင်ကြွယ်နှင့် ခင်ခင်ဟုန်၏ အိမ်ခြံဝန်းအတွင်း ခပ်တည် တည်ပင် ဝင်လာကြ၏။

ထမင်းအိုးဆေးနေသော အစေခံမိန်းမတစ်ဦးက သေနတ်နှင့်လူများကို မြင်လိုက် သည်နှင့် ယခင်က ကဲ့သို့ ပုလိပ်များ လာတည်းခိုသည်ဟုထင်လိုက်သည်။

"သခင်တို့...ညကြီးမင်းကြီး ကြွလာကြတယ်တော့"

အစေခံမိန်းမ၏ အော်သံကြောင့် ထမင်းစားတန်းလန်းဖြစ်နေသည့် ကိုကြွယ်တို့က လှမ်းကြည့်လိုက်သည်။

ရေနံဆီမီးရောင်အောက်တွင် သေနတ်ကိုယ်စီကိုင်ထားကြသော စံဖဲနှင့်အဖွဲ့များ။

"စား..ထမင်းကို ပြီးအောင် ဆက်စားပါ..သူဌေးမင်းတို့"

စံဖဲက သူ့လက်ထဲမှ ဝင်ချက်စတာသေနတ်ကို ကြမ်းပေါ်သို့ ချကာ ထမင်းဝိုင်း ဘေးတွင် ဝင်ထိုင်လိုက်၏။

"ကျုပ် ဗိုလ်စံဖဲပဲ"

ကိုကြွယ်ရော၊ ခင်ခင်ဟုန်ပါ စားလက်စ ထမင်းလုတ်များ ပြုတ်ကျကုန်သည်။ နဘေးမှ ကလေးနှစ်ယောက်မှာလည်း ပြူးကြောင်ကြောင်ဖြင့်။

"တလောက သတင်းကြားမိမယ်ထင်ပါတယ်...ကျူပ်ကိစ္စနဲ့ သာဂရရွာသားများကို ဒဏ်ငွေတပ်တယ်ဆိုတာပါ..အဲ့ဒီတော့.."

"ခါးပြရှင့်..ခါးပြ တိုက်နေပါတယ်..ဒီမှာ မဟုန်တို့ အိမ်ကို ခါးပြလာတိုက်နေပါတယ်"

စံဖဲစကားပင်မဆုံးလိုက်။ မည်သည့်အချိန်က ခြံပြင်ထွက်သွားမှန်းမသိသည့် အစေခံအမျိုးသမီး၏ အော်သံက ပြဲခနဲ။

စံဖဲက အပြင်ဘက်သို့ အာရုံရောက်နေစဉ် ကိုကြွယ်က ကလေးတစ်ယောက်ကို ချီကာ ဝုန်းခနဲ ထပြေးတော့၏။

ငနီက သေနတ်ဖြင့် ပစ်ရန် ချိန်လိုက်သည်။ စံဖဲက ငနီ သေနတ်ပြောင်းကို ကိုင်ထားလိုက်သည်။

"မလုပ်နဲ့တော့...အပြင်မှာ လူတွေဝိုင်းလာတော့မယ်..ကံကြီးမောင်တို့ကို မင်းဦးဆောင်ပြီး.ခုခံဖို့ပြင်ထား..မောင်နီ"

မောင်နီက အပြင်ထွက်သွား၏။

"မကြောက်ပါနဲ့...မခင်ခင်ဟုန်...ခင်ဗျားယောကျ်ားလည်းပြေးပြီဆိုတော့...ခင်ဗျားလည်း ဒီကလေးနဲ့အတူ ပြေးတော့"

ခင်ခင်ဟုန်က သူ ထမင်းခွံ့နေသော ကလေးကို ကောက်ချီသည်။

"သြော်..ဒါနဲ့..မီးခံသေတ္တာရှိတယ်ကြားတယ်..ဘယ်မှာများလဲ..ပြောသွားပါဦး"

"အပေါ်ထပ်..ဘုရားစင်ဘေးက အခန်းမှာပါ"

ခင်ခင်ဟုန်က ပြန်ဖြေပြီးသည်နှင့် ကလေးကို ချီကာ သုတ်ခနဲ အနောက်ဘက်သို့ ဆင်းပြေးသွား၏။

"ဟော့ကောင်တွေ..ကလေးတွေပါတယ်နော်..သူတို့ကို မပစ်နဲ့..လွှတ်ပေးလိုက်"

အနောက်ဖက်တွင် ရံထားသည့် သူများကို စံဖဲက လှမ်းအော်လိုက်သည်။

ထို့နောက် အပေါ်ထပ်သို့ ခပ်အေးအေးပင်တက်သွား၏။

မြံပြင်တွင်မူ လှံရှည်များ၊ ဒူးလေးများကိုင်ထားသည့် ရွာလူအုပ်က ဝိုင်းလာချေပြီ။

ဦးငွေဟုန်၏ တူ မောင်ကြင် က လိုင်စင်ဖြင့်ကိုင်သော သေနတ်ဖြင့် ရောက်လာသည်။ နောက်ထပ် မုဆိုးလုပ်စားသူနှစ်ယောက်ကလည်း တူမီးကိုယ်စီဖြင့်။

မောင်နီ၊ ကံကြီးမောင်တို့ ဦးဆောင်သည့်အဖွဲ့များကလည်း သေနတ်များဖြင့် အသင့်နေရာယူထားကြ၏။

မည်သည့်ဘက်ကမျှ စတင်မပစ်ခတ်သေးပဲ အခြေအနေကို အကဲခတ်နေကြသည်။

ထိုစဉ် အိမ်ပေါ်ထပ်စီမှ ဝုန်းခနဲ အသံနှင့်အတူ အိမ်ရှေ့မြေကွက်လပ်သို့ မီးခံသေတ္တာကြီးတစ်လုံး ပြုတ်ကျလာ၏။

အိမ်ဝရံတာတွေ ဗိုလ်စံဖဲ။

“ဟေ့..ဘုလေးနဲ့ ကြာခိုင်…မီးခံသေတ္တာကို ပုဆိန်နဲ့ ခွဲကြကွာ”

ကြာခိုင်နှင့် ဘုလေးက မီးခံသေတ္တာကို အိမ်နောက်သို့ ဆွဲယူကာ ပေါက်ခွဲကြသည်။

ထွန်းလူက အသင့်ပြင်ဆင်ထားသည့် ဂုန်နီအိတ်များကို သယ်ကာ အနီးတွင် ထိုင်စောင့်နေ၏။

အပြင်ဘက်အမှောင်ရိပ်တွင်လည်း လာဝိုင်းသည့်ရွာသားများ၏ အရိပ်များက များသည်ထက် များလာချေပြီ။

“ခွမ်း”

ရွာသားများထဲမှ လှမ်းပစ်လိုက်သည့် ညောင်ရေအိုးတစ်လုံးက ကံကြီးမောင်၏ ခေါင်းကို စတင်လာမှန်သည်။

ကံကြီးမောင်ဒေါသထွက်သွား၏။

သေနတ်ဖြင့် ထပစ်သည်။

တဖက်မှ ဒူးလေးများ၊ တူမီးများဖြင့် ဝိုင်းပစ်၏။ သေနတ်သံလည်းပါသည်။

ကံကြီးမောင်စပစ်သည်မို့....ကျန်သူများကလည်း ရွာလူအုပ်ထဲ တဒိုင်းဒိုင်း ပစ်ခတ်ကြ၏။

ဗိုလ်စံဖဲ စီစဉ်ထားသည့်အတိုင်း အိမ်စည်းရိုးအပြင်ဘက်တွင် ကင်းပုန်းကျန်ခဲ့သည့် ငလှေကြီးနှင့် ချစ်တုတ်တို့ဦးဆောင်သည့်အဖွဲ့က ရွာလူအုပ်၏ အနောက်ဖက်မှ ပတ်ကာ ညာသံပေးပြီး သေနတ်ဖောက်ကြသည်။

ရွာလူအုပ်မှာ အနောက်ဖက်မှ တဖွဲ့လာပစ်ခတ်နေပြီအထင်နှင့် ဖရိုဖရဲထွက်ပြေးကြ၏။

မောင်ကြင်လည်း လက်မောင်းကိုကျည်ထိသွားသဖြင့် သူ၏ သေနတ်ကို ပစ်ချပြီး တံတားအောက် ဝင်ပုန်းသည်။

ထိုသေနတ်ကို ကံကြီးမောင်က ပြေးကောက်၏။

မီးခံသေတ္တာထဲမှ ထွက်လာသည့် ရွှေငွေများကို ဘုလေး၊ ကြာခိုင်၊ ထွန်းလူတို့က ဂုန်နီအိတ်များထဲသို့ သိမ်းကြုံးထည့်သည်။

“ငနီ နဲ့ ကံကြီးမောင် ခြောက်ပစ်ထား..ကျန်တဲ့သူတွေ..အိတ်တွေထမ်းပြီး ဆုတ်ဖို့လုပ်”

စံဖဲ၏ အမိန့်သံက အမှောင်ထဲမှ ထွက်ပေါ်လာသည်။

............................................................................................................

လော်ရီကားကြီးသည် ပွေးထူးကုန်းတောင်ခြေအရောက်အတွင်း ထိုးရပ်သွား၏။

ကားပေါ်မှ အရိပ်တချို့ဆင်းလာသည်။

“ပစ္စည်းနဲ့ ငွေကြေးတွေ တခုမကျန် ကိုချစ်ကောင်းဆီ အပ်ကြနော်”

စံဖဲ၏ အသံ။

ကိုသာပိုင် ကိစ္စပြီးကတည်းက သူတို့၏ စခန်းကို ဖိုးသာနိုင်းတောင်ခြေမှ ပွေးထူကုန်းတောင်အနောက်ဖက်သို့ ရွှေ့လာခဲ့ပြီဖြစ်သည်။

ချစ်ကောင်းက စခန်း၏ အရှေ့ဘက် မီးတုတ်များထွန်းထားသည့် မြေကွက်လပ်တွင် စာရင်းစာအုပ်တစ်အုပ်၊ ဖောင်တိန်တစ်ချောင်းဖြင့် တိုက်ရာပါ ပစ္စည်းများကို ရေးသွင်းလျက်။

..................................................................................................................

.........................

"အင်း...အင်း..အား..ဖြည်းဖြည်းနာတယ်"

"အံမယ်..တော့်..အလှည့်ကျ..နာတတ်တယ်ပေါ့"

ပွေးထူကုန်းတောင် တဲကလေးထဲမှ စံဖဲနှင့် မငွေဖြူ၏ အသံကြောင့် မောင်နီနှင့် ကြာခိုင် တို့ ခြေလှမ်းများ ရပ်တန့်သွားကြသည်။

အိအိတင်းတင်း မငွေဖြူ၏ ပေါင်ရင်းထက်တွင် ခေါင်းငိုက်နေသော စံဖဲက မျက်လုံးလေးများ စင်းလျက်။

မငွေဖြူ၏ လက်ထဲမှ ကလစ်လေးက စံဖဲ၏ နားထဲသို့ ခပ်ဖွဖွ။

"ဘယ်နှစ်ခုနှစ်ကတည်းက မကလော်တဲ့ နားဖာချေးတွေပါလိမ့်"

ထိုအခါမှ မောင်နီရော၊ ကြာခိုင်ပါ တဲထဲသို့ ဝင်လာလိုက်ကြတော့သည်။

"မငွေဖြူ..ခဏ"

သူတို့ကို မြင်သည်နှင့် စံဖဲက လူးလဲထလိုက်၏။

"ဘာကိစ္စလဲ...မောင်နီ"

ဒိုင်းကောင်းကုန်းရွာဓါးပြမှုပြီးကတည်းက စံဖဲတို့ အဖွဲ့ကား ခေတ္တမျှ ငြိမ်သက်ခဲ့ကြသည်။ သာဂရရွာမှ ဒဏ်ကြေးဆောင်ရသည့်အိမ်ထောင်များကို ငွေပြန်ပေးပြီးသည့်အပြင် ရွှေငွေများမှာ အတော်လေးပင် ရလိုက်ကြ၏။

ငွေသားခြောက်ထောင်အပြင်..လက်ဝတ်လက်စားများကို ထုခွဲရငွေမှာ နှစ်သောင်းနီးပါးရလိုက်သည်။

ထိုငွေများကို ထုံးစံအတိုင်း ကိုချစ်ကောင်း၏ စာရင်းဇယားများအတိုင်း အဖွဲ့သားများ ခွဲဝေကြ၏။

စံဖဲကလည်း မငွေဖြူကို ရွာတွင် မထားတော့ပဲ စခန်းရှိ သူ၏ တဲတွင်ပင် ခေါ်ထားလိုက်သည်။

ထိုအချိန်မှစပြီး သူတို့နှစ်ဦးတည်းနေရာတဲသို့ အကြောင်းမရှိပဲ မည်သူမျှ မလာကြ။

အခုတော့ မောင်နီနှင့် ကြာခိုင် ရောက်လာကြပြီ။

မောင်နီမျက်နှာက သိပ်မကောင်း။ ကြာခိုင်ကတော့ စံဖဲကို ကြောက်ရွံ့နေဟန် တွန့်ဆုတ်ဆုတ်ဖြင့်။

"ပြော..မောင်နီ..မင်းဘာပြောစရာရှိလို့လဲ"

"ဟို...ကိုချစ်ကောင်းရော..ကိုစံဖဲ"

"မငွေဖြူကို ဒီစခန်းမှာ ကြာကြာထားလို့မရဘူး...ဒါကြောင့်...ဝမ်းတွင်းသဲတောမှာ အိမ်ငှားပြီး သွားထားမလို့..ကိုချစ်ကောင်းကို ငါသွားစုံစမ်းခိုင်းထားတယ်"

"ဟုတ်ကဲ့...ကျုပ်တို့...ပြောစရာရှိလို့ပါ"

"ပြောလေကွာ..ဘာလဲ"

"အခု အဖွဲ့ထဲမှာ အားလုံးက မကျေမနပ်ဖြစ်နေကြပါတယ်"

"ဘာလဲ..ဘာကို မကျေနပ်တာလဲ"

"ဒါ..ဒါက ကိုစံဖဲ ရဲ့ သူငယ်ချင်း ကိုဖိုးစ ဆီကနေ ဒိုင်းကောင်းကုန်းကပစ္စည်းကို ရောင်းရတဲ့ စာရင်းပါ...ကိုချစ်ကောင်းက သူလာယူမယ်ဆိုပြီး ပြောထားပေမယ့်...ကိုရင်ဩကို ပျော်ဘွယ်မှာတွေ့တာနဲ့ ထည့်ပေးလိုက်တာတဲ့"

ကိုဖိုးစ ဆိုသူမှာ ပျော်ဘွယ်နယ်၊ ဆယ်ရွာညောင်ကုန်းရွာမှ ဖြစ်ပြီး ပျော်ဘွယ်တွင် စံဖဲကျောင်းတက်ခဲ့စဉ်က ခင်မင်ခဲ့သည့် ငယ်သူငယ်ချင်း။

သူက ရတနာလုပ်ငန်းကို ဂျူးလူမျိုးတစ်ဦးနှင့် စပ်တူလုပ်ကိုင်နေသူ။

ဒိုင်းကောင်းကုန်းရွာခါးပြတိုက်မှုမှ ရလာသည့် ရွှေငွေများကို ကိုဖိုးစက တဆင့် ရောင်းချရသည်။ ထိုကိစ္စအဝဝအတွက် အဖွဲ့၏ ငွေကိုင်၊စာရင်းကိုင်ဖြစ်သော ကို ချစ်ကောင်းကိုသာ စံဖဲက ပုံအပ်ထား၏။ ကိုချစ်ကောင်းသည် ချစ်တီးတိုက်တွင် စာရေးလုပ်လာသူဖြစ်သဖြင့် ငွေစာရင်းပိုင်နိုင်သည်မဟုတ်လား။

စံဖဲက မောင်နီပေးသည့် စာရွက်ကို ယူကြည့်လိုက်၏။

"အေးလေ..ဘာဖြစ်လို့လဲ...ဒီကိစ္စ ချစ်ကောင်းပဲ ကိုင်တာ..သူလာမှ ပေးလိုက်ပေါ့"

"မဟုတ်..မဟုတ်ဘူး..ကိုစံဖဲ....ကျုပ်တို့ထဲ ဒီ..ကြာခိုင်က စာတတ်တာ..ခင်ညား လည်းသိမှာပါ"

"အေး..သိတယ်လေ..ဘာဖြစ်လဲ"

"ကြာခိုင်..မင်းပြောလိုက်"

"ကျွန်တော်ချည်းသိတာမဟုတ်ပါဘူး...ကိုသြကလည်း ဒီစာရင်းကိုဖတ်ပြီး သိ ထားတာပါ..ဒီလိုပါ...တိုက်ရာပါပစ္စည်းတွေ ရောင်းရငွေစာရင်းနဲ့ ကျွန်တော်တို့ကို ကိုချစ်ကောင်း ခွဲဝေပြီးရှင်းပြထားတဲ့ ငွေစာရင်းက ထောင့်ရှစ်ရာကွာနေပါတယ်"

"ဟေ"

စံဖဲက သူ့လက်ထဲမှ စာရွက်ကို ဖြန့်ကြည့်သည်။

"မငွေဖြူ...ကျွန်တော့် ဒိုင်ယာရီစာအုပ်လေး တချက်ယူခဲ့ပေးပါလား"

ငွေဖြူက စံဖဲ ခေါင်းအုံးအောက်တွင် အမြဲထားသော ဒိုင်ယာရီစာအုပ်ကိုယူလာ ပေးသည်။

စံဖဲက စာအုပ်ကြားမှာ ချစ်ကောင်း၏ ငွေစာရင်းရှင်းတမ်းနှင့် သူ့လက်ထဲမှ စာရွက်ကို အပြန်အလှန်ကြည့်လိုက်သည်။

"ဒီကိစ္စ ဘယ်သူတွေ သိပြီးပြီလဲ..မောင်နီ"

"အကုန်သိပြီးပါပြီ...မကျေမနပ်ဖြစ်နေကြပေမယ့်...ခင်ညားကို မပြောရဲကြတော့"

စံဖဲ က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ..ငါရှင်းပေးရမှာပေါ့..ဟိုလူပြန်အလာကို စောင့်ကြစို့ကွာ"

# အခန်း ( ၁၆ )

"ဟုတ်တယ်...ငါဝန်ခံတယ်..အဲ့ဒီပိုက်ဆံတွေက...."

အားလုံး၏ ရှေ့တွင် ရပ်နေသော ကိုချစ်ကောင်း က စကားကို ဆက်မပြော။

အားလုံးက ကိုချစ်ကောင်းဆက်ပြောလာမည့်စကားကို နားစိုက်နေကြ၏။

စံဖဲ ကမူ ကိုချစ်ကောင်းကို စူးစူးစိုက်စိုက်အကဲခတ်နေသည်။

"အဲ့ဒီပိုက်ဆံတွေ ပျောက်သွားတာ...ပျော်ဘွယ်ကအပြန် ငါလှည်းငှားရင်း လမ်းမှာ ပျောက်သွားတာ"

ငြိမ်နေသော လူအုပ်ထံမှ မကျေမနပ်အသံများ ထွက်လာကြသည်။

"ဟိုတနေ့က ခင်ဗျားပြောတော့...အဖွဲ့သားအချင်းချင်း ယုံကြည်မှုက အရေးကြီးတယ်ဆိုဗျ..ကိုချစ်ကောင်း"

"ဒါဆို အစောပိုင်းက ကျုပ်တို့ကို ဘာလို့မပြောသလဲ...ခုမှ ပေါ်လာမှ ပြောတာလား"

"သက်သက်လူမိသွားမှပါကွာ"

"ငါတို့က သေနတ်ကိုင်ပြီး အသက်ချင်းလဲ လုပ်ရတာ...သူက ဘာမှရှေ့က မပါပဲနဲ့..ဒီလိုမျိုး လုပ်တာကတော့ကွာ"

စံဖဲက ချစ်ကောင်းကို စိုက်ကြည့်မြဲ။ ချစ်ကောင်းက ခေါင်းကို ငုံ့ထားသည်။

"ဗိုလ်စံဖဲ..ဒီကိစ္စကို ဘယ်လို အရေးယူမလဲဗျ"

စံဖဲက ထိုင်နေရာမှ မတ်တပ်ရပ်လိုက်၏။

"အားလုံးနားထောင်ကြ..ကိုချစ်ကောင်း ဟာ ငါ ဝရမ်းပြေးဘဝအစကတည်းက အတူတူပါဝင်ခဲ့တဲ့သူဖြစ်တယ်..ငါ့အကိုဆိုလည်းဟုတ်တယ်...ငါ့အရင်းနှီးဆုံး မိတ်ဆွေဆိုလည်း ဟုတ်တယ်..ဒီအဖွဲ့ထဲမှာ ငါ့ရဲ့အယုံကြည်ရဆုံးသူပဲ..ဒါကြောင့်လည်း ငွေကြေးနဲ့ပတ်သက်တဲ့ အစီအမံတွေဆို သူ့ကို ငါမျက်နှာလွှဲခဲ့တာ..ဒီကိစ္စ

မှာတော့..အဖွဲ့ပိုင်ငွေကို မထိန်းသိမ်းနိုင်တာကြောင့် သူ့မှာ အပြစ်ရှိတယ်...ဒါကြောင့် ဒီနေ့ကစပြီး ကိုချစ်ကောင်းကို အဖွဲ့ရဲ့ ဒုတိယခေါင်းဆောင်နေရာ..ဘဏ္ဍာရေးတာဝန်ခံနေရာကနေ ဖယ်ရှားမယ်..သူ့နေရာမှာ..ကိုသူတော်ကို တာဝန်ပေးတယ်..ကိုချစ်ကောင်းဟာ ငါတို့အဖွဲ့အတွက် လုပ်ကိုင်ပေးခဲ့တာကို ထောက်ပြီး..သာမန်အဖွဲ့ဝင်အနေနဲ့တော့ ဆက်ထားမယ်..ဒီလိုဆို မင်းတို့ သဘောတူလား”

“သဘောတူပါတယ်”

“ကိုချစ်ကောင်း..ခင်ဗျားရော”

“မင်းသဘောပါပဲ..စံဖဲ..ငါလုပ်တာ..ငါခံရမှာပေါ့”

ချစ်ကောင်းက စံဖဲကို ပြုံးပြလိုက်သည်။ သို့သော် သူ့အပြုံးက နာကြင်ကြေကွဲစွာဖြင့်။

..........................................................................................

ပုခုံးကို ခပ်ဖြည်းဖြည်း လှုပ်နှိုးလိုက်မှုကြောင့် ချစ်ကောင်းနိုးလာသည်။

“ကိုချစ်ကောင်း....ထဗျာ”

စံဖဲ က ချစ်ကောင်းဘေးတွင် ဝင်ထိုင်လိုက်၏။

“ဘာကိစ္စရှိလို့လဲ..စံဖဲ”

“ကိစ္စရှိလို့ပါ..ကျုပ်နဲ့လိုက်ခဲ့..ကိုချစ်ကောင်း”

စံဖဲ ခေါ်ရာသို့ ချစ်ကောင်းက အိပ်မှုံစုံမွှားဖြင့် ထလိုက်လာသည်။

တောအုပ်က ထူထပ်အုံ့မှိုင်းသည်မို့ နံနက်လေးနာရီဆိုသော်လည်း မှောင်မိုက်နေဆဲ။

စံဖဲက မီးအိမ်ကို ကိုင်ကာ စောင်ကို အညာစောင်ကို ပတ်ခြုံလိုက်ပြီး မြင်းများထားရာသို့ သွားသည်။

ထို့နောက် သူစီးနေကျ မြင်းပေါ် ခုန်တက်လိုက်၏။

"ကဲ..ကိုချစ်ကောင်း..ခင်ဗျားလည်း မြင်းတစ်စီးယူပြီး...ကျုပ်နောက်လိုက်ခဲ့"

ချစ်ကောင်းလည်း မြင်းတစီးပေါ်သို့ တက်လိုက်သည်။

စံဖဲက စမုံမြစ်ရိုးဘက်သို့ မြင်းကို အပြင်းနှင်၏။ ချစ်ကောင်းက နောက်မှလိုက်သည်။

တစ်နာရီခန့်သွားမိသောအခါ နေလည်း ခပ်ပျပျထွက်လာခဲ့ပြီ။

ရှေ့မှ သွားနေသော စံဖဲ၏ အညာစောင်မှာ လေအတိုးတွင် လှပ်ခနဲလွင့်၏။ ခါးကြားမှ ခြောက်လုံးပြူးကို ချစ်ကောင်း လှမ်းမြင်လိုက်ရသည်။

"စံဖဲ ငါ့ကို သတ်တော့မှာလား"

ချစ်ကောင်းစိတ်ထဲ ဇဝေဇဝါဖြင့်။ လိုရမယ်ရဆောင်လာခဲ့သည့် ဓါးမြှောင်ကို အသာစမ်းလိုက်သည်။

ဆင်သေကွေ့အနီးရှိ ကုန်းမြင့်ပေါ်အရောက်တွင် စံဖဲက မြင်းကို ရပ်လိုက်သည်။ ကုန်းမြင့်မှာ ပြန့်ပြန့်ပြူးပြူးကျယ်ကျယ်ဝန်းဝန်း။

ဆင်သေကွေ့အပါအဝင် အောက်ဖက်မြေပြန့်ပတ်ချာလည်ကို အတိုင်းသားမြင်နေရသည်။

နဘေးတွင် သစ်တောအုပ်ထူထူကြီး။

"ကိုချစ်ကောင်း...လာပါဦးဗျာ"

ချစ်ကောင်းက ဓါးမြှောင်ပေါ်တွင် လက်တစ်ဖက် အသင့်တင်ထားရင် သတိအနေအထားဖြင့် စံဖဲအနားသို့ ကပ်သွား၏။ တခုခု မသင်္ကာလျှင် စံဖဲအား ဝင်လုံးပြီး ထိုးရန် အသင့်။

စံဖဲက ကုန်းကမူစွန်းလေးတွင် ထိုင်ချလိုက်သည်။

"ကြည့်စမ်းပါဦး...ဟော့လူရာ..ဟိုးတောင်ရိုးတွေဆီက ထွက်လာတဲ့ နေရောင်ရယ်၊ ဒီစမုံရိုးကြီးပေါ်ဖြာကျပြီး လှနေလိုက်တာ...ဒီမြင်ကွင်းမျိုးကြည့်လိုက်ရရင်..ဘဝမှာ မောခဲ့သမျှ ပြေရောဗျိုး"

စံဖဲ စကားကြောင့် ချစ်ကောင်းမှာ စိတ်သက်သာရာ ရသွားသည်။ စံဖဲ သူ့ကို သတ်ဖို့တော့ မဟုတ်လောက်။

သို့သော်လည်း သတိတော့ မပြတ်။

"ကိုချစ်ကောင်းကို ကျုပ်တိုင်ပင်စရာရှိလို့"

"အင်း"

"တကယ်လို့များ ကျုပ်တို့အဖွဲ့ထဲက တယောက်ယောက်က သစ္စာဖောက်လိုက်လို့ဖြစ်စေ...ကျုပ်တို့ အခုနေတဲ့ ပွေးထူကုန်းစခန်းကို ပုလိပ်ကသိသွားတဲ့အခါမျိုးကျရင်..ဒီနေရာကို ကျုပ်ရဲ့ ခိုလှုံရာ ဒုတိယနေရာအဖြစ် ရွေးချယ်ထားတယ်"

ချစ်ကောင်းက စံဖဲကို တချက်ကြည့်သည်။ ထို့နောက် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်၏။

"ကောင်းသားပဲကွ..ပစ်ကွင်းလည်းသာတယ်..အောက်ဆင်းရင်လည်း စမုံရိုးဆိုတော့ ရေနီးချောင်းနီးပဲ"

"ဒီနေရာကို ကျုပ်မွေးစားအဖေနဲ့ အမဲလိုက်ရင်း တွေ့ခဲ့ကြတာပါ...အမှန်တော့ ကျုပ်ရဲ့ နောက်ဆုံးအခြေအနေတွေမှာ ရွေးချယ်မယ့်ဒီနေရာကို ကျုပ်ကလွဲပြီး ဘယ်သူ့ကိုမှ မပြောဖို့ ကျုပ်ဆုံးဖြတ်ထားတာ...ဟိုးတရက်က ညောင်တိုမှာ တွေ့ခဲ့တဲ့ ကိုရင်လေး ပြောသလို ဘယ်သူမှ မယုံဖို့ ကျုပ်ဆုံးဖြတ်ထားခဲ့တာ..ဒါပေမယ့်...ကျုပ်...ခင်ဗျားကိုတော့ ယုံတယ်..ကိုချစ်ကောင်း...ခင်ဗျားဟာ ကျုပ်နောက်ကျောကို ဘယ်တော့မှ ဓါးနဲ့ ထိုးမယ့်သူမဟုတ်ဘူးဆိုတာ ကျုပ်ယုံတယ်..ခင်ဗျားဟာ ကျုပ် သွေးချင်းမဟုတ်ပေမယ့်..ကျုပ်အကိုအရင်းလိုပဲ"

စံဖဲ စကားကြောင့် ချစ်ကောင်းမှ ရုတ်တရုတ်တုန်လှုပ်သွားသည်။ သူ့ခါးကြားမှ ဓါးကို ထုတ်ပြီး စံဖဲ ထံ ထိုးပေးကာ ငိုချလိုက်၏။

"ငါ့..ငါ့ကို ခွင့်လွှတ်ပါ..ညီလေးရာ....ငါခုနအထိ မင်းငါ့ကို သတ်မယ်ထင်လို့...မင်းကို ဦးအောင်သတ်ဖို့ ကြံနေတာ..အီး..ဟီး..ဟီး"

စံဖဲက ကိုချစ်ကောင်းပေးသော ဓါးကို ချစ်ကောင်းလက်ထဲ ပြန်ထည့်ပေးလိုက်၏။

ထို့နောက် ဆင်သေကွေ့မှ တက်လာသော နေရောင်ကို စံဖဲက ငေးကြည့်နေသည်။ သူတို့မျက်နှာများသို့ နေရောင်ခြည်နုနုက ထိုးထားလေပြီ။

“စံဖဲ..မင်းကို ငါ တစ်ခု ဝန်ခံပါရစေ”

ချစ်ကောင်းက ပါးပြင်ပေါ်မှ မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်လိုက်သည်။

“ဟိုပိုက်ဆံတွေ...ငါ ...သူ့ကို ပေးလိုက်တာ”

“ဟို မင်းသမီးကိုလား”

“ဟုတ်တယ်..မြ..ကို...ဒီလိုကွာ..ငါ မင်းခိုင်းတဲ့အတိုင်း ဖိုးစဆီ က ငွေသွားယူတဲ့နေ့တုန်းက”

..............................................................................................................................

.........................

ပျော်ဘွယ်ဈေးကြီး။

ရှမ်းပြည်ထွက်ကုန်များနှင့် ဧရာဝတီအနောက်ဖက်ကမ်းမှ ထွက်ကုန်များ ဖလှယ်ရာဈေးဖြစ်သဖြင့် စည်ကားလှ၏။

ကိုချစ်ကောင်းသည် ရိက္ခာအတွက် ကုလားပဲများဝယ်ရန် ပွဲရုံများတွင် ဈေးများလိုက်လံစုံစမ်းပြီး ပျော်ဘွယ်ဈေး အရှေ့ဘက်ရှိ တရုတ်ဆိုင်တွင် နေ့လည်စာစားရန် ခပ်သွက်သွက်လျှောက်လာလိုက်သည်။

“မြနဲ့ မောင်နဲ့...အခုမှ တွေ့တာ...လူပါးမဝခင်တုန်းက..ပြောကြတော့..ရယ်စရာပါ...ထမီကလေးတိုတိုဝတ်ခါ..မြငယ်စဉ်မှာ..လူထဲမဝင်ခင်သေးတော့..အလှပြင်ဆင်ရှာ”

စည်း ဝါး သီးသန့်ဖြင့် သီဆိုနေသော အသံမျှင်မျှင်အက်အက်လေးတစ်ခုကြောင့် ချစ်ကောင်းခြေလှမ်းများ တုံ့ခနဲ။

လေဘာဒီမမြရင်၏ ရွှေပြည်စိုး သီချင်း။ လူစုစုအုံနေသည့် နေရာမှ။

ချစ်ကောင်း လူအုပ်ကြား အတင်းတိုးဖွေ့ဝင်လိုက်သည်။

မြေကြီးပေါ်တွင် ဒန်ခွက်ခပ်လွင်လွင်လေးတစ်လုံး။ ဒန်ခွက်၏ နောက်တွင် ရှန်တဘက်နီညိုရောင်ကို ခေါင်းတွင် ခြုံလျက်၊ စည်းနှင့်ဝါးကို ကိုင်ကာ မြေကြီးတွင် ထိုင်လျက် သီချင်းဆိုနေသော..အမျိုးသမီးတစ်ယောက်။

ကိုယ်ဝန်ကလည်း အရင့်အမာကြီး။

"ရင်ရင်ကုန်ကုန်ပြောမယ်..တောတသက်မို့..ဘယက်ဒွါဒရာ..ရွံ့တွေကပ်စီကပ်စီ..ပုတီးလုပ်ကာ..သုံးတတ်ပါတယ်..အုန်းမုတ်ခွက်ကိုရှာ..ရှာ..ဒေါ်လာပြားက..ဆယ့်ငါးပြားလောက်ဆွဲတတ်တာ"

"မြ"

ချစ်ကောင်းအသံကြောင့် ပုဝါရှင်က ဖြတ်ခနဲ မော့ကြည့်သည်။

ချစ်ကောင်း တယောက် မတ်တပ်ရပ်နေရင်းမှ ဒူးတွေ ခွေခနဲ ညွတ်ကျသွားရမလောက်။ ရင်ဘတ်ထဲလည်း အောင့်ခနဲ။

တချိန်က သူသိပ်ချစ်ခဲ့ရသည် မင်းသမီးလေး မြကေသရီ ခေါ် မမြမေ။

သူမ ခေါင်းပြန်ငုံ့သွားခဲ့ပြီ။ သီချင်းဆက်ဆိုပြီ။

"ကိုကိုများက မြှောက်စားပေမယ့်...ဟိုတုန်းကလောက် မပျော်ပါ..ကိုကိုများက မြှောက်စားပေမယ့်..ဟိုတုန်းကလောက်..."

သီချင်းသံ တိမ်ဝင်သွားပြီး ရှေ့ဆက်မလာ။

ချစ်ကောင်း မြေကြီးပေါ်တွင် ဒူးထောက်ချလိုက်သည်။

"မြ...မြရယ်"

"မ....ပျော်....ပါ.....ရွှေ....ပြည်စိုး..ရွှေပြည်...စိုး...အင့်"

ရှိုက်သံတချက်။

"ကလောင်"

တမတ်စေ့တစ်စေ့က ဒန်ခွက်လေးထဲ ကလောင်ခနဲ။

"ဟာ..သွားကြ..လာမကြည့်ကြနဲ့..သွားကြ"

ချစ်ကောင်းက ဒန်ခွက်ကို ကောက်လွှင့်ပစ်လိုက်သည်။ အကြွေစေ့များက မြေပြင်ပေါ် ပြန့်ကျဲလျက်။

ထို့နောက် မြေကြီးပေါ်တွင် ကြုံ့ကြုံ့ကလေးထိုင်နေသော "မြ" ၏ ခန္ဓာကိုယ်လေးကို ချစ်ကောင်းကို အုပ်မိုးကာ ဖက်ထားလိုက်သည်။

မြ ၏ အသံကောင်းသဖြင့် နဂိုကပင် စိတ်ဝင်စားနေသော လူအုပ်မှာ ပိုမိုအုံလာသည်။

"သွားကြ...လာမကြည့်ကြနဲ့..သွားကြ"

ချစ်ကောင်းကို မြ ကို အုပ်မိုးလျက်မှ လူများကိုမောင်းထုတ်နေ၏။

ထို့နောက် မြ၏ ကိုယ်လုံးလေးကို ဖက်ကာ လူအုပ်ကြားမှ ခေါ်ထုတ်သွားတော့သည်။

.........................................................................................................................

ဘဲကင်တဖက်ကို ချစ်ကောင်းက ခက်ရင်းဖြင့် သေချာဖဲ့ကာ..မြ ၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်၏။

"ဒါ...မြ..ကြိုက်တဲ့..ပေါင်သားလေ"

ဆာလောင်မွတ်သိပ်နေဟန်တူသော မြသည် ဘဲကင်ကို ပလုပ်ပလောင်းစားလိုက်သည်။

စားနေရင်းမှ ရုတ်တရုတ်ငြိမ်သက်သွားပြန်၏။

ကိုယ်ဝန်ဆိပ်ကြောင့် ပြည့်ဖောင်းဖောင်းဖြစ်နေသည့် မြ မျက်နှာလေးကို တစိမ့်စိမ့်ငေးနေသည့် ချစ်ကောင်းအတွက် ဆာလောင်မှုများပင် မရှိတော့။

သို့သော် စိတ်ထဲတွင်ကား လောင်ကျွမ်းလျက်။

သူတို့ မည်သည့်စကားမျှ မဆိုဖြစ်ကြသေး။ မျက်လုံးချင်းပင်မဆုံကြသေး။

မြက ချစ်ကောင်းကို တချက်မော့ကြည့်လိုက်သည်။ မျက်လုံးချင်းဆုံပြီ။

ထိုအချိန်တွင် မှာထားသည့် ငါးခေါင်းဟင်းချိုရောက်လာပြီဖြစ်သည်။

ချစ်ကောင်းက ငါးခေါင်းဟင်းချိုဇွန်းကို မြ ဘက်သို့ လှည့်ပေးလိုက်၏။

"မြ...ဆာနေတယ်..မဟုတ်လား.စားပါ"

မြက ဟန်မဆောင်နိုင်။

ငါးခေါင်းဟင်းချိုကို ထမင်းပေါ်ဆမ်းကာ ဘဲကင်ဖြင့် အားရပါးရစား၏။

ချစ်ကောင်းမှာ ဟန်လုပ်ကာ စားနေသော်လည်း ပါးစပ်ထဲတွင် မည်သည့်အရသာမှမရှိ။

"အိ"

မြ က စားနေရင်းမှ ငိုချလိုက်သည်။

ချစ်ကောင်း က သူ့အိတ်ကပ်ထဲတွင် အမြဲဆောင်ထားသည့် အရာတစ်ခုကို မျက်ရည်သုတ်ရန် ကမ်းပေးလိုက်၏။

တချိန်က ရွှေယင်မျှော်ဘုရားပွဲတွင် မြ အား သူလာတွေ့စဉ်က အမှတ်တရယူသွားသည့် မြ၏ တို့ဖတ်ပုဝါလေး။

မြ မှာ ပုဝါလေးကို ကိုင်ကာ မျက်ရည်ပင် မသုတ်ရက်။

"မြ..အကို ရှိနေပြီပဲ...မြ ဘာအခက်အခဲတွေဖြစ်ဖြစ် အကို ရှိနေပြီလေ...မငိုနဲ့တော့နော်"

ချစ်ကောင်းစကားကို မြက ခေါင်းညိတ်ပြသည်။

"ကိုဘိုကေ ဆုံးသွားပြီ...အကို"

"ဟာ..ဘယ်လိုဖြစ်တာလဲ"

"ရမည်းသင်း ရွှေမြင်တင်ပွဲမှာ ပွဲကရင်း ဆုံးတာပဲ...မြ လည်း သူ့အလောင်းတောင် မမြင်လိုက်ရပါဘူး"

"မြက သူနဲ့အတူတူ ပွဲကနေတာ မဟုတ်ဘူးလား"

မြက သူ့ကိုယ်ဝန်ကို ပြန် ငုံ့ကြည့်လိုက်သည်။

“ဩော်..ဟုတ်သား..ဒီ...ဂဗ္ဘ က ဘယ်မနုတ်နဲ့..ကပ်....”

ချစ်ကောင်း စကားရပ်သွားသည်။ ဒါက သူတို့ ဇာတ်သမားအချင်းချင်းသာသိသည့် ဘန်းစကား။

ဒီကိုယ်ဝန်က ဘယ်သူနဲ့ ရတာလဲဆိုသည့် အဓိပ္ပါယ်။

“ဦးသံဒိုင်”

မြ ၏ စကားက ပို၍ တိုးလျသွားသည်။

“ဘယ်လိုဖြစ်ရတာလဲ..မြရယ်..အကို့ကို ရှင်းပြစမ်းပါဦး..ဒီလိုအခြေအနေရောက်ကုန်ရတာ”

“ဦးသံဒိုင်ဆုံးပြီးတော့ မြ တို့ ပွဲပြန်ကကြတယ်..ရွှေယင်မျှော်ဘုရားပွဲမှာ အကိုနဲ့ဆုံပြီးတဲ့နောက်..မြ ရဲ့ ဒီ ကိစ္စက ဖုံးမရ ဖိမရတော့ဘူး...ဒီအခြေအနေနဲ့ မင်းသမီးအဖြစ် ဘယ်လိုကရတော့မလဲ...ကိုဘိုကေ က လည်း နောက်ထပ် မင်းသမီးအသစ်ရှာပါသေးတယ်...ရတဲ့မင်းသမီးတွေကလည်း သိပ်တော့မစွံလှဘူး..ပြီးတော့ သူကလည်း လောင်းကစားကို မဖြတ်နိုင်ဘူးလေ...ဒီတော့ ပွဲကလည်း သိပ်မလိုက်ရ....ငွေကလည်း ကြပ်တည်းလာတာပေါ့..နောက်ဆုံး မြတို့ ဇာတ်ပွဲနားလိုက်တယ်..ကိုဘိုကေ က စိန်ပါတီအငြိမ့်မှာ နေ့စားနဲ့လိုက်တယ်...မြ ကိုတော့ ပျော်ဘွယ်က သူ့အသိအိမ်မှာ ထားခဲ့ရတာပေါ့...နောက်တော့ ရမည်းသင်းပွဲမှာ ကိုဘိုကေ ရုတ်တရက်ဦးနှောက်သွေးကြောပြတ်တယ်ဆိုတာ သိရတာပဲ.... ကိုဘိုကေ့ အကြွေးရှင်တွေက မြ ဆီ တပူပူလာနေတော့ အသိအိမ်ကလည်း မြကို မထားချင်တော့ဘူး...ဒါနဲ့ မြလည်း ဖြစ်ချင်ရာဖြစ်ထွက်လာခဲ့ပြီး.. ကိုယ့်ဝမ်းစာကိုယ်ရှာစားနေရတာ”

“ဟာ..မြရယ်”

ချစ်ကောင်းက မြ၏ ဘယ်ဘက်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်၏။

“အခု..မြ..ဘာဖြစ်ချင်လဲ..ဘယ်သွားချင်လဲ..ကိုချစ်ကောင်းကိုပြော..ရန်ကုန်မှာရော မြ ဆွေမျိုးတွေမရှိဘူးလား..ပြီးတော့..ဒီကလေးကိုမွေးဖို့ကိစ္စကရော”

မြ ကခေါင်းခါသည်။

“မြ ဘာမှ မသိတော့ဘူး..အကို..မြ သေပဲ သေလိုက်ချင်တယ်”

“မဟုတ်သေးဘူးလေ..မြရဲ့..ဒီကလေးကို မြ မွေးရမယ်..ပြီးတော့ ငါ့ရဲမြ ကိုယ့်ဘဝ ကိုယ် တည်ဆောက်ရမယ်”

မြက အားဖျော့သောလေသံဖြင့် ရယ်လိုက်၏။

“အပြောကတော့ လွယ်တာပေါ့..အကိုရယ်”

“မြ ရန်ကုန် ပြန်ချင်လား”

“ပြန်ချင်တယ်..ဒါပေမယ့်..မြမှာက...”

ချစ်ကောင်းက သူ့လွယ်အိတ်ထဲမှ ငွေတထပ်ကို ထုတ်ကာ ရေတွက်လိုက်သည်။

မြ ထံသို့ ထိုးပေးလိုက်၏။

“ဒါ ငွေငါးထောင်ပဲ..မြ..မြ ရန်ကုန်ပြန်ပါ..ကလေးကို မွေးပါ..ပြီးတော့ ဒီငွေနဲ့ အရင်းတည်ပြီး လုပ်စားပါ”

မြက ချစ်ကောင်းမျက်နှာကို တအံ့တသြကြည့်လိုက်တော့သည်။

ငွေငါးထောင်ဆိုသည်မှာ နာမည်မရှိရှာသည့် တောဇာတ်မင်းသမီးလေးတစ်ယောက်အတွက် မြင်ပင် မမြင်ဘူးသည့် ပမာဏမဟုတ်လား။

...........................................................................................................................................

“ငါဝေစုရထားတဲ့ ငွေထဲက စုထားဆောင်းထားတဲ့ ငွေသုံးထောင့်နှစ်ရာရယ်၊ ဘုံငွေထဲက ငွေထောင့်ရှစ်ရာရယ်ကို ငါ မြ ကို ပေးလိုက်မိတယ်..စံဖဲ..ဒါပါပဲ ကွာ...ငါ မှားသွားလားတော့ ငါ့ကိုယ်ငါ မသိဘူး”

ချစ်ကောင်းစကားအဆုံးတွင် စံဖဲက သက်ပြင်းချကာ ပြုံးပြလိုက်၏။

“ငါ့လူ..ခင်ဗျား မှန်တယ်ဗျ..ဒါနဲ့ မနေ့က ခင်ဗျားကို ကျုပ် ရာထူးချလိုက်လို့...ကျုပ်ကို စိတ်ဆိုးလား”

"မစိုးပါဘူး..စံဖဲရာ...မင်းက ခေါင်းဆောင်ပဲ..မင်းလုပ်သင့်လုပ်ထိုင်တာကို လုပ်မှ...အောက်က ငယ်သားက မင်းကိုလေးစားမှာပေါ့..ကိုယ့်လူဆိုပြီး အပြစ်မပေးလို့ ဘယ်ရမလဲ"

"နို့....ဒါနဲ့..ဘာလို့များ...ဒီကိစ္စကျုပ်ကို မတိုင်ပင်ရသလဲ...ကျုပ်သာသိရင်..မငွေဖြူနဲ့ ခင်ဗျားရဲ့ မြ ကို ပျော်ဘွယ်မှာ အတူတူနေခိုင်းမှာပေါ့..အဖော်အလျှော်လေးဘာလေးလည်းရကြတာပေါ့"

"မဟုတ်ဘူးလေကွာ..အဲ့ဒီတုန်းက..မင့်ကိစ္စ ငါမှ မသိတာ...ဘာပဲဖြစ်ဖြစ်..သူ ရန်ကုန်ပြန်သွားတာ ကောင်းပါတယ်"

"ကိုချစ်ကောင်း..ခင်ဗျားက..သူ့ကို ကိုယ်ဝန်ကြီးနဲ့မို့..မယူနိုင်တော့ဘူးလား"

"ဟော့ကောင်..စံဖဲ...သူဘာဖြစ်ဖြစ်..ငါချစ်တယ်ကွ..အခုက...ငါက ဖြစ်နေတာ..ငါက ဝရမ်းပြေး၊ ခါးပြ။ နဂိုကတည်းကမှ ဒုက္ခရောက်ရရှာတဲ့ သူ့ဘဝလေးကို ငါနဲ့ ထပ်ပတ်သက်မိမှ ပိုဒုက္ခများမှာကွ..မင်းသိလား..အဲ့ဒါ"

ချစ်ကောင်းစကားကြောင့် စံဖဲမှာ တွေခနဲ ဖြစ်သွားသည်။

"ဒါဖြင့်..ကျုပ်ကရော..မငွေဖြူကို..ဒုက္ခတောထဲ ဆွဲခေါ်မိတာလား"

စံဖဲ အမေးကို ချစ်ကောင်းက မဖြေ။ နေပင် အတော်ပူလာခဲ့ပြီ။

........................................................................................................................
.....................

၁၉၂၇ မေလ ၂၄ ရက်။

မိတ္ထီလာစစ်ရဲတပ်တွင်းသို့ လော်ရီကားကြီး ငါးစီးဝင်လာသည်။

မေဂျာ အင်အား (၁၀၀)ကျော်ပါသည့် စစ်ရဲတပ်များက စံဖဲကို ဝိုင်းဝန်းဖမ်းဆီးရေးအတွက် မေမြို့မှ ဆင်းလာကြခြင်းပင်။

ထိုပုလိပ်တပ်များအပြင် မိတ္ထီလာ၊ပျော်ဘွယ်၊ မန္တလေး တို့မှ မြင်းစီးပုလိပ်တပ်များလည်း မကြာမီ ရောက်ရှိလာတော့မည်ဖြစ်သည်။

ရှေ့ဆုံးစစ်ကားမှ မေဂျာမက်ဂရီကာ က ဆင်းလာကာ အဆောက်အဦထဲသို့ ဝင်သွား၏။

အဆောက်အဦထဲရှိ ရာဇဝတ်ဝန်ထောက် မစ္စတာရေးနိုး၊ စီအိုင်ဒီမှာ စုံထောက် ဦးသန့် တို့က ထိုင်နေရာမှထကာ မေဂျာမက်ဂရီကာ အား အပြန်အလှန်အလေးပြုလိုက်ကြသည်။

"ကျုပ်တို့ တပ်ရင်းတွေကတော့ အဆင်သင့်ဖြစ်နေပြီ...မစ္စတာရေးနိုး...ခင်ဗျားတို့ဘက်က အစီအစဉ်ကို သိချင်ပါတယ်"

မစ္စတာရေးနိုးက စုံထောက် ဦးသန့်ကို တချက်ကြည့်လိုက်၏။

"ဒီကိစ္စအသေးစိတ်ကို စီအိုင်ဒီက ရှင်းပြပါလိမ့်မယ်..ထိုင်ပါဦး မေဂျာ"

မေဂျာမက်ဂရီကာ က ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

စုံထောက်ဦးသန့်က ဖိုင်တစ်ခုကို ဖွင့်ပြီး ဓာတ်ပုံနှစ်ပုံကို ကမ်းပေးလိုက်သည်။

"ပထမပုံက စံဖဲ ၊ ဒုတိယပုံက ချစ်ကောင်းတဲ့....ချစ်ကောင်းက စံဖဲရဲ့ ညာလက်ရုံးလို့ ပြောလို့ရတယ်..အရင်က ဓာတ်အဖွဲ့တဖွဲ့ရဲ့ စာရေးဆရာလုပ်ခဲ့တယ်၊ ထောင်ထဲမှာ စံဖဲနှင့်တွေ့ခဲ့ကြတယ်၊ တရွာတည်းသားမို့ ရင်းနှီးကြတယ်...အခု စံဖဲအဖွဲ့ရဲ့ ငွေကြေးကိစ္စ၊ မြို့ပေါ်တက်ပြီး ထုခွဲတဲ့ကိစ္စမှန်သမျှ သူက ကိုင်တွယ်နေတာပါ.ကျန်တဲ့သူတွေကတော့ သာမန်တောသားတွေများတာမို့..ဓာတ်ပုံမရှိဘူး"

မစ္စတာမက်ဂရီကာက ဓာတ်ပုံများကို သေချာကြည့်လိုက်၏။

"စံဖဲ တို့အဖွဲ့ရဲ့ အသေးစိတ်အတွင်းရေးကို အတည်ပြုလို့ရမယ့် ဆို့စ်ကိုလည်း ရထားပါပြီ"

"ကျုပ်စိတ်ဝင်စားတယ်"

"ခဏတော့စောင့်ပါ...လူကိုယ်တိုင် တွေ့ရပါလိမ့်မယ်"

ထိုစဉ် ရုံးလုလင်မှ ကော်ဖီခွက်များလာချသဖြင့် သူတို့ ကော်ဖီသောက်လိုက်ကြသည်။

ခဏအကြာ ကားသံ ကြားရ၏။

အခန်း၀မှ ဆလုရိုက်ကာ အလေးပြုလိုက်သံ။

တောင်ငူမြို့မှ ရာဇ၀တ်၀န်ကိုအုံးကျော်။

သူ့နဘေးတွင် မတ်တပ်ရပ်နေသူက မောင်းမဆည်ရွာသူကြီးသား မင်းမောင်။

“ကဲ…လာထိုင်ကြပါ”

မစ္စတာရေးနိုး က သင်လက်စ မြန်မာစကားပြောလေးဖြင့် ဖော်ဖော်ရွေရွေခေါ်ယူသည်။

“ကော်ဖီနှစ်ခွက် ထပ်ဖျော်ခဲ့စမ်းဟေ့”

“နှစ်ခွက်မဟုတ်ပါဘူး..မင်းကြီး..သုံးခွက်ပါ”

ရာဇ၀တ်အုပ်ကိုအုံးကျော် က ပြောလိုက်ခြင်းပင်။

“ဟေ့လူ..ဘာလုပ်နေတာလဲ..၀င်ခဲ့လေဗျာ”

ရုံးအ၀င်အ၀တွင် ဖိနပ်ကိုချွတ်ကိုင်လျက် ကုပ်ချိချိဖြင့် ရပ်နေသော လူတစ်ယောက်။

ထိုသူက လက်အုပ်ချီကာ အထဲသို့ ၀င်လာသည်။

“ကိုသန့်ရေ….ခင်ဗျား မင်းမောင်ကို လွှတ်ပေးလိုက်တာ အချိန်ကိုက်ပဲဗျာ…သူက ဒီလူကို သိနေတာဆိုတော့ တောင်ငူထဲ အရမ်းကြီး ခက်ခက်ခဲခဲမရှာလိုက်ရဘူး…ခင်ဗျား ရှာခိုင်းတာ သူပါပဲဗျာ”

ကုပ်ချိချိဖြင့်တောသားဟန်ပေါက်နေသော လူက မျက်နှာငယ်ဖြင့်။

“ကဲ…မစ္စတာရေးနိုး….စံဖဲရဲ့ အဖွဲ့သားတစ်ယောက်ကိုတော့ ကျုပ်တို့ ရလိုက်ပြီဗျာ…ဒီတော့ ကျုပ်အလုပ် ကျုပ်ဆက်လုပ်မှာမို့…မေဂျာရော..မစ္စတာရေးနိုးပါ..အလိုက်အထိုက်ဆက်ဆံပေးလိုပါတယ်”

ဦးသန့်က အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်သည်။ ကျန်အရာရှိနှစ်ယောက်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်၏။

"ကဲ...လာဗျာ..လက်အုပ်တွေဘာတွေချီမနေပါနဲ့....ခင်ဗျားကို ကျုပ်တို့က မျှော်နေတာ...အေးအေးဆေးဆေးစကားပြောကြတာပေါ့..ဒါနဲ့..ခင်ဗျားနာမည်က.. ကိုသာပိုင်နော်"

"ဟုတ်ပါတယ်..သခင်"

# အခန်း ( ၁၇ )

ကိုသာပိုင်က ကြမ်းပြင်တွင် ငုတ်တုတ်ထိုင်ရန်ပြင်သည်။

ဦးသန့်က ကိုသာပိုင်၏ ပုခုံးကိုကိုင်လိုက်၏။

"အဲ့ဒီမှာ..မထိုင်ပါနဲ့..လာပါ..တန်းတူထိုင်ကြတာပေါ့"

ဦးသိန့်က ထိုင်ခုံတစ်ခုကို ဆွဲယူကာ နေရာပေးလိုက်သည်။

"ကိုသာပိုင် က ဗိုလ်စံဖဲ အဖွဲ့အတွက် အလုပ်လုပ်ပေးခဲ့တာနော်"

"မှန်ပါ..ဘုရား"

"ဘုရားလည်းထူးမနေပါနဲ့ဗျာ..ဗမာချင်းပဲ..ကျုပ်က ကိုသာပိုင်ကို မြင်တာနဲ့ ဒီလို လူဆိုးသူခိုး အလုပ်ကို မတတ်သာလို့ ကူညီပေးခဲ့ရသူမှန်းရိပ်မိပါတယ်..အခု လည်း...ခင်ဗျား ကျုပ်တို့ဆီ ဒီလိုရောက်လာတာ စက်တိုင် ကနေ လွဲသွားတယ်ပဲ မှတ်ပါ"

"စက်တိုင်"

ကိုသာပိုင် က ခပ်တိုးတိုးရေရွတ်လိုက်၏။

"ဟုတ်တယ်..ကိုသာပိုင်..အခု စံဖဲတို့အဖွဲ့ ကျူးလွန်ခဲ့သမျှ အမှုတွေက သေဒဏ် ကလွဲပြီး အခြားမရှိတော့ဘူး..."

"ကျွန်တော်မျိုးကို ကယ်တင်ပေးပါ...ဘုရား"

"ရော်..ဘုရားလည်းထူးမနေပါနဲ့ဆိုဗျာ..ကျုပ်တို့က အခု လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်သွားကြပြီပဲ..ခင်ဗျားကလည်း အစိုးရသက်သေဖြစ်သွားပြီဆိုတော့..ဘာ ပြစ်ဒဏ်မှ မခံရတော့ပါဘူး..ကဲ..ကျုပ်တို့ကို စံဖဲနဲ့ ခင်ဗျား ပတ်သက်ခဲ့တာ တွေ...သိထားတာတွေ ပြောပြပါဦး"

"ဟုတ်ကဲ့"

ကိုသာပိုင်က ပုလိပ်စိန်ဂုံးထံမှ မြင်းလုသည့်မှစတင်ပြီး စံဖဲနှင့်စတင်တွေ့ဆုံသည်မှ သူ့အား အဖွဲ့မှ ပြစ်ဒဏ်ပေးသည်အထိကို ရှင်းပြလိုက်သည်။

ရာဇဝတ်အုပ်များက စာအုပ်ဖြင့် လိုက်လံရေးမှတ်ကြ၏။

အချို့ကိစ္စများကို ဦးသန့်က အင်္ဂလိပ်အရာရှိများအား ဘာသာပြန်ရှင်းပြနေသည်။

“ဗိုလ်စံဖဲတို့က ကျွန်တော်မျိုးကို အဖွဲ့နဲ့ မဆက်သွယ်ပဲ နေခိုင်းတယ်ဆိုပေမယ့်လည်း ကျွန်တော်မျိုးကို တချိန်ချိန် မှာ လာသတ်မှာပဲဆိုတဲ့ စိုးရိမ်စိတ်ကြောင့်..တောင်ငူဘက်မှာ တိမ်းရှောင်နေတုန်း..ကိုမင်းမောင်နဲ့ ရာဇဝတ်အုပ်မင်းတို့ ရောက်လာပြီး..အခု ဒီကို ရောက်လာတာပါ”

ကိုသာပိုင် စစ်ချက်ပြီးဆုံးပြီ။

စခန်းနေရာများကို မြေပုံကားချပ်ဖြန့်ကာ စစ်ဆေးကြည့်ကြသည်။

“ဒါနဲ့...ခင်ဗျားတူ ကံကြီးမောင်နဲ့ရော..ခင်ဗျား အဆက်အသွယ်ရှိလား”

“မရှိပါဘူး...တကယ်လို့ သခင်တို့ ကယ်တင်လို့များရမယ်ဆို..ကျွန်တော်မျိုးတူ ကံကြီးမောင်ကိုလည်း ကျွန်တော်မျိုးလို့မျိုး အစိုးရသက်သေအဖြစ် လုပ်ပေးနိုင်မလားခင်ဗျာ”

“ဒါကတော့ သူ့အပေါ်မူတည်တာပါပဲ...ကံကြီးမောင်ဟာ စံဖဲရဲ့ အားကိုးရတဲ့လက်ရုံးဆိုတော့...သူ့ကို ခင်ဗျားစည်းရုံးပြီး စံဖဲကို ကျုပ်တို့လက် အပ်ပေးနိုင်ရင်..ကံကြီးမောင်အတွက်လည်း အခွင့်အရေးရှိမှာပါ”

“ကျွန်တော်မျိုးကို အချိန်ပေးပါ..ကံကြီးမောင်ကို ရအောင်ဆက်သွယ်ပြီး စည်းရုံးကြည့်ပါမယ်”

ဦးသန့်က စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိလိုက်ပြီး တစုံတခုကို လေးလေးနက်နက်စဉ်းစားနေသည်။

“နေဦးဗျ...ခုချိန်မှာ ကိုသာပိုင် ဟာ မြင်ကွင်းကနေ ပျောက်နေပေးရမယ်...ကျုပ်တို့လက်ထဲ ခင်ဗျားရှိနေတယ်ဆိုတာကို လူသိလို့မရဘူး..အခုက ရွာတိုင်းရွာတိုင်း

မှာ စံဖဲလူတွေ၊ သတင်းပေးတွေ ရှိနေတာမဟုတ်လား..ခင်ဗျား ကို ကျုပ်တို့ လူမြင်ကွင်းကနေ ဖျောက်ထားမှရမယ်”

“ဒါဆို ကျွန်တော်မျိုး ဘာဆက်လုပ်ရမလဲ.”

“ခင်ဗျား ကို အစိုးရသက်သေအနေနဲ့ အထောက်အပံ့အပြည့်အစုံနဲ့ ဒီဝန်းထဲမှာပဲ ထားမယ်...ခင်ဗျားလုပ်ပေးရမှာက ဗိုလ်စံဖဲ စခန်းချခဲ့တဲ့ နောက်ဆုံးတည်နေရာ ကို ကျုပ်တို့ကို ပြဖို့ပဲ”

“ဟုတ်ကဲ့ပါ”

စုံထောက်ဦးသန့်၏ နှာခေါင်းမှ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များက ကိုသာ ပိုင်၏ မျက်နှာရှေ့သို့ ဖြတ်ပြေးသွားသည်။

............................................................................................................................
..........

စခန်းတွင်းသို့ စံဖဲ၏ မြင်းဝင်လာသည်နှင့် ထွန်းလူက အူလျားဖားယားပြေး လာ၏။

“အကိုဗိုလ်စံဖဲ”

“အေး..ထွန်းလူ..ငါ့ညီ..ဘာဖြစ်သတုံး”

“ကျွန်တော် ရွာပြန်ချင်လို့ပါ”

ထွန်းလူသည် စံဖဲတို့အဖွဲ့တွင် အငယ်ဆုံး။ ကုက္ကိုလ်စုရွာသား။

မိခင်မုဆိုးမကြီးနှင့် အတူနေထိုင်ရာမှ ဓါးပြမှုတစ်ခုတွင် စွပ်စွဲခံရပြီး ရှောင်တိမ်း ရင်း စံဖဲအဖွဲ့သို့ရောက်ကာ တကယ်ပင် ဓါးပြဖြစ်သွားသူ။

“ငါတို့ကို ပုလိပ်က ခြေရာခံလိုက်နေတာ..ဘာကိစ္စမင်းကပြန်ချင်ရတာလဲ”

စံဖဲက မြင်းပေါ်မှ ဆင်းရင်း မေးလိုက်သည်။ အနောက်တွင်လည်း ချစ်ကောင်းက မြင်းဖြင့် ပါလာ၏။

“ကျွန်တော့်အမေ..ဆုံးသွားပြီ..အကိုစံဖဲ”

“ဟေ”

ထွန်းလူမျက်နှာမှာ မငိုအောင် တင်းခံထားသည့်ပုံ။

“အဲ့ဒါ..ကျွန်တော်ကိုယ်တိုင် အမေ့ကို မြေချပေးချင်တာ”

“အသုဘက ဘယ်နေ့လဲ”

“နက်ဖြန်ခါတဲ့..ကျွန်တော်လည်း ကိုသြ လာပြောလို့သိတာ”

စံဖဲ က ခပ်လှမ်းလှမ်းမှ ကိုသူတော်ကို လှမ်းအော်ခေါ်လိုက်၏။

ကိုသူတော်က အနားသို့ ရောက်လာသည်။

“အကိုသူတော်..ဒီက ထွန်းလူအမေ နာရေးအတွက် ကူငွေ နှစ်ထောင်ထုတ်ပေးပြီး စာရင်းတို့ထားဗျာ..ကဲ..ထွန်းလူ... မင်းအမေနာရေးဆိုတော့ ငါကိုယ်တိုင် လိုက်ပို့မယ်...ငနီနဲ့ ကံကြီးမောင်ကို ခေါ်သွားမယ်”

“မြင်းဘယ်နှစ်စီးယူသွားမလဲ..စံဖဲ”

“မြင်းတွေမယူတော့ဘူးဗျာ..လမ်းကရွာတွေက သတိထားမိနေမယ်..တောင်ခြေ ဆင်းပြီး လှည်းကြုံငှားသွားကြတာပေါ့”

.............................................................................................................................................

“ရက်လည်ပြီးတဲ့အထိ နေသွားပါဦးလား..ဗိုလ်စံဖဲ..ဒီနေရာက အေးချမ်းပါ တယ်..ပြီးတော့ ကျုပ်တို့ တရွာလုံးကလည်း ဗိုလ်ကြီး ပရိတ်သတ်တွေချည်းဗျ၊ ပုလိပ်သတင်းပေးဖို့ဆို ဝေးပေါ့”

ကက္ကိုရုံစုရွာသူကြီးက စံဖဲတို့အဖွဲ့ကို ရက်လည်အထိနေကြရန် ဖြောင့်ဖျသည်။

“နေချင်ပါတယ်..သူကြီးရာ..ဒါပေမယ့်..ခင်ဗျားသိတဲ့အတိုင်း..ဟိုမှာ ကျုပ်လူတွေ က ဖဲဝိုင်းက ကို မထကြတော့ဘူး..နောက် ကျုပ်စံဖဲဆိုတာလည်း ဖဲဝိုင်းလာတဲ့ လူစိမ်းတွေ သိကုန်မှဖြင့် ကြာရင် သတင်းပြန့်ကုန်ပါ့မယ်”

"ဒီလိုဖြင့် ကျုပ်အသစ်ဝယ်ထားတဲ့ နွားဖြူကြီးနှစ်ကောင် ရှိပဗျာ...ဗိုလ်စံဖဲ မှတ်မိမလားမသိဘူး...ဖိုးသာနိုင်းရွာက ငဆိုင်နဲ့ငတေတို့ရဲ့ နာမည်ကြီးနှစ်ကောင်လေဗျာ..အပြေးက လှစ်ခနဲပဲ..ငတေဆိုတာ ကျုပ်တူပေါ့...အခု ဒီကောင်လည်းရွာရောက်နေတာ..သူ့ကို အဲ့ဒီလှည်းနဲ့လိုက်ပို့ခိုင်းပါ့မယ်..ငါ့လူ..မြန်မြန်ရောက်တာပေါ့"

စံဖဲ ၏ ဝရမ်းပြေးဘဝ သာဂရရွာ နွားပြိုင်ပွဲကို သတိရလိုက်မိ၏။ ငဆိုင်ငတေ၏ နာမည်ကြီး နွားတရှည်းကို စီးဖူးချင်နေသည်မှာလည်း ကြာလေပြီ။

ထိုအချိန်တွင် ရွာသားတယောက်က ရေးကြီးသုတ်ပြာဖြင့် သူကြီးနား ကပ်လာ၏။ သူကြီးအား လက်ကုတ်ခေါ်ကာ ခပ်တိုးတိုးပြောလိုက်သည်။

စံဖဲက ပေါင်တွင် ချည်လာသော ပြောင်းတိုသေနတ်ကို အသာစမ်းလိုက်၏။

သူကြီးက စိတ်လှုပ်ရှားနေသော မျက်နှာဖြင့် စံဖဲ အနီးသို့ ပြန်လာထိုင်သည်။

"ဗိုလ်စံဖဲ...ပြဿနာတော့တက်ပြီဗျ..ဘယ်ကောင်သွားချွန်လဲ မသိဘူး..ခင်ဗျားသတင်းကို ပုလိပ်က ရသွားပြီ..ဒါပေမယ့် ဒီဘက်ထိလာရင် ခင်ဗျားသတင်းရရင်..ထွက်ပြေးမှာကို သူတို့သိကြတယ်..အခု...ရွာမွန်သာတံတားအနားမှာ လမ်းခင်းနေတဲ့ ကူလီတဲတွေရှိတယ်...အဲ့ဒီတဲတွေနားက တံတားအောက်မှ ပုလိပ်တွေ ကင်းပုန်းဝပ်ပြီးစောင့်နေကြတယ်တဲ့..အခုပဲ အဲ့ဒီကူလီတဲတွေဆီ ဈေးသွားရောင်းတဲ့ ကျုပ်တို့ရွာသားက လာပြောတာ"

"ရတယ်..သူကြီး..ဒီထဲမှာလည်း...ဒလန်တွေရှိနေနိုင်တယ်..ခင်ဗျားလည်း အိန္ဒြေမပျက်နေပြီး ကျုပ်တို့ သတင်းကို ပေးလိုက်တဲ့သူကို စုံစမ်းပါ..ကျန်တာ..ကျုပ် စီစဉ်လိုက်မယ်"

စံဖဲက ကံကြီးမောင်၊ ငနီနှင့် ထွန်းလူတို့ကို ခေါ်လိုက်သည်။ ထို့နောက် သူတို့ အစီအစဉ်ဆွဲကြ၏။

နေဝင်စပြုပြီ။

ဗိုလ်စံဖဲတို့ အိမ်ပြန်လမ်းအတွင်း နွားဖြူကြီးတစ်ရှည်းကသော လှည်းလည်း အဆင်သင့်။

“ငနီ အဆင်သင့်ပဲလား”

ငနီက သူ့လက်နှစ်ဖက်တွင် ကိုင်လာသော ကြိုးစများနှင့် လက်နှိပ်ဓာတ်မီး ခြောက်လက်ကို မြှောက်ပြလိုက်သည်။

“ထွန်းလူ၊ ကံကြီးမောင်..ကျည်တွေ အသင့်ထိုးထားနော်”

“ဟုတ်..ဗိုလ်စံဖဲ”

နွားလှည်းက ကုက္ကိုရုံစုရွာမှ စထွက်ပြီ။

ကျတ်တီးဘူတာအကျော်တွင် အမှောင်ထုကား အတော်ပင် စိုးမိုးနေ၏။ ဟိုး အဝေးရွာစုစုများထံမှ မီးရောင်လဲ့လဲ့မှ တပါး အလင်းသည်မရှိ။

ရွာမွန်သာတံတားအနီး ကူလီတဲများကို ညအမှောင်ထဲ ခပ်ရေးရေးမြင်ရပြီ။

စံဖဲက နွားလှည်းမောင်းသူ ငတေ ကို လှည်းရပ်ခိုင်းလိုက်၏။

“ငနီနဲ့ ကံကြီးမောင်..မင်းတို့ က ဒီတောစပ်နှစ်ဖက်ကနေ ပန်းတက်ပြီး ငါပြော သလို လုပ်ကြ..မင်းတို့ လက်နှိပ်ဓာတ်မီး အချက်ပြပြီးတာနဲ့ ငတေက လှည်းကို အဲ့ဒီတံတားနားအထိမောင်းမယ်…ထွန်းလူ မင်းက ငါစပစ်မှ ပစ်..ဟုတ်ပြီလား”

ငနီနှင့် ကံကြီးမောင်က လက်နှိပ်ဓာတ်မီးများကိုင်လျက် တံတား၏ ဘေး တစ်ဖက်တချက်စီတောတန်းများထဲသို့ ပြေးတက်သွားသည်။

ခဏအကြာ တံတားတဖက်စီမှ လက်နှိပ်ဓာတ်မီးရောင်များ လက်ခနဲ၊ လက်ခနဲ။

တံတားအောက်တွင် ကင်းပုန်းဝပ်နေသော ပုလိပ်သားများမှာ ဓာတ်မီးရောင်များ ရှိရာဆီသို့ အာရုံစိုက်နေကြသည်။

ထိုအချိန်တွင် ငတေမောင်းသည့် လှည်းက တံတားပေါ်သို့ ဒုံးစိုင်းတက်ချလာ၏။

“ခွေးမသား..ပုလိပ်တွေ….စံဖဲကို ဒါမျိုးရမလားကွ”

“ဒိုင်း..ဒိုင်း”

စံဖဲက စပစ်သည်။ ထွန်းလူကလည်း လိုက်ပစ်၏။

ရုတ်တရုတ်ဝင်လာသော ကျည်ဆံများကြောင့် တံတားအောက်မှ ပုလိပ်တပ်စုမှာ နေရာပြန်ယူကြသည်။

ထိုအချိန်တွင် တောတန်းနှစ်ဖက်မှ လက်နှိပ်ဓာတ်မီးရောင်များပေါ်လာပြီး သေနတ်သံများကြားရပြန်၏။

ပုလိပ်အဖွဲ့မှ သူတို့အား ဗိုလ်စံဖဲအဖွဲ့က အင်အားနှင့် လေးဖက်လေးတန်က ဝိုင်းပစ်နေပြီဟု ထင်သွားကြသည်။

နွားလှည်းကလည်း ကဆုန်စိုင်းလျက် တံတားပေါ်မှ ဖြတ်သွား၏။

ပုလိပ်များမှာ ခေါင်းပု၍သာ။

တံတားအကျော်ဘက် အမှောင်ထဲရောက်သောအခါ အသင့်စောင့်နေသော ငနီနှင့် ကံကြီးမောင်က လှည်းပေါ် လွှားခနဲ ခုန်တက်လာကြ၏။

“အားလုံးစရွေးကိုက်ပဲဟ..ငါ့လူတို့”

စံဖဲက တံတားဆီသို့ သေနတ်တချက်လှမ်းပစ်ပြီး အော်ပြောလိုက်သည်။

ပုလိပ်အဖွဲ့မှာမူ တောတန်းနှစ်ဖက်မှ ဓာတ်မီးရောင်များကိုသာ မဲပြီး ပစ်နေကြ၏။

အချိန်အတန်ကြာသည်အထိ သေနတ်သံပြန်ပေါ်မလာပဲ ဓာတ်မီးရောင်များကိုသာ တွေ့ရသည့်အခါ ပုလိပ်များက နှစ်ဖွဲ့ခွဲကာ တောနင်းရှာကြ၏။

တံတားဘေးနှစ်ဖက်တောထဲရှိ သစ်ပင်များ၏ အကိုင်းတွင် ကြိုးဖြင့်ချည်ထားသော ဖွင့်လက်စ လက်နှိပ်ဓာတ်မီးများကိုသာ တွေ့လိုက်ကြရတော့သည်။

သူတို့အား ခုန စံဖဲတို့က အင်အားဖြင့် ဝိုင်းပစ်ခြင်းမဟုတ်ပဲ လက်နှိပ်ဓာတ်မီး ခြောက်လက်ဖြင့် မျက်လှည့်ပြသွားခြင်းသာဖြစ်ကြောင်း သိလိုက်ရတော့၏။

သူတို့နှင့် အဝေး ညမှောင်မှောင်ထဲတွင်တော့ နွားဖြူကြီးများကသော လှည်းမှာ…အရှိန်ပြင်းပြင်းဖြင့် မောင်းသွားခဲ့ကြပြီ။

…………………………………………………………………………………………………………
…

“နွားဖြူကြီးတစ်ရှဉ်းနဲ့ ဗိုလ်စံဖဲ ပုလိပ်တွေကြားက ကိုယ်ပျောက်သွားခြင်း”

ဗန္ဓုလ၊ သူရိယ၊ မြန်မာ့အလင်း၊ ပညာ့အလင်း သတင်းစာများ၏ ခေါင်းစီးက ဝေဝေဆာဆာ။

ပုလိပ်အဖွဲ့ကို ဦးဆောင်သူ ရာဇဝတ်အုပ် အက်စ်အေ နာသံ မှာ ပုလိပ်မင်းကြီး၏ တိုက်ရိုက်ထုချေလွှာတောင်းခြင်းခံရသည်။

စံဖဲဖမ်းမိရေး အစီအမံကိုတင်ပြခဲ့သည့် စီအိုင်ဒီစုံထောက် ဦးသန့်မှာလည်း အကြီးအကျယ်သိက္ခာကျရ၏။

စံဖဲကား နာမည်ကြီးသည်ထက်ကြီးလာလေပြီ။

..................................................................................................................

ငသြ ထံမှ စာကို စံဖဲက သေချာအောင်ပြန်ဖတ်လိုက်၏။

ကုက္ကိုရုံစု သူကြီးမှ ပေးသောစာ။

မောင်းမဆည်ရွာသူကြီးသား မင်းမောင် နှင့် ပတ်သက်သည့် ကုက္ကိုရုံစုရွာသား တစ်ယောက်မှတဆင့် ဗိုလ်စံဖဲ ရွာရောက်နေသည်ကို ပုလိပ်က သိသွားခြင်း။

“မင်းမောင်...ဒီကောင်သွားတတ်လာတတ်တဲ့နေရာတွေအကြောင်းကို ကျုပ်သိချင်တယ်..ကိုသြ....ကျုပ်တို့ သတင်းပေးတွေအားလုံးကို မင်းမောင် အကြောင်း စုံစမ်းခိုင်းပါ”

..................................................................................................................

မောင်းမဆည်ရွာနှင့် ခပ်လှမ်းလှမ်းရှိ လှည်းလမ်းမ။

ညနေစောင်းနေရောင်အောက်တွင် စက်ဘီးတစ်စီးက တလှုပ်လှုပ်နင်းလာနေသည်။

စက်ဘီးပေါ်တွင် မင်းမောင်။ မင်းမောင်က ဓါးရှည်ကို ကျောတွင်လွယ်ထား၏။

တနေရာအရောက်တွင် လမ်းပေါ်သို့ ထွက်လာသော လူတစ်ယောက်ကြောင့် စက်ဘီးကို အရှိန်လျော့လိုက်သည်။

"ဗျို့..ကိုမင်းမောင်...မြို့က ပြန်လာတာလား"

"ဟင်"

သူ့နာမည်ခေါ်လိုက်သံကြောင့် မင်းမောင် တွေခနဲ ဖြစ်သွားသည်။ ထိုသူက မင်းမောင်၏ စက်ဘီးရှေ့လက်ကိုင်ကို လက်ဖြင့် အသာကိုင်ကာ တားလိုက်၏။

"ခင်ဗျား...ဘယ်သူလဲ"

ထိုသို့မေးပြီးမှ မင်းမောင်မှာ တုန်တက်သွား၏။

စံဖဲကို သူမှတ်မိသွားခဲ့ပြီ။

"ကို..ကိုကြီးစံဖဲ"

"အေး...ဟုတ်တယ်..ငါ စံဖဲပဲ"

မင်းမောင်က အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်ပြင်လိုက်သည်။

"ကျွန်တော်က ကိုကြီးစံဖဲကို လေးစားနေသူပါ...တွေ့ချင်နေတာနဲ့အတော်ပဲ ဗျာ..အခု ဘာလာလုပ်သလဲ"

စံဖဲက ရယ်လိုက်သည်။

"တခါတုန်းက ကိုသာပိုင်ကနေတဆင့် ရွှေယင်မျှော်ပွဲသတင်းကို ပေးခဲ့တာ..ကျွန်တော်ပါ...ကိုကြီးစံဖဲ"

"အေး..အဲ့ဒါ ငါသိပါတယ်...ငါသိချင်တာက..ဘာကိစ္စ မင်းငါ့ကို ဒလန်လုပ်သလဲဆိုတာပဲ"

"ဗျာ"

စံဖဲက မင်းမောင်၏ အင်္ကျီကော်လာစကို ဆောင့်ဆွဲလိုက်သည်။

"ဟေ့ကောင်...ပြောလေကွာ"

"ခင်ဗျားကို ကျုပ်သတ်ချင်လို့"

“မင်းနဲ့ငါ ဘာရန်ငြိုးရှိလို့ မင်းက သတ်ချင်ရတာလဲ..မင်းအဖေဆီက ငါ သေနတ် လုခဲ့ပေမယ့်..မင်းအဖေ အသတ်ကို ငါရန်မရှာခဲ့ဘူး..ဘာဖြစ်လို့..မင်းက ငါ့သတ် ချင်ရတာတုန်းကွ”

“ခင်ဗျား...ခင်ဗျား...မမမြနု ကို သတ်ခဲ့တာလေ...မမမြနုကို”

မြနု ဆိုသော အသံကို ကြားသည်နှင့် စံဖဲမှာ ရုတ်တရက်ငိုင်သွား၏။

“အဲ့ဒါ ကျုပ်သိပ်ချစ်ရတဲ့သူဗျ”

စံဖဲ တွေဝေနေစဉ် မင်းမောင် က ရုတ်တရက် စံဖဲကို စက်ဘီးဖြင့် စောင့်တွန်းထည့် လိုက်၏။

လူကောင်သေးသော စံဖဲက စက်ဘီးနှင့်အတူ လဲကျသွားသည်။

မင်းမောင်က ကျောတွင် လွယ်ထားသော ဓါးကို ထုတ်ကာ ခုတ်၏။

စက်ဘီးခံနေသဖြင့် ဓါးအဖျားကသာ စံဖဲ၏ ခန္ဓာကိုယ်ကို ရှပ်ထိသည်။

စံဖဲက ခါးကြားမှ သေနတ်ကိုရအောင်ထုတ်သည်။

“ဒိုင်း”

စက်ဘီးပိနေသည့်အပြင် လှုပ်ရှားနေသည်မို့ သေနတ်က မင်းမောင်၏ ပုခုံးကိုသာ ထိသွားသည်။ မင်းမောင်က မရပ်။

ဘီလူးသရဲစီးသလို ဓါးဖြင့် ဆက်ခုတ်နေသည်။ စံဖဲကလည်း စက်ဘီးကို ကန် ထုတ်ပြီး မြေကြီးပေါ် လူးလှိမ့်ရှောင်လိုက်၏။

“ဒိုင်း” “ဒိုင်း” “ဒိုင်း” “ဒိုင်း”

မင်းမောင်၏ မျက်နှာကြီး ပွင့်ထွက်သွားပြီး စက်ဘီးပေါ် လဲကျသွားသည်။

အနောက်မှ မောင်နီ၊ လွန်းဖေ၊ ငပေ တို့က သေနတ်များဖြင့် ဝိုင်းပစ်လိုက်ကြခြင်း ပင်။

မောင်နီက စံဖဲကို ဆွဲထူလိုက်သည်။

“ကျည်ရှားတယ်ကွ..ဒီလောက် ဝိုင်းပစ်ရသလား”

ဗိုလ်စံဖဲက ဟောက်သည်။

ငနီက မခံ။

“ခင်ညားကို ဓါးနဲ့ခုတ်နေတာကို ကျုပ်တို့က မပစ်လို့…ထိုင်ရှိခိုးပြီး သာစုခေါ်နေရမှာလား..ကိုစံဖဲရ”

# အခန်း ( ၁၈ )

အသက်ကင်းမဲ့နေပြီဖြစ်သော မင်းမောင်၏ ခန္ဓာကိုယ်။

ခန္ဓာကိုယ်အနှံ့ ကျည်ပေါက်ဟောင်းလောင်းများကို ကြည့်ကာ ကိုသာပိုင် မျက်စိမျက်နှာပျက်နေသည်။

သာစည်ရင်ခွဲရုံ၏ သားညှီနံ့တလောင်းလောင်းကလည်း ကိုသာပိုင်ကို ပို၍ခြောက်ခြားစေ၏။

မောင်းမဆည်ရွာသူကြီး ဦးသာပန်းမှာမူ သားဖြစ်သူ၏ ရုပ်ပျက်ဆင်းပျက်အလောင်းကို မကြည့်ရက်သဖြင့် ပြတင်းပေါက်ကိုသာ ငေးနေသည်။

ရင်ခွဲရုံအပြင်ဘက်တွင်မူ စုံထောက်ဦးသန့် နှင့် ရာဇဝတ်အုပ်ဦးအုန်းကျော်တို့ ကမတ်တပ်ရပ်နေကြ၏။

“စံဖဲ ဟာ ကျုပ်တို့ထင်တာထက် ရှေ့ကို ပြေးနေတယ်ဗျ...သူက သတ္တိနဲ့ ဉာဏ်ရည်ပေါင်းစပ်ထားတဲ့ ကောင်မျိုးပဲ...သာမန်လူဆိုးတွေကို ဖမ်းသလိုမျိုးတော့ မဖြစ်နိုင်တော့ဘူး”

စုံထောက်ဦးသန့် စကားပြောနေစဉ် ကိုသာပိုင် ရောက်လာသည်။

“ကိုသာပိုင်..ဒီကိုလာပါဦး”

ကိုသာပိုင်မှာ ကြောက်လန့်နေသောမျက်နှာဖြင့်။

“ခင်ဗျား ကြောက်နေသလား”

“မကြောက်ပဲနေပါ့မလား...ဘုရား..ကျွန်တော်မျိုးအလှည့်လည်း.မကြာခင်ရောက်လာမယ်ထင်ပါရဲ့”

“ဒီလောက်လည်းမကြောက်ပါနဲ့..ကိုသာပိုင်..ခင်ဗျားသာ ကျုပ်တို့ကို သေချာကူညီမယ်ဆိုရင်..စံဖဲကို မကြာခင် ကျုပ်တို့ ဖမ်းမိမှာပါ”

“ကျွန်တော်လည်း သခင်တို့ မေးတဲ့အတိုင်း..ဗိုလ်စံဖဲစခန်းချတဲ့ ဖိုးသာနိုင်းတောင် နေရာကို ပြောပြပြီးပြီလေ”

“ကျုပ်တို့ စစ်ပုလိပ်အယောက်(၁၀၀)နဲ့ သွားခဲ့ပြီးပြီ…ကိုသာပိုင်..သူတို့ စခန်းကို စွန့်ခွာသွားကြပြီ”

“ဒီလိုဖြင့် ကျွန်တော်မျိုးက ဘာများတတ်နိုင်ပါ့မလဲ..သခင်”

“ခင်ဗျား တတ်နိုင်တာတွေရှိပါတယ်”

“ဗိုလ်စံဖဲ အကြောင်းကိုတော့ သွားမစုံစမ်းပေးပါရစေနဲ့..အခု မင်းမောင်လို မျိုး ဖြစ်နေပါ့မယ်”

ကိုသာပိုင် ၏ ပုခုံးကို ဦးသန့်က လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

“မလိုပါဘူး..ဒီအချိန်မှာ..ကိုသာပိုင်အနေနဲ့ လူမြင်ကွင်းကို လုံးဝမထွက်ဖို့လို တယ်…စံဖဲကို မိဖို့ရာက သူတို့အချင်းချင်း ကပဲ ပြန်ဖမ်းပေးမှရမှာ…ဒီတော့ ကို သာပိုင် လုပ်ပေးရမှာက စံဖဲရဲ့ အနီးဆုံးလူရင်းတွေ အကြောင်း ကျုပ်တို့ကို ပိုပြည့် ပြည့်စုံစုံပြောပြဖို့ပဲ”

ကိုသာပိုင်က ခေတ္တမျှ စဉ်းစားနေသည်။

“သခင်…ကျွန်တော်မျိုး သတင်းကြားထားတာတခုကတော့..အခု ဗိုလ်စံဖဲရဲ့ မိန်းမ ငွေဖြူ ဟာ ပျော်ဘွယ်မြို့မှာ နေထိုင်နေပါတယ်တဲ့…သူ့ကို ဖမ်းလိုက်ကြရင်ရော”

ဦးသန့်က ပြုံးပြီး ခေါင်းခါလိုက်၏။

“ကျုပ်တို့လိုချင်တာက စံဖဲ ရဲ့အဖွဲ့ထဲက စံဖဲ ယုံကြည်တဲ့သူ တစ်ယောက် ပဲ..ဥပမာ ခင်ဗျားတူ ကံကြီးမောင် လိုပေါ့”

“ခက်တာက ကံကြီးမောင်ကလည်း ဗိုလ်စံဖဲနဲ့ အမြဲတမ်းအတူတူပါနေတာဆို တော့…ကျွန်တော်မျိုးလည်း သူ့ကို ဘယ်လိုစည်းရုံးပေးရမလဲ”

“ခင်ဗျားကို စစ်မေးတုန်းက ခင်ဗျားပြောခဲ့တယ်လေ…ကိုသာပိုင်..ခင်ဗျားလိုပဲ..စံ ဖဲက တခြားလူတွေကိုလည်း ရွာတွေမှာလွှတ်ထားပြီး သတင်းပေးအဖြစ်ထား

တယ်ဆို..အဲ့ဒီထဲက စံဖဲရဲ့ အယုံကြည်ရဆုံး လူတစ်ယောက်ကို..ကျုပ်တို့ရရင်ဖြစ်ပြီ”

ခဏအကြာတွင် မင်းမောင်၏ အလောင်းကို သုသာန်သို့သယ်ရန် လှည်းရောက်လာသဖြင့် သူတို့အားလုံး အလုပ်ရှုပ်သွားကြတော့သည်။

..................................................................................................................

ဖေးဘရစ်ရှပ်သားရေကုမ္ပဏီ၊အထက်မြန်မာပြည်ဆိုင်ရာမန်နေဂျာ မစ္စတာ တရေ့စ် သည် သတင်းစာကို ခေါက်ကာ စားပွဲပေါ်တင်လိုက်၏။

မိတ္ထီလာခရိုင်ရာဇဝတ်အတွင်းဝန် မစ္စတာရေးနိုး က လက်ထဲမှ ဓာတ်ပုံတထပ် ကို မစ္စတာတရေ့စ် ရှေ့သို့ ထိုးပေးလိုက်သည်။

“ဒါကတော့...ပြီးခဲ့တဲ့ရက်ကမှ..ခင်ဗျားရဲ့ မွေးစားသား သတ်သွားတဲ့...မင်းမောင် ဆိုတဲ့ လူရဲ့ အလောင်းပဲ”

မစ္စတာတရေ့စ်က ဓာတ်ပုံများကို သေချာစွာကြည့်လိုက်သည်။

“ဒီလို မစ္စတာတရေ့စ်..ခင်ဗျား ခွင့်ပြန်သွားတဲ့ တစ်နှစ်တာကာလအတွင်းမှာ ခင်ဗျားရဲ့ မွေးစားသား စံဖဲ ဟာ မြန်မာပြည်ရဲ့ အကြီးကျယ်ဆုံးလူဆိုးဓါးပြဂိုဏ်းခေါင်းဆောင်ဖြစ်နေပြီဆိုတာပဲ”

မစ္စတာတရေ့စ်မှာ မျက်နှာမကောင်းလှ။ သူပြန်ရောက်ရောက်ချင်းပင် စံဖဲ၏ သတင်းများကို ကြားရပြီးသား။

သူကိုယ်တိုင် သေနတ်ပစ်နည်းကို လက်ထပ်သင်ပေးခဲ့သူမို့..သူ့ပယောဂမကင်း သလိုလည်း ခံစားနေရသည်။

“ကျွန်တော့်ရဲ့ အဆုံးအမညံ့လို့ ကျွန်တော့်သား ဒီလိုဖြစ်ရတာပါ...ကျွန်တော် ဘာကူညီပေးရမလဲ..မစ္စတာရေးနိုး”

“စံဖဲဟာ နောက်ထပ်လည်း လူတွေထပ်သတ်နေဦးမှာပဲ...ဓားပြလည်းထပ်တိုက်နေဦးမှာပဲ..ဒီကိစ္စတွေက အမြန်ရပ်တန့်ဖို့လိုနေပြီ...မစ္စတာတရေ့စ်..ဒီတော့

ခင်ဗျားဘက်က ကူညီရမှာက..စံဖဲနဲ့ ခင်ဗျားကြား သားအဖသံယောဇဉ်ရှိနေကြ တော့...ခင်ဗျား သာစည်ကို ရောက်နေတယ်ဆိုတာသာ စံဖဲသိရင်..ခင်ဗျားဆီ သူ ဆက်သွယ်လာကောင်းလာနိုင်တယ်..အဲ့ဒီအခါကျ..စံဖဲ ဘယ်လိုပဲ ဆက်သွယ်လာ လာ..ကျုပ်တို့ကို သတင်းပေးဖို့ပါပဲ”

“ဟုတ်ပါပြီ..ကျွန်တော်အတတ်နိုင်ဆုံးကူညီပါ့မယ်”

“ဪ.နောက်တခုက...အခုဆိုရင်...စံဖဲကို ဖမ်းဆီးဖို့အတွက် ပြည်ထဲရေးရော၊ စစ်တပ်ကပါ အထူးအဖွဲ့ တစ်ခု ဖွဲ့ထားလိုက်ပါပြီ..မကြာခင်..စစ်ပုလိပ်ဘက်တက် လီယံတပ်က တပ်မှူး မေဂျာဟာလီကွင်း ဦးဆောင်တဲ့ တပ်တွေရယ်၊အထက် မြန်မာပြည် မြို့ပြဆိုင်ပုလိပ်တပ်ဖွဲ့က  ကာနယ်ဆင်းစတုန်း ကိုယ်တိုင်ကွပ်ကဲ မယ့် မြင်းစီးပုလိပ်တပ်တွေရယ် ထပ် ဆင်းလာကြတော့မယ်၊ အဲ့ဒီအခါကျ စံဖဲ ဟာ ဘယ်လိုမှ ပြေးလွတ်တော့မယ်မထင်ဘူး။ ဒီတော့...အသက်မသေချင်ရင်..စံဖဲ အနေနဲ့ အမြန်ဆုံးလက်နက်ချအညံ့ခံဖို့ကိုလည်း သတင်းစကားပါးစေချင်ပါ တယ်”

မစ္စတာတရေ့ က ရာဇဝတ်ဝန်ရေးနိုး၏ စကားကို စိတ်မသက်သာစွာဖြင့် ခေါင်းညိတ်လိုက်တော့သည်။

.......................................................................................................................
...........

မစ္စတာတရေ့ ထွက်သွားပြီးသည့်နောက် ရာဇဝတ်ဝန်ရေးနိုးသည် ဆေးတံကို မီး ညှိဖွာရှိုက်ကာ..အမှုတွဲဖိုင်များကို စစ်ဆေးနေ၏။

“ဒုန်း”

သူ၏ အခန်းအဝင်အဝ ဆင်နားရွက်တံခါးကို ဝုန်းခနဲ တွန်းဖွင့်သံကြောင့် မော့ကြည့်လိုက်သည်။

စုံထောက်ဦးသန့်။

“ရာဇဝတ်ဝန်ထောက်မင်းက ဘာကိစ္စနဲ့ ကျွန်တော်မျိုးတို့ကို မတိုင်ပင်ပဲ လျှောက် လုပ်ရပါသလဲ”

“မင်းဘာကိုပြောတာလဲ..စီအိုင်ဒီ”

“ဒီမယ်..ဝန်မင်းတို့ မဖြေရှင်းနိုင်တဲ့ ရာဇဝတ်မှုအတွက် စီအိုင်ဒီကို အကူအညီ တောင်းထားတာမဟုတ်လား..ဒီတော့ စီအိုင်ဒီကို ကိုယ်စားပြုတဲ့ ဒီအမှုရဲ့ အထူး အရာရှိတစ်ယောက်ကို လေးစားသမှုလည်းရှိသင့်ပါတယ်”

“မင်း ဘာတွေပြောနေတာလဲ”

“ပျော်ဘွယ်ဂါတ်ကနေ မငွေဖြူ ကို ဘာကြောင့် ဖမ်းချုပ်ရသလဲ”

“မငွေဖြူ”

“စံဖဲရဲ့ မိန်းမလေ....သူ့ကို ဘာဝရမ်းမှ မပါပဲ ဖမ်းချုပ်တာ ဘာသဘောလဲ”

“ဟ..သူက လူဆိုးမိန်းမလေ....ဓါးပြမိန်းမလေ...သူ့ကိုဖမ်းတာဘာဖြစ်လဲ..ဒါလဲ ငါ့ အမိန့်မဟုတ်ဘူး...စစ်တပ်က မေဂျာဟာလီကွင်းအမိန့်နဲ့ ဖမ်းထားတာ ”

“စစ်တပ်ကကောင်တွေ ဒီစောက်ချိုးချည်းပဲ..ဝန်ထောက်မင်း... လင်ကို မမိတာနဲ့ ဘာအပြစ်မှမရှိတဲ့ မယားကို ဖမ်းတယ်ဆိုတာ..ဥပဒေသမားတွေအလုပ်မဟုတ် ဘူးဗျ.. ရက်စရာကောင်းပါတယ်..ဘောက်ဆင်ပွဲမှာဆို ချက်အောက်ထိုးတယ်လို့ ခေါ်တယ်..ဗြိတိသျှအင်ပါယာက လူကြီးလူကောင်းတွေအနေနဲ့. အင်မတန် အောက်တန်းကျပြီး ရက်စရာကိစ္စပါပဲ”

ဦးသန့်စကားကြောင့် မစ္စတာရေးနိုးမှာ မျက်စိမျက်နှာပျက်သွားသည်။

“နောက်ပြီးတော့..စံဖဲ ဖမ်းမိရေးကို ကျွန်တော်မျိုးတို့က အကွက်ကျကျ စီမံနေချိန် မှာ ကျွန်တော်မျိုးတို့ ကို ညှိနှိုင်းခြင်းမရှိပဲလုပ်တာဟာ ဘောင်ကျော်တာ ပါ...စုံထောက်အလုပ်၊ ပုလိပ်အလုပ်ဟာ စစ်မြေပြင်မှာ စစ်တိုက်တာနဲ့ မတူပါ ဘူး.. သူ့ပညာနဲ့သူပါ...ဒါဟာ စစ်တပ်က သက်သက်ဝင်နှောက်ယှက်တာပါပဲ.ဘာ ပဲဖြစ်ဖြစ်.ဒီကိစ္စကို.ကျွန်တော်မျိုး စုံထောက်မင်းကြီးဆီ တိုက်ရိုက်စာတင်ရပါလိမ့် မယ်..စုံထောက်မင်းကြီးဆီက အမိန့်တစုံတစ်ရာမလာမချင်း..ဒီကေ့စ်မှာ ကျွန်တော်မျိုး ဝင်မပါတော့ဘူး”

ဦးသန့်မှာ မစ္စတာရေးနိုးကို အလေးပြုကာ ချက်ချင်းပင် လှည့်ထွက်သွားတော့၏။

စံဖဲအရေးကိစ္စကြောင့် အာဏာပိုင်အဖွဲ့အစည်းများကြားတွင်လည်း ရှုပ်ထွေးကုန်ကြပြီဖြစ်သည်။

...........................................................................................................

........

"ကိုစံလှ..ကိုစံလှ"

သာစည်မြို့၊ လူကုံတန်ရပ်ကွက်တစ်ခုရှိ သစ်သားခြေတန်ရှည်အိမ်ကြီးရှေ့မှ ခပ်အုပ်အုပ်ခေါ်သံ။

ည ကိုးနာရီဖြစ်သဖြင့် သာစည်မြို့မှာ တိတ်ဆိတ်နေသည်။

ဖေးဘရစ်ရှပ်သားရေကုမ္ပဏီမှ ရုံးအုပ်စာရေးကြီး ကိုစံလှ မှ သူ့ခေါင်းရင်းတွင် အမြဲထားသော ခြောက်လုံးပြူးသေနတ်ကို စမ်းလိုက်သည်။

ထို့နောက် အိပ်ခန်းတံခါးကို ခပ်ဟဟဖွင့်ကြည့်လိုက်၏။

"ဘယ်သူလဲကွ..ဒီအချိန်ကြီး"

"ကျုပ် စံဖဲ ပဲ"

ကိုစံလှ မှာ အလန့်တကြား ထထိုင်လိုက်သည်။ ဇနီးဖြစ်သူမှာလည်း မျက်စိမျက်နှာပျက်ဖြင့်။

"သွား...မင်းလက်ဝတ်လက်စားတွေကို မျက်နှာကျက်မှာ သွားဝှက်ချေ"

"ကိုစံလှ..ကျုပ်ခင်ဗျားကို ဘာမှ မလုပ်ပါဘူးဗျ...စကားပြောစရာရှိလို့ ခဏဆင်းလာခဲ့ပါ"

"စံဖဲ..မင်းအပေါ်မှာ ငါဘာမှ ကျူးလွန်ထားတာမရှိပါဘူးကွာ..ငါ့ကို ဘာမှမလုပ်ပါနဲ့"

"ရော်..စိတ်ချပါဆို...ငါ့လူနှယ့်...ကျုပ်အဖေ မစ္စတာတရေ့စ်အိမ်ကို မသွားချင်လို့..ခင်ဗျားဆီ လာခဲ့တာပါ...ကျုပ်အဖေကို စကားပါးချင်လို့ပါ"

ကိုစံလှ သည် ခြောက်လုံးပြူးကို ပုဆိုးနောက်တွင် ထိုးလျက် လက်နှိပ်ဓာတ်မီးကို ကိုင်ကာ ခပ်ဖြည်းဖြည်း ဆင်းလာသည်။

အမှောင်ရိပ်ထဲတွင် စောင်ခြုံနှင့် လူတစ်ယောက်။

ဆွန်လဆန်းဖြစ်သဖြင့် မိုးသက်လေးကလေးကလည်း တိုက်နေသည်။

ကိုစံလှမှာ စံဖဲနှင့် မျက်နှာချင်းဆိုင်လိုက်သည့်အခါ ဒူးများပင်မခိုင်ချင်တော့။

"ခင်ဗျားကို ကျုပ်ဘာမှ မလုပ်ပါဘူး..ကိုစံလှ..မစ္စတာတရေ့စ်ကို ပြောပေးပါ... ကျုပ်မဖြစ်ချင်ပဲ ဖြစ်လာခဲ့ရတဲ့ကိစ္စတွေအတွက် သူ့အပေါ်ထိခိုက်စေမယ်ဆိုရင်လည်း ကျုပ် ဒီကနေပဲရှိခိုးတောင်းပန်ပါတယ်လို့... ပြီးတော့....အခုပျော်ဘွယ်ဂါတ်မှာ ဖမ်းခံထားရတဲ့ မငွေဖြူ ဟာ ကျုပ်ရဲ့ ဇနီးဆိုပေမယ့်..ကျုပ်ရဲ့ လုပ်ရပ်တွေနဲ့ ဘာမှ မသက်ဆိုင်တဲ့သူမို့..သူ့ကို အမြန်လွတ်မြောက်ဖို့လည်း မစ္စတာတရေ့စ်အနေနဲ့ အကူအညီပေးစေချင်ပါတယ်လို့..တကယ်လို့..ပြောပေးပါဗျာ"

"ဟုတ်..ဟုတ်ကဲ့ပါ..ဗိုလ်စံဖဲ"

"ဒါက ကျုပ်ဒယ်ဒီကြိုက်တတ်တဲ့ ပျားရည်အစစ်ပါ...နောက် ဒါက သူကြိုက်တဲ့ ဂျီသားစစ်စစ်၊ ကျုပ်ကိုယ်တိုင် ပစ်ထားတာလို့ပြောပေးဗျာ...ကဲ..ကျုပ်သွားဦးမယ်..ကိုစံလှ...ခင်ဗျား ဒီည ဘယ်ကိုမှ မထွက်ပါနဲ့..မနက်မှသာ အပြင်ထွက်ပါ"

"ဟုတ်..ဟုတ်ကဲ့ပါ..ဗိုလ်စံဖဲ"

စံဖဲက အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

..............................................................................................................
............

အညာဒေသသို့ မိုးက အဝင်စောလှသည့်နှစ်။

ပြိုတော့မည့်မိုးက ပျော်ဘွယ်မြို့ပေါ်တွင် အုံ့အုံ့မှိုင်းမှိုင်း။

မစ္စတာတရေ့က ပျော်ဘွယ်ဂါတ်ထဲမှ ထွက်လာသည်။ နဘေးတွင် မငွေဖြူ။

စုံထောက် ဦးသန့်၏ အကူအညီကိုယူကာ မငွေဖြူအား အာမခံဖြင့် အချုပ်ထဲမှ ထုတ်ပေးလိုက်ခြင်းပင်။

အာမခံဆိုသော်ငြား ဘယ်ဒလီယန်တပ်မှူး မေဂျာဟာလီကွင်းအမိန့်ဖြင့် ဝရမ်းမပါပဲ ဖမ်းထားခြင်းသာဖြစ်သောကြောင့် ဌာနအုပ်မှာလည်း မသင်္ကာမှုပုဒ်မတပ်ကာ ဖမ်းထားရခြင်းပင်။

သို့သော်လည်း စုံထောက်မင်းကြီးမှ တဆင့် ဘုရင်ခံအထိ ထိုကိစ္စရောက်သွားကာ မေဂျာဟာလီကွင်းမှာလည်း ထုချေလွှာတင်ရသည်။

စံဖဲဖမ်းဆီးရေးအထူးစစ်ဆင်ရေးတွင်လည်း စစ်တပ်မှာ အင်အားပေးရုံမှ အပ အခြားစွက်ဖက်ခွင့်မပြုတော့ပဲ.. စီအိုင်ဒီနှင့် ပုလိပ်တပ်ဖွဲ့ကသာ ကြီးကြပ်ရန် အမိန့်ထွက်လာ၏။

“ကဲ...သူငယ်မ...မင်း အိမ် မင်းပြန်နိုင်ပါပြီ”

စာရေးကြီးစံလှက ဘာသာပြန်ပေးသည်။

မငွေဖြူက ဂါတ်တဲရှေ့တွင်ပင် မစ္စတာတရေ့စ်ကို ထိုင်ကန်တော့ရန်ပြင်၏။

“ငါ့ကိုမကန်တော့နဲ့..မင်းကို အချုပ်ထဲက ထုတ်ပေးတာ...ဟော့ဟိုက စုံထောက်မင်းပဲ”

ခပ်လှမ်းလှမ်းမှ စုံထောက်ဦးသန့်က အနီးသို့ ရောက်လာသည်။

“ကျွန်မ ကန်တော့တာက....ဒီက ဦးမင်းဟာ ဗိုလ်စံဖဲရဲ့ မွေးစားအဖေမို့ ယောက္ခမအနေနဲ့ ကန်တော့တာပါ...မတရားသဖြင့် ကျွန်မကို ဖမ်းထားပြီး ပြန်လွှတ်ပေးတာကို ဘာမှ ကျေးဇူးတင်စရာမရှိဘူးထင်ပါတယ်..ဒါကြောင့်..ဒီလူကြီးကိုလည်း မကန်တော့နိုင်ပါဘူး”

မငွေဖြူစကားကြောင့် ဦးသန့်က သဘောတကျရယ်သည်။

“အင်း..စံဖဲကတော်က အလာကြီးပဲဟေ့”

“ဗိုလ်စံဖဲလို့ခေါ်ပါ”

“ဟုတ်ပါပြီဗျာ...တခုတော့ သတိပေးလိုက်မယ်ကလေးမ... အခုက ဗိုလ်စံဖဲအမှုမှာ သက်သေဘာမှ မရှိလို့သာ ဥပဒေအရ မင်းကိုလည်း ဘာမှမလုပ်နိုင်တာ...မင်းသာ ဗိုလ်စံဖဲနဲ့အတူတူ တခုခုကျူးလွန်ရာမှာ အားပေးကူညီခဲ့တာ တွေ့လို့

ကတော့..မင်းလည်းမလွယ်ဘူးမှတ်ပါ…အခုလည်း အမှုက ပိတ်သိမ်းသေးတာ မဟုတ်ဘူး..ဒီအတောအတွင်း ပျော်ဘွယ်ကနေ မင်း ဘယ်မှ သွားခွင့်မရှိတာကို လည်း သတိထားပါ”

ဦးသန့်က မစ္စတာတရေ့စ်ကို တချက်ပြုံးပြပြီး ကားပေါ်သို့ တက်သွား၏။

ကားပေါ်တွင် စီအိုင်ဒီမှာ နောက်ထပ်စေလွှတ်လိုက်သော အိုင်ပီထွန်းအောင်ကျော် က အသင့်။

“ကိုထွန်းအောင်ကျော်….ဒီကောင်မလေးအိမ်အဝင်အထွက်ကို ခင်ဗျားသေချာ စောင့်ကြည့်ပါ…ခင်ဗျားနဲ့အတူ ကိုသာပိုင်ကိုလည်းခေါ်ထား…ဒါမှ ဘယ်သူဘယ်ဝါသူ့အိမ်ကို ဝင်ထွက်တယ်ဆိုတာ ကျုပ်တို့သိရမှာ”

…………………………………………………………………………………………………………………

ပုလိပ်လုပ်ငန်း၊စုံထောက်လုပ်ငန်းများအရ စံဖဲနှင့်ပတ်သက်သည့် မြို့ပေါ်မှာ လူများကို အသီးသီး စောင့်ကြည့်နေကြပြီဖြစ်သည်။

ထို့အပြင် သာစည်နယ်ရှိ စံဖဲ အား ရိက္ခာထောက်ရာရွာများဖြစ်သည့် မဲတော၊ ဂုံညှင်းနွယ်၊ဘွဲ့ခြား၊ သာဂရ၊ မောင်းမဆည်၊ ရင်းမရိုး၊ ထနောင်းကုန်း၊ အုတ်တွင်း၊ အောင်ပင်သာ ရွာများအား တစ်ရွာလျှင် စစ်ပုလိပ်အင်အား (၂၀) စီချထားကာ မေဂျာဟာလီကွင်း၊ မေဂျာမက်ဂရီကာ တို့ က မောင်းမဆည်ရွာတွင် စခန်းချကာ ကွပ်ကဲနေကြသည်။

ထိုစစ်ပုလိပ်များအတွက် နေရေး၊စာရေးကို ထိုရွာများမှပင် တာဝန်ယူကြရ၏။ ထို့အပြင် တပတ်လျှင် တစ်ရက် စံဖဲအား တောနင်းရှာကြသည့်အခါတွင် လှည်းဆင့်ဆိုခြင်း၊ လူအင်အားဆင့်ဆိုခြင်းများ ပြုလုပ်ကြသည်။

မိုးရာသီကျရောက်ပြီး လယ်ယာလုပ်ကိုင်ချိန်မို့..ရွာသူရွာသားများမှာ အလုပ်အကိုင်ပျက်ကာ အင်္ဂလိပ်စစ်တပ် အမိန့်အတိုင်း ကူညီကြရ၏။

အင်္ဂလိပ်အာဏာပိုင်များက စံဖဲအဖွဲ့အား ကျဉ်းထဲကြပ်ထဲရောက်အောင် ထိုသို့ ပြုလုပ်နေသကဲ့သို့ စံဖဲ ကလည်း သူ၏အဖွဲ့များ အင်အားကြီးမားရန် စီမံကိန်းတစ်

ခု ဆွဲနေသည်။

အခြားမဟုတ်။

မိတ္ထီလာရှိ ဗြိတိသျှဖျူဆယ်လီယာတပ်မှ အမြောက်ငယ်တစ်လက်ကို ခိုးယူရန်ဖြစ်သည်။

ထိုကိစ္စအတွက် ချစ်ကောင်းနှင့် ငဩ က ဇာတ်သမားများဟန်ဆောင်ကာ မိတ္ထီလာတက်သွားသည်မှာ ဆယ်ရက်ကျော်ပင်ကြာခဲ့သည်။

လောင်းကစားကိစ္စကြောင့် မိတ္ထီလာအမြောက်တပ်မှ ထုတ်ပယ်ခြင်းခံရသော စာတိုးစာရေး ဆာဂျင်အေဘယ် ဆိုသည့် အင်္ဂလို – အင်ဒီးယန်း ကပြား တဦးက အမြောက်စတိုမှ အမြောက်နှင့် ကျည်ဆံများကို ခိုးပေးမည်ဟုဆိုကာ မိတ္ထီလာရှိ ဓါးပြဗိုလ်ထွန်းအေး မှ တဆင့် စံဖဲတို့အား ချိတ်ဆက်လာခြင်းပင်။

ထို့အတွက် ငွေသုံးသောင်းတိတိ ပေးရမည်ဟု ဆာဂျင်အေဘယ်က ချစ်ကောင်းတို့နှင့် ညှိနှိုင်းပြီး စျေးစကားပြောလာ၏။

တောင်ကြောအောက်ဘက်ရှိ ရွာများကိုလည်း အင်္ဂလိပ်စစ်တပ်များက ပိတ်ဆို့ထားသဖြင့် ဗိုလ်စံဖဲတို့မှာ ငွေကြေးအင်အားတဖြည်းဖြည်းနည်းလာနေပြီဖြစ်သည်။

အနီးအနားရွာတချို့မှ ဆက်သားများမှ ရိက္ခာလာထောက်နေသဖြင့်သာ အဆင်ပြေနေကြခြင်းဖြစ်၏။

မိုးက သဲသဲမဲမဲရွာနေ၏။

ဆင်သေကွေ့စခန်း၏ ရွက်ထည်တဲများမှာ မိုးရေကြောင့် အိပင် အိကျမတတ်။

စခန်းအလယ်ရှိ တဲတစ်လုံးတွင် စံဖဲက မီးအိမ်တစ်လုံး ဖြင့် စာရွက်တစ်ရွက်ကို ချကာ ထိုင်နေ၏။

ဘေးတွင် ကိုသူတော်၊ မောင်နီ၊ ချစ်ကောင်း၊ ကံကြီးမောင် တို့ စုဖွဲ့ထိုင်နေကြသည်။

"မိုးကလည်း ဝင်လာပြီ...နေထိုင်မကောင်းတဲ့သူကလည်း တဖြည်းဖြည်းများလာပြီ..အင်္ဂလိပ်တပ်ကလည်း အင်အားတွေပိုပိုတိုးထားတယ်..ဒီတော့...ငါတို့လက်ထဲ အမြောက်တလက်ရဖို့ရယ်၊ မိုးတတွင်းစာ ငါတို့ ရိက္ခာ နဲ့ ကျည်ဆံ ဖူလုံဖို့ရယ်ကို အဓိက ထားရမှာပဲ"

"သူတို့က တောင်ခြေရွာတွေအကုန်လုံးမှာ စစ်တပ်ချထားပြီ...ငွေရှာဖို့က ဘယ့်နှယ့်လုပ်မတုန်း"

ငှက်ဖျားနှင့် မက်ကလောင်ရောဂါကြောင့် စောင်နှစ်ထပ်ခြုံထားရသည့် မောင်နီက စိတ်ပျက်လက်ပျက်ဖြင့် ဝင်ပြော၏။

"ကိုသူတော်....ဟိုအိမ်မြေပုံ ပေးပါဦး"

ကိုသူတော်က နောက်ထပ် စာရွက်တစ်ရွက်ယူလာပေးသည်။

"ဒါ ပျော်ဘွယ်၊ ရှမ်းပွဲရပ်က သူဌေး ဦးထွန်းနဲ့ ဒေါ်ခ တို့ရဲ့ အိမ်မြေပုံပဲ"

"ဟ..ပျော်ဘွယ်ထိ တက်ဆော်မလို့လားဗျ"

မောင်နီက ပင် ထပ်မေး၏။

"ခုတောင် ရွာတွေမှာ ပိတ်ဆို့ထားတာ"

"အေးလေ..ရွာတွေကို အင်အားနဲ့ ပိတ်ထားတော့...ငါတို့ မြို့မတက်လောက်ဘူးလို့ သူတို့ ထင်မှာပေါ့..အခုက ငါတို့က သူတို့ မထင်မှတ်တဲ့နေရာကို ဝင်မှာ..ဦးထွန်းဒေါ်ခ ဆိုတာ ဘူလင်ဂျာပူးစပါးကုန်သည်ကြီးအသင်းနဲ့ ချိတ်ဆက်နေတဲ့ သူဌေးတွေပဲ....ကမ္ဘာစစ်တုန်းက ဗြိတိသျှအစိုးရကို စစ်စရိတ်လှူတဲ့အထဲမှာ သူတို့က အများကြီးပါခဲ့တာမို့..မနှစ်က ဘုရင်ခံဒါဘာပွဲတောင်ဖိတ်ခံရဖူးတယ်..အတွင်းပစ္စည်းတွေလည်း တော်တော်ရှိတယ်ကြားတယ်..ငါတို့ စွန့်တော့ စွန့်စားရမယ်"

"ချမယ်..ကိုကြီးဗိုလ်စံဖဲ"

ကံကြီးမောင် အသံက တက်ကြွနေသည်။

"ဒါပြီးရင်တော့ ငါတို့တွေ ဓါးပြတိုက်တာခဏနားပြီး..အင်္ဂလိပ်စစ်တပ်ကို ခြေရာဖျောက်ထားမယ်.. ..ဒီတောင်ကြောပေါ်မှာပဲ လူစုပြီး စစ်တပ်ပုံစံ စုဖွဲ့ဖို့လုပ်ရမယ်...လူအင်အားလည်းကောင်း..အမြောက်လေးတလက်လောက်လည်းရတယ်ဆို..ကျုပ်တို့ ဒီကောင်တွေ အင်အားကို ကြောက်စရာမလိုဘူး...အဲ့ဒီကိစ္စ ကိုချစ်ကောင်းက ဟို အင်္ဂလိပ်ဆာဂျင်နဲ့ ပြောခဲ့ရဲ့လား"

"ငါသေချာဆွေးနွေးခဲ့တယ်..စံဖဲ...သူကိုယ်တိုင်လည်း ငါတို့အဖွဲ့ကို စိတ်ဝင်စားတယ်..ပြီးတော့ ဒီကောင်က ကစားမက်တဲ့ကောင်ဆိုတော့...ငွေ အဓိကပဲ"

"ကဲ..မနက်ဖြန်...ဒီကိစ္စကို အတည်ပြုပြီး..ကျန်တဲ့သူတွေကိုပါ တခါတည်း အသင့်ပြင်ခိုင်းကြတော့"

"စံဖဲ"

"ပြော..ကိုချစ်ကောင်း"

"ဒီတခေါက်တော့ မောင်နီကိုယ်စား ငါ လိုက်မယ်ကွာ"

"ဘာဖြစ်လို့တုန်းဗျ"

"မောင်နီက ငှက်ထနေတာ..သိပ်ဟန်မယ်မထင်ဘူး...သူနားခဲ့ပါစေကွာ.ပြီးတော့..ဟိုကိစ္စတုန်းက ငါ့ကိုပြောကြတာ ငါမခံချင်ဘူး..သူများတွေက အသက်နဲ့ရင်းပြီး..ငါကကျ ခန့်ခန့်ကြီး ထိုင်နေသလိုဖြစ်နေတာမို့ပါ...ပြီးတော့ ငါက ငွေကိုင်ရာထူးလည်းမဟုတ်တော့ဘူးလေကွာ"

စံဖဲက သူ၏ အားကိုးရသော လက်ရုံးမောင်နီကို တချက်ကြည့်လိုက်သည်။

"ကျုပ် လိုက်လို့ရပါတယ်..ကိုကြီးချစ်ကောင်းရ"

"ကဲ...မောင်နီ မင်းအဆင်ပြေတာသေချာရင်..လိုက်ခဲ့...ကိုချစ်ကောင်းလည်း လိုက်ခဲ့ဗျာ..ဟုတ်ပြီလား."

..........................................................................................................................................................

..........................................

၁၉၂၇ ဇွန်လ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ည။

လော်ရီကားကြီးတစ်စီးက ပျော်ဘွယ်မြို့၊ ရှမ်းပွဲရပ်ရှိ ဦးထွန်း၊ဒေါ်ခ တို့ အိမ်ရှေ့တွင် လာရပ်သည်။

"စပါးကုန်တွေက ဒီအချိန်ကြီးမှ ရောက်တာလား...ဂိုထောင်ကို တန်းသွားခိုင်လိုက်ကွာ..ချက်ကြီး"

ဦးထွန်းက ထမင်းစားလက်စဖြစ်နေသဖြင့် တူဖြစ်သူ ချက်ကြီးကို လှမ်းအော်လိုက်သည်။

ချက်ကြီးက လက်နှိပ်ဓာတ်မီးဖြင့် တံခါးဖွင့်ကာ ထိုးကြည့်လိုက်၏။

လော်ရီကားနောက်ခန်းမှ ခုန်ချလိုက်သော လူတစ်ယောက်၏ ကျောတွင် သေနတ်လွယ်ထားသည်ကို ဖြတ်ခနဲ မြင်လိုက်ရသည်။

ချက်ကြီးမှာ တံခါးကို ဂျောင်းခနဲနေအောင် ပိတ်လိုက်၏။

ရှေ့ဆုံးမှ ကပ်လာသော ချစ်ကောင်းမှာ တံခါးဂျောင်းခနဲပိတ်သံကို သေနတ်သံဟုထင်မှတ်ပြီး မောင်းဆွဲချလိုက်၏။

ချက်ကြီးမှ လွင့်ထွက်သွားပြီး ဦးထွန်း ဒေါ်ခတို့၏ ထမင်းစားပွဲခြေရင်းတွင် ငြိမ်သက်သွားသည်။

"မြန်မြန်ဝင်..မြန်မြန်ဝင်ကြ..ဟေ့ကောင်တွေ"

အခြေအနေက အမြန်ဆုံးလှုပ်ရှားရမည့်အနေအထားဖြစ်လာသဖြင့် စံဖဲက အမိန့်ပေးလိုက်သည်။

"အဘိုးကြီးနဲ့ အဘွားကြီး..အောက်ဆင်းထိုင်..ခေါင်းကို ငုံ့ထား"

ဒေါ်ခမှ သွေးအိုင်ထဲမှ ချက်ကြီးကို ကြည့်ကာ တဆတ်ဆတ်တုန်နေ၏။

"အိမ်မှာ ဘယ်သူရှိသေးလဲ..ပြော"

"မရှိတော့ပါဘူးဗျာ..ကျုပ်သားနဲ့ချွေးမက ရန်ကုန်ဆင်းသွားကြပါတယ်"

"သေတ္တာသော့တွေပေး...မီးခံသေတ္တာသော့နော်"

"ဟုတ်ကဲ့ပါ..ဟုတ်ကဲ့ပါ"

..................................................................

မိနစ်ပိုင်းအတွင်းပင် ဦးထွန်း၊ ဒေါ်ခ ပိုင်ဆိုင်သော ငွေသားများ၊ လက်ဝတ်ရတနာ များမှာ ပုဆိုးများဖြင့် ထုတ်ကာ လော်ရီကားပေါ်ရောက်လာကြ၏။

အားလုံး ကားပေါ်ရောက်ကြပြီ။ ကံကြီးမောင်နှင့်  စံဖဲ ပေါ်မလာသေး။

"စံဖဲရော..ကံကြီးမောင်"

"သူနောက်လိုက်ခဲ့မယ်တဲ့..သူ့ကို ကုက္ကိုစု က စောင့်ပါတဲ့ဗျ"

ချစ်ကောင်းအမေးကို ဖြေရင်း ကံကြီးမောင်က လော်ရီကား ရှေ့ခန်းကို ခိုတက် လိုက်သည်။

မိုးက တဝုန်းဝုန်းရွာချလာ၏။

လော်ရီကားကြီးက ပျော်ဘွယ်မြို့မှ ကျူတောဝရွာဘက်ဆီသို့ အရှိန်ပြင်းပြင်းဖြင့် မောင်းထွက်သွားသည်။

မကြာမီ ကင်းအချက်ပေးသံချောင်းခေါက်သံများက မိုးသံများကြားမှပင် ပျော်ဘွယ်မြို့လေးအား ဆူညံသွားစေတော့၏။

...............................................................................................................

"သေနတ်သံများလား"

မငွေဖြူ၏ အိမ်ရှေ့ ကားပေါ်တွင် ထိုင်နေသော ကိုသာပိုင် က နဘေးမှ အိုင်ပီ ထွန်းအောင်ကျော်ကို ပြောလိုက်သည်။

"မြို့ထဲမှာ ဘာများဖြစ်လဲမသိဘူး"

ကိုသာပိုင်က  မရိုးမရွဖြစ်နေသည်။ အိုင်ပီထွန်းအောင်ကျော်ကမူ တခုခုကို စဉ်းစားနေ၏။

"စစ်တပ်တွေလည်းရောက်နေတော့ သေနတ်ကျည်ထွက်တာနေမှာပါ"

အင်း..ဟုတ်မှာပါ။

မငွေဖြူ ၏အိမ်ကလေးထဲမှ မီးအိမ်အလင်းရောင်မှာ ရုတ်တရက်ငြိမ်းသွားသည်။

"ခါတိုင်းရက်က သူ ဒီအချိန်မအိပ်ပါဘူး"

"သေနတ်သံကြောင့်ထင်တယ်"

သူတို့ အမှောင်ထုထဲတွင် ငြိမ်သက်လျက် အိမ်ကို ဆက်လက်စောင့်ကြည့်နေကြ၏။

မိုးက တဝုန်းဝုန်းရွာချလာပြန်သည်။

"ဒေါင်..ဒေါင်..ဒေါင်..ဒေါင်"

ပုလိပ်ကင်းများရှိရာမှ သံချောင်းသံများ အဆက်မပြတ်မြည်လာသည်။

မေးခနဲ ဖြစ်သွားသော အိုင်ပီထွန်းအောင်ကျော်မှ လန့်နိုးလာ၏။

ကင်းလှည့်နေသည့် စက်ဘီးစီးပုလိပ်အချို့က ပျော်ဘွယ်မြို့ထဲသို့ အားကုန်ဖြတ်နင်းသွားသည်လည်းတွေ့ရ၏။

"စံဖဲများ မြို့ထဲရောက်နေပြီလားမသိဘူး"

ကိုသာပိုင်အသံက သွေးပျက်နေသည်။

အိုင်ပီ ထွန်းအောင်ကျော်က ကားစက်ကို နှိုးလိုက်သည်။ ကားမီးရောင်က မငွေဖြူအိမ်ကို ထိုးမိလျက်သား။

ထို့နောက် မြို့ထဲဘက်ဆီသို့ ကားကို အမြန်မောင်းထွက်လိုက်၏။

......................................................................................................

ခြေသံသဲ့သဲ့ကြောင့် မငွေဖြူ ဖြတ်ခနဲ ခေါင်းထောင်လိုက်သည်။

နေ့စဉ်နေ့တိုင်း သူမအား လာရောက်စောင့်ကြည့်နေကြသည့် ဟိုကားပေါ်မှ လူများ ဆင်းလာလေပြီလား။

မငွေဖြူက အိပ်ရာခေါင်းရင်းမှ ဓါးရှည်ကို အသာစမ်းကိုင်လိုက်သည်။

ထို့နောက်..တံခါးဝတွင် အသာကပ်နေလိုက်၏။

"မငွေဖြူ...မငွေဖြူ"

အသံက ခပ်တိုးတိုးအုပ်အုပ်။

"ဘယ်သူလဲ"

"စံဖဲပါ..ကျွန်တော်ပါ"

မငွေဖြူက ဓါးကို လွှတ်ချကာ တံခါးချက်ကို ဖွင့်လိုက်သည်။

မိုးရေများစိုရွှဲနေသည့် စံဖဲ။

"မိုးတွေလည်း ရွှဲနေတာပဲ..အတင့်ရဲလှချည်လား..ကိုစံဖဲရယ်"

"ဟုတ်တယ်...လာတာတော့ ဓါးပြတိုက်ဖို့လာတာပဲ..ဒါပေမယ့်"

"ဒါဆို..ခုန သေနတ်သံက"

စံဖဲက ခေါင်းညိတ်လိုက်သည်။

"မီးအိမ်ထွန်းလိုက်ပါလား..မငွေဖြူ"

"ဖြစ်ပါ့မလား...ခုနကအထိ အပြင်မှာ စောင့်ကြည့်နေကြတာ"

"ရပါတယ်..သူတို့သွားကြပါပြီ...လုပ်ပါ"

မငွေဖြူက မီးအိမ်ကိုယူလိုက်ပြီး မီးစာကို မြှင့်ကာထွန်းလိုက်သည်။

"ခင်ဗျား မျက်နှာလေး မြင်ရုံလောက်ဆို ရပါပြီ"

စံဖဲက ပြုံးပြီးကြည့်နေသည်။ မငွေဖြူက စံဖဲရင်ခွင်ထဲသို့ တိုးဝင်ကာသိုင်းဖက်လိုက်၏။

"ရေတွေစိုကုန်ပါမယ့်ဗျာ"

"အို..စို..စို"

# အခန်း ( ၁၉ )

စံဖဲက သူ့အား ဖက်ထားသော မငွေဖြူကို ဆွဲခွာလိုက်သည်။

"အချိန်မရှိဘူး..မငွေဖြူ...ကျွန်တော်ပြောတော သေချာနားထောင်ပါ...နောက်ရက်တွေထဲ အိမ်ရှေ့မှာ တောသဘော်သီး ဆိုပြီး လာအော်ရောင်းတဲ့ အသည်တွေ့ရင်..လာပါဦးဆိုပြီး အိမ်ထဲသာ ခေါ်လိုက်..အဲ့ဒါ ကျွန်တော့်လူပဲ..မငွေဖြူနဲ့ ကျွန်တော် အဲ့ဒီလိုဆက်သွယ်မှ ရတော့မယ်"

"ကိုစံဖဲက ကျွန်မဆီ မလာတော့ဘူးလား"

"လာတော့လာပါ့မယ်..အခုက သူတို့ မငွေဖြူကိုပါ စောင့်ကြည့်နေကြတာ...ရွာတွေဘက်မှာလည်း စစ်ပုလိပ်အင်အားက အတော်များတယ်..ခဏတော့ သည်းခံပေးပါ..မငွေဖြူရယ်"

ငွေဖြူက ခေါင်းညိတ်ပြသည်။

"ဒါဆို..သွားပြီနော်"

စံဖဲက အိမ်အောက်သို့ လှစ်ခနဲ ပြန်ဆင်းသွား၏။

...............................................................................................................................

"တောပုန်းကြီးစံဖဲဟု၊ မြန်ခပဲ ကြေညာ၊

မာန်ရဲတဲ့ ကေဇာငယ်၊ ပြည်ရွာမှာ ကျော်မိုး။

မိတ္ထီလာ သာစည်နယ်မှာ၊ နာမည်ကွယ် လွှမ်းမောက်မိုး။

တောနင်းလို့ အကြမ်းရှာတယ်၊ မချမ်းသာစိတ်ညှိုး။

ဝရမ်းစာ ထိပ်မိုးလို့ ၊ နှိမ်ချိုးဖို့ ကြံရွယ်။

ရာ့ခြောက်ဆယ် တပ်သားထက်၊ ဒြပ်ကြွားကြီးတဲ့ဟန်နှယ်

ဖမ်းမည့်တပ် လက်အောက်နယ်တွင်

မျက်မှောက်ကွယ် အရှိသားရယ်နှင့်

မမိညား လန့်လို့တသွယ်၊ အံ့ဖို့တကယ်”

“သာစည်နယ်မှလေ နာမည်တကယ် အသံမစဲလိုက်ပုံက၊ စံဖဲဆိုလျှင် ပုလိပ်တွေ ရွံ့ရှောသလ၊ မအိပ်မနေဝံ့အောင်၊ အတင်းအကျပ်ဖွေပါလို့ဗျ၊ မြင်းတပ်တွေဝိုင်း။

ညြှဲ..တစ်ရာ့ခြောက်ဆယ်တပ်ထက်ပင်၊ ခားပြတစ်ယောက်ကွယ် အမှန်ကြီး ရှော့သလ၊ ရန်ဆီးသူ မျက်မှောက်အရှိသားရယ်နှင့်၊ လက်ရောက်မမိငြားတာ အံ့တစ်ပါးပေပ၊ မတန့်မနားပင် ရွာကြံသမျှမှာဖြင့်၊ ဗလာအမှန်ကျ၍ ယနေ့အထိ အဖြာဖြာဝိုင်းသော်လည်း၊ (အိုကွယ်) ရတနာ စံခားပြကိုတော့ မတွေ့မမိတာရိုင်း”

ဗန္ဓုလဂျာနယ်တွင် ပါရှိသော ရွှေတလေး၏ စံဖဲဘယ်မှာလဲ ကာတွန်းနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စစ်ပုလိပ် ၁၆၀ နှင့် စံဖဲ့ဘွဲ့တေးထပ် ဒွေးချိုးတို့မှာ လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားနေသည်။

စံဖဲကျက်စားရာ ရွာဘက်များတွင် စစ်ပုလိပ်အင်အား (၁၆၀)ခန့် ဖြန့်ကျက်ချထားသော်လည်း ပျော်ဘွယ်မြို့ပေါ်ထိ ဓါးပြတက်တိုက်သွားခြင်းက ဗြိတိသျှအုပ်ချုပ်ရေးကို စိန်ခေါ်လိုက်ခြင်းပင်။

အထူးသဖြင့် ပျော်ဘွယ်မြို့သည် ဗြိတိသျှအထူးစစ်ပုလိပ်တပ်ရင်းများ၏ ဌာနချုပ်ရှိရာဖြစ်သဖြင့် ပိုမိုလှုပ်ခတ်သွားခြင်းပင်။

ပုလိပ်အဖွဲ့မှာ ထိုကိစ္စအတွက် သတင်းစာများမှ လှောင်စရာဖြစ်လာ၏။

ပီမိုးနင်းက “စံဖဲမိပြီ”ဟူသော သရော်စာကိုလည်းကောင်း၊ ရွှေဥဒေါင်းက “စံရှားနှင့်စံဖဲ” ဝတ္ထုကိုလည်းကောင်း ဗြိတိသျှဘားမားမဂ္ဂဇင်းတွင် ရေးသားကြသဖြင့် စံဖဲသည် မြန်မာလူထု၏ အာရုံစိုက်ရာဖြစ်လာသည်။

ထိုသို့အာရုံစိုက်စရာဖြစ်လာလေ စံဖဲ အား ဖမ်းမိရေးအတွက် စစ်ပုလိပ်များက ကျေးရွာလူထုကို ဖိလေပင်။

မိုးဦး၊လေဦး ကောက်စိုက်ပျိုးနုတ် လုပ်ငန်းခွင်များဝင်ချိန်တွင် စစ်ပုလိပ်များ နေထိုင်ရန် တဲထိုးပေးရခြင်း၊ အထမ်းခေါ်လျှင် လူကူလီလိုက်ရခြင်း၊ လှည်းကူလီ လိုက်ရခြင်း စသဖြင့် အနီးအပါးကျေးရွာသားများမှာ မအားလပ်အောင်ဖြစ်ကြရ သည်။

စံဖဲနှင့် ပတ်သက်မိသည့်ကျေးရွာအချို့မှာလည်း ဒဏ်ငွေရိုက်ခံရခြင်း၊ ဝင်ရောက် ရှာဖွေဖျက်စီးခံရခြင်းကြောင့် စံဖဲ အပေါ် စတင် အမြင်စောင်းလာကြပြီဖြစ်၏။

...............................................................................................................................................

“တောသဘော်သီးတွေ....တောသဘော်သီးတွေ”

“လာပါဦးရှင့်”

မငွေဖြူ အသံကြောင့် သဘော်သီးသည်က တောင်းကြီးကို ထမ်းလျက် အိမ်ထဲ ဝင်သွားသည်။

အိမ်ခပ်လှမ်းလှမ်းတွင် ကားဖြင့်စောင့်နေသော ရာဇဝတ်အုပ် ထွန်းအောင်ကျော် က နဘေးမှ ကိုသာပိုင်ကို လက်တို့လိုက်သည်။

“သဘော်သီး ဝယ်စားတာနေမှာပါ..သခင်”

ခဏအကြာ သဘော်သီးသည် ပြန်ထွက်လာ၏။

“သခင်..ဒါ..ဒါ...ငသြ...သူ့ကို ချက်ချင်းဖမ်းပါ”

ကိုသာပိုင်က အလောတကြီး။ ရာဇဝတ်အုပ်ထွန်းအောင်ကျော်က ကိုသာပိုင် ကို ကားထဲတွင် ခေါင်းငုံ့နေရန်ပြောလိုက်သည်။

“နေဦး..အဲ့ဒါ ဘယ်သူလဲ ကျုပ်ကိုအရင်ပြော”

“အဲ့ဒါ ငသြ ပဲ...ဗိုလ်စံဖဲအဖွဲ့ထဲက ကျုပ်လိုပဲ ဆက်သွယ်ရေးတာဝန်ယူထားရတဲ့ တစ်ယောက်”

“ဟုတ်ပြီ...ဒါဆို...ဦးသန့်ပြောထားတဲ့အစီအစဉ်အတိုင်း ခင်ဗျားဆက်လုပ်ရ မယ်..ကိုသာပိုင်..သွားတော့”

ကိုသာပိုင်က ကားပေါ်မှ ဆင်းသွားသည်။

ထွန်းအောင်ကျော်ကလည်း ကားကို အမြန်မောင်းထွက်သွား၏။

..........................................................................................

“ဆင်းစမ်း..မင်းတို့ စံဖဲအဖွဲ့ကမဟုတ်လား”

“ဟော့..ဟိုလူကိုဖမ်းစစ်စမ်း....အဲ့ဒါ စံဖဲ ဖြစ်လိမ့်မယ်”

“အားလုံး ကားပေါ်က ဆင်း....စံဖဲ နဲ့ ပတ်သက်နေတဲ့သူတွေ မဟုတ်လား..ဆင်းစမ်း”

ပျော်ဘွယ်မြို့တစ်ခုလုံးကို စစ်ပုလိပ်တပ်များက ဝိုင်းရံကာ စစ်ဆေးနေသည်။

ပျော်ဘွယ်လမ်းဆုံမှသည် မြို့ပတ်ချာလည် ကားဂိတ်၊ လှည်းဆိပ်၊ နွားပွဲဈေးများပါ မကျန် စစ်ပုလိပ်များ ဝင်ရောက်မွှေနှောက်နေ၏။

ငြေမှာ ဖြစ်ပေါ်လာသောအခြေအနေကြောင့် မြို့ပြင်သို့ ပြန်ထွက်ရန် အခက်တွေ့နေသည်။

ရွှေပြည်ရန်အောင် ကန်နဘေးရှိ နွားပွဲဈေးအတွင်း တိုးဝင်ကာ အခြေအနေကို စောင့်ကြည့်နေ၏။

“ကိုငြေ”

အနောက်မှ ပုခုံးကို ပုတ်လိုက်သဖြင့် ငြေ က လွယ်အိတ်ပါလာသော ခြောက်လုံးပြူးကို အသာစမ်းကာ လှည့်ကြည့်လိုက်သည်။

“ကျုပ်ပါဗျာ..သာပိုင်ပါ”

“ဟူး...သာပိုင်ရာ...လန့်လိုက်တာကွာ”

“အခု ခင်ဗျားမှာ အန္တရာယ်ရှိနေပြီ..ကျုပ်နဲ့ လိုက်ခဲ့”

“ငါက ဘယ်လိုက်ရမှာလဲ”

ကိုသာပိုင်က ကိုငြေ ၏ နားသို့ ခပ်တိုးတိုးကပ်ပြောလိုက်၏။

“အခု ဗိုလ်စံဖဲလူတွေ ပျော်ဘွယ်ထဲရောက်နေတယ်သတင်းကြားလို့..စစ်ပုလိပ်က မြို့ကို ဝိုင်းထားပြီးရှာနေတာဗျ”

“ဟေ..သူတို့က ဘယ်လိုသတင်းရတာလဲ..မင်းကရော..ဘယ်ကနေဘယ်လို ပေါ်လာတာလဲ”

“ကျုပ် တောင်ငူဘက်မှာ နွားအဝယ်တော်လုပ်နေတာ..အခု ဒီမှာ နွားတက် ရောင်းရင်း..ပွဲဈေးထဲ ပုလိပ်တွေ ပြောနေသံကြားရတာပဲဗျ...ခင်ဗျားက ဗိုလ်စံဖဲ အတွက် အလုပ်ဆက်လုပ်ပေးနေတယ်ဆိုရင်တော့...သူတို့ ခင်ဗျားကို ရှာနေတာ ပဲ”

ကိုသာပိုင် စကားကြောင့် ကိုသြ မှာ ထိတ်လန့်သွားသည်။

“ဒါပေမယ့်..မပူနဲ့..ခင်ဗျားကို ဒီမြို့ထဲက ခေါ်ထုတ်ပေးသွားမယ့်နည်း ကျုပ်မှာရှိ တယ်”

“ဟင်...သာပိုင်ရာ..ဟုတ်ရဲ့လားကွာ”

“လာစမ်းပါ....ဒီပုလိပ်စုတ်တွေ..မစစ်နိုင်တဲ့နေရာ ကျုပ်သိပါတယ်..လာ”

ကိုသြ က ကိုသာပိုင် ခေါ်ရာသို့ လိုက်လာခဲ့၏။

............................................................................................

“ကျေးဇူးပါ..သာပိုင်ရာ...ငါဖြင့် ချောင်ပိတ်ဖမ်းခံရပြီမှတ်တာ”

ကိုသြ က ခမောက်ကို ချွတ်ကာ ယပ်ခပ်ရင်း ပြောလိုက်၏။

ကိုသာပိုင် ခေါ်ထုတ်သွားသဖြင့် ကိုသြ မှာ အုတ်တွင်းရွာ ဘုန်းတော်ကြီးကျောင်း သို့ ချောချောမောမောရောက်ရှိသွားသည်။

အုတ်တွင်းရွာဘုန်းတော်ကြီးမှာ ကိုသြ ငယ်စဉ်က ရွာမီးရှို့မှုဖြင့် ဖမ်းခံရစဉ်က ထောင်မကျစေရန် လိုက်လံကူညီပေးခဲ့သည့် ကျေးဇူးရှင်ဖြစ်သည်။

ဗိုလ်စံဖဲ တို့ထံ ကိုသြ ဝင်ထွက်ရာတွင် ခရီးတထောက်နားနေကျ ကျောင်းလည်း ဖြစ်၏။

"ကဲ..ကျေးဇူးပဲ..သာပိုင်ရေ....ဒီကျောင်းကတော့ ငါ့မွေးစားအဖေဆရာတော် ကျောင်းမို့..လုံခြုံပါပြီကွာ..ဒါနဲ့ မင်းက ဘယ်ဆက်သွားမှာလဲ..ပျော်ဘွယ်မှာဆို မင်းကိုလည်း ပုလိပ်က ဖမ်းနိုင်တယ်နော်..ဟော့ကောင်"

ကိုသာပိုင်က သက်ပြင်းချသည်။

"ဘယ်တတ်နိုင်မလဲကွာ...ရွာဘက်ပြန်တော့လည်း..ဗိုလ်စံဖဲက ငါ့ကို သတ်ချင် သတ်မှာလေ...ငါက ဗိုလ်စံဖဲ အပေါ် အမြဲသစ္စာရှိခဲ့တာပါကွာ..သူ့ကိုလည်း လေးစားပါတယ်..သူ့အတွက်လည်း အလုပ်လုပ်ပေးချင်ပါတယ်..ဒါပေမယ့်..ငါ့ အမှားတစ်ခုကြောင့် ဒီလိုဖြစ်သွားတာမို့...ဘယ်တတ်နိုင်မလဲ..ယောက်ဖရာ"

"ဗိုလ်စံဖဲက မင်းကို မသတ်ပါဘူးကွ..မသတ်လို့ပဲ...မင်းခုချိန်ထိ အသက်ရှည်နေ တာပေါ့..သူသတ်ချင်ရင်..မင်း ဒီလောက်မနေရပါဘူး"

"ဒါဆိုလည်း ဗိုလ်စံဖဲကို ပြောပေးပါဗျာ..ကျုပ်ကို သူ့အဖွဲ့ထဲ ပြန်လက်ခံပေးဖို့ နဲ့ သူ့အတွက် ကျုပ် အလုပ်ပြန်လုပ်ပေးချင်တယ်ဆိုတာလေးပါ"

"အေးပါ..ငါပြောပေးပါ့မယ်"

................................................................................................................................
.................

ဂုံညှင်းနွယ်ရွာ။

စစ်ပုလိပ်များနှင့်စုံထောက်များ စခန်းချထားသဖြင့် ညနေ ၆ နာရီကျော်သည်နှင့် တစ်ရွာလုံးမှာ လုပ်ငန်းခွင်ကိုယ်စီမှ ကိုယ့်အိမ်သို့ တကက်သုတ်ရိုက်ပြန်ကြရသည်။

ရွာသို့ ရောက်ရှိနေသော ဧည့်သည်များ၊ ဈေးသည်များ၊ စပါးပွဲစားများမှာလည်း သက်ဆိုင်ရာရွာတံခါးအသီးသီးမှ အမြန် ပြန်လည်ထွက်ခွာကြသည်။

သူကြီးအိမ်အရှေ့ဘက် မြေကွက်လပ်ကြီးတွင် ရွက်ထည်တဲများထိုးကာ နေထိုင် သော အင်္ဂလိပ်စစ်ပုလိပ်တပ်၏ ညနေခင်း တန်းစီးလူစစ်သံ နှင့် ခရာသံများထွက် ပေါ်လာ၏။

ရွာအရှေ့ဘက်တံခါးမှ အစောင့်ပုလိပ်သည် ဆယ်အိမ်ခေါင်းလှမောင် နှင့်အတူ ရွာတံခါးကို ပိတ်ရန် ပြင်လိုက်၏။

"ဟေ့..ခဏနေဦး"

စစ်ပုလိပ်တပ်များနှင့်အတူ တွဲဖက်တာဝန်ချထားခြင်းခံရသည် အထူးစုံထောက်အိတ်စပက်တော် ဦးအောင်ထွန်းက လှမ်းအော်လိုက်သည်။

ရွာပြင်သို့ ကသုတ်ကရက်ထွက်သွားသော လူနောက်သို့ ဦးအောင်ထွန်းက ပြေးလိုက်သည်။

"ဟေ့လူ...ရပ်နေ5်..ပစ်လိုက်မှာ"

"ဒိန်း"

သေနတ်ကို မိုးပေါ်ထောင်ဖောက်လိုက်သဖြင့် ထိုသူက မြေကြီးတွင် ဝပ်လိုက်တော့၏။

"ထစမ်း"

သေနတ်သံကြောင့် နောက်ထပ် စစ်ပုလိပ်တပ်များက ပါ ထိုသူကို ဝိုင်းလိုက်သည်။

ဦးအောင်ထွန်း က ထိုသူ၏ အင်္ကျီကော်လံစ ကို ဆွဲလိုက်၏။

"မင်းကို ညနေကတည်းက ရွာထဲမှာ ယောင်လည်လည်နဲ့ တွေ့နေရတာ....ဒီရွာသားမှ မဟုတ်ပဲကွ..လာခဲ့"

စစ်ပုလိပ်စခန်းဆီသို့ ဆွဲခေါ်သွားသည်။

"လက်ထိပ်ကို နှစ်ထပ်ခပ်"

"ဒူးထောက်စမ်း..ဟေ့ကောင်"

"မင်းနာမည် ဘယ်သူလဲ"

"ဖိုး..ဖိုးစပါ"

"မင်း..ဘယ်ကလဲ"

“ပျော်ဘွယ်ကပါ”

“ပျော်ဘွယ်ကကောင်က ဒီရွာမှာ ဘာလာလုပ်တာတုန်း”

“ကျွန်တော် ဆွေမျိုးတွေဆီလာတာပါ”

“သူတို့က ဘယ်သူတွေလဲ..ဘယ်အပိုင်းမှာနေသလဲ”

မပြောနိုင်။

“ဒီကောင့်အိတ်ကို ရှာစမ်း”

စစ်ပုလိပ်တစ်ယောက်က ဖိုးစ လက်ထဲမှ အိတ်ကို ဆွဲယူလိုက်သည်။

ပတ္တမြားနားကပ်၊ စိန်လည်တုံတစ်ကုံး၊ ရွှေတုံး (၃)တုံး။

“ဖိုးစ...ဒါ မင်းပစ္စည်းတွေလား”

“ဟုတ်..ဟုတ်ပါတယ်”

“ဘာအထောက်အထားရှိလဲ”

ဖိုးစ မှာ ဘာပြောရမည်မသိ။

ဦးအောင်ထွန်းက ဖိုးစ အနားသို့ ကပ်လိုက်သည်။

“မင်း..စံဖဲအဖွဲ့က မဟုတ်လား”

ဖိုးစ က မဖြေ။

ဖိုးစသည် စံဖဲ၏ ငယ်သူငယ်ချင်း ရတနာကုန်သည်ဖြစ်သည်။ စံဖဲ၏ တိုက်ရာပါပစ္စည်းများကို ရောင်းချပေးရသူ။

ယခုလည်း ပျော်ဘွယ်ဓါးပြမှုအပြီး စံဖဲ၏ ဆင်သေကွေ့စခန်း သို့ သွားကာ တိုက်ရာပါပစ္စည်းအချို့ကို ရောင်းပေးရန် သွားယူလာခြင်းဖြစ်သည်။

စံဖဲက ရွာများကို ရှောင်ပြီးပြန်ရန် ပြောသော်လည်း ဖိုးစသည် လမ်းတွင် ဗိုက်ဆာလာသဖြင့် ဂုန်ညှင်းနွယ်ရွာသို့ ဝင်ကာ ထမင်းစားရာမှ စစ်ပုလိပ်များကိုတွေ့ပြီး ရှောင်ကွင်းသွားလာရာမှ မိသွားခြင်းပင်။

ယခုတော့ ဖိုးစတစ်ယောက် စစ်ပုလိပ်တို့လက်မှာ။

“မင်းမပြောရင်..ပြောရအောင်..လုပ်မယ့်နည်းတွေငါ့မှာရှိပါ့..မောင်”

ခဏအကြာ ထိပ်တုံးထဲတွင် ခြေဆင်းလျက် ခေါင်းငိုက်စိုက်နေသော ဖိုးစ။

သူ့ခြေဖဝါးရှေ့တည့်တည့်တွင် သာယာဝတီနယ်တကြော တရားခံအားစစ်ကြော ရာတွင် လက်သံပြောင်ပါသည်ဟု နာမည်ကြီးခဲ့သော ဦးအောင်ထွန်း။

“သာယာဝတီဆိုတာ လူဆိုးလူမိုက်အင်မတန်ပေါတဲ့နယ်ကွ..ငါက အဲ့ဒီမှာ လူဆိုး ထိန်းလုပ်ခဲ့တာပေါ့ကွာ..လူဆိုးတွေ ဖမ်းမိတဲ့အခါ ငါမေးတာကို မဖြေရင် ငါဘာ လုပ်လဲ..သိလား”

ဦးအောင်ထွန်းက စီးကရက်ကို မီးညှိရှင်းမေးလိုက်သည်။

ဖိုးစ မှာ ပြူးကြောင်သော မျက်လုံးများဖြင့်သာ ဦးအောင်ထွန်းကို ကြည့်နေ၏။

“အဟဲ..သိပ်လည်း မကြောက်ပါနဲ့ကွ…ဒီလိုပါ..ငါက အဲ့ဒီလို ခေါင်းမာတဲ့ကောင် တွေဆို အဇာတသတ်ဇာတ်တော်ကို ပြောပြတာပါပဲ..ဘယ်လိုလဲ..မင်း ရော..အဇာတသတ်ဇာတ်တော်နားထောင်ချင်သလား”

ဖိုးစ မှာ ဦးအောင်ထွန်းစကားကြောင့် လှောင်ပြုံးပင် ပြုံးလိုက်သည်။

“ဒီလိုကွ…မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်ရှိထင်ရှားရှိစဉ်ကပေါ့ ကွာ..ရာဇဂြိုလ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ နဲ့ မိဖုရားကြီး ဝေဒေဟီတို့မှာ သားတော် လေးမွေးလာသတဲ့။ အဲ့ဒီသားတော်နာမည်က အဇာတသတ်တဲ့။ တိုတိုပဲပြောရရင် ကွာ..အဲ့ဒီအဇာတသတ်မင်းသား ကြီးပြင်းလာတဲ့အခါ…ဖခင်ရဲ့ နန်းကို လုတာ ပေါ့..လုပြီးတော့ ဖခင်ကြီးကို အကျဉ်းစခန်းထဲမှာ ထိပ်တုံးခတ်ထားတာ..အခု မင်းလိုပဲပေါ့”

ဦးအောင်ထွန်းက စကားပြောရင်း…ဖိုးစ၏ ခြေဖဝါးများကို လက်ညှိုးဖြင့် အသာ ပွတ်လိုက်သည်။

“ပြီးတော့..ဘာလုပ်လဲ..သိလား”

ဦးအောင်ထွန်း လက်ထဲမှ ဆေးလိပ်မီးသည် ဖိုးစ၏ ခြေဖဝါးဆီသို့။

"အား...အား"

"ရှူး...တိုးတိုး...ငါ့ကောင်...အဇာတသတ်က သူ့အဖေကို ခြေဖဝါးကို ဓါးနဲ့ခွဲ ဆား နဲ့သိပ်တာတဲ့ကွာ...မင်းက ဆေးလိပ်မီးလေးနဲ့အတို့ခံရတာ ဗိမ္ဗိသာရမင်းကြီး လောက်...မနာပါဘူးဟ"

ဦးအောင်ထွန်းက တောလိုက်ဓါးမြှောင်ကို ထုတ်လိုက်သည်။

ထို့နောက် သူ့ခါးတွင်ပတ်ထားသော သားရည်ခါးပတ်ပေါ်တွင် ရှိခနဲ နေအောင် သွေးလိုက်၏။

"အော်..ခဏနေဦး..စားဖိုမှူးတပ်သားဆီမှာ ဆားနည်းနည်းသွားတောင်းလိုက်ဦး မယ်"

ဦးအောင်ထွန်းထသွားသည်။ ဖိုးစမှာ မျက်စိမျက်နှာပျက်နေ၏။

ဆားလက်တစ်ဆုပ်နှင့်အတူ ဦးအောင်ထွန်း ပြန်ရောက်လာသည်။

"ကဲ..ဘယ်လိုလဲ....စံဖဲ တို့ စခန်းဘယ်မှာလဲဆိုတာကို ပြောမှာလား"

ဖိုးစက အံကိုကြိတ်ကာ မြေကြီးသို့ ပက်လက်လှဲချလိုက်၏။

ဦးအောင်ထွန်း ပြုံးလိုက်သည်။

ဖိုးစ၏ ခြေချောင်းများကို ဆုပ်ကိုင်လိုက်၏။

ထို့နောက် ဓါးဖြင့် အလျားလိုက် ကြိတ်လှီးချလိုက်သည်။

"အား"

ဖိုးစမှာ အားကုန်ရုန်းကန်သဖြင့် ထိပ်တုံးကြီးပင် မြောက်မြောက်တက်သွားသည်။

ဦးအောင်ထွန်းက ဆားဖြင့် ခြေထောက်ကို ပွတ်၏။

"အား..အား...အား"

ဖိုးစမှာ အသားကုန်အော်နေရာမှ အသံပင် တဖြည်းဖြည်းတိမ်ဝင်သွားသည်။

ဦးအောင်ထွန်းက ဖိုးစ နားသို့ ကပ်လာသည်။

“ကောင်လေး…နောက်ထပ် ခြေဖဝါးတစ်ဖက်ကျန်သေးတယ်နော်..ဘယ်လိုလဲ..စံဖဲရှိတဲ့နေရာ..ပြောတော့မလား”

“လီးပဲရမယ်”

“ဟား”

ဦးအောင်ထွန်းက ခါးမြှောင်ကို ဆကာ နောက်ထပ် ခြေဖဝါးတစ်ဖက်ကို ကိုင်လိုက်သည်။

“နေဦးကွ….ဖနှောင့်အောက်က ဒီအကြောလေးကို ဓါးနဲ့လှီးလိုက်ရင်…တသက်လုံး ဒုက္ခိတဖြစ်တတ်တယ်လို့..လည်း ငါကြားဖူးတယ်..တခါမှ တော့ မစမ်းဖူးသေးဘူး”

ဦးအောင်ထွန်းက ဖိုးစ၏ ခြေဖနောင့်ကို မ လိုက်သည်။

“အား..မလုပ်နဲ့…ကျုပ်ပြောမယ်..ပြောမယ်”

# အခန်း ( ၂၀ )

၁၉၂၇ ဩဂုတ်လ ၂ ရက်။ နံနက် ၅ နာရီ။

ဆင်သေကွေ့ရှိ ဗိုလ်စံဖဲ၏ တောတွင်းစခန်း။

အင်အား (၉၀)ပါသော စစ်ပုလိပ်တပ်သည် ဆင်သေကွေ့စခန်းဝန်းကျင်သို့ မှောင်ရိပ်ခိုကာ တက်လာကြသည်။

စုံထောက်အင်စပက်တော် ဦးအောင်ထွန်းသည် စစ်ပုလိပ်တပ်ကို ထားခဲ့ကာ စခန်းအောက်ဘက် ကျွဲလူးအိုင်ထဲသို့ ဝပ်ကာ အခြေအနေကို အကဲခတ်လိုက်၏။

ညပိုင်းက အိပ်မပျော်သဖြင့် ကံကြီးမောင်က ကြက်အသည်းမြစ်များကြော်စားခဲ့သည့် မီးဖိုမှ မီးသည် မသေသေပဲ တရဲရဲတောက်လျက်။

ဦးအောင်ထွန်းသည် မီးဖိုမီးအလင်းရောင်ရှိသည့်နေရာကို စစ်ပုလိပ်တပ်မှ လက်ဖတင်နင် စမစ်ကို ခေါ်ပြလိုက်၏။

မီးဖိုမီးရှိသည့်နေရာပတ်ချာလည်ကို ဝိုင်းပစ်ကြရန်ဖြစ်သည်။

..........................................................................................................

..

ကိုသူတော် သည် စောစောစီးစီးအိပ်ရာမှ နိုးနေ၏။

စခန်းတောင်ဘက်ရှိ အိမ်သာအဖြစ်သတ်မှတ်ထားရာ သစ်ပင်ကြီးနောက်သို့ ကိုသူတော်လမ်းလျှောက်လာသည်။

စခန်းသည် ကုန်းမြင့်ပိုင်းတွင်ရှိသဖြင့် ပတ်ချာလည်ကွင်းပြင်ကို လှမ်းမြင်နေရ၏။

နေရောင်ပျပျအောက်တွင် သူတို့စခန်းရှိရာသို့ ချဉ်းကပ်လာသော အရိပ်အချို့ကို မြင်လိုက်ရသည်။

“ပုလိပ်တွေဟေ့”

ကိုသူတော်က အော်ဟစ်ကာ စခန်းရှေ့မှ အုန်းမောင်းဆီပြေးသည်။ ထို့နောက် သတ်မှတ်ထားသည့်အတိုင်း အချက်ပေးအုံးမောင်ကို ခေါက်၏။

သေနတ်သံများ က စခန်းပတ်ပတ်လည်မှ ထွက်ပေါ်လာသည်။စစ်ပုလိပ်များမှာ ကြိုတင်စီစဉ်ထားသည်မို့ ပစ်အား ကောင်းလှ၏။

ကံကြီးမောင်က ဆင်ပစ်သေနတ်တစ်လက်ကို ကျည်ထည့်ပြီး အနီးရှိ သစ်ပင်ပေါ် ပြေးတက်သွားသည်။

သစ်ပင်ခွကြားတွင် အကျအနထိုင်ကာ တချက်ချင်း ပစ်၏။

ရှေ့သို့ တက်လာသော စစ်ပုလိပ်များမှာ ကံကြီးမောင်ပစ်ချက်ကြောင့် လန်ကျသွားကြသည်။

စံဖဲနှင့် ချစ်ကောင်းက သစ်ပင်တစ်ပင်ကို အကာအကွယ်ပြုကာ ပစ်သည်။

ကမ္ဘာစစ်အတွေ့အကြုံရှိသည့် စစ်ပုလိပ်တပ်ဖြစ်သောကြောင့် စံဖဲတို့မှ အခြေမလှကြ။

ဘုလေး၊ ကြာခိုင်၊ ငလွှာကြီး တို့ မှာ သေနတ်ထိမှန်ပြီး သေဆုံးကုန်ကြပြီ။

"စံဖဲ သူတို့က အင်အားရော ပစ်အားပါ ကောင်းတယ်..ငါတို့ ဆုတ်မှရမယ်"

ချစ်ကောင်းက ပြောသည်။

"ကိုစံဖဲ..ကျည်ရှိသေးလား..ကျုပ်ကျည်ကုန်ပြီ"

မောင်နီက လှမ်းအော်၏။

သစ်ပင်ပေါ်မှ ကံကြီးမောင်ကတော ပစ်ခတ်ဆဲ။စစ်ပုလိပ်များက စခန်းထိပ်သို့ပင် ရောက်လာကြပြီ။

"အားလုံး မြစ်ထဲ ခုန်ချကြ..ဆုတ်မယ်..ဆုတ်မယ်"

အသက်မသေကျန်ရစ်သော လွန်းပင်၊ ငဖေ၊ ထွန်းလူ တို့ စမုံမြစ်ထဲ ခုန်ချကြသည်။

"ကိုချစ်ကောင်းနဲ့ ကိုသူတော်..ခင်ဗျားတို့လည်း မြစ်ထဲ ဆင်းတော့"

“စံဖဲ..မင်းပါ လာခဲ့တော့ဟ”

“ဟိုမှာ ကံကြီးမောင်တကောင်တည်းဗျ…ကျုပ်သူ့ကိုခေါ်ဦးမယ်”

“ကိုစံဖဲ..ခင်ညားဆင်းတော့..ကံကြီးမောင်ကို ကျုပ်ခေါ်ခဲ့မယ်”

မောင်နီက အော်သည်။ကံကြီးမောင်၏ ပစ်ချက်က အင်စပက်တော်ဦးအောင် ထွန်း၏ ပေါင်ကို ထိသွားသည်။

ကံကြီးမောင်ရှိသည့် သစ်ပင်ကို တွေ့သွားကြပြီ။

စစ်ပုလိပ်များက သဲကြီးမဲကြီးဝိုင်းပစ်ကြ၏။ ကျည်ဆံက သစ်ပင်ခွကြားခြေခွထိုင် နေသော ကံကြီးမောင်၏ ခြေဖဝါးကို ထိမှန်သွားသည်။

အခြေအနေကို သဘောပေါက်လိုက်သော စံဖဲက ကံကြီးမောင်နှင့် ဆန့်ကျင်ဘက် ရှိ သစ်ပင်ပေါ်သို့ ပြေးတက်သွားသည်။ ထို့နောက် သူဝတ်ထားသည့် အပေါ်ထပ် ကုတ်အင်္ကျီကို ချွတ်ကာ သစ်ပင်ပေါ်တွင် ချိတ်လိုက်၏။ ထို့နောက် သေနတ်ဖြင့် စစ်ပုလိပ်များထံ သုံးလေးချက်ပစ်သည်။

ကံကြီးမောင်ထံ မဲနေသော စစ်ပုလိပ်များမှာ ကျည်ဆံလာရာဘက် လှည့်ပစ်၏။

ထို့နောက် စံဖဲက အောက်သို့ ပြန်ဆင်းလာသည်။

“စံဖဲ..လာတော့ကွာ”

ကိုသူတော်နှင့် ချစ်ကောင်းက စံဖဲကို အတင်းဆွဲကာ မြစ်ထဲ ခုန်ချသွားကြ၏။

“ကံကြီးမောင်..ဆင်းလာတော့..ဆင်းလာတော့”

မောင်နီက အောက်ဖက်တွင် ဝပ်ရင်း အော်သည်။

စံဖဲ၏ ကုပ်အင်္ကျီကို ပုလိပ်များက မဲပစ်နေကြသဖြင့် ကံကြီးမောင်မှာ သစ်ပင်ပေါ် မှ ဆင်းချိန်ရသွား၏။

မောင်နီက ကံကြီးမောင်ကို တွဲကာ မြစ်ထဲသို့ ခုန်ချသည်။

ပုလိပ်တပ်များမှာမူ စံဖဲချိတ်ခဲ့သော ကုပ်အင်္ကျီကို သဲသဲမဲမဲ ဝိုင်းပစ်နေဆဲ။

အလင်းရောင်ကောင်းကောင်းရလာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်ကို သဲကွဲစွာမြင်လာရပြီဖြစ်သည်။

"ရပ်...ရပ်"

လက်ဖတင်နင်စမစ် က ပစ်ခတ်နေသော စစ်သားများအား ရပ်ရန် အမိန့်ပေးလိုက်၏။

သစ်ပင်ပေါ်တွင် ဇကာပေါက်ဖြစ်နေသော ကုပ်အင်္ကျီကြီးတစ်ထည်ကို ထင်ထင်ရှားရှား မြင်လိုက်ရပြီဖြစ်သည်။

..................................................................................................................................

.................................

ဆင်သေကွင်းစခန်းအား သိမ်းဆည်းရမိခဲ့ပြီ။

လက်နက်အချို့နှင့် ပစ္စည်းပစ္စယများ ပြန့်ကြဲလျက်။

အလောင်းတချို့ထဲတွင် ဗိုလ်စံဖဲ နှင့် ချစ်ကောင်း ပါ မပါ ခေတ်ပုံနှင့်တကွ လိုက်တိုက်ကြည့်ကြသည်။

ရွက်ထည်တဲကြီးတစ်ခုထဲတွင် ယမ်းတောင့်လုပ်သည့်စက်နှင့် ဒိုင်ယာရီစာအုပ်တစ်အုပ်ကို တွေ့ရှိရ၏။

သေနတ်ဒဏ်ရာရထားသော စုံထောက်ဦးအောင်ထွန်း က ဒိုင်ယာရီစာအုပ်ကိုဖွင့်ကြည့်လိုက်သည်။

"ဒါ..စံဖဲရဲ့ ဒိုင်ယာရီပဲ"

..............................................................................................................................

စံဖဲ တို့သည် စခန်းဟောင်းဖြစ်သော ဖိုးသာနှိုင်းတောင်၏ အနောက်ဖက်ပွေးထူကုန်း တွင် ပြန်စုစည်းကာ စခန်းချနေကြ၏။

ကံကြီးမောင်မှာ ခြေထောက်တွင် သေနတ်ကျည်ဆိပ်တက်သဖြင့် အတော်လေးပင် ခံစားနေရ၏။

ခဲဆိပ်၊ကျည်ဆိပ်ပြေစေရန် သဘော်ာရွက်ကို ဆီနှင့်ကြိတ်ကာ ဒဏ်ရာအား ထည့် ပေးနေရသည်။

ဒဏ်ရာသက်သာသောအခါ မက်ကလောင်ရောဂါဖြစ်လာသည်။ မောင်နီမှာလည်း ငှက်ဖျားပြန်ထလာ၏။

အားကိုးရသော လက်ရုံးများဖြစ်သည့် ကံကြီးမောင်နှင့် မောင်နီတို့ မှာ အိပ်ရာထဲမှ မထနိုင်သဖြင့် စံဖဲမှာ စိတ်ဓာတ်ကျစရာဖြစ်လာသည်။

မိုးဥ တုလည်းဖြစ်၊ တောတောင်များထဲ ဖြစ်သလိုနေထိုင်ရသဖြင့် ကံကြီးမောင် နှင့် မောင်နီတို့မှာ သက်သာလာခြင်းမရှိကြ။

ထို့ကြောင့် စံဖဲက ငသြ ၏ အကူအညီဖြင့် ကံကြီးမောင်နှင့် မောင်နီတို့အား ဖိုးသာ နှိုင်းရွာ၊ ရွာခေါင်း ကိုရွှေတောင် အိမ်တွင် သွားပို့ထား၏။

ကိုရွှေတောင်ကလည်း ရွာထဲတွင်ထားက လုံခြုံမှုမရှိသဖြင့် ပွေးထူကုန်း တောင်ခြေရှိ ကိုပေ ၏ ကိုင်းတဲသို့ ပြောင်းရွှေ့ထားသည်။

..................................................................................................................

......................................

စုံထောက်ဦးသန့် က လက်ထဲမှ စံဖဲ၏ ဒိုင်ယာရီစာအုပ်ထဲမှ တနေရာကို ခဲတံဖြင့် ခြစ်လိုက်၏။

"ငသြ"

ထို့နောက် သူ့ရှေ့တွင် ထိုင်နေသော ရာဇဝတ်အုပ်ထွန်းအောင်ကျော်ထံသို့ထိုး ပေးလိုက်သည်။

"ကိုသာပိုင် ဝင်စည်းရုံးထားတယ်ဆိုတဲ့လူက..ဒီနာမည်မဟုတ်လား..အိုင်ပီ"

ထွန်းအောင်ကျော်က ဒိုင်ယာရီကို သေချာကြည့်လိုက်၏။

"ဟုတ်ပါတယ်ဗျ"

"သူ့ကို ဖမ်းရမယ်"

………………………………………………………………………………

အုတ်တွင်းရွာ။ ည ၁၂ နာရီ အချိန်။

"ကိုသြ..ကိုသြ"

ခြံရှေ့တည့်တည့်မှ အသံခပ်အုပ်အုပ်ကြောင့် ကိုသြ က ဖြတ်ခနဲ ထလိုက်သည်။

ထို့နောက် တောင်းထဲတွင် ထည့်ထားသော သေနတ်ကို လှမ်းယူကာ  မောင်းတင်လိုက်၏။

"ဘယ်သူလဲ"

"ကျုပ်..သာပိုင်ပါဗျ..ကျုပ်ကို...ပျော်ဘွယ်မှာ ပုလိပ်က လိုက်ဖမ်းနေလို့..ခင်ဗျားဆီ ရှောင်လာတာ"

ကိုသြ က ထရံပေါက်မှ ချောင်းကြည့်သည်။ လူပုံစံနဲ့အသံက ကိုသာပိုင်အစစ်။

ထို့ကြောင့် သေနတ်ကို တောင်းထဲ ပြန်ထည့်ကာ ပုဆိုးဖြင့်အုပ်လိုက်၏။

တံခါးကို ထဖွင့်လိုက်သည်။

"ဝုန်း"

သေနတ်ဒင်တစ်ခုက သူ့ရင်ဝကို လာဆောင့်၏။လဲကျသွားသော သူ့ကို စစ်ဖိနပ်များဖြင့် ဝိုင်းကန်ကြသည်။

ထို့နောက် သူ့ကို လက်ပြန်ကြိုးတုပ်လိုက်ကြ၏။

ရာဇဝတ်ဝန်ထောက်ဦးအုန်းကျော်၊ စီအိုင်ဒီမှရာဇဝတ်အုပ် ထွန်းအောင်ကျော်၊ မောင်းမဆည်ရွာသူကြီး ဦးရာပိုင် တို့ဦးဆောင်သော စစ်ပုလိပ်တပ်သည် ကိုသာပိုင်ကို ရှေ့မှတင်လျက် သြေအား ဖမ်းဆီးကြခြင်း။

"မအေလိုး..ဒလန်"

သြေက ကြိုးတုတ်လျက်သားမှ ကိုသာပိုင်ကို လှမ်းဆဲသည်။

"ဟေ့..လူမိုက်အားပေးကများ..ကဲကွာ"

ဦးရာပိုင်က နှစ်လုံးပြူးသေနတ်ဒင်ဖြင့် ငသြ ၏ ဝမ်းဗိုက်ကို ဆောင့်ထိုးလိုက်၏။

ငသြ က တဲကြမ်းပြင်တွင် ခွေခွေကလေး။

"ဟော့ကောင်..စံဖဲ ဘယ်မှာလဲ...ပြောစမ်း"

"လီးပဲရမယ်..မအေလိုးတွေ"

"ဘုတ်..ဘုတ်"

"ခွပ်..ခွပ်"

စစ်ပုလိပ်တပ်များက ငသြ ကို ထုရိုက်ကြပြန်သည်။

တစ်နာရီကျော်ကြာ ရိုက်နှက်မေးကြသော်လည်း ငသြ က မဖြေ။ ဆဲသာဆဲနေသည်။

ငသြ၏ မျက်လုံးနှစ်လုံးမှာ ပိတ်နေပြီဖြစ်၏။

အိမ်ရှေ့ မန်းကျည်းပင်ကြီးတွင် ငသြ အား ဇောက်ထိုးဆွဲထားသည်။

"သာပိုင်..နှမလိုး..အမျိုးယုတ်..ဒလန်ကောင်..လီးပဲ..ဟော့ကောင်"

ငသြက ရသမျှ အားဖြင့် ပါးစပ်မှ တတွတ်တွတ်ဆဲ၏။

"ဒီလောက် စောက်ကြောမာတဲ့ကောင်...မတွေ့ဘူးပေါင်ကွာ..ငါတို့လည်း ရိုက်ရလွန်းလို့ လက်အံသေနေပြီ"

ရာဇဝတ်ဝန်ထောက်ဦးအုန်းကျော်က စိတ်ပျက်လက်ပျက်ညည်းညူသည်။

ရာဇဝတ်အုပ်ထွန်းအောင်ကျော်က သာပိုင် အနားတွင် သွားထိုင်၏။

"ကိုသာပိုင်...ဒီကောင့်အားနည်းချက်ဘာရှိလဲဗျ..ဥပမာ...သူ့ မိန်းမတို့၊ကလေးတို့"

"ဒီကောင်က လူပျိုကြီး...သူချစ်တာ သူ့တူ လွန်းပင်နဲ့ ငဖေ တို့ပဲရှိတယ်..သူ့နှမကလည်း ဆုံးပြီး..ဟိုနှစ်ကောင်ကလည်း ဗိုလ်စံဖဲဆီမှာ"

“ဟူး..ဒီလိုဆိုခက်ပြီဗျ....ကျုပ် လူဆိုးတွေစစ်လာတဲ့တလျှောက်..ဒီလို ခံနိုင်ရည်ရှိတဲ့ကောင်တွေက...စိတ်နှလုံးကျတော့ သံယောဇဉ်ရှိတယ်..ကျေးဇူးသိတတ်တယ်ဗျ..သူတို့ အားနည်းချက်က အဲ့ဒါ”

“နေဦး..ကျုပ်သိပြီဗျ”

ကိုသာပိုင်က ဝမ်းသာအားရထအော်လိုက်သည်။

......................................................................................................................

“ဒကာသြ”

“ဒကာသြ”

သွေးစေးများက သူ့မျက်လုံးတဝိုက်ကို စေးကပ်အောင် ပိတ်နေသော်လည်း
သြက မျက်စိကို အားယူဖွင့်ကြည့်လိုက်သည်။

အုတ်တွင်းရွာကျောင်းတိုက်မှ ဆရာတော်။ သြ၏ ကျေးဇူးရှင်။

ဆရာတော်၏ ခန္ဓာကိုယ်တွင် သက်န်းမရှိ။ သင်းပိုင်းသာ ရှိသည်။

လက်ပြန်ကြိုးတုတ်ထား၏။

“ဆရာတော်..ဘုရား”

“သြ..နင်..စံဖဲရှိရာသိတယ်ဆို”

သြ ကရိုသမှုအားဖြင့် ခေါင်းကို ခါယမ်းသည်။

“ရပ်ရွာလည်း ထောင်းလမောင်းကြေလှပါပြီ..သြ..အခုလည်း ငါ့ကို မသက်ာမှုနဲ့ ဖမ်းကြတော့မှာတဲ့ဟ..လုပ်ဦး”

သြ ဘာမှ မဖြေ။

“နင့်ကြောင့်..ငါက ဘုန်းကြီးတန်မဲ့...ပုလိပ်ဖမ်းတာခံရတော့မှာ”

“ဘုရား”

“ဟဲ့..ပြောလိုက်..သိရင်ပြောလိုက်..ရပ်ရွာလည်း နာလှပြီ”

“စံဖဲ နေရာတော့ မသိပါဘူး..ဘုရား…ငနီနဲ့ ကံကြီးမောင် နေရာသိပါတယ်”

ငြေသည် စံဖဲအား တိုက်ရိုက်သစ္စာမဖောက်လို။ ထို့ကြောင့် ဒဏ်ရာကိုယ်စီနှင့် ဖျားနာနေကြသော လူနှစ်ယောက်ကိုသာ အစားထိုးရန် ဆုံးဖြတ်လိုက်တော့၏။

“အေး..ဒါဆို..သူတို့ကို လိုက်ပြလိုက်ကွယ်”

........................................................................................................

ငြေ၏ ထွက်ဆိုချက်အရ နောက်တစ်နေ့တွင် ဖိုးသာနိုင်းရွာမှ ရွာခေါင်း ကိုရွှေတောင် ကို ပုလိပ်က ဖမ်းပြီး စစ်ဆေးကြသည်။

ကိုရွှေတောင်က ငနီနှင့် ကံကြီးမောင်အား ပွေးထူကုန်းတောင်ခြေရှိ ငပေ၏ ကိုင်းတဲတွင် ဝှက်ထားသည်ဟု ထွက်ဆို၏။

စစ်ပုလိပ်အဖွဲ့သည် ကိုရွှေတောင်အား လမ်းပြအဖြစ်ခေါ်ကာ ပွေးထူကုန်းတောင်သို့ ဆက်လက်ချီတက်လာကြသည်။

နံနက်လေးနာရီ။

ပွေးထူကုန်းတောင်ခြေရှိ ငပေ၏ ကိုင်းတောမှာ ပြောင်သလင်းခါနေသည့် မြေကွက်လပ်အလယ် သစ်ပင်ကြီးပေါ်တွင် လင့်စင်တစ်ခုရှိသည်။

ကျားအန္တရာယ်ကြောင့် ထိုးထားသော လင့်စင်ပေါ်တွင် ငပေ၊ မောင်နီနှင့် ကံကြီးမောင်တို့ အိပ်ပျော်နေကြ၏။

စစ်ပုလိပ်အဖွဲ့များက တလင်းပြင်တွင်းသို့ မဝင်ရဲသေးပဲ ပတ်ဝန်းကျင်ရှိ သစ်ပင်၊ ဝါးပင်များနောက်တွင် အကာအကွယ်ယူပြီး ဝိုင်းထားကြသည်။

နံနက်အာရုဏ်တက်ချိန်တွင် ငပေသည် အပေါ့အပါးသွားရန် လင့်စင်ပေါ်မှ ဆင်းလာ၏။

“ဟော့ကောင်…မင်းမလှုပ်နဲ့”

ခြံပုတ်ဘေးတွင် သေးပေါက်နေရင်းတန်းလန်း သေနတ်ဖြင့် ထောက်ခံထားရသဖြင့် ငပေမှာ သေးကြောပင် တန့်သွား၏။

"ငါတို့ မင်းတို့ကို ဝိုင်းထားပြီ"

ရာဇဝတ်အုပ်ထွန်းအောင်ကျော်က ခပ်တိုးတိုးပြောလိုက်သည်။

ငပေက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ ရာဂဏန်းရရှိမည်ဖြစ်သော စစ်ပုလိပ်များက ခြုံပင်များကြား ဝပ်နေသည်ကိုတွေ့လိုက်ရ၏။

"မင်းအပေါ်တက်သွား....ကံကြီးမောင်နဲ့ ငနီကို ငါတို့ ဝိုင်းထားတာကို ပြော..ပြန်ခုခံရင် အားလုံးပစ်သတ်မယ်လို့ ကြားလား"

ငပေ က ခေါင်းညိတ်ပြသည်။ ထို့နောက် ဝါးလှေကားအတိုင်း လင့်စင်ပေါ်သို့ ပြန်တက်သွား၏။

လင့်စင်ပေါ်တွင် ရောဂါကိုယ်စီဖြင့် လှဲလျောင်းနေသော ငနီနှင့် ကံကြီးမောင်။

"ကိုနီ..ကိုကံကြီးမောင်..ထ..ထ..အောက်မှာ ပုလိပ်တွေဗျ"

ငနီက သူ့ခေါင်းအုံးအောက်မှ ခြောက်လုံးပြူးသေနတ်ကို ထုတ်လိုက်သည်။

"ဟော့ကောင်...ငပေ..မင်း..ခေါ်လာတာမဟုတ်လား"

"မဟုတ်ပါဘူးဗျ"

"မအေလိုး..မင်းသစ္စာဖောက်ရင် မင်းကို အခုပဲ သတ်ပြီး..ငါတို့ အသေခံသွားမယ်"

ကံကြီးမောင်က ငပေ၏ လည်ပင်းကို ဖမ်းချုပ်ရင်း ပြောလိုက်၏။

လင့်စင်ပေါ်မှ ကံကြီးမောင်အသံကြောင့် ကိုသာပိုင်က ခြုံကြားတွင်ဝပ်နေရာမှ ရှေ့သို့ တက်လာသည်။

"ဟော့..ကံကြီးမောင်..ငါ့တူ..ဦးလေးပါ...သာပိုင်လေကွာ"

ကိုသာပိုင်အသံကြောင့် ကံကြီးမောင်က လင့်စင်အောက်သို့ ကြည့်လိုက်၏။

"ငါ့ညီရော..ငနီပါ...ခုခံမနေပါနဲ့..ဒီမှာ ပုလိပ်အင်အားကလည်းများတယ်....အေးအေးလေး ဆင်းခဲ့ပါ....ဒီကိစ္စမှာ ငပေနဲ့လည်းမဆိုင်ပါဘူး"

စိတ်ဓာတ်ကျနေပြီဖြစ်သော ကံကြီးမောင်နှင့် ငနီမှာ ဘာလုပ်ရမည်မသိကြ။

“ဗိုလ်စံဖဲကိုလည်း ဖမ်းမိထားပြီ…လာပါ…မင်းတို့ နေမကောင်းကြဘူးဆို..ငြေြ ပြောလို့ သိပြီးပြီ..အသက်မသေဖို့အရေးကြီးတယ်..ဆင်းခဲ့ကြကွာ”

ကံကြီးမောင်က သေနတ်ပြောင်းရှည်ကို မောင်းတင်လိုက်သည်။

“ကိုနီ..ချကြမလား”

မောင်နီက လင့်စင်ပေါ်မှ ပတ်ဝန်းကျင်သို့ တချက်ကြည့်လိုက်၏။

ထွက်ခါစနေရောင်ပျပျတွင် သူတို့ကို ပတ်ချာလည် ဝိုင်းထားသော စစ်ပုလိပ်များ။

“မင်းတို့ ဖမ်းခံမယ်ဆို..သေနတ်ကို ပြောင်းချိုးပြီး ပြောင်းဖက်က ကိုင်ဆင်းခဲ့ကြ ဟေ့”

ကိုနီက ကံကြီးမောင်ကို တချက်ကြည့်လိုက်သည်။

“ငါတို့ ဗိုလ်စံဖဲ နဲ့ အတူတူရှိကြတာပေါ့”

သေနတ်ပြောင်းကို ခါးချိုးလိုက်၏။

ကံကြီးမောင်ကလည်း သေနတ်ကို ပြောင်းဘက်မှ လှည့်ကိုင်လိုက်တော့သည်။

သူတို့ ပရိယာယ်တွင်း သက်ဆင်းကြပြီ။

# အခန်း ( ၂၁ )

ဗိုလ်စံဖဲ၏ အားအကိုးရဆုံးလူများဖြစ်သည့် ကံကြီးမောင်နှင့် မောင်နီ ၊ ထောက်ပို့များဖြစ်သည့် ငသြ တို့အား ဖမ်းဆီး ရမိခဲ့ပြီဖြစ်သဖြင့် ပုလိပ်တပ်ဖွဲ့မှ ပိုမိုစိတ်ခာတ်တက်ကြွနေကြသည်။

“သမိုင်း မညှိုးပါအောင်၊ တိုင်းကျိုးတစ်ခါဆောင်သတဲ့

ပါဝါရောင်သို့ကလို တမင်မညီးပေဘု၊

မကွာအောင် ကိုယ်ကို အထင်ကြီးပေရဲ့

တင်စီးပုံ ဤအခါမတော့၊ ထည်ထည်ဝါဝါ “ငစံဖဲ” ကိုဖြင့်

တီဆရာ၊ ဒီဆရာတွေ အမှန်မကြဲတဲ့အပြင်၊

ရန်စဲခါ ပျောက်ကွယ်သွားစေဖို့၊

အတန်တန်လွှဲတာမှာ အောက်ငယ်သားပေပ၊

တံဆိပ်ရဆရာတွေဟာ အိပ်ကြတာ မများပါနဲ့၊

တစ်လောတစ်ခါ တောဝနာမှာ သွားပါလို့

(အမယ်မင်း) တအားထကြွ၍ အရမ်းနော်ဆူတာ မကြားအောင်ပ

သူရဲကောင်းကြီးတို့ရယ်၊ ဓါးပြ ဖမ်းတော်မူပါဘုရား”

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း ဗန္ဓုလဂျာနယ်မှ နေ၍ စံဖဲအား ဖမ်းမမိနိုင်သော “တီဒီအမ်” ၊ “ကေအက်စ်အမ်”၊ “တီပီအက်စ်” ဘွဲ့ထူးရထားသောပုလိပ်အရာရှိများကို သရော်သည့် လေးချိုးကြီး ရေးသားလိုက်သည်။

ပုလိပ်များကလည်း ကံကြီးမောင်၊ မောင်နီနဲ့ ငသြ တို့ထံမှ စစ်ကြောချက်များအရ ရော၊ ဗိုလ်စံဖဲ၏ ဒိုင်ယာရီပါစာများအရ ဗိုလ်စံဖဲနှင့် ပတ်သက်သူများကို ရှာဖွေဖမ်းဆီးကြ၏။

ဗိုလ်စံဖဲ ၏ ရှောင်တိမ်းမည့်တောစခန်းများသို့လည်း စစ်ပုလိပ်တပ်က တောနင်းကာ ရှာဖွေနေကြသည်။

ရာသီဥတုမှာလည်း မိုးသည်းထန်သည့်ရာသီဖြစ်သဖြင့် ဗိုလ်စံဖဲတို့မှာ တောထဲတောင်ထဲ၌ ခြောက်ခြောက်သွေ့သွေ့ နေထိုင်ရသည်မရှိ။

အမြဲတစေ စိုစွတ်စွတ်စွာနေရသည်။

စခန်းသိမ်းပိုက်ခံရပြီးကတည်းက ယခင်လို ရွက်ထည်တဲများလည်းမရှိတော့။ ဝါးရုံတောများထဲတွင် ဖြစ်သလို နေကြရ၏။

ဩဂုတ်လ ၁၉ ရက်နေ့။

စုံထောက်ဦးသန့် ၏ အမိန့်အရ အောင်ပင်သာရွာမှ ဖိုးဝေ နှင့် ငစိုင် ကို စစ်ပုလိပ်အဖွဲ့က သာစည်မြို့သို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။

ဖိုးဝေသည် မောင်နီ၏ ငယ်သူငယ်ချင်းဖြစ်ပြီး ဗိုလ်စံဖဲ အဖွဲ့သို့ ထမင်းထုတ်ပို့နေသူဖြစ်သည်။ ငစိုင် မှာ ထမင်းထုတ်များအတွက် ထမင်း၊ဟင်းဒိုင်ခံ ချက်ပေးသူပင်။

ရာဇဝတ်အုပ်များ၊ အင်စပက်တာများက သာစည်ဂါတ်တဲတွင် ချုပ်ထားသော ဖိုးဝေနှင့် ငစိုင် တို့ကို တစ်ညလုံး နီးပါး ရိုက်နှက် စစ်ဆေးကြ၏။

မောင်နီ၊ကံကြီးမောင်၊ငြေ တို့ကို မူ ပျော်ဘွယ်စစ်ပုလိပ်တပ်သို့ ပို့ထားလိုက်ပြီဖြစ်၏။

သုံးရက်မြောက်နေ့တွင် ဖိုးဝေနှင့် ငစိုင် မှာ ဒဏ်ရာများနှင့် အချုပ်ခန်းထဲတွင် အိပ်ပျော်နေကြသည်။

“ဟေ့ကောင်တွေ…ထစမ်း”

ရာဇဝတ်အုပ်က အချုပ်ခန်းသံတိုင်များကို နံပါတ်တုတ်ဖြင့် ရိုက်ကာ နှိုးလိုက်၏။

ဖိုးဝေနှင့် ငစိုင် မှာ အလန့်တကြားဖြင့် ထကြသည်။ သူတို့အား ညလုံးပေါက် ရိုက်နှက်လာသည့် ရာဇဝတ်အုပ်များထဲမှ တစ်ဦးမဟုတ်လား။

“ဟေ့ကောင်တွေ..ထွက်”

အချုပ်ခန်းတံခါးကို ပုလိပ်တစ်ဦးက လာဖွင့်ပေးသည်။

ဖိုးဝေနှင့် ငစိုင် မှာ စိတ်ပျက်လက်ပျက်ဖြင့် အချုပ်ခန်းအပြင်ဘက်သို့ ခေါင်းငုံ့ ထွက်လိုက်၏။

"မင်းတို့ လွတ်ပြီ"

"ဗျာ"

"ဒါ စုံထောက်မင်း ဦးသန့် တဲ့...သူကူညီပေးလို့ မင်းတို့ လွတ်တာ"

ဖိုးဝေနှင့် ငစိုင် မှာ ဦးသန့်အား လက်အုပ်ချီကာ ထိုင်ကန်တော့ကြသည်။

"နေကြပါ...နေကြပါ...ငါ့တူတို့"

ဦးသန့်က သူတို့နှစ်ဦးအား တွဲထူလိုက်၏။

"မင်းတို့ ရွာပြန်ကြမှာမဟုတ်လား"

"ဟုတ်ကဲ့"

"မင်းတို့ရွာအထိ ဦး ကားနဲ့ လိုက်ပို့ပါ့မယ်"

"ခင်ဗျာ"

"မခင်ဗျာနဲ့...မင်းတို့..အချုပ်ထဲမှာ ကောင်းကောင်းလည်းစားရမယ်မထင်ဘူး...မင်းတို့စားဖို့သောက်ဖို့လည်း ဦးက စီစဉ်ထားပါတယ်..လာကြ"

စုံထောက်ဦးသန့် က ဖိုးဝေနှင့် ငစိုင်တို့ကို ကားနောက်ခန်းတံခါးပင် ဖွင့်ပေးလိုက်သေး၏။

ထို့နောက် ကားကို သာစည်မြို့အထွက်ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

ဦးသန့်ကားလာသည်နှင့် ဆိုင်ရှင်က ပြင်ဆင်ထားသော သီးသန့်အခန်းသို့ ခေါ်သွား၏။

အခန်းတွင်းတွင် တရုတ်အစားအသောက်များမှာ သီးသန့်ပြင်ဆင်ပြီးသား။

"ကဲ…ထိုင်ကြကွာ..စားကြ"

ဦးသန့်ကမူ ဘီယာတစ်လုံးမှာကာ သောက်နေ၏။

"ဗိုလ်စံဖဲနဲ့ မင်းတို့ တိုက်ရိုက်မပတ်သက်ဘူးဆိုတာ..ဦးယုံကြည်ပါတယ်..ဒါပေမယ့်…မင်းတို့က သူ့ဆီ ထမင်းပို့နေတယ်ဆိုတာကို ငြေ က သတင်းပေးလို့..သာ ဖမ်းလိုက်ရတာ"

ဦးသန့်စကားကြောင့် ဖိုးဝေတို့ စားလက်စပင် ရပ်တန့်သွားသည်။

"ကံကြီးမောင်နဲ့ မောင်နီ လည်းပဲ ငြေ ကြောင့်ပဲ ဖမ်းခံရတာ…ဟူး"

ဦးသန့်ဟန်က စိတ်ပျက်လက်ပျက်။ ထို့နောက် ဖိုးဝေ တို့ ဘက်သို့ ခန္ဓာကိုယ်ကို ကိုင်းပြီး ပြောလိုက်သည်။

"အမှန်ပြောရရင်…ဦးလည်း ဗိုလ်စံဖဲ အတွက်စိတ်ပူတယ်"

"ခင်ဗျာ"

"ဟုတ်တယ်..ငါ့တူတို့..ဗိုလ်စံဖဲဟာ တို့ဗမာအမျိုးသားတွေထဲ အင်္ဂလိပ်အစိုးရကို ခံချနေတာပဲကွ…ပြီးတော့ ဆင်းရဲသားများကိုလည်းစောင့်ရှောက်တယ်မဟုတ်လား….သူ့ကို မဖမ်းမိစေချင်ပါဘူး"

ဖိုးဝေ နှင့် ငစိုင် မှာ ဦးသန့်ကို ကြောင်စီစီဖြင့် ကြည့်နေကြသည်။

"အခု သတင်းကြားတာက ဗိုလ်စံဖဲနဲ့ ပါသွားတဲ့အထဲ ငြေ ရဲ့ တူ လွန်းပင်နဲ့ ငဖေ တို့ ပါကြတယ်ဆို"

ဖိုးဝေရော၊ ငစိုင်ပါ မဖြေ။

"အေးပါ..မင်းတို့ မပြောချင်လည်းရပါတယ်..ဒါပေမယ့်..ငြေ ရဲ့ တူတွေက ငြေ လိုပဲ သစ္စာဖောက်ဖြစ်မှာစိုးတာကွာ"

ဦးသန့်က စကားဆုံးသည်နှင့် ဘီယာခွက်ကို မော့ချလိုက်တော့သည်။

……………………………………………………………………………………………
……….

မိုးက တစွတ်စွတ်ရွာနေဆဲ။

စစ်သုံးမိုးကာစများကို ခြုံထားသည့် ကြားမှ စံဖဲ မှာ တခိုက်ခိုက်တုန်နေသည်။

အောင်ပင်သာရွာသို့ ရိက္ခာသွားရှာသည့် ချစ်ကောင်းနှင့် ထွန်းလူမှာ ပြန်မလာကြသေး။

ခပ်လှမ်းလှမ်းတွင် ငဖေ က သေနတ်ကိုင်ကာကင်းစောင့်နေပြီး လွန်းပင်ကလည်း မျှစ်ရှာထွက်သွားသည်။

ညနေကား စောင်းပြီ။ မိုးက မစဲသေး။

ခဏအကြာ ချစ်ကောင်းနှင့် ထွန်းလူတို့ ပြန်ရောက်လာကြသည်။ ထွန်းလူထမ်းလာသည့် တောင်းထဲတွင် ကောက်ညှင်းထုတ်များ။

"စံဖဲ သက်သာရဲ့လား"

ချစ်ကောင်းက မေးလိုက်သည်။ စံဖဲက ခပ်လေးလေးပင် ခေါင်းညိတ်ပြလိုက်၏။

"ငါ..မင်းကို ပြောစရာရှိတယ်"

"ဘာလဲဗျ"

"ဒီနေ့ အောင်ပင်သာမှာ ဖိုးဝေ နဲ့ တွေ့ခဲ့တယ်....ဒီရိက္ခာတွေလည်း သူပဲ စီမံပေးလိုက်တာ"

"အင်း..ကောင်းပါလေ့"

"ပြီးခဲ့တဲ့ရက်က ဖိုးဝေ တို့ အဖမ်းခံရတယ်၊ သူတို့ကို ဖမ်းဖို့ သက်သေမရှိလို့ ပုလိပ်ဘက်က ပြန်လွှတ်လိုက်တာတဲ့လေ"

"သူတို့ကို ခင်ဗျားတို့ သွားဆက်သွယ်တော့..ပုလိပ်က စောင့်ကြည့်နေရင် ဘယ်လိုလုပ်မလဲ"

"စိတ်မပူပါနဲ့...ငါတို့ သေချာကြည့်ပြီးမှ ဒီကောင့်တဲကို ကပ်တာပါ...ဒါနဲ့..လွန်းပင်နဲ့ ငဖေရော"

"ငဖေက ကင်းစောင့်နေတယ်...လွန်းပင်က မျှစ်သွားရှာတယ်"

“အေး..ငါ့ကို ဖိုးဝေက ပြောလိုက်တယ်.သူတို့အဖမ်းခံရတာရော..ကံကြီးမောင်နဲ့ ငနီအဖမ်းခံရတာရောက ငြေ သစ္စာဖောက်လိုက်တာတဲ့”

“ဗျာ”

“ဟုတ်တယ်..ဖိုးဝေက သတိပေးလိုက်သေးတယ်…ငြေ ရဲ့ တူတွေကိုလည်း ငြေက မစည်းရုံးထားဘူးလို့ မပြောနိုင်ဘူးတဲ့”

“ငြေ က ဒီလိုလား…ရတယ်လေ..သူ့တူတွေကို ကျုပ် အခုပဲ ပစ်သတ်လိုက်တော့မယ်”

စံဖဲက သူ၏ ဝင်ချက်စတာမောင်းပြန်သေနတ်ကို ကိုင်ကာ မတ်တပ်ရပ်ရန် ပြင်လိုက်၏။

ချစ်ကောင်းက စံဖဲ ၏ လက်ကို အသာဆွဲထားလိုက်သည်။

“ခဏနေဦး..စံဖဲ…စိတ်လိုက်မာန်ပါ..မလုပ်နဲ့…ငါတို့မှာလည်း အင်အားက နည်းနေပြီ…တခုခုအမှားခံလို့မရတဲ့အခြေအနေကွ..ဒီတော့..ဒီကောင်တွေကို သတိထားဖို့ပါ”

ထိုအချိန်တွင် လွန်းပင် က သူတို့အနားသို့ လျှောက်လာ၏ ။ လက်ထဲတွင်လည်း မှျစ်များနှင့်။

“မှျစ်နုလေးတွေဗျို့..နောက်ဘက် တောတန်းထဲ နည်းတာမဟုတ်ဘူး…ရော့…ဗိုလ်စံဖဲနဲ့ ကိုကြီးချစ်ကောင်းအတွက် နုနုလေးတွေ”

လွန်းပင်က သူတို့လက်ထဲသို့ မှျစ်များအား ပေးလိုက်သည်။

“ကျန်တာတွေ..ဟိုကောင် ငဖေ နဲ့ ထွန်းလူအတွက် သွားပေးလိုက်ဦးမယ်ဗျာ”

လွန်းပင်ထွက်သွားသည်နှင့် စံဖဲ က ချစ်ကောင်းကို တချက်ကြည့်လိုက်၏။ ချစ်ကောင်းက မှျစ်များကို အနောက်ဖက်တောထဲသို့ လွှင့်ပစ်လိုက်သည်။ စံဖဲလည်း ချစ်ကောင်းကဲ့သို့ပင် လွှင့်ပစ်လိုက်၏။

………………………………………………………………………………………………
……………………

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မဲနေသည်။ ဝါးရုံတောကလေးထဲ စွတ်စိုနေသော မြေကြီးပေါ်တွင် မိုးကာစကို ခင်းကာ အိပ်နေသော ဗိုလ်စံဖဲ။

အမှောင်ရိပ်နှစ်ခုက ဗိုလ်စံဖဲ အနီးသို့ တိုးကပ်လာနေသည်။

ဗိုလ်စံဖဲမှာ ချွတ်နင်းသံကြောင့် နိုးနေသော်လည်း ရုတ်တရုတ်လှုပ်မရ။

"ပုလိပ်တွေလား"

အနီးကပ်လာသည်နှင့် အရိပ်များမှာ ပီပြင်လာသည်။

"ဟော့..ဗိုလ်စံဖဲ..ဒီနေ့တော့ ခင်ဗျားသေပြီသာမှတ်"

သေနတ်မောင်းတင်သံ။ ထို့နောက် လွန်းပင် နှင့် ငဖေ တို့က ဗိုလ်စံဖဲ၏ ရင်ဘတ်တည့်တည့်ကို သေနတ်များဖြင့် ချိန်လိုက်သည်။

စံဖဲက အားကုန်အော်သည်။ သို့သော် အသံထွက်မလာ။

"ဒိုင်း"

စံဖဲ ဝုန်းခနဲ ကုန်းထလိုက်သည်။

အိပ်မက်။

ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် လွန်းပင်နှင့် ငဖေက သေနတ်ကိုယ်စီဖက်ကာ ငုတ်တုပ်ထိုင်လျက် အိပ်ပျော်နေကြသည်။

သူတို့နဘေးတွင် ထွန်းလူကလည်း ငှက်ပျောရွက်ခင်းကာ ကွေးကွေးကလေးအိပ်နေ၏။

စံဖဲက ငှက်ဖျားရောဂါကြောင့် အချမ်းပြန်တက်လာသည့်အတွက် ခပ်လှမ်းလှမ်းမှ ကင်းစောင့်နေရာဆီ ထလျှောက်လာလိုက်သည်။

ကင်းအလှည့်ကျသော ချစ်ကောင်းက ဆေးပေါ့လိပ်တစ်လိပ်ကို ဖွာနေ၏။

"ကိုချစ်ကောင်း"

စံဖဲက ချစ်ကောင်းဘေးတွင် ထိုင်လိုက်သည်။

“စံဖဲ..မင်းကင်းအလှည့်မဟုတ်ဘူးလေ..ထွန်းလူ..အလှည့်ကွ”

“ကျုပ် အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာတာ”

“ဘာတွေ မက်လို့တုန်းကွ”

“ဟိုကောင်တွေ...ကျုပ်ကို သေနတ်နဲ့ ပစ်သတ်ကြတယ်တဲ့”

“နေ့လည်က ငါပြောတာကို စိတ်စွဲသွာလို့ပါနေမှာပါကွာ..သွားအိပ်တော့..မင်းက နေကောင်းတာလည်းမဟုတ်ဘူး”

“မနက်ဖြန်ကျရင် ကင်းကို နှစ်စိုင်းပဲ ထားမယ်ဗျာ...ခင်ဗျားနဲ့ ကျွန်တော်က တစ်စိုင်း၊ လွန်းပင်၊ ငပေ နဲ့ ထွန်းလူကို တစ်စိုင်းစောင့်ခိုင်းမယ်”

“ဘာဖြစ်လို့လဲကွ..ဒီတိုင်းလည်းအဆင်ပြေတာကို”

“တစ်ယောက်တည်းကင်းစောင့်ပြီး ကျန်တဲ့သူတွေအိပ်နေချိန်မှာ လွန်းပင်တို့က ကျုပ်တို့ကို ပစ်မသတ်သွားဘူးလို့..ခင်ဗျား အာမခံနိုင်လား..ထွန်းလူကိုတော့ ကျုပ်ယုံတယ်...သစ္စာဖောက် ငသြရဲ့ တူတွေကိုတော့ ရုတ်ရုတ်ရုတ်ရုတ် လုပ်လာရင် ဦးအောင် ပစ်သတ်ရမှာပဲ”

“အေးပါ..စံဖဲရာ..သွားအိပ်တော့...သွား”

စံဖဲက စောင်ခြုံကြီးဖြင့် သူ့အိပ်ရာသို့ ပြန်ထသွားသည်။

အနီးအနားခြုံပုတ်ထဲသို့ အလေးသွားရန် ထလာသော လွန်းပင် ကို သူတို့ သတိမထားမိလိုက်ကြ။

..........................................................................................................

“ထွန်းလူ...ထွန်းလူ”

ချစ်ကောင်းက သူ့ကင်းချိန်ပြီးသွားပြီဖြစ်သဖြင့် ထွန်းလူကို သွားနှိုးလိုက်၏။

ထွန်းလူက ဆတ်ခနဲ ငုတ်တုတ်ထထိုင်သည်။

“သေနတ်ယူ....မင်းကင်းချိန်ရောက်ပြီ”

ချစ်ကောင်းက သူ့လက်ထဲမှ အိတ်ဆောင်နာရီလေးကို ထွန်းလူထံ ပေးလိုက်သည်။

ထွန်းလူက မျက်စိပွတ်ကာ သေနတ်ကို ကိုင်လျက် ကင်းကျရာသို့ ထွက်ခွာသွား၏။

ချစ်ကောင်းက စံဖဲ ဘေးနားတွင် ဝင်လှဲလိုက်သည်။

စံဖဲ ကား အဖျားတက်နေသဖြင့် ပြန်လည်အိပ်မောကျသွားလေပြီ။

ချစ်ကောင်းလည်း မျက်လုံးမှိတ်လိုက်သည်နှင့် မှေးခနဲ ဖြစ်သွား၏။

...........................................................................................

"ငဖေ...ငဖေ"

ခပ်တိုးတိုးလေသံကြောင့် ငဖေ က မျက်လုံးပွင့်လာသည်။

လွန်းပင်က ငဖေ အား အသံမထွက်ရန် နှုတ်ခမ်းအား လက်ညှိုးနှင့် ကပ်ပြ၏။

"ဘာလဲ..လွန်းပင်"

"ငါတို့ကို ဗိုလ်စံဖဲ သတ်တော့မယ်"

"ဘာ"

"ခုန ငါအလေးသွားရင်း..သူနဲ့ ကိုချစ်ကောင်းပြောနေတာကြားတယ်'

"ဘာလို့ သတ်မှာလဲ"

"ဦးလေးဩ က သစ္စာဖောက်သွားလို့..ငါတို့ကိုလည်း မယုံရဘူးတဲ့"

"ဒါဆို ဘယ်နှယ့်လုပ်ကြမလဲ"

"သူ့ကို အရင်သတ်ပြီး ငါတို့ ပြေးကြမယ်ကွာ"

"သတ်စရာလိုလို့လား"

"မင်း..ဗိုလ်စံဖဲ အကြောင်း သိသားပဲ...တကယ်လို့ သူမသေရင်..ငါတို့ကို လိုက်သတ်မှာပေါ့ကွ"

ငဖေ မှာ လွန်းပင်စကားကြောင့် အလန့်တကြားဖြစ်သွားသည်။

"မင်း..က..ငါ့နောက်ကနေ အသာလေးစောင့်ပြီး..ဟိုကောင်ထွန်းလူကို ကြည့်ထား ပေး.. ဗိုလ်စံဖဲရော၊ ကိုချစ်ကောင်းပါ ငါရှင်းမယ်"

လွန်းပင်က သေနတ်ကို အသံမထွက်အောင် မောင်းတင်လိုက်သည်။

ထို့နောက် စံဖဲနှင့် ချစ်ကောင်း အိပ်နေသည့် နေရာသို့ ခါးကိုကိုင်းကာ ချဉ်းကပ်သွား၏။

ငဖေ ကလည်း သေနတ်ကို အသင့်ကိုင်ကာ လိုက်လာသည်။

စံဖဲနှင့် ချစ်ကောင်းကား အိပ်မောကျလျက်။

လွန်းပင်က ကွေးကွေးလေးအိပ်နေသော စံဖဲ ၏ ရင်ဝတည့်တည့်ကို သေနတ်နှင့် ချိန်လိုက်သည်။

တုန်ရီနေသော လက်များဖြင့် သေနတ်မောင်းကို ညှစ်ရန် အားယူလိုက်၏။

"ဟော့ကောင်"

ရုတ်တရုတ်နိုးလာသော ချစ်ကောင်းက လွန်းပင်၏ သေနတ်ပြောင်းကို ဆွဲလု လိုက်သည်။ လွန်းပင်က သေနတ်ပြောင်းကို ချစ်ကောင်းဘက်လှည့်ကာ ဆွဲညှစ် လိုက်သည်။

"ဒိုင်း"

ချစ်ကောင်းက တဖက်သို့ လှိမ့်ချလိုက်သဖြင့် ကျည်ဆံက နားရွက်နားမှ ရှပ်ကာ ဖြတ်သွား၏။

"ဟော့ကောင်..လွန်းပင်"

စံဖဲ၏ အသံကြားသည်နှင့် လွန်းပင်မှာ သေနတ်ကို ပစ်ချကာထွက်ပြေးသည်။ စံဖဲ က ဘေးနားမှ သေနတ်ကို ကောက်ကိုင်ကာ ထ ရန်ပြင်၏။

နေမကောင်းဖြစ်နေသည်မို့ ရုတ်တရုတ်မထနိုင်။

ချစ်ကောင်းက သေနတ်ကို ကောက်ကိုင်ကာ ထ လိုက်သည်။

လွန်းပင် ထွက်ပြေးသည်မြင်သဖြင့် ငဖေ ပါ သေနတ်ပစ်ချကာ ထွက်ပြေးတော့၏။

ချစ်ကောင်းက သေနတ်နှင့်လိုက်ပစ်သည်။

ကင်းစောင့်နေသော ထွန်းလူက ရုတ်တရက်မို့ အခြေအနေကို နားမလည်။

"ငါ့ကို ဒီကောင်တွေ သေနတ်နဲ့ပစ်တာ..လိုက်ပစ်..ထွန်းလူ..လိုက်ပစ်"

စံဖဲက သေနတ်ကိုင်ကာ ပြေးလိုက်ရင်းအော်သည်။ ထွန်းလူက အသိဝင်လာပြီး သေနတ်နှင့် လိုက်ပစ်၏။

လွန်းပင်နှင့် ငပေ မှာ တောင်ပေါ်သို့ ထွက်ပြေးရန် ကြံရွယ်ပြီးမှ ပုလိပ်တပ်များရှိနိုင်သည့် ရွာများဘက်သို့ လမ်းကြောင်း ပြောင်းကာ ပြေးသည်။

မိုးတွင်းကလည်းဖြစ်၊ တောတွင်း ဗွက်များ၊ ရေအိုင်များကြောင့် စံဖဲတို့မှာ ကြာကြာမလိုက်နိုင်ကြ။

ရွာစပ်ရောက်သည်နှင့် ပြန်လှည့်လာကြ၏။

..............................................................................................................
......

'ဒေါင်.ဒေါင်..ဒေါင်..ဒေါင်'

မြိုင်သာရွာလေးအတွင်းမှ ကင်းသံချောင်းခေါက်သံများ ဆူညံစွာထွက်ပေါ်လာသည်။

ရွာထဲမှ ရွာခေါင်းကိုဆောင်းခေါင်းဆောင်သည့် ရွာသားများကလည်း တုတ်များ၊ ဓါးများဖြင့် ပြေးထွက်လာကြသည်။

ရွာတံခါးထိပ်တွင် မောကြီးပန်းကြီးဖြင့် လဲကျနေသော လူနှစ်ယောက်။ ကင်းသမားများက သူတို့အား မီးများဖြင့် ချိန်ထားကြသည်။

"ဟေ့...မင်းတို့ ဘယ်ကကောင်တွေလဲ..သူခိုးတွေလား"

ကိုဆောင်းက လူနှစ်ယောက်အား ဓါးမိုးလျက် မေးလိုက်သည်။

"ကျွန်တော်တို့...သူခိုးမဟုတ်ပါဘူး...ခါးပြတွေပါ..ဗိုလ်စံဖဲ အဖွဲ့ကပါ"

ဗိုလ်စံဖဲ ဆိုသည့်အသံကြားသည်နှင့် အားလုံးမှာ နောက်သို့ ရှဲသွားကြသည်။

"ကျွန်တော်တို့ကို ပုလိပ်လက်အပ်ပေးပါ..ကျွန်တော်တို့ ဗိုလ်စံဖဲကို ပစ်သတ်ပြီး ပြေးလာကြတာပါ"

# အခန်း ( ၂၂ )

အုတ်တွင်းရွာရှိ စစ်ပုလိပ်တို့၏ ယာယီဌာနချုပ်စခန်း။

မြို့ပြဆိုင်ရာပုလိပ်အဖွဲ့မှ ကာနယ်ဆင်းစတုံး၊ စီအိုင်ဒီမှ စုံထောက်ဦးသန့်၊ စစ်ပုလိပ်ဘက်တယ်လီယန်တပ်များမှ မေဂျာမက်ဂရီကာ၊ မေဂျာဟာလီကွင်း တို့ ကိုယ်တိုင်ရုံးထိုင်ကာ ဗိုလ်စံဖဲအား ဖမ်းမိရေးအတွက် ကွပ်ကဲနေကြသည့်နေရာ။

ရာဇဝတ်အုပ်ဦးအုန်းကျော်က အရာရှိကြီးများ မနက်စာစားနေသည့် စားပွဲရှေ့သို့ ရောက်လာကာ အလေးပြုလိုက်၏။

“မြိုင်သာရွာက ရွာခေါင်း ကိုဆောင်းရောက်နေပါတယ်…စံဖဲတပည့်နှစ်ယောက် စံဖဲကို သေနတ်နဲ့ပစ်ပြီး ပြေးလာတာကို လာပို့တာပါ”

ဦးသန့်ရောက စားလက်စကို ကို ချကာ မတ်တပ်ရပ်လိုက်ကြသည်။

“ဘယ်မှာလဲ..အဲ့ဒီကောင်တွေ”

“သူကြီးအိမ်မှာ ထိပ်တုံးခတ်ထားပါတယ်”

“ဟာ..အခု ထိပ်တုံးဖြုတ်ပေးလိုက်….ကြာပါတယ်ကွာ..လာ..လာ”

…………………………………………………………………………………………

စမုံချောင်းအရှေ့ဘက်ကမ်း။

ငှက်ဖျားရောဂါဒဏ်၊ အာဟာရပျက်မှုဒဏ်များကြောင့် သတိလည်တချက်၊ မလည်တချက်ဖြစ်နေသော စံဖဲကို ထွန်းလူက ကျောပိုးရင်း ခက်ခက်ခဲခဲလျှောက်နေသည်။

နားထင်တွင် သေနတ်ရှပ်မှန်သဖြင့် မျက်နှာတစ်ခုလုံးသွေးများရွှဲနေသည့် ချစ်ကောင်းက သေနတ်ကို ကိုင်လျက် သူတို့အနောက်မှ ပါလာ၏။

“ဝုန်း”

စံဖဲကို ကျောပိုးထားသော ထွန်းလူမှာ ချိုင့်တစ်ခုကို နင်းမိပြီး ခြေခေါက်လဲကျသွားသည်။

စံဖဲလည်း မြေပြင်ပေါ်သို့ ကျသွား၏။

ချစ်ကောင်းက ပြေးလာသည်။

"စံဖဲ ဘာဖြစ်သွားသေးလဲ"

စံဖဲက အားရှိသမျှနှင့် ထထိုင်သည်။

"ထွန်းလူကို..မေး...သူ့ ဘာဖြစ်သွားလဲမသိဘူး"

ထွန်းလူက လဲနေရာမှ စံဖဲထံ ချက်ချင်းပြေးလာ၏။

"ကျွန်တော်ဘာမှမဖြစ်ဘူး...ဗိုလ်စံဖဲ...လာ..ကျောပေါ် တက် ဆက်သွားကြမယ်"

"ငါ့ဟာငါ လမ်းလျှောက်ပါ့မယ်..ငါ့ညီရာ...မင်းကို အားနာလာပြီ"

"ဟာဗျာ..ခင်ဗျားမှ လမ်းမလျှောက်နိုင်တာ..မတော် ပုလိပ်တွေ လိုက်လာရင်...သေကုန်မယ်..လာဗျာ..တက်"

ချစ်ကောင်းက ထွန်းလူ၏ ခြေချင်းဝတ်ကို ကြည့်လိုက်သည်။

"ဟော့ကောင်.ထွန်းလူ..မင်း ခြေချင်းဝတ်က ရောင်နေပါလား...ကျောပိုးလို့တော့မရလောက်သေးဘူးထင်တယ်"

စံဖဲ က လည်း ထွန်းလူ၏ ခြေချင်းဝတ်ကို ကြည့်လိုက်၏။

"ဒီရှေ့က ခြုံပုတ်ထဲ ခဏနားကြမယ်...ကိုချစ်ကောင်း..ထွန်းလူ မင်းလည်း ခဏနားမှရမယ်"

သူတို့သုံးဦးသား စမုံခြုံကမ်းဘေးရှိ ခြုံပုတ်ကြီးတစ်ခုအတွင်း ခဏဝင်နားလိုက်ကြသည်။

နေကလည်း တဖြည်းဖြည်း မြင့်လာခဲ့ပြီ.

.......................................................................................................

ရာဇဝတ်အုပ်ဦးအုန်းကျော် ခေါင်းဆောင်သည့် မြို့ပြပုလိပ်၊ စစ်ပုလိပ်အင်အား (၅၀)ကျော်သည် လွန်းပင်၊ ငဖေ တို့၏ လမ်းပြပေးမှုဖြင့် စံဖဲ တို့ စခန်းချရာသို့ ရောက်ရှိသွားကြသည်။

သို့သော် စံဖဲတို့ကို မတွေ့တော့။

မိုးကာအဖြစ်ပြုလုပ်ထားသော စစ်သုံးဖျင်စအချို့နှင့် သေနတ်ကျည်ဆံအချို့၊ သွေးကွက်များကိုသာ တွေ့ရတော့သည်။

“ဒီတိုင်းဆို....ဒီကောင်တွေ သေနတ်ဒဏ်ရာတော့ရသွားတယ်..အဝေးကြီးပြေးနိုင်မယ်မထင်ဘူး.. ကျုပ်တို့ အဖွဲ့ခွဲပြီး ရှာကြစို့”

ပုလိပ်အဖွဲ့ကား တပ်စိတ်ငယ်ကလေးများ ခွဲကာ ဗိုလ်စံဖဲ နောက်သို့ ဝိုင်းပတ်လိုက်ကြလေပြီ။

..............................................................................................................................

သွေးစေးများက ချစ်ကောင်း၏ မျက်လုံးတဝိုက်တွင် ခြောက်ကပ်နေလေပြီ။

သွေးခြောက်များက မျက်တောင်မွေးများတွင် ကပ်နေသဖြင့် မျက်စိထဲ ခိုးလိုးခိုးလု။

သေနတ်ရှပ်ထိထားသည့် ဒဏ်ရာကလည်း သွေးစို့စို့ထွက်နေဆဲ။

ချစ်ကောင်းက မြ ဆီမှ ပြန်ယူလာခဲ့သော တို့ဖတ်ပုဝါလေးကို အိတ်ကပ်ထဲမှ ထုတ်လိုက်ပြီး သူ့နားထင်မှ ဒဏ်ရာရထားသော နေရာကို ဖိထားလိုက်သည်။

“ထွန်းလူ..ဗိုလ်စံဖဲကို မင်းသေချာကြည့်ထားနော်....ငါ မျက်နှာက သွေးတွေ သွားဆေးလိုက်ဦးမယ်”

“ဖြစ်ပါ့မလား..ကိုချစ်ကောင်း...မတော် ဟိုကောင်တွေနဲ့ တိုးနေမှ”

“ရပါတယ်ကွာ..ခဏလေးပါ..ငါပြန်လာခဲ့မယ်”

ချစ်ကောင်းက သေနတ်ကို စလွယ်သိုင်းလွယ်ကာ စမုံချောင်းစပ်သို့ တွားသွားလိုက်သည်။

ထို့နောက် ရေစပ်အရောက်တွင် သွေးများပေနေသည့် မြ၏ တို့ဖတ်ပုဝါလေးကို အ
ရင်ဆေးကြောလိုက်၏။

"ဒိုင်း"

သေနတ်ကျည်တစ်ချက်က သူ့အနီးရေပြင်ကို ကျလာသည်။

ချစ်ကောင်းအလန့်တကြားဖြင့် ရေထဲ ဝပ်ချလိုက်၏။

ကျောမှ သေနတ်ကို ဖြုတ်လိုက်စဉ် သေနတ်သံများ ဆက်တိုက်ထွက်လာသည်။

ချစ်ကောင်း၏ လက်မောင်းတစ်ဖက်ကို သေနတ်ထိသွား၏။

ချစ်ကောင်း နောက်လှည့်ပြေးသည်။

ပုလိပ်များက တဖက်ချောင်းစပ်သို့ ဆင်းလာကာ အသည်းအသန်ပစ်၏။

ချောင်းအနောက်ဖက် ကုန်းဂမူလေးထဲ ဝင်လိုက်ပြီး ဒဏ်ရာရနေသည့်ကြားမှ
သေနတ်ကို မောင်းတင်ကာ ပုလိပ်များထံ ပြန်ပစ်သည်။

"ပြေးတော့..ပြေးတော့..ထွန်းလူ..ပုလိပ်တွေလာနေပြီ"

ချစ်ကောင်းက ရသလောက်ပြန်လည်ပစ်ခတ်ရင်း အသားကုန်အော်သည်။

ပြန်လည်ပစ်ခတ်မှုကြောင့် ပုလိပ်ဘက်မှ ခေတ္တမျှ ပစ်ခတ်သံများ ရပ်သွား၏။

တစ်စုံတစ်ခုကို ချစ်ကောင်းသတိရသွားသည်။

မြ၏ ပုဝါလေးက ချောင်းရေစပ်တွင် ကျကျန်ရစ်ပြီ။

ချစ်ကောင်းက ရေထဲမျောပါလုဖြစ်နေသည့် ပုဝါလေးကို တချက်လှမ်း
ကြည့်သည်။

ထို့နောက် ပုဝါလေးရှိရာသို့ အားကုန်ပြေးကာ ကောက်ယူလိုက်၏။

အနောက်ဘက်သို့ ပြန်အလှည့်တွင် သေနတ်သံများ ဆက်တိုက်ထွက်ပေါ်လာ
သည်။

ချစ်ကောင်း၏ ကျောကုန်းတပြင်လုံးမှာ ကျည်ဆံရာများဖြင့် လဲကျသွားတော့၏။

ဂေါ်ရခါးပုလိပ်ဆာဂျင်ဦးဆောင်သောအဖွဲ့က ချောင်းကို ကူးလာခဲ့သည်။

ချစ်ကောင်း၏ အလောင်းကား ချောင်းဘေးတွင် မှောက်လျက်။

ပုလိပ်တစ်ဦးက အလောင်းကို သေနတ်ဖြင့် ထိုးကာ လှန်လိုက်သည်။

မျက်နှာမှာ သွေးစေးများဖြင့် ကပ်ပေနေသဖြင့် မည်သူမည်ဝါမှန်း မခန့်မှန်းနိုင်ကြ။

ပုလိပ်ဆာဂျင်က ချစ်ကောင်း အသည်းအသန်လာကောက်သည့် အရာကို သိလိုသဖြင့် သူ့လက်သီးဆုပ်ကို ဖြည်ကြည့်လိုက်သည်။

မိန်းမများ မျက်နှာချေလိမ်းရာတွင် သုံးသည့် အပေါစားတို့ဖတ်ပုဝါလေးတစ်ခုသာ။

ပုလိပ်ဆာဂျင်က ထိုပုဝါလေးကို ဖင်ပြန်ခေါင်းပြန်ကြည့်ပြီးနောက် ချောင်းထဲသို့ လွှင့်ပစ်လိုက်သည်။

"ဒီလူဟာ စံဖဲလား"

ပုလိပ်ဆာဂျင်က သူနှင့်အတူ ပါလာသည့် ဗမာလူမျိုးပုလိပ်လေးကို မေးလိုက်သည်။

"မသိပါဘူး..ဆာဂျင်"

"အချိန်မရှိဘူး....သူ့ခေါင်းကို ဖြတ်ယူခဲ့ကွာ"

မည်သူမျှ တုတ်တုတ်မလှုပ်။

"ခေါင်းမယူချင်ရင်..ဒီအလောင်းကြီးကို မင်းတို့ ထမ်းလာရမယ်နော်...ခေါင်းဖြတ်ယူခဲ့"

ပုလိပ်သားတစ်ဦးက သူ့ခါးမှ ဓါးကောက်ကြီးကို ဖြုတ်လိုက်တော့သည်။

.............................................................................................................

စားပွဲပေါ်တွင် တင်ထားသော အဝတ်ထုတ်ကို ဖြည်လိုက်၏။

"ပိတ်လိုက်ပါတော့ဗျာ...အဲ့ဒါ..ကျုပ်သား မောင်မောင်မဟုတ်ဘူး"

မစ္စတာတရော့စ်က ချစ်ကောင်း၏ ခေါင်းပြတ်ကြီးကို မနှစ်မြို့စွာ ကြည့်ရင်း ခေါင်းခါလိုက်သည်။

မစ္စတာတရော့စ်သည် မွေးစားသားဖြစ်သူ စံဖဲအား စစ်ပုလိပ်များက ဖမ်းဆီးရာတွင် အသေပစ်မဖမ်းရန်အတွက်

ကာနယ်ဆင်းစတုံးအား လာရောက်မေတ္တာရပ်ခံနေခြင်းဖြစ်သည်။

သို့သော် ပုလိပ်အဖွဲ့တခုမှ စံဖဲနှင့် ဆင်တူသူအား မိပြီဟုဆိုသဖြင့် ဖြတ်ယူလာသော ခေါင်းကို သူ့အား ပြသခြင်းပင်။

"ဟိုကောင်လေးတွေ သွားခေါ်"

ဦးသန့်က အမိန့်ပေးသဖြင့် ဦးအုန်းကျော် မှ လွန်းပင်နှင့် ငဖေ အား သွားခေါ်လာကြသည်။

ထို့နောက် ဦးခေါင်းပြတ်ကြီးကို ပြလိုက်၏။

"ဒါ...ကိုကြီးချစ်ကောင်းပါ"

"စံဖဲ ရဲ့ အဓိကအကြံပေးဆိုတဲ့လူလား"

"ဟုတ်ပါတယ်"

ဦးသန့်က ပုလိပ်မှတ်တမ်းဖိုင်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလာကာ ခေါင်းနှင့် အနီးကပ်တိုက်ကြည့်၏။

ချစ်ကောင်းမှာ တောထဲတောင်ထဲနေရသည့်အတွက် ပိန်ကျသွားပြီး သွေးစေးများကပ်နေသည့်အတွက် သူတို့ ရုတ်တရက်မမှတ်မိကြခြင်းပင်။

"ဒီတိုင်းဆို စံဖဲ တို့ ဒီတဝိုက်မှာပဲရှိနေဦးမှာ...နောက်ထပ် ပုလိပ်အင်အားတွေတိုးပြီး ထပ်ပိတ်စို့ရမယ်"

..........................................................................................................
...............................

ပစ်ခတ်သံများကြားသည်နှင့် ထွန်းလူသည် စံဖဲအား ကျောပိုးကာ ချက်ချင်းထ ပြေး၏။

လမ်းတွင် ခေတ္တနားလိုက်၊ ပြေးလိုက်ဖြင့် နောက်ဆုံးတွင် ကနခိုတောရှိ စပါးစေ့ ကုန်းဟုခေါ်သော တောထဲသို့ ရောက်ရှိသွားကြသည်။

ညနေပင် ဆောင်းခဲ့ပြီ။ သူတို့ ဘာမှ မစားကြရသေး။

စံဖဲမှာ အဖျားမကျသေး။

"ဗိုလ်စံဖဲ..ကျွန်တော် ဒီနားတဝိုက်မှာ စားစရာဖြစ်ဖြစ်၊ ဆေးဖြစ်ဖြစ် တစ်ခုခု ရလို ရငြား သွားရှာကြည့်လိုက်ဦးမယ်"

စံဖဲမှာ စကားပင် မပြန်နိုင်။

ထွန်းလူက ဗိုလ်စံဖဲ ကိုင်နေကျ ဝင်ချက်စတာမောင်းပြန်သေနတ်ကို သေချာ ကျည်ထိုး မောင်းတင်လိုက်သည်။

ထို့နောက် ဗိုလ်စံဖဲ၏ လက်ထဲသို့ ထည့်ပေးလိုက်၏။

"ကျွန်တော် ပြန်လာတယ်ဆို ချိုးကူသံ အရင်ပေးမယ်..ချိုးကူသံမကြားပဲ အနား ကပ်လာတဲ့ ခြေသံကြားတာနဲ့ ပစ်သာပစ်ဗျာ"

ထို့နောက် ထွန်းလူ က သူ့သေနတ်ကို လွယ်ကာ ထွက်သွားသည်။

.................................................................................................................

အချိန်မည်မျှ ကြာသွားသည်မသိ။

ချိုးကူသံကြောင့် စံဖဲ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

"ဗိုလ်စံဖဲ"

ထွန်းလူ၏ လက်ထဲတွင် ဆီးသီးများ။

"တောဆီးသီးတွေပဲရခဲ့တယ်ဗျာ..ရော့..ဒါလေးစားလိုက်..နည်းနည်းနလံထသွား မယ်"

"မင်းလည်းစားလေ"

“ကျွန်တော်အပင်အောက်မှာ စားခဲ့ပြီးပြီဗျ”

စံဖဲက ဆီးသီးများကို ပလုပ်ပလောင်းစားနေသည်။

“ဒီအနောက်ဘက် ရိုးကို ကျော်သွားတဲ့ ကွင်းအဆက်မှာ နွားကျောင်းသားတစ်ယောက်နဲ့တွေ့ခဲ့တယ်ဗျ…အဲ့ဒါ..ကျုပ် မဲတောက ကိုသူတော်ဆီ သူ့ကို သွားပြောခိုင်းထားတယ်..မြင်းတစ်စီးလာပို့ပေးပါလို့…မြင်းရရင်..ကျွန်တော်တို့ ခပ်ဝေးဝေးကို ပြေးလို့ရပြီဗျ”

ထိုအခါမှပင် ရွာသို့ လျှို့ဝှက်ပြန်သွားကာနေထိုင်နေသည့် အကိုဖြစ်သူ ကိုသူတော်ကို စံဖဲ သတိရသွား၏။

ကိုသူတော် ကူညီလျှင်တော့ မြင်းတစ်စီးရကောင်းမည်။ ပုလိပ်များလက်လှမ်းမမှီသည့်နေရာသို့ ထွက်သွားပြီး ဆေးကုမည်။

ထို့နောက် တချိန်က ဗိုလ်စံဖဲ ဘဝကို ပြန်တည်ဆောက်မည်။

စိတ်ကူးဖြင့်ပင် စံဖဲ ပျော်သွား၏။

ထိုညက စပါးစေ့ကုန်းတောထဲတွင်ပင် သူတို့ အိပ်စက်လိုက်ကြသည်။

………………………………………………………………………………………

ဩဂုတ်လ ၂၅ ရက်နေ့။

ညဉ့်နက်သန်းခေါင်ကတည်းက မိုးက သည်းသည်းမဲမဲရွာနေ၏။

တောဆီးသီးများကြောင့် စံဖဲမှာ ဝမ်းလျှောနေလေပြီ။

အဖျားဒဏ်၊ ဝမ်းလျောသည့်ဒဏ်များကြောင့် တောခြုံများထဲတွင် လှဲလျောင်းနေရသည်။

ထွန်းလူမှာ ရိက္ခာသွားရှာရင်း..သူလူကြုံပါးလိုက်သည့် နွားကျောင်းသားလေးကို သွားစောင့်နေ၏။

သို့သော် သူတို့ မသိသည့်အချက်မှာ ကိုသူတော်ကိုလည်း မကြာသေးမီကပင် မဲတောရွာသူကြီးက ဖမ်းကာ သာစည်အချုပ်သို့ ပို့လိုက်ပြီဆိုခြင်းပင်။

နွားကျောင်းသားမှာလည်း ဗိုလ်စံဖဲ ဆိုသည့်အသံကြားကတည်းက ထိုနေရာသို့ နွားလာမကျောင်းတော့။

စစ်ပုလိပ်တပ်များကလည်း စံဖဲတို့ရှိနိုင်သည့် နေရာပတ်လည်သို့ တဖြည်းဖြည်း ဝိုင်းရံကာ ရှာဖွေလာနေပြီဖြစ်သည်။

မိုးက နေ့လည်ခင်းအထိ သဲသဲမဲမဲရွာနေဆဲ။

စံဖဲ လှဲလျောင်းနေသည့် ခြုံတောထဲသို့ တစုံတယောက်ပြေးလာသည်။

စံဖဲက ခေါင်းအုံးထားသည့် သေနတ်ကို ဆွဲယူလိုက်သော်လည်း ပစ်ရန်ပင် အင်အားမရှိ။

"ဗိုလ်စံဖဲ...ဗိုလ်စံဖဲ"

ထွန်းလူ အသံက တုန်ရီမောဟိုက်နေသည်။

"ပုလိပ်တွေ..ဒီဘက်ကို လာနေကြပြီ..ကျုပ်တို့ ပြေးကြရအောင်"

ထွန်းလူက စံဖဲကို ဆွဲထူလိုက်သည်။ ထို့နောက် ကျောပိုးရန် ငုတ်တုတ်ထိုင် ပေးလိုက်၏။

စံဖဲကလည်း အားယူကာ ထွန်းလူကျောပေါ်တက်လိုက်သည်။

သို့သော် ထွန်းလူမှာ အာဟာရပျက်သည့်ဒဏ်၊ ပင်ပန်းသည့်ဒဏ်များကြောင့် မထ နိုင်ပဲ မြေကြီးပေါ် လဲကျသွားတော့၏။

စံဖဲလည်း မြေကြီးပေါ်တွင် ခွေခွေကလေး။

"ထွန်းလူ....သွားတော့...ငါ့ကို ထားပြီး...မင်းပြေးတော့"

"မပြေးဘူးဗျာ...ကျွန်တော် ခင်ဗျားကို ရအောင်ခေါ်မယ်..ဗိုလ်စံဖဲ"

"ညီလေး..ငါ့စကားကိုနားထောင်..ရော့..ဒီမှာ"

ဗိုလ်စံဖဲက အထုတ်ငယ်လေးတစ်ထုတ်ကို ထွန်းလူထံ ကမ်းပေးလိုက်၏။

"ဒါက ဘာလဲဗျ"

“ဒီထဲမှာ ငါစုထားတဲ့ အခေါက်ရွှေတုံးတွေရှိတယ်..နှစ်ဆယ်သားလောက်ရှိမယ်ထင်တယ်...မင်းတဝက်ယူ..တဝက်ကို မငွေဖြူကို သွားပေးပေးပါ”

ထွန်းလူက သူ့လက်ထဲ ရောက်လာသည့် အထုတ်ကို ငုံ့ကြည့်နေသည်။

“ခင်ဗျားကို ကျုပ်ခေါ်သွားမယ်.ဗိုလ်စံဖဲ..အားမလျှော့ပါနဲ့ဗျ”

“သွား..မဟုတ်ရင်..ဒီရွှေတွေကို ပုလိပ်တွေရသွားမယ်..မင်းသွားတော့...မင်းကို ပုလိပ်တွေမိရင်လည်း ချစ်ကောင်းလို သတ်ခံရမှာပဲ...ငါ့ညီ..မင်းက ငယ်သေးတယ်..ကျန်းလည်းကျန်းမာသေးတယ်..ပြေးပါတော့..ငါ့ကို မိသွားရင် မင်းကိုလည်း သူတို့လိုက်ရှာတော့မှာမဟုတ်ဘူး”

ထွန်းလူက ငုတ်တုတ်ထိုင်လိုက်သည်။ ထို့နောက် ဗိုလ်စံဖဲကို လက်အုပ်ချီကာ သုံးကြိမ်ကန်တော့၏။

“ကျွန်တော့်ကို ခွင့်လွှတ်ပါ..ဗိုလ်စံဖဲ”

ထို့နောက် ထွန်းလူက ရွှေထုတ်ကို ယူကာ မိုးထဲရေထဲ ထွက်ခွာသွားတော့သည်။

...........................................................................................................................

...........

မိုးက သဲသဲမဲမဲရွာသွန်းဆဲ။

စံဖဲ ပုန်းအောင်းလှဲလျောင်းနေရာ ခြုံပုတ်တဝိုက်ရှိ မြေပြင်မှာလည်း ရေများအိုင်ထွန်းနေချေပြီ။

ပိုးကောင်မွှားကောင်များက စံဖဲ၏ တစ်ကိုယ်လုံးကို ကိုက်ခဲ့နေကြ၏။

စံဖဲမှာ မျက်နှာပေါ်ကျလာသော မိုးရေစက်အချို့ကို ပါးစပ်ဟကာ သောက်ရင်း...မှိန်းနေသည်။

သူ့ဘေးတွင် ကိုချစ်ကောင်း ပြန်ရောက်လာသည်ဟု စံဖဲမြင်ရ၏။

“ကိုချစ်ကောင်း..ခင်ဗျား ပြန်လာပြီပေါ့”

“အေး..ငါ့ရဲ့ မြ လည်း ပါလာတယ်..စံဖဲ..ငါတို့ မင်္ဂလာဆောင်ကြတော့မှာ”

စံဖဲက အားယူပြီး မျက်လုံးတို့ဖွင့်ကြည့်သည်။

ကိုချစ်ကောင်းမဟုတ်။

ငပု နှင့် မသိန်းရင်က သူ့ကို ပြုံးပြနေခြင်း။

"မင်းတို့ကို သတ်မယ်..ငါသတ်မယ်"

စံဖဲ က ခေါင်းကိုခါယမ်းရင်း အော်လိုက်သည်။ သို့သော် အသံထွက်မလာ။

""တောမြိုင်စွန်း..တကျွန်းစံရယ်..လွမ်းအောင်ဖန်တယ်...ဖြူမှ စိတ်ကို အဓိပ္ပါယ် သိဖွယ်..ကွာဝေးလွန်းလို့..သိမယ်...မောင့်စိတ်ကူးရယ်...လွမ်းလွန်းလို့...လွမ်းလွန်းလို့...တစ်မေခင်..ရွှေရင်တုန်တယ်...မုန်းရက်ကယ်...မေခငမေ..အသိအမှတ်ပြုလို့ ကြင်စဦးမို့ မမေ့နိုင်ပါဘူးကွယ်"

မငွေဖြူ၏ သီချင်းဆိုသံ။

ခပ်ဝေးဝေးတွင် သူ့ထံသို့ လမ်းလျှောက်လာနေသော မငွေဖြူ။

စံဖဲ အားယူပြီး ထရန်ပြင်သည်။

သူ့အနီးရောက်လာသူက မငွေဖြူ မဟုတ်။

မြနု။ မြနု က တူမီးသေနတ်ဖြင့် သူ့ရင်ဝကိုထောက်ထားလိုက်၏။

"ကျွန်မက ရှင့်ကို ဘယ်လောက်ချစ်ရလဲ ရှင်သိလား..ကိုစံဖဲ..ဒါပေမယ့်..ကျွန်မကို ရှင်သတ်ပစ်ရက်တယ်နော်"

"အား"

စံဖဲ အားကုန်အော်ရင်း မျက်လုံးတို့ ဖွင့်ကြည့်လိုက်သည်။

ဘယ်သူမှမရှိ။

သို့သော် အနီးအနားတဝိုက်တွင် တောနင်းနေကြသည့် ခြေသံများကို ကြားနေရ၏။

ခြုံပုတ်ထဲမှ အသာလှမ်းကြည့်လိုက်သောအခါ စစ်ဖိနပ်အချို့ကို တွေ့လိုက်ရသည်။

ပုလိပ်တို့က ထွန်းလူသွားသည့်ဘက်ကို ဆက်လိုက်ရန် ပြန်နေကြ၏။

ထွန်းလူကို မိ၍ မဖြစ်။

ထို့ကြောင့် စံဖဲက ရုတ်တရတ် ထအော်လိုက်သည်။

"ငါ..စံဖဲပဲ....ငါ့ကိုဖမ်းကြ....ဖမ်းကြတော့"

စံဖဲက အားကုန်ညှစ်အော်သည်။

သို့သော် ပုလိပ်များက မကြား။ သူလှဲနေသည့် ခြုံပုတ်နားမှ တစ်ယောက်ပြီး တစ်ယောက် ဖြတ်လျှောက်သွားကြသည်။

"ငါ ဒီမှာ...ငါ့ကို ဖမ်းကြ...ငါ စံဖဲ"

သူ့အသံသဲ့သဲ့ကို ပုလိပ်သားတစ်ဦးက ကြားသွား၏။

ခြုံပုတ်နား ဒူးထောက်ကာ အသံလာရာသို့ ငုံ့ကြည့်လိုက်သည်။

"ငါ စံဖဲပါ"

ပုလိပ်သားမှာ စံဖဲဆိုသည့် အသံကြားသည်နှင့် အလန့်တကြား မြေကြီးတွင် မှောက်ချကာ အော်လိုက်သည်။

"ဒီမှာ..ဗိုလ်စံဖဲတဲ့ဟေ့..ဗိုလ်စံဖဲတဲ့"

ရှေ့မှ ထွက်သွားသော စစ်ပုလိပ်များမှာ ပုလိပ်သားညွှန်ပြသည်သည့် ခြုံပုတ် ပတ်ချာလည်ကို သတိကြီးစွာဖြင့် ဝိုင်းလိုက်ကြ၏။

သေနတ်ပစ်လက်ဖြောင့်သည်ဟု နာမည်ကြီးသော ဗိုလ်စံဖဲမို့ အားလုံးက အနား သို့ မကပ်ရဲကြသေး။

"ငါ့ ကို လာဖမ်းကြပါ....ငါ ဖျားနေတယ်..သေနတ်လည်းမပစ်နိုင်တော့ပါဘူး"

ထိုအခါမှ ပုလိပ်သားတစ်ဦးက စံဖဲ ရှိရာ ခြုံပုတ်ထဲ တွားသွားဝင်သွားလိုက်၏။

"ဟုတ်တယ်ဟေ့...ဒါ..ဗိုလ်စံဖဲကြီးပဲ"

အော်သံက တတောလုံး ဟိန်းထွက်သွားသည်။ မိုးကလည်း ရုတ်တရက်တိတ်သွားချေပြီ။

# အခန်း ( ၂၃ )

"ပုစွန်ဆိတ် သွေးမရှိ၊ ကိုစံဖဲ ဘေးမထိ"

"အုန်းမှုတ်တွင်း ကိုစံဖဲ၊ ပြည်မကူနဲ့ တစ်ယောက်တည်း"

စံဖဲအား သာစည်အချုပ်မှ မိတ္ထီလာထောင်သို့ ပို့ရန်အထုတ်တွင် သာစည်ဂါတ်ရှေ့မှ ကလေးငယ်များက ထို တဘောင်ကို အော်ဟစ်ဆိုကာ ဆော့ကစားနေကြ၏။

စံဖဲ မိပြီဟု သတင်းကြားသည်နှင့် ပျော်ဘွယ်မှ ချက်ချင်းလိုက်လာသော မငွေဖြူမှာ လှိုက်ခနဲ ဝမ်းနည်းသွားရသည်။

"ကျွန်မ ကိုစံဖဲ ရဲ့ ဇနီးပါ....သူ့ကို တွေ့ချင်လို့ပါရှင်"

မငွေဖြူ က ဂါတ်တဲရှေ့ကင်းမှ အစောင့်ပုလိပ်ကို ပြောလိုက်သည်။

"စံဖဲကို မနက်အစောကြီးကတည်းက မိတ္ထီလာထောင်ကို ပို့လိုက်ပါပြီ"

မငွေဖြူ မှာ စိတ်ပျက်လက်ပျက်ဖြင့် ဂါတ်တဲဝန်းမှလှည့်အထွက်။

နောက်ထပ် အမျိုးသမီးတစ်ဦးလည်း ကင်းတဲ ဆီသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

"ကျွန်မ ကိုစံဖဲရဲ့ ဇနီးဟောင်းပါ..သူနဲ့များတွေ့ခွင့်ရမလား"

မငွေဖြူက မသိန်းရင်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

အစောင့်ပုလိပ်ကတော့ ခေါင်းသာကုတ်နေတော့သည်။

.......................................................................................................................
..........

မိတ္ထီလာထောင်။

ထောင်ပိုင်ကြီး အိန္ဒိယလူမျိုး ဒေါက်တာအက်စ်ဗီဂျေးနှင့် ထောင်အမှုထမ်းများ၊ သန္တေများ၊ ဘာယာများ အင်အားအစုံအညီဖြင့် ထောင့်ဘူးဝတွင် စောင့်နေကြ

သည်။

နာမည်ကျော် တောပုန်းကြီးစံဖဲ သူတို့ ထောင်သို့ ပြောင်းလာတော့မည်။

ခဏအကြာ လက်နက်ကိုင်ပုလိပ်စစ်သားနှစ်ဆယ်လိုက်ပါလာသော ကား နှစ်စီးဖြင့် အလယ်မှ အချုပ်ကားတစ်စီး ထောင်ရှေ့သို့ ဆိုက်လာ၏။

ပုလိပ်များက ကားပေါ်မှ ခုန်ဆင်းကြီး အချုပ်ကားကို ပတ်လည်ဝိုင်းနေရာယူလိုက်သည်။

အကျဉ်းထောင်ဝန်ထမ်းများမှာလည်း သူပုန်ကြီး ကိုစံဖဲကို တွေ့ရအရေးမို့ ရင်ခုန်နေကြပြီ။

အချုပ်ကားသော့ကို ပုလိပ်တစ်ဦးက ဖွင့်လိုက်၏။

ပုလိပ်နှစ်ဦးက တွဲကာ ဆင်းလာသော လူတစ်ယောက်။

လူကောင်းသေးသေး၊ အသားဖြူဖြူ၊ ပိန်လှီလှသောခန္ဓာကိုယ်ဖြင့် လူအုပ်ကြီးကို မှုံတေတေကြည့်နေသည့် လူငယ်။

သူတို့မျှော်လင့်ထားသလို ဗလကောင်းကောင်း၊ရုပ်ကြမ်းကြမ်းဖြင့် ရက်စက်သည့် အသွင်ဆောင်သော လူတစ်ယောက်ပုံစံမဟုတ်သဖြင့် ထောင်ဝန်ထမ်းများမှာ တအံ့တသြ။

မေဂျာဟာလီကွင်းနှင့် သာစည်ဌာနအုပ်တို့က ထောင်ပိုင်ကြီးရုံးခန်းသို့ သွားကာ စာရွက်စာတမ်းများ ပေးအပ်ကြ၏။

မေဂျာဟာလီကွင်းတို့ ပြန်သွားသောအခါ ထောင်ပိုင်ကြီးက ဘူးဝတွင် ကျသစ်စာရင်းသွင်းနေသော စံဖဲ ထံသို့ လျှောက်သွားလိုက်သည်။

ထောင်ပိုင်ကြီးအက်စ်ဗီဂျေးကို မြင်သည်နှင့် စံဖဲက လက်ထိပ်များ၊ ခြေကျင်းများ ခတ်ထားသည့်ကြားမှ မတ်တပ်ထရပ်လိုက်သဖြင့် ထောင်ဝန်ထမ်းများမှာ အလန့်ကြားဖြစ်သွားကြ၏။

"ကျွန်တော့်ကို ကံကြီးမောင်၊ ငနီတို့နဲ့ တစ်ခန်းတည်းထားပေးပါ"

ထောင်ပိုင်ကြီးက ခေါင်းခါလိုက်သည်။

"သူတို့ကို မန္တလေးက ဆေးတပ်မှာ ဆေးကုဖို့သွားပို့ထားတယ်..လူကလေး...ပြီးတော့..မင်းကိုလည်း အခြားအကျဉ်းသားတွေနဲ့ရောမထားရဘူးလို့ အထက်ကမှာထားပါတယ်..စိတ်မကောင်းပါဘူး"

ထို့နောက် စံဖဲအား အလင်းရောင်ပင်ကောင်းကောင်းမရသည့် မိတ္ထီလာထောင်၏ တိုက်ထဲသို့ ပိတ်ထားလိုက်ကြတော့သည်။

.....................................................................................................................

...........

၁၉၂၇ စက်တင်ဘာလ ၂၉ ရက် ။

စံဖဲ၊ ငနီ၊ ကံကြီးမောင်တို့အား မိတ္ထီလာစက်ရှင်တရားသူကြီး မစ္စတာမက္ကနေး က စတင်စစ်ဆေးခဲ့သည်။

အစိုးရအားပုန်ကန်မှု၊ လူသတ်မှု၊ လက်နက်ကိုင်ဆောင်မှု၊ လုယက်မှု၊ ဓါးပြမှု စသည်ဖြင့် အမှုပေါင်းများစွာပါဝင်ခဲ့၏။

သို့သော် လူသတ်မှုများမှာ မျက်မြင်သက်သေမရှိကြ။

တရားလိုသက်သေ ဝတ်လုံတော်ရ မစ္စတာစတီဗင်ဆင်က စံဖဲ ၏ ဒိုင်ယာရီကို သက်သေအဖြစ် တင်သွင်းခဲ့သည်။

၁၉၂၇ ဒီဇင်ဘာလတွင် စံဖဲ အား ရာဇဝတ်အုပ်ကိုညီမောင်အားသတ်မှု၊ အမိန့်တော်ရရှေ့နေ ဦးရွှေဗျိုင်းအား သတ်မှုတို့အတွက် မသေမချင်းကြိုးပေး သတ်ရန် အမိန့်ချမှတ်ခဲ့သည်။

မောင်နီကို မှု အစိုးရအားပုန်ကန်မှုအတွက် (၇)နှစ်၊ လက်နက်ကိုင်ဆောင်မှု အတွက်(၃)နှစ်၊ ရမည်းသင်းဓားပြမှုနှင့် လူသတ်မှုအတွက် (၂၅)နှစ်၊ ကျောက်ဆည်ဓါးပြမှုအတွက်(၇)နှစ် စုစုပေါင်း ထောင်ဒဏ်(၄၂)နှစ်ချမှတ်ခဲ့သည်။

ကံကြီးမောင်ကိုမှု ဓါးပြမှု၊ လူသတ်မှု၊ အစိုးရအားပုန်ကန်မှုတို့အတွက် ထောင်ဒဏ်(၄၁)နှစ်ချမှတ်ခဲ့ပြီး အသက်ငယ်ရွယ်သူဖြစ်သည့်အတွက် ထောင်ဒဏ်နှင့် ကျွန်းဒဏ် ကြိုက်ရာခံစားခွင့်ပေးခဲ့သည်။

ကံကြီးမောင်က ကျွန်းဒဏ်ကိုရွေးချယ်သဖြင့် အက်ဒမန်ကျွန်း၊ ပို့ဘလဲယားထောင်သို့ ပို့လိုက်လေသည်။

..............................................................................................................

.................

၁၉၂၈ မတ်လ ၂၃ ရက်နေ့။

မြင်းခြံထောင်၊ ကြိုးတိုက်။

ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးကော့ကော့ဖြင့် ရှေးမြန်မာကြီးများပုံစံ ဝတ်စားထားသော ပုဂ္ဂိုလ်ကြီးနှင့် အဖွဲ့ကို ထောင်ပိုင်ကြီး ဒေါက်တာဘသော် မှ ကော်ဖီ၊မုန့်များဖြင့် ဧည့်ခံနေသည်။

“ဆရာကြီးကိုယ်တိုင်ပါလာလို့ ကျွန်တော်က ခွင့်ပြုပေးတာပါ…ဒီတိုင်းလည်း ကောင်လေးကို ကျွန်တော် သေချာစောင့်ရှောက်ပေးထားပါတယ်..ဒါပေမယ့်..သူ့ ငှက်ဖျားပိုးက ဦးနှောက်ကို ထိထားတော့ တချက်တချက် စိတ်လွတ်တာတွေရှိပါ တယ်”

ဒေါက်တာဘသော်မှ သေချာရှင်းပြနေသည်။

ခဏအကြာတွင် ထောင်ဝန်ထမ်းတစ်ဦးရောက်လာပြီး သတင်းပို့သည်။

ထိုလူစုသည် စံဖဲအား ထားရှိရာ ကြိုးတိုက်သို့ ထွက်ခွာလာကြ၏။

ကြိုးတိုက်တံခါးကို ဖွင့်လိုက်သည်နှင့် အခန်းကြမ်းပြင်တွင် ဝမ်းလျားမှောက်အိပ် နေသော လူငယ်ကို မြင်လိုက်ရသည်။

“ဟေ့..ထစမ်း..ကိုစံဖဲ..လူကြီးတွေလာတယ်”

စံဖဲက ကြောင်စီစီမျက်လုံးများဖြင့် ထထိုင်ကာ ခန္ဓာကိုယ်ကို ကုပ်ခြစ်နေ၏။

“သူက ငှက်ဖျားပိုးကြောင့်..ရူးသလိုနှမ်းသလိုတော့ဖြစ်နေတယ်..ဆရာကြီး..သတိ တော့ထားပါ”

ဦးဘသော်က လူကြီးအား ကပ်ပြောလိုက်သည်။ လူကြီးက စံဖဲ အနီးကပ်သွား၏။

"မောင်စံဖဲ..နေကောင်းရဲ့လား"

လူကြီးက မေးလိုက်သည်။ စံဖဲ၏ မျက်လုံးလှန်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ဟော့..စံဖဲ..သေချာဖြေလေကွာ...ဒါ..မင်းကို ကြိုးဒဏ်ကနေ ကယ်တင်ပေးဖို့ လုပ်ထားတဲ့ အဖွဲ့ရဲ့ ခေါင်းဆောင်ကွ...မင်းအတွက် ပြည်သူတွေဆီက ငွေကောက်ပေးပြီး ဘိလပ်က ရှေ့နေနဲ့ အယူခံဝင်မယ့်အဖွဲ့ပေါ်နေပြီကွ"

ထောင်ပိုင်ကြီးစကားကြောင့် စံဖဲက လူကြီးကို တချက်မော့ကြည့်လိုက်သည်။

"မှတ်ထား...ဒါဆရာကြီး ရွှေတောင်ဆရာလွန်း တဲ့"

စံဖဲ၏ ဟန်ပန်မှာ ရုတ်တရုတ်ပြောင်းသွား၏။ ရှုံးသွပ်နေသည့်ပုံစံမဟုတ်ပဲ လူကောင်းပကတိကဲ့သို့ တည်တည်ငြိမ်ငြိမ်ဖြစ်သွားသည်။

"ဒါဆို..မစ္စတာမောင်မှိုင်းပေါ့"

စံဖဲ စကားကြောင့် ဆရာလွန်းပင် အံ့သြသွားသည်။

"မောင်စံဖဲက ကျုပ်ကိုသိတာလား"

"ကျွန်တော် သူရိယသတင်းစာအမြဲဖတ်ပါတယ်ခင်ဗျား...ဗိုလ်ဋ္ဌီကာတို့..ကြာဋ္ဌီကာတို့..ခွေးဋ္ဌီကာတို့ အလွတ်နီးပါးကို ရပါတယ်..ဆရာကြီးခင်ဗျာ"

"အေးပါကွယ်..အခုလည်း မောင်စံဖဲ ကြိုးမိန့်ကနေလွတ်ဖို့ရာ ဘိလပ်က ရှေ့နေကို ငှားပြီး စီစဉ်ဖို့ ကျုပ်တို့ စီမံထားပါတယ်"

စံဖဲက ရုတ်တရုတ်ဒူးတုပ်ထိုင်လိုက်သည်။

"ဆရာကြီးကို ကျွန်တော် ကန်တော့ပါရစေခင်ဗျာ"

..........................................................................................................................

သို့

သူရိယသတင်းစာ

စံဖဲအတွက်။ ဘိလပ်သို့ အယူခံဝင်ထားရာ။ ယခုအခါ။ ၄င်းအယူခံရှုံးကြောင်းနှင့် ဝတ်လုံတော်ရမစ္စတာ လင်ဘတ်ထံမှ တဆင့်။ ကျွန်တော်တို့ကြားသိပါကြောင်း။

ယမန်တနေ့က။ ကျွန်တော်တို့သည် မြင်းခြံမှ ရန်ကုန်သို့ ပြန်ရောက်လျှင် ရောက်ခြင်း။ စံဖဲအား။ မြင်းခြံထောင်ထဲ၌ ရူးနေသည်ကိုတွေ့မြင်ခဲ့ရကြောင်းနှင့်။ သတင်းစာများတွင်ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စံဖဲအား ဘိလပ်အယူခံရှုံးသော်လည်း ချက်ချင်း ကြိုးပေးပစ်ရန်၊ အစိုးရမှ မစီမံပဲ။ စံဖဲသည်။ တကယ်စင်စစ် ရူး– မရူး စိတ်ကျေနပ်လောက်အောင်။ ဆေးဘက်ဆိုင်ရာ အထူးဘုတ်အဘွဲ့တစ်ခု ဘွဲ့စည်းပြီးလျှင်။ အစိုးရက စုံစမ်းစစ်ဆေးရန် အမြန်အစီရင်ခံသင့်ပါကြောင်း။

မောင်ထွန်းကြိုင်

စက္ကထေရီ။

စံဖဲကယ်ဆယ်ရေးအဘွဲ့။

၁၂– ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

..................................................................................................................

...

"သို့

မြန်မာပြည်အစိုးရတို့၏ တရားဌာနအတွင်းဝန်ကြီး။

မေမြို့။

မြင်းခြံထောင်ရှိ တရားခံ မောင်စံဖဲမှာ။ ယခုအခါ။ စိတ်မကောင်း – ရူးသွပ်နေကြောင်းနှင့်။ စံဖဲ ကယ်ဆယ်ရေးအဖွဲ့ဝင်လူကြီးတို့က။ ကျွန်ုပ်အား တိုင်ကြားပြောဆိုပါသည်။ သို့ပါ၍။ ၎င်းစံဖဲအား။ ဆေးဖက်ဆိုင်ရာစစ်ဆေးကြည့်ရှုစေပြီးလျှင်။ အကယ်သဖြင့်။ ရူးသွပ်နေကြောင်းမှန်ခဲ့သော်။တရားဥပဒေအတိုင်း ကြိုးမပေးပဲ ထားသင့်ပါကြောင်း။

ပုံ

အီး ဒဗလျူ လင်ဘတ်

ဝတ်လုံတော်ရရှေ့နေကြီး

...............................................................................................................
...

ထောင်ပိုင်ကြီး ဒေါက်တာဦးဘသော် ပေးဖတ်သော သူရိယသတင်းစာဖြတ်ပိုင်းကို ကြည့်ကာ စံဖဲက အကြာကြီး စိုက်ကြည့်ကာ ဖတ်နေ၏။

"ကဲ..ဘယ်လိုလဲ..မောင်စံဖဲ...မင်းက အမှန်တကယ် ရှုံးနေတဲ့သူဆိုရင် တော့...ကြိုးပေးတဲ့ကိစ္စက လွတ်မှာပဲ"

စံဖဲက အကျဉ်းထောင်အုတ်ရိုးများဘက်သို့ အကြာကြီးငေးကြည့်နေသည်။

"ကျွန်တော် ငှက်ဖျားရောဂါကြောင့်ရော၊ တစ်ယောက်တည်းတိုက်ပိတ်ခံထားရ လို့..တခါတလေ.စိတ်ဖောက်ပြန်တာမျိုး ရှိကောင်းရှိလိမ့်မယ်..ဒါပေမယ့်"

စံဖဲက စကားကို မပြောသေးပဲ အကြာကြီး စဉ်းစားနေသည်။

"ဘုတ်အဖွဲ့တွေ ဘာတွေ ဖွဲ့မနေပါနဲ့...ကျွန်တော် မရှုံးဘူးလို့သာ အစီရင်ခံစာရေး ပေးပါ"

စံဖဲစကားက ဒေါက်တာဦးဘသော်ကို အံ့သြသွားစေသည်။

"ဘာဖြစ်လို့လဲ..ဒီမှာ မင်းလွတ်မြောက်ရေးအတွက် ဝိုင်းဝန်းကြိုးပန်းပေးနေကြ တာကိုး"

"ဟုတ်ပါတယ်....သူတို့ကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်..ဒါပေမယ့်"

"မင်းအသက်နဲ့ ဆိုင်တဲ့ ကိစ္စနော်..မောင်စံဖဲ...သေချာစဉ်းစားပါဦး"

"ကျွန်တော်သေချာစဉ်းစားပြီးပါပြီ...ကျွန်တော်သေမှာကြောက်ပါတယ်..ဒါပေ မယ့်.. စံဖဲဟာ ရှုံးနေလို့သာ အစိုးရကို ပုန်ကန်မိတာဆိုပြီး နောက်လူတွေ အသိထဲ ဝင်သွားမှာကို ပိုကြောက်တယ်...အညာသူပုန်တွေမှာ သတ္တိတင်မဟုတ်ဘူး။ သိက္ခာပါရှိတယ်ဗျနော့"

"နောက်လူတွေ..ဟုတ်လား"

"အခုတော့ အင်္ဂလိပ်ကိုခံချတာ စံဖဲတစ်ယောက်ထဲပေါ့...နောက်လူတွေပေါ်လာဦး မှာပါ"

ဒေါက်တာဦးဘသော် က စံဖဲကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

“ဗိုလ်စံဖဲ…တကယ့်လူပဲ…နှမြောတယ်ဗျာ”

................................................................................................................................

.................

၁၉၂၈ နိုဝင်ဘာလ ၁၁ ရက်။

နံနက် ၆ နာရီ။

မြင်းခြံထောင် ကြိုးတိုက်၏ အကျဉ်းသားဝန်ထမ်း ကရင်လူမျိုး ကိုအောင်စ သည် ကြိုးတိုက်တံခါးကို ဖွင့်ပေးလိုက်၏။

ထောင်ပိုင်လေး ဦးရွှေ ဦးဆောင်သည့်အဖွဲ့က ကိုအောင်စကို ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ကြိုးတိုက်တံခါးကို ဖွင့်ပေးလိုက်၏။

စံဖဲမှာ အိပ်မောကျနေဆဲ။

ထောင်ပိုင်လေးက အချက်ပြလိုက်သည်နှင့် အိန္ဒိယလူမျိုးထောင်ဝန်ထမ်းလူထွားကြီးနှစ်ဦးက စံဖဲ၏ လက်နှစ်ဖက်ကို မကာ ဆွဲထူလိုက်သည်။

“ဘာလဲ..ဘာလဲ”

စံဖဲမှာ အိပ်ချင်မူးတူးဖြင့် ရုန်းကန်နေ၏။

ညက ထောင်ပိုင်ကြီးပို့ပေးသော ခေါက်ဆွဲကြော် ပန်းကန် တဝက်ကို ခြေထောက်ဖြင့် ကန်မိသဖြင့် ခေါက်ဆွဲကြော်အချို့မှောက်သွားသည်။

ထောင်ဝန်ထမ်းများက နှစ်ဖက်ညှပ်ကာ စံဖဲအား ဆွဲခေါ်သွားကြ၏။

.........................................................................................................

နံနက် ၆ နာရီ ၃၀ မိနစ်။

ဒေါက်ဖြုတ်ရန်တာဝန်ယူထားသူ  အကျဉ်းသား ငမောက် အား ထောင်ပိုင်ကြီးဦးဘသော်က အချက်ပြလိုက်သည်။

“ဝုန်း”

ကြိုးစင်၏ ပျဉ်ချပ်နှစ်ခုက ပွင့်ကျသွားပြီး..စံဖဲ၏ ခြေထောက်တို့ တွဲလောင်းကျလာ၏။

လှုပ်ရှားမှုက ခဏသာ။

.....................................................................

Release Ticket ခေါ် ထောင်လွတ်လက်မှတ်ကို စံဖဲ၏ ငြိမ်သက်နေသော ရုပ်အလောင်းဘေးတွင် ထောင်ပိုင်ကြီး ဒေါက်တာဘသော်က ချပေးလိုက်သည်။

အိုင်းရစ်လူမျိုး တရားသူကြီးမစ္စတာ မက္ကနေးကလည်း စံဖဲ၏ သက်သေခံဒိုင်ယာရီစာအုပ်လေးနောက်တွင် အင်္ဂလိပ်ဘာသာဖြင့် စာကြောင်းတစ်ကြောင်းဖြည့်ရေးလိုက်၏။

“ဤ အသက်(၂၂)နှစ်အရွယ် ဗမာပြည်၊ အညာသား သူပုန်ကလေးသည် ဗြိတိသျှနေမဝင်အင်ပါယာကြီးအား ကိုးလကြာအောင် ခုခံတိုက်ခိုက်နိုင်ခဲ့လေသည်”

---

ပြီးပါပြီ။

#ခက်ဇော်

************************

နောက်ဆက်တွဲဖြစ်ရပ်များ။

.............................................

– မန္တလေးထောင်တွင် ထောင်ဒဏ် (၄၂)နှစ်ကျခံရသော မောင်နီ သည် ထောင်မှူးအား ခံရိုက်သဖြင့် မော်လမြိုင်ထောင်သို့ အပို့ခံခဲ့ရသည်။ ထို့နောက် အင်းစိန်ထောင်သို့ ရောက်ရှိသည်။ အင်းစိန်ထောင်မှ မန္တလေးထောင်သို့ ပြန်အရောက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီး ပြန်လည်လွတ်မြောက်လာခဲ့၏။

–	မောင်နီသည် ထောင်မှလွတ်ပြီးနောက် ဘွဲ့ခြားရွာတွင်ပင် နေထိုင်ကာ ဒေါ်ကြည်ဆိုသည်နှင့် အိမ်ထောင်ကျသည်။

–	ဇနီးဖြစ်သူကွယ်လွန်ပြီးသည့်နောက် ဘွဲ့ခြားရွာအနီးတောအုပ်ထဲတွင် ခွေးတစ်အုပ်နှင့်အတူ သီးခြားနေထိုင်သည်။

–	၁၉၈၁ မတ်လ ၉ ရက်နေ့ အသက် ၈၁ နှစ်တွင် ဦးနီ ကွယ်လွန်ခဲ့သည်။

–	ကံကြီးမောင်သည် ပို့ဘလဲယားထောင်အား ဂျပန်များသိမ်းပိုက်ပြီးသည့်နောက် ဂျပန်လက်အောက်တွင် ပုလိပ်အဖြစ်ဝင်ရောက်လုပ်ကိုင်သည်။

–	ဒုတိယကမ္ဘာစစ်အပြီး ကျွန်းမှ လွတ်လာပြီး သာစည်မြို့၊ ထိန်ကန်ရပ်တွင် နေထိုင်သည်။

–	၁၉၅၈ ခုနှစ်တွင် သာစည် – တောင်ကြီးကားလမ်းဘေး၊ အမှတ်(၇)ရပ်ကွက်(မန်းကျည်းအုပ်ရပ်) အရက်ဆိုင်တစ်ခုတွင် အရက်သောက်ရင်း စစ်သားနှစ်ယောက်နှင့်စကားများကြရာ၊ ကံကြီးမောင်က စစ်သားများထံမှ BA 52 စတင်းဂန်းကို လုယူပြီး အပြန်အလှန်ပစ်ခတ်ကြသဖြင့် စစ်သားနှစ်ယောက်ရော၊ ကံကြီးမောင်ပါ သေဆုံးခဲ့သည်။

..................................

The Rebels of Anyar မှီငြမ်းကိုးကားစာရင်း

.........................................

၁ နယ်ချဲ့တော်လှန်ရေးသမားကြီး ဗိုလ်စံဖဲ – မာဂဓိ သာစည်

၂ တောပုန်းကြီးဗိုလ်စံဖဲ – ဗိုလ်အေးမောင်

၃ ဗမာ့ပုန်ကန်မှုများ – သခင်ရွှေ

၄ San Pae and Another glimpse of life in Burma: L.UG.Trip (1944)

၅ ဗိုလ်စံဖဲ – မင်းပုည

၆ သတင်းစာဖြတ်ပိုင်းအချို့ကူညီပေးပါသော ကိုကောင်းစည်သူ

**Myanmar Book Shelf** Facebook Page မှ ကူးယူပါသည်။

https://www.facebook.com/permalink.php?story_fbid=pfbid02mE7u1tAqFh2nAV2uigJRjjTvCbzhhZb2HqCJZsZAYpoJPx1iHcYhjRWayGwM5ztZl&id=61550256284848

